# ခေတ်မီ

ဝတ္ထုတော်ကြီး

စတုတ္ထတွဲ

ခေတ်မီ

ဝတ္ထုတော်ကြီး

စတုတ္ထတွဲ

ခေတ်မီ

ဝတ္ထုတော်ကြီး

စတုတ္ထတွဲ

ဦးချောခင်၊ ဆေးညွှန့်ဦး၊ ပြုစုသည်

၁၉၆၉/၄၄

ဦးလှခင် (ဆန်းညွန့်ဦး)

(အရှင်းဆုံးနှင့် ဖတ်ရ မှတ်ရ အလွယ်ဆုံး)

# ခေတ်မီ ဗိမ္မာန

# ဝတ္ထုတော်ကြီး

{စတုတ္ထတွဲ}

A ဦးကြည်ညွန့်

အမှတ်-၂၃၊ ကျောင်းလမ်း၊ မြေနီကုန်း

စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်
မှတ်ပုံတင်အမှတ် (၁၁၄၄)

မျက်နှာဖုံးပုံ နှိပ်ထုတ်ဝေခွင့်ပြုအမှတ် (၂၆၀)

| | |
|---|---|
| အုပ်ရေ | ၂၀၀၀ |
| အကြိမ် | ပထမအကြိမ် |
| ထုတ်ဝေနှစ် | ၁၉၇၀၊ ဧပြီလ |
| တန်ဖိုး | ၁၀–ကျပ် |

ထုတ်ဝေသူ။ ။ ဦးထွန်းမြ။ (၀၁၀၅၃-မြ)
ဇော်စာပေ
အမှတ် ၂၁၀၊ ၃၂ လမ်း၊ ရန်ကုန်မြို့

ပုံနှိပ်သူ။ ။ ဦးလှခင် (၀၁၀၂၀–မြ)
ဆန်းညွန့်ဦးပုံနှိပ်တိုက်
အမှတ် ၁၃၅၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့

မျက်နှာဖုံးကို ဆန်းညွန့်ဦးတွင် ရိုက်နှိပ်သည်။

# ပဉ္စဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ

ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး ဦးထိပ်ထားလျက် ကျေးဇူးတော်ရှင်များဖြစ်ကြသော ဘဒ္ဒန္တသီရိရာဇိန္ဒအဲတုလာ မိပတိ ကဝိဓဇမဟာဒွါရနိကာယ စတုတ္ထ သံဃ ဥက္ကဋ္ဌ မဟာ နာယက သာသနာပိုင် ဟင်္သာတမြို့ ဒုတိယ လယ်တီဆရာတော် ဘုရားကြီးနှင့် တပည့် ဆက်ဆက်ဖြန့်ဝေပေးအပ် ပညာရပ်တို့ကို အဆင့်ဆင့်သော ဆရာအရှင်တို့ထံမှ သင်ကြား နာယူခဲ့ရသော ကျေးဇူးတော်တို့ကိုရင်း....။

ဟင်္သာတမြို့ သပြေပင် ကျောင်းတိုက် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တသောဘနထေရ် အရှင်မဟာ ဒွါရနိကာယ အဋ္ဌမ သံဃ ဥက္ကဋ္ဌ မဟာနာယက သာသနာပိုင် ဆရာတော်ဘုရားကြီးထံမှ ညွှန်ကြားပြသ ဩဝါဒ အရပ်ရပ် တို့ကို နာခံမှတ်သားရသော ကျေးဇူးတော်တို့ကိုရင်း။

အ-မ-က၊ အ-လ-က၊ အ-ထ-က ကျောင်းအသီးသီးမှ ပေးဝေပညာ ငယ်ဆရာ အပေါင်းတို့ကိုရင်း၊ ဖတ်ရှုမှတ်သား သုတပွားခဲ့ရသော သင်ဆရာ၊ ကြားဆရာ မြင်ဆရာ အပေါင်း တို့ကိုရင်း။

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ ဤလူ့မြေတွင် ရပ်တည်နိုင်ရေး မွေးကျေးဇူးရှင်၊ ကျွေးကျေးဇူး ရှင် မိခင် ဖခင်တို့ကိုရင်း....။

လေးမြတ်ဝန္ဒနာ ရှိခိုးကန်တော့ပါ၏။

# မာတိကာ

## (၁၃) လောကဝင်

(လောကတရားစု)


| | | |
|---|---|---|
| ၁။ | သံသရာကို မရှည်စေနှင့်။<br>အညတြရဟန်းငယ်ဝတ္ထု | ၃ |
| ၂။ | ဆွမ်းခံဝတ်၏ အကျိုး။<br>သုဒ္ဓေါဒနမင်းကြီးဝတ္ထု | ၆ |
| ၃။ | လောကကို ဥာဏ်မျက်စိဖြင့်ရှု။<br>ငါးရာသော ဝိပဿက ရဟန်းများဝတ္ထု | ၉ |
| ၄။ | ဆန်းကြယ်သောလောက။<br>အဘယမင်းသားဝတ္ထု | ၁၁ |
| ၅။ | လောကကိုထွန်းလင်းစေသူ။<br>သမ္မဇ္ဇန မထေရ်ဝတ္ထု | ၁၂ |
| ၆။ | တိမ်တိုက်မှလွတ်သော လစန္ဒာ။<br>အင်္ဂုလိမာလမထေရ်ဝတ္ထု | ၁၄ |
| ၇။ | ကောင်းရာလားသူ။<br>ယက်ကန်းသည်မလေးဝတ္ထု | ၂၇ |
| ၈။ | လောကမှလွတ်မြောက်ကြခြင်း။<br>ရဟန်းသုံးကျိပ်ဝတ္ထု | ၃၅ |
| ၉။ | တမလွန်ကိုမကြည့်သူ။<br>စိဉ္စမာဏဝတ္ထု | ၃၇ |
| ၁၀။ | တမလွန်ချမ်းသာ။<br>အသဒိသဒါနဝတ္ထု | ၄၀ |
| ၁၁။ | ဘယ်သူဟာမြတ်သလဲ။<br>ကာလသတို့သားဝတ္ထု | ၅၃ |


လောကဝင်ပြီး၏-

## (၁၄) ဗိုဒ္ဓဝဂ်
(ဘုရားရှင်တရားစုများ။)


၁။ သွေးဆောင်သူများ။ ၆၀
မာဂဏ္ဍီနှင့် မာဂရိန်နတ်၏သမီးများဝတ္ထု
၂။ နတ်ပြည်မှဆင်းသက်ခြင်း။ ၆၈
ဒေဝရောဟဏဝတ္ထု
၃။ ခဲယဉ်းတရားလေးပါး။ ၁၂၂
ဧရကပတ္တနဂါးမင်းဝတ္ထု
"အပြစ်အာပတ်သေးငယ်မှုတ်
ရောက်တတ် အပယ်ရွာ"
၄။ ရဟန်းဟူသည်ကား။ ၁၃၉
အာနန္ဒာ၏ ဥပုသ်အမေး
၅။ သာဝကများ လှမ်းသည့်လမ်း။ ၁၄၃
ရဟန်းတပါးဝတ္ထု
၆။ ကိုးကွယ်ရာအစစ်အမှန်။ ၁၅၂
အဂ္ဂိဒတ္တပုဏ္ဏားဝတ္ထု
၇။ ယောကျ်ားအာဇာနည်။ ၁၆၅
အာနန္ဒာမထေရ် အမေးဝတ္ထု
၈။ ချမ်းသာခြင်း၏ အကြောင်းရင်း။ ၁၆၇
ရဟန်းအများဝတ္ထု
၉။ မရေမတွက်နိုင်သော အကျိုး။ ၁၆၉
ကဿပဘုရား ရွှေစေတီဝတ္ထု


ဗုဒ္ဓဝဂ်ပြီး၏။

## (၁၅) သုခဝဂ်

(ချမ်းသာခြင်းတရားစု)


၁။ ရန်ငြိမ်းစေသောတရား။ ၁၇၄
ဆွေတော်မျိုးတော်တို့ဝတ္ထု
၂။ ပီတိအာဟာရ။ ၁၇၉
မာရ်နတ်မင်းနှောင့်ယှက်ပုံ
၃။ အနိုင်နှင့်အရှုံး။ ၁၈၂
ကောသလမင်းကြီး စစ်ရှုံးသောဝတ္ထု
၄။ နိဗ္ဗာန်သဘောအမှန်။ ၁၈၄
သတို့သမီးတဦးဝတ္ထု
၅။ ဆာလောင်မှုသည်ရောဂါ။ ၁၈၇
နွားပျောက်သူတဦးဝတ္ထု
၆။ အမြတ်တရားလေးပါး။ ၁၉၁
ပသေနဒီကောသလမင်းကြီးဝတ္ထု
၇။ ဓမ္မပီတိအရသာ။ ၁၉၇
တိဿမထေရ်ဝတ္ထု
၈။ ချဉ်းကပ်သင့်သူများ။ ၂၀၀
သိကြားမင်းလုပ်ကျွေးသောဝတ္ထု


သုခဝဂ်ပြီး၏-

## (၁၆) ပိယဝဂ်

(ချစ်ခြင်းတရားစု)
၁။ မချစ်မမုန်း စွဲကျင့်သုံး။ ၂၀၆
မိသားတစု၊ ရဟန်းပြုသော၀တ္ထု
၂။ ချစ်လွန်းတော့။ ၂၁၀
သားသေ 'သောက' ခံရသူ၀တ္ထု
၃။ အတွယ်အတာပယ်ခွာမှ။ ၂၁၉
မြေးအတွက် ရတက်ပွေ့သော ဝိသာခါ၀တ္ထု
၄။ မကြောက်တရား။ ၂၂၁
ပျက်စီးသော လိစ္ဆဝီတို့၀တ္ထု
၅။ တောင့်တောင့်တတ ပူပန်ရ။ ၂၂၄
အနိတ္ထိဂန္ဓ သတို့သား၀တ္ထု
၆။ တဏှာကြောင့် စိုးရိမ်မှု။ ၂၂၀
သောကများသော ပုဏ္ဏား၀တ္ထု
၇။ မြတ်နိုးသင့်သူမို့။ ၂၃၂
သူငယ်ငါးရာ၀တ္ထု
၈။ နိဗ္ဗာန်သို့ ဆန္ဒစောလျှင်။ ၂၃၅
အနာဂါမ်မထေရ်၀တ္ထု
၉။ ကောင်းမှုမျှင်ကို ကြိုဆိုခြင်း။ ၂၃၇
နန္ဒိယသူကြွယ်၀တ္ထု

ပိယဝဂ်ပြီး၏-

## (၁၇) ကောဓဝဂ်

(အမျက်ဒေါသတရားစု)

၁။ ဒေါသမာနစွန့်ပယ်ကြ။ ၂၄၄
ရောဟိနီမင်းသမီးဝတ္ထု

၂။ အမျက်ဒေါသထိန်းသိမ်းကြ။ ၂၅၁
ဒေါသချုပ်တည်းသော နတ်သမီးဝတ္ထု

၃။ အောင်နိုင်နည်းများ။ ၂၅၅
ဥတ္တရာဥပါသိကာမဝတ္ထု

၄။ နတ်ပြည်ရောက်နည်းများ။ ၂၇၁
ရှင်မောဂ္ဂလာန်၏ အမေးဝတ္ထု

၅။ လူ့အဖြစ်နှင့် ရဟန္တာဖြစ်သော။ ၂၇၅
ဘုရား၏ ခမည်းတော်ဟောင်းဝတ္ထု

၆။ နိဗ္ဗာန်ရောက်ရာ ကျင့်သုံးဖြာ။ ၂၈၁
သင်္ဘေးကျွန်မ မယ်ပုဏ္ဏဝတ္ထု

၇။ ကဲ့ရဲ့လွတ်သူမရှိ။ ၂၈၆
အတုလျဥပါသိကာဝတ္ထု

၈။ ဒုစရိုက်ဆယ်ပါး ပယ်ရှောင်ကြွား။ ၂၉၀
ဆဗ္ဗဂ္ဂီရဟန်းများဝတ္ထု

ကောဓဝဂ်ပြီး၏-

## (၁၈) မလဝင်

(အညစ်အကြေးတရားစုများ)


၁။ အကုသိုလ်ညစ်၊ ထုတ်ပယ်ပစ်။ ၂၉၄
နွားသတ်ယောကျ်ား

၂။ ဆင့်ဆင့်သဒ္ဒါ၊ ပွားစေရာ။ ၃၀၀
ဇရပ်ဒါယကာပုဏ္ဏားဝတ္ထု

၃။ ကိုယ်တွင်းရမက် ကိုယ့်ကိုယ်ဖျက်။ ၃၀၃
တိဿမထေရ် သန်းဖြစ်ဝတ္ထု

၄။ ညစ်ကြေးတက်ရာ ၅ါးလေးဖြာ။ ၃၀၇
မစင်တွင်းကျ လာဠုဒါယီဝတ္ထု

၅။ မယားဆိုးအကြောင်း။ ၃၁၃
မယားဆိုးကို သည်းခံသောဝတ္ထု

၆။ မစင်ကြယ်သောအမှု။ ၃၁၇
ဆေးကုသသော ရဟန်းဝတ္ထု

၇။ သီလညစ်ကြေး သန့်စင်ရေး။ ၃၂၀
သီလအတွက် ငြင်းခုန်ကြသောဝတ္ထု

၈။ အလျှုကိုကဲ့ရဲ့တတ်သူ။ ၃၂၂
ပလ္လွားသော ရဟန်းဝတ္ထု

၉။ ရာဂဒေါသ မောဟတဏှာ ။ ၃၃၁
တရားတော်ကို ရိုသေစွာ မနာကြားသူတို့ ဝတ္ထု

၁၀။ သူယုတ်မာတို့သဘော။ ၃၃၆
ဒါနအရေးနှင့် မေဏ္ဍက သဋ္ဌေးဝတ္ထု
၁၁။ သူတပါးကို အပြစ်ရှာသူ။ ၃၄၉
ဥဇ္ဈာနသညီမထေရ်ဝတ္ထု
၁၂။ ဘုရားရှင်ဟူသည်ကား။
သုဘဒ္ဒပရိဗိုဇ်ဝတ္ထု

မလဝဂ် ပြီး၏။

(ဓမ္မပဒ စတုတ္ထတွဲ ပြီး၏)

# ခေတ်မီဓမ္မပဒ ဝတ္ထုတော်ကြီး

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## စတုတ္ထတွဲ

## နိဒါန်း

ရတနာမြတ်သုံးပါးနှင့်တကွ မိဘဆရာသမားတို့၏ဂုဏ်တော် ကျေးဇူးတော်မြတ်တို့ကို အာရုံပြုလျက် မိမိလေ့လာဆည်းပူး ခဲ့ရာ အရပ်ရပ်သော ပညာဗဟုသုတတို့မှ တသက်တာစာဓမ္မဒါန ဖြစ်စိမ့်သောငှာ မနောပုဗ္ဗင်္ဂမာ စေတနာလျှင် ရှေ့သွားပြု၍ ဓမ္မပဒဝတ္ထုတော်ကြီးကို ခေတ်လူတို့ လွယ်လင့်တကူ ဖတ်ရှုကာ ကုသိုလ်စိတ် သဒ္ဓါစိတ် တိုးပွားကြစေရန်အလို့ငှာ ခေတ်အရေး အသားဖြင့် မူလအဋ္ဌကထာ ဆရာတော်မြတ်၏ လိုရင်းအာဘော် ကိုလည်း မလွတ်စေရ၊ အဖိုးနည်းဝန်ပါ အလွယ်တကူ ဝယ်ယူ ဖတ်ရှုနိုင်ကြစေရန် အပတ်တကုတ် အားထုတ် ကြိုးပမ်း ခဲ့ရာမှ စတုတ္ထတွဲကို အောင်မြင်စွာ ပြီးစီးထုတ်ဝေနိုင်ပြန်ပါပြီ။

အနယ်နယ် အရပ်ရပ်မှ ဤ(ခေတ်မီဓမ္မပဒဝတ္ထုတော်ကြီး)ကို ဖတ်ရှုရသဖြင့် နှစ်ထောင်းအားရ ဝမ်းမြောက်လှသော စာများ ရေးသားပေးပို့ကြခြင်းအတွက်လည်း အထူးပင် ဝမ်းမြောက် ကျေးဇူးတင်လှပါသည်။ အချို့လူငယ်တို့မှာ ဤ(ခေတ်မီဓမ္မပဒ ဝတ္ထုတော်ကြီး) နှစ်အုပ်သုံးအုပ်ဝယ်၍ ဖတ်လိုသူတို့အား ငှား

ရမ်းပြီး ဓမ္မဒါနကုသိုလ်ယူကြသည့် အကြောင်း၊ မိမိအိမ်ရှိ မိဘ ဘိုးဘွားများအား ဖတ်ရှုပြခြင်းဖြင့် ဓမ္မဒါနကုသိုလ် ယူကြသည့် အကြောင်းများကို စာဖြင့်ရေးသား အကြောင်းကြားကြသဖြင့် များစွာပင် အားရဝမ်းသာ ''သာဓု'' အကြိမ်ကြိမ် ခေါ်အပ် ပါသည်။

ဤသို့ ဗဟုသုတပွားများဖွယ်ရာ ကုသိုလ်တရား တိုးပွား၍ နိဗ္ဗာန်သို့တိုင် ပေါက်ရောက်နိုင်သော လမ်းညွှန် တရားစုများ ဖြစ်သည့် ဤခေတ်မီဓမ္မပဒကြီးကို အဖိုးနည်းဝန်ပါ ရေးသား ပြုစုနိုင်ခြင်းဖြင့် ဤဘဝနှင့် ဤခန္ဓာတွင် ကြီးမြတ်သောကုသိုလ် အမှုကို ပြုနိုင်ခဲ့ပေပြီဟု ကြေနပ်အားရ ဝမ်းမြောက်မိ ပါသည်။

ထိုသို့ မိမိ၏ ကုသိုလ်တရား ပွားများမှုကို ကြေနပ်အားရ ဝမ်းမြောက်မိသည်နှင့် အမျှ တတိယတွဲနှင့် စတုတ္ထတွဲတို့တွင် သိသင့်မှတ်သင့်သော အချက် အလက်များ မကျန်ကြွင်းစေရ အောင် အဓိပ္ပာယ် ရှင်းလင်းချက်များနှင့် စေတနာအလျောက် ဖော်ပြရေးသားခဲ့သဖြင့် ပထမတွဲတွင် စာမျက်နှာ ၃၀၀ ကျော် ရှိခဲ့သော်လည်း၊ ဒုတိယတွဲတွင် ၃၅၂-မျက်နှာမျှ တိုးချဲ့ခဲ့၍ တတိယတွဲတွင် စာမျက်နှာ ၄၀၀ ခန့် မျှ အ ထိ တိုး ဟက် လာ ပါသည်။ စက္ကူဈေးနှင့် ပုံနှိပ်ခစရိတ်စကများမှာလည်း ဤရက် ပိုင်းအတွင်း တိုးမြင့်လာခဲ့ပါသည်။ သို့ပါသော်လည်း မိမိထားရှိ ခဲ့သော သဒ္ဓါနှင့် စေတနာတို့ အလျောက် စာမျက်နှာ မည်မျှ များပြား စရိတ်စက တိုးမြှင့်လာသည့် တိုင်အောင် ဈေးနှုန်းကို မတိုးမြှင့်ဘဲ အထူးနှုန်း ( တဆယ်ကျပ်ဖြင့်ပင် ) ရောင်းချပါ ကြောင်း။

ဤစတုတ္ထတွဲတွင်
(၁၃) လောကဝဂ် - (လောကတရားစု) ဂါထာပေါင်း ၁၂၊ ဝတ္ထု-၁၁။
(၁၄) ဗုဒ္ဓဝဂ် - (ဘုရားရှင်တရားစု) ဂါထာတော် ၁၈၊ ဝတ္ထု-၉။
(၁၅) သုခဝဂ် - (ချမ်းသာခြင်း တရားစု) ဂါထာပေါင်း ၁၂၊ ဝတ္ထုတော် ၈။
(၁၆) ပိယဝဂ် - (ချစ်ခြင်းတရားစု၊ ဂါထာပေါင်း ၁၂၊ ဝတ္ထု ၉။
(၁၇) ကောဓဝဂ် - (အမျက်တရားစု) ဂါထာပေါင်း ၁၄၊ ဝတ္ထု ၈။
(၁၈) မလဝဂ် - (အညစ်အကြေးတရားစု) ဂါထာပေါင်း ၂၁၊ ဝတ္ထု ၁၂ ပုဒ်။

စုစုပေါင်း ဂါထာတော်(၈၉) ဝတ္ထုပေါင်း (၅၇)ပုဒ်နှင့် အတိတ်ဇာတ်ဝတ္ထုပေါင်း များစွာပါရှိသည်။

နိဒါန်းတွင် ရှည်လျားခြင်း မဖြစ်စေရန် သက်ဆိုင်ရာဝဂ် တိုင်း၏ အစတွင် ရှင်းလင်းဖော်ပြထားပါသည်။

## ဆုတောင်းပတ္ထနာ

ဖတ်ရှုသူတို့အနေဖြင့် (ဤခေတ်မီ ဓမ္မပဒဝတ္ထုတော်ကြီး)ကို ဖတ်ရှုပြီး ဖတ်ရှုဆဲကာလများတွင် ဗဟုသုတ အရာမျှသာမက ကုသိုလ်စိတ်တို့ အဖန်ဖန်ပွားများ၍ လောကီချမ်းသာ အတွက်လည်းကောင်း၊ လောကုတ္တရာ ချမ်းသာအတွက်လည်းကောင်း နှစ်ပါးစလုံး ရရှိနိုင်ကြပါစေသတည်း။

## နိဒါန်း

ဤသို့လျှင် စေတနာလျှင် ရှေ့သွားပြု၍ လုံ့လ ဝိရိယဖြင့် ပြုစုရသော ကုသိုလ်ကြောင့် တရားထူးတရားမြတ်တို့ကို သိမြင်နိုင်သော ဉာဏ်ကိုလျှင်မြန်စွာ ရရှိပြီး နိဗ္ဗာန်မဂ်ဖိုလ်သို့ရက်တိုတိုနှင့် ကူးမြောက်နိုင်ရပါလို၏။ ။

လှခင် (ဆန်းညွန့်ဦး)

**စတုတ္ထတွဲ**

ကျမ်းပြုနှစ် ၁၉၇၀ ခု၊ ဒီဇင်ဘာ

ကျမ်းပြီးနှစ် ၁၉၇၉ ခု၊ စက်တင်ဘာလ။

# ၁၃။ လောကဝဂ်

## လောက တရားစု

### ဂါထာ ၁၂၊ ဝတ္ထု ၁၁

လူ့လောကကြီးသည် မိုက်ကန်းနေ၏။
ကိုယ့်ဘဝ ကိုယ်မြင်သူ မရှိသလောက်။
လောကကြီးသည် မိုက်ကန်းနေသူတို့ နှစ်မြုပ်ရာ၊
လူမိုက်တို့ကား ပျော်တုံး ပျော်ဆဲ။

### ဝတ္ထုတိုကား

အညတရ ရဟန်းငယ်၊ ဆွမ်းစားယင်း ဝိသာခါ၏မြေးနှင့် ရန်ဖြစ်ရာမှ ဘုရားကြောင့် တရားရပုံ။ သုဒ္ဓေါဒန မင်းကြီး ဝတ္ထုတွင် ဘုရားသခင် ဆွမ်းခံကြွ၍ အရှက်ရကာ သောက ရောက်ရာမှ တရားတပုဒ်နှင့် သောတာပန် တည်ပုံ။ တံလျှပ် ကမ္မဋ္ဌာန်းနှင့် ရဟန္တာ ဖြစ်သော ဝတ္ထု။ အဘယ မင်းသား၊ ကောသလမင်း၏သား သောတာပန် တည်ပုံ။ သမ္မဇ္ဇန မထေရ်။

အင်္ဂုလိမာလ ဇာတ်လမ်းရှည်ကြီး ပရိနိဗ္ဗာန် စံသည်အထိ (မီးဖွား လွယ်သော ပရိတ်တော်)။ ယက်ကန်းသည်မလေး၏ မှတ်သားဘွယ်ရာ ဝတ္ထု။ စိဉ္စမာန မိန်းမယုတ်နှင့် ဘုရားရှင် (အတိတ်ဝတ္ထုပါ)။ အသဒိသဒါန အလှူ၊ မင်းနှင့် ပြည်သူ အပြိုင်လှူ(ကာလအမတ်နှင့် ဇုဏှ် အမတ်ဝတ္ထု)။

သဌေးသားဆိုကာ အပျော်အပါး အသုံးအဖြုန်း များရာမှ ဖခင် အနာထပိဏ် သဌေးကြီးက တရား ရစေရန် ကြံဆောင် သိမ်းသွင်း၍ သောတာပန်ဖြစ်သော ဝတ္ထု။

စသည်တို့ ပါရှိပါသည်။ သိလိုသိသင့်၊ သိအပ်သမျှ၊ ဗဟုသုတ တိုးပွား ကုသိုလ်တရား ပွားများကြရန် အကျယ်ကို ဆက်လက် ဖတ်ရှုတော်မူကြပါကုန်။

# (၁၃) လောကဝဂ်

## ၁။ သံသရာကို မရှည်စေနှင့်

### (အညတြ ရဟန်းငယ် ဝတ္ထု)

ယုတ်သောတရားကို မမှီဝဲရာ၊
မေ့လျော့သဖြင့် မနေရာ၊
မှားသော အယူကို မယူရာ၊
လောကသံသရာကို မရှည်စေရာ၊

(ဟီနံ ဓမ္မံ)အစရှိသောဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ရဟန်းငယ် တပါးကို အကြောင်း ပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မထင်ရှားသော မထေရ် တပါးသည် ရဟန်းငယ် တပါးနှင့် အတူ၊ဝိသာခါ ဒါယိကာမကြီးအိမ်သို့ကြွသွားလေ၏ ဝိသာခါ ဒါယိကာမကြီးအိမ်၌ ငါးရာကုန်သောရဟန်းတို့အားမုန့်ယာဂုကို အမြဲမပြတ် ကပ်လှူရန် ပင့်ဖိတ်ထားသည် ဖြစ်ပေ၏။ မထေရ်သည် ယာဂုကို သောက်၍ ရဟန်းငယ်ကို ထားခဲ့ပြီး တပါးသောအိမ်သို့ ကြွသွား၏။

ထိုအခါ၌ ဝိသာခါ ဒါယိကာမကြီး၏ မြေးမငယ်သည် ဝိသာခါ၏ကိုယ်စား ရဟန်းတို့အတွက် အမှုကိစ္စများကို ဆောင်ရွက်ပေးရ၏။ ရဟန်းငယ်အတွက် ရေကို စစ်နေစဉ် ရေအိုးထဲ၌

မိမိ၏အရိပ်ကိုမြင်၍ ပြုံးရယ်၏။ရဟန်းငယ်ကလည်း ဟန်ရပေပြီဟု သတ္တိုသမီးကိုကြည့်၍ ပြုံးရယ်၏။ သတ္တိုသမီးက ရဟန်းငယ် ပြုံးရယ်သည်ကို မြင်လျှင်''ဦးခေါင်းပြတ်သောသူက ပြုံးရယ်ဘိသလော''ဟု ပြော၏။

ထိုအခါ ရဟန်းငယ်က''အသင်သည်လည်း ဦးခေါင်းပြတ်နေသည်၊ အသင့်မိဘတို့သည်လည်း ပြတ်သောဦးခေါင်း ရှိကြသည်''ဟု ဆဲရေး၏။ သတ္တိုသမီးသည် ငိုကြွေးလျက် စံဖိုအိမ်၌ ရှိသော အဖွားထံ သွားရောက်တိုင်ကြား၏။

## ကျောင်းအမကြီးကို ရန်တွေ့ပြန်ခြင်း

ဝိသာခါ ဒါယိကာမကြီးသည် ရဟန်းငယ်၏အထံသို့လာ၍ တောင်းပန်ယင်း''အရှင်ဘုရားအားအလွန်ဝန်လေးလှပါသည်''ဟု လျှောက်၏။ ရဟန်းငယ်က ဝိသာခါအား ပြန်လည်ရန်တွေ့ပြန်၏။ ဝိသာခါ ဒါယိကာမကြီးသည် ရဟန်းငယ်အားလည်း တောင်းပန်၍မရ၊ မြေးငယ်အားလည်း နှစ်သိမ့်၍မရဖြစ်နေ၏။

ထိုခဏ၌ ရဟန်းငယ်၏မထေရ်သည် ကြွလာ၍အကြောင်းကို သိလျှင် ရဟန်းငယ်အား ဆုံးမတားမြစ်၏။ရဟန်းငယ်ကမနာခံ၊ မထေရ်အား ပြန်လှန်ပြော၏။

## မြတ်စွာဘုရား ကြွလာခြင်း

ထိုခဏ၌ပင် မြတ်စွာဘုရား ကြွတော်မူလာ၏၊ ဝိသာခါ ဒါယိကာမကြီးသည် ဖြစ်ရင်းမူလမှစ၍ လျှောက်ထား၏၊ မြတ်စွာဘုရားသခင်သည် ထိုရဟန်းငယ်၏ သောတာပတ္တိဖိုလ်သို့ ရောက်ရသော ဥပနိဿယပြည့်ဝခြင်းကို မြင်တော်မူ၍ ''အလိုသို့လိုက်၍ ဆုံးမသင့်ပေသည်''ဟု ဆင်ခြင်တော်မူပြီး-

"ဝိသာခါ။ ။အသင်၏ မြေးက ဆံဖြတ်အပ်သော ငါဘုရား၏ သားတော်ကို ပြတ်သော ဦးခေါင်းကို အကြောင်းပြု၍ ဆဲရေးသင့်သလော" ဟု မေးတော်မူ၏။

ထိုစကားကိုကြားလျှင် ရဟန်းငယ်သည် လက်အုပ်ချီ၍-

"အရှင်မြတ်ဘုရား၊ ထိုပြဿနာကို အရှင်ဘုရားသံသာသိတော်မူပါသည်၊ တပည့်တော်၏ ဥပဇ္ဈာယ် ဆရာသည်ငှင်း၊ ဒါယိကာမကြီးသည်ငှင်း မသိကြပါ"ဟု လျှောက်၏။

မြတ်စွာဘုရားသည် ရဟန်းငယ်၏ သင့်လျော်သောအဖြစ်ကို သိ၍-

"ကာမဂုဏ်ကို အကြောင်းပြုပြီး ရယ်ရွှင်ခြင်းသည် ယုတ်သောသဘောရှိ၏၊ ယုတ်သောတရားကို မှီဝဲခြင်း ငှာမလျောက်ပတ်၊ မေ့လျော့သဖြင့် ယုတ်သောတရားတို့ကို လက်ခံခြင်းငှာ မသင့်၊ မလျောက်ပတ်"ဟု မိန့်တော်မူပြီး၍-

**(၁၆၇) ဟီနံ ဓမ္မံ န သေဝေယျ၊ ပမာဒေန န သံဝသေ။**
**မိစ္ဆာဒိဋ္ဌိံ န သေဝေယျ၊ န သိယာ လောကဝဍ္ဎနော။**

(၁၆၇) ယုတ်သော ကာမဂုဏ်တရားကို မမှီဝဲရာ၊ သတိလွှတ်၍လည်းမမှီဝဲရာ၊ မိစ္ဆာဒိဋ္ဌိအယူကိုလည်း မမှီဝဲရာ၊ လောကကိုကျယ်ပွားစေသည် (သံသရာရှည်စေသည်) မဖြစ်ပေရာ။

ဒေသနာတော်၏ အဆုံး၌ ရဟန်းငယ်သည် သောတာပတ္တိဖိုလ်၌တည်ပေ၏။

(ဓမ္မပဒ လောကဝဂ် ရှေးဦးစွာသော ရဟန်းငယ်ဝတ္ထု ပြီး၏)

ၜ ၜ ၜ

## ၂။ ဆွမ်းခံဝတ်၏အကျိုး

### (သုဒ္ဓေါဒနမင်းကြီးဝတ္ထု)

လုံ့လမပြု၍ရသော ဆွမ်းကို မမေ့လျော့ရာ။
ကောင်းစွာကျင့်အပ်သော ဆွမ်းခံလှည့်သည့် အကျင့်တရားကိုကျင့်သူသည် ယခုရော နောင်ပါ ချမ်းသာစွာနေထိုင်ရ၏။

ကောင်းသောအကျင့်တရားကိုကျင့်ရာ၏၊ မကောင်းသော အကျင့်တရားကို မကျင့်ရာ၊ တရားတော်ကို ကျင့်သောသူသည် ယခု ဘဝ နောင်ဘဝတို့၌ ချမ်းသာစွာနေထိုင်ရ၏။

(ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ)စသည့် ဒေသနာတော်ကို ကပိလဝတ်ပြည်၌ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသည် ကပိလဝတ်ပြည်သို့ ဦးစွာ ကြွရာတွင် ဆွေတော် မျိုးတော်တို့ ခရီးဦး ကြိုဆိုလျက် နိဂြောဓာရုံသို့ ရောက်တော်မူပြီးသော် ဆွေတော်မျိုးတော်တို့မာန်မာနတက်ကြွကြသည်ကို ချိုးနှိမ်တော်မူလို၍ တန်ခိုးပြာဋိဟာ ပြတော်မူပြီးသည့်နောက်မှ ခမည်းတော်သုဒ္ဓေါဒနမင်းမှအစပြု၍ ဆွေတော်မျိုးတော် အားလုံးတို့ ရှိခိုးကြကုန်၏၊ ထိုအစည်း အဝေး၌ ပေါက္ခရဝဿ မည်သော မိုးကို ရွာစေတော်မူပြီး ဝေဿန္တရာဇာတ်ကို ဟောကြားတော်မူ၏။

တရား ဒေသနာတော်ကို ကြားနာ ပြီးနောက် ဆွေတော် မျိုးတော်တို့ ပြန်သွားကြသော်လည်း ဆွမ်းအလို့ငှာ မြတ်စွာ ဘုရားသခင်ကို မပင့်ဖိတ်၊ သုဒ္ဓေါဒန မင်းကြီးသည် ပင်လျှင် "ငါ၏သားတော်သည် ငါ၏နန်းတော်သို့မှ မကြွလျှင် အဘယ် အရပ်သို့ ကြွမည်နည်း" ဟု ယူဆတော်မူပြီး မပင့်ပဲ သွားလေ၏။ နန်းတော်၌မူ ရဟန်းတော်နှစ်သောင်းအတွက်ယာဂုအစရှိသည်တို့ စီရင်ပြီး နေရာတို့ကို ခင်းထားစေ၏။

## အနွယ်တော် အစစ်

နက်ဖန်မိုးသောက်သော် မြတ်စွာဘုရားသည် ရှေးဘုရားရှင် တို့၏ အစဉ်အလာကို ဆင်ခြင်တော်မူသည် ရှိသော် ဆွေတော် မျိုးတော်တို့၏ နန်းအိမ်သို့ မဝင်ပဲ ဆွမ်းခံခြင်းငှာ လှည့်လည် တော်မူကြသည်ဖြစ်၍ မြတ်စွာဘုရားသခင်နှင့် သံဃာတော် အပေါင်းသည် အိမ်စဉ်သို့ ဆွမ်းခံလှည့်လည်တော်မူ၏။

ရာဟုလာ မယ်တော် ယသော်ဓရာသည် ပြာသာဒ်အပြင်၌ ထိုင်နေယင်း မြတ်စွာဘုရားဆွမ်းခံလှည့်သည်ကိုမြင်၍ မင်းကြီး ထံ ပြေး၍ လျှောက်ကြားလေ၏။ မင်းကြီးလည်း ပုဆိုးကိုမှ ပြင်မဝတ်နိုင်၊လက်ဖြင့်ကိုင်လျက် လျင်မြန်စွာသွားပြီး ရှိသေစွာ ရှိခိုး၍....

"ချစ်သား။ ။ခမည်းတော်အရှက်ကို အဘယ်ကြောင့် ခွဲသနည်း၊ သားတော် ငယ်စဉ်က ဤ ကပိလဝတ် မြို့တော် ကြီး၌ပင် ရွှေထမ်းစင်တို့ဖြင့် သွားလာ နေပါလျက် ဆွမ်း အာဟာရ အတွက်ကြောင့် အိမ်စဉ် တလျှောက် ခြေလျင် လျှောက်နေခြင်းမှာ ခမည်းတော်ကို အရှက်ရအောင် လုပ် သည်နှင့် တူပါသည်" ဟု လျှောက်တင်၏။

"ခမည်းတော် မင်းကြီး။ ။ငါ ဘုရားသည် အနွယ်တော်၏ အစဉ်အလာအတိုင်း ကျင့်ခြင်းငှာ ဆွမ်းခံကြွပေသည်"

"သားတော်ဘုရား။ ။ခမည်းတော်၏ အဆက်အနွယ်၌ အိမ်စဉ် လှည့်၍ အသက်မွေးသူ မရှိခဲ့ပါ"

"ထိုအနွယ်သည်ကား ခမည်းတော် မင်းကြီး၏ အနွယ်ပေတည်း။ ငါဘုရား၏ အနွယ်သည်ကား အထောင်မက များလှကုန်သော ရှေးရှေး၌ ဖြစ်ကုန်ပြီးသော နှောင်တော်ဘုရားတို့၏အစဉ်အလာအရ ဆွမ်းခံလှည့်လည်တော်မူသည်" ဟု မိန့်တော်မူ၍....

(၁၆၈) **ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။**
**ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိစ။**

(၁၆၉) **ဓမ္မံစရေ သုစရိတံ၊ န နံ ဒုစ္စရိတံ စရေ၊**
**ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိစ။**

(၁၆၈) အိမ်စဉ် မပြတ်ရပ်၍ ရသော ဆွမ်း၌ မမေ့မလျော့စေရာ၊ ကောင်းစွာ ကျင့်အပ်သော ဆွမ်းခံခြင်း အကျင့်မြတ်ကို ကျင့်ရာ၏။ ဆွမ်းခံဝတ်အကျင့်ကို ကျင့်သူသည် ယခုလောက၌ရင်း၊ တမလွန်လောက၌ရင်း၊ ချမ်းသာစွာ နေထိုင် မျှတရ၏။

(၁၆၉) ကောင်းစွာ ကျင့်အပ်သော တရားတော်ကို ကျင့်ရာ၏။ မကောင်းသောအကျင့်တရားကိုမကျင့်ရာတရားတော်ကိုကျင့်သောသူသည် ယခုလောက၌ရင်း၊ တမလွန်လောက၌ရင်း၊ ချမ်းသာစွာနေထိုင်ရ၏။

သုဒ္ဓေါဒနမင်းကြီးသည်ခရီးအကြားရပ်လျက်ပင် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

(ဓမ္မပဒ လောကဝဂ် နှစ်ခုမြောက် သုဒ္ဓေါဒန မင်းကြီး ဝတ္ထုပြီး၏။)

## ၃။ လောကကို ဥဒက်မျက်စိဖြင့်ရှု

### (ငါးရာသော ဝိပဿက ရဟန်းများ ဝတ္ထု)

ရေပွက်ကိုရှင်း၊ တံလှပ်ကိုရှင်း၊ လောကကိုရှင်း၊
ဥဒက်မျက်စိဖြင့်ရှုသူအား သေမင်းသည် မမြင်။

(ယထာ ပုဗ္ဗုဠကံ) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ဝိပဿနာရှုသောရဟန်းငါးရာအား အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ရဟန်းငါးရာတို့သည် ကမ္မဋ္ဌာန်းကို သင်ယူပြီး တောသို့ ဝင်၍ အားထုတ်ပါသော်လည်း တရားထူးကို မရကြ၍ မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းကို တဖန် သင်ယူကြမည် ဟု ကြံ၍ မြတ်စွာဘုရားထံ လာခဲ့ကြရာ လမ်းခရီး၌ တံလှပ် ကမ္မဋ္ဌာန်းကို ပွါးများ၍သာ လာခဲ့ကြ၏။

ကျောင်းသို့အဝင် မိုးကြီးသည်းထန်စွာရွာချ၏။ ရဟန်းတို့သည် ကျောင်းအသီးသီးတို့၏ မုခ်ဦးတို့၌ ရပ်တည်၍ လေအဟုန်ဖြင့် ပျက်စီးကုန်သော ရေပွက်တို့ကို မြင်ရသည့်အခါ၊ ဤခန္ဓာကိုယ်အတ္တဘောသည်လည်း ဖြစ်၍ ပျက်တတ်သော သဘောရှိ၍ ရေပွက်နှင့်ပမာတူသည် ဟူသော အာရုံကိုယူကြ၏။

## တံလှပ်ကမ္ဘာသနိး ရဟန္တာဖြစ်

မြတ်စွာဘုရားသခင်သည် ဂန္ဓကုဋိ တိုက်၌ သီတင်းသုံးထိုင်နေတော်မူလျက်ပင် ရဟန်းတို့ကို မြင်တော်မူ၍ ကိုယ်ရောင်တော်ကို ဖွင့်လှစ် ပျံ့နှံ့စေပြီး ရဟန်းတို့နှင့် အတူတကွ စကားပြောဆိုကာ-

(၁၇၀) ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။ ။

(၁၇၀) ထလျက်ထလျက်လျှင်မြန်စွာပျက်တတ်သော ရေပွက်တို့ကိုဖြစ်ပျက်ရှုသကဲ့သို့ လောကကို ဖြစ်၍ ပျက်တတ်သည်ဟု ရှုရာ၏၊ အရောင်တံလှပ်ကို ယူ၍မရ၊ ဘာမျှမရှိဟုရှုရသကဲ့သို့ လောကကိုယူ၍ မရ ဘာမျှမရှိဟု ရှုရာ၏၊ ဤသို့လောကကို ရှုကြည့်သော ပုဂ္ဂိုလ်ကို ရှင်သေမင်းသည် မမြင်နိုင်။

ရဟန်း ငါးရာ တို့သည် ရပ်တည်ရာ နေရာများ၌ ပင်လျှင် သောတာပတ္တိဖိုလ်သို့ ရောက်ကုန်၏။

(ဓမ္မပဒ လောကဝဂ် သုံးခုမြောက် ရဟန်းငါးရာ ဝတ္ထု ပြီး၏။)

ၡ ၡ ၡ

## ၄။ ဆန်းကျယ်သောလောက

### (အဘယ မင်းသားဝတ္ထု)

ဆန်းကြယ်သောမင်း၏ ရထားပမာ
ဆန်းကြယ်သော လောကကိုရှုလော့၊
လူမိုက်တို့သည် လောက၌ နစ်မွန်းကြ၏၊
လူလိမ္မာတို့သည် လောကကိုတွယ်တာခြင်းမရှိကြ။

(ဧထ ပဿထိမံ လောကံ) အစခံသော သုတ္တန်ကို ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ အဘယမင်းသားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ရာဇဂြိုဟ်ပြည်ကြီး၏ နိုင်ငံတော်၌ အစွန် အဖျား ပျက်ပြား တုန်လှုပ်သည်ဖြစ်၍ ဗိမ္ဗိသာရ မင်းကြီးက သားတော် အဘယ မင်းသားအား နှိမ်နင်းစေရာ အောင်မြင် လာသောကြောင့် ခမည်းတော်မင်းကြီးက မင်းအဖြစ် ခုနစ်ရက် လွှဲအပ်ပေးပြီး ကချေသည်မလေးတယောက်ဖြင့် ချီးမြှင့်၏။ ခုနစ်ရက်ပတ်လုံး မင်း၏ စည်းစိမ်ကို ခံစားပြီး ရှစ်ရက်မြောက် နေ့၌ ကချေသည် မိန်းမငယ်၏ကပြမှုကို ကြည့်ရှုလျက်ရှိစဉ်ကချေသည် မိန်းကလေး သည်လေသင်ဓုန်းဖြတ်၍ သေဆုံးလေရာ သန္တတိ အမတ်ကြီး ကဲ့သို့ သောကမီးပွားရပြီးနောက်၊ ဤ သောကကို ဘုရားမှ

တပါးငြိမ်းစေရန် မစွမ်းနိုင်)ဟုမြတ်စွာဘုရားထံ"တပည့်တော်၏ သောကကိုငြိမ်းအေး စေတော်မူပါဟု" လျှောက်ကြား၏။ မြတ်စွာဘုရားသခင်က တရားဟောတော်မူလို၍

(၁၇၁) **ဧထ ပဿထိမံ လောကံ၊ စိတ္တံ ရာဇရထူပမံ။**
**ယတ္ထ ဗာလာ ဝိသီဒန္တိ၊ နတ္ထိ သင်္ဂေါ ဝိဇာနတံ။**

(၁၇၁) လာကြလော့၊ ဆန်းကြယ်စွာဆင်ယင်ထားသော မင်း၏ ရထားလျှင် ဥပမာရှိသော ဤလောကကိုရှုကြလော့၊ အကြင်လောက၌ လူမိုက်တို့သည် နစ်မျောကြကုန်၏၊ သိကြကုန်သော လူလိမ္မာတို့ကား တွယ်တာကပ်ငြိခြင်းသည်မရှိ။

ဒေသနာတော်၏ အဆုံး၌ အဘယ မင်းသားသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

(ဓမ္မပဒ လောကဝဂ် လေးခုမြောက် အဘယ မင်းသား ဝတ္ထုပြီး၏။)

ၜ　ၜ　ၜ

## (၁၃) လောကဝဂ်

## ၅။ လောကကို ထွန်းလင်းစေသူ

### (သမ္မဇ္ဇနမထေရ်ဝတ္ထု)

**ရှေးကမေ့နေသော်လည်း နောက်၌မမေ့သူသည် တိမ်တိုက်မှ ထွက်သောလကဲ့သို့ လောကကိုထွန်းလင်း စေ၏။**

(ယော ပုဗ္ဗေ) ဒေသနာတော်ကို ဇေတဝန် ကျောင်းတော်၌ သမ္မဇ္ဇနမထေရ်ကိုအကြောင်းပြု၍ဟောကြားတော်မူ၏။

# ဝတ္ထုကြောင်းကား ဤသို့တည်း

သမ္မဇ္ဇနမထေရ်သည် ကာလ အပိုင်းအခြား မထား၊ အမြဲမပြတ် တံမြက်လှည်း၍သာနေ၏။ တနေ့တွင် ရေဝတ မထေရ်အား ဤမထေရ်သည် အားကြီးပျင်း၏၊ လူအများပေါင်းတို့ပေးလှူအပ်သော ဝတ္ထုပစ္စည်းများကို စားသောက်ပြီး ထိုင်၍သာနေသည်၊ တံမြက်လှည်းခြင်းမှုမပြုဟု ပြော၏။

ရေဝတမထေရ်သည် ထိုရဟန်းအား အဆုံးအမပေးသင့်သည်ဟု ကြံတော်မူ၍ "ငါ့ရှင် ရေချိုးသုံးသပ်ပြီးလာခဲ့ဦးလော့"ဟု ခိုင်းစေ၏။ မထေရ်သည် ခိုင်းစေသည့်အတိုင်း ပြု၏။ ထို့နောက် မထေရ်ကို လျောက်ပတ်သောအရပ်၌ ထိုင်စေပြီး-

"ငါ့ရှင်၊ ရဟန်းဟူသည် အမြဲတန်း တံမြက်လှည်းနေ၍ မသင့်။ ရဟန်းဟူသည်-နံနက်စောစော တံမြက်လှည်းပြီး ရွာသို့ ဆွမ်းခံလှည့်၍ ဆွမ်းစားပြီးနောက်ညဉ့်သန့်ရာ၌ဖြစ်စေ၊ နေ့သန့်ရာ၌ဖြစ်စေ ထိုင်နေပြီး တရားကို အားထုတ်ရမည်၊ ညနေချမ်းတွင် တဖန် တံမြက်လှည်းခြင်းငှာ ပြုအပ်၏။ အမြဲတန်းတံမြက်လှည်းမနေပဲ မိမိ၏အခွင့်အရေးကိုလည်း ပြုသင့်ပေ၏" ဟု မိန့်တော်မူ၏။

ထိုသမ္မဇ္ဇနမထေရ်သည် ရေဝတမထေရ်၏ အဆုံးအမ၌တည်၍ မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

## သောတာပန်တည်ကြခြင်း

အမှိုက်တို့ ရှုပ်ထွေးနေသဖြင့် ရဟန်းတို့က သမ္မဇ္ဇနမထေရ်ကို အဘယ်ကြောင့် တံမြက်မလှည်းသနည်းဟု မေးကြ၏။

"အရှင်ဘုရားတို့၊ တပည့်တော် သည် မေ့လျော့သော အခါ၌တံမြက်လှည်းပါသည်၊ယခုမမေ့လျော့သည်ဖြစ်ပါသည်" ဟု လျှောက်၏။ ရဟန်းတို့သည် မြတ်စွာဘုရားကို လျှောက်ထား ကြရာ မြတ်စွာဘုရားက တရားကို ဟောတော်မူလို၍-

(၁၇၂) **ယော ပုဗ္ဗေ ပမဇ္ဇိတွာ။ ပစ္ဆာ သော နပ္ပမဇ္ဇတိ။ သောမံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။**

(၁၇၂) အကြင်ရဟန်းသည် ရှေးကမေ့လျော့၍ နောက်၌မမေ့ မလျော့၊ ထိုရဟန်းသည် တိမ်တိုက်မှ လွတ်သောလသည် ဤလောကကို ထွန်းလင်းစေသကဲ့သို့ ဤလောကကို ထွန်းလင်းစေ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒလောကဝဂ် ငါးခုမြောက် သမ္မဇ္ဇနမထေရ်ဝတ္ထုပြီး၏။)

ဝ် ဝ် ဝ်

## (၁၃) လောကဝဂ်

## ၆။ တိမ်တိုက်မှလွတ်သော လစန္ဒာ

### (အင်္ဂုလိမာလ မထေရ်ဝတ္ထု)

**အကုသိုလ်ကိုကုသိုလ်ဖြင့် ပယ်ဖြတ်သော ပုဂ္ဂိုလ် သည် တိမ်တိုက်မှလွတ်သော လမင်းပမာ လောကကို ထွန်းလင်းစေ၏။**

(ယဿ ပါပံ) အစခံသော ဒေသနာတော်ကို အင်္ဂုလိမာလ မထေရ်မြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူပေသည်။

# ၀ဏ္ဏကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည် ပသေနဒီကောသလမင်း၏ ပုရောဟိတ်ပုဏ္ဏားကြီး၏ ဇနီး မန္တာဏီပုဏ္ဏေးမ၏ သားသူငယ်ဖွားချိန်၌ တမြို့လုံးမှာရှိသော လက်နက်တို့သည် အလျှံပြောင်ပြောင် တောက်ပကုန်၏။ မင်းကြီး၏ လက်စွဲတော် သန်လျက်သည်လည်း အလျှံပြောင်ပြောင်တောက်ပ၏။

## သားကို ကွပ်မျက်စေခြင်း

ပုဏ္ဏားကြီးလည်း အိမ်မှထွက်၍ ကောင်းကင်နက္ခတ်ကိုကြည့်သည်ရှိသော် ခိုးသူလူသတ်သမား၏နက္ခတ်ဖြင့် ဖွားမြင်လာသည်ကို သိ၏၊ နံနက်ညီလာခံတွင် မင်းကြီးက "ယမန်နေ့ညက ငါ၏ မင်္ဂလာလက်နက်တော်သည် အရောင်ပြောင်ပြောင်တောက်ပ၏၊ မင်းအဖြစ်သော်၎င်း၊ အသက်အတွက်သော်၎င်း အန္တရာယ်ဖြစ်လိမ့်မည်ဟု အောက်မေ့၍ အိပ်မပျော်နိုင် ဖြစ်ရပေသည်" ဟု မိန့်တော်မူ၏။ ပုရောဟိတ်က "အရှင်မင်းမြတ် စိုးရိမ်တော်မမူပါနှင့်၊ ယမန်နေ့ညက အကျွန်ုပ်အိမ်၌ သူငယ်ကို ဖွားမြင်ပါသည်။ ထိုသူငယ်ကြောင့်ပင် ဖြစ်ပါသည်။ အရှင်မင်းမြတ်၏ လက်နက်သာမဟုတ်သေး၊တမြို့လုံးမှလက်နက်တို့သည် ဤသို့ပင် တောက်ပကြကုန်သည်"ဟု လျှောက်၏ မင်းကြီးက"မည်သို့ဖြစ်မည်နည်း" ဟု မေးသော် "တယောက်ထည်း လှည့်လည်သော ခိုးသူဖြစ်ပါလိမ့်မည်" ဟု လျှောက်ပြီးမှ "အရှင်မင်းမြတ်၊ အကျွန်ုပ်၏သားငယ်ကို ယူဆောင်၍ ကွပ်မျက်တော်မူပါ"ဟု လျှောက်၏။

## အဟိံသကလုလင်

"ပုဏ္ဏားကြီး။ ။တယောက်ထည်း ဆိုးသွမ်းသောသူ ဖြစ်ခဲ့လျှင် မင်းပယ်တထောင်လောက်သောလယ်၌ တခုသောသလေး နှံကဲ့သို့ပင် ဖြစ်ပေမည်။ ကောင်းစွာပြုပြင်မွေးကြကုန်လော့"ဟု မိန့်တော်မူ၏။

ထိုသူငယ် အမည် မှည့်မည့် နေ့၌ မင်္ဂလာသန်လျက်သည်ရှင်း၊ လက်နက်တို့သည်ရှင်း အရောင်ပြောင်ပြောင်တောက်ပကုန်သော်လည်း တစုံတယောက်ကိုမျှ မထိပါးကုန်။ထိုကြောင့် အဟိံသက ဟူသောအမည်ကို ပေးကြ၏။

## အချစ်တော်အဟိံသက

အရွယ်ရောက်လျှင် တက္ကသိုလ်ပြည်သို့ ပညာသင်လွှတ်ကြ၏၊ အတွင်းနေတပည့်ဖြစ်၍ ဆရာ၏ ဝတ်ကြီးဝတ်ငယ်တို့ကို ပြည့်စုံအောင်ပြုလေသောကြောင့် ဆရာကြီးသည် အလွန် ချစ်ခင်၏၊ ကျန်သောတပည့်တို့သည် မနာလိုဖြစ်ကြကာ ဆရာကြီးနှင့်အချစ်ပျက်စေရန် အဘယ်သို့ ပြုရမည်နည်းဟု တိုင်ပင်ကြကုန်၏။

အဟိံသကသည် ပညာလည်းထက်မြက်၏၊ ဇာတ်လည်းမြင့်မြတ်၏။ ဝတ်ကြီးဝတ်ငယ်နှင့်လည်း ပြည့်စုံ၏၊ ဤသို့ဆိုလျှင် (ဆရာ၏မယားနှင့်ပြစ်မှားသည်)ဟု ဂုံးချောကြကုန်အံ့ဟု တိုင်ပင်ကြ၏၊ ပထမတစုက ဆရာကြီးထံချဉ်းကပ်၍ ဤသို့ပြော၏၊ ဆရာကြီးက မယုံကြည်၊ ထိုသူတို့ကို ကြိမ်းမောင်း၍လွှတ်၏၊ ထို့နောက်တစု၊ ထို့နောက်တစုဖြင့် သုံးစုလေးစုမျှ လူစုခွဲ၍ ပြောဖန်များသော် ဆရာကြီးသည် စူးစမ်း ဆင်ခြင်လာ၏၊

သံသယမျက်စိဖြင့်ကြည့်ရှုလာ၏၊ သားကဲ့သို့ချစ်သော၈ နီး၏ ယုယမှုတို့အပေါ် ဆရာကြီး အပြစ်မြင်လာ၏၊ (ဟုတ်ပေလိမ့်မည်) ဟု အဟိံသကအပေါ် အချစ်ပျက်လေ၏။

## သတ်သည်ထက် ဆိုးသောအကြံ

အဟိံသကကိုသတ်ဖို့ကြံ၏၊ သို့သော် သိက္ခာကျမှာစိုး၏။ ခရီးသွား လူတထောင်ကိုသတ်စေသော် ထိုခရီးသွားထဲမှ တစုံတယောက်က အဟိံသကကို သတ် ပေ မည် ဟု ကြံ စည် ၏။ ထို့နောက် အဟိံသကအားခေါ်၍ လူတထောင်ကို သတ်၍ အတတ်ပညာအတွက် ပူဇော်ရမည်ဟုဆို၏၊ ကျွန်ုပ်တို့အမျိုးသည် သူတပါးကိုမညှဉ်းဆဲအပ်သော အမျိုးဖြစ်ပါသည်၊ မစွမ်းနိုင်ပါ ဟု ပြော၏၊ ပညာအတွက် ပူဇော်မှုမပြုသော အတတ်သည် အကျိုးမပေးနိုင်ဟုပြောဆိုသဖြင့် ဆရာ၏စကားကိုမြေဝယ်မကျ နားထောင်သော အဟိံသကသည် လက်နက်ငါးပါးယူ၍ ဆရာကိုရှိခိုးပြီး တောအုပ်သို့ဝင်ခါ လူတို့ကိုသတ်၏။

## အင်္ဂုလိမာလ အမည်ရခြင်း

သတ်သမျှမမှတ်မိ၍ လက်ချောင်းကိုဖြတ်ကာ ချထားပါသော်လည်း ပျက်စီးပျောက်ယှက်ကုန်သဖြင့် လက်ချောင်းတို့ကို ကြိုးဖြင့်သီကာ ပန်း ကုံး သ ဖွယ် လည် မှာ ဆွဲ ၍ ယူဆောင်၏၊ ထို့ကြောင့် အဟိံသကအမည်မှ အင်္ဂုလိမာလအမည်ဖြင့် ထင်ရှား၏။

လူတို့သည် တောသို့ မသွားဝံ့ကြ၊ ထင်းခုတ်မည့်သူပင်မရှိ၊ အင်္ဂုလိမာလသည် ညဉ့်အခါ ရွာသို့ ဝင်၍ တံခါးတို့ကို

ကန်ကျောက်ပြီး လူတို့ကိုသတ်၏၊ ရွာသားတို့ကြောက်ရွံ၍ ရွာငယ်တို့ပျက်ခါ ရွာကြီးအဖြစ် စုပေါင်းနေကြ၏။ နိဂုံးရွာကြီးသည်လည်းပျက်၍ မြို့၌စုဝေးကြ၏၊ အိမ်တို့ကို စွန့်ပစ်ပြီး သာဝတ္ထိပြည်ပြင်ပမှ တဲများထိုးခါနေကြ၏၊ ဘုရင်ထံဟစ်ကြွေးတိုင်ဘန်းကြကုန်၏။

မန္တာဏီပုဏ္ဏေးမသည် အင်္ဂုလိမာလမှာ အဟိံသက ဖြစ်မည်ဟု ပုရောဟိတ်ပုဏ္ဏားကြီး ပြောပြချက်အရ သိရ၏၊ ဘုရင်ကိုယ်တိုင်ထွက်၍ ဖမ်းမည်ဟုသိရသောအခါ သား၏ချစ်ခြင်းဖြင့် သားကိုခေါ်ဆောင်ရန် တောသို့ထွက်သွား၏။

## မြတ်စွာဘုရားနှင့်တွေ့ခြင်း

မိုးသောက်ယံ၌ ဘုရားသခင်သည် လောကကိုကြည့်ရှုတော်မူလျှင် အင်္ဂုလိမာလခိုးသူကိုမြင်၍ "ငါဘုရား ကြွမသွားလျှင်မိခင်ကိုသတ်ဖြတ်၍ သံသရာဝဋ်မှ မလွတ်နိုင် ဖြစ်ပေမည်" ဟု မဟာကရုဏာတော်ဖြင့် နံနက်ဆွမ်းခံကြွဝင်ဆွမ်းစားပြီးသည်နှင့် တောအုပ်သို့ ထွက်ကြွတော်မူခဲ့၏။

အင်္ဂုလိမာလသည် ရက်ပေါင်းများစွာ အစားကောင်းလည်း မစားရ၊ အအိပ်ကောင်းလည်း မအိပ်ရသဖြင့် ငြီးငွေ့လာ၏၊ လက်ညှိုးတို့ကိုရေတွက်လျှင် တထောင်ပြည့်ရန် တယောက်သာ လိုတော့သဖြင့် အရင်ဆုံးတွေ့သူကို သတ်ပြီး ဆရာကိုကန်တော့ကာ မိခင်ဖခင်တို့ကို ဖူးမြင်ရတော့အံ့ဟု တောအုပ်မှ မြော်၍ကြည့်ရှုလျှင် ဘုရားသခင်ကိုမြင်လေ၏။

အင်္ဂုလိမာလသည် မြင်လျှင်မြင်ချင်း ဓားကိုမြှောက်ကာပြေး၍လိုက်၏၊ ဘုရားသခင်သည် ရှေ့မှတလင်းပြင်ကိုပြ၍ ကိုယ်တော်သည် အလယ်၌ဖြစ်၏၊ ခိုးသူသည် အစွန်း၌ဖြစ်၏၊ အင်္ဂုလိမာလ

သည် အားအစွမ်းရှိသမျှ ခါးကိုမြှောက်၍ ပြေးလိုက်၏၊ ဘုရားသည် တလင်းပြင်၏အဆုံး၌ဖြစ်၏၊ ခိုးသူသည် အလယ်သို့ရောက်နေပြန်၏၊ တအားပြေး၍လိုက်၏။ ဘုရားက ရွှေမှုမြောင်းကိုပြတော်မူ၏၊ ဤသို့ဖြင့် သုံးယူဇနာရှိသည်အထိ ခေါ်ဆောင်၍ကြွတော်မူ၏။

အင်္ဂုလိမာလသည်ပင်ပန်းလွန်း၍ ချွေးဖိုင်ဖိုင်ကျ၏၊ခံတွင်း၌ခြောက်ကပ်၏၊ရွှေ၌မြင်သောရဟန်းအားအံ့သြမိ၏။ ထို့နောက်

"အိုရဟန်း။ ။ရပ်ဦးလော့၊ ရပ်ဦးလော့" ဟု ပြော၏။

ဘုရားရှင်က....

"ငါသည် ရပ်လျက်နေ၏၊ အသင်သည်သာ မရပ်ပေ" ဟု ပြော၏။

ထိုအခါ အင်္ဂုလိမာလသည် ထိုရဟန်းသည် သွားလျက်နေသည်ကို ရပ်သည်ဟုပြော၏၊ ငါရပ်နေပါလျက် ရပ်သည်မဟုတ်ဟု ပြော၏၊ ငါမေးဦးအံ့ဟုကြံပြီး။

"အိုရဟန်း။ ။အသင်သည် အဘယ့်ကြောင့် ရပ်သည်ဟုပြောသနည်း၊ ငါသည် အဘယ်ကြောင့် မရပ်သည်ဟု ပြောသနည်း" ဟု မေး၏။

## ဗောဓိဘိက္ခု ရဟန်းဖြစ်ခြင်း

ဘုရားရှင့်ကိုယ်တော်မြတ်က....

"ချစ်သား အင်္ဂုလိမာလ။ ။ငါသည် သတ္တဝါတို့၌ သတ်ဖြတ်ခြင်းဟုဆိုအပ်သော ဒဏ်ကိုပယ်၏ မေတ္တာသက်ဝင်ချစ်ခင်ခြင်း၊ သည်းခံခြင်း၊ ပညာဖြင့် ဆင်ခြင်ခြင်း၊ မညှင်းဆဲခြင်း၊ သာရဏီယ တရားတို့၌ တည်ပေ၏။

အသင်သည် သတ္တဝါတို့၌ သတ်ဖြတ်ခြင်းဒဏ်ကို တထောင်မျှသော သတ္တဝါတို့ကိုသတ်ဖြတ်လျက် မေတ္တာသက်ဝင် ချစ်ခင်ခြင်း၌ရင်း၊ သည်းခံခြင်း၌ရင်း၊ ညှင်းဆဲ ပုတ်ခတ်ခြင်း၌ရင်း၊ သာရဏီယကျင့်ဝတ်တို့၌ရင်း မတည်ပေ၊ ထို့ကြောင့် အသင်သည် မရပ်သောသူမည်၏’’

ဟုမိန့်တော်မူ၏၊ ထိုနောက် အင်္ဂုလိမာလက ဆင်ခြင်၏၊ ဤရဟန်းသည် ရဲရင့်တည်ကြည်၏၊ ကြီးကျယ်သော ကြုံးဝါးခြင်းကိုကြုံးဝါး၏၊ ထို့ကြောင့် ရဟန်းမင်းစစ်မြတ်စွာဘုရားပင်ဖြစ်ပေလိမ့်မည်၊ ငါသည် ဘုရားသခင်ကိုဖူးမြင်ရချေပြီ၊ ငါ့အားချီးမြှင့်ရန်ကြွလာတော်မူခြင်းသာ ဖြစ်ပေလိမ့်မည်ဟု လက်နက်ငါးပါးကိုစွန့်ပြီး ဘုရားသခင်ထံ ချဉ်းကပ်၍ ရဟန်းအဖြစ်ကို တောင်းပန်၏။

ထိုအခါမြတ်စွာဘုရားသည် အင်္ဂုလိမာလ၏ ရှေးကဒါနကို ဆင်ခြင်သိမြင်တော်မူ၍ လကျ်ာလက်မောင်းတော်ကို ဆန့်တန်းပြီး (ဧဟိဘိက္ခု)ဟု ခေါ်တော်မူ၏၊ အင်္ဂုလိမာလသည် လူ၏အသွင်ကွယ်ပျောက် ရဟန်းအဖြစ်သို့ ရောက်၏၊ မြတ်စွာဘုရားသည် အင်္ဂုလိမာလကိုအလုပ်အကျွေးရဟန်းအဖြစ် သပိတ်သင်္ကန်းကိုယူစေ၍ ကျောင်းတော်သို့ ကြွတော်မူ၏။

မယ်တော်မန္တာဏီပုဏ္ဏေးမကြီးသည် တောတွင်နှံ့စပ်အောင်ရှာဖွေ၍ အော်ဟစ်ခေါ်သော်လည်း မတွေ့ရသဖြင့် အိမ်သို့ပြန်လေ၏။

## အင်္ဂုလိမာလ ဖမ်းရန်အသွား

ကောသလမင်းကြီးသည် အင်္ဂုလိမာလကိုဖမ်းရန် စစ်သည်ဗိုလ်ပါတို့ကိုစုရုံး၍ မြို့မှထွက်လာခဲ့ပြီး ရှေးဦးစွာဘုရားသခင်ကို

ဖူးမြင်ရန် ကျောင်းတော်သို့ဝင်ပြီး ဘုရားသခင်ကို ရှိခိုးဦးချ ထိုင်နေ၏။

မြတ်စွာဘုရားက စစ်သည်ဗိုလ်ပါများနှင့် အဘယ်သို့သွားမည်နည်းဟု မေးတော်မူသော် "အင်္ဂုလိမာလကိုဖမ်းရန် ထွက်လာပါသည်" ဟု လျှောက်၏၊ ဘုရားသခင်က ယခုအခါ အင်္ဂုလိမာလသည် သူ့အသက်သတ်ခြင်းကိုရှောင်ကြဉ်၍မြတ်စွာ သော အကျင့်ကိုကျင့်ကာ ရဟန်းအဖြစ်မြင်ခဲ့ရလျှင် အဘယ်သို့ ပြုမည်နည်း" ဟု မေး၏။ မင်းကြီးက "ဤယုတ်မာသော အကျင့်သီလမရှိသောခိုးသူအား ရဟန်းပြုခြင်းသည်မဖြစ်နိုင်ပါ၊ အကယ်၍ရဟန်းပြုသည်ဖြစ်အံ့၊ ဒကာတော်သည် ရှိခိုးလုပ်ကျွေး ပါအံ့၊ ပစ္စည်းလေးပါးတို့ဖြင့်လှူဒါန်းပါအံ့၊ အစောင့်အရှောက် ဖြင့် လုံခြုံစွာစောင့်ရှောက်ပါအံ့" ဟု လျှောက်၏၊ ထိုအခါ၌ အရှင်အင်္ဂုလိမာလသည် မြတ်စွာဘုရားသခင်၏အနီး၌ ထိုင်နေ ပေ၏။

## ဘုရင့်စစ်သည်များထွက်ပြေးကြခြင်း

ထိုအခါမြတ်စွာဘုရားက လကျာ်လက်ရုံးတော်ကို မြှောက်ချီတော်မူ၍-

"ဒကာတော်မင်းကြီး။ ။ထိုသူသည် အင်္ဂုလိမာလပင် တည်း" ဟု ညွှန်ပြမိန့်ဆိုတော်မူ၏။

မင်းကြီးသည် ကြက်သီးမွေးညှင်းထ၍ တုန်လှုပ်ခြင်း ဖြစ် လေ၏။ စစ်သည်အပေါင်းတို့သည် အင်္ဂုလိမာလဟူသော အသံ ကြားရုံဖြင့် ထိတ်လန့်ကြပြီး လက်နက်တို့ကိုချ၍ ထွတ်ပြေးကြ ခါ မြို့သို့ဝင်၍ မြို့တံခါးကို ပိတ်ကြ၏၊ "အင်္ဂုလိမာလသည်

ကျောင်းတော်၌ကြိုတင်ရောက်နေပြီး မင်းကြီးကို ဖမ်း၍ သွားလေပြီ၊ ငါတို့သာပြေးနိုင်၍ လွတ်ခဲ့ကြသည်''ဟု ပြောဆိုကြ၏။

## ပစ္စည်းလေးပါး ဒကာခံခြင်း

မြတ်စွာဘုရားသည်မင်းကြီး ကြောက်ရွံ့ထိတ်လန့်နေသည်ကို သိ၍ "အင်္ဂုလိမာလ၏ဘေး မရှိတော့ပြီ''ဟု မိန့်တော်မူသော် မင်းကြီးသည် ကြောက်ရွံ့ခြင်းပြေပျောက်၍ အရှင်အင်္ဂုလိမာလထံ ချဉ်းကပ်ရှိခိုးပြီးသော် အနွယ်ကိုမေးလျှောက်၏။ ထိုနောက် ပစ္စည်းလေးပါးကို ပင့်ဖိတ်လျှောက်ထား၏၊ ထိုအခါ အရှင် အင်္ဂုလိမာလသည် ဓုတင်လေးပါးဆောက်တည် အပ်သည်ဖြစ်၍ ငါ့အား ပြည့်စုံပေပြီဟု မိန့်တော်မူ၏။

ထို့နောက် ပသေနဒီ ကောသလမင်းကြီးသည် မြတ်စွာဘုရားသခင်သို့ ရှိခိုးထိုင်နေပြီး–

''အရှင်မြတ်ဘုရား။ ။အံ့ဖွယ်ရှိပေစွ၊ မယဉ်ကျေးသူကို ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်ပါပေ၏၊ ဒကာတော်တို့သည် ဒဏ်ဖြင့်၎င်း၊ လက်နက်ဖြင့်၎င်း၊ ယဉ်ကျေးအောင် မဆုံးမနိုင်သူကို လက်နက်မသုံးဘဲ ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်ပါပေသည်''ဟု လျှောက်ထား၍ ခွင့်တောင်းပြန်သွားကြလေ၏။

နောက်တနေ့တွင် အရှင်အင်္ဂုလိမာလသည် သာဝတ္ထိမြို့တွင်းသို့ဆွမ်းခံကြွဝင်တော်မူ၏။ လူတို့သည် အင်္ဂုလိမာလအသံကြားကတည်းက ထွက်ပြေးကြကုန်၏၊ အိမ်တံခါးကို ပိတ်ကြကုန်၏၊ မထေရ်သည် တခွက်မျှသော ယာဂုကို၎င်း၊ မြို့တွင်းမြို့ပြင်နှစ်ရပ်စလုံး၌ မရသဖြင့် ဆွမ်းဖြင့်ပင်ပန်းနွမ်းနယ်၏။

## မီးဖွားလွယ်သော အင်္ဂုလိမာလပရိတ်တော်

နောက်တနေ့၌ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်ယင်း မီးမဖွား နိုင်၍ အော်ဟစ်မိန်းမောနေသော မိန်းမတယောက်ကို တွေ့မြင် ရ၏၊ ကျောင်းသို့ပြန်ပြီး မြတ်စွာဘုရားထံလျှောက်ထား၏။

မြတ်စွာဘုရားက "ချစ်သားအင်္ဂုလိမာလ။ ။အသင်သည် ထိုမိန်းမရှိရာသို့ ချဉ်းကပ်၍ ထိုမိန်းမကို -

**ယတောဟံ ဘဂိနိ အရိယာယ၊**
**ဇာတိယာ ဇာတော၊ နာဘိဇာနာမိ သဉ္စိစ္စပါဏံ၊**
**ဇီဝိတာ ဝေါရောပေတာ။ တေနသစ္စေန**
**သောတ္ထိတေ ဟောတု သောတ္ထိ ဂဗ္ဘဿ။ ။**

ဤသို့သော ပါဠ်ကို ရွတ်ဆိုပြောကြားလေလော့ဟု မိန့် ဟော်မူ၏။

(အဓိပ္ပာယ်ကား) နှမ ငါသည် အကြင်အခါမှစ၍ အရိ ယာဇာတ်ဖြင့် ဖြစ်၏၊ ထိုအခါမှစ၍ စေတနာဖြင့် စေ့ဆော်၍ သတ္တဝါကို အသက်မှသတ်အပ်၏ ဟူ၍ ငါမသိစဖူး၊ ထိုမှန်သော သစ္စာစကားကြောင့် အသင်နှမအား ချမ်းသာခြင်းသည် ဖြစ် ပါစေသတည်း။ ကိုယ်ဝန်၏ ချမ်းသာခြင်းသည် ဖြစ်ပါစေ သတည်း။

ထိုအခါ အင်္ဂုလိမာလက "တပည့်တော်သည် ရှေးအခါ၌ များစွာသော သတ္တဝါတို့ကို သတ်ခဲ့၏၊ ယခုတပည့်တော် ဤကဲ့သို့ ပြောဆိုလျှင် သိလျက်နှင့် လိမ်လည်ပြောဆိုသည်မဖြစ် ပြီလော" လျှောက်၏။

"ချစ်သားအင်္ဂုလိမာလ။ ။အသင်သည် ထိုမိန်းမထံသို့ သွား၍ ဤစကားကိုသာ ပြောကြားလေလော့"ဟု ထပ်၍ မိန့်တော်မူသဖြင့် ဝန်ခံ၍ ကြွတော်မူ၏။

"မီးဖွားရာ အရပ်သို့ ယောကျ်ားများပင် မသွားကြ မထေရ်သည် အဘယ့်ကြောင့် ကြွလာသနည်း"ဟု မေးသော် သစ္စာအမှုကို ပြု၍ ချမ်းသာစေရန် ကြွတော်မူလာသည်ဟု အကြောင်းပြန်စေ၏။ လူအပေါင်းတို့သည် တင်းတိမ်ကို ဝန်းရံ၍ မထေရ်အတွက် ပြင်ဘက်၌ နေရာကို ခင်းစေ၏။

အရှင်အင်္ဂုလိမာလသည် မြတ်စွာဘုရား ပေးသနားတော်မူသော ပရိတ်တော်ဖြင့် သစ္စာကို ပြုတော်မူသည်နှင့်တပြိုင်နက် သူငယ်သည် အမိဝမ်းမှ ထွက်လာ၏၊ မိခင်နှင့်သားတို့အား ချမ်းသာခြင်းဖြစ်တော့၏။

နောက်၌လည်း မထေရ်သစ္စာပြုသော နေရာ၌အင်းပျဉ်ကို ခင်းထားပြီး မမွေးဖွားနိုင်သော မိန်းမတို့ကို အိပ်စေသောခဏ၌ပင် လွယ်ကူစွာ မွေးဖွား၏။ အားနည်း၍ ထိုအင်းပျဉ်သို့ မရောက်နိုင်သော မိန်းမတို့ကို အင်းပျဉ်ဆေးသော ရေကိုယူ၍ ဦးခေါင်းမှ လောင်းသော ခဏ၌ လွယ်ကူစွာ မွေးဖွား၏။ အခြားသောရောဂါများကိုလည်း ငြိမ်းစေနိုင်၏။

(ဤပရိတ်တော်သည် မဖျက်ဆီးမတားမြစ်နိုင်သော ဘေးအန္တရာယ် မည်သည် တစုံတခုမျှမရှိ၊ အလုံးစုံသော ဘေးအန္တရာယ်ကို တားမြစ်ဖျက်ဆီးနိုင်သည်သာလျှင်တည်း၊ ထို့ကြောင့် ထိုပရိတ်တော်ကို မဟာပရိတ်တော်မည်၏ဟူ၍ ဆိုအပ်ပေ၏ ဟုမဇ္ဈိမ ပဏ္ဏာသအဋ္ဌကထာ၌ မိန့်တော်မူ၏။)

မြတ်စွာဘုရားသည် အင်္ဂုလိမာလမထေရ်အား ချီးမြှင့်တော်မူလိုသဖြင့် သစ္စာမူခြင်းကိုပြုစေ၏၊ အင်္ဂုလိမာလအသံကြားလျှင် ထွက်ပြေးကြကုန်သဖြင့် မထေရ်အားဆွမ်းအာဟာရ၌ ပင်ပန်းနွမ်းနယ်ပြီး တရားအားထုတ်ခြင်းငှာ မစွမ်းနိုင်၊ ဤသို့ သစ္စာမူခြင်းဖြင့် လူအပေါင်းတို့သည် မထေရ်ကို မှိဝဲဆည်းကပ်အပ်မေသည်ဟု ဆွမ်းအာဟာရဖြင့် မပင်ပန်းပဲတရားအလုပ် အားထုတ်နိုင်ခြင်းငှာ သစ္စာမူခြင်းကိုပြုစေ၏။

## အရှင်အင်္ဂုလိမာလ ရဟန္တာဖြစ်ခြင်း

မထေရ်သည် ရဟန်းတရားကိုအားထုတ်၏၊ လူသတ်ခဲ့သော အမြင်သည်သာ ထင်ရှားပေါ်လာ၏။ သို့ဖြင့် ထိုနေရာမှထ၍ သွား၏။ ထိုနောက် မြတ်စွာဘုရားသခင်က အောက်မေ့ခြင်း၊ နှလုံးသွင်းခြင်းတို့ကို ကြောင့်ကြမဲ့ပြုစေ၍ ဝိပဿနာကို ပွားစေသဖြင့် မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

## ပရိနိဗ္ဗာန်ပြုတော်မူခြင်း

ကာလကြာမြင့်စွာသောတနေ့၌ မြို့တွင်းသို့ ဆွမ်းခံကြွစဉ် မြို့သားတို့သည် အချင်းချင်း ခဲနှင့်ပစ်ခတ်ကြရာ၌ အရှင်အင်္ဂုလိမာလ၏ကိုယ်၌ ခဲတို့သည် ကျကုန်၏။ သပိတ်လည်း ကွဲလေ၏။ ဦးခေါင်းကွဲ၍ သွေးတို့သည် ဒုကုဋ်၌ စိုစွတ်ကုန်၏။ ထိုအရပ်မှ ပြန်လာခဲ့ပြီး မြတ်စွာဘုရားထံချဉ်းကပ်၏။ မြတ်စွာဘုရားက–

''ချစ်သား အင်္ဂုလိမာလ။ ။သည်းခံ‌လေလော့၊ အသင်ပြုခဲ့သော မကောင်းမှုကံ၏ အကျိုးကြောင့် ငရဲ၌ခံစားရမည်ကို

ယခုမျက်မှောက် ခန္ဓာကိုယ် အတ္တဘော၌သာလျှင် ခံစားရပေသည်''ဟု မိန့်တော်မူ၏။

ထိုနောက် အရှင်အင်္ဂုလိမာလ မထေရ်သည် ဆိတ်ကွယ်ရာသို့ ကပ်လျက်ကိန်းအောင်းပြီး ဝိမုတ္တိချမ်းသာကို ခံစားတော်မူခါ ခန္ဓာကမ္ဘာဇရပ် အကြွင်းမဲ့ချုပ်သော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။

## သောတာပန် တည်ကြခြင်း

တရားသဘင် အစည်းအဝေး၌ အရှင်အင်္ဂုလိမာလမထေရ်၏ လားရာဂတိကို ဆွေးနွေးပြောဆိုကြရာ မြတ်စွာဘုရားသခင်က ပရိနိဗ္ဗာန်ပြုလေပြီဟု မိန့်တော်မူလျှင် ဤမျှလောက် လူတို့ကို သတ်၍ ပရိနိဗ္ဗာန်ပြုသေးသလောဟု မေးလျှောက်ကြသဖြင့်-

''ချစ်သားရဟန်းတို့။ ။ငါ၏သားတော်ဖြစ်သော အင်္ဂုလိမာလသည် ရှေး၌အဆွေခင်ပွန်းကောင်း တစုံတယောက်မျှ မရသောကြောင့် ဤမျှအကုသိုလ်ကို ပြုမိလေသည်၊နောက်၌ အဆွေခင်ပွန်းကောင်း၏ အထောက်အပံ့ကိုရသဖြင့် မမေ့မလျော့သည် ဖြစ်ပေ၏၊ ထို့ကြောင့် အင်္ဂုလိမာလအား ရှေး၌ပြုအပ်သော မကောင်းမှုကံကို အရဟတ္တမဂ်တည်းဟူသော ကုသိုလ်ဖြင့် ပယ်ရှားအပ်ပေပြီဟု မိန့်တော်မူပြီး-

(၁၇၂) ယဿ ပါပံ ကတံ ကမ္မံ၊ ကုသလေန ပိဓီယတိ။
သော မံ လောကံ ပဘာသေတိ၊
အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

(၁၇၃) အကြင် ပုဂ္ဂိုလ်အား ပြုအပ်သော အကုသိုလ် ကံကို ကုသိုလ်ဖြင့် ပယ်ဖြတ်အပ်၏။ ထိုပုဂ္ဂိုလ်သည် တိမ်တိုက်မှ လွတ်သော

လမင်းသည် ဤလောကကို ထွန်းလင်းတောက်ပသကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။

ဒေသနာတော်၏ အဆုံး၌ များစွာ ကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒ လောကဝဂ် ခြောက်ခုမြောက် အင်္ဂုလိမာလမထေရ် ဝတ္ထု ပြီး၏။)

# ၁၃။ လောကဝဂ်

## ၇။ ကောင်းရာလားသူ

### (ယက်ကန်းသည်မလေး ဝတ္ထု)

**ဤလောက၌ အကန်းသာ များ၍ တရားကို မြင်သူနည်းကြသဖြင့် ကောင်းရာ လားသောသူ သည် နည်းလှ၏။**

(အန္ဓဘူတော အယံ လောကော) အစ ရှိသော ဒေသနာ တော်ကို အာဠဝီပြည် အဂ္ဂါဠဝ နတ်ကွန်းအနီး ကျောင်းတော်၌ ယက်ကန်းသည်မလေးကို အကြောင်းပြု၍ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရား သခင်သည် အာဠဝီ ပြည်၌ သီတင်းသုံးစဉ် အလျှု၌ တရား အနုမောဒနာကို ပြုရာ မရဏဿတိ သဗြင်း

တရားကို အမြဲတန်းပွားများကြကုန်လော့ဟု ဟောကြားတော်မူသည်မှာ....

**အစ္စိဝံ မေ ဇီဝိတံ၊ ဓုဝံ မေ မရဏံ။**
**အဝဿံ ပယာ မရိတဗ္ဗ မေဝ။**
**ပရဏပရိယောသာနံ မေ ဇီဝိတံ။**
**ဇီဝိတ မေဝ အနိယတံ မရဏံ နိယတံ။**

ငါ၏အသက်သည် မမြဲ၊
ငါ့အား သေခြင်းသည် မြဲ၏။
ငါသည် မချွတ်ကေန် သေရမည်သာ တည်း၊
ငါ၏အသက်သည် သေခြင်းလျှင် အဆုံးရှိ၏။
အသက်ရှင်ခြင်းသည် မမြဲ၊
သေခြင်းသည် မြဲ၏။

မြတ်စွာဘုရားသခင်က ဤမရဏဿတိကို အစဉ်အမြဲပွားများကြကုန်လော့၊ မရဏဿတိ မပွားများသူတို့သည် နောင်အခါ အဆိပ်ပြင်းသောမြွေနှင့် ရင်ဆိုင်တွေ့ရသော် လက်၌ တစုံတရာ လက်နက်မပါသောယောကျ်ားကဲ့သို့ ကြောက်လန့်တုန်လှုပ်ခြင်းဖြစ်၍ ကြောက်မက်ဖွယ် ဟစ်အော် မြည်တမ်းလျက် သေမင်းလက်သို့ ပါကြရ၏။

ဤအထက်ပါ မရဏဿတိ အစဉ်အမြဲ ပွားများသူတို့သည် အဆိပ်ပြင်းသောမြွေနှင့် ရင်ဆိုင်တွေ့ရသည့်အခါ မိမိတွင်အသင့်ရှိနေသော တုတ်,လှံတို့ဖြင့် ဖမ်းယူပြီးသော် စွန့်ပစ်၍ ရပ်တည်နေသော ယောကျ်ားကဲ့သို့ သေခြင်းနှင့် ရင်ဆိုင်ရသော အခါ၌ မထိတ်လန့် မတုန်လှုပ်၊ ဤသို့ဖြင့် သုဂတိသို့လားရမည်ဖြစ်၏။

ငါ၏အသက် မမြဲသည်ကိုသိ၍ ထပ်တလဲလဲ ပွားများ နေလေ့ရှိသူသည် သေမင်းကို ရင်ဆိုင်ရသောအခါ မကြောက်မရွံ့ဖြစ်၍ လားရာဂတိသည် မှန်ကန်၏။ သေခြင်းတရားကိုမပွားများသောသူသည် သေမင်းနှင့် ရင်ဆိုင်ရသောအခါ ကြောက်လန့်တုန်လှုပ်သော စိတ်ဖြင့် အော်ဟစ် မြည်တမ်းလျက် သေမင်းနောက်သို့ ပါသွားရလျှင် လားရာဂတိသည် မကောင်း၊ ထို့ကြောင့် မရဏာဿတိ ကမ္မဋ္ဌာန်းကို ပွားများ အပ်ပေသည် ဟု ဟောတော်မူ၏။

## အားထုတ်သူနှင့် အားမထုတ်သူ

ထိုဒေသနာတော်ကို ကြားနာရသော်လည်း များစွာသောသူတို့မှာ မိမိတို့ အလုပ်ကိစ္စများတွင် နစ်မွန်း၍ မေ့လျော့ကြကုန်၏။

မမေ့မလျော့သော သူကား တဆယ့် ခြောက်နှစ် အရွယ်ရှိ ယက်ကန်းသည်မလေး ဖြစ်၏။ နေ့ ညဉ့် ပတ်လုံး မရဏာဿတိ ကမ္မဋ္ဌာန်းကိုသာလျှင် စီးဖြန်းပွားများ၍ နေပေ၏။

မြတ်စွာဘုရားသခင်သည် အာဠဝီပြည်မှထွက်၍ ဇေတဝန်ကျောင်းတော်သို့ ကြွသွား၏။ သုံးနှစ်မျှကြာလျှင် ကိုယ်တော်မြတ်၏ ဉာဏ်တော်ကွန်ရက်အတွင်းသို့ ယက်ကန်းသည်မလေးကို မြင်တော်မူ၏။ သုံးနှစ်ပတ်လုံး မရဏာဿတိကမ္မဋ္ဌာန်းကိုပွားများနေပေ၏။ ငါဘုရားသည် အာဠဝီပြည်သို့ကြွခဲ့လျှင် ထိုယက်ကန်းသည်မလေးသည် သောတာပတ္တိဖိုလ်၌ တည်၍ များစွာသော လူအပေါင်းလည်း အကျိုးစီးပွား များပေအံ့ဟု မြင်တော်မူ၍ ရဟန်းငါးရာခြံရံလျက် ဇေတဝန်ကျောင်းတော်မှ အာဠဝီပြည် အဂ္ဂါဠဝကျောင်းတော်သို့ ကြွတော်မူ၏။

အာဠဝီပြည်သူအပေါင်းတို့သည် မြတ်စွာဘုရားကြွလာသည်ဟု ကြားလျှင် ကျောင်းတော်သို့ သွားကြ၏။ ယက်ကန်းသည်မလေးသည် မြတ်စွာဘုရားကိုဖူးမြင်၍ တရားတော်ကို နာကြားရတော့မည်ဟု ဝမ်းမြောက်လျက် ရှိ၏။

ဖခင်ကြီးသည် ယက်ကန်းရုံသို့ သွားမည်အပြု သမီးအားသူတပါး အပ်ထားသော ပုဆိုးသည် ယက်ကန်းစင်၌ တထွာမျှလောက်သာ ရက်ရန် ကျန်တော့သည် ယနေ့အပြီး ရက်ရမည် ယက်ဖောက်ကို လုံး၍ အမြန်လိုက်လာခဲ့ဟုမှာကြားပြီးသွား၏။

ယက်ကန်းသည်မလေးမှာ မြတ်စွာဘုရားထံတွင် တရားတော်ကိုလည်း နာလို၏။ ဖခင်ကလည်း ခိုင်းထား၏။ ကျောင်းတော်သို့လည်း သွားမည်လော-ယက်ဖောက်ကိုလည်း လုံးမည်လောဟု စဉ်းစား၏။ ယက်ဖောက်ကို မလုံးလျှင် အဖေရိုက်လိမ့်မည်၊ ယက်ဖောက်ကိုလုံးပြီး အဖေ့ထံ ပို့ပြီးမှ တရားနာတော့မည်ဟု ကြံ၍ ယက်ဖောက်ကို အလျင်အမြန်လုံးနေ၏။

## တရားမဟောပဲ စောင့်နေခြင်း

အာဠဝီပြည်သူတို့ လုပ်ကျွေးပြီးသော် သပိတ်တော်ကိုယူ၍ အနုမောဒနာပြုရန် စောင့်နေကြ၏။ ဘုရားသခင်က ငါသည် ထိုသတို့သမီးကို အမှီပြု၍ ယူဇနာသုံးဆယ်ခရီးကို ကြွလာခဲ့၏။ ယခု သတို့သမီးလာခွင့်မရသေး၊ လာခွင့်ရမှ သာဓုအနုမောဒနာပြုပေအံ့ဟု ဆိတ်ဆိတ် ထိုင်နေတော်မူ၏။

သတို့သမီးသည် ဖခင်ထံသို့ ယက်ဖောက်လုံးကိုခြင်းတောင်း၌ထည့်ပြီး ပို့ရန်အသွား လမ်းခရီး၌ရှိသော မဏ္ဍာပ်အစွန်မှရပ်၍ မြတ်စွာဘုရားသခင်ကို လှမ်းမျှော်၍ကြည့်ရှု၏။

မြတ်စွာဘုရားသည် ရွှေမရိုးစည်နှင့်တူသော လည်တော်ကို ချီတော်မူ၍ သတို့သမီးငယ်ကို ကြည့်တော်မူ၏။ ထိုအခါ သတို့သမီးငယ်က မြတ်စွာဘုရားသည် ငါ လာရောက်ခြင်း ကိုသာ ရည်သန်တော်မူဘိသည်ဟု သိ၍ ယက်ဖောက်တောင်းကို ချပြီး မြတ်စွာဘုရားအထံတော်သို့ သွားလေ၏။

မြတ်စွာဘုရားသည်လည်တော်ကိုချီ၍ကြည့်ရှုတော်မူခြင်းမှာ ဤသတို့သမီးငယ်သည် ဤအရပ်မှ ဆက်၍သွားသော် သေဘေးနှင့် မုချ တွေ့တော့မည်၊ ငါဘုရား အထံသို့ ရောက်လာပြီးမှ သွားသော် သောတာပတ္တိဖိုလ်သို့ ရောက်ပြီး တုသိတာ ဘုံ၌ ဖြစ်လတံ့၊ သေခြင်းက မလွတ်ဟု မြင်တော် မူသောကြောင့် ကြည့်ရှုတော်မူခြင်း ဖြစ်၏။

## ပုစ္ဆာ လေးခု မေးတော်မူခြင်း

သတို့သမီး ငယ်သည် မြတ်စွာ ဘုရား ရှေ့တော်၌ ရိုသေညွတ်တွား ဦးချကာ ထိုင်နေ၏။ ထိုအခါ မြတ်စွာ ဘုရားက ပုစ္ဆာလေးခုကို မေးတော်မူ၏။

(၁) "အသင် အဘယ်မှ လာသနည်း"
"တပည့်တော်မ မသိပါ"

(၂) "အဘယ်အရပ်သို့သွားအံ့နည်း"
"အဘယ်အရပ်သို့ သွားရမည်ကို မသိပါ"

(၃) "အသင် မသိသလော"
"သိပါ၏"

(၄) "အသင် သိ၏လော"
"မသိပါ ဘုရား"

ဤသို့ မေးတော်မူ၍ ဖြေကြားသည်ကို သတို့သမီးသည် မခန့်မညားဖြင့် မလိမ္မာတပတ် ဖြေကြားသည်ဟု လူအပေါင်းတို့က ရှုတ်ချကြ၏။

## ဖြေရှင်းစေတော်မူခြင်း

မြတ်စွာဘုရားသည် လူအပေါင်းတို့ကို အသံတိတ်စေ၍....

(၁) "သတို့သမီးငယ် ငါဘုရားက အဘယ်အရပ်မှ လာသနည်းဟု မေးသည်ကို အဘယ့်ကြောင့် မသိပါ ဘုရား ဟု လျှောက်ထားသနည်း" ဟု မေးတော်မူ၏။

"ဘုန်းတော်ကြီးတော်မူလှသောမြတ်စွာဘုရား။ ။တပည့်တော်မသည် အိမ်မှလာခဲ့သောအဖြစ်ကို သိပါလျက် မေးတော်မူခြင်းဖြစ်၍ အဘယ်ဘဝမှ လာရောက်သည်ကိုသာ မေးတော်မူလိုရင်းဟု တပည့်တော်မ ယူဆပါသည်၊ ထို့ကြောင့် အဘယ်သို့သောဘဝမှလာရောက်၍ဤဘဝ၌ဖြစ်ရသည်ကိုတပည့်တော်မ မသိပါ"ဟု လျှောက်ထားခြင်းဖြစ်ပါသည်။

မြတ်စွာဘုရားသည် ကောင်းချီးပေးတော်မူ၏။

(၂) "သတို့သမီးငယ်။အဘယ်အရပ်သို့သွားလတံ့နည်းဟု မေးသည်ကို မသိပါဘုရားဟု အဘယ့်ကြောင့် လျှောက်ထားသနည်း"

"ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား။ ။တပည့်တော်မ ယက်ဖောက် တောင်းဖြင့် ယက်ကန်းရုံသို့ သွားမည်ကို သိပါလျက်မေးတော်မူခြင်းကြောင့် ဤဘဝမှစုတေလျှင်အဘယ်ဘဝ၌ ဖြစ်ရမည်ကို မသိနိုင်ပါ"ဟု လျှောက်ထားခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရားသည် ဒုတိယအကြိမ် ကောင်းချီး ပေးပြန်၏။

(၃) "အသင် မသိသလောဟု မေးသည်ကို သိပါသည်ဟု အဘယ့်ကြောင့် ဖြေသနည်း"

"ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား။ ။တပည့်တော်မ ကေန်မုချ သေရမည့်အဖြစ်ကို သိပါ၏"ဟု လျှောက်ထားခြင်း ဖြစ်ပါသည်ဘုရား။

မြတ်စွာဘုရားသည် တတိယအကြိမ် ကောင်းချီးပေးပြန်၏၊

(၄) "သိ၏လော"ဟု မေးတော်မူသည်ကို မသိပါဘုရားဟု အဘယ့်ကြောင့် လျှောက်ထားသနည်း"

"ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ ။ကေန်မုချ သေရမည်ကိုကား သိပါ၏။ နေ့ရက် အချိန်ကာလကို မသိ၍ မသိပါဘုရားဟု လျှောက်ထားခြင်း ဖြစ်ပါသည်ဘုရား" ဟု လျှောက်ထား၏။

## သောတာပန် တည်ခြင်း

မြတ်စွာဘုရားသည် သတို့သမီးငယ်အား လေးကြိမ် မြောက် ကောင်းချီးပေးတော်မူ၍ ပရိသတ်တို့အား....

အသင်တို့သည် ဤသတို့သမီးငယ် ဖြေဆိုအပ်သောစကား၏ အဓိပ္ပါယ်ကို မသိကြကုန်၊ ပညာမျက်စိ မရှိသော သူတို့သည် ကန်းသော သူတို့ မည်ကုန်သည်သာတည်း။ ပညာမျက်စိ ရှိသူတို့ သာလျှင် မျက်စိအမြင် ရှိကုန်သောသူတို့မည်ကုန်၏ဟုမိန့်တော်မူပြီး၍....

(၁၇၄) **အန္ဓဘူတော အယံ လောကော၊**
**တနုကေတ္ထ ဝိပဿတိ။**
**သကုဏော ဇာလမုတ္တောဝ၊**
**အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။**

(၁၇၄) ဤလောကရှိ လူများတို့သည် အကန်းအတိသာ ဖြစ်၏။ ဤလူတို့၌ အနည်းငယ်မျှသောသူသည် တရားကို မြင်နိုင်၏။ မုဆိုး၏ ပိုက်ကွန်မှ လွတ်နိုင်သောငှက်သည် နည်းသကဲ့သို့ မရဏကွန်ရက်သေမင်း လက်မှ လွတ်၍ နတ်ရွာနိဗ္ဗာန်သို့ သွားရသောသူသည် နည်းလှပေ၏။

ဒေသနာ တော်၏ အဆုံး၌ ယက်ကန်းသည် မလေး သည် သောတာပတ္တိဖိုလ်၌တည်လေ၏။ များစွာသောလူအပေါင်းအား လည်း အကျိုးရှိသည်သာ ဖြစ်ပေသည်။

## ယက်ကန်းသည်မလေး သေဆုံးခြင်း

ယက်ကန်းသည်မလေးသည်ယက်ဖောက်တောင်းကိုယူ၍ဖခင် ထံသွား၏။ ဖခင်သည် ယက်ကန်းစင်ပေါ်တွင် ယက်ကန်းကြိုးကို ကိုင်လျက် အိပ်ပျော်နေ၏။ သမီးလာသံ ကြားလျှင် အိပ်ရာမှ လန့်ပြီး ယက်ကန်း၏လက်လိပ်ကို ဆွဲ၏။ လက်လိပ်စွန်းသည် ယက်ကန်းသည်မလေး၏ ရင်ကိုဝင်ဆောင့်၍ သွေးအလိမ်းလိမ်း ဖြစ်ကာ ထိုနေရာတွင်ပင် သေဆုံးပြီး တုသိတာ နတ်ပြည်၌ ဖြစ်လေ၏။

## အဖ ရဟန္တာ ဖြစ်ခြင်း

ယက်ကန်းသည် ကြီးမှာ မိမိကြောင့် သမီး သေရသည်ကို ယူကြုံးမရဖြစ်ကာ သောကမီးသည် ကြီးစွာ တောက်လောင်၏။ ဘုရားသခင်ထံ ပြေး၍ ငိုကြွေးမြည်တမ်း၏။ မြတ်စွာဘုရားသည်

သောကမီးကို ငြိမ်းအေးစေသောတရားတော်တို့ကို ဟောကြားသဖြင့် သောကငြိမ်းအေးပြီး ရဟန်းအဖြစ်ကို တောင်းပန်ကာ တရားတော်ကို အားထုတ်၍ မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

(ဓမ္မပဒ လောကဝဂ် ခုနစ်ခုမြောက် ယက်ကန်းသည်မလေး ဝတ္ထုပြီး၏။)

൶ ൶ ൶

## (၁၃) လောကဝဂ်

### ဂ။ လောကမှ လွတ်မြောက်ကြခြင်း

(ရဟန်းသုံးကျိပ် ဝတ္ထု)

**ပညာရှိတို့သည် မာရ်စစ်သည်ကိုအောင်၍ လောကမှ ထွက်မြောက်ကုန်၏။**

(ဟံသာ ဒိစ္စ ပထေ) ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ရဟန်းသုံးကျိပ်ကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ထိုထိုအရပ်တို့၌ နေထိုင်ကြကုန်သော သုံးကျိပ်ခန့် မျှသော ရဟန်းတို့သည် မြတ်စွာဘုရားထံ ချဉ်းကပ် ခစားနေကြ၏။

အာနန္ဒာ မထေရ်သည် မြတ်စွာဘုရားအား ဝတ်ကြီးဝတ်ငယ် ပြုချိန် ရောက်၍လာခဲ့ရာ မြတ်စွာဘုရားသည် ရဟန်းတို့နှင့် အတူ စကား ပြောနေ၍ တံခါးမုခ်၌ ရပ်ခါ စောင့်ဆိုင်း၍ နေ၏။ မြတ်စွာဘုရား၏ တရားစကားကို ကြားနာရ၍ သုံးကျိပ်မျှ လောက်သောရဟန်းတို့သည် အရဟတ္တဖိုလ်သို့ရောက်၍ ကောင်းကင် ခရီးဖြင့် ကြွသွားကြကုန်၏။

အာနန္ဒာမထေရ်သည် ကြာမြင့်စွာစောင့်ဆိုင်းနေရ၍မြတ်စွာ ဘုရားကို လှမ်းမျှော်ကြည့်ရာ ရဟန်းတို့ကို မမြင်သဖြင့် ဘုရားထံ ဝင်ရောက်ပြီး ယခုပင်လျှင် သုံးကျိပ် ခန့်သော ရဟန်း တို့ကို တွေ့မြင်ရပါသည်။ ယခု အဘယ်မှာနည်း ဟုမေးလျှောက်၏။ ထိုရဟန်းတို့ကြွသွားကြောင်းပြောလျှင် အဘယ်လမ်းမှကြွသွား ကြပါသနည်းဟု မေးလျှောက်၏။ ကောင်းကင်ခရီးဖြင့်ကြွသွား ကြသည်ဟု မိန့်တော်မူလျှင် ထိုရဟန်းတို့သည်ရဟန္တာတို့ပေလော ဟု မေးလျှောက်ပြန်သဖြင့်-

''ဟုတ်ပေ၏။ ။ငါဘုရားထံ တရားတော်ကို နာကြား၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်သည့်ခဏ၌ ကောင်းကင်ဖြင့်ပျံသွား သော ဟင်္သာငှက်ကဲ့သို့ ကောင်းကင်ခရီးဖြင့် ကြွသွားကြလေ ကုန်၏။

ချစ်သား အာနန္ဒာ။ ။အကြင်ပုဂ္ဂိုလ်သည် ဣန္ဒြိယါဒ် တို့ကိုကောင်းစွာပွားများအပ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ဟင်္သာ ငှက်ကဲ့သို့ကောင်းကင်ခရီးဖြင့် သွားလေသည်သာလျှင် တည်း'' ဟု မိန့်တော်မူပြီး၍-

**(၁၇၅) ဟံသာဒိစ္စ ပထေ ယန္တိ၊ အာကာသေ ယန္တိ ဣဒ္ဓိယာ။**
**နီယန္တိ ဓီရာ လောကမှာ၊ ဇေတွာ မာရံ သဝါဟိနံ။ ။**

(၁၇၅) ဟသ်ာငှက်တို့သည် နေ၏လမ်းကြောင်း ကောင်းကင်၌ သွားကုန်၏။ တန်ခိုးရှင်တို့သည် ကောင်းကင်၌သွားလာကြကုန်၏၊ပညာရှိတို့သည် စစ်သည်ဗိုလ်ပါနှင့်တကွသော မာန်နတ်ကို အောင်၍ လောကမှ ထွက်မြောက်ကုန်၏။

(ဓမ္မပဒ လောကဝဂ် ရှစ်ခုမြောက် ရဟန်းသုံးကျိပ်ဝတ္ထုပြီး၏။)

၀ိ ၀ိ ၀ိ

## (၁၃) လောကဝဂ်

## ၉။ တမလွန်ကိုမကြည့်သူ

### (စိဉ္စမာဏဝတ္ထု)

**တမလွန်ကို မှုသော သတ္တဝါသည် မပြုဝံ့သည့် မကောင်းမှုမရှိတော့ချေ။ ။**

(ဇကာံ ဓမ္မံ)သုတ္တန်ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ စိဉ္စမာဏဝိကာကို အကြောင်းပြု၍ ဟောကြားတော်မူပေ၏။

## ဝဿုကြောင်းကား ဤသို့တည်း

ဝါတော်နှစ်ဆယ်ဟု ဆိုအပ်သော ပထမဗောဓိ၌ မြတ်စွာဘုရားသခင်နှင့် တပည့် သာဝကတို့သည် ပူဇော် သက္ကာရလာဘ်လာဘမှ များမြတ်ပြန့်ပြောလှ၏။ တိတ္ထိတို့ကား အရှိန်အဝါမှေးမှိန်ခါခြောက်ကပ်ကြကုန်၏။

တိတ္ထိတို့သည် စုပေါင်းတိုင်ပင်ကြ၏။ မြတ်စွာဘုရားအား အရှိန်အဝါမဲ့လေအောင် ကြံဆောင်ဘိုရာ စိဉ္စမာဏ ဝိကာနှင့် ဖျက်ဆီးကြရန် တိုင်ပင်ကြ၏။ စိဉ္စမာဏသည် တိတ္ထိတို့ထံ သွားရောက်ရှိခိုးရာ တိတ္ထိတို့ စကားမပြော မှိုင်တွေခါ နေကြသဖြင့် လျှောက်ထားမေးမြန်းရာမှ ရဟန်းဂေါတမအား ဤနည်းဤပုံပြုလုပ်ရမည်ဟု တိုင်ပင်၏။စိဉ္စမာဏက ကောင်းပါပြီဟု ဝန်ခံ၏။

## မိန်းမမာယာ

ထိုနေ့မှစ၍ စိဉ္စမာဏသည် နံနက်စောစောတိုင်း ဇေတဝန်ကျောင်းတော်သို့ လာကြသူများ မြင်သာအောင် ဆံပင်ပွလျှလျှော့ရဲသောကိုယ်ဖြင့်ကျောင်းတော်တွင်းမှ ထွက်လာဟန်ပြု၏၊ ဤသို့ဖြင့် ရက်ပေါင်းများစွာကြာသော် ရဟန်း ဂေါတမနှင့်အတူ အိပ်နေရာမှ ထလာခြင်း ဖြစ်သည်ဟု ပြောလာပြန်၏။ သုံး လေးလကြာလျှင် ဝမ်းဗိုက်ကို အဝတ်တို့ဖြင့် ရံပြီး ကိုယ်ဝန်ရှိဟန်ပြုပြန်၏။ ရှစ်လကျော် ကိုးလ၌ သစ်သားပျဉ်ချပ်ကို ဝမ်းဗိုက်၌ချည်၍ အဝတ်ကိုခြုံပြီး ခြေလက် ရောင်ရမ်းစေရန် နွားမေးရိုးဖြင့်ခြေဖမိုးလက်ဖမိုးတို့ကို ရိုက်၍ ပင်ပမ်းနွမ်းနယ် ဟန်ဖြင့် ညနေချမ်းအခါ မြတ်စွာဘုရား တရား ဟောတော်မူရာ ပရိသတ်အလယ်သို့သွား၍-

''ရဟန်းကြီး။ ။လူများကိုသာ တရား ဟော နေ သည်၊ ငါ့အတွက် သွားဖွားရန် တစုံတရာစီစဉ်ခြင်းမရှိ၊ အသင်သည် ပျော်ပါးရန်သာ သိသည်၊ ကိုယ်ဝန်ကို စောင့်ရှောက်ရန်မသိ'' ဟု ပြောကြား၏။

မြတ်စွာဘုရားသည် ဟောနေသောတရားတော်ကိုရပ်၍-

''အိုနှမ။ ။သင့်စကား မှန်,မမှန်ကို ငါဘုရားနှင့် အသင် နှစ်ဦးသာ သိကြကုန်သည်''ဟု မိန့်တော်မူ၏။

## သိကြားမင်းအကူ

ထိုခဏ၌ သိကြားမင်းစံရာဗိမာန်သည် ပူလောင်လာသဖြင့် သိကြားမင်းက ဆင်ခြင်သော် စိဉ္စမာဏမိန်းမယုတ်ကိုမြင်၍ ရှင်းလင်းသုတ်သင်စေအံ့ဟု နတ်သားလေးယောက်အား ကြွက်ငယ် ဟန်ဆောင်စေပြီး သစ်သားပျဉ်ချပ်တို့၌ ချည်ထားသော ကြိုးတို့ကို ကိုက်ဖြတ်စေ၏။

ဝမ်းဗိုက်၌ချည်ထားသော သစ်သားပျဉ်ချပ်သည် စိဉ္စမာဏ၏ ခြေဖမိုးပေါ်သို့ပြုတ်ကျ၍ ခြေဖျားတို့ကျိုးလေ၏။ လူအပေါင်း တို့က မဟုတ်တရားစွပ်စွဲသော စိဉ္စမာဏကိုဆွဲငင်ရိုက်ပုတ်နှင်ထုတ် ကြ၏။ မြတ်စွာဘုရား ပကတိမျက်စိဖြင့် မမြင်နိုင်သောနေရာသို့ ရောက်လျှင် မြေကြီးသည် ဟက်တက်ကွဲ၍မျိုခါ အဝီစိသို့ တိုင် လေ၏။

မြတ်စွာဘုရားသခင်အား အတိုင်းထက်အလွန် ကြည်ညိုကြ ကုန်၏။ နောက်တနေ့၌ ရဟန်းတို့ တရားသဘင်တွင် ပြောကြား ကြသော စကားနှင့်စပ်၍ ရဟန်းတို့တောင်းပန်အပ်သောကြောင့် အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

## အတိတ်ဝတ္ထု
## (မဟာပဒုမမင်းသား)

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် လက်ျာစံဒေဝီမဟေသီမိဖုရားကြီး၌ ပဒုမာကြာ၏ အသရေနှင့်တူမျှသော ကြက်သရေရှိသည့် သားတော်တပါး ဖွားမြင်သဖြင့် မဟာပဒုမဟု အမည်ပေးကြ၏။ မဟာပဒုမ မင်းသား အရွယ်သို့ရောက်သော် တက္ကသိုလ် ပြည်တွင် အလုံးစုံသောအတတ်ပညာတို့ကို သင်ယူပြီး ပြန်လာခဲ့၏။ မယ်တော်မိဖုရားကြီးနတ်ရွာစံသော် ဗြဟ္မဒတ်မင်းကြီးသည်မင်းသမီး တပါးကို မိဖုရားကြီးအရာထား၍ သားတော် မဟာပဒုမ မင်းသားကို အိမ်ရှေ့အရာ၌ ထား၏။

## မှားသောအချစ်

တနေ့တွင် ဗြဟ္မဒတ်မင်းကြီးသည် နယ်ခြား၌ ပုန်ကန်သော သူပုန်ရန်ကို နှိမ်နင်းရန်သွားမည်ပြုရာ မိဖုရားက မနေရစ်လိုပါ လိုက်ပါရစေဟု လျှောက်တင်၏၊ မင်းကြီးက စစ်မြေပြင်၏ အန္တရာယ် များပြားသည်တို့ကို ပြောပြ၍ သားတော်ကြီး ဖြစ်သော မဟာပဒုမမင်းသားကို လိုအပ်သမျှ စီမံစေခိုင်းပါဟု မှာထား၏။

တနေ့တွင် မဟာပဒုမ မင်းသားသည် မိဖုရားကြီးထံသွားရောက်၍ ''မယ်တော်၊ အကျွန်ုပ်မည်သည့်ကိစ္စကို ဆောင်ရွက်ပေးရမည်နည်း'' ဟု မေး၏၊ မိဖုရားသည် အဆင်းသဏ္ဍာန်

ကြန်အင်လက္ခဏာကောင်းသောဘုရားလောင်းကို တပ်မက်သော ရာဂစိတ်ရှိသည်ဖြစ်၍ မင်းသား၏ လက်ကိုကိုင်ဆွဲပြီး "အိပ်ရာပေါ်သို့တက်လော့" ဟု ဆို၏။

"မယ်တော်-အဘယ်အကြောင်းကြောင့်နည်း"ဟု မင်းသားကမေးသော် "ပြည့်ရှင်မင်းပြန်မလာမီအတွင်း ငါတို့နှစ်ယောက်သည် ကိလေသာအာရုံကာမဂုဏ်ဖြင့် မွေ့လျော်ကြကုန်အံ့" ဟု ပြောဆို၏။

မင်းသားက မယ်တော် ဤအကြောင်းသည်မလျော်ကန်ပါ၊ ကျွန်ုပ်၏မယ်တော်လည်းဖြစ်ခဲ့ပါသည်၊ လင်ယောကျ်ားရှိသော မိန်းမလည်း ဖြစ်ပါသည်၊ သားတော်သည် ကာမပိုင်ရှိသော မိန်းမကို .တပ်မက်သောစိတ်ဖြင့် ကြည့်မိဘူးသည် မရှိပါဟု ပြော၏။ မိဖုရားက နှစ်ကြိမ်သုံးကြိမ်ဖျားယောင်းသော်လည်း မင်းသားသည် ငြင်းပယ်လေသော် ပြည့်ရှင်မင်းပြန်လာမှ သိစေအံ့ဟု ပြောဆိုလေ၏။ မင်းသားလည်း ထွက်လာခဲ့၏။

## မိန်းမတို့မာယာ

မင်းကြီးသူပုန်ရန်နှိမ်နင်း၍ ပြန်လာပြီး နန်းတော်သို့အဝင်တွင် မိဖုရားကြိုဆိုသည်ကို မမြင်သောကြောင့် မေးတော်မူလျှင် မကျန်းမာသောကြောင့် တိုက်ခန်းတွင်း၌ ရှိပါသည်ဟုလျှောက်၏။ မင်းကြီးသည်တိုက်ခန်းသို့ဝင်၍ မိဖုရားကိုနှုတ်ဆက်သော် မကြားဟန်ဆောင်၍နေ၏၊ သုံးကြိမ် တိုင် မေးမှ ငိုယိုကာ မဟာပဒုမမင်းသားသည် တိုက်ခန်းတွင်းသို့ဝင်၍ ကျွန်တော်မအား ယုတ်မာသော အကျင့်ကိုပြုရန် ဆွဲငင်ပါသည်၊ သင်၏ မယ်တော်ဖြစ်ကြောင်း သတိထားရန် ပြောသော်လည်း မရ၊

အလိုသို့မလိုက်သဖြင့် ဆံပင်ကိုဆွဲကိုင်၍ ပြင်းထန်စွာရိုက်နှက်ပြီး သွားပါသည်ဟု မိမိကိုယ်ကို လက်သဲဖြင့် ကုတ်ခြစ်ထားသော အနာများကိုပြ၍ လျှောက်ထား၏။

## ယောကျ်ားဆိုသောယောကျ်ား

မင်းကြီးသည် ပြင်းထန်စွာ အမျက်ထွက်၍ မဟာပဒုမ မင်းသားကိုကြိုးဖြင့်တုတ်ခါ ခေါ်ဆောင်ခဲ့စေ၏၊ တမြို့လုံးသည် မိဖုရား၏ ဂုံးချောစကားကို ပြည့်ရှင်မင်းမြတ်ကယုံမှတ်၍ ဖမ်းစေသည်ဟု တမြို့လုံးတုန်လှုပ်ချောက်ချားကာ မဟာပဒုမမင်းသား၏နောက်သို့ ငိုယိုလိုက်ကြ၏။

မင်းကြီးသည် မင်းသားကိုမြင်သည်နှင့် ဤသူကား ငါ၏ မိဖုရားကြီးကိုလည်း စော်ကားသည်၊ ငါ့ကိုတုပ နန်းလုရန်ကြံ သည်၊ တောင်ထိပ်ကမ်းပါးမှ တွန်းချ၍သတ်စေလောဟုခိုင်းစေ တော်မူ၏။ မဟာပဒုမမင်းသားက "ခမည်းတော် မင်းမြတ်၊ ဤအမှုကိုသားတော်မပြုပါ၊ မိန်းမစကားကိုနာယူ၍ သားတော် ကို မသတ်ပါလင့်"ဟု တောင်းပန်လျှောက်ကြား၏။ မင်းကြီးက နာယူတော်မမူ။

နန်းတွင်းမှ တသောင်းခြောက်ထောင်သော နန်းတွင်းသူ အပေါင်းတို့သည် "ချစ်သား မဟာပဒုမ" ဟု ဟစ်အောင်ငိုကြွေး ကြ၏။

မှူးမတ်သေနာပတိတို့လည်း စုံရုံး၍ မင်းကြီးအား မိဖုရား၏ တဖက်စကားဖြင့် အမှုကိုမစီစစ်ပဲ သတ်ဖြတ်တော် မမူပါလင့်ဟု လျှောက်ထား၍-

ပြည်ကြီးသေဌ်နှင်း မင်း တို့ သည် ကား အ ပြစ် ဒေါသ ကို မစုံစမ်းမဆင်ခြင်ပဲ လက်ခြေဖြတ်ခြင်းစသော မင်းဒဏ်ကို ပြုခဲ့သည်ဖြစ်အံ့၊ ထိုမင်းသည် ဝမ်းတွင်းပါ မျက်စိကန်းယောကျ်ားသည် ယင်ကောင်ရှိသော ဘောဇဉ်ကို စားမျိုဘိသကဲ့သို့ ဆူးရှိသော ဘောဇဉ်ကိုစားမျိုဘိသကဲ့သို့ အကျိုးစီးပွား ပျက်စီးကြောင်းကို ပြုတတ်သည်မည်ပါသည်။

အကြင်ပြည့်ရှင်မင်းသည် ဒဏ်မပေးထိုက်သောသူကို ဒဏ်ပေး၏၊ ဒဏ်ပေးထိုက်သူကို ဒဏ်မပေးပဲ မိမိဆန္ဒအလျောက် ပြု၏၊ ဤသို့ပြုသဖြင့် မျက်စိကန်းသောလူသည် လမ်းကောင်းကို မသိသကဲ့သို့ မသိမမြင်ပဲပြေးသွားသူ၏ ခြေထောက်သည် ကျောက်ခဲအစရှိသည်တို့ တိုက်ခိုက်ပိုလဲရဘိသကဲ့သို့ အပါယ်လေးပါး၌ ကျတတ်ပါသည်။

အကြင်ပြည့်ရှင်မင်းသည် အပြစ်ကြီးအပြစ်ငယ်တို့ကို မိမိဉာဏ်ဖြင့်စုံစမ်း၍ အပြစ်အလျောက် အဆုံးအမပေးရာ၏၊ သို့မှသာ တိုင်းပြည်၌ စီရင်အုပ်ချုပ် မင်းပြုလုပ်ယိုက်၏။ အရှင်မင်းမြတ် နူးညံ့သိမ်မွေ့လွန်းသောသူသည် အစိုးရသောအပြစ်၌ မြဲခိုင်ခြင်းငှာ မတတ်ကောင်း၊ ထက်မြက်လွန်းသောသူသည် အစိုးရသောမင်းအဖြစ်၌မြဲခိုင်ခြင်းငှာမတတ်ကောင်း၊ မင်းတို့မည်သည် သိမ်မွေ့ခြင်းနှင့် ထက်မြက်ခြင်းနှစ်ပါးစုံကိုအကုန်ပင်ကျင့်ရာ၏။

အရှင်မင်းကြီး။ နူးညံ့လွန်းသောမင်းသည် ပြည်သူတို့က မထေမဲ့မြင် ပြုတတ်ပေ၏။ ထက်မြက်လွန်းသော မင်းသည် သူပုန်ရန်များတတ်ပေ၏။ မနူးညံ့လွန်း၊ မထက်မြက်လွန်းသော အလယ်အလတ်ပင် ကျင့်ပေရာ၏။

အရှင်မင်းကြီး၊ ရာဂကြီးသောသူသည်လည်း စကားများစွာ ပြောဆိုတတ်၏။ ဒေါသကြီးသောသူသည်လည်း စကားများစွာ ပြောဆိုတတ်၏။

မိန်းမတည်းဟူသော အကြောင်းကြောင့် ထီးမွေနန်းမွေခံ သားတော်မြတ်ကို သတ်ခြင်းငှာ မထိုက်ပါပါဟု လျှောက်ကြ၏။ မင်းကြီးသည် နားမဝင်ပေ။

မဟာပဒုမ မင်းသားသည် လူအပေါင်းတို့နှင့် တလုံးတစည်းတည်း ဖြစ်ပေ၏။ ငါ့ မိဖုရားသည် သာ မျက် နှာ ငယ်စွာ တယောက်တည်းသာ ဖြစ်နေရ၏ဟု မင်းကြီးကိုယ်တိုင် တောင်ထိပ် ကမ်းပါးသို့လိုက်သွားပြီး ခြေထောက်ကိုမိုးမျှော်၊ဦးခေါင်းကို စောက်ထိုး ကိုင်စေ၍ ချောက်ကမ်းပါးသို့ ချစေ၏။

## မေတ္တာတန်ခိုး အဘိုးမဖြတ်နိုင်

အချင်းဖြစ်သည်မှစ၍ မဟာပဒုမ မင်းသားသည် မေတ္တာ ပို့ခြင်းမှတပါး ကိုးကွယ်ရာမရှိဟုသိ၍ မေတ္တာကိုသာ ပွားများလျက် နေ၏။ မေတ္တာ၏အာနုဘော်ကြောင့် တောင်စောင့်နတ်သည် မင်းသားကို လက်နှစ်ဖက်ဖြင့် ပွေ့ခံ၍ တောင်ခြေရင်း၌ရှိသော နဂါးမင်း၏ ပါးပျဉ်းထက်၌ ထား၏။ နဂါးမင်းသည် ဘုရားလောင်း မင်းသားကို နဂါးပြည်သို့ ဆောင်ယူပြီး မိမိ၏ စည်းစိမ် တဝက်ကိုပေး၏။

တနှစ်ပတ်လုံး နဂါးပြည်၌ စံနေ၍ နဂါးမင်းအား လူ့ပြည်သို့ သွား၍ ရဟန်းပြုလိုသည်ဟု ပြောလျှင် နဂါးမင်းသည် ဟိမဝန္တာသို့ပို့၍ ရဟန်းပရိက္ခရာတို့ကို ပေးလှူပြီး နဂါးပြည်သို့ ပြန်သွား၏။

မဟာပဒုမ မင်းသားသည် ရသေ့ ရဟန်းပြုပြီး ဈာန် အဘိညာဉ်တို့ကို ဖြစ်စေ၍ သစ်မြစ်၊ သစ်သီး တည်းဟူသော အစာအာဟာရဖြင့် ဟိမဝန္တာ၌ နေလေ၏။

## ဗာရာဏသီ မုဆိုးနှင့် တွေ့ခြင်း

ဗာရာဏသီပြည်မှ မုဆိုးတယောက်သည် ထိုအရပ်သို့ရောက်သွား၏။ ဘုရားအလောင်းကို မြင်လျှင် မဟာပဒုမ မင်းသား မဟုတ်လောဟု မေးလျှောက်၏။ အော်....ဟုတ်ပေ၏ဟု မိန့်ဆိုသော် ဘုရားလောင်းထံ၌ နှစ်ရက် သုံးရက် နေ၍ ပြန်လာခဲ့ပြီး ဗြဟ္မဒတ်မင်းကြီးအား လျှောက်ထား၏။

မင်းကြီးလည်း မယုံကြည်၍ ထပ်မံ စစ်ဆေးရာ နှစ်ရက် သုံးရက်ပင် နေခဲ့ကြောင်း၊ ဘုရားအလောင်းက ဟုတ်ပါသည်ဟု ဝန်ခံကြောင်းသိရသဖြင့် ဗြဟ္မဒတ်မင်းကြီးသည် စစ်သည်ဗိုလ်ပါ အပေါင်းနှင့် သွား၍ တောစပ်တွင် သစ်တပ်များကိုတည်စေပြီး မှူးမတ် အပေါင်းတို့နှင့်အတူ ဘုရားလောင်းထံသို့သွားရောက်၍ ရှိခိုးဦးချကြကာ အဘယ့်ကြောင့် ချောက်ကမ်းပါးမှ ချလျက် မသေကြောင်းကို မေးမြန်းရာမှ ဘုရားလောင်းက အကြောင်းစုံ ပြန်ကြား၏။

မင်းကြီးသည် ဘုရားလောင်းအား တိုင်းပြည်သို့ပြန်ခေါ်၏။ မင်းအဖြစ်ပြုပါလော့ဟုဆို၏။ ဘုရားလောင်းက "ခမည်းတော် မင်းမြတ် ငါ့ များချိတ်ကိုမျှိမိ၍သွေးနှင့်တကွ ထွေးအန်လိုက်ရသဖြင့် ချမ်းသာခြင်းဖြစ်ရ၏။ ထိုသို့ဖြစ်ရသော ချမ်းသာကို မိမိကိုယ်တိုင် ခံစားရ၏ဟု မိန့်တော်မူ၏။ မင်းကြီးက အဓိပ္ပါယ်ကို မေးလျှောက်သော်....

ခမည်းတော် မင်းမြတ်။ လောကီအာရုံ ကာမဂုဏ် တို့ကို ငါးမျှားချိတ်ဟူ၍ ဆိုပေ၏။ ဆင်,မြင်း ဥစ္စာတို့သည် သွေးနှင့် တကွဟု ဆိုပေ၏။ လောကီအာရုံ ကာမဂုဏ်တို့နှင့် ဆင်,မြင်း ဥစ္စာရတနာတို့အား စွန့်ပစ်ခြင်းကို ထွေးအန်ခြင်းဟူ၍ ဆိုပေ၏" ဟု ဖြေဆိုတော်မူ၏။

## သားတော်အား ဝန်ချကန်တော့ခြင်း

မင်းကြီးလည်း သားတော်၏ စကားကို ကြားရလျှင် ဝမ်းမြောက်လှ၍ အလောင်းတော် ရသေ့ခြေရင်း၌ ဝပ်ပြီးလျှင် မိန်းမစကားကိုယုံ၍ အကျင့်သီလနှင့် ပြည့်စုံသော ချစ်သားကို ပြစ်မှားခြင်း ပြုမိပေ၏။ ငါ့ဖခင်အား အပြစ်မထားပဲ သည်းခံတော်မူပါလော့ဟု ဝန်ချတောင်းပန်၏။

တိုင်းပြည်သို့ ရောက်လျှင် ယုတ်မာလှစွာသော မိဖုရားကို တောင်ထိပ်ကမ်းပါးပြတ်မှ ချသုတ်စေပြီး တရားနှင့်အညီ မင်းပြုတော်မူ၏။

## ဇာတ်တော်ပေါင်းခြင်း

"ချစ်သား ရဟန်းတို့။ ။ဤစိဉ္စမာဏ ဝိကာသည် ယခု ငါဘုရားကို စွပ်စွဲဖျက်ဆီးသောကြောင့် ပျက်စီးခြင်းသို့ ရောက်ရသည် မဟုတ်သေး၊ ရှေးအခါ၌လည်း ရောက်ခဲ့ဘူးပေပြီဟု မိန့်တော်မူ၍ ယခု စိဉ္စမာဏသည် မဟာပဒုမ မင်းသား၏မိထွေး မိဖုရား၊ ဒေဝဒတ်သည် ခမည်းတော်ဖြဟ္မဒတ်မင်းကြီး၊အာနန္ဒာ သည် နဂါးမင်း၊ သာရိပုတ္တရာသည် တောင်စောင့်နတ်မင်း ဖြစ်ခဲ့၍ ငါဘုရားသည် ထိုအခါက မဟာပဒုမ မင်းသား ဖြစ်ခဲ့ဘူးလေပြီဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

## သောတာပန် တည်ကြခြင်း

မြတ်စွာဘုရားသခင်သည် ဒွါဒသနိပါတ် မဟာပဒုမ ဇာတ်တော်ဖြင့် မိန့်ဆိုတော်မူပြီး....

**(၁၇၆) ဧကံ ဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။**
**ဝိတိဏ္ဏ ပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။**

(၁၇၆) တခုသောသစ္စာတရားကို လွန်ကျူးသော မုသားစကားကို ပြောလေ့ရှိသော တမလွန်ကို ချွဲသောသတ္တဝါအား မပြုအပ်မပြုဝံ့သော မကောင်းမှုမည်သည် မရှိ။

အမှန်တရားကိုကျူးလွန်၍ မဟုတ်မမှန်ပြောလေ့ရှိသော သံသရာကို ရှည်အောင် လုပ်သော သတ္တဝါအဖို့ မပြုသင့်သော၊ မပြုဝံ့သော မကောင်းမှုမျိုးမရှိပေ။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။

(ဓမ္မပဒ လောကဝဂ် ကိုးခုမြောက် စဥ္စမာဏ ဝတ္ထုပြီး၏။)

## (၁၃) လောကဝဂ်

## ၁၀။ တမလွန်ချမ်းသာ

### (အသဒိသဒါနဝတ္ထု)

စေးနည်းဝန်တိုသောသူတို့သည် နတ်ပြည်သို့မရောက်နိုင်၊
လူမိုက်တို့သည် အလှူကိုမချီးမွမ်းကုန်၊
ပညာရှိ တို့သာ ဝမ်းမြောက် ဝမ်းသာ အနုမောဒနာ
ပြုကြ၏။

(န ဝေ ကဒရိယာ) ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ပသေနဒီကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားကြီးတို့၏ အသဒိသ ဒါနကိုအကြောင်းပြု၍ ဟောကြားတော်မူပေ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသခင်သည် အပြည်ပြည်အရွာရွာ ဒေသစာရီ ကြွချီတော်မူပြီး သံဃာတော်ငါးရာဖြင့် ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ကြွဝင်တော်မူလာ၏။ ပသေနဒီကောသလမင်းကြီးသည် နောက်တနေ့အတွက် ပင့်ဖိတ်၏၊ ကြီးစွာသော အလှူဒါနကို စီရင်၍ မြို့သူမြို့သားတို့အား လာရောက်ကြည့်ရှုစေ၏။

နောက်တနေ့တွင် မြို့သူ မြို့သားတို့က မင်းကြီးထက် သာအောင် အလှူကိုစီရင်၍ မင်းကြီးအား ကြွလာကြည့်ရှုပါလော့ဟု လျှောက်ကြား၏။

ဤသို့မင်းကြီးနှင့် ပြည်သူတို့ တဦးထက်တဦး သာအောင် ဒါနအမှုပြုကြရာ ခြောက်ကြိမ်မြောက်အရောက်၌ မင်းကြီးသည်

ပြည်သူတို့လိုက်မမီသော အလှူကိုပြုနိုင်ရန် စဉ်းစားတွေဝေဝေး မောရှ်နေလေ၏။

## မလ္လိကာမိဖုရားကြီး၏ ထူးမြတ်သောအကြံ

မင်းကြီး ဤသို့ဖြစ်နေသည်ကို မလ္လိကာမိဖုရားကြီးသိလျှင် မင်းကြီးအား ကျွန်တော်မ စီရင်ပါအံ့ဟု လျှောက်ထားရှ် သူတပါးတို့မလှူနိုင်သော "အသဒိသဒါန" နဘဲသားပျဉ်ချပ်တို့ဖြင့်ရဟန်းငါးရာသီတင်းသုံးရန် မဏ္ဍပ်ကိုပြု၏။ ထီးဖြူငါးရာကို ဆင်ငါးရာဖြင့်ရဟန်းတော်တို့အားမိုးစေ၏၊မဏ္ဍပ် အလယ်၌ ရွှေလှေ့ဆယ်ခုထား၏၊ ရဟန်းနှစ်ပါးတို့၏အကြား၌မင်းသမီးတို့ ထိုင်နေရှ် နံ့သာတို့ကိုကြိတ်စေ၏၊ မင်းသမီးတယောက်သည် ယပ်ကိုကိုင်ရှ် ရဟန်းနှစ်ပါးအကြားမှ ယပ်ခတ်စေ၏၊ အချို့ မင်းသမီးတို့က ကြာစည်းတို့ကိုကိုင်ရှ် ရွှေလှေ့မှ နံ့သာတို့ကို မွှေနှောက်စေ၏၊ သို့ဖြင့် မွှေးကြိုင်သောအခိုးအထုံတို့သည်အစဉ် သင်းပျံ့နေစေ၏။

ပြည်သူတို့တွင် မင်းသမီးမရှိ၊ ထီးဖြူလည်းမရှိ၊ ဆင်လည်း မရှိ၊ ဤသို့ဖြင့် ပြည်သူတို့လိုက်မမီနိုင်သောအလှူကြီးဖြစ်လတံ့ဟု လျှောက်၏။

## အင်္ဂုလိမာလနှင့်ဆင်ရိုင်း

မင်းကြီးသည် စီစဉ်ရာ၌ဆင်ယဉ်ငါးရာတွင် တကောင်လိုနေ၏။ ဆင်ရိုင်းတို့ကားအများအပြားရှိ၏၊ မလ္လိကာမိဖုရားကြီးက ကြမ်းကြုတ်သော ဆင်ပေါက်ငယ် တကောင်အား ထီးဖြူကို နှာမောင်းဖြင့်ယူစေရှ် အရှင်အင်္ဂုလိမာလအား မိုးစေ၏၊ ကြမ်းကြုတ်သောဆင်သည် အရှင်အင်္ဂုလိမာလအား ထီးဖြူကိုမိုးရှ်

နားရွက်ကိုချ မျက်စိကိုမှိတ်ပြီး စေ့စေ့မျှမကြည့်ရဲ ငြိမ်သက်စွာ နေ၏။ လူအပေါင်းတို့သည် အံ့ဩစွာကြည့်ရှုကြ၏။

ဤအလှူသည် တနေ့တည်းနှင့် တဆယ့်လေးကုဋေ ကုန်၏၊ ဤတွင်မြတ်စွာဘုရားအားလှူဒါန်းသောထီးဖြူ၊ပလ္လင်၊သပိတ်ခြေ ခြေဆေးအင်းပျဉ်လေးခုတို့၏ အဘိုးမပါသေး၊ ဤလေးခုတို့သည် မရေတွက်နိုင်အောင် အဘိုးရှိသည်ဖြစ်၏။

ဤသို့သဘောရှိသောအလှူမျိုးကို ဘုရားရှင်အားနောက်ထပ် တဖန် လှူနိုင်စွမ်းမရှိသောကြောင့် "အသဒိသဒါန" ဟု ထင်ရှားလေ၏။

## ကာလအမတ်နှင့် ဇုဏှအမတ်

ဤ အသဒိသအလှူသည် အလုံးစုံသော ဘုရားရှင်တို့အား တကြိမ်တကြိမ် ရတော်မူမြဲဖြစ်၏။

ဤတွင်မင်းကြီး၌ ကာလအမတ် ဇုဏှအမတ် နှစ်ယောက် ရှိကုန်၏၊ ကာလအမတ်က စဉ်းစား၏၊ "မင်းကြီးသည် တနေ့ တည်းနှင့် တဆယ့်လေးကုဋေကုန်အောင် ဖြုန်းသည်၊ ရဟန်းတို့ သည် သုံးဆောင်စားသောက်ပြီး အိပ်၍နေကြမည်၊ မင်းကြီး၏ ဥစ္စာသည် ကုန်လေစွ" ဟု ကြံစည်၏။

ဇုဏှအမတ်က စဉ်းစားသည်မှာ "မင်းကြီး၏ အလှူသည် မွန်မြတ်ပေစွ၊မင်းမဖြစ်ပဲ ဤအလှူမျိုးကို ပေးလှူနိုင်မည်မဟုတ်။ ကုသိုလ်အဖို့ကို သတ္တဝါ အားလုံးတို့အား ပေးဝေမည် ဖြစ်၏။ ငါသည်ကား ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုအံ့" ဟု ကြံစည်၏။

မြတ်စွာဘုရားသည် နှစ်ယောက်သောအမတ်တို့၏စိတ်အကြံကို သိတော်မူ၍ ဤအလှူအတွက်သင့်လျော်သောအနုမောဒနာကို ကြာရှည်ပြုသော် ကာလအမတ်၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲလတံ့ဟု မြင်တော်မူသောကြောင့် ကာလအမတ်ကို အစဉ်သနားတော်မူခြင်းဖြင့် လေးပါဒမျှလောက်သောဂါထာကိုသာလျှင် ဟောကြား၍ ကျောင်းတော်သို့ ကြွသွား၏။

ကျောင်းတော်သို့ ရောက်လျှင် ရဟန်းတို့က အင်္ဂုလိမာလမထေရ်အား ဆင်ကြမ်းကြီး ထီးဖြူ ဆောင်းပေး နေသည်ကို မကြောက်ပါလားဟု မေးကြသော် ငါ့ရှင်တို့ မကြောက်ပါဟု ဖြေဆိုသည်။ ရဟန်းတို့က ဘုရားရှင်အား အင်္ဂုလိမာလမထေရ်သည် အဟာရတ္တဖိုလ်စကားကို ပြောကြားပါသည်ဟု လျှောက်ကြား၏။ ဘုရားရှင်က အင်္ဂုလိမာလစကားသည် မှန်၏။ ရဟန္တာအစစ် ဖြစ်ကုန်သော ဥသဘတို့တွင် ကြီးကျယ် မြင့်မြတ်သည့် ဥသဘဖြစ်သော ငါ၏သားတော်နှင့် တူသော ရဟန်းတို့သည် မကြောက်ကြကုန်ဟု ဟောတော်မူ၏။

## ကာလအမတ်ကို နှင်ထုတ်တော်မူခြင်း

ပသေနဒီကောသလ မင်းကြီးသည် စိတ် နှလုံး မသာယာ၊ ငါသည်ဤအလှူကြီးကိုပေးရာ၌ သင့်လျော်သောအနုမောဒနာကို မပြု၊ တဂါထာမျှသာ ဟောကြား၍ ကြွသွားတော်မူသည်၊ ငါ၌ မလျော်သော အပြစ်တစုံတရာ ပြုမိသည်ဖြစ်ပေရာ၏ ဟု ကျောင်းတော်သို့ လိုက်သွားကာ "ဒကာတော်၏ ဒါနအား လျော်သောအနုမောဒနာကိုအဘယ့်ကြောင့်မပြုပါသနည်း" ဟု

မေးလျှောက်၏။ ပရိသတ် မစင်ကြယ်သော အဖြစ်ကြောင့် ဟု မိန့်ကြားတော်မူပြီး ကာလအမတ်ကို အစဉ်သနားသောကြောင့် ဤသို့ တရားကို တိုတိုဟော၍ ပြန်ခဲ့သည်ဟု မိန့်တော်မူ၏။

## တိုင်းပြည်မှ နှင်ထုတ်ခြင်း

မင်းကြီးသည် ကာလအမတ်အား တိုင်းပြည်မှနှင်ထုတ်၏။ ဇုဏှအမတ်အား ခုနစ်ရက်ပတ်လုံး မင်းအဖြစ်ကိုပေး၍ခုနစ်ရက်ပတ်လုံးပင် အလှူဒါနကို ပေးလှူလေ့ဟု မိန့်တော်မူ၏။

ဤအကြောင်းနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားသခင်က....

(၁၇၇) န ဝေ ကဒရိယာ ဒေဝလောကံ ဝဇန္တိ၊
ဗာလာ ဟဝေ နပ္ပသံသန္တိ ဒါနံ။
ဓီရောစ ဒါနံ အနုမောဒမာနော၊
တေနေဝ သော ဟောတိ သုခီ ပရတ္ထ။ ။

(၁၇၇) စေးနဲ ဝန်တိုသောသူတို့သည် စင်စစ် နတ်ပြည်နတ်ထံသို့ မရောက်ကုန်၊ လူမိုက်တို့သည် စင်စစ် အလှူဒါနကို မချီးမွမ်းကြကုန်၊ ပညာရှိမူကားသာလျှင် အလှူဒါနကိုနှစ်သက်ဝမ်းမြောက်၏။ထိုသို့နှစ်သက်ဝမ်းမြောက်သောကြောင့်သာလျှင် ထိုပညာရှိသောသူသည်နောင်ဘဝ၌ ချမ်းသာခြင်းသည် ဖြစ်၏။

ဒေသနာတော်၏အဆုံး၌ ဇုဏှအမတ်သည် သောတာ ပတ္တိဖိုလ်၌ တည်လေ၏။

(ဓမ္မပဒ လောကဝဂ် ဆယ်ခုမြောက် အသဒိသအလှူတော်ဝတ္ထုပြီး၏။)

၀ုံ　　၀ုံ　　၀ုံ

# ၁၁။ ဘယ်သူဟာ မြတ်သလဲ

## (ကာလ သတ္တိသား ဝတ္ထု)

တဦးတည်းသောမင်း ဖြစ်ခြင်းထက်ရင်း
နတ်ပြည် ဗြဟ္မာ့ပြည့်သို့ လား၊ရခြင်းထက်ရင်း
လောကအားလုံးကို အုပ်စိုးရသည်ထက်ရင်း
သောတာပတ္တိဖိုလ်သည် မြတ်၏။

(ပထဗျာ ဧက ရဇ္ဇေန)စသည့် ဒေသနာတော်ကို ဇေတဝန် ကျောင်းတော်၌ အနာထပိဏ် သဌေးကြီး၏သား ကာလသတ္တိ သားကို အကြောင်းပြု၍ ဟောကြားတော်မူခပ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

အနာထပိဏ်သဌေးကြီးသား ကာလအမည်ရှိသော သဌေး သားသည် အသက်လေးကလည်း ငယ်ရွယ်၊ ငွေကြေးကလည်း ပေါများ၊ အပေါင်းအသင်း ကလည်း စုံလှသဖြင့် လူငယ်တို့ ဘာဝ ပျော်ချင်တိုင်းပျော် မော်ချင်တိုင်းမော်ကာ သုံးဖြုန်း လျက်သာ နေ၏။

ဖခင်သဌေးကြီး သိအောင် တမျိုး၊ မိခင် သဌေးကတော်က ကြိတ်၍ပေးရသည်က တဖုံ၊ ကာလသတ္တိသား၏သောင်းကျန်းမှု သတင်းစုံကို အနာထပိဏ်သဌေးကြီး၏ နားလျှံအောင် ကြား၍ နေပေသည်၊ သဌေးကတော်ကြီးအား ကြပ်တည်းစွာမြစ်တား သဖြင့် သဌေးသား ကာလမှာ တောင်းတိုင်းမရ၊ သုံးဖြုန်းရန် ငွေကြေး ကြပ်တည်း၍ နေတော့သည်၊ ငွေကြေး မရှိလျှင် မပျော်ရွှင် အိမ်မှာပင် ကုပ်ခါ နေရရှာလေ၏။

## ဖခင်၏အကြံ

ကာလ သတို့သားသည် ဘုရားသခင် အိမ်သို့ကြွလာတော်မူသည့်အခါ ဖူးမြော်ခြင်းလည်း မရှိ၊တရားတော်နာကြားရန်မှာ ဝေလာဝေး၊ သံဃကိစ္စ ဆိုလျှင် အဝေးက ရှောင်၊ ဖခင်က ကြံဆောင်ပြောသော်လည်း မနာခံ၊ သဒ္ဓေးမှာ သား၏ချစ်ချင်းဖြင့် ဤအတိုင်းသာလျှင် ငရဲသို့ လားရတော့မည် ကြံဆင်ခြင်မိသည့်အလျောက် ငွေလိုသူကို ငွေနှင့်မျှား၍ သိမ်းသွင်းမှ သင့်တော့မည်ဟု စိတ်ကူးကာ ကာလသတို့သားအား “သင်တော်ဝင်းသော အသပြာတထောင်ကို ငါပေးမည်၊ ငါခိုင်းစေရာတခုကို လုပ်မည်လော” ဟု မေး၏။ သားက “အသပြာ တထောင်ထုပ်ရလျှင် လုပ်ပါမည်” ဟု ဝန်ခံသဖြင့် “နက်ဖြန် နံနက် ဥပုသ်ကို စောင့်သုံးပြီး ဘုရားကျောင်းတော်သို့ သွား၍ ညချမ်း အခါ တရားတော်ကိုနာပြီး ပြန်လာခဲ့လျှင် ပေးမည်“ ဟုပြောဆို၏။

ကာလ သဒ္ဓေးသားသည် ဖခင်၏ ဝန်ခံချက်အရ ဥပုသ်ကို ယူ၍ ကျောင်းတော်သို့သွား၏။ တရားတော်ကို မနာဘဲသင့်ရာ ချောင်တွင် အိပ်ခါ နံနက်စောစောမှ ကျောင်းတော်က ထ၍ အိမ်သို့ပြန်၏။ ဥပုသ်ထွက်လာသော သားအား ဆာငြားမည် အထင်နှင့် ယာဂုကို ပြင်စေပြီး ပေးစေ၏။ သဒ္ဓေးသားက “အသပြာ မရသေးလျှင် မစား” ဟု ဆိုသဖြင့် အသပြာ တထောင်ထုပ်ကို ပေးလိုက်မှ ယာဂုကို သောက်ကာ အပေါင်းအသင်းများ ရှိရာသို့ သွားပြန်လေ၏။

ဤ ငွေတထောင် ကုန်ပြန့်လျှင် ကာလ သဒ္ဓေးသားမှာ နောက်ထပ် ငွေရရန် မကြံဖန် နိုင်သဖြင့် မှိုင်တွေခြင်းသို့ ရောက်

ပြန်၏။ အနာထပိဏ် သဌေးကြီးက အချက်ပေါ်ခိုက် ငွေနှင့် မျှား၍ သားကိုပြောပြန်၏။ "ကျောင်းတော်သို့သွားပြီး ဘုရားသခင်ထံမှ တရား တပုဒ် တဂါထာကို ကျက်မှတ်၍ လာခဲ့ပါ၊ ဤတဂါထာရလျှင် အသပြာ တခထောင် ပေးမည်" ဟု ပြောပြန်၏။

## အသပြာမက်၍ တရားနာ

သဌေးသား ကာလသည် ကျောင်းတော်သို့ သွားပြီး "ဘုရားထံသို့ တပုဒ် တဂါထာသင်ကြားပေးပါ ဘုရား" ဟု လျှောက်ထား၏။ ဘုရားသခင်က ဂါထာတော်ကို သင်ကြားပေးပြီး သဌေးသား မမှတ်မိစေရန် ဓိဋ္ဌာန်ပြု၏။ သဌေးသားလည်း မမှတ်မိ၍နောက်ထပ်တပုဒ်သင်ကြားပေးပါရန် လျှောက်ထားပြန်၏။ နောက်ထပ် ဂါထာသင်ပြန်ပါလည်း မမှတ်မိသည့်အချင်းအရာကြောင့် တဂါထာပြောင်း၍ သင်ကြားပေးပါရန် ထပ်မံလျှောက်ထားပြန်၏။

သင်ကြားတတ်မြောက်ရန် ရည်ရွယ်ချက်ဖြင့်တရားတော်ကို နာကြားရာတွင် ခါတိုင်းနှင့်မတူ သဘောပေါက်ပြီး မှတ်မိစေရန် ရှိသေစွာ အာရုံစိုက်၍ နာကြားခြင်းဖြစ်သဖြင့် ဂါထာတော်များကို မမှတ်မိနိုင်သော်လည်း နှလုံးသားဝိညာဉ်တွင် ထင်ဟပ်၍တိတိပပ သဘောပေါက်ခါ ထရားတော်အပေါ်၌ ကြည်ညိုသဒ္ဓါပွါးများ လာနိုင်သည့် အလျောက် ကာလ သတို့သားမှာ သင်ယူရင်း-သင်ယူရင်း တရားတော်၏ အနှစ်ကို တိတိပပ သိမြင်လာရပြီး သောတာပတ္တိဖိုလ်၌ တည်လေ၏။

## တရားရ၍ အသပြာမမက်

နံနက်မိုးသောက် ရောက်သည့်အခါ ဘုရား အမှူးရှိသော ရဟန်းတော်တို့နှင့် အတူ သာဝတ္ထိ ပြည်သို့ဝင်၏။ သဌေးကြီးသည် သားကိုမြင်လျှင် "ယနေ့သား၏ အသွင် အပြင် သည် နှစ်သက်ဖွယ်ရာ ရှိပါပေစွ"ဟုထင်မြင်၍ လာပေ၏။ ဘုရားသခင်နှင့် သံဃာတော်တို့အား ယာဂုဆွမ်းကို ကပ်လှူ၍ သားအားလည်း ယာဂုကို ပေးစေ၏။

ကာလ သဌေးသားသည် ယာဂုကို သောက်နေစဉ် ဖခင်က ကြည့်၍ စဉ်းစား၏။ ယခင်တကြိမ်က " အသပြာရမှ ယာဂု သောက်မည်" ဟုဆိုခဲ့၏။ " ယခုတကြိမ်တွင်မူ ဤသို့မဆို၊ ယာဂုကိုသာ အရင်သောက်၏" ဟုအသပြာ တထောင်ထုပ်ကို ယူစေ၍ သား၏ရှေ့၌ ချပေး၏။ သားကရှက်နိုးသောကြောင့် "အသပြာကို အလိုမရှိပါ" ဟု ပယ်၏။ ဖခင်က အတင်းပေးသော်လည်း မယူဘဲနေလေ၏။

## စကြာဝတေးစည်းစိမ်ထက် မြတ်သော

မြတ်စွာဘုရားသခင်သည် သားအဖတို့ အပြုအမူကို မြင်၍ မေးတော်မူသော် အသပြာ တထောင် လို၍ ကျောင်းတော်သို့ သွားလျှင် ပေးမည်ဟု ပြောဆိုသော ကတိ အကြောင်းကို လျှောက်ထားရာ မြတ်စွာဘုရားသခင်က–

"ဒါယကာ သဌေးကြီး။ ။ယနေ့အသင်၏ သားအား စကြာဝတေး မင်း၏ စည်းစိမ် ချမ်းသာထက်ဂုဏ်း၊ နတ်မင်း

ဗြဟ္မာမင်းတို့၏စည်းစိမ် ချမ်းသာထက် ၎င်း၊ လွန်ကဲထူးမြတ်သော သောတာပတ္တိဖိုလ်သို့ ရောက်အပ်ပေပြီ'' ဟု မိန့်တော်မူပြီး၍-

(၁၇၈) ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ။
သဗ္ဗလောကာ ဓိ ပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။ ။

(၁၇၈) မြေပြင်အလုံး၌ တယောက်ထည်း သောမင်း ဖြစ်သည့်စကြာမင်းဖြစ်ရသည်ထက်၎င်း၊ နတ်ပြည် ဗြဟ္မာ့ပြည်သို့ သွားရောက်ရသည်ထက်၎င်း၊ အလုံးစုံသော လောကကို အစိုးရသည်ထက်၎င်း သောတာပတ္တိဖိုလ်သည် မြင့်မြတ်၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကြကုန်၏။

(ဓမ္မပဒလောကဝဂ် တဆယ့်တစ်ခုမြောက် ကာလသတို့သား ဝတ္ထုပြီး၏။)

**လောကဝဂ်ပြီး၏။**

# ၁၄။ ဗုဒ္ဓဝဂ်

## ဘုရားရှင် တရားစုများ

ဂါထာတော် ၁၆။ ဝတ္ထု ၉။ အတိတ်ဇာတ် ၆-ပုဒ်

# ဗုဒ္ဓဝဂ်ဟွင်

မာဂဏ္ဍိပုဏ္ဏားလင်မယားကို ကယ်ချွတ်တော်မူပုံ၊မာရ်နတ်၏ သမီးများ ဖြားယောင်းပုံတို့ကို ဟောကြားတော်မူခြင်း။

စန္ဒကူးသပိတ်ကို တန်ခိုးဖြင့် ယူသော ရှင်ပိဏ္ဍောလမထေရ်မှစ၍ မြတ်စွာဘုရားသခင်ကိုယ်တိုင် ရေမီးအစုံပြာဋိဟာပြခြင်း၊ တာဝတိံသာတွင် ဝါကပ်တော်မူ၍အဘိဓမ္မာတရားဟောတော်မူခြင်း၊ ရှင်သာရိပုတ္တရာနှင့်အဘိဓမ္မာ ရှေးဦးသင်ရဟန်း ငါးရာ၏ လင်းနို့ဘဝအတိတ်ဇာတ်၊သီတင်းကျွတ်တွင် သင်္ကဿနဂိုရ်ပြည်သို့ကြွဆင်းပုံတို့ကို ကြည်ညိုသဒ္ဓါပွားနိုင်ကြစေရန် အသေးစိတ်ကြိုးစားဖော်ပြထားပါသည်။

ဖတ်ရှုယင်း မြတ်စွာဘုရား၏ ပြာဋိဟာ အထွေထွေကို ပေါ်အောင်ရှု၍ ကုသိုလ်ယူကြပါ။ လူကြီး မိဘ၊ ဘိုးဘွားများကို တဆင့် ဖတ်ကြားပြသ၍ ကုသိုလ်ယူကြပါ။

အာပတ်အပြစ်ကိုသေးငယ်သည်ဟုသဘောထား၍ရေကပတ္တ နဂါးမင်း ဘုရားကို တောင့်တပုံ၊ နဂါးမလေးအမေးသီချင်းနှင့် ဥတ္တရလုလင် အဖြေဂါထာတို့ကို ဖတ်ရှုသူများ ထင်ရှားလွယ်ကူ သိကြစေရန် အကျယ်တဝင့်ဖော်ပြထားပါသည်။

မန္ဓာတုစကြာမင်းကြီး ဇာတ်ကိုလည်း အကျယ်ပင် ဖော်ပြ ထားပါသည်။

အင်္ဂုဒ္ဒတ္ထုပ္ပတ္တိဝတ္ထုတွင် ရှင်မောဂ္ဂလာန်တန်ခိုးတော်ပြပုံနှင့် ဘုရားရှင်ကိုယ်တိုင် ကြွလာ ကယ်ချွတ်တော်မူပုံများ၊ ကဿပ ဘုရားရှင်၏ စေတီတော် စသည်ဖြင့် ဤဗုဒ္ဓဝင်ကို အကျဉ်း မချုံးသည့်ပြင် (သဒ္ဓါကြည်ညိုပွားနိုင်ကြစေရန်) အသေးစိတ် ဖော်ပြရေးသားထားပြီး အဓိပ္ပါယ် မရှင်းလင်းမည်စိုး၍ အချို့ အခန်းများကို အကျယ်ချဲ့၍ ဖော်ပြထားပါသည်။

ဖတ်ရှုယင်း ကြည်ညိုသဒ္ဓါ ပွားနိုင်ကြပါစေ။

# (၁၄) ဗုဒ္ဓဝင်

## ၁။ သွေးဆောင်သူများ

## (မာဂဏ္ဍီနှင့် မာရ်နတ် သမီးများ ဝတ္ထု)

ဘုရားရှင်ကို
အဘယ်အကြောင်းနှင့်မျှ
သွေးဆောင်နိုင်မည်မဟုတ်။

(ယဿဇိတံ)ဟူသော ဒေသနာတော်ကို မြတ်စွာဘုရားသည် ဗောဓိမဏ္ဍိုင်၌ နေတော်မူစဉ် မာရ်နတ်သား၏သမီးသုံးယောက်ဖြစ်သော တဏှာ၊ အရတီ၊ ရာဂါတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။(ဒေသနာသည်ကား သာဝတ္ထိပြည်၌ ဖြစ်၏။)တဖန် ကုရုတိုင်း၌မာဂဏ္ဍီပုဏ္ဏားအား အကြောင်းပြု၍ဟောတော်မူ၏၊

## ဝတ္ထုကြောင်းကား ဤသို့တည်း

ကုရုတိုင်း၌ မာဂဏ္ဍီအမည်ရှိသောပုဏ္ဏား၏သမီးကို မာဂဏ္ဍီဟူ၍ပင် အမည်ပေးကြ၏။ အဖေ မာဂဏ္ဍီ၊ အမေ မာဂဏ္ဍီ၊သမီး မာဂဏ္ဍီ ဟူ၍သာ ခေါ်ကြ၏။ မာဂဏ္ဍီသည် အလွန်လှပချော မွေ့၏။သူမ၏ အချောအလှသတင်းသည် အတိုင်းတိုင်း အပြည်ပြည်၌သို့ပြန့်နှံ့၏။ ထို့ကြောင့်ပင် အနယ်နယ်မှ ခတ္တိယ၊ မဟာသာလမျိုး ဖြစ်ကြသော သဌေး သူကြွယ်များ၏ သားတို့သည် လာရောက်တောင်းရမ်းကြ၏။အဖ မာဂဏ္ဍီပုဏ္ဏားကြီးက "ငါ၏ သမီးနှင့် မထိုက်တန်" ဟု လဲ့သမျှ ပယ်ချသည်။

## ဘုရားသခင် ဉာဏ်တော်တွင်

တနေ့တွင်မြတ်စွာဘုရားသခင်သည် နံနက်မိုးသောက်အခါ၌ လောကသုံးပါးကို ကြည့်တော်မူ၏။ ကိုယ်တော်၏ ဉာဏ်ကွန်ရက်တွင် မာဂဏ္ဍီပုဏ္ဏားကြီးကိုမြင်တော်မူသဖြင့် အကြောင်းအဘယ်သို့ ဖြစ်လတံ့နည်းဟု စူးစမ်းဆင်ခြင်တော်မူသော် ပုဏ္ဏားကြီးနှင့်ပုဏ္ဏေးမတို့သည် မဂ်ဖိုလ်သုံးပါးတို့၏ ပြည့်စုံမည့်အကြောင်းကို မြင်တော်မူ၏။ ထိုပုဏ္ဏားသည် ရွာအပြင်၌ နေ့စဉ် မပြတ်မီးကိုလုပ်ကျွေးလေ့ရှိ၏။

## ခြေတော်ရာ ချတော်မူခြင်း

မြတ်စွာဘုရားသည် စောစောထလျှင် သပိတ် သင်္ကန်းကိုယူ၍ ထိုအရပ်သို့ကြွတော်မူလာ၏။ ပုဏ္ဏားသည် မြတ်စွာဘုရား၏ အဆင်းတော်ကို ကြည့်လေသော် လောက၌ ဤသူနှင့်တူသောယောကျ်ားသည်မရှိ၊ ငါ၏သမီးနှင့် ပေးစားရန် သင့်တော်၏ဟု ကြံစည်၍ မြတ်စွာဘုရားကို....

''အရှင် ရဟန်း။ ။ငါ့တွင်သမီးတယောက်ရှိသည်၊ သမီးနှင့် ထိုက်တန်သောယောကျ်ားကိုမမြင်သဖြင့် ထိုသမီးကို မပေးစားခဲ့၊ သင်သည်ကား ငါ့သမီးနှင့်ထိုက်တန်၏။ ငါသည် သင့်အား သမီးကို ခြေရင်းအလုပ်အကျွေးအဖြစ်ပေးလို၏။ သမီးကို ငါသွား၍ခေါ်ခဲ့အံ့။ ဤနေရာမှ ရပ်၍ စောင့်ပါ''ဟု ဆို၏။

မြတ်စွာဘုရားသည် ပုဏ္ဏား၏စကားကိုကြား၍ ဝမ်းလည်းမသာ၊ စိတ်လည်းမဆိုး၊ ပုဏ္ဏားသည် အိမ်သို့ပြန်၍ ပုဏ္ဏေးမကို ပြောပြီး သမီးကို တန်ဆာများ ဆင်စေ၍ ပုဏ္ဏေးမနှင့် အတူ

ခေါ်၍သွား၏။ လူအပေါင်းတို့သည် အကြောင်းထူး ရှိပြီဟု အုတ်အုတ်ကျက်ကျက် ဖြစ်ကာ ထွက်၍ ကြည့်ကြ၏။

မြတ်စွာဘုရားသည် ပုဏ္ဏားမှာခဲ့သောနေရာ၌ မရပ်မူပဲ ရွှေစက်တော်ရာကိုပြ၍ အခြားတနေရာတွင် ရပ်တော်မူ၏။(မြတ်စွာဘုရားတို့၏ ခြေတော်ရာသည် ဓိဋ္ဌာန်၍နင်းချတော်မူရာ အရပ်၌သာလျှင် ထင်၏)ပုဏ္ဏားသည် ခြေတော်ရာကို မြင်၍ "ဤခြေရာသည် ထိုယောကျ်ား၏ခြေရာပင်တည်း"ဟု ပြ၏။ပုဏ္ဏေးမသည် လက္ခဏာ ကြီးငယ်ကို ကျွမ်းကျင် သဖြင့်....

"ပုဏ္ဏားကြီး။ ။ဤခြေရာသည် ကာမ စည်းစိမ်ကို ခံစားသူ၏ ခြေရာမဟုတ်"ဟု ဆို၏။

"အို....ရှင်မ။ ။ထိုရဟန်းသည် ငါ၏သမီးကို ပေးမည်ဟု ဆိုသောအခါ ဝန်ခံခဲ့သည်။

"အမောင်ပုဏ္ဏား။ ။သင်မည်သို့ပင်ပြောသော်လည်း ဤခြေရာသည် ကိလေသာ ကုန်ခန်းပြီးသောသူ၏ ခြေရာသာ ဖြစ်သည်"ဟူ၍ ပုဏ္ဏေးမသည် ပြောရာမှ ဆက်၍....

"အလိုကြီးသူ၏ခြေရာသည် ဆောင့်ကြောင့် ထိုင်သောသူ၏ ခြေရာကဲ့သို့ ဖနောင့်ရာနက်၍ ဖဝါးရာ တိမ်သည်။

ဒေါသကြီးသောသူ၏ခြေရာသည် ဖနောင့်ရာတိမ်သဖြင့် အလည်ပြတ်၍ ဖဝါးရာ စိုက်သည်။

မောဟကြီးသောသူ၏ ခြေရာသည် နောက်၌ ငင်ဆွဲတတ်သည်။

ဝဋ်ပြတ်ပြီးသောသူ၏ခြေရာသည် ဤခြေရာမျိုးတည်း" ဟု ဆို၏။

ထိုသောအခါ ပုဏ္ဏားကြီးက "ရှင်မ။ ။စကား မရှည်နှင့် တိတ်တိတ်သာ လိုက်ခဲ့"ဟု ဆို၍ မြတ်စွာဘုရားကို ရှာကြရာမှ တွေ့မြင်လေလျှင် "ထိုယောကျ်ားပင်တည်း"ဟု ပုဏ္ဏေးမအား ပြ၍ မြတ်စွာဘုရားထံကပ်ပြီး....

"အရှင် ရဟန်း။ ။သမီးကို သင့်အား ပေးအံ့" ဟူ၍ လှပစွာ တန်ဆာဆင်ထားသော အချောအလှတွင် သတင်းကြီး သည့် သမီး မာဂဏ္ဍီကို မေးအပ်လေသည်။

## သိဒ္ဓတ်နှင့်မာရ်နတ်

ထိုအခါ မြတ်စွာဘုရားသခင်က သင့်သမီးကို အလိုမရှိဟု မိန့်တော်မမူပဲ "ပုဏ္ဏားကြီး။ ။ဟုတ်မှန်သောအကြောင်းကို င ါဆိုမည်၊ သင်နားထောင်မည်လော" ဟု မိန့်တော်မူသော ကြောင့် ပုဏ္ဏားကြီးက "ဟောသာဟောပါ နာပါမည်" ဟု လျှောက်၏။ထိုအခါမြတ်စွာဘုရားသခင်သည် တောထွက်တော် မူသည်မှစ၍ လွန်ခဲ့သောအကြောင်းကို ဆောင်တော်မူ၍ ဤသို့ ဟောတော်မူ၏။

မြတ် စွာ ဘု ရား သည် လွန် ခဲ့ ပြီး သော အ ကြောင်း ကို ဟောတော်မူရာ၌-

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် နန်းစည်းစိမ်ကိုစွန့်၍ ကဏ္ဍကမြင်းကိုစီးပြီး ဆန္နကိုအဖော်ပြုလျက်တောထွက်ယေလျှင် မြို့တံခါး၌မာရ်နတ်သားသည် ရပ်၍-

"ရှင်သိဒ္ဓတ်။ ။ဤနေ့မှစ၍ ခုနစ်ရက်မြောက်လျှင်သင့်ထံ စကြာရတနာ ဆိုက်ရောက်လာလိမ့်မည်၊ သင် တောထွက်ရန် မလို၊ ပြန်လေလော့" ဟုဆို၏။ မင်းသားက-

"အိုမာရ်နတ်။ ။စကြာရတနာ ရောက်မည်ကို ငါသိ၏၊ ငါအလိုမရှိ" ဟု ဆို၏။ မာရ်နတ်က "သင် ဘယ် ကို လို ၍ တောထွက်သနည်း"

"ငါသည် သဗ္ဗညုတဉာဏ်ကိုရလို၍ တောထွက်၏"

"ဤသို့ဆိုလျှင် ယနေ့ကအစပြု၍ ကာမဝိတက် အစရှိသော အကြံတခုခုကိုကြံလျှင် သင်ပြုသောအမှုကို စောင့်၍ကြည့်မည်" ဟုဆို၏၊ ထိုနေ့မှစ၍ ခုနစ်နှစ်လုံးလုံး ဘုရားလောင်းကို စောင့်၍ ကြည့်၏၊ မြတ်စွာဘုရားသည်ခြောက်နှစ်ပတ်လုံး ပြုနိုင်ခဲလှသော ဒုက္ကရစရိယာ ကို ကျင့် ၍ နောက် ဆုံး တွင် ဗောဓိ ပင် ရင်း ၌ သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိမြင်တော်မူပြီး အရဟတ္တဖိုလ်၌ ဖြစ်သောချမ်းသာခြင်းကို ခံစားတော်မူသည့် ပဥ္စမသတ္တာဟ ဖြစ်သော ဆိတ်ကျောင်းညောင်ပင်ရင်း၌ နေတော်မူ၏။

**လမ်းမမှာထိုင်၊ တမှိုင်မှိုင်**

ထိုအချိန်၌ မာရ်နတ်သားသည် ငါကား ဤသူကို ခုနစ်နှစ် ပတ်လုံးနောက်မှ အစဉ်လိုက်၍ ကြည့်ခဲ့သော်လည်း ဤသိဒ္ဓတ် မင်းသားတွင် ချွတ်ယွင်းချက် တစုံတရာမမြင်၊ ယခုမူကား ငါ၏နိုင်ငံကိုလွန်ခဲ့ပြီဟု နှလုံးမသာမယာ ခရီးလမ်းမမှာ ထိုင် လျက် မှိုင်နေလေ၏။ ထိုအခါ မာရ်နတ်သား၏သမီးသုံးယောက် တို့သည် ငါတို့၏အဖေကို မမြင်ရသည်မှာ ကြာပြီဟု လိုက်လံ ရှာဖွေကြရာ၊ ခရီးလမ်းမတွင်င် ထိုင်၍ ငိုင်၍၊ မှိုင်၍နေသော အဖေကိုတွေ့လျှင် -

"ဖခင်။ ။အဘယ်ကြောင့် နှလုံးမသာမှိုင်၍သာ နေပါ သနည်း" ဟု မေးကြ၏။ မာရ်နတ်သားသည် အကြောင်းစုံ ပြန်ပြောသောအခါ -

"ဖခင်။ ။မစိုးရိမ်ပါနှင့်၊ကျွန်မတို့သည်ထိုသိဒ္ဓတ်မင်းသား ဘုရားကိုမြှူဆွယ်၍ခေါ်ခဲ့ပါမည်"ဟု ပြောကြ၏။မာရ်နတ်က-

"သမီးတို့။ ။ဤဘုရားကို တစုံတယောက်သော သူ့ချ အလိုသို့လိုက်စေခြင်းငှာ တတ်နိုင်မည်မဟုတ်"ဟု ဆို၏။

"ဖခင်။ ။ကျွန်မတို့သည် ထိုဘုရားကို ရာဂကျော့ကွင်းဖြင့် ခေါ်ဆောင် ဖမ်းဆီးခဲ့ပါမည်၊ ဖခင်သာ အေးအေး စံနေပါ တော့"ဟု ဆိုကြ၏။

## မူယာမာယာမြှူဆွယ်ကာ

မာရ်နတ်၏ သမီးသုံးယောက်ဖြစ်သော တဏှာ၊ အရတိ၊ ရာဂါတို့သည် မြတ်စွာဘုရားအထံ၌ကပ်၍ ခြေရင်းတွင် အလုပ် အကျွေးပြုပါရစေဟုဆိုကြ၏။မြတ်စွာဘုရားသည်နတ်သမီးတို့၏ စကားကို နှလုံးမသွင်း မျက်စိတို့ကိုပင် ဖွင့်၍မကြည့်။

ထိုအခါ မာရ်နတ်၏သမီးတို့သည် ယောကျ်ားဆိုသည်ကား အမျိုးသမီးဆိုလျှင် ကြီးသူကိုလည်း ကြိုက်တတ်သည်၊ ငယ်သူ ကိုလည်း ကြိုက်တတ်သည်၊ အချို့ယောကျ်ားတို့သည် ပွင့်စရွယ် သတို့သမီးငယ်တို့ကို ကြိုက်တတ်၏၊ အချို့သောယောကျ်ား တို့သည် ပထမအရွယ် ဆယ့်ရှစ်နှစ် နှစ်ဆယ်တို့ကို ကြိုက်တတ် ၏။ အချို့သောယောကျ်ားတို့သည် အသက်အစိတ် သုံးဆယ် မဇ္ဈိမအရွယ်တို့ကိုကြိုက်တတ်၏။ ထို့ကြောင့်အရွယ်အမျိုးမျိုးကို ဖန်ဆင်း၍ ရဟန်းဂေါတမကို ဖျားယောင်းကုန် အံ့ ဟု အကြီး အငယ်၊ အရွယ်၊ အလတ်၊ အလှအပဆုံးသော အသွင်သဏ္ဌာန် တို့ကိုဖန်ဆင်း၍ ခုနစ်ကြိမ် တိုင်တိုင်ပင် ဘုရားထံသို့ကပ်ပြီး ရာဂကျော့ကွင်းဖြင့် ဖမ်းကြ၏။ ထိုအခါ မြတ်စွာဘုရားက မာရ်နတ်၏သမီးတို့အား ဤဂါထာတို့ဖြင့် ဟောတော်မူ၏။

5

(၁၇၉) ယဿ ဇိတံ နာဝဇီယတိ။
ဇိတံယဿ နော ယာတိ ကောစိ လောကေ။
တံဗုဒ္ဓ မနန္တ ဂေါစရံ၊
အပဒံ ကေန ပဒေန နေဿထ။
(၁၈၀) ယဿ ဇာလိနီ ဝိသတ္တိကာ၊
တဏှာ နတ္ထိ ကုဟိဉ္စိ နေတဝေ၊
တံ ဗုဒ္ဓ မနန္တ ဂေါစရံ၊
အပဒံ ကေန ပဒေန နေဿထ။

(၁၇၉) မရှုံးသောအောင်ခြင်းလည်း ရှိထသော၊ မည်သို့မျှ မကြံနိုင်သော အောင်ခြင်းလည်း ရှိထသော၊ အဆုံးမရှိသော သဗ္ဗညုတ ဉာဏ်တော်၏ ကျက်စားရာလည်း ရှိထသော၊ ရာဂစသော ဘဝ၏ ဖြစ်ပေါ်ရာ အကြောင်းလည်း ကင်းမဲ့ထသော မြတ်စွာဘုရားအား အဘယ်အကြောင်းဖြင့် သွေးဆောင်နိုင်ပါအံ့နည်း။

(၁၈၀) တစုံ တခုသော ကိလေသာသို့ ဖျားယောင်းရန် ပိုက်ကွန်ပမာ ငြိကပ်တတ်သော တဏှာသည် မရှိ၊ အပိုင်းအဆုံးမရှိသော သဗ္ဗညုတဉာဏ်၏ ကျက်စားရာလည်း ရှိထသော ရာဂစသော ဘဝ၏ ဖြစ်ပေါ်ရာ အကြောင်းမရှိသော မြတ်စွာဘုရားကို အဘယ်အကြောင်း ဖြင့် သွေးဆောင်နိုင်ပါအံ့နည်း။

ဒေသနာတော်၏အဆုံး၌ နတ်ပေါင်းများစွာ တရားထူးကို ထိုးထွင်းသိကြကုန်၏။ မာရ်နတ်သမီးတို့သည် ထိုနေရာ၌ပင် ကွယ်ပျောက်ကြကုန်၏။ မြတ်စွာဘုရားသည် ဤဒေသနာတော် ကို ဆောင်တော်မူပြီးလျှင်-

"မာဂဏ္ဍီ ပုဏ္ဏား။ ။ငါဘုရားသည် ရှေးအခါ၌ ဤမာရ်နတ်သမီး သုံးယောက်တို့ကို မြင်ခဲ့ရပြီး၊ သလိပ်စသည် တို့ဖြင့် မလိမ်းကျံပဲ ရွှေတုံး ရွှေခဲနှင့် တူသော ခန္ဓာကိုယ် ဖြင့်

ပြည့်စုံကြသော်လည်း၊ မေထုန်မှု၌ ဆန္ဒမဖြစ်ခဲ့၊ သင့်သမီး၏ ခန္ဓာကိုယ်သည်ကား အပုပ်အသိုးဖြင့် အပြည့်ဖြစ်၍ အပြင်အပ၌ အဆန်းတကြယ် ပြုအပ်သော မစင်အိုးသဖွယ်ဖြစ်၏။ ငါဘုရား၏ ခြေတို့တွင်မစင်များပေကျံလာခဲ့သည့်တိုင်အောင်သင့်သမီးသည် တံခါးခုံနေရာ၌ရှိနေသော်လည်း မစင်ဘင်ပုပ်အပြည့်ဖြင့် ပုပ်သိုးနေသည့် ခန္ဓာကိုယ်ရှိသော သင့်သမီး၏ခန္ဓာကိုယ်၌ ငါဘုရားသည် ခြေဖြင့်ပင် မတို့ရာ'' ဟု မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ မာဂဏ္ဍီ ပုဏ္ဏားကြီး သည် ၎င်း၊ ပုဏ္ဏေးမသည်၎င်း၊ အနာဂါမိဖိုလ်၌ တည်ကြကုန်၏။ မာဂဏ္ဍီကား အလှဂုဏ်မောက်ကာ တရားမရရှာပဲ ဘုရားကို ရန်ငြိုးဖွဲ့လေ၏။

(ဓမ္မပဒ။ ။ဗုဒ္ဓဝဂ်၏ ဦးစွာသော မာဂဏ္ဍီဝတ္ထုပြီး၏)

# ၁၄။ ဗုဒ္ဓဝင်

## (၂) နတ်ပြည်မှ ဆင်းသက်ခြင်း
## (ဒေဝေါရောဟဏဝတ္ထု)

သမထဝိပဿနာဈာန်၌ စွဲမြဲစွာလေ့ကျက် အားထုတ်သော ကာမဂုဏ်မှ လွတ်မြောက်မှုကို မွေ့လျော်ကုန်သော
သစ္စာလေးပါးတရားတို့ကို သိမြင်၍၊ အစဉ်အမြဲသတိရှိကုန်သော ထိုပညာရှိတို့အား
နတ်ဗြဟ္မာတို့ပင် ချစ်ခင်မြတ်နိုးကုန်၏။

(ယေ၊ ဈာနပ္ပသုတာ) အစပြုသော ဒေသနာတော်ကို သင်္ကဿမြို့တံခါး၌ များစွာသော နတ်လူတို့ကိုအကြောင်းပြု၍ ဟောတော်မူ၏။ (ဒေသနာတော်သည်ကား ရာဇဂြိုဟ်ပြည်၌ ဖြစ်၏။)

### ဝတ္ထုကြောင်းကား ဤသို့တည်း
### (ပထမပိုင်း)

### (ဗိဏ္ဍောလ ဘာရဒွါဇ)

အရှင် ပိဏ္ဍောလ ဘာရဒွါဇ မထေရ် စန္ဒကူးသပိတ် အတွက် ကျေးခက်ဖျာကိုခြေနှင့်ညှပ်၍ ကောင်းကင်ခရီးမှ ကြွပြီး တိတ္ထိတို့နှင့် တန်ခိုးပြိုင်ခြင်း။ ။

အခါတပါး၌ ရာဇဂြိုဟ်မှ သဌေးတဦးသည် ဂင်္ဂါမြစ်သို့ရေဆင်း၍ကစားရာ ငမန်း၊ မိချောင်းတို့၏ရန်မှငှင်း၊ ဆင်ယင်ထား

သောတန်ဆာတို့ မတော်တဆ ကျွတ်ကျလျှင် ကာကွယ်ရန်ငှင်း၊ သုံးကွန်ခြာပိုက်ယက်၍ ရေတွင်ချခါ အကာအရံပြုထား၏။ ထို အတွင်း သစ်တုံးတခုသည် သောက်ရေအိုးပမာတမျှကြီး၍ ထို ပိုက်ကွန်တွင်လာ၍ ငြိတွယ်နေ၏။ သဌေးသည် ထိုသစ်တုံးကို ယူ၍ ပဲကွပ်တို့ဖြင့် ရွှေစေသောအခါ နီနီရဲသော စန္ဒကူးနီဖြစ် ကြောင်း သိရ၏။

ထိုသဌေးသည် မိစ္ဆာဒိဋ္ဌိလည်း မဟုတ်၊ သမာဒိဋ္ဌိလည်း မဟုတ်၊ ထိုသဌေးက ငါ့တွင် စန္ဒကူးနီ များစွာရှိ၏။ ဤစန္ဒကူး တုံးကို ငါဘာလုပ်ရမည်နည်းဟု ကြံစည်ကြည့်ရာတွင်-

> ငါတို့ရဟန္တာဖြစ်သည်ဟူ၍ ဆိုသောသူတို့သည် ဤ လောက၌ များလှကုန်၏။ ရဟန္တာတပါးမျှကို ငါ မမြင်၊ အိမ်တွင် ပွတ်ခုံကိုတပ်ဆင်ပြီး သပိတ်ကိုပွတ်ခံစေ ၍ အတောင်ခြောက်ဆယ်မြင့်အောင် ဝါးအဆက်ဆက် ဆက်ပြီး ထိုသပိတ်ကို ဆိုင်းဖြင့် ကောင်းကင်၌ဆွဲစေပြီး ရဟန္တာအစစ်ဖြစ်ပါက လာ၍ယူစေသတည်း-ဟု ကြေ ငြာမည်။
>
> အကြင်ရဟန်းသည် ထိုသပိတ်ကိုယူနိုင်ပါက ငါသည် သားမယားနှင့်တကွ ကိုးကွယ်ဆည်းကပ်အံ့။

ဟူ၍ ကြံစည်စဉ်းစား၏။ ဤသို့ စိတ်ကူးအတိုင်းပင် ပြုလုပ်၍ အတောင် ခြောက်ဆယ်မြင့်သော ဝါးတိုင်၌ စန္ဒကူးနီသပိတ်ကို ချိတ်ဆွဲပြီး ကြေငြာ၏။

**တိတ္ထိဆရာတို့ စန္ဒကူးသပိတ် ရအောင် ကြံကြပုံ**

တိတ္ထိဆရာခြောက်ယောက်တို့သည်သဋ္ဌေးထံသွား၍ထိုသပိတ်သည် ငါတို့နှင့်သာ ထိုက်တန်၏။ ငါတို့အားသာလျှင် ပေးလော့ဟု တောင်းကြ၏။ သဋ္ဌေးက အသင်တို့ ရဟန္တာအစစ်ဖြစ်လျှင် ကောင်းကင်ခရီးဖြင့် လာ၍ ယူကြလော့ဟု ဆို၏။

ခြောက်ရက်မြောက်သောနေ့တွင် နာဋပုတ္တ အမည်ရှိသော ကချေသည်မ၏သားဖြစ်သည့် နိဂဏ္ဌာတက္ကတွန်းသည် တပည့်တို့ကို သဋ္ဌေးထံသွားစေ၍ စကားဆိုခိုင်း၏။ ''ဤသပိတ်သည် ငါတို့ဆရာနှင့်သာ ထိုက်တန်၏။ ဤသပိတ်ငယ်မျှသောအကြောင်းဖြင့် ကောင်းကင်မှလာ၍ မယူပါစေနှင့်ဤသပိတ်ကို ငါတို့ဆရာအား လှူလော့''ဟု ပြောစေ၏။ သဋ္ဌေး ကလည်း ကောင်းကင်မှ လာ၍ ယူနိုင်သူသည်သာလျှင် ယူစေသတည်းဟုဆို၏။ နာဋပုတ္တသည် ကိုယ်တိုင် သွားလိုသဖြင့် တပည့်တို့ကို မှာထား၏။

''ငါသည် သဋ္ဌေးထံသို့ သွားအံ့။ ငါက လက်တဖက် ခြေတဖက်ကို ကြွ၍ ကောင်းကင်ကို ပျံတော့မည်ဟု ဟန်လုပ်လျှင် သင်တို့သည် ငါ့ခြေလက်တို့ကို ဆွဲကိုင်၍....

''ရဟန္တာတို့၏ ဂုဏ်ကျေးဇူးကို ဤ သစ်သား သပိတ်တလုံး ကြောင့် လူအများမြင်အောင်မပြသင့်ပါ''ဟု ဆိုကာ ဝိုင်းဝန်း ဆွဲထားကြကုန်လော့ဟု တိုင်ပင် မှာကြားပြီး သဋ္ဌေး၏ အိမ်သို့ သွားကြပြန်၏။

သဋ္ဌေးအား ''သဋ္ဌေးကြီးဤသပိတ်သည် ငါနှင့်သာထိုက်၏။ အခြားသူများနှင့် မထိုက်တန်၊ ဘာမဟုတ်သော ပစ္စည်းတခု ကြောင့် စျာန်ပျံ၍ ယူစေခြင်းကို မနှစ်သက်ပါလင့်၊ ငါ့ကိုသာလျှင် ဤသပိတ်ကို ပေးပါလော့''ဟု ပြော၏။

သဒ္ဒေးကလည်း"အရှင်ဘုရား ကောင်းကင်မှ ပျံတက်၍သာ ယူပါလော့"ဟု လျှောက်၏။

ထိုအခါ နာဋပုတ္တသည် ဤသို့ဆိုလျှင်"ဖယ်ကြကုန်၊ဖယ်ကြကုန်"ဟု ဆိုကာ တပည့်တို့ကို လမ်းဖယ်စေ၍ ကောင်းကင်သို့ ပျံတက်ရန် ခြေတဖက်နှင့် လက်တဖက်ကိုကြွ၍ အားယူလိုက်၏။ တပည့်တို့သည် အပြေးအလွှားလာ၍ နာဋပုတ္တ၏ခြေလက်တို့ကို ဆွဲကြပြီး"ဆရာ အရှင်ဘုရား၊ ဤဘာ်မျှ မဟုတ်သော လူ၏ ဦးခေါင်းခွံနှင့် တူသော သစ်သား သပိတ်တလုံး အကြောင်း ကြောင့် လျှို့ဝှက်အပ်သောရဟန္တာ၏ဂုဏ်ကျေးဇူးကို လူတို့အား ပြသဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု ထိုတက္ကတွန်းကို မြေ၌ လဲကျသည့်တိုင်အောင် ဆွဲကြ၏။

ထိုတက္ကတွန်းသည် သဒ္ဒေးကို"သဒ္ဒေးကြီး ငါ၏တပည့်တို့သည် ပျံတက်ခြင်းငှာ မပေးလို၊ ဤသပိတ်ကို ငါ့အားသာလျှင် ပေးလော့"ဟု ဆို၏။

သဒ္ဒေးကလည်း "ကောင်းကင်မှ ပျံတက်၍သာ ယူပါ"ဟု ဆိုကာ မပေးပဲ နေလေ၏။

တက္ကတွန်းတို့သည် ခြောက်ရက်တိုင် အားထုတ်သော်လည်း မရပဲ ရှိလေ၏။

## အရက်သမားတို့၏စကား

ခုနစ်ရက် မြောက်သော နေ့၌ အရှင် မဟာမောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလဘာရဒွါဇ မထေရ်တို့သည် ရာဇဂြိုဟ် ပြည်သို့ ဆွမ်းခံကြွရန် တခုသော ကျောက်ဖျာ၌ရပ်၍ သင်္ကန်းကိုရုံနေစဉ် အရက်သမားအချင်းချင်း စကားပြောကြသည်ကို ကြားရ၏။

"သူငယ်ချင်းတို့။ ။ရှေးအခါ ကာလက ဂိုဏ်းဆရာကြီး ခြောက်ယောက်တို့သည် ဤလောက၌ ငါတို့သည်သာ ရဟန္တာ ဖြစ်ကုန်၏ဟု ဆိုကြ၏။ ရာဇဂြိုဟ်ပြည်၌ အတောင်ခြောက်ဆယ် မြင့်သော ဝါးတိုင်၏ ထိပ်တွင် သပိတ်ကို ချိတ်ဆွဲ ထားပြီး ဤလောက၌ ရဟန္တာအစစ် ရှိပါက ကောင်းကင်ခရီးဖြင့် လာရောက်၍ယူစေသတည်းဟု ကြွေးကြော်၍ထား၏။ ယနေ့ ခြောက်ရက် ရှိပေပြီ၊ အဘယ်သူ တယောက်မျှ မယူနိုင်သေးချေ။ ဤလောက၌ ရဟန္တာမရှိသည်မှာ ယခုမှပင် ထင်ရှားတော့၏"

ဤသို့ပြောဆိုကြသောစကားကိုကြားလျှင်အရှင်မဟာမောဂ္ဂလာန်က ပိဏ္ဍောလဘာရဒွါဇကို....

"ငါ့ရှင်-ဘာရဒွါဇ၊ သင်သည် ကြား၏ လော၊ ဤသေသောက်ကျူးတို့သည် မြတ်စွာဘုရား၏သာသနာတော်ကိုစုံစမ်းလိုသကဲ့သို့ဆိုကြ၏။ သင်သည် ကြွသွား၍ ကောင်းကင်ခရီးဖြင့် ယူလေလော့"

"ငါ့ရှင် မောဂ္ဂလာန်။ ။သင်သည် တန်ခိုးကြီးသော သူတို့တွင် မြတ်၏။ သင်သာလျှင် ဤသပိတ်ကို ယူပါလော့၊သင်မယူလိုသည်ရှိသော် ငါသွားပါအံ့"ဟု ဆို၏။

"ငါ့ရှင်ယူလော့"ဟု အရှင် မောဂ္ဂလာန်က ဆို၏။

## ကျောက်ဖျာကိုခြေမှာညှပ်၍

အရှင်ဘာရဒွါဇသည် အဘိညာဏ် အခြေဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍ သုံးဂါဝုတ် ရှိသော ကျောက်ဖျာကို ခြေမ ခြေဖျားဖြင့်ညှပ်လျက် ကောင်းကင်ခရီးမှရာဇဂြိုဟ်ပြည်သို့ ကြွသွား၍ရာဇဂြိုဟ်ပြည်၏အထက်မှ ခုနစ်ကြိမ်တိုင်လှည့်လည်၏။

ရာဇဂြိုဟ်ပြည်သည် သုံးဂါဝုတ်မျှ ကျယ်ဝန်းသည် ဖြစ်ရာ ထိုကျောက်ဖျာသည်လည်းသုံးဂါဝုတ်ပင် ရှိသဖြင့်ရာဇဂြိုဟ် တပြည်လုံးကို ဖုံးအုပ်သကဲ့သို့ ထင်ရ၏။ မြို့သူ မြို့သားတို့သည် မိမိ၏အပေါ်သို့ ကျအံ့သကဲ့သို့ ကြောက်လန့်ကြပြီး စဒကာ ဘန်းတို့ကို ဦးခေါင်းထက်မှ အုပ်၍ ပုန်းကြကုန်၏။

ခုနှစ်ကြိမ်မြောက်၌ မထေရ်သည် ကျောက်ဖျာကိုခွဲ၍ကိုယ်ကို ပြ၏။ လူများသည် ပိဏ္ဍောလမထေရ်ကိုမြင်၍ "အရှင်ဘုရား ကျောက်ဖျာကို ခိုင်ခိုင်ဆွဲထားပါ။ ကျွန်ုပ်တို့အားလုံး ပျက်စီးရပါတော့မည်" ဟု ဆိုကြကုန်၏။ အရှင်ပိဏ္ဍောလမထေရ်သည် ကျောက်ဖျာကို ခြေမစွန်းဖြင့် တွန်း၍လွှတ်လေလျှင် ကျောက်ဖျာသည် မိမိနေရာသို့ ပြန်၍တည်၏။

မထေရ်သည် သဌေး၏အိမ်အထက်မှ ရပ်လျက် နေ၏။ သဌေးသည် မြေကြီး၌ ရင်ဖြင့် ဝပ်လျက် မထေရ်ကို ရှိခိုးပြီးသော်-

"အရှင်ဘုရား။ ။ဆင်းတော်မူပါလော့၊ အိမ်တွင်းသို့ ကြွတော်မူပါ" ဟု လျှောက်၏၊ အရှင်မြတ်သည် သဌေးပင့်သည်ကို သည်းခံ၍ ကြွရောက်၏။ သဌေးသည် စန္ဒကူးသပိတ်ကိုချစေ၍ ထောပတ် ဆီ ပျားသကာဟူသော စတုမဓုအရသာဖြင့် အပြည့်မျှလောင်းလှူ၏။ မထေရ်သည် သပိတ်ကိုယူ၍ ကျောင်းသို့ရှေးရှုကြွသွား၏။

## အုတ်အော်သောင်းသောင်း ဖြစ်ခြင်း

ထိုအခါ တောတွင်းသို့ အလုပ်ကိစ္စများဖြင့် ရောက်နေကြသော လူအပေါင်း တို့သည်ပိဏ္ဍောလမထေရ်၏ တန်ခိုးပြာဋိဟာကို မမြင်ကြရကုန်။ သို့ဖြစ်၍ အရှင် နောက်သို့ စုဝေး

လိုက်လာကြပြီး လျှောက်ထားကြသော အသံမှာ အုတ်အော် သောင်းသောင်းမျှညံလေ၏။ မထေရ်သည် ထိုသူတို့အားတန်ခိုး ပြာဋိဟာကို ထပ်မံ၍ ပြတော်မူပြီး ကျောင်းသို့ကြွသွား၏။

**ဘုရားသခင် ကဲ့ရဲ့တော်မူ၍ သိက္ခာပုဒ် ပညတ်တော်မူခြင်း**

မြတ်စွာဘုရားသည် ပိဏ္ဍောလ မထေရ်နောက်သို့ လိုက်၍ နေကြသော ပဲ့တင်ထပ်မျှသော လူများ၏ အသံကိုကြားတော် မူ၏။ အရှင်အာနန္ဒာက အကြောင်းစုံ လျှောက်ထား၍သိတော် မူလျှင် ဘာရဒွါဇ မထေရ်ကို ခေါ်စေ၍ မေးတော်မူရာ ဟုတ် မှန်ကြောင်း လျှောက်ထားလျှင်

"သင်သည် အဘယ်ကြောင့် ဤသို့ပြုရသနည်း"ဟု ကဲ့ရဲ့ တော်မူပြီး ထိုသပိတ်ကို အပိုင်းပိုင်း ခွဲစေ၍ ရဟန်းတို့အား မျက်စဉ်းမှုန့် ကြိတ်စေရန် ပေးဝေစေ၏။

ထို့နောက် တန်ခိုးပြာဋိဟာ ပြတော်မူခြင်းကို ကဲ့ရဲ့တော်မူ ပြီး သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ ထိုအကြောင်းတိတ္ထိတို့ကြား လေလျှင်-

"ရဟန်းဂေါတမ၏ တပည့်သားတို့သည် ပညတ်အပ်သော သိက္ခာပုဒ်ကို အသက်ဟူသော အကြောင်းကြောင့်ပင် မကျူး လွန်ကြကုန်၊ ရဟန်းဂေါတမသည် ထိုသိက္ခာပုဒ်ကို စောင့်မည် သာလျှင်တည်း။ ယခု ငါတို့တွင် အခွင့်ကောင်းရကြပြီ"

ဟုဆိုကာ မြို့လေးမျက်နှာတို့၌ လှည့်လည်ပြီး "ငါတို့သည် မိမိဂုဏ်ကိုငဲ့ပြီး သစ်သားသပိတ်ကို အကြောင်းပြု၍လူအပေါင်း အား တန်ခိုးကိုမပြခဲ့ကြ၊ ရဟန်းဂေါတမ၏ တပည့်တို့သည် သပိတ်ကလေး တလုံးဖြင့် တန်ခိုးကို ပြကြ၏။ ပညာရှိသော ရဟန်းဂေါတမသည် သပိတ်ကိုခွဲစေပြီး သိက္ခာပုဒ်ကို ပညတ်

တော်မူ၏။ ယခု ငါတို့သည် ရဟန်းဂေါတမနှင့် တန်ခိုးပြိုင်ကြကုန်အံ့" ဟု လှည့်လည် ကြွေးကြော်ကြ၏။

## မင်းနှင့် သရက်သီးပမာ

ထိုစကားကို ဗိမ္ဗိသာရမင်း ကြားလေလျှင် မြတ်စွာဘုရားအထံတော်သို့ သွား၍

"အရှင်ဘုရားတို့သည် တန်ခိုးပြာဋိဟာကို မပြရန်သိက္ခာပုဒ်ကို ပညတ်သည်ဟု ကြားရပါသည်၊မှန်ပါသလား"

ဟု မေးလျှောက်၏၊ ဘုရားသခင်က

"မှန်ပေ၏" ဟုမိန့်လျှင်

"တိတ္ထိတို့သည် ယခု အရှင်ဘုရား တို့နှင့် တန်ခိုးပြိုင်ရန် ကြွေးကြော်နေကြပါပြီ၊အဘယ်သို့ပြုမည်နည်း" ဟုလျှောက်၏။

" တကာတော်မင်းမြတ် တိတ္ထိတို့ ပြိုင်လိုက ပြိုင်ပါအံ့" ဟု မိန့်တော်မူလျှင်

"အရှင်ဘုရားတို့ သိက္ခာပုဒ်ကိုပညတ်ပြီးပြီ မဟုတ်ပါလော" ဟု လျှောက်၏။

"မင်းကြီး။ ။ငါသည်ငါ့အတွက် သိက္ခာပုဒ်ကို ပညတ်သည်မဟုတ်၊ ငါ၏တပည့်သာဝကတို့အား သာလျှင်ပညတ်၏။

"အရှင်ဘုရားကို ချန်ထား၍ တပါးသော သူအတွက်သာ သိက္ခာပုဒ်ကို ပညတ်ခြင်းသည် ရှိပါသလော"

"မင်းကြီး သင့်ကို တဖန် ပုစ္ဆာတခု မေးအံ့၊ သင့်နိုင်ငံ၌ မင်းဥယျာဉ်ရှိသည်မဟုတ်လော"

"အရှင်ဘုရား၊ ရှိပါ၏"

"မင်းကြီး။ ။သင်၏မင်းဥယျာဉ်မှ သရက်သီးစသည်တို့ကို အခြားသူများစားလျှင် အဘယ်သို့ ပြုသနည်း"

"အရှင်ဘုရား။ ။မင်းပြစ်မင်းဒဏ် ပေးရပါသည်ဘုရား"

"ဤသို့ဆိုလျှင် သင်ကိုယ်တိုင်အတွက် စား၍ ရပါသလား"

"အရှင်ဘုရား ရပါ၏။ အကျွန်ုပ်သည် အကျွန်ုပ်ပစ္စည်းကို စားခြင်းဖြစ်၍ မင်းဒဏ်မရှိပါ"

"မင်းကြီး။ ။သင်၏ ယူဇနာသုံးရာ ရှိသော နိုင်ငံ၌ အာဏာသည်ဖြစ်သကဲ့သို့၊ မိမိပိုင်ဥယျာဉ်မှ သရက်သီး စသည် တို့ကိုစားသဖြင့် ဒဏ်သည်မရှိသကဲ့သို့၊ သူတပါးတို့အားဒဏ်သည် ရှိသကဲ့သို့ ထို့အတူ စကြာဝဠာ ကုဋေတသိန်း၌ ငါဘုရား၏ အာဏာသည်နှ၍၊ မိမိအား ပညတ်အပ်သော သိက္ခာပုဒ်ကို လွန်ကျူးခြင်းမည်သည် မရှိ၊ သာဝကတို့အားသာရှိ၏၊ ငါ သည် တန်ခိုးပြာဋိဟာကိုဖက်ပြိုင်အံ့" ဟု မိန့်တော်မူ၏။

ဝ် ဝ် ဝ်

## (ဒုတိယပိုင်း)

**သာဝတ္ထိပြည်သို့ကြွ၍၊ သရက်ဖြူ ပင်ရင်း၌ရေအစုံ၊ မီးအစုံ တန်ခိုးပြာဋိဟာတို့ကို ပြတော်မူခြင်း။**

**(ကြည်ညိုသဒ္ဓါ ပွားများ နိုင်စေခြင်းငှါ၊ ဤတန်ခိုး ပြာဋိဟာခန်း၌ အပြည့်အစုံဖော်ပြသွားပါမည်။)**

**ဉာဏ်များလှသည့် တိတ္ထိများ**

မင်းကြီးကမေးလျှောက်၍ မြတ်စွာဘုရားသခင်က ဤနေ့မှ လေးလလွန်၊ သာ ဝါဆိုလပြည့်နေ့၌ သာဝတ္ထိပြည်ကို အမှီပြု၍

တန်ခိုးပြာဋိဟာကို ပြပေအံ့ဟု မိန့်တော်မူ၏။ (ဤသည်ကား အလုံးစုံသော ဘုရားရှင်တို့၏ ယမိုက်ပြာဋိဟာကို ပြတော်မူရာ အရပ်မဖြစ်၏။)

တိတ္ထိတို့သည် လေးလကြာလျှင် သာဝတ္ထိပြည်၌ တန်ခိုးပြာဋိဟာကို ပြလိမ့်မည်၊ ယခုကစ၍ ရဟန်းဂေါတမကိုမျက်ခြေမပြတ်စေပဲ နောက်မှ တကောက်ကောက် လိုက်ကြကုန်အံ့၊ လူအပေါင်းတို့က မြင်၍မေးလျှင် ငါတို့က ရဟန်းဂေါတမကို တန်ခိုးပြိုင်မည်ဟုဆိုခဲ့သဖြင့် ထိုရဟန်းဂေါတမပြေးလေသည်ကို မပြေးနိုင်အောင် နောက်မှ လိုက်နေကြရသည်ဟု ပြောကြရန် တိုင်ပင်ထားကြ၏။

မြတ်စွာဘုရား ဆွမ်းခံကြွရာအရပ်သို့ရင်း၊ ဆွမ်းဘုဉ်းပေးရာအရပ်သို့ရင်း နောက်မှ တကောက်ကောက် သာလျှင် လိုက်ကြကုန်၏။ လူအပေါင်းတို့ကမေးလျှင်အထက်ကတိုင်ပင်ထားသည့်အတိုင်း ဖြေကြားကြ၏။ ရာဇဂြိုဟ်ပြည်မှ လူအပေါင်းတို့သည်လည်း ဘုရားသခင်သာဝတ္ထိပြည်သို့ကြွရာ လမ်းခရီးတလျှောက်သို့ နောက်မှလိုက်ကြ၏။ ထိုလူတို့လိုက်ကြခြင်းသည်ကား တန်ခိုးပြာဋိဟာ ပြတော်မူခြင်းကို ဖူးမြင်ကုန်အံ့ဟု နှလုံးသွင်း၍ လိုက်ကြခြင်း ဖြစ်၏။

မြတ်စွာဘုရားသည် ခရီးအစဉ်ဖြင့်သာဝတ္ထိပြည်သို့ရောက်၏။ တိတ္ထိတို့သည်လည်း ထက်ချပ်မကွာ ရောက်ကြသဖြင့် သာဝတ္ထိမြို့တွင်းသို့ဝင်ပြီး မိမိတို့၏တည့် ဒါယကာများထံ အလှူငွေကောက်ခံပြီး ရရှိသောအလှူငွေများဖြင့် ရှားတိုင်တို့ကို မဏ္ဍပ်ဆောက်၍ ကြာညိုပွင့်တို့ကိုမိုး၍ ဤမဏ္ဍပ်မှ တန်ခိုးပြာဋိဟာကို ပြပေအံ့ဟု နေကြကုန်၏။

ပသေနဒီကောသလမင်းကြီးသည် ဘုရားထံသို့သွား၍ "တိတ္ထိတို့သည် မဏ္ဍပ်ကို ဆောက်နေကြပါပြီ၊ တပည့်တော်တို့သည် အရှင်ဘုရားတို့အတွက် မဏ္ဍပ်ဆောက်ပါမည်" ဟုလျှောက်၏။

မြတ်စွာဘုရားက "တကာတော် ဆောက်ခြင်းငှါ မသင့်၊ ငါဘုရားအတွက် မဏ္ဍပ်ဆောက်မည့် ဒါယကာရှိနေပြီ" ဟု မိန့်တော်မူ၏။

ပသေနဒီကောသလမင်းကြီးက "အရှင်ဘုရားတကာတော်မှ လွဲ၍ အဘယ်သူသည် မဏ္ဍပ်ဆောက်ခြင်းငှာ စွမ်းနိုင်ပါမည်နည်း" ဟု မေးလျှောက်လေလျှင်-

"မြတ်သောမင်းကြီး။ သိကြားမင်း ဆောက်လိမ့်မည်" ဟု မိန့်တော်မူ၏။

**တိတ္ထိတို့က သရက်ပင်များ ဖျက်ဆီးကြခြင်း**

ပသေနဒီ ကောသလမင်းကြီးက အဘယ်အရပ်၌ တန်ခိုးပြာဋိဟာကို ပြပါမည်နည်းဟု လျှောက်၏။ မြတ်စွာဘုရားက "ကဏ္ဍ အမည်ရှိသော သရက်ဖြူပင်ရင်း၌ ယမိုက်ပြာဋိဟာကို ပြုပေအံ့" ဟု မိန့်တော်မူ၏။

သရက်ဖြူပင်ရင်းတွင် တန်ခိုးပြာဋိဟာ ပြုတော်မူမည်တဲ့ဟု တိတ္ထိတို့ကြားတော်မူလျှင် မိမိတို့အလုပ်အကျွေး ဒါယကာတို့ကို အကြောင်းကြား၍ တယူဇနာ အတွင်း၌ရှိသော သရက်ဖြူပင် မှန်သမျှ လိုက်လံခုတ်လှဲစေ၏။ အယုတ်သဖြင့် ထိုနေ့ပေါက်သော သရက်ပင်များကိုပင် နှုတ်စေ၏။

**သရက်ဖြူပင် ပေါ်ထွန်းလာခြင်း**

ဝါဆိုလပြည့်နေ့ ရောက်သောအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည်တွင်းသို့ ကြွဝင်တော်မူ၏။ ကောသလမင်းကြီး၏

ကဏ္ဍ အမည်ရှိသော ဥယျာဉ်မှူးသည် ခါချဉ် ထုပ် အတွင်း၌ သရက်သီးမှည့်ကြီးတလုံးကိုမြင်၍ ထိုသရက်သီး၏ အနံ့ကြောင့် အနီး၌နေကြသောကျီးတို့ကိုပျံပြေးစေ၍ မင်းကြီးကိုဆက်သရန် ယူလာခဲ့၏။

လမ်းခရီးတွင် မြတ်စွာဘုရားကိုမြင်၍ ကြည်ညိုသဒ္ဓါ ပွားမိသည့်အလျောက် ဤသရက်သီးကို မင်းကြီးသို့ ဆက်သလျှင် ငါ့အား အသပြာရှစ်ကျပ်၊ သို့မဟုတ် တဆယ့်ခြောက်ကျပ်ပေးမည်။ ဤမျှသောငွေသည် ငါ့အတွက် အဘယ်မျှ အကျိုးရှိမည်နည်း။ ဤသရက်သီးကို မြတ်စွာဘုရားအားလှူရလျှင် ဖြစ်လေရာရာ ဘဝသံသရာ အဆက်ဆက်ပင် မချို့ကေန် အစီးအပွားကို ရှက်ဆောင်နိုင်သည် ဖြစ်လတံ့ဟုစဉ်းစား၍ ထိုသရက်သီးမှည့်ကို မြတ်စွာဘုရားအား ကပ်၏။

မြတ်စွာဘုရားသခင်သည် အရှင်အာနန္ဒာမထေရ်ကို ကြည့်တော်မူသောအခါ အရှင်အာနန္ဒာမထေရ်သည် စတုမဟာရာဇ်နတ်မင်းကြီးလေးယောက် လှူအပ်သော ကျောက်သပိတ်ကို သပိတ်အိပ်မှထုတ်၍ လက်တော်သို့ကပ်၏။ မြတ်စွာဘုရားသည် သပိတ်ကိုစောင်း၍ သရက်သီးကိုခံယူ၍ ထိုအရပ်၌ပင် နေတော်မူလိုသော အချင်းအရာကိုပြ၏။ အရှင်အာနန္ဒာ မထေရ်သည် သင်္ကန်းကိုခင်း၍ပေး၏။ ထိုအခါ၌ထိုခင်းထားသော သင်္ကန်းနေရာတွင် ထိုင်နေတော်မူ၏။

အရှင်အာနန္ဒာ မထေရ်သည် ရေကို စစ်၍ သရက်သီးမှည့်ကို နယ်၍ အဖျော်ကိုပြု၍ ကပ်၏။ မြတ်စွာဘုရားသည် သရက်သီးဖျော်ရည်ကို သုံးဆောင်တော်မူပြီးဥယျာဉ်မှူး ကဏ္ဍအား"ဤ

ဘုရားသခင်သည် သရက်စေ့၏ အထက်၌ လက်ကိုဆေးတော်မူ၏။ ဆေးတော်မူ ကာမျှပင်လျှင် ထွန်တုံး မျှလောက် အညှောင့်ပင်စည်ရှိ၍ အဖြောင့်အားဖြင့် အတောင် ငါးဆယ် ရှိသော သရက်ပင်သည် ပေါက်၍ လာ၏။ အရပ်လေးမျက်နှာ တို့၌အကိုင်းတကိုင်းစီ ဖြစ်၏၊ အထက်သို့ မတ်မတ်တက်သည် ကား အကိုင်း တကိုင်းဖြစ်၏။ ဤသို့ ခက်မကြီး ငါးခုတို့သည် အတောင်ငါးဆယ်စီ ရှိကြကုန်၏။ ထို သရက်ပင်သည် ထိုခဏ၌ ပင်လျှင် အပွင့်အသီးတို့ဖြင့် ဖုံးလွှမ်းကြကုန်၏။ တခုတခုသော အရပ်၌ သရက်သီးမှည့် အခိုင်တို့သည် ဖြစ်ကြ၏။ ရဟန်းတို့သည် သရက်သီးတို့ကို ဘုန်းပေးကြကုန်၏။ ကောသလ မင်းကြီးလည်းသရက်ဖြူပင် ပေါက်သည့် သတင်းကို ကြားလေလျှင် "ထိုသရက်ပင်ကို တစုံတယောက်မျှ မခုတ်ဖြတ်စေရ" ဟုအမိန့်ထုတ်၏။ ထိုသရက်ပင်သည်ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့်စိုက်သဖြင့် ကဏ္ဍ သရက်ပင် ဟူ၍ ထင်ရှား၏။
သရက်စေ့ကို ဤအရပ်၌ပင်လျှင် စိုက်လော့" ဟုမိန့်တော်မူ၏။ ကဏ္ဍသည် မြေကိုယက်၍ သရက်စေ့ကိုစိုက်၏။

## တိတ္ထိတို့ ပြေးကြရခြင်း

သေသောက်ကျူးတို့သည် သရက်သီးမှည့်တို့ကိုစား၍ တိတ္ထိတို့အား သင်တို့သည် ဂေါတမဘုရားက သရက်ပင်ရင်း၌ တန်ခိုးပြာဋိဟာပြမည်ဆို၍ သရက်ပင်တို့ကိုဖျက်ဆီးကြ၏။ ဤသရက်ပင်သည် ကဏ္ဍသရက်ပင် အမည်ရှိ၏ဆိုကာ သရက်စေ့တို့ဖြင့် ပစ်ကုန်၏။

သိကြားမင်းသည် လေနတ်သားအား တိတ္တိတို့၏ မဏ္ဍပ်ကို လေတိုက်၍ဖျက်ဆီးစေ၏။ နေနတ်သားအားလည်း နေအဝန်းကို အောက်သို့ဆွဲငင်ပြီး တိတ္တိတို့အားပူစေလော့ဟု အမိန့်ပေး၏။ လေနတ်သားကိုမူ လေပွေကိုထစေတော့ဟုအမိန့်ပေး၏။

နေမင်း၏အပူရှိန်ကြောင့် ချွေးတို့ဖြင့် စိုရွှဲနေသော ကိုယ်၌ လေနတ်သားက ဖုန်မှုန့်တို့ကိုလေပွေထ၍ ပက်ဖျန်းလိုက်သဖြင့် ချွေးစိုရွှဲသောကိုယ်၌ မြူမှုံအလိမ်းလိမ်းဖြင့် တိတ္တိတို့သည် တောင်ပို့များပမာ ဖြစ်ကြကုန်၏။

သိကြားမင်းသည် မိုးနတ်သားကို မိုးရွာချစေသောအခါ မြူအလိမ်းလိမ်း၊ ဖုံအလိမ်းလိမ်း တင်နေသော တိတ္တိတို့သည် နွားပြောက်၊ နွားကျားများနှင့် တူနေကြ၏။

ထိုတိတ္ထိတက္ကတွန်းတို့သည် ရှက်လှသဖြင့် ခြေဦးတည့်ရာ အရပ်သို့သာ ပြေးကြကုန်၏။ ဤသို့ပြေးရင်း ပူရဏကဿပ၏ တပည့်လယ်ထွန်သမားတယောက်သည် ပူရဏကဿပအတွက် ယာဂုအိုးကိုယူ၍ လယ်ထွန်ရာမှ ပြန်လာသဖြင့် နွားချည်ကြိုး တချောင်းဖြင့်လာလေလျှင် ပူရဏကဿပသည် အိုးကိုရင်း၊ ကြိုးကိုရင်း တောင်းယူ၍မြစ်နားသို့သွား၍အိုးကိုကြိုးဖြင့်ချည်ပြီး ကြိုးကို မိမိလည်ပင်း၌ချည်နှောင်ကာ ရေထဲသို့ခုန်ချသေဆုံးကာ အဝီစိသို့ ရောက်လေ၏။

ၒ ၒ ၒ

# (တတိယပိုင်း)

## သာဝကတို့က ပြာဋိဟာပြခွင့်ပြုရန် လျှောက်ထားခြင်းများ

မြတ်စွာဘုရားသည် ကောင်းကင်၌ ရတနာစင်္ကြံကို ဖန်ဆင်း၏။ ထိုရတနာစင်္ကြံ၏ တခုသော အစွန်းသည် အရှေ့စကြာဝဠာ အနားရေးသို့ ဆိုက်၏။ တခုသော အစွန်းသည် အနောက်စကြာဝဠာ အနားရေးသို့ဆိုက်၏။

ယမိုက်ပြာဋိဟာကို ဖူးမြော်ရန် ရောက်လာကြသော ပရိသတ်သည် သုံးဆယ့်ခြောက်ယူဇနာအတိုင်းရှည်၏။

မွန်းယိမ်းလပ်သော် မြတ်စွာဘုရားသခင်သည် ယခုအခါ၌ တန်ခိုးပြာဋိဟာကို ပြတော်မူအံ့သော အခါတည်းဟု ဂန္ဓကုဋိတိုက်မှထွက်၍ ကျောင်းဦး၌ ရပ်တော်မူ၏။

## ဃရဏီ အနာဂါမ်ဥပါသိကာမ လျှောက်ထားပုံ

ထိုအခါတွင် ဃရဏီ အမည်ရှိသော တန်ခိုးအာနုဘော်ကြီးသော အနာဂါမ် တဦး ဖြစ်သော ဥပါသိကာ မသည် မြတ်စွာဘုရားထံချဉ်းကပ်၍—

"အရှင်ဘုရား။ တပည့်တော်မကဲ့သို့ သမီးကောင်းရတနာ ရှိပါလျက်၊ အရှင်မြတ်သည် ပင်ပန်းခြင်းကိုစွ မရှိသင့်ပါ၊ တပည့်တော်မသည် တန်ခိုးပြာဋိဟာကိုပြပါအံ့" ဟုလျှောက်၏။ ထိုအခါ မြတ်စွာဘုရားက "ဃရဏီ။ သင်သည် အဘယ်သို့ ပြာဋိဟာကို ပြမည်နည်း" ဟု မေးတော်မူ၏။

"အရှင်ဘုရား။ ။တခုသော စကြာဝဠာတိုက်မြေပြင်ကို ရေဖြင့်ပြည့်စေ၍ ရေကြက်မငယ်ကဲ့သို့ အနောက် စကြာဝဠာမှ ငုတ်၍ အရှေ့စကြာဝဠာ အနားရေး၌ ကိုယ်ကို ဖော်ပြပါအံ့၊ အရှေ့စကြာဝဠာမှငုတ်၍၊ အနောက်စကြာဝဠာအနားရေးထိ၊ တောင်စကြာဝဠာမှငုတ်၍ မြောက်စကြာဝဠာ အနားရေးထိ၊ မြောက် စကြာဝဠာမှငုတ်၍၊ တောင် စကြာဝဠာ အနားရေး၌ ပေါ်ပါအံ့၊ ထို့အတူ အရှေ့၊ အနောက်၊ တောင်၊ မြောက် အနားရေးမှငုတ်၍ အလယ်၌ပေါ်ပါအံ့၊ ဤအခါ ဤသူကား မည်သူနည်းဟုမေးကြသည်ရှိသော် ဤရေကြက်မကား ဃရဏီ အမည်ရှိဟု သိကြရလျှင် ဘုရားရှင်၏တပည့် ဤဥပသကာမ၏ တန်ခိုးသည်ဤမျှလောက်ဖြစ်တုံသေး၏။ ဗုဒ္ဓဘုရား၏အာနုဘော်တော်သည်ကား အဘယ်သို့ဆိုဘွယ်ရာရှိအံ့နည်းဟု တိတ္ထိတို့သည် ပြေးကြလေကုန်ပါအံ့" ဟုလျှောက်၏။

ထိုအခါ မြတ်စွာဘုရားက–

"ဃရဏီ။ ။သင်ဤသို့ပြုနိုင်သည်ကို ငါဘုရား သိတော်မူ၏။ သို့သော် ပရိသတ်အလည်၌ သင့်ကို ငါဘုရားခွင့်ပြုတော် မမူ။

ဃရဏီ ဥပါသိကာမသည် "ဘုရားသခင် ခွင့်ပြုတော်မမူသည်မှာ ငါ့ထက် တန်ခိုးပြာဋိဟာကိုပြစွမ်းနိုင်သောတပါးသော ပုဂ္ဂိုလ်ရှိ၏" ဟု စဉ်းစားလျက် သင့်တင့် လျှောက်ပတ်သော အရပ်၌နေ၏။

## ထင်ရှားတော်မူစေရန်

မြတ်စွာဘုရားသည် သုံးဆယ့်ခြောက်ယူဇနာ အတိုင်းအရှည်ရှိသော ပရိသတ်၏အလယ်၌ ဃရဏီနည်းတူစွာ အခြားသော

ပုဂ္ဂိုလ်တို့အားလည်း ခြင်္သေ့မင်းအသံနှင့်တူသော မကြောက်မရွံ့ရဲရင့်သောအသံဖြင့် ကျူးရင့်စေခြင်းဖြင့် ထိုသူတို့၏ ဂုဏ်ကို ထင်ရှားခြင်းဖြစ်လတ္တံ့ဟု ဆင်ခြင်အောက်မေ့တော်မူသည်ဖြစ်၍ တပါးသောသူတို့ကိုလည်း မေးတော်မူ၏။

"သင်တို့သည်တန်ခိုးပြာဋိဟာကို အဘယ်သို့ပြုကုန်အံ့နည်း" ဟု မေးတော်မူ၏။ထိုသူတို့သည် အရှင်ဘုရား၊ ဤသို့ ဤသို့လျှင် ပြုပါကုန်အံ့ဟု ဘုရားသခင် ရှေ့တော်မှလျှင် ခြင်္သေ့မင်းနှင့် တူသောအသံဖြင့် လျှောက်ကြား၏။

**စူဠအနာထပိဏ် အနာဂါမ်ပုဂ္ဂိုလ် လျှောက်ကြားပုံ**

လူအပေါင်းတို့တွင် စူဠအနာထပိဏ် သဌေးသည် ငါကဲ့သို့ သဘောရှိကုန်သော အနာဂါမ် ဒါယကာ ဖြစ်ကုန်သော သားကောင်းရတနာတို့ ထင်ရှားရှိပါလျက် ဘုရားသခင်၏ ပင်ပန်းခြင်းကိစ္စသည် မရှိသင့်ပေဟု စဉ်းစားမိသဖြင့်–

"အရှင်မြတ်ဘုရား။ ။တပည့်တော်သည်တန်ခိုးပြာဋိဟာကို ပြုပါအံ့" ဟု လျှောက်၏။

ဘုရားသခင်က "အဘယ်သို့ပြုအံ့နည်း"ဟု မေးတော်မူ၏။

"အရှင်မြတ်ဘုရား။ ။တပည့်တော်သည် တဆယ့်နှစ်ယူဇနာ ရှိသော ဗြဟ္မာမင်း တို့၏ ကိုယ်ကို ဖန်ဆင်း၍ ဤပရိသတ်၏အလယ်၌ မိုးချုန်းသံကြီးနှင့် တူသော အသံဖြင့် ဗြဟ္မာမင်း၏ လက်ပန်းပေါက်ခတ်ခြင်းကဲ့သို့ လက်ပန်းပေါက်ခတ်ပါမည်။

လူအပေါင်းတို့က ဤအသံသည် အဘယ်အသံနည်းဟု မေးသည်ရှိသော် စူဠအနာထပိဏ်သဌေး၏ဗြဟ္မာမင်း လက်ပန်းပေါက်သံ ဖြစ်သည်ဟု ဆိုကြလျှင် တိတ္ထိတို့သည် သူကြွယ်၏

အာနုဘော်သည် ထိုမျှလောက်ဖြစ်လျှင် ဗုဒ္ဓဘုရား၏ အာနုဘော်သည် အဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်းဟု အရှင်ဘုရားတို့ကို မျက်နှာမဆိုင်ရဲဘဲ ပြေးကုန်လတ္တံ့။

ဤသို့ လျှောက်ကြားသည်ရှိသော် မြတ်စွာဘုရားက သင်၏ အာနုဘော်ကို ငါဘုရားသိ၏။ သို့သော်တန်ခိုးပြာဋိဟာ ပြခြင်းကို ခွင့်ပြုတော်မမူချေ။

## ခုနစ်နှစ်အရွယ် စီရသာမဏေမ လျှောက်ကြားပုံ

ထို့နောက်တွင် ပဋိသမ္ဘိဒါသို့ရောက်သော ခုနစ်နှစ်အရွယ်ရှိ စီရသာမဏေမ သည် မြတ်စွာဘုရားကို မှခိုး၍–

"အရှင်မြတ်ဘုရား။ ။တပည့်တော်မ သည် တန်ခိုး ပြာဋိဟာကို ပြုပါအံ့" ဟု လျှောက်၏။ ဘုရားသခင်က "အဘယ်သို့ပြုအံ့နည်း" ဟု မေးတော်မူ၏။

"အရှင်မြတ်ဘုရား။ ။မြင့်မိုရ်တောင်ကိုရင်း၊ စကြာဝဠာတောင်ကိုရင်း၊ ဟိမဝန္တာကိုရင်း၊ ဤအရပ်သို့ ယူဆောင်ပြီး အစဉ်အတိုင်းထား၍တပည့်တော်မသည် ဟင်္သာမကဲ့သို့ထိုအရပ်မှ ထွက်၍ ပျံသွားပါအံ့။

လူအပေါင်းတို့သည် တပည့်တော်မကိုမြင်၍ ဤသူကား အဘယ်သူနည်းဟုမေးလျှင် စီရအမည်ရှိသော သာမဏေမတည်း ဟု ပြောကြလတ္တံ့၊ ထိုအခါတိတ္ထိတို့သည် ခုနစ်နစ်မျှသာရှိသော သာမဏေမလေး၏ အာနုဘော်သည် ထိုမျှရှိလျှင် ဗုဒ္ဓ ရှင်တော်ဘုရား၏ အာနုဘော်သည် အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်းဟု အရှင်ဘုရားတို့ကို မျက်နှာမဆိုင်ရဲဘဲ ပြေးကုန်လတ္တံ့။

ဤသို့ လျှောက်ကြားသည် ရှိသော် မြတ်စွာဘုရားသည် သင်၏ အာနုဘော်ကို ငါသိ၏ ဟု မိန့်တော်မူပြီး တန်ခိုး ပြာဋိဟာပြခြင်းကို ခွင့်ပြုတော်မမူချေ။

## ခုနှစ်နှစ်ရွယ် စုန္ဒသာမဏေလျှောက်ကြားပုံ

ထိုနောက်တွင် ပဋိသံမ္ဘိဒါသို့ ရောက်သော၊ အာသဝေါကုန် ပြီးသော ခုနစ်နှစ်သာရှိသော စုန္ဒသာမဏေသည်မြတ်စွာဘုရားကို ရှိခိုး၍-

"အရှင်မြတ်ဘုရား။ ။တပည့် တော် သည့် တန်ခိုး ပြာဋိဟာကိုပြုပါအံ့ ဟု လျှောက်၏။ ဘုရားသခင်က အဘယ်သို့ ပြုအံ့နည်း" ဟု မေးတော်မူ၏။

"အရှင်မြတ်ဘုရား။ ။တပည့် တော် သည် ဇမ္ဗူ ဒီပါ ကျွန်း၏ တံခွန်သဖွယ် ဖြစ်သော ဇမ္ဗူ သပြေပင်ကြီးကို ပုခုံး၌ ထမ်း၍ ဇမ္ဗူသပြေသီးတို့ကိုလှုပ်ချွေ၍ ဤပရိသတ် အပေါင်းကို စားပါစေအံ့၊ ပင်လယ်ကသစ်ပွင့်တို့ကိုလည်းယူဆောင်၍ အရှင် ဘုရားတို့ကို ပူဇော်ပါကုန်အံ့" ဟု လျှောက်၏။

ဤသို့ လျှောက်ကြားသည် ရှိသော် မြတ်စွာဘုရားသခင်က သင်၏အာနုဘော်ကို ငါဘုရားသိ၏ဟု မိန့်တော်မူပြီး တန်ခိုး ပြာဋိဟာကို ခွင့်ပြုတော်မမူချေ။

## ဥပ္ပလဝဏ္ဏာထေရ်ရီမ လျှောက်ကြားပုံ

ထိုနောက်တွင် ဥပ္ပလဝဏ္ဏာ အမည်ရှိသော ထေရ်ရီမသည် မြတ်စွာဘုရားကို ရှိခိုး၍ "အရှင်မြတ်ဘုရား။ ။တပည့်တော်မ သည်တန်ခိုးပြာဋိဟာကို ပြုပါအံ့ဟု လျှောက်၏။ ဘုရား သခင်က အဘယ်သို့ပြုအံ့နည်း" ဟု မေးတော်မူ၏။

"အရှင်မြတ်ဘုရား။ ။တပည့်တော်မသည် တဆယ့်နှစ်ယူဇနာရှိသောပရိသတ်ကိုလှည့်လည်လျက် သုံးဆယ့်ခြောက်ယူဇနာ အတိုင်းအရှည်ရှိသော ပရိသတ်၌ ခြံရံလျက် စကြာဝတေးမင်းအဖြစ်နှင့်လာ၍ အရှင်ဘုရားတို့ကို ရှိခိုးပါအံ့"

ဤသို့လျှောက်ကြားသည်ရှိသော် မြတ်စွာဘုရားက သင်၏အာနုဘော်ကိုသိ၏ ဟု မိန့်တော်မူပြီးတန်ခိုးပြာဋိဟာပြခြင်းကို ပယ်တော်မူ၏။

## အရှင်မောဂ္ဂလာန် လျှောက်ကြားပုံ

ထိုနောက်တွင် အရှင်မောဂ္ဂလာန် မထေရ်သည် မြတ်စွာဘုရားကိုရှိခိုး၍ "အရှင်မြတ်ဘုရား။ ။တပည့်တော်သည် တန်ခိုးပြာဋိဟာကို ပြုပါအံ့ဟု လျှောက်၏။ ဘုရားသခင်က အဘယ်သို့ ပြုအံ့နည်း"ဟု မေးတော်မူ၏။

"အရှင်မြတ်ဘုရား။ ။တပည့်တော်သည် မြင့်မိုရ်တောင်မင်းကို သွားကြား၌ထား၍ ပဲနောက်စေ့ မုန်ညှင်းစေ့ ကဲ့သို့ ကိုက်ဝါးပါအံ့ဟု" လျှောက်၏။

"အခြားတပါးကို အဘယ်သို့ပြုအံ့နည်း" ဟု မေးတော်မူပြန်၏။

"ဤမြေကြီးကို သင်ဖြူးကဲ့သို့လိပ်၍ လက်ချောင်းကြား၌ ထားပါအံ့"

"ထိုမှတပါး အဘယ်သို့ပြုအံ့နည်း"ဟု မေးတော်မူပြန်၏။

"မဟာပထဝီမြေကြီးကို အိုးထိန်းစက်ကဲ့သို့လှန်၍ မြေဆီဩဇာကို လူအပေါင်းအား စားစေအံ့"ဟု လျှောက်၏။

"အခြားတပါးကို အဘယ်သို့ပြုအံ့နည်း" ဟု မေးတော်မူပြန်၏။

"လက်ဝဲလက်ကို မြေပြင်ကဲ့သို့ပြု၍ ဤလူတို့ကို လကျာလက်ဖြင့် ဆွဲငင်၍ တပါးသော ကျွန်း၌ကဲ့သို့ ထားပါအံ့"ဟု လျှောက်၏။

"တပါးသောပြာဋိဟာကို အဘယ်သို့ပြုအံ့နည်း" ဟု မေးတော်မူပြန်၏။

"မြင့်မိုရ်တောင်ကို ထီးရိုးပြု၍ မဟာပထဝီ မြေပြင်ကြီးကို ထိုထီးရိုး၏အထက်၌ တင်ထား၍ ထီးလက်စွဲသော ရဟန်းကဲ့သို့ လက်တဖက်ဖြင့်ကိုင်စွဲ၍ ကောင်းကင်၌ စင်္ကြံသွားပါအံ့" ဟု လျှောက်၏။

မြတ်စွာဘုရားက "သင်၏အာနုဘော်ကို ငါသိ၏" ဟု မိန့်တော်မူပြီး ထိုရှင်မောဂ္ဂလာန်ကိုလည်း တန်ခိုးပြာဋိဟာပြခြင်းကို ခွင့်မပေးချေ။

ရှင်မောဂ္ဂလာန်က မြတ်စွာဘုရားသည် ငါ့ထက်လွန်ကဲစွာ တန်ခိုးပြာဋိဟာပြနိုင်သူကို သိတော်မူသည်ဖြစ်လိမ့်မည်ဟု သင့်တင့်လျှောက်ပတ်သောအရပ်၌ နေလေ၏။

ထို့နောက် ရှင်မောဂ္ဂလာန်ကို

"ချစ်သား မောဂ္ဂလာန်။ ။ငါဘုရား ရွက်ဆောင်ရမည့် ဝန်ကို သူတပါးသည် ရွက်ဆောင်နိုင်မည်မဟုတ်ချေ။ ဤသို့ ဘုရားဖြစ်တော်မူသည့်အတွက် ငါဘုရားရွက်ဆောင်ရမည့်ဝန်ကို အခြားမည်သူမျှ ရွက်ဆောင်နိုင်ခြင်းမရှိသည်အဖြစ်ကား အကြီးအကျယ် ချီးမွမ်းအံ့ဩဘွယ် မဟုတ်သေး၊ အဖိတ်တိရစ္ဆာန်ဖြစ်သောအခါ၌သည်း ငါ၏ ရွက်ဆောင်ဖွယ်ရာ ဝန်ကို ရွက်ဆောင်နိုင်သည့် အခြားတပါး မရှိဘူးသည်သာလျှင်တည်း" ဟု မိန့်တော်မူ၏။ "အရှင်မြတ်ဘုရား အဘယ်အခါ၌ပါနည်း" ဟု

မထေရ်က မေးလျှောက် အပ်သည် ရှိသော် အတိတ် ဇာတ်ကို ဟောတော်မူ၏။

## အဖွားအိုနှင့် ဘုရားလောင်းနွားငယ် အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ဘုရားအလောင်းတော်သည် နွားအမျိုး၌ ဖြစ်၏။ ထိုနွားရှင်တို့သည် အဖွားအိုတယောက်၏ အိမ်တွင် ငယ်စဉ်ကပင် မှီခိုနေထိုင်ကြရသဖြင့် ထိုနွားငယ်ကို အဖွားအိုအား ပေးကြ၏။

အဖွားအိုသည် ဘုရားလောင်းနွားငယ်ကို သားကဲ့သို့ချစ်၍ ကောင်းစွာ ကျွေးမွေး ထား၏။ မည်းနက်သော မျက်စဉ်းညိုအဆင်းရှိသောကြောင့် (အယျိကကာလက) ဟူသော အမည်ဖြင့် ထင်ရှား၏။ ဘုရားလောင်းနွားသည် တဖြေးဖြေးကြီးမြင့်အရွယ်ရောက်လေလျှင် ရွာ၌ရှိသော နွားတို့နှင့်အတူတကွ လှည့်လည် စားသောက်၏။ သဘောကောင်း၏၊ သည်းခံ၏၊ ရွာမှ ကလေးငယ်တို့သည် ဦးချိုတို့၊ လည်ပင်းတို့ကိုခို၍ စီးကြ၏။ အမြီးစ၌ကိုင်ဆွဲ၍ ကစားကြကုန်၏။ ကျောက်ကုန်းထက်၌လည်း တက်စီးကြကုန်၏။

ထိုဘုရားလောင်းနွားသည် ငါ၏အမေမှာ ဆင်းရဲလှ၏။ ငါ့ကို သားအဖြစ် မငြီးမငြူကျွေးမွေးပေ၏။ ငါသည် အမေအိုကို အလုပ်လုပ်၍ ကျွေးရလျှင် ကောင်းလေစွဟု ကြံ၍ နွားတို့၏ ရတတ်သောအခကို သွားယင်းလာယင်း စုံစမ်းလျက်ရှိ၏။

တနေ့တွင် လှည်းကုန်သည်၏သားသည် လှည်းငါးရာတို့ဖြင့် ကုန်များကိုတင်ယင်း မညီမညွတ် နက်ရှိုင်းသော ဆိပ်ကမ်းသို့ ရောက်၏။ လှည်းကုန်သည်၏နွားတို့သည် မြင့်မားသောဆိပ်ကမ်း ပေါ်သို့ မတက်နိုင်ကြ၊ လှည်းငါးရာမှ နွားတို့ကို ထမ်းပိုး အဆင့်ဆင့်ဖြင့် ထ၍ ဆွဲစေသော်လည်း မတက်နိုင်ကြကုန်၊ ဘုရားလောင်းနွားသည်အခြားသောနွားတို့နှင့်အတူကမ်းနားသို့ရောက်လာ၏။ လှည်းကုန်သည်၏သားသည် နွားတို့၏လက္ခဏာကျမ်းကို တတ်၏။ ထိုနွားအုပ်ထဲမှ နွားဥသဖ အာဇာနည်ကို ရှာဖွေပြီးလျှင် ဤအာဇာနည်နွားသည် ငါ၏လှည်းတို့ကို ကုန်းပေါ်သို့ ရောက်အောင် စွမ်းဆောင် နိုင်ပေလိမ့်မည်၊ နွားရှင် ဘယ်မှာ ရှိသနည်း ဟု သူငယ်တို့အား မေး၏။ သူငယ်တို့က နွားရှင် ဤအရပ်မှာ မရှိ၊ ယူ၍ ခိုင်းနိုင်ပါသည်ဟု ပြောကြလျှင် ဘုရားလောင်း နွားကို နှာဖားကြိုးထိုး၍ ဆွဲသည်။ ဘုရားလောင်းသည် အဖိုးအခကို ပြောမှ လိုက်မည်ဟု ကြံ၍ မလိုက်ပဲ နေ၏။ နှာဖားကြိုးကိုဆွဲသော်လည်း လှုပ်ရှားလာအောင်ပင် မတတ်နိုင်ကြပေ။

လှည်းကုန်သည်၏ သားသည် ဘုရားအလောင်း၏ အလိုကို သိ၍ "အသင်သည်လှည်းငါးရာတို့ကိုကုန်းပေါ်သို့ရောက်အောင် ဆွဲဆောင်ပေးလျှင် လှည်းတစီးကို နှစ်သပြာ ကျစီ အခထား၍ အသပြာ တထောင် ပေးပါမည်ဟု ပြော၏။ ထိုအခါမှ ဘုရားလောင်းနွားသည် အလိုလို လိုက်သွား၍ လှည်းတို့ကိုကုန်းပေါ်၌ တင်ပေး၏။ လှည်းငါးရာကို တပင်တပန်း တင်ပေး ပြီးသော အခါ လှည်းကုန်သည်၏သားသည် လှည်းတစီးလျှင် တစ်သပြာ ကျဖြင့် လှည်းငါးရာအတွက် အသပြာ ငါးရာကို လည်ပင်း၌ ချည်၍ ပေး၏။ ဘုရားလောင်းသည် ဤ သူကား သတ်မှတ်

ထားသော အဖိုးအခကို မပေးဟု လှည်းတို့၏ရှေ့မှလမ်းမခရီးကို ဖီလာ ကန့်လန့်ရပ်နေ၏။ ဘုရားလောင်း နွားကို ဖယ်သွားရန် ကြိုးစားသော်လည်း မတတ်နိုင်ကြ၊သို့ဖြင့်ပင် အသပြာတထောင် ပြည့်အောင် လှည်းပင်းတွင် ဆွဲ၍ပေးမှလမ်းဖယ်ပေးပြီး အသပြာ တထောင်ထုပ်ဖြင့် မိခင်အမယ်အို၏ အိမ်သို့ ပြန်လာ၏။

ရွာသား သူငယ်တို့သည် ဤအထုပ်ကို မည်သူက လည်ပင်း၌ ဆွဲပေးသနည်းဟု ဘုရားလောင်းနွား၏ အနီးသို့ လာကြလျှင် လိုက်တွေ့ခြိမ်းခြောက် ထွက်ပြေးစေလျက် အိမ်သို့ရောက်အောင် ပြန်၏။ လှည်း ငါးရာတို့ကို ချောက်ကမ်းပါးမှ ကုန်းပေါ်သို့ သယ်ဆောင်ရခြင်းကြောင့် မျက်စိများနီ၍ ပင်ပန်းနွမ်းနယ်သော အသွင်အပြင်မှာ ထင်ရှားနေ၏။အမယ်အိုသည်ဘုရားလောင်း၏ လည်ပင်း၌ အသပြာထုပ်ကို မြင်၍ "ချစ်သား ဤဥစ္စာထုပ်ကို အဘယ်က ရခဲ့သနည်း"ဟု မေးပြီး လိုက်ပါလာကြသောသူငယ် တို့ကို စုံစမ်းသဖြင့် အကြောင်းစုံ ကြားသိရလျှင်....

"ချစ်သား။ ။သင်ရှာ၍ရသော လုပ်ခကို ငါစားရမည် လော၊ အဘယ်ကြောင့် အပင်ပန်းခံဘိသနည်း"ဟုဆိုခါ ဘုရား အလောင်းနွားကို ရေနွေးဖြင့် ရေချိုးပေးပြီး တကိုယ်လုံးဆီဖြင့် လိမ်းကျံပေးပြီး သင့်တော်သော အစာတို့ကို ကျွေးမွေး၍ သက်သာရာကိုရစေ၏။ အသက်၏အဆုံး၌ ဘုရားလောင်းနှင့် အမယ်အိုတို့သည် ကံအားလျော်စွာ လားလေ၏။

မြတ်စွာဘုရားသည် ဤ "အယျိက,ကာလက" မည်သော ဇာတ်တော်ကို ဟောတော်မူပြီး....

"ချစ်သား မောဂ္ဂလာန်။ ။ငါဘုရားသည် ယခုအခါ၌သာလျှင် သူတပါးတို့ မဆောင်နိုင်သောဝန်ကို ရွက်ဆောင်နိုင်သည်မဟုတ်သေး၊ ရှေး၌လည်း ရွက်ဆောင်ခဲ့ဘူးသည်သာ"ဟု အတိတ်ကို ဆောင်တော်မူ၍ ဟောတော်မူပြီးသည့် အဆုံး၌ ဇာတ်တော်ကိုပေါင်းတော်မူရာ အယျိုက,ကာလက မည်သော်နွားသည် မြတ်စွာဘုရားသခင် ဖြစ်တော်မူ၏။ အဖွားအိုသည် ဥပလဝတ်မထေရ်မဖြစ်၏ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

ထိုနောက် နန္ဒိဝိသာလဇာတ်ကိုလည်း ထပ်မံဟောတော်မူရာ အတိတ်ဇာတ်ကိုမဖော်ပြတော့ပဲ ဂါထာတော်အနက်အဓိပ္ပါယ်ကိုသာ ဖော်ပြပါအံ့။

ရဟန်းတို့။ ။သူတပါးနှင့် စကားပြောဆိုလျှင် နှစ်သက်ဖွယ်သော စကားကိုသာ ပြောရာ၏။ မနှစ်သက် ဖွယ်သော စကားကို တရံတဆစ်မျှ မပြောဆိုရာ၊ နှစ်သက်ဖွယ်ကို ပြောဆိုသော ပုဏ္ဏားရ်၏ လေးသောလှည်းငါးရာဝန်ကို ရွက်ဆောင်ခဲ့ပြီ၊ ထိုပုဏ္ဏားအား ဥစ္စာကိုလည်း ရစေပြီး ပုဏ္ဏားသည် ဥစ္စာရသောကြောင့်လည်း နှစ်လိုဝမ်းသာဖြစ်ရပြီ။

မြတ်စွာဘုရားသခင်သည် ဤသို့ နန္ဒိဝိသာလ ဇာတ်ကို ဟောတော်မူ၏။

၄ ၄ ၄

# (စတုတ္ထပိုင်း)

## ကဏ္ဍာသရက်ပင်ရင်းတွင် ရေ-မီး အစုံအစုံသော ယမိုက်ပြာဋိဟာ ပြတော်မူခန်း။

မြတ်စွာဘုရားသခင်သည် ဤသို့ဇာတ်တော်ကို ဟောကြား တော်မူပြီးသည့်ကာလ ရတနာစင်္ကြံနံထက်သို့ ကြွတော်မူပြီး ရှေ့တည့်တည့်မှ တဆယ့်နှစ်ယူဇနာ၊ အနောက်အရပ်မှတဆယ့် နှစ်ယူဇနာ၊ မြောက်အရပ်မှ တဆယ့်နှစ်ယူဇနာ၊ တောင် အရပ်မှ တဆယ့်နှစ်ယူဇနာအားဖြင့်အသီးသီးတည်ရှိသည်ဖြစ်၍ အခြောင့်အားဖြင့် ပိုင်းခြား ရေတွက်သည်ရှိသော် နှစ်ဆယ့် လေးယူဇနာရှိသော ပရိသတ်အလယ်၌မြတ်စွာဘုရားသခင်သည် ယမိုက်ပြာဋိဟာကို ပြုတော်မူ၏။

မြတ်စွာဘုရားသခင်သည် ထို တန်ခိုးပြာဋိဟာကို ပြတော် မူရာ၌ အတိုင်းမသိ လျှင်မြန်သော ဉာဏ်တော်သည် သာတည်း၊ ဤအရာ၌ မြတ်စွာဘုရားသည် သာဝကဘပည့်တို့နှင့် မပတ်သက် သော အစုံစုံသော ပြာဋိဟာကို ပြုတော်မူ၏။

ဤယမိုက် ပြာဋိကာကို ပြုတော်မူသည့် အခြင်း အရာကို အစဉ်အားဖြင့် ဤသို့ဖော်ပြပါအံ့။

မြတ်စွာဘုရားသခင်၏ကိုယ်တော်မှအထက်ပိုင်းသည် မီးအလျှံ ဖြစ်၏။ အောက်ပိုင်းသည် ရေအယဉ် ဖြစ်၏။

ကိုယ်တော်၏ရှေ့မှ မီးအလျှံ ဖြစ်သောအခါ ကိုယ်တော်၏ နောက်ပိုင်းသည် ရေအယဉ် ဖြစ်၏။

ကိုယ်တော်၏နောက်ပိုင်း၌မီးအလျှံဖြစ်သောအခါ ရှေ့ပိုင်း၌ ရေအယဉ်ဖြစ်၏။ လကျ်ာ မျက်လုံးတော်မှ မီးအလျှံ ဖြစ်သော အခါ လက်ဝဲမျက်လုံးတော်မှ ရေအယဉ် ဖြစ်၏။လက်ဝဲမျက်လုံး တော်မှ မီးအလျှံဖြစ်သောအခါ လကျ်ာ မျက်လုံးတော်မှ ရေ အယဉ် ဖြစ်၏။ လကျ်ာနားတော်မှ မီးအလျှံ ဖြစ်သောအခါ လက်ဝဲနားတော်မှရေအယဉ်ဖြစ်၏။လက်ဝဲနားတော်မှမီးအလျှံ ဖြစ်သောအခါ လကျ်ာနားတော်မှ ရေအယဉ်ဖြစ်၏။ လကျ်ာ နှာခေါင်းတော်မှ မီးအလျှံဖြစ်သောအခါ လက်ဝဲ နှာခေါင်း တော်မှ ရေအယဉ်ဖြစ်၏။

လက်ဝဲ နှာခေါင်းတော်မှ မီးအလျှံဖြစ်သောအခါ လကျ်ာ နှာခေါင်းတော်မှ ရေအယဉ်ဖြစ်၏။

လကျ်ာ ပုခုံးစွန်းတော်မှ မီးအလျှံဖြစ်သောအခါ လက်ဝဲ ပုခုံးစွန်းတော်မှ ရေအယဉ်ဖြစ်၏။

လက်ဝဲပုခုံးစွန်းတော်မှ မီးအလျှံ ဖြစ်သောအခါ လကျ်ာ ပုခုံးစွန်းတော်မှ ရေအယဉ် ဖြစ်၏။

လကျ်ာလက်တော်မှ မီးအလျှံဖြစ်သောအခါ လက်ဝဲလက် တော်မှ ရေအယဉ်ဖြစ်၏၊ လက်ဝဲလက်တော်မှ မီးအလျှံ ဖြစ် သောအခါ လကျ်ာလက်တော်မှ ရေအယဉ် ဖြစ်၏။ လကျ်ာ နံပါးမှ မီးလျှံဖြစ်သောအခါ လက်ဝဲနံပါးမှရေအယဉ် ဖြစ်၏။ လက်ဝဲနံပါးမှမီးအလျှံဖြစ်သောအခါ လကျ်ာနံပါးမှရေအယဉ် ဖြစ်၏။ လကျ်ာခြေတော်မှ မီးအလျှံ ဖြစ်သောအခါ လက်ဝဲ ခြေတော်မှ ရေအယဉ်ဖြစ်၏။ လက်ဝဲခြေတော်မှ မီးအလျှံဖြစ် သောအခါ လကျ်ာခြေတော်မှ ရေအယဉ်ဖြစ်၏။လက်ချောင်း

တော်ကြားတို့တွင်တခုသောလက်ချောင်းတော်ကြားကမီးအလျှံ ဖြစ်လျှင် တခုသောလက်ချောင်းတော်ကြားကရေအယဉ်ဖြစ်၏။

များစွာသောမွေးညှင်းတော်တွင်းတို့တွင်တခုသောမွေးညှင်းတော်တွင်းမှ မီးအလျှံဖြစ်သောအခါ တခုသောမွေးညှင်းတော်တွင်းမှ ရေအယဉ်ဖြစ်၏။

ညိုသောရောင်ခြည်တော်၊ ရွှေသောရောင်ခြည်တော်၊နီသောရောင်ခြည်တော်၊ဖြူသောရောင်ခြည်တော်၊ မောင်းသောရောင်ခြည်တော်၊ပြိုးပြိုးပြက်သောရောင်ခြည်တော်ဟုဆိုအပ်ကုန်သော ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်လျက် စကြံ့န်ကြွတော်မူ၏။

မြတ်စွာဘုရားသခင်သည် ရပ်လည်းရပ်တော်မူ၏။ထိုင်လည်းထိုင်တော်မူ၏။ လျောင်းခြင်းကိုလည်း ပြုတော်မူ၏။

နိမ္မိတကိုယ်စား ဘုရားသည်လည်း ရပ်လည်း ရပ်တော်မူ၏။ ထိုင်လည်း ထိုင်တော်မူ၏။ လျောင်းခြင်းကိုလည်းပြုတော်မူ၏။

ဤသို့သော တန်ခိုးပြာဋိဟာကို မြတ်စွာဘုရားသည် ထိုရတနာစင်္ကြံ့န်၌ စင်္ကြံ့န်ကြွ၍ ပြုတော်မူ၏။

မြတ်စွာဘုရားသခင်သည် တေဇောကသိုဏ်း ဝင်စားလျှင် မီးအလျှံသည်ဖြစ်၏။ အာပေါကသိုဏ်းဝင်စားလျှင် ရေအယဉ်သည် ဖြစ်၏။

မြတ်စွာဘုရားသခင်သည် အစုံအစုံသော တန်ခိုးပြာဋိဟာကို ပြုရာ၌ ဉာဏ်တော်သည် လျင်မြန်သည်ထက်အထူးလျင်မြန်သော ဉာဏ်တော်၏ အစွမ်းပင်ဖြစ်၏။ တပည့်သာဝကတို့ပင် မစွမ်းနိုင်သော ဉာဏ်တော်၏လျင်မြန်ခြင်းတည်း။

မီးအလျှံသည်လည်း ရေအယဉ်နှင့် မရောနှော၊ ရေအယဉ်သည်လည်းမီးအလျှံတို့နှင့်မရောနှောပဲအစုံအစုံသောရေအယဉ်၊ မီးအလျှံတို့သည် ပြဟ္မာ့ဘုံတိုင်အောင် ပျံတက်၍ စကြာဝဠာ မျက်နှာလေးဝ၌ ကျ၏။

မြတ်စွာဘုရားသခင် ကိုယ်တော်မှ ထွက်သော ခြောက်သွယ်သော ရောင်ခြည်တော်တို့သည်အိုးတို့ဖြင့်သွန်လောင်းလိုက်သော ရွှေမှုန့်များကဲ့သို့ရင်း၊ ယန္တယားစက်မှ သွန်ကျ ထွက်လာသော ရွှေရေအယဉ်ကဲ့သို့ရင်း၊ တခုသော စကြာဝဠာတိုက်မှ တက်၍ ပြဟ္မာ့ပြည်သို့ထိခိုက်လျက် သုတ်နစ်ပြန်လည်လာခဲ့ပြီးသောအခါ စကြာဝဠာ အနားရေးကိုသာလျှင် ယူကုန်၏။

တခုသောစကြာဝဠာတိုက်သည် ကောက်ကွေးသောအချင်းတို့ဖြင့် တည်ဆောက်ထားသောဗောဓိအိမ်ကဲ့သို့တပြိုင်နက်သော အလင်းရောင် ဖြစ်သည်။

ထိုတနေ့လုံးပင် မြတ်စွာဘုရားသခင်သည်စင်္ကြံကြွတော်မူ၍ တန်ခိုးပြာဋိဟာကို ပြုတော်မူလျက် အကြားအကြား၌ လူများ အပေါင်းအား တရားတော်ကိုသာ ဟောတော်မူ၏။ ဟောတော်မူသော်လည်း အားထုတ်ခြင်း လွတ်ကင်းသည်မရှိပဲ မိမိခန္ဓာကိုယ်တော်ကိုလည်း သက်သာစွာ နေခြင်းကို ပေးတော်မူသေး၏။

ထိုခဏ၌ လူများအပေါင်းသည် ကောင်းချီး ပေးကြ၏။ ထိုလူအပေါင်း၏ ကောင်းချီးတို့ဖြစ်သော ကာလ၌ မြတ်စွာဘုရားလည် ရှေးဦးစွာ ကြီးစွာသော ပရိသတ်၏စိတ်ကို ကြည့်တော်မူလျက်တယောက်ယယောက်သော သူ၏ ကျက်စားသော စိတ်အာရုံကို တဆယ့်ခြောက်ပါးသောအခြင်းအရာ၏အစွမ်းဖြင့် သိတော်မူ၏။

ဤသို့လျှင် ဘုရားရှင်တို့၏ စိတ်သည် လျင်သော ဖြစ်ခြင်း ရှိ၏။

အကြင်အကြင်သော ပုဂ္ဂိုလ်သည် အကြင် တရား၌ရှင်း၊ အကြင်တန်ခိုးပြာဋိဟာ၌ရှင်း၊ ကြည်ညိုခြင်းရှိ၏။ ထိုထိုပုဂ္ဂိုလ်၏ အဇ္ဈာသယအတွင်း စိတ်အလိုဆန္ဒ၏ အစွမ်းဖြင့်သာလျှင် တရားကိုလည်း ဟောတော်မူ၏။ တန်ခိုးပြာဋိဟာကိုလည်း ပြုတော်မူ၏။ ဤသို့တရားတော်ကို ဟောတော်မူလတ်သော်ရှင်း၊ တန်ခိုးပြာဋိဟာ ပြုတော်မူသည်ရှိသော်ရှင်း၊ လူများ အပေါင်းသည် အကျွတ်တရားကို ရခြင်းဖြစ်လေ၏။

## နိမ္မိတဘုရား ကိုယ်ပွားတော်

မြတ်စွာဘုရားသည်ကား ထိုအစည်းအဝေး၌ မိမိ၏ စိတ်တော်ကိုယူ၍ တပါးသူကို ပြဿနာ မေးခြင်းငှာ စွမ်းနိုင်သူကို မမြင်သောကြောင့် နိမ္မိတ ကိုယ်ပွားကို ဖန်ဆင်း၏။ ထိုနိမ္မိတ ဘုရားမေးအပ်သော ပြဿနာကို မြတ်စွာဘုရားသည် ဖြေတော်မူ၏။

မြတ်စွာဘုရား မေးအပ်သော ပြဿနာကို ယိုနိမ္မိတ ဘုရားသည် ဖြေတော်မူ၏။

မြတ်စွာဘုရား စင်္ကြံ ကြွတော်မူသော အခါ၌ နိမ္မိတဘုရားသည် ရပ်တော်မူခြင်း စသော ဣရိယာပုတ်တွင်တပါးပါးသော ဣရိယာပုတ်ကို ပြတော်မူ၏။

ဤသို့သော အခြင်းအရာဖြင့်ဖန်ဆင်း ပြသတော်မူအပ်သော တန်ခိုးပြာဋိဟာကို မြင်ကြရ၍ရှင်း၊ တရားတော်ကို နာကြားကြရ၍ရှင်း၊ ထိုအစည်းအဝေးမှ ကုဋေ နှစ်ဆယ် မျှလောက်သော သတ္တဝါတို့အား အကျွတ် တရားကို ရကြသည်ဖြစ်၏။

## (ပဉ္စမပိုင်း)

## တာဝတိံသာနတ်ပြည်သို့ကြွခြင်း

၀ါဆိုတော်မူခြင်း။
မယ်တော်မိနတ်သားနှင့် နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရားတော် ဟောကြားခြင်း။
ရှင်သာရိပုတ္တရာက တချိန်တည်းမှာပင် အဘိဓမ္မာတရားကို ပြန်လည် ဟောကြားခြင်း။ အဘိဓမ္မာ ရှေးဦးသင်ရဟန်းငါးရာ၏ လင်း နို့ဘဝအတိတ်ဇာတ်။

မြတ်စွာဘုရား သခင်သည် တန်ခိုးပြာဋိဟာကို ပြုတော်မူပြီးလျှင် လွန်လေပြီးသော ဘုရားရှင်တို့သည် ဤသို့တန်ခိုးပြာဋိဟာကို ပြုပြီး၍ အဘယ်အရပ်၌ ၀ါကပ်တော်မူကုန်သနည်းဟု ဆင်ခြင်တော်မူလျှင် တာဝတိံသာ နတ်ပြည်၌ ၀ါကပ်တော်မူ၍ ကျေးဇူးကြီးလှသော မွေးမိခင်အား အစဉ်သတ်မှတ်သော အဘိဓမ္မာပိဋကတ်ကို ဟောကြားတော် မူကြသည်ကို မြင်တော်မူ၏။

ထိုအကြောင်းကြောင့် မြတ်စွာဘုရား သခင်သည် လက်ျာခြေတော်ကို ပင့်ချီတော်မူပြီးသော် ယုဂန္ဓိုရ် တောင်ထိပ်၌ထားတော်မူ၍ လက်ဝဲခြေတော်ကိုပင့်ချီတော်မူပြီး မြင့်မိုရ်တောင်ထိပ်၌ ထားတော်မူ၏။

ဤသို့ ယူဇနာ ဖသိန်းခြောက်သောင်း ရှစ်ထောင်ရှိသော အဌသဌိ ယောဇန သတသဟဿဥ္စာနေ၊ ခြောက်သန်း ရှစ်သိန်း

အမြင့်ရှိသော နေရာကို နှစ်လမ်းသုံးဖဝါးနှင့် လှမ်းတော်မူ၏။ ဤတွင် မြတ်စွာဘုရားသခင်သည် ခြေတော်ကိုဆန့်၍ နင်းကြွတော်မူသည် မဟုတ်။ ခြေတော်ကိုပင့်ချီသော ကာလ၌ပင် ထိုတောင်တို့သည် ခြေတော်ရင်းသို့ လာ၍ ခံကုန်၏။ နင်းတော်မူသော အခါ၌ ထိုတောင်တို့သည် ထ၍ နေမြဲတိုင်းပြန်၍ တည်ကုန်၏။

## သိကြားမင်း၏အကြံ

သိကြားမင်းသည် မြတ်စွာဘုရားသခင်ကို မြင်၍ ဤမိုးလဝါတွင် မြတ်စွာဘုရားသည် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်၌ ဝါဆိုဝါကပ်လိမ့်မည် ထင်သည်။ များစွာသော နတ်တို့အား ကျေးဇူးများပေလိမ့်မည်။ မြတ်စွာဘုရားသည်ကား ဤကျောက်ဖျာ၌ မြတ်စွာဘုရားသခင် ဝါကပ်တော်မူလျှင် နတ်တပါးမျှ လက်ကိုပင် တင်ထားနိုင်မည်မဟုတ်။ ဤပဏ္ဍုကမ္ဗလာကျောက်ဖျာသည် အလျားအားဖြင့် ယူဇနာ ခြောက်ဆယ်ရှိ၏။ အနံအားဖြင့် ယူဇနာငါးဆယ်ရှိ၏။ ဒုအားဖြင့် တဆယ့်ငါးယူဇနာရှိ၏။ ဤမျှလောက်ကြီးစွာသော ကျောက်ဖျာသည် မြတ်စွာဘုရား ထိုင်နေတော်မူသော် အချည်းနှီးဖြစ်ပေလိမ့်မည်။ ကျယ်ဝန်းလွန်းမည်ဟု စဉ်းစား၏။ မြတ်စွာဘုရားသည် ထိုသိကြားမင်း၏ စိတ်အကြံကိုသိ၍ ကိုယ်တော်မြတ်၏ ဒုကုဋ္ဌကို ကျောက်ဖျာတွင် ဖုံးအုပ်လျက် ချခင်း၏။ သိကြားမင်းမြင်လျှင် မြတ်စွာဘုရားသည် သင်္ကန်းကိုရှေးဦးစွာ ချ၍ခင်း၏။ ကိုယ်တော်သည်ကား အနည်းငယ်မျှသော နေရာ၌ နေလိမ့်မည်ဟု စဉ်းစားနေပြန်၏။

မြတ်စွာဘုရားသည် သိကြားမင်း၏စိတ်အကြံကိုသိ၍ အင်းပျဉ်ငယ်(ထိုင်ခုံငယ်)ကို လွှမ်းမိုးဖုံးအုပ် ထိုင်နေသော ပုံသုကူဆောင် ရဟန်းကဲ့သို့ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာကြီးတခုလုံးကို သင်္ကန်း၏အတွင်း၌သာလျှင် ပြု၍နေတော်မူ၏။

## သာဝတ္ထိပြည်၌ ကျန်ခဲ့သူများ

သာဝတ္ထိပြည်၌ကျန်ရစ်သူအပေါင်းတို့သည်မြတ်စွာဘုရား၏ တန်ခိုးပြာဋိဟာ တို့ကိုဖူးမြော်နေယင်းကပင်လျှင် မြတ်စွာဘုရားသခင်သည် ပျောက်ကွယ်၍ မမြင်ကြကုန်သောကြောင့် လမင်းကြီး၊ နေမင်းကြီး ကွယ်ပျောက်သွားသော အခါကဲ့သို့ ဖြစ်ကြလေ၏။ လူများသည် မြတ်စွာဘုရား ရုတ်ချည်းပျောက်ကွယ်သွားလျှင် ငိုကြွေးပြောကြသည်မှာ....

"မြတ်စွာဘုရားသည် စိတ္တကူဋတောင်သို့ငင်း၊ ကေလာသတောင်သို့ ငင်း၊ ယုဂန္ဓိုရ်တောင်သို့ငင်း ကြွတော် မူလေသလော၊ လူနတ်တို့ထက်မြတ်တော်မူသော လောကသုံးပါး၏ အကြီးအမှူးလည်းဖြစ်တော်မူသော မြတ်စွာဘုရားကို ငါတို့သည် မမြင်ကြရပါတကား"

ဤသို့ ဆိုလျက် ငိုကြွေးကြ၏။ အခြားသော သူတို့ကလည်း ဘုရားမည်သည်ကား ဆိတ်ငြိမ်ရာ၌ မွေ့လျော်တော်မူ၏။ ထိုမြတ်စွာဘုရားသည် ဤပရိသတ်အလယ်၌ တန်ခိုး ပြာဋိဟာကို ပြု၍ ရှက်လှသဖြင့် တိုင်းတပါးသို့ သော်ငင်း၊ ဇနပုဒ်ရွာငယ် တခုခုသော်ငင်း၊ ကြွသွားတော်မူခြင်း ဖြစ်ပေလိမ့်မည်။ ငါတို့သည် မြတ်စွာဘုရားကို ဖူးမြင်ရတော့မည် မဟုတ်ပါတကားဟု-

"ဆိတ်ငြိမ်ရာအရပ်၌ မွေ့လျော်တော် မူလေ့ရှိသော မြဲမြံသော သမ္မာဓိ ရှိတော်မူသော မြတ်စွာ ဘုရားသည် ဤလောကသို့ ပြန်လည်လာလိမ့်မည် မဟုတ်သတည်း။ လူ နတ်တို့ထက် မြတ်တော်မူသော လောက၏ အကြီးအမှူး ဖြစ်တော်မူထသော မြတ်စွာဘုရားကို ငါတို့သည် မဖူးမြော် ရတော့ပါတကား"

ဟူ၍ ငိုကြွေးကြ၏။

**အရှင်မောဂ္ဂလာန်အား မေးမြန်းကြခြင်း**

လူအပေါင်း တို့သည် အရှင်မဟာ မောဂ္ဂလာန်ကို မေးကြကုန်၏။ အရှင် မောဂ္ဂလာန်သည် ကိုယ်တိုင်သိလျက် သူတပါး တို့အား ဂုဏ်ကျေးဇူးထင်ရှားစေလိုသော ဆန္ဒတော်ဖြင့် အရှင် အနုရုဒ္ဓါကို မေးကြလေကုန်ဟုမိန့်တော်မူ၏။ ထိုသူတို့သည် အရှင် အနုရုဒ္ဓါထံ သွားရောက်မေးကြပြန်၏။ အနုရုဒ္ဓါအရှင်က....

"ဘုရားရှင်သည် တာဝတိံသာ နတ်ပြည်၏ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်၌ ဝါကပ်ဆိုပြီး မယ်တော် မိနတ်သားအား အဘိဓမ္မာတရားတော်ကို ဟောရန် ကြွတော်မူခြင်းဖြစ်သည်"ဟု မိန့်တော်မူ၏။

"အရှင်ဘုရား အဘယ် ကာလတွင် ပြန်၍ ကြွလာပါမည်နည်း"

"သုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောတော်မူပြီး သီတင်းကျွတ် လပြည့် နေ့ ၌ ပြန်လည် ကြွဆင်း လတံ့"ဟု မိန့်တော်မူ၏။

လူအပေါင်းတို့သည် မြတ်စွာဘုရားကို မဖူးရပဲ မပြန်ကြဟု နှလုံးသွင်းလျက်သာဝတ္ထိပြည်၌သာလျှင် သစ်ခက်များကိုဖွဲ့ချည်

ရှိနေကြကုန်၏။ ထိုသူတို့၏အမိုးသည် ဟင်းလင်း ကောင်းကင်သာ ဖြစ်၏။ များပြားလှသောလူသူပရိသတ်ကြီး၏ကိုယ်အညစ်အကြေး မသန့်စင်သော အရာတို့ကို စွန့်လိုပါမူ မြေကြီးသည် ဟင်းလင်းဖွင့်၍ပေး၏။ မြေပြင်ကြီးအလုံးသည် စင်ကြယ်သည်သာလျှင် ဖြစ်၏။

## စူဠအနာထပိဏ်သဌေး

မြတ်စွာဘုရားသည် အရှင်မောဂ္ဂလာန် မထေရ်ကို မှာကြားတော်မူခဲ့သည်မှာ သင်သည်ဤပရိသတ်ကိုတရားဟောရစ်လော့၊ စူဠ အနာထပိဏ် သည် ဤ ပရိသတ်ကြီး အတွက် စားဖွယ်သောက်ဖွယ် အာဟာရတို့ကို ပေးလတံ့ဟု မိန့်တော်မူခဲ့သဖြင့် ဝါတွင်း သုံးလပတ်လုံး စူဠအနာထပိဏ် သဌေးသည် ဤမျှများပြားသော ပရိသတ်ကြီးအား နံနက်စာအတွက်ယာဂုထမင်းကိုရင်း၊ ခဲဘွယ်ဘောဇဉ်၊ကွမ်း၊ဆီ၊နံ့သာပန်း တို့ကိုရင်း ပေးလှူပေ၏။အရှင်မဟာမောဂ္ဂလာန်သည် တရားကိုဟော၏။ တန်ခိုးပြာဋိဟာကို ဖူးမြင်ရန် လာကြကုန်သော သူတို့၏ အမေးပုစ္ဆာပြဿနာကိုလည်း ဖြေဆိုတော်မူ၏။

## တာဝတိံသာ နတ်ပြည်တွင်

မြတ်စွာဘုရားသခင်သည် မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုသိတနတ်သားအား အဘိဓမ္မာတရားကို ဟောတော်မူရန်အတွက် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်၌ ဝါဆို ဝါကပ်တော် မူသည်ရှိသော် တသောင်းသော စကြာဝဠာ၌ နေကုန်သော နတ်ဗြဟ္မာအပေါင်းတို့ စည်းဝေးလာရောက်ခြံရံကြကုန်၏။

တစုံတယောက်သော နတ်ဗြဟ္မာသည် မြတ်စွာဘုရားထက် အဆင်းအရောင် ထွန်းလင်းနိုင်ခြင်းမရှိ၊ နတ်ဗြဟ္မာ အားလုံးတို့ ထက် မြတ်စွာဘုရားသာလျှင် တင့်တယ်တော်မူပေ၏။

## ဣန္ဒကနှင့် အင်္ကုရနတ်သား

ဤသို့ဖြင့် နတ်ဗြဟ္မာ အားလုံးတို့ကို ကိုယ်တော်ရောင်ဖြင့် လွှမ်းမိုး၍ စံနေတော်မူသောမြတ်စွာဘုရားသခင်အား မယ်တော် ဖြစ်ခဲ့သော သန္တုသိတနတ်သားသည် တုသိတာဗိမာန်မှ လာခဲ့၍ လက်ျာနံပါး၌ ထိုင်နေ၏။ ဣန္ဒကနတ်သားသည်လည်း ရောက် လာပြီး လက်ျာနံပါး၌ ထိုင်နေ၏။အင်္ကုရနတ်သားသည် လက်ဝဲ နံပါး၌ ထိုင်နေ၏။

အင်္ကုရနတ်သားခမြာမှာ မိမိထက်တန်ခိုးကြီးသော နတ်တို့ ရောက်လာလျှင် နောက်ဆုတ်၍ နေရာဖယ်ပေးရသဖြင့် တဖြည်း ဖြည်းနှင့် တဆယ့်နှစ်ယူဇနာရှိသောအရပ်သို့ ရောက်မှ မြတ်စွာ ဘုရားကို ဖူးမြင်ခွင့်ရပေ၏။

ဣန္ဒကနတ်သားကား မူလ ထိုင်နေသော နေရာ၌သာလျှင် ထိုင်နေ၏။

မြတ်စွာဘုရား သခင်သည် ထိုနတ်သား နှစ်ယောက်တို့ကို ကြည့်ရှုတော်မူ၍ မိမိ၏သာသနာတော်၌ အလှူခံထိုက်ကုန်သော ပုဂ္ဂိုလ်တို့အား ပေးလှူအပ်သောအလှူ၏ အကျိုးကြီးမြတ်ပုံကို သိစေတော်မူလိုသောကြောင့်

"အင်္ကုရနတ်သား။ ။သင်သည် ကဿပ မြတ်စွာဘုရား သာသနာတော်နှင့် ငါဘုရား၏သာသနာတော်အကြား၌ အနှစ် တသောင်းတို့ကာလပတ်လုံး တဆယ့်နှစ်ယူဇနာ အတိုင်းအရှည်

ရှိသော မီးဖိုကြီးတို့ဖြင့် ကြီးစွာသောအလှူကို ပေးခဲ့၏။ ယခု ငါဘုရား၏ အစည်းအဝေးသို့ လာရောက်ရာတွင် တဆယ့်နှစ်ယူဇနာဝေးသော နေရာ၌သာ နေခွင့်ရ၏၊ အဘယ်သို့သော အကြောင်းနည်း''

မြတ်စွာဘုရား၏ မိန့်တော်မူသော အသံသည် မြေအပြင်မှ ပရိသတ်များပင် ကြားနာကြရကုန်၏။

ထိုအခါ အင်္ကုရနတ်သားက

''အရှင်မြတ်ဘုရား။ ။မြင့်မြတ်သော အလှူခံ မရှိသော ခေတ်တွင် ကြီးကျယ်များပြားစွာ လှူသော်လည်း အဘယ်အကျိုးရှိပါမည်နည်း။ ဣန္ဒကနတ်သားသည် ဒက္ခိဏေယျ ဂုဏ်မြောက်သော မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်အား အနည်းငယ်မျှသောဒါနကို ပေးလှူ၍ ကြယ်တာရာအပေါင်း၏အလယ်၌ လမင်းသည် ထွန်းလင်းသကဲ့သို့ တပည့်တော်တို့ထက် ထွန်းလင်းတင့်တယ်ခြင်းဖြစ်ပါသည်ဘုရား''ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက ဣန္ဒကနတ်သားကို-

''အချင်းဣန္ဒက။ ။ငါဘုရား၏ လက်ျာနံပါး၌ ထိုင်နေလျက် အရပ်တပါးသို့ဖယ်ရှား၍မပေးပဲအဘယ်ကြောင့် ထိုင်နေနိုင်သနည်း''ဟု မေးတော်မူ၏။ ဣန္ဒကနတ်သားက

''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် ကောင်းသောလယ်မြေ၌ အနည်းငယ်မျှသော မျိုးစေ့ကို စိုက်ပျိုးမိသော လယ်လုပ်ယောကျ်ားကဲ့သို့ မြင့်မြတ်သောအလှူခံ၏ ပြည့်စုံခြင်းကို ရအပ်ပါသည်'' ဟု မြင့်မြတ်သော အလှူကို ချီးမွမ်းလို၍ လေးဂါထာတို့ဖြင့်လျှောက်၏။

(၁) ကုန်းခေါင်သောလယ်၌စိုက်သောမျိုးစေ့မှာကောင်းစွာ မသီးနိုင်၊ လယ်သမားကိုလည်း ဝမ်းမြောက် ဝမ်းသာ မဖြစ်စေနိုင်။

(၂) ထို့အတူ၊ သီလမရှိသော ပုဂ္ဂိုလ်ကိုများစွာ ပေးလှူသည့်တိုင်အကျိုးကြီးမားမှု မဖြစ်နိုင်၊အလှူရှင်ကိုလည်း ဝမ်းမြောက်ခြင်း မဖြစ်စေနိုင်။

(၃) လယ်မြေကောင်း၌ စိုက်သောမျိုးစေ့ အနည်းငယ်သည် မြေကောင်း၌ ရေကောင်းနှင့်တွေ့ပြီး များစွာသီးသဖြင့် လယ်သမားကို ဝမ်းမြောက်စေ၏။

(၄) ထို့အတူသီလရှိကုန်သော၊ဂုဏဝန် ဖြစ်ကုန်သောပုဂ္ဂိုလ်တို့ကိုအနည်းငယ်မျှ ပူဇော်ရသော ကောင်းမှုသည်ကြီးမြတ်သော အကျိုးရှိသည် ဖြစ်ပေ၏

## ဣန္ဒက နတ်သား ကောင်းမှု

ထိုဣန္ဒက နတ်သား၏ ရှေးကောင်းမှုကား ရွာ၏အတွင်းသို့ ဆွမ်းခံကြွဝင်သော အနုရုဒ္ဓါမထေရ်အား မိမိစားမည့် ထမင်းမှ တဇွန်းမျှလောက်သော ဆွမ်းကိုပေးလှူ၏။ ထိုတဇွန်းမျှလောက်သောဆွမ်း၏ကောင်းမှုသည်အင်္ကုရနတ်သား၏အနှစ်တသောင်းမျှတဆယ်နှစ်ယူဇနာရှိသော အရပ်ကို မီးဖိုခြင်း စပ်အောင်ချက်ပြုတ်လှူဒါန်းသော အလှူ၏ အကျိုးထက် ကြီးမြတ်သည် ဖြစ်လေ၏။

ဘုရားကိုယ်တော် မြတ်က

''အချင်းအင်္ကုရနတ်သား။ ။အလှူဒါနကိုရွေးချယ်စီစစ်၍သာပေးလှူအပ်၏။ ဤသို့ရွေးချယ်စီစစ်၍လှူအပ်သောအလှူ

သည် ကောင်းသောလယ်မြေတို့၌ စိုက်ပျိုးသော မျိုးစေ့ကဲ့သို့ အကျိုးကြီးမြတ်သည်ဖြစ်ပေ၏။ အသင်သည်ကား ဤသို့သော နည်းဖြင့်ရွေးချယ် စိစစ်ခြင်းကိုမပြု၊ထို့ကြောင့် အသင်လှူအပ်သောဒါနသည် အကျိုးကားရှိ၏။ကြီးမြတ်ခြင်းကားမဖြစ်ချေ'' ဟု မိန့်တော်မူပြီး-

ထို့ထက်အလွန် ဟောကြားတော်မူလိုသောကြောင့်(တဏှာဝဂ်လာ)ဤလေးဂါထာတို့ကို ဟောကြားပေ၏။

၁။ လယ်မြေ တို့သည် မြက်ပင်များ ပေါက်ရောက်ခြင်းတို့ကြောင့် အပြစ်ရှိကုန်၏။ ဤသတ္တဝါတို့သည် ''ရာဂကြောင့်''အပြစ်ရှိကုန်၏။ ထို့ကြောင့် ရာဂကင်းသော ပုဂ္ဂိုလ်တို့အား ပေးလှူခြင်းသည် အကျိုး ကြီးမား၏။

၂။ လယ်မြေ မြက်ပင်ပေါက်လျှင် အပြစ်ရှိ၏။သတ္တဝါတို့သည်''ဒေါသကြောင့် အပြစ်ရှိ၏''ထို့ကြောင့်''ဒေါသကင်းသော ပုဂ္ဂိုလ်ကို ပေးလှူခြင်းသည် အကျိုး ကြီးမား၏။

၃။ လယ်မြေ မြက်ပင်ပေါက်လျှင် အပြစ်ရှိ၏။ သတ္တဝါတို့သည်''မောဟကြောင့် အပြစ်ရှိ၏'' မောဟ ကင်းသူကို လှူခြင်းသည် အကျိုးကြီးမား၏။

၄။ လယ်မြေ မြက်ပင်ပေါက်လျှင် အပြစ်ရှိ၏။ သတ္တဝါတို့သည်''အလိုရမ္မက်ကြောင့်''အပြစ်ရှိ၏။အလိုရမ္မက်မရှိသူကို လှူခြင်းသည် အကျိုးကြီးမား၏။

ဒေသနာတော် အဆုံး၌ အင်္ကုရနတ်သား ဣန္ဒကနတ်သား နှစ်ပါးတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။တာဝတိံသာ နတ်ပြည်၌ ဟောသောတရားတော်ကို လူ့ပြည်မှ ကြားနာကြရ

ကုန်သောလူများအပေါင်းအား များစွာအကျိုးများသော ဓမ္မဒေသနာသည် ဖြစ်ပေ၏။

## အဘိဓမ္မာ တရားတော်

ထို့နောက် မြတ်စွာဘုရားသခင်သည် နတ်ပြဟ္မာပရိသတ်၏အလည်၌ စံနေတော်မူလျက် မယ်တော်ဖြစ်ဘူးသောသန္တုသိတနတ်သားကိုအကြောင်းပြုသောအားဖြင့်"ကုသလာဓမ္မာ အကုသလာဓမ္မာအဗျာကတာဓမ္မာ"အစဖြာသောအဘိဓမ္မာဒေသနာတော်ကို ဝါတွင်းသုံးလပတ်လုံး အစဉ်မပြတ် တန့်ရပ်နားနေခြင်းမရှိပဲ ဟောကြားတော်မူ၏။

ဆွမ်းခံကြွချိန်ရောက်လျှင်"ငါဘုရား ကြွတော်မူလာသောအချိန်တိုင်အောင် တရားတော်ကို ဟောကြားစေသတည်း"ဟုနိမ္မိတဘုရားကို ဖန်ဆင်းပြီးလျှင် ဟိမဝန္တာသို့ကြွသွား၍ နာဂလတာ၊ဒန်ပူကို(နဂါးပြည်၌ဖြစ်သော နွယ်ချို သွားတိုက်တံ-ဒန်ပူကို)သုံးဆောင်တော်မူပြီးသော် အနောတတ္တ ရေအိုင်၌ခံတွင်းကိုဆေးကြောပြီးလျှင် မျက်နှာသစ်တော်မူ၍ မြောက်ကျွန်းမှဆွမ်းကိုဆောင်၍ ကြီးစွာသော အင်းကြင်းပင်ရိပ်၌ ထိုင်တော်မူလျက် ဆွမ်းစားခြင်းကိစ္စကို ပြုတော်မူ၏။

### ရှင်သာရိပုတ္တရာအား ပြန်လည် ဟောကြားတော်မူခြင်း

အရှင်သာရိပုတ္တရာသည် ထိုအရပ်သို့သွားရောက်၍ မြတ်စွာဘုရားသခင်အား ဝတ်ကြီး ဝတ်ငယ်ကို ပြု၏။ မြတ်စွာဘုရားသခင်သည် ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသော အခါ၌....

"ချစ်သား သာရိပုတ္တရာ။ ။ယနေ့ ငါဘုရားသည် ဤမျှသောက်သော တရားကို ဟောကြား၏။အသင်သည် အတွင်းနေ

တပည့်ရဟန်းတို့အား ပို့ချပေးလေတော့”ဟု အရှင်သာရိပုတ္တရာအား အဘိဓမ္မာ ဒေသနာတော်ကို ဟောတော်မူ၏။ ထို့နောက် ဘုရားသခင်သည် နတ်ပြည်သို့ ကြွသွားတော်မူ၍ နိမ္မိတကိုယ်စားဘုရားဟောကြားအပ်သောအံရပ်မှ ဆက်လက်၍တရားတော်ကို ဟောကြားတော်မူ၏။ ဤကား ဉာဏ်တော်၏ တုနှိုင်းဘွယ်မရှိသော လျင်မြန်ခြင်း အဟုန်တည်း။

## အဘိဓမ္မာကို ရှေးဦးစွာ သင်ကြားရသော ရဟန်းတော်များ

ရှင်သာရိပုတ္တရာသည် ပြန်သွား၍ အတွင်းနေ တပည့်ဖြစ်ကုန်သော ရဟန်းငါးရာတို့အား အဘိဓမ္မာတရားကိုပြန်လည်ဟောကြားတော်မူ၏။ ထိုရဟန်းငါးရာသည် မြတ်စွာဘုရားနတ်ပြည်၌ သီတင်း သုံးတော်မူလျက် သာလျှင် အဘိဓမ္မာ ခုနစ်ကျမ်းကို သင်ယူသည်ဖြစ်၏။

ထိုအဘိဓမ္မာခုနစ်ကျမ်းကို ရှေးဦးစွာ သင်ယူ ကြရသော ရဟန်းငါးရာတို့သည်ကား မြတ်စွာဘုရား၏ ရေမီးအစုံ ဆိုအပ်သော တန်ခိုးပြာဋိဟာ၌ ကြည်ညို၍ အမျိုးကောင်းသားငါးရာတို့သည် အရှင်သာရိပုတ္တရာ မထေရ်ထံ၌ ရဟန်းပြုကြ ကုန်၏။ ထိုရဟန်းတို့ကို ရည်ရွယ်၍ မြတ်စွာဘုရား သခင်သည် အရှင်သာရိပုတ္တရာ မထေရ်ကို မိန့်ဆိုတော်ခြင်းဖြစ်၏။

## လင်းနို့ငယ် ငါးရာ၏ဘဝ

ထိုရဟန်း ငါးရာတို့၏အကြောင်းကား။ ။ကဿပမြတ်စွာဘုရားလက်ထက်တော်၌ လင်းနို့ငယ်ငါးရာတို့သည်လိုဏ်ခေါင်း တခု၌ တွဲလွဲဆွဲလျက် နေကြကုန်၏။ ထိုအခါ မထေရ်နှစ်ပါးသည်

စကြံနံကြွလျက် အဘိဓမ္မာတရားကို သရဇ္ဈာယ်ကြသည့် အသံကို ကြား၍ အာရုံပြုကုန်၏။ ထိုလင်းနို့တို့သည် အသံ၌သာ နိမိတ် အာရုံကိုယူနိုင်ခြင်း ဖြစ်၏။ ဤသည်တို့ကား ခန္ဓာမည်ကုန်၏။ ဤသည်တို့အား ဓာတ်မည်ကုန်၏ဟုမသိပဲ(အသံ၌တရားဟူသော အာရုံကို ယူကာဖြင့်ပင်)ထိုဘဝ၌ စုတေ၍ နတ်ပြည်၌ ဖြစ်ကြကုန်၏။

ထိုနတ်သားတို့သည် ဘုရားရှင်တဆူ၏ အကြား ကာလပတ်လုံး နတ်၏စည်းစိမ်ချမ်းသာတို့ကို ခံစား၍ နတ်ဘဝမှစုတေလျှင် သာဝတ္ထိပြည်၌ အသီးသီးသောအမျိုးတို့အိမ်၌ ဖြစ်ကြကုန်၏။ မြတ်စွာဘုရားသခင် ပြုတော်မူအပ်သော တန်ခိုး ပြာဋိဟာ၌ ကြည်ညိုခြင်း ရှိကြသဖြင့် အရှင်သာရိပုတ္တရာ မထေရ်အထံ၌ ရဟန်းပြု၍ လူ့ပြည်တွင် အလုံးစုံသော သူတို့ထက် ရှေးဦးစွာ အဘိဓမ္မာ ခုနစ်ကျမ်းကို ဆောင်သည် ဖြစ်ကြကုန်၏။

## သန္တုသိတနတ်သား သောတာပန်ဖြစ်ခြင်း

မြတ်စွာဘုရား သခင်သည် နတ် ဗြဟ္မာ အပေါင်း တို့အား ဝါတွင်း သုံးလပတ်လုံး အဘိဓမ္မာ တရားတော်ကို ဟောကြားတော်မူပြီးသည့်အဆုံး၌ ကုဋေရှစ်သောင်းမျှလောက် ကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား သစ္စာလေးပါး တရားကို ပိုင်းခြား သိမြင်ကြသဖြင့် အကျွတ်တရားကို ရကြကုန်၏။

မယ်တော်မဟာမာယာဖြစ်ခဲ့ဘူးသော သန္တုသိတနတ်သား သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

## (ဆဋ္ဌမပိုင်း)

**သီတင်းဝါလကျွတ်လျှင်**
**အရှင်မောဂ္ဂလာန် နတ်ပြည်သို့ တက်၍ လျှောက်ထားခြင်း**
**မြတ်စွာဘုရားသက်သပြည်သို့**
**ဆန်းကြယ်စွာကြွဆင်းတော်မူခြင်း**

သာဝတ္ထိပြည်၌ စောင့်စား၍နေကြသော သုံးဆယ့်ခြောက်ယူဇနာရှိသော ပရိသတ်တို့သည် ယနေ့မှ ခုနစ်ရက် ကြာလျှင် မဟာပဝါရဏာနေ့ ဖြစ်တော့မည်။ (သီတင်းကျွတ် လပြည့်နေ့ ရောက်တော့မည်)ဟု အရှင်မောဂ္ဂလာန် မထေရ်ထံ ချဉ်းကပ်ကြပြီး "အရှင်ဘုရား။ ဘုရားသခင်သည် နတ်ပြည်မှဆင်းသက်တော့မည်မဟုတ်ပါလော၊ တပည့်တော်တို့သည်မြတ်စွာဘုရားကို မဖူးရပဲ မပြန်ကြပါ"ဟု လျှောက်၏။ အရှင်မောဂ္ဂလာန်သည် ထိုစကားကို ကြား၍ "ဒါယကာတို့ ကောင်းပြီ"ဟု ဆိုလျက် ထိုသာဝတ္ထိပြည်၏အနီး မြေကြီး၌ ငုတ်လျှိုး၍ မြင့်မိုရ်တောင်ခြေရင်းသို့ ရောက်လျှင် "ငါသည် တာဝတိံသာ နတ်ပြည်သို့ တက်သွားခြင်းကို ပရိသတ်တို့ မြင်ကြစေကုန် သတည်း"ဟု အဓိဋ္ဌာန်၍ ပတ္တမြား ရတနာဖြင့် သီအပ်သော ဖျော့တော့သောအဆင်းရှိသည့် ကမ္ဗလာနီကြိုးကဲ့သို့ ထင်ရှားသော အဆင်းသဏ္ဌာန်ရှိသည် ဖြစ်၍ သာလျှင် မြင့်မိုရ်တောင်၏ အလယ်ဖြင့် တက်တော်မူ၏။

သာဝတ္ထိပြည်ရှိ လူအပေါင်း တို့သည် အရှင် မောဂ္ဂလာန် မထေရ်ကို တယူဇနာလောက် ရောက်ပြီ၊ နှစ်ယူဇနာ လောက်

တက်ပြီ စသည်ဖြင့် အုတ်အော်သောင်းသောင်း ပြောကြယင်း ကြည့်ရှုကြကုန်၏။

အရှင်မောဂ္ဂလာန်မထေရ်သည်မြတ်စွာဘုရား၏ခြေတော်စုံကို ဦးခေါင်းဖြင့် ပင့်မြှောက်ဘိသကဲ့သို့ တက်သွားပြီးသော် ဤသို့ လျှောက်၏။

"အရှင်ဘုရား။ ။ပရိသတ်တို့သည် အရှင်ဘုရားကို ဖူးမြင်ပြီးမှ ပြန်သွားလိုကြပါကုန်သည်။ အဘယ်အခါ၌ လူ့ပြည်သို့ ဆင်းတော်မူပါမည်နည်း"ဟု မေးလျှော၏။

"ချစ်သား မောဂ္ဂလာန်။ ။သင်၏ နောင်ကြီး ဖြစ်သော သာရိပုတ္တရာသည် အဘယ်အရပ်၌ ဝါဆိုသနည်း"

"အရှင်ဘုရား။ ။သင်္ကဿပြည်၌ဝါကပ်ဆိုပါသည်ဘုရား"

"ချစ်သားမောဂ္ဂလာန်။ ။ငါဘုရားသည် ဤနေ့မှ ခုနစ်ရက်မြောက် မဟာပဝါရဏာနေ့ (သီတင်းကျွတ် လပြည့်နေ့)၌ သင်္ကဿပြည် မြို့တံခါး၌ ဆင်းအံ့။ငါ့ကို ဖူးမြင်လိုသော သူတို့သည် ထိုသင်္ကဿပြည်သို့ လာစေကုန်လော့၊ သာဝတ္ထိ ပြည်မှ သင်္ကဿမြို့တံခါးသို့ ယူဇနာသုံးဆယ်ဝေး၏။ ဤမျှလောက်သော ခရီး၌ တစုံတယောက်မျှ သုံးဆောင်ရန်ရိက္ခာများဆောင်ယူဘွယ် ကိစ္စမရှိ၊ ဥပုသ်စောင့်ပြီး အနီးရှိ ကျောင်းသို့ တရား နာရန် သွားကြသကဲ့သို့ လာကြကုန်လော့ဟု ပရိသတ်တို့ကို ပြောကြား လေလော့"

အရှင်မောဂ္ဂလာန်မထေရ်သည်"ကောင်းပါပြီ"ဟု လျှောက်ထား၍ လူ့ပြည်သို့ ကြွလာပြီး ဘုရားသခင် မိန့်တော်မူသည့် အတိုင်း ပြန်လည် ပြောကြား၏။

## သင်္ကဿနဂိုပြည်သို့ ဆင်းသက်တော်မူခြင်း

သီတင်းကျွတ်၍ပဝါရဏာပြုပြီးသော်မြတ်စွာဘုရားသခင်က "သိကြားမင်း လူ့ပြည်ခရီးသို့ ကြွတော်မူအံ့"ဟု မိန့်ကြား၏။ သိကြားမင်းသည် ရွှေဖြင့်ပြီးသော စောင်းတန်း၊ပတ္တမြားဖြင့်ပြီးသော စောင်းတန်း၊ ငွေဖြင့်ပြီးသော စောင်းတန်း၊ ဤသို့သုံးသွယ်သော စောင်းတန်းလှေခါးတို့ကိုဖန်ဆင်း၏။ထိုစောင်းတန်း သုံးသွယ်၏အခြေသည် သင်္ကဿမြို့၏တံခါး၌ တည်ကုန်၏။ စောင်းတန်း လှေကား ဦး တို့သည် မြင့်မိုရ်တောင်ထိပ်၌ တည်ကုန်၏။

စောင်းတန်းသုံးသွယ်တို့တွင်လက်ျာဖြစ်သောရွှေစောင်းတန်းသည် နတ်တို့ ဆင်းသက်ရာဖြစ်ပေ၏။ လက်ဝဲဘက်မှ ငွေစောင်းတန်းသည် ဗြဟ္မာကြီးတို့ ဆင်းသက်ရန် ဖြစ်ပေ၏။ အလယ်မှ ပတ္တမြားစောင်းတန်းသည် မြတ်စွာဘုရားသခင်ဆင်းသက်တော်မူရာ ဖြစ်ပေ၏။

### ဟင်းလင်းဖြစ်၍ အားလုံး မြင်ကြရခြင်း

ဘုရားသခင်သည် မြင့်မိုရ်တောင်ထိပ်၌ ရပ်၍ နတ်ပြည်မှ ဆင်းတော်မူသောအခါ တန်ခိုးပြာဋိဟာကို ပြုတော်မူလိုသောကြောင့် အထက်သို့ကြည့်တော်မူ၏။

ဗြဟ္မာပြည်တိုင်အောင် တပြိုင်နက် တချက်တည်း ဟင်းလင်းအပြင်သည်ဖြစ်၍ အလုံးစုံမြင်ရကုန်၏။

အောက်သို့ ကြည့်တော်မူသောအခါ အဝီစိငရဲ တိုင်အောင် တခုတည်းသော ဟင်းလင်း အပြင်သည် ဖြစ်၍ အလုံးစုံ မြင်ရကုန်၏။

ထိုထိုသောအရပ်ရှစ်မျက်နှာကိုကြည့်တော်မူလျှင်စကြာဝဠာတသိန်းတို့သည်လည်း တခုတည်းသော ဟင်းလင်း အပြင်ဖြစ်၍ အလုံးစုံ မြင်ကြရကုန်၏။

နတ်ဗြဟ္မာတို့သည် လူတို့ကို မြင်ရကုန်၏။ လူတို့သည်လည်း နတ်ဗြဟ္မာတို့ကို မြင်ရကုန်၏။ အလုံးစုံသော နတ် လူ ဗြဟ္မာတို့သည် မျက်မှောက်ဖြစ်၍သာလျှင် မြင်ရကုန်သည်ဖြစ်၏။

မြတ်စွာဘုရားသခင်သည်ရောင်ခြည်တော်ခြောက်သွယ်တို့ကို လွှတ်တော်မူ၏။

မြတ်စွာဘုရား၏ အသရေတော်သည် ကြည့်ရှု ဖူးမြော်၍ မဝ၊ အလွန့်အလွန် ကြည်ညိုဘွယ်သော အဆင်းကို ဆောင်၏။ အဝန်းအားဖြင့် သုံးဆယ့် ခြောက်ယူဇနာ ရှိသော ပရိသတ်၌ တစုံတယောက် မျှပင် ဘုရား အဖြစ်ကို မတောင့်တ မိသော မည်သည် မရှိ။

နတ်တို့သည် ရွှေစောင်းတန်းဖြင့် ဆင်းကြ ကုန်၏။ မဟာဗြဟ္မာကြီးတို့သည် ငွေစောင်းတန်းဖြင့် ဆင်းကြကုန်၏။ မြတ်စွာဘုရားသခင်သည် အလယ်မှပတ္တမြားစောင်းတန်းဖြင့် ဆင်းသက်တော်မူသည်။

ပဉ္စသိခ်နတ်သားသည် ဥသျှစ်သီးမှည့် အဆင်းနှင့်တူသော စောင်းကိုလွယ်၍ လက်ျာနံပါး၌ ရပ်၍ သာယာစွာသောနတ်စောင်းသံဖြင့် ပူဇော်ယင်းဆင်း၏။

မာတလိ နတ်သားသည် နတ်၌ဖြစ်သော နံ့သာတို့ကို ကိုင်စွဲ၍ ရှိခိုးလျက်ပူဇော်ရင်း လက်ဝဲနံပါးမှဆင်း၏။မဟာဗြဟ္မမင်းသည် ထီးတော်ကို မိုး၏။ သုယာမ နတ်သားသည် သားမြီးယပ်ဖြင့် ခပ်ယင်း ဆင်း၏။

မြတ်စွာဘုရားသည် အတိုင်းမသိနိုင်းယှဉ်၍မရသောအသရေတော်ဖြင့် ခြောက်သွယ် ကွန့်မြူးလျက်တာဝတိံသာမှ သင်္ကဿနဂိုပြည် မြို့တံခါးသို့ ဆင်းသက်တော်မူလာသော မြင်ကွင်းမှာ လူအပေါင်းတို့သည်ရင်း နတ်ဗြဟ္မာအပေါင်း တို့ကိုရင်း၊ ဟင်းလင်းပြင်၌ ကြည့်ရှု ဖူးမြှော်၍မဝ၊ မြင်ကြရ တွေ့ကြရ၏။

မြတ်စွာဘုရား သင်္ကဿ မြို့တံခါးသို့ ရောက်တော်မူလျှင် အရှင်သာရိပုတ္တရာ မထေရ်သည် ဝမ်းမြောက်ဝမ်းသာ ပီတိဖုံးသောနှလုံးဖြင့် ရှေ့တော်သို့ ရောက်လာပြီး-

"အရှင်မြတ်ဘုရား။ ။ဤသို့ များစွာသော အခြံအရံဖြင့် ရွှေစောင်းတန်း၊ ငွေစောင်တန်း၊ ပတ္တမြားစောင်းတန်း တို့မှ ဆင်းသက်လာတော်မူသော အရှင်မြတ်၏ တင့်တယ် စံပယ်ခြင်း အသရေတော်ကို တပည့်တော်သည် တကြိမ်တခါမျှ မဖူးမြင်ရဘူးပါဘုရား။ တဆင့်စကားပင် မကြားဘူးပါ ဘုရား" ဟု လျှောက်ထား၏။

"ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ ယနေ့ လူနတ်ဗြဟ္မာအားလုံးတို့သည် အရှင်ဘုရားအား ကြည်ညိုကြပါကုန်သည်၊ချစ်မြတ်နိုးကြပါကုန်သည်၊တောင့်တကြပါကုန်သည်"ဟု ရှင်သာရိပုတ္တရာ၏ ဝမ်းမြောက်ဝမ်းသာ လျှောက်ထားခြင်းကို ကြားတော်မူလျှင်-

"ချစ်သားသာရိပုတ္တရာ။ ။ဤသို့ သဘောရှိသောဂုဏ်တို့နှင့်ပြည့်စုံခြင်းနှင့် ရောက်သောဘုရားတို့ကို နတ်လူဗြဟ္မာတို့သည် ချစ်မြတ်နိုးခြင်း ဖြစ်ကြ ကုန်လျှင်သာတည်း"ဟု မိန့်တော်မူပြီးလျှင် တရားတော်ကိုဟောကြားတော်မူလိုသောကြောင့်-

**(၁၈၁) ယေ ဈာနပသုတာ ဓီရာ၊ နေက္ခမ္မူပသမေ ရတာ။**
**ဒေဝါပိ တေသံ ပိဟယန္တိ၊ သမ္ဗုဒ္ဓါနံ သတီမတံ။ ။**

(၁၈၁) အကြင်ဘုရားအစရှိသော သူတော်ကောင်းတို့သည် ဈာန်၌ လေ့ကျက်ကုန်၏၊ ကိလေသာတို့၏ငြိမ်းရာ ကာမဂုဏ်မှ ထွက်မြောက်ရာနိဗ္ဗာန်ဟု ဆိုအပ်သော နိက္ခမ၌ မွေ့လျော်ကုန်၏။ သစ္စာလေးပါးကို သိကုန်သော လွန်ကဲသောသတိရှိကုန်သော ထိုပညာရှိတို့အား နတ်ဖြဟ္မာတို့သည် ချစ်မြတ်နိုးကြကုန်၏။

ဒေသနာတော်၏ အဆုံး၌ ကုဋေသုံးဆယ်မျှ လောက်သော သတ္တဝါတို့သည် အကျွတ်တရားကို ရကြကုန်၏။

ရှင်သာရိပုတ္တရာမထေရ်၏ အတူနေတပည့်ဖြစ်ကုန်သော ငါးရာသောရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

ပွင့်တော်မူလေပြီးသော ဘုရားရှင် အပေါင်းတို့ မစွန့်အပ်သည်သာလျှင် ဖြစ်သော ယမိုက်ပြာဋိဟာကို ပြု၍ နတ်ပြည်၌ ဝါကပ်ဆိုတော်မူပြီးသော် သင်္ကဿ မြို့တံခါးသို့ သက်တော်မူ၏။ ထိုသင်္ကဿမြို့တံခါး၌ ရှေးဦးစွာသောလက်ျာခြေတော်၏ တည်တော်မူရာ အရပ်သည် အစလစေတီ တည်ရာအရပ် ဖြစ်ပေ၏။

## ပြဿနာများမေးတော်မူခြင်း

မြတ်စွာဘုရားသခင်သည် ထိုသင်္ကဿမြို့တံခါး၌ ရပ်တည်တော်မူ၍ ပုထုဇဉ်စသည်တို့၏အရာ၌ ပြဿနာကို မေးတော်မူ၏။

ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မိမိတို့အရာ၌ မေးအပ်သောပြဿနာကို ဖြေဆို၍ သောတာပန်အရာ၌ ပေးအပ်သောပြဿနာကို ဖြေဆိုခြင်းငှာ မစွမ်းနိုင်ကုန်။

သောတာပန်ပုဂ္ဂိုလ်သည် သကဒါဂါမ်အရာ၌
သကဒါဂါမ်ပုဂ္ဂိုလ်သည် အနာဂါမ်အရာ၌
အနာဂါမ်ပုဂ္ဂိုလ်သည် ရဟန္တာအရာ၌
မေးအပ်သောပြဿနာကို ဖြေဆိုခြင်းငှာ မစွမ်းနိုင်ကုန်။

မဟာမောဂ္ဂလာန်ထေရ်အရာ၌မေးအပ်သောပြဿနာကိုအခြားမဟာသာဝကတို့သည် ဖြေဆိုခြင်းငှာမစွမ်းနိုင်ကုန်။ သာရိပုတ္တရာမထေရ်အား မေးအပ်သောပြဿနာကို မဟာမောဂ္ဂလာန်မထေရ်သည် ဖြေဆိုခြင်းငှာ မစွမ်းနိုင်။ ဘုရား၏ ပြဿနာအရာ၌ သာရိပုတ္တရာမထေရ်သည် ဖြေဆိုခြင်းငှာ မစွမ်းနိုင်။

မြတ်စွာဘုရားသည် အရှေ့မျက်နှာမှစ၍ အားလုံးသောအရပ်မျက်နှာတို့ကို ကြည့်တော်မူ၏။ အရပ်ရှစ်မျက်နှာတို့သည် ဟင်းလင်းအပြင်သာဖြစ်ကြကုန်၏။ အရပ်ရှစ်မျက်နှာ၌ နတ်လူတို့သည်၎င်း၊ အထက်၌ ဗြဟ္မာပြည်တိုင်အောင် အောက်၌ မြေ၌တည်ကုန်သော ဘီလူး၊ နဂါး၊ ဂဠုန်တို့သည်၎င်း၊ လက်အုပ်ချီမိုး၍ ရှိခိုးပြီးသော်-

"အရှင်မြတ်ဘုရား။ ။ထိုပြဿနာကို ဖြေဆိုနိုင်သူမရှိပါ၊ အရှင်မြတ် သာလျှင် စုံစမ်းတော်မူပါ" ဟု လျှောက်ကြ၏။ မေးအပ်သော ပြဿနာကား-

"ဤလောက၌ သင်္ခတဓမ္မာ၊ ကောင်းစွာသိအပ်ပြီးသော သင်္ခါရ တရားရှိသော ရဟန္တာတို့သည်၎င်း၊ များစွာကုန်သော သေက္ခကျင့်ဆဲ ပုဂ္ဂိုလ်တို့သည်၎င်း ရှိကြ၏။ ထို သေက္ခ အသေက္ခ တို့၏အကျင့်ကို ပညာရင့်သော ချစ်သား သာရိပုတ္တရာသည် ဤမေးအပ်သော ပုစ္ဆာကို ဖြေကြားဘိလော့။ ။ဟုမိန့်တော်မူ၏။

ဘုရားအရာ၌သာသိအပ်သော ဤဘုရားပြဿနာကို ကြားရ၍ ရှင်သာရိပုတ္တရာက ကြံဆင်တော်မူသည်မှာ "မြတ်စွာဘုရားသည် ငါ့အား သေက္ခ၊ အသေက္ခပုဂ္ဂိုလ်တို့၏မဂ်ရောက်ကြောင်း အကျင့်ကိုမေး၏။ ဤမေးသောပုစ္ဆာ ပြဿနာ၌ အမှန်ပင် ယုံမှားမရှိ။ သို့ပင် မရှိသော်လည်း ခန္ဓာအစရှိသည် တို့တွင် အဘယ်သို့သော အကြောင်းဖြင့် (အဘယ်သို့သော ခန္ဓာအရင်းမူလဖြင့်) ဤအကျင့်ကို ဟောတော်မူသည်ဟု မြတ်စွာဘုရား၏ ဆန္ဒတော်ကို သိခြင်းငှာ စွမ်းနိုင် ပါမည်လော"ဟု မြတ်စွာ-ဘုရား၏ ဆန္ဒတော်ကို ယုံမှားခြင်းဖြစ်၏။

မြတ်စွာဘုရားကဆင်ခြင်တော်မူပြန်သည်မှာ "ငါဘုရားသာ ဖြေဆိုနည်းကိုမပေးလျှင် ရှင်သာရိပုတ္တရာသည် ဖြေဆိုနိုင်မည် မဟုတ်၊ ရှင်သာရိပုတ္တရာအား နည်းကို ပေးအံ့"ဟူ၍ နည်းကို ညွှန်ပြလိုတော်မူသောကြောင့်-

"သာရိပုတ္တရာ။ ။မဟာဘုတ်ဖြစ်သော ဤခန္ဓာငါးပါး အပေါင်းကို ကောင်းစွာရှုလော့" ဟု မိန့်တော်မူ၏။

ဤသို့နည်းပေးတော်မူခြင်းမှာ သာရိပုတ္တရာသည်ငါဘုရား၏ အလိုကိုယူ၍ ဖြေဆိုလျှင် ခန္ဓာ၏အစွမ်းဖြင့်ယူ၍ ဖြေဆိုလတ္တံ့ဟု အကြံတော်ဖြစ်တော်မူ၍ ဤသို့နည်းပေးခြင်း ဖြစ်၏။

အရှင်သာရိပုတ္တရာသည် ဤသို့ နည်းပေးသည်နှင့်တပြိုင်နက် ထိုပြဿနာသည် တရာသော နည်းဖြင့်၎င်း၊ တထောင်သော နည်းဖြင့်၎င်း၊ တသိန်းသော နည်းဖြင့်၎င်း၊ ထင်မြင်တော်မူလာ၏။

ထိုအရှင်သာရိပုတ္တရာသည် မြတ်စွာဘုရား ပေး အပ် သော နည်း၌တည်၍ ထိုပြဿနာကိုဖြေ၏။

မြတ်စွာဘုရားသခင်ကိုထား၍ တပါးသောသူသည် ရှင်သာရိပုတ္တရာကဲ့သို့ပြဿနာကိုဖြေစွမ်းနိုင်သူ တစုံတယောက်မျှ မရှိ။ ထို့ကြောင့် အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရား၏ ရှေ့မှ ခြင်္သေ့မင်း၏တူသောအသံဖြင့် လျှောက်၏။

"အရှင်မြတ်ဘုရား။ ။တပည့်တော်သည် အလုံးစုံသော စကြာဝဠာတိုက်ကို မိုးရွာချသည် ရှိသော် ဤမျှလောက်သော မိုးပေါက်တို့သည်မဟာသမုဒ္ဒရာ၌ကျကုန်၏။ဤမျှလောက်သော မိုးပေါက်တို့သည် မြေပေါ်သို့ ကျကုန်၏။ ဤမျှလောက်သော မိုးပေါက်တို့သည်တောင်၌ကျကုန်၏ ဟု ဤသို့ရေတွက်သတ်မှတ်ခြင်းငှာ စွမ်းနိုင်ပါသည်" ဟု လျှောက်၏။ ဘုရားသခင်သည် သာရိပုတ္တရာကို-

"ချစ်သား သာရိပုတ္တရာ။ ။သင်သည် ထိုမိုးရေပေါက်တို့ကို ရေတွက်ခြင်းငှာ စွမ်းနိုင်သည့်အဖြစ်ကို ငါဘုရားသိတော်မူ၏" ဟု မိန့်တော်မူ၏။ ထိုအရှင်သာရိပုတ္တရာမထေရ်၏ ပညာအရာ၌ ကြီးကျယ်ခြင်းကို ဥပမာနှိုင်းယှဉ်စရာ မရှိ။ ထို့ကြောင့် ပင်လျှင်-

"ဂင်္ဂါမြစ်၌သဲဟူသည်ရေတွက်၍ကုန်နိုင်ရာ၏။သမုဒ္ဒရာ၌ ရေသည် ရေတွက်၍ ကုန်နိုင်ရာ၏။ မြေအပြင်၌ မြေမှုန့်သည် ရေတွက်နိုင်ရာ၏။ ကျွန်ုပ်၏ပညာသည် မကုန်နိုင်ရာ။

ထိုစကားသင့်စွ၊ ဘုန်းပညာနှင့်ပြည့်စုံ၍ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသောအရှင်ဘုရား။ တပည့်တော်သည် တခုသောပြဿနာကိုဖြေသည်ရှိသော် သဲတပွင့်၊ရေတပေါက် မြေတမှုန့်ကိုထည့်၍ ပြဿနာ တရာဖြင့်ရှင်း။ တထောင်ဖြင့်ရှင်း။ တသိန်းဖြင့်ရှင်း ဖြေသည်ရှိသော် ဂင်္ဂါမြစ်၌ သဲ

အစရှိသည်တို့တွင် သဲတလုံး တလုံးစသည်ကို သင့်တင့်သော အရပ်၌ အကယ်၍ပစ်ပြောအံ့။ ဂင်္ဂါမြစ်စသည်တို့၌ ရှိသော သဲတို့သည် လျင်မြန်စွာ ကုန်ခြင်းသို့ ရောက်ရာ၏။ ငါ၏ ပြဿနာတို့ကိုဖြေဆိုခြင်းသည် ကုန်ခြင်းသို့ မရောက်ကုန်ရာ" ဤသို့ ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ကြိမ်းဝါးခြင်းဖြစ်၏။ ဘုရားအရာ၌မေးအပ်သောပြဿနာသည်အဆုံး၌ရင်း၊ အစွန်းကို ရင်း မမြင်သောကြောင့် မြတ်စွာဘုရား ပေးအပ်သော နည်း၌ တည်၍သာလျှင် ပြဿနာကိုဖြေရ၏။ ထိုပြဿနာကို လူအပေါင်း ဖြေဆိုခြင်းငှာ မစွမ်းနိုင်၊ တရားစစ်သူကြီး ဖြစ်တော်မူသော ရှင်သာရိပုတ္တရာ တပါးသာလျှင် ဖြေဆိုနိုင်၏ဟုပြောကြကုန်၏။

ထိုစကားကို မြတ်စွာဘုရား ကြားတော်မူလျှင်-

"ချစ်သားရဟန်းတို့။ ။ငါ၏ သားတော် သာရိပုတ္တရာသည် ယခုသာလျှင် လူအပေါင်းတို့မဖြေဆိုနိုင်သောပြဿနာကို ဖြေဆိုသည် မဟုတ်သေး။ ရှေးအခါ၌လည်း ဖြေဆိုဘူးသည်သာလျှင်တည်း"ဟု မိန့်တော်မူပြီး အတိတ်ကိုဆောင်တော်မူ၏။

**ပြဿနာကို ဖြေဆိုသောအတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းတော်သည်ဥဒိစ္စပုဏ္ဏားမျိုး ဖြစ်၍ အရွယ်ရောက်လျှင် တက္ကသိုလ်ပြည် သို့သွား၍ ပညာသင် ကြားပြီး တခုမကျန် အလုံးစုံသော အတတ်တို့ကို သင်ကြား တတ်မြောက်ပြီးသော် တက္ကသိုလ်ပြည်မှပြန်လာခဲ့၍ ကာမဂုဏ် တို့ကို စွန့်ပယ်လျက် ရသေ့ရဟန်းပြုပြီး အဘိဉာဉ် ငါးပါး၊ သမာပတ်ရှစ်ပါးတို့ဖြင့် ဟိမဝန္တာတော၌နေ၏။ တပည့်ငါးရာ ရှိ၏။

ဘုရားလောင်း၏ တပည့်ကြီးဖြစ်သော ရသေ့သည် မိုးတွင်းအခါရောက်၍ နှစ်ရာ့ငါးဆယ်သော ရသေ့တပည့်တို့ကိုခေါ်၍ ချဉ်ဆားအလို့ငှာ လူ့ရပ်လူ့ရွာများသို့ သွား၏။

ထိုစဉ်အတွင်း ဘုရားလောင်းရသေ့သည် စုတေရန်အချိန်သို့ ရောက်၏။ သေလွန်ခါနီး၌ ဘုရားလောင်းကို တပည့်တို့က ဆရာသည် ကျင့်ကြံအားထုတ်မှု၌ ရအပ်သော တရားကို မေးကြ၏။ ဘုရားလောင်းသည်

"နတ္ထိကိဉ္စိ" ဟုသာ ပြောဆို၍ စုတေပြီး အာဘဿရ ဗြဟ္မာဘုံ၌ ဖြစ်လေ၏။

(ဘုရား အလောင်းတော် တို့သည် အရူပ သမာပတ်ကို ရကြသော်လည်း အရှင်ဗြဟ္မာ့ဘုံသည် နိယက ဗျာဒိတ်ရပြီးသော ဘုရားအလောင်းတို့၏ လားကပ်ရာအရပ်မဟုတ်သောကြောင့် အရူပဘုံ၌ မဖြစ်ကုန်)

ကျန်ရှိသော တပည့်တို့သည် ငါတို့၏ဆရာမှာ တရားထူးကို မရဟု ပူဇော်သက္ကာရကို မပြုကြကုန်ပဲ သင်္ဂြိုဟ်ကြ၏။

တပည့်ကြီးသည် ရသေ့ငါးရာနှင့် ပြန်လာလေသော် ဆရာ ဖြစ်သူစုတေပြီဟု ကြား၍ ဆရာ၏ရအပ်သောတရားကို မေးလိုက်ကြကုန်သေး၏ လောဟု မေးလျှင် မေးလိုက်ပါ၏။ ဆရာက "နတ္ထိကိဉ္စိ"ဟုပြောသောကြောင့်တစုံတခုမျှသောတရားကိုမရဟု အဓိပ္ပါယ်ပေါက်သဖြင့် ဆရာ့အား ပူဇော်သက္ကာရကို မပြုကြပါဟု ဆို၏။

ကွယ်လွန်သူ ဘုရားလောင်း၏တပည့်ကြီးဖြစ်သောရသေ့က-

"သင်တို့သည် ဆရာပြောသော စကား၏အဓိပ္ပါယ်ကို မသိကြ။ ငါတို့၏ဆရာသည် အာကိဉ္စညာယတန သမာပတ်) ကို ရတော်မူသည်"ဟု ပြော၏။

ထိုစကားကို ရသေ့တို့က မယုံကြည်ကြ၊ တပည့်ကြီးက အဖန်ဖန် ပြောဆိုပါသော်လည်း မယုံနိုင်၊ ဘုရားအလောင်း အာဘဿရဗြဟ္မာကြီးသည် ထိုအကြောင်းသိ၍ အလွန်မိုက်ကန်းသော ရသေ့တို့သည် ပညာရှိသော ငါ့တပည့်ကြီး၏ စကားကို မယုံကြည်ကြ။ ငါသည် ထင်ရှားအောင်ပြုပေအံ့ဟု ဗြဟ္မာပြည်မှ ဆင်းသက်လာခဲ့ပြီး ရသေ့တို့၏ကျောင်းသခ်မ်းထိပ်အပြင် ဖြစ်သော ကောင်းကင်၌ ကြီးစွာသော တန်ခိုးအာနုဘော်ဖြင့် ရပ်တည်၍ တပည့်ကြီး၏ပညာအစွမ်းကို ချီးမွမ်းတော်မူသည်မှာ–

"လူတထောင် တညီတညွတ်တည်း အနှစ်တရာလုံးလုံး အဖြေမှန်ကို ငိုကြွေး၍ရှာသော်လည်း မရနိုင်၊ ပညာရှိတဦးသည် အနက်အဓိပ္ပါယ် အဖြေမှန်ကို ဖြေနိုင်၏၊ ထိုပညာရှိ တယောက်သည် လူတထောင်ထက်မြတ်၏"

ဤသို့ဖြင့် ဘုရားလောင်း ဗြဟ္မာမင်းသည် ဤဂါထာဖြင့် ကောင်းကင်မှတရားဟော၍ တပည့်အပေါင်းတို့ကိုသိစေပြီးလျှင် ဗြဟ္မာ့ပြည်သို့ ပြန်သွား၏။ ထိုရသေ့တို့သည်လည်း အသက်၏ အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားကြကုန်၏။

မြတ်စွာဘုရားသည် ဤသို့အတိတ်ဇာတ်ကို ဟောတော်မူပြီး ချစ်သားရဟန်းတို့၊ သာရိပုတ္တရာသည် ထိုအခါက ရသေ့တပည့်ကြီးဖြစ်ခဲ့သည်၊ ငါဘုရားသည် ထိုအခါက အာဘဿရဗြဟ္မာကြီးဖြစ်ဘူးသည်ဟု ဇာတ်တော်ကိုပေါင်းတော်မူ၏။

(ဤဓမ္မပဒ အဋ္ဌကထာ၌ သိကြားမင်း ဖန်ဆင်းသော စောင်းတန်းသုံးသွယ်ကို လက်ျာ၌ ရွှေဖြင့်ပြီးသောစောင်းတန်း၊ လက်ဝဲ၌ ငွေဖြင့်ပြီးသော စောင်းတန်း၊ အလယ်၌ ပတ္တမြားစောင်းတန်းဟု မိန့်ဆိုခဲ့၏။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီး၌ အလယ်တွင် ပတ္တမြား စောင်းတန်း၊ လက်ဝဲတွင် နတ်တို့ဆင်းသက်ရာ ရွှေစောင်းတန်း၊ လက်ျာတွင် ဗြဟ္မာတို့ ဆင်းရာငွေစောင်းတန်းဟု မိန့်ဆိုလေသည်။)
(ဓမ္မပဒ ဗုဒ္ဓဝဂ် နှစ်ခုမြောက်ဖြစ်သော ဒေဝေါရောဟဏဝတ္ထု ပြီး၏။)

ဝ ဝ ဝ

၁၄။ ဗုဒ္ဓဝဂ်

# ၃။ ခဲယဉ်းတရား လေးပါး

(ဧရကပတ္တ နဂါးမင်း ဝတ္ထု)

၁။ လူ့ဘဝကို ရရန် ခဲယဉ်း၏။
၂။ လူ့အဖြစ်မှာ အသက်ရှည်ရှည် နေရရန် ခဲယဉ်း၏။
၃။ သူတော်ကောင်းတရားကို နာကြားနိုင်ရန် ခဲယဉ်း၏။
၄။ ဘုရားပွင့်ရန် ခဲယဉ်း၏။

(ကိစ္ဆော မနုဿပဋိလာဘော)အစရှိသော ဒေသနာတော်ကို ဗာရာဏသီမြို့ကြီးအနီး ကုက္ကိုခုနစ်ပင်အရပ်၌ သီတင်းသုံးတော်မူစဉ် ဧရကပတ္တ အမည်ရသော နဂါးမင်းကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝဋ္ဋကြောင်းကား ဤသို့တည်း

(အပြစ်အာပတ်၊ သေးငယ်မှတ်၊ရောက်လတ်အပယ်ရွာ)

ကဿပဘုရားရှင် လက်ထက်တော်၌ ရဟန်းငယ်တပါးသည် ဂင်္ဂါမြစ်တွင်း၌ လှေကိုစီးယင်း ပိန်းပင်တပင်ကို လက်ဖြင့်ဆွဲမိလိုက်ရာမှ လှေ၏အဟုန်ကြောင့် ပိန်းပင်သည် ပြတ်၍ သွားလေ၏။

ထိုရဟန်းသည် အာပတ်သင့်သည်ကိုသိ၏။ သို့သော် မဖြစ်လောက်သော အာပတ်ဟု လစ်လျူရှုကာ ဒေသနာမကြားမိ (အာပတ်မဖြေမိပဲ)အနှစ်နှစ်သောင်းတို့ကာလပတ်လုံးတောကြီးအတွင်း၌မှီတင်းကာ တရားကိုအားထုတ်ပါသော်လည်းတရားကိုမရနိုင်ရှာ။

သေကာနီး ကာလတွင် ပိန်းရွက်ပိန်းရိုးသည် လည်ကိုပတ်သကဲ့သို့ ထင်မြင်လာသဖြင့် အာပတ်ကို ဒေသနာကြားခြင်းငှာ အလိုရှိပါသော်လည်း ခံယူမည့် ရဟန်းတပါးမှ မတွေ့ရသဖြင့် သီလ မစင်ကြယ်သည့်အဖြစ်ကို နှလုံးမသာယာပဲ သေဆုံးရရှာလေရာ အယူလွဲမှားကာ နဂါးဘဝ၌ ဖြစ်ရလေ၏။

ဧရကပတ္တ နဂါးမင်း အဖြစ်တွင် မိမိ၏ဘဝကို သိမြင်ပြီးနှစ်ပေါင်း နှစ်သောင်းကြာမြင့်စွာ ရဟန်းတရားကို အားထုတ်ပါသော်လည်း အာပတ်ကို သေးငယ်သည်ဟူ၍ မကုစားမိသောကြောင့် အဟိတ်တိရစ္ဆာန်ဘဝ ရောက်ရပေသည်ဟုတွေးတောယင်းသာ နှလုံးမသာမယာ ဖြစ်၍ နေရရှာလေ၏။

## သမီးကိုဘန်းပြကာ ဘုရားကို ရှာခြင်း

ထိုဧရကပတ္တနဂါးမင်းသည် အလွန်ချောမောလှပ နတ်တမျှ သောသမီးတယောက်ကို ရ၏။ နဂါးမင်းက စဉ်းစားသည်မှာ ဒုဂ္ဂတိဘဝ အဟိတ်တိရစ္ဆာန်ဖြစ်ရသော ငါသည် ဘုရားပွင့်ရာကို သိနိုင်မည် မဟုတ်၊ ဘုရားပွင့်လျှင် အလွယ်တကူ သိရှိနိုင်ရေး ကြံဆတွေးကာ သမီးကညာ လှကလျာကို တန်ဆာစုံလင် ဝတ်ဆင်ယင်စေပြီး ဂင်္ဂါမြစ် အလယ်၌ မိမိ၏ပါးပျဉ်းကို ကြီးစွာ ပြုကာ ပါးပျဉ်း အလယ်၌ သမီးပျိုကို သီချင်း သီဆို၍ ကပြ စေ၏။

နဂါးမပျိုကလေး၏ သီချင်းမှာ အမေးပြဿနာ ‧ ပဟေဠိ ဖြစ်၏။ ထိုသီချင်းကို အမှန်သဘော ဖြေကြား တုန့်ပြန်သီဆို နိုင်သူအား သမီးနှင့်ပေးစား၍ အလွန်ကြီးမားသောနဂါးမင်း စည်းစိမ် ပေးအပ်ပါမည်ဟု ကြေငြာကြွေးကြော် ထားသည့် အလျောက် ဂင်္ဂါမြစ်လယ်မှ နဂါးမင်း၏ ပါးပျဉ်းပေါ်တွင် သီဆိုကပြသည့် နဂါးမကလေး၏အလှကို စုံမက်ချစ်ခင်ကြသော ဇမ္ဗူဒိပ်ကျွန်းအပေါင်းမှလုလင်ပျိုကာလသားတို့က တအားကုန် ဝိုင်းရံ၍ ပဟေဠိ အဖြေသီချင်းကို ကြိုးစားခါ ဖြေဆိုကြသော် လည်း အဖြေမှန်ကိုမရ၊ ဘုရား ရှင် တ ဆူ အ ကြား သာ လျှင် လွန်မြောက်၍သွားခဲ့လေသည်။

## ဘုရားသခင် ရှုမြင်တော်မူခြင်း

ဂေါတမဘုရားသခင်သည် လူတွင်ထင်ရှား ဘုရားဖြစ်တော် မူသောကာလ တနေ့သော မိုးသောက်ယံ၌ လောကသုံးပါးကို ကြည့်ရှုတော်မူသော် ဧရကပတ္တ နဂါးမင်းကို အကြောင်းပြု၍ ဥတ္တရလုလင်ကိုပါ ဉာဏ်တော် ကွန် ရက် အ တွင်း၌ မြင်တော်

မူ၏။ ရေကပတ္တနဂါးမင်းသည် ဥတ္တရလုလင်၏ အဖြေသီချင်းကို ကြားရပြီးနောက် ဘုရားရှင်ထံ တော်မှောက် လာရောက်၍ ဖူးမြင်ရပေလတ္တံ့၊ ဥတ္တရလုလင်သည်ဘုရားရှင်ထံမှအဖြေသီချင်း ကို သင်ကြားသော ကာလ၌ပင် သောတာပတ္တိဖိုလ်၌ တည်၍ ရှစ်သောင်း လေးထောင် ကုန်သော သတ္တဝါတို့ ကောင်းစွာ မချွတ် အကျွတ်တရားရပေလတံ့ဟု မြင်တော်မူ၏။

## အဖြေသီချင်း သင်ကြားပေးခြင်း

မြတ်စွာဘုရားသခင်သည် ဥတ္တရလုလင်လာအံ့သောခရီးလမ်း ကုက္ကိုတန်းခုနှစ်ပင်မှတပင်သောကုက္ကိုပင်၏အရင်း၌ သီတင်းသုံး စံနေတော်မူလင့်၏။ ဥတ္တရလုလင်သည် ခရီးစဉ်အတိုင်းလာရာမှ ကုက္ကိုပင်၏ အနီးသို့ရောက်လေလျှင် ဘုရားသခင်က ခေါ်တော်မူ၍ ပေးတော်မူသည်ရှိသော် ဧရကပတ္တ နဂါးမင်း၏ သမီးပျိုထံ အဖြေသီချင်း ဖြေဆိုရန် သွားမည့်အကြောင်း လျှောက်ထားသိရှိရသဖြင့် ဖြေဆိုမည့်သီချင်းကို ရွတ်ဆိုစေ၏။

ဥတ္တရလုလင်သည် မိမိဉာဏ်မှီသမျှ ရေးစပ်၍ ထားသော အဖြေသီချင်းကို သီဆိုပြခါ လျှောက်ထားလေသောအခါ ဘုရားသခင်က ဤအဖြေသီချင်းသည် မမှန်ကန်သေး၊ ငါသင် ကြားပေးသည့် သီချင်းကို သင်ယူမည်လောဟု မေး၏၊ ဥတ္တရ လုလင်ကလိုလိုချင်ချင် သင်ယူပါမည်ဟု ဝန်ခံလေသဖြင့် ဘုရား သခင်က အဖြေသီချင်း ဂါထာနှစ်ပုဒ်ကို သင်ကြားပေးရာ ဥတ္တရ လုလင်သည် အဖြေသီချင်းကို သင်ယူဆဲကာလ၌ပင် (သောတာ ပတ္တိဖိုလ်၌)တည်လေ၏။

## ခြိမ့်ခြိမ့်သဲသဲ ဖြေဆိုပွဲကြီး

ဥတ္တရလုလင်သည် ''သောတာပန်''ဖြစ်၍ ကြည်ကြည်လင်လင် ရွှင်ပျသောစိတ်ဖြင့် ဘုရားသခင် ပေးသနားအပ်သော အဖြေ ဂါထာကိုဆောင်ယူသွား၍ ပရိသတ်အထပ်ထပ် စည်ကားလှစွာသော နဂါးမ သတို့သမီးငယ် ရှိရာအရပ်သို့သွား၏။ ပရိသတ်ကြီးအား လေးမြတ်စွာ တောင်းပန်သဖြင့် အကြားမလပ် တိုးကြပ်လှသော ပရိသတ်ကြီးသည် လမ်းဖယ်ပေးရာမှ ရှေ့ဆုံးသို့ ရောက်လေ၏။

ချောမွေ့လှပ ဆန်းကြယ်စွာ ဆင်ယင်ထားသော နဂါးမကလေးသည် ဖခင် ဧရကပတ္တနဂါးမင်း၏ ပါးပြင်ထက်မှရပ်၍ အမျိုးမျိုးအဖုံဖုံ ဆန်းကြယ်စွာကပြီးလျှင် ဤသို့သော ဂါထာ သီချင်းကို သီဆိုမေးမြန်း၏။

**(၁) အမေးသီချင်း ပုစ္ဆာရင်း**

နှစ်ပါးဂဟေ ဆက်လို့ရေးကြောင့်
အဖြေပေးမယ့် မောင်တို့ရယ်။
အမေးကိုသာ သေချာစဉ်းစား
အဖြေများကို ပေးတော့ကွယ်။

(က) အစိုးရဆို လိုသည့်မင်းကား
ဘယ်သင်းကိုများ ခေါ်သလဲကွယ်။

(ခ) ကိလေသာမြူခိုး စိုးမိုးသူသာ
မင်းဖြစ်တယ်လို့ ခေါ်သလားကွယ်။

(ဂ) ဘယ်လိုမင်းဟာ ကိလေသာစစ်
မှုအညစ်များ ကင်းပတဲ့သူ ဖြစ်သလဲကွယ်။
(ဃ) ဘယ်ပုဂ္ဂိုလ်မျိုး အမိုက်အိုးလို့
ဆိုရိုးဆိုထိုက် ရှိသလဲကွယ်။

ဥတ္တရလုလင်သည် သောတာပန်တည်ပြီးသူ ဖြစ်လေသည်။ အချောအလှဖြင့် မြူဆွယ်၍ ကသည့် နဂါးမကလေး ရလိုရေးအတွက် ဖြေကြားသည် မဟုတ်တော့ဘဲ များစွာသောသတ္တဝါ အပေါင်း အကျွတ်တရား ရစေမည့် အရေး၊ ဘုရားရှင်၏ ဆန္ဒတော်ကို ဖြည့်စွမ်းလို၍ ဘုရားသခင်သင်ကြားပေးသည့်အတိုင်း အဖြေသီချင်းဖြင့် ပြန်လည်တုံ့ပြန်ဖြေဆိုလိုက် လေ၏။

(၂) **အဖြေသီချင်း ဂါထာရင်း**
အဖြေမှန်ကို သိလိုရေးနဲ့
မေးခွန်းမေးတဲ့ နှမငယ်။
ဖြေလိုက်တော့မယ် အမှန်စကား
နားစိုက်လို့သာ ထောင်တော့ကွယ်။
(က) ကာယ မန ခြောက်ဝတံခါး
စိုးမိုးထားလျှင်၊မင်းလို့သာပင်
ခေါ်ထိုက်တယ်။
နားစိုက်အုံးကွယ်၊ သေချာသွားအောင်
ထပ်မံလို့သာ ပြောအုံးမယ်၊
မျက်စိ၊နား၊နှာ၊လျှာ၊ ကိုယ်ကာယ
စိတ် မနောပါ စိုးနိုင်တာမို့
မင်းရယ်လို့သာ ခေါ်ကြတယ်။

(ခ)　ဝတ္ထုအာရုံ ကာမဂုဏ်မှုန်ခိုး
မြတ်နိုးတပ်မက်၊ နှစ်သက်တွယ်တာ
ထိုသူသာလျှင်
ကိလေသာမှုန်ခိုး၊ အစိုးရတဲ့
မင်းလို့သာပဲ ခေါ်ရမယ်။

(ဂ)　ထိုထိုအာရုံ ကာမဂုဏ်ကို
ခုံမင်တပ်မက်၊ နှစ်သက်ခြင်းကင်း
ထိုမင်းသည်သာ
ကိလေသာရှင်း၊ အညစ်ကင်းတဲ့
မင်းအစစ်သာ ဖြစ်တော့တယ်။

(ဃ)　လောကီအာရုံ ကာမဂုဏ်ရစ်ဖွဲ့
တပ်မက်ငြိခါ
ထိုသူသာလျှင်၊ ဆိုထိုက် ဆိုရိုး
အမိုက်အိုးသာ ဖြစ်တော့တယ်။

ဥတ္တရလုလင်၏ အဖြေသီချင်းကို ကြားရလျှင် နဂါးမင်းသည်ရင်း၊ နဂါးမလေးသည်ရင်း၊ ရှင်လန်းသာယာ သိလိုရာသော ပြဿနာများကို ထပ်ခါမေးပြန်၏။

(၃)　**ထပ်ခါမေးရာ ပြဿနာ**
အဖြေမှန်ကို ကောင်းစွာပေးဘိ
ပညာရှိတဲ့ မောင်ကြီးရယ်။
ရှေ့သို့တဖန် အဖြေပေးဘို့
မေးခွန်းထပ်ခါ မေးချင်တယ်။

(က) ပညာမျက်စိ မရှိကင်းကြိုက် လူမိုက်တွေမှာ၊
ဝဲသြဃ ရေယဉ်ကြော မျောကြ‌ေလရှာ၊
ဘယ်ဝဲ ဘယ်ရေယဉ်လို့ လူတို့တွင် ခေါ်ဆိုကြ
ပြောပြစမ်းပါ။

(ခ) ထိုရေယဉ်ဝဲသြဃမှ
လွတ်မြောက်ကြ ကြိုးစားပုံ
ပညာရှင် ထိုသူကား
ဘယ်နည်း ဘယ်ပုံနဲ့
ကြိုးစားပုံသိချင်သေး
ဖြေစမ်းပါလေး။

(ဂ) ဘယ်ပုဂ္ဂိုလ် ဘယ်သူမှာ
ယောဂဆို ထိုတရား သတ်ထားလို့သာ
ငြိမ်းအေးရာ မှန်စွာပ ရောက်ငြား
ထိုပုဂ္ဂိုလ်၊ ထိုသူအား
ပြောပြပါလား။

(ဃ) မေးပုစ္ဆာ ထိုစကား၊ များလှတဲ့ပြဿနာ
သနားကြင်နာစွာနဲ့၊ ကရုဏာ ရှေ့မှာထား
ဖြေကြားပါလား။

မြတ်စွာဘုရားသခင်သည် တုံ့ပြန် အမေးစကား ဖြစ်ပွား လာမည်ကိုကြိုတင်သိမြင်တော်မူသည့်အတိုင်း ဥတ္တရလုလင်အား အဖြေ ဂါထာ သီချင်းကို သင်ကြား ပေးတော် မူလိုက်သည့် အလျောက်....

(၃) ရှင်းလင်းသိရန် အမြေမှန်

အမေးပုစ္ဆာ၊ လိမ္မာလှတဲ့
ပညာရှင်ကလေး၊ နှမရယ်
သိချင်ရာရာ၊ အဖြေစကား
နာကြားလို့သာ မှတ်တော့ကွယ်။

(က) ဝဲသြဃရေယဉ်ကြော၊ မျောကြတဲ့ လူမိုက်မှာ
ကာမောဃာ၊ဘဝေါဃာ၊
ဒိဋ္ဌောဃာ၊ အဝိဇ္ဇောဃာ၊
သြဃလေးဖြာ ရေယဉ်ကြော၊ နစ်မြောကြရှာ
''ကာမောဃာ''ဆိုတာက၊ဆယ့်တစ်ဘုံထိုကာမ
တပ်မက်ကြတာ၊
''ဘဝေါဃာ''ဆိုတာက၊လားရောက်ရာဘုံဘဝ
တပ်မက်မိတာ၊
''ဒိဋ္ဌောဃာ''ဆိုလိုရင်း၊ မှားယွင်းတဲ့အယူပါ၊
''အဝိဇ္ဇောဃာ''ဝိပ္ပါယ်ရင်းက သံစ္စာဉာဏ်
အမြင်ကင်းအောင်၊ ပိတ်ဆည်းတဲ့ မောဟသာ
ဖြစ်ပေတော့တာ။
ဤလေးဖြာဝဲသြဃ၊ နစ်လိုက်ကြ၊ မိုက်သူဟာ
မှီလွယ်ရာထိုသည်ကျွန်း
တွန်းမပေါ်ပါ။

(ခ) ပညာရှင် ထိုသူများ၊ ကြိုးစားလို့ ရှန်းထွက်ရာ
ဝဲသြဃရေလျဉ်များ၊ ခန်းခြောက်တော့တာ၊

ရှိန်းထွက်သည့်ထိုနည်းမှာ
ကြိုးစားခြင်း ဝီရိယာ
လေးဖြာသ မ္မပ္ပဓာန်နဲ့
ဝဲသြဃာပယ်ခါရှား
အားထုတ်ခြင်းသာ။

**သမ္မပ္ပဓာန်တရားလေးပါးကိုသာ မှတ်သားကြစေရာ**

(၁) ပြုပြီးဖြစ်တဲ့ အကုသိုလ်တွေကို
မေ့ပျောက်လို့သာ ထားလိုက်ပါ
(၂) မဖြစ်သေးတဲ့၊ အကုသိုလ်တွေကို
မဖြစ်အောင်ပဲ ကြိုးစားပါ
(၃) မဖြစ်သေးတဲ့ ကုသိုလ်တွေကို
ဖြစ်အောင်လို့သာ အားထုတ်ပါ။
(၄) ဖြစ်ပြီး ပြုပြီးတဲ့ ကုသိုလ်တွေကို
အဖန်ဖန်အထပ်ထပ်၊မပြတ်စေအောင်သာ
အောက် မေ့ ပွား များ၊ အား ထုတ် ကြ
စမ်းပါ။
သူတော်ကောင်းများ –* ကြိုးစားကြတဲ့
လမ်းစဉ်ပါ။

(ဂ) ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊အဝိဇ္ဇာ
ယောဂ
ယောဂလေးဖြာ ထိုတရား
သတ်ထားသည့် ထိုသူသာ
ယောဂတွေ အကုန်သိမ်း၊ ချုပ်ငြိမ်းသူပါ။

(ဃ) မေးပုစ္ဆာထိုစကား၊ များလှတဲ့ပြဿနာ
သနားကြင်နာစွာနဲ့ ကရုဏာရှေ့မှာထား
ဖြေကြားလိုက်တာ။

ဥတ္တရလုလင် ဖြေကြားသော အဖြေသီချင်းဂါထာကို ဧရက
ပတ္တနဂါးမင်း ကြားနာရလျှင် ဘုရားပွင့်တော်မူပြီကို သိလေ၏။

**အဋ္ဌကထာဆရာတော်၏ အဆိုအမိန့်**

(အထက်တွင် အဓိပ္ပါယ်အပြည့်အစုံကို ဗဟုသုတဖြစ်စေရန် အမေးနှင့် အဖြေသီချင်းတို့ကို အကျယ် ရေးသားခဲ့ပါသည်။ ဤတွင်တဖန် အဋ္ဌကထာဆရာအရှင် ဗုဒ္ဓဃောသ၏ အဆိုအမိန့်ကို ပါဠိတော်အစဉ်အတိုင်း မြန်မာ သက် သက် ဖြင့် ပြဆိုပါဦးမည်)

ဧရကပတ္တ နဂါးမင်းသည် ဤလောက၌ ငါသည် မြတ်စွာဘုရားပွင့်ခြင်းကို ဤသို့ သမီးအား ပါးပျဉ်း၌ထား၍ သီချင်းကိုသီဆိုစေသောအကြောင်းဖြင့် ဘုရား ပွင့်တော် မူသည် ၏ အကြောင်းကို ကြားရအံ့။ ဤသို့အကြံဖြင့် အကြင် သူ သည် ငါ့သမီး၏ သီဆိုသောသီချင်းကို တုန့်ပြန်အဖြေသီဆိုနိုင်သူအား များစွာသော နဂါးစည်းစိမ်နှင့်တကွ သမီးကိုပေးအံ့။ ဤသို့ဆို၍ လခွဲတကြိမ် ဥပုသ်နေ့၌ ထိုသမီးကို ပါးပျဉ်း၌ ထား၏။ ထိုသမီးသည် ထိုပါးပျဉ်း၌ရပ်၍ ကခုန်လျက် –

**အဓိပတိ။ အစိုးရသော၊ မင်းကား။ ကိုသု၊ အဘယ်နည်း။ ကိလေသာမြူကို လွှမ်းမိုးအုပ်စိုးသူကို မင်းဟု ခေါ်ပါသလား။**

**အဘယ်သို့သောမင်းက ကိလေသာမြူကင်းပါသလဲ။ ဘယ်လိုပုဂ္ဂိုလ်မျိုးကို လူမိုက်ဟု ခေါ်ပါသလဲ။**

ဤသိချင်းကို သိဆိုလေ၏။ အလုံးစုံ ဇမ္ဗူဒိပါကျွန်း၌နေကုန်သော သူတို့သည် နဂါးမင်းသမီးကို ယူကုန်အံ့ဟုသွား၍ မိမိ၏ပညာ အစွမ်းဖြင့် တုန့်ပြန်သော အဖြေသီချင်းကို ပြု၍ သီဆိုကုန်၏။ ထိုနဂါးမင်းသမီးသည် အခဖြေကိုသီချင်းအားလုံးကို ပယ်၏။ ထိုနဂါးမင်းသမီး၏ ၁၅ ရက်တကြိမ် ပါးပျဉ်း၌ရပ်၍ ဤသို့သီဆိုလျက်ပင် ဘုရားရှင် နှစ်ဆူတို့၏ အကြားကာလသည် ကုန်လွန်၏။'

ထိုအခါ၌ လောကတွင် မြတ်စွာဘုရားပွင့်တော်မူ၍ တနေ့၌ မိုးသောက်ကာလ လောကကိုကြည့်သည်ရှိသော် ဧရကပတ္တနဂါးမင်းကို အစပြု၍ ဥတ္တရအမည်ရှိသော လုလင်ကို ကိုယ်တော်၏ ရွှေဉာဏ်တော် ကွန်ရက်အတွင်းသို့ ဝင် လာ သည် ကို မြင်၍ အဘယ်သို့ဖြစ်မည်နည်းဟု ဆင်ခြင်သည်ရှိသော် ဧရကပတ္တနဂါးမင်းသည် သမီးကို ပါးပျဉ်း၌ထား၍ ကခြင်းသီခြင်းတို့ကို ပြုစေသောနေ့တည်း၊ ဤဥတ္တရ လုလင်သည် ငါပေးအပ်သောအဖြေသီချင်းကိုသင်ရင်းပင် သောတာပန်ဖြစ်၍ ထိုငါသင်ပေးသော အဖြေသီချင်းကိုယူ၍ နဂါးမင်း၏အထံသို့သွားပေမည်။ ထိုနဂါးမင်းသည် ထိုအဖြေသီချင်းကိုကြား၍ ဘုရားပွင့်ပေပြီဟု သိ၍ ငါ၏ထံသို့လာလတံ့၊ငါသည် ထိုနဂါးလာသည်ရှိသော် များစွာသော အစည်းအဝေး၌ ဂါထာကို ဟောရအံ့၊ ဂါထာအဆုံး၌ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့အား သစ္စာလေးပါးတရားကို သိသည် ဖြစ်လတံ့၊ ဤသို့မြင်တော်မူ၏။

ထိုမြတ်စွာဘုရားသည် ထိုအရပ်သို့ ကြွ၍ ဗာရာဏသီပြည်မှ မနီးမဝေးသောအရပ်၌ ကုက္ကိုခုနစ်ပင်တို့သည်ရှိ၏။ ထိုကုက္ကိုပင် တပင်၏အရင်း၌ နေတော်မူ၏။

ဇမ္ဗူဒီပါကျွန်း၌ နေကုန်သောသူတို့သည် အဖြေသီချင်းကို ယူ၍ စည်းဝေးကုန်၏။ ဘုရားသည် မနီးမဝေးအရပ်မှ သွားသော ဥတ္တရလုလင်ကိုမြင်၍ "ဥတ္တရလုလင်၊ လာလော့" ဟု မိန့်တော်မူ၏။ "အရှင်ဘုရား။ ။အဘယ် အကြောင်းနည်း" ဟု မေးလျှောက်၏။ "ဤအရပ်သို့ ရှေးဦးစွာ လာဦးလော့" ဤသို့ မိန့်တော်မူ၏။ ထိုနောက်မှလာပြီး ရှိခိုး၍နေသော ထိုလုလင်ကို "အဘယ်သို့သွားမည်နည်း" ဟု မိန့်၏။ "ဧရကပတ္တနဂါးမင်း၏ သမီး သီချင်းဆိုရာ အရပ်သို့ သွားပါအံ့" ဤသို့ လျှောက်၏။ "သီချင်းအဖြေဂါထာကို သင်သိ၏လော" ဟု မေးတော်မူ၏။ "အရှင်ဘုရား သိပါ၏" ဟုလျှောက်၏။ "ရှေးဦးစွာ ထိုအဖြေသီချင်းတို့ကို ဆိုစမ်းလော့" ဟုမိန့်တော်မူ၏။ ထို့နောက်မှ မိမိ၏ ကိုယ်တိုင် သိသောအသိဖြင့် သာလျှင် သီဆိုသော ထိုလုလင်ကို "ဥတ္တရလုလင် ဤသင်၏ဂါထာသည် အဖြေမှန် မဟုတ်၊ ငါသည် သင့်အား အဖြေသီချင်းဂါထာကို ပေးအံ့၊ ထိုသီချင်းကိုယူ၍ သင်သွားလော့" ဤသို့မိန့်တော်မူ၏။ "အရှင်ဘုရား။ ။ကောင်းပါပြီ" ဟု ဝန်ခံလျက် ထို့နောက်မှ ထိုလုလင်ကို မြတ်စွာဘုရားသည် "ဥတ္တရလုလင်သင်သည်နဂါးမင်း၏သီချင်းဆိုသောအခါ၌

**ခြောက်ဒွါရကို အစိုးရသော ပုဂ္ဂိုလ်သည် မင်းမည်၏။**
**တပ်မက်ခြင်းရှိသောသူသည်မြူကိုအစိုးရသောမင်းမည်၏။**
**တပ်မက်ခြင်းမရှိသောသူသည် မြူကင်းသည်ဖြစ်၏။**
**ကာမဂုဏ်၌ တပ်မက်သောသူကို လူမိုက်ဟူ၍ ဆိုအပ်၏။**

ဤသို့အဖြေသီချင်းဂါထာကိုဆိုလေလော့ဟု မိန့်တော်မူ၏။

ဤသို့ ထိုလုလင်အား မြတ်စွာဘုရားသည် အဖြေသီချင်းကို ပေး၍....

ဥတ္တရ လုလင် သင်သည် ဤအဖြေသီချင်းကို သီဆိုသည် ရှိသော် ဤအဖြေသီချင်း၏ အပြန်အလှန်ဖြစ်သော သီချင်းကို ဤသို့သီဆိုလိမ့်မည်။

လူမိုက်ကိုအဘယ်တရားသည် နစ်မွန်းမျောပါးရပါသနည်း။
ပညာရှိသောသူသည် အဘယ်သို့သော အကြောင်းဖြင့်
ပယ်ဖျောက်နိုင်ပါသနည်း။
ယောဂ၏ကုန်ခြင်းသည် အဘယ်သို့ဖြစ်သနည်း။
ထိုပြဿနာမေးအပ်သည်ကို ငါ့အား ပြောကြားပါလော့။

ဤသို့ မေးမြန်း သီဆိုလျှင် သင်သည် နဂါးမင်း သမီး၏ အမေးသီချင်းကို ဤသို့ တုန့်ပြန်သီဆိုလော့ဟု မိန့်တော်မူ၏။

လူမိုက်သည် ဩဃလေးပါးဖြင့် မျော၏။
အားထုတ်ခြင်းနှင့် ယှဉ်သော ပညာရှိသောသူသည်
ဩဃလေးပါးကို နုတ်၏။
အလုံးစုံသော ယောဂလေးပါးနှင့် မယှဉ်သော ပုဂ္ဂိုလ်ကို
ယောဂကရားကုန်ခြင်းကို ပြုတတ်သူ ဟူ၍ ဆိုအပ်၏။

(ထိုဂါထာ၏ အနက်ကား) ကာမဩဃ အစရှိသော လေးပါး ဩဃဖြင့် လူမိုက်သည် မျော၏။ ထိုဩဃကို ပညာရှိသည် သမ္မပ္ပဓာန်ဟုဆိုအပ်သော လုံ့လပြုခြင်းဖြင့် ပယ်၏။ အလုံးစုံ သော ကာမယောဂစသည်တို့နှင့် ယှဉ်ခြင်းမရှိသော ထိုပုဂ္ဂိုလ် ကို ယောဂ၏ကုန်ခြင်းရှိသောသူ မည်၏ ဆိုအပ်၏။ (ဤကား အနက်တည်း)

ဥတ္တရလုလင်သည် ဤသီချင်းတုံ့ဂါထာကို သင်နေစဉ်ပင် လျှင် သောတာပတ္တိဖိုလ်၌ တည်၏။

(ဤသို့ အဌကထာဆရာ၏ အာဘော်ရင်းကို ပြဆိုပြီးနောက် ဇာတ်လမ်းအစဉ်ကို ဆက်ပါအံ့)

## ဘုရားထံသို့ နဂါးမင်းရောက်ခြင်း

ရေကပတ္တ နဂါးမင်းသည် ဖြေကြားသော သီချင်းဂါထာ· တရားတော်အလာကို ကြားနာရ၍ ဘုရား ပွင့်တော်မူ သည့် အဖြစ်ကိုသိပြီး ငါသည် ဘုရားရှင် နှစ်ဆူ၏ အကြား ကာလ ပတ်လုံး တရားတော်အသံကို တရံတခါမျှ မကြား ရဘူးချေ။ စင်စစ် လောက၌ ဘုရားပွင့်တော်မူလေပြီတကားဟု ဝမ်းမြောက် လွန်းလှသဖြင့် အားရဝမ်းသာ အမြီးဖြင့် ရေကိုပုတ် ခတ်၏။ ကြီးစွာသော လှိုင်းတံပိုးတို့ ထကုန်၏။ ကမ်းနှစ်ဖက် တို့သည် ပြိုကုန်၏။ ထိုမှ ဤမှ တဥသဘမျှသောအရပ်၌ ရှိသောသူတို့ သည် ရေ၌ နစ်ကုန်၏။ နဂါးမင်းသည် ထိုလူတို့ကို ပါးပျဉ်း၌ တင်၍ ဆယ်ယူလျက် ကုန်းထက်သို့ ထား၏။

နဂါးမင်းသည် ဥတ္တရလုလင်သို့တပ်၍–

"အရှင် ဥတ္တရလုလင် မြတ်စွာဘုရား အဘယ်မှာရှိသနည်း"

"တခုသော သစ်ပင်ရင်း၌ နေတော်မူ၏"

"အရှင့်သား လာလော့၊ မြတ်စွာဘုရားထံ သွားကုန်အံ့"

ဤသို့ပြောဆိုပြီး ဥတ္တရလုလင်နှင့် အတူတကွ သွားလေ၏။ လူအပေါင်းတို့သည် အတူတကွ လိုက်ကြ၏။ နဂါးမင်းသည် ရောင်ခြည်တော် ခြောက်သွယ်တို့၏ အတွင်းသို့ဝင်၍ မြတ်စွာ ဘုရားကို ရှိခိုးပြီး ငိုမြည်တမ်း၏။

"မြတ်သောနဂါးမင်း ။　　။ဤသို့ငိုကြွေးခြင်းသည်အဘယ် ကြောင့်နည်း"

"အရှင်မြတ်ဘုရား။ ။တပည့်တော်သည် ကဿပမြတ်စွာဘုရား၏ တပည့်သားဖြစ်ခဲ့၍အနှစ်နှစ်သောင်းတို့ပတ်လုံး ရဟန်းတရားကို အားထုတ် ခဲ့ပါသည်။ တပည့်တော် အားထုတ်ခဲ့သော်လည်း အဟိတ်ပဋိသန္ဓေမှ လွတ်မြောက်ခြင်းငှာ မစွမ်းနိုင်ပါ။ ပိန်းရွက်ကလေးကို ဖြတ်မိကာမျှနှင့် အဟိတ် ပဋိသန္ဓေကိုယူ၍ ဝမ်းဖြင့် တွားသွားရသော ဒုဂ္ဂတိဘဝ၌ ဖြစ်ခဲ့ရပါသည်။ကဿပဘုရားရှင်နှင့်ဂေါတမဘုရားရှင်တို့၏ ဘုရားနှစ်ဆူပွင့်တော်မူသောကြားကာလ၌ လူ့အဖြစ်ကို မရနိုင်ပါ။ သူတော်ကောင်းတရားကို မကြားနာ ရပါ။ အရှင်ဘုရားကဲ့သို့သော မြတ်စွာဘုရားသခင်ကို မဖူးမြင်ခဲ့ရပါ။ ထို့ကြောင့် ငိုကြွေး မိပါသည်" ဟု လျှောက်၏။

"နဂါးမင်း ။ ။ လူ၏ အဖြစ်ကိုရခြင်း၊ သူတော်ကောင်းတရားကို ကြားနာရခြင်း၊ ဘုရားပွင့်တော်မူသော ကာလတို့ကြုံကြိုက်ရခြင်းတို့မှာ အလွန်ရခဲစွာ၏" ဟု မိန့် တော် မူပြီးတရားတော်ကို ဟောကြားတော် မူလိုသောကြောင့်-

(၁၈၂) ကိစ္ဆော မနုဿပဋိလာဘော၊ ကိစ္ဆံ မစ္စာန ဇီဝိတံ။
ကိစ္ဆံ သဒ္ဓမ္မဿဝနံ၊ ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ။

(၁၈၂) လူ၏အဖြစ်ကို ရရန်ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှည်စွာနေရခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်းတရားကို နာကြားရခြင်းသည်၊ ခဲယဉ်း၏ ဘုရားပွင့်သောကာလကို ကြုံကြိုက်ရန်ခဲယဉ်း၏။

ဒေသနာတော်၏ အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သောသတ္တဝါတို့အား အကျွတ်တရားကို ရစေသည်။ ဧရကပတ္တနဂါးမင်းသည် တိဟိတ်ပဋိသန္ဓေတည်နေစွဲယူသော ပုဂ္ဂိုလ်ဖြစ်ခဲ့လျှင်ထိုနေ့ ထိုအခါက ဒေသနာတော်၏ အဆုံး၌ သောတာပတ္တိ

ဖိုလ်ကို ရနိုင်၏။ ဒုဂ္ဂတိအဟိတ် တိရစ္ဆာန် ဖြစ်သောကြောင့် သာ မဂ်ဖိုလ်ကို မရရှာလေ။ သို့သော် နဂါးဘဝ၌ ဖြစ်ကြရသူ တို့သည် အဘယ်မျှလောက် တန်ခိုးရှိစေကာမူ ပဋိသန္ဓေယူသော အခါ၊ အရေလဲသောအခါ၊ လွတ်လွတ်စိတ်ပြု၍ အိပ်သော အခါ၊ ဇာတ်တူနဂါးမနှင့်မေတုန်မှီဝဲသောအခါ၊ သေလွန်သော အခါ၊ ဤငါးပါးကုန်သော အရာဌာနတို့၌ နဂါး၏ အသွင်ဖြင့် ပင်ပန်းကြကုန်၏။ ဧရကပတ္တ နဂါးမင်းသည် ထိုငါးပါးသော ကိစ္စတို့၌ တစုံတရာ ပင်ပန်းခြင်း မရှိဘဲ ဝမ်းမြောက်ဝမ်းသာ တင့်တယ်စွာ ဆင်ယင်သော လုလင်၏အသွင်ဖြင့်လျှင် ပျော်ရွှင် လှည့်လည်ခွင့် ရလေ၏။

(ဓမ္မပဒ ဗုဒ္ဓဝဂ်သုံးခုမြောက် ဧရကပတ္တ နဂါးမင်းဝတ္ထု ပြီး၏)

၁၄။ ဗုဒ္ဓဝဂ်

## ၄။ ရဟန်းဟူသည်ကား

(အာနန္ဒာ၏ ဥပုသ်အမေး)

မကောင်းမှု ဟူသမျှကို မပြုရာ။
ကုသိုလ်နှင့်ပြည့်စေရာ၏။
မိမိစိတ်ကို ဖြူဖြင်စေရာ၏။
ဤကား ဘုရားရှင်တိုင်း၏ အဆုံးအမ ဖြစ်၏။
မတုန့်မပြန် သီးခံခြင်းသည် မြတ်သော အကျင့်တည်း။
နိဗ္ဗာန်ကို အမြတ်ဆုံး ဟူ၍ ဘုရားရှင်တို့သည် ဟောကြား
တော်မူကုန်၏။

(သဗ္ဗပါပဿ အကာရဏံ)အစခံသော သုတ္တန် ဒေသနာ
တော်ကို သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ အာနန္ဒာ
မထေရ်မြတ် မေးလျှောက်အပ်သော ပြဿနာကိုအကြောင်းပြု၍
ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

အာနန္ဒာ မထေရ်သည် နေ့သန့်ရာအရပ်၌ နေလျက် စဉ်းစား
မိ၏။ မြတ်စွာဘုရားသည် ခုနစ်ဆူသော ဘုရားတို့၏ မယ်တော်
တို့ကိုရင်း၊

အသက်တော် အပိုင်းအခြားကိုရင်း၊
ပွင့်တော်မူသည့် ဗောဓိပင်ကိုရင်း၊
သာဝကအစည်းအဝေးကိုရင်း၊
အဂ္ဂသာဝကအစည်းအဝေးကိုရင်း၊
အလုပ်အကျွေးကိုရင်း၊

ဤအလုံးစုံကို ဟောတော်မူ၏။ စင်စစ် ခုနစ်ဆူသောဘုရားရှင်တို့၏ ဥပုသ်ပြုခြင်းကို ဟောတော်မမူပေ။ ထိုဘုရားရှင်တို့သည် ယခု ငါတို့ မြတ်စွာဘုရားရှင်သုံးသော ဥပုသ်မျိုးပင် ဖြစ်လေသလော၊ အခြားတပါးသည် ဖြစ်လေသလောဟုစဉ်းစားမိသည့် အတိုင်းမြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ထိုအကြောင်းကို မေးလျှောက်၏။

## ဘုရားရှင်၏ အဖြေတော်

ထိုအခါ ဘုရားရှင်က ''ချစ်သား အာနန္ဒာ။ ။ထိုဝိပဿီစသောဘုရားရှင်တို့၏ အဆုံးအမဩဝါဒ၊ ပါတိမောက် ပြခြင်းသည် အချိန်ကာလကြာမြင့်လှစွာ၍ ကာလကွဲပြားခြားနားခြင်းသာဖြစ်၏။ အဆုံးအမ ဩဝါဒ ပါတိမောက်ပြသော တရားစကားမှာကား ကွဲပြားခြင်းမရှိ။ ထပ်တူသာလျှင် ဖြစ်ချေသည်။

ချစ်သား အာနန္ဒာ။ ။ဝိပဿီမြတ်စွာဘုရားသည် ခုနစ်နှစ်တကြိမ် ဩဝါဒ ပါတိမောက်ဥပုသ်ကို ပြု၏။ အဘယ့်ကြောင့်ဆိုသော် တကြိမ်သော ဩဝါဒသည် ခုနစ်နှစ်ပတ်လုံးတည်၏။ ထို့ကြောင့် ခုနစ်နှစ်ကြာမှ တကြိမ်မျှလောက်သော အဆုံးအမဩဝါဒ ဥပုသ်ကို ပြုလေသည်။

ထို့အတူ သိခီ မြတ်စွာဘုရား သည်ငှင်း၊ ဝေဿဘူမြတ်စွာ ဘုရားသည်ငှင်း ခြောက်နှစ် တကြိမ်သာ ဥပုသ်ပြုလေ၏။

ကကုသန်နှင့် ကောဏာဂုဏ် ဘုရားတို့သည် တနှစ်တကြိမ်ကျ ဥပုသ်ကို ပြုကုန်၏။

ကဿပ မြတ်စွာဘုရားသည် ခြောက်လတကြိမ် ဥပုသ်ကို ပြုတော်မူ၏။

ဤသို့ ထိုမြတ်စွာဘုရားသခင်တို့၏ ဥပုသ်ပြုရာ အခါချိန်တို့ကို မိန့်ကြားတော်မူပြီး ထိုဘုရားရှင်တို့၏ အဆုံးအမဩဝါဒဂါထာ တို့သည်ကား ဤဂါထာတို့ သာလျှင် တည်း။ ထိုအလုံးစုံသော ဘုရားတို့ရှင်၏ တူသော ဥပုသ်ပြုခြင်းကို ထင်ရှားပြတော်မူလို သောကြောင့်....

(၁၈၃) သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

(၁၈၄) ခန္တီပရမံတပေါ တီတိက္ခာ။
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
နဟိ ပဗ္ဗဇိတော ပရူပဃာတီ။
နသမဏော ဟောတိ ပရံ ဝိ ဟေဌယန္တော။

(၁၈၅) အနူပဝါဒေါ အနူပဃာတော၊
ပါတိမောက္ခေစ သံဝရော။
မတ္တညုတာစ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေစ အာယောဂေါ၊ဧတံ ဗုဒ္ဓါန သာသနံ။

(၁၈၃) မကောင်းမှုအားလုံးကို ကြဉ်ရှောင်ခြင်း ကုသိုလ် တို့ကို ပြည့်စုံစေခြင်း၊ မိမိ၏စိတ်ကို စင်ကြယ်စေခြင်း၊ ဤသည် တို့သည် ဘုရား ရှင်တို့၏ အဆုံးအမတော်တည်း။

(၁၀၄) အငြိုး အငြင် အဆင်းရဲခံခြင်း၊သည်းခံခြင်းသည် မွန်မြတ်သော အကျင့် ဖြစ်၏။ နိဗ္ဗာန်ကို အမြတ်ဆုံးဟူ၍ ဘုရားရှင် တို့သည် ဟောကြားတော်မူကြကုန်၏။ သူတပါးကို သတ်ပုတ်ညှဉ်းဆဲလေ့ရှိသော သူသည်။ ကိလေသာကို နှင်ထုတ်သောသူ မဖြစ်။ သူတပါးကို ညှဉ်းဆဲသော ရဟန်းမရှိ။

(၁၀၅) သူတပါးကို မစွပ်စွဲစေခြင်း၊ မသတ်ဖြတ် မညှင်းဆဲခြင်း၊ မညှဉ်းဆဲစေခြင်း၊ရဟန်းတို့၏ ပါတိမောက္ခသီလကို စောင့်ရှောက်ခြင်း၊ ဆွမ်း၌ အတိုင်းအရှည်ကို သိခြင်း၊ ဆိတ်ငြိမ်သော ကျောင်း အိပ်ရာ နေရာသို့ ကပ်ခြင်း၊ သမာဓိတည်ဆောက်မှု၌ ကဲလွန်သောလုံ့လပြုခြင်း ၊ဤသည်တို့သည် ဘုရားရှင်တို့၏ အဆုံးအမတော်တည်း။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြကုန်၏။

(ဓမ္မပဒ ဗုဒ္ဓဝဂ် လေးခုမြောက် ရှင်အာနန္ဒာ အမေးပုစ္ဆာ ဝတ္ထု ပြီး၏။)

၁၄။ ဗုဒ္ဓဝဂ်

# ၅။ သာဝကများ လှမ်းသည့်လမ်း

## (ရဟန်းတပါး ဝတ္ထု)

စကြဝဠာတေး ခန္ဓာတ်မင်းသည် လိုသမျှရသည့်တိုင်အောင်
ရောင့်ရဲခြင်းမရှိ။
ကာမဂုဏ်တို့သည် သာယာမှုနည်း၍ ဆင်းရဲခြင်းသာ
များကုန်၏။
ဤသို့ပင် ဘုရားရှင်၏ တပည့်တို့သည်သိ၍ နတ်တို့၏
စည်းစိမ်ကိုပင်မမက် တဏှာ၏ကုန်ခမ်းရာ နိဗ္ဗာန်၌သာ
မွေ့လျော်ကုန်၏။

(သဗ္ဗပါပဿ အကရဏံ) အစခံသော ဒေသနာတော်ကို
ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးဆောင်မူစဉ် (သာသနာ
တော်၌ မပျော်မွေ့သော ရဟန်းတပါးကို အကြောင်းပြု၍)
ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

ရဟန်းငယ်တပါးသည် သာသနာတော်၌ ပဉ္စင်းအဖြစ်ရပြီး
နောက် ဥပဇ္ဈာယ်ဆရာက ပါဠိတော်သင်ယူရန်အတွက် ဝေးကွာ
လှသောအရပ်သို့ စေလွှတ်သဖြင့် ပါဠိတော်သင်ကြားရန် သွား
ရောက်လေ၏။

တနေ့တွင် ထိုရဟန်းငယ်၏ ဖခင်သည် မကျန်းမမာဖြစ်၍ လာ၏။ သားကို တွေ့မြင်လိုသော စိတ်ဇောတို့ ပြင်းထန်လာ၏။ သားရဟန်းထံ သွားရောက်အကြောင်းကြားပေးမည့်သူ မရှိလေ၊ သားကို တွေ့မြင်လိုဇော ပြင်းလာလေ၊ ရောဂါတိုးလာလေဖြစ်လေ၏။ သားကိုသာတမ်းတလျက် သေလုမြောပါးအချိန်ရောက်သောအခါတွင် သားအတွက် အသပြာငွေ တရာကို ညီငယ်၏ လက်၌အပ်ပြီး ကွယ်လွန်ရှာလေ၏။

မပျော်မွေ့ရှာ ညှိုးနွမ်းလာ၍

ထိုရဟန်းငယ်သည် ပါဠိတော်များ သင်ကြား ပြီး ပြန်၍ ရောက်လာလျှင် ဖခင်ကွယ်လွန်ကြောင်းသိရပြီး ဦးလေးဖြစ်သူကထိုရဟန်းငယ်ရှေ့တွင်လူးလှိမ့်ငိုကြွေးပြီးလျှင်၊ အရှင်ဘုရား၏ ဖခင်သည် အရှင်ဘုရားကို တွေ့မြင်လိုဇောဖြင့် တတမ်းတတနှင့် ပင် သေလွန်ခဲ့ပါသည်၊ အရှင်ဘုရား၏ ဒါယကာကြီးသည် အသပြာတရာကို အရှင်ဘုရားအတွက် ပေးအပ်ခဲ့ပါသည်။ ထိုအသပြာကို တပည့်တော် ဘယ်လိုပြုရမည်ကို အမိန့်ရှိတော်မူပါဟု လျှောက်ထား၏။ ရဟန်းငယ်က ဒါယကာကြီး ငါသည် အသပြာကို အလိုမရှိဟု ပြစ်ပယ်၏။

အသပြာတရာရမည်ဆိုပြန်သောအခါ စိတ်ဝင်စားလာတော့သည်။ "အိမ်ပေါက်စေ့ ဆွမ်းခံလှည့်လည်၍ စားနေရသဖြင့် ငါ့အား အဘယ်သို့ အကျိုးရှိမည်နည်း။ အဖေပေးခဲ့သောငွေ တရာကို အရင်းအနှီးပြုခါ အသက်မွေးမည်၊ သာသနာ့ဘောင်မှ ထွက်တော့မည်ဟု ကြံစည်မိလေ၏။ ထိုသို့ထွက်ရန် ကြံစည်မိသည်နှင့် တပြိုင်နက် ရဟန်းဘဝမှာ မပျော်တော့၊ ကမ္မဋ္ဌာန်းကိုလည်း အားမထုတ်နိုင်၊ ပါဠိတော်များကိုလည်း မရွတ်ဖတ်

နိုင် (မအိပ်နိုင်၊ မစားနိုင် မသောက်နိုင် မလှုပ်ချင် မရှားချင်) တဖြည်းဖြည်းပင် ပိန်လှီဖြော့တော့၍ လာတော့၏။

ဘုရားရှင်က တရားပြ

ရဟန်းငယ်ကို သာမဏေတို့က အဘယ့်ကြောင့်၊ ညှိုးနွမ်းနေရပါသနည်းဟု မေးကြသောအခါ လူထွက်ချင်စိတ် ပြင်းပြနေ၍ ဤသို့ဖြစ်ရကြောင်း ပြောပြလေရာ သာမဏေတို့မှတဆင့် ဥပဇ္ဈာယ်ဆရာ၏နား ပေါက်ကြားလေသဖြင့်၊ ဥပဇ္ဈာယ်ဆရာက ဘုရားရှင်ထံတော် ခေါ်ဆောင်၍ သွားလေ၏။

မြတ်စွာဘုရားသခင်က-

"ချစ်သားရဟန်း။ ။ သာသနာတော်ဝယ် မပျော်မွေ့၍ လူထွက်လိုသည်မှာ မှန်သလော"

"မှန်ပါသည်ဘုရား"

"ချစ်သားရဟန်း။ ။ အဘယ့်ကြောင့် သာသနာ့ဘောင်မှာမပျော်မွေ့သနည်း၊ လူ့ဘောင်ဘဝတွင် ရင်းနှီးစရာအသပြာ ပစ္စည်းများ ရှိပါသလား"

"ရှိပါသည်ဘုရား"

"အဘယ်မျှလောက် ရှိသနည်း"

"အသပြာ တရာရှိပါသည်ဘုရား"

"ချစ်သားရဟန်း။ ။ တနေရာမှ ကျောက်စရစ်ခဲများကို ယူခဲ့လော့။ အသင်၌ရှိသော အသပြာနှင့် ရင်းနှီးစားသောက် လုံလောက်နိုင်မည်၊ မလုံလောက်နိုင်မည်ကို ကြည့်ကြဦးစို့"ဟု မိန့်တော်မူ၏။

ရဟန်းငယ်သည် ကျောက်စရစ်ခဲများကို ယူဆောင်၍လာခဲ့၏။

"ချစ်သားရဟန်း ။ ။ အ သုံး အ ဆောင် များ ဝယ် ရန် အသပြာ ငါးဆယ်ကို ပထမ ဖယ်၍ထားလေလော့၊

ထိုနောက် နွား နှစ် ကောင် ဝယ်ရန် အသပြာ နှစ်ဆယ် လေးကျပ် ဖယ်ထားဦးလော့ဟု မိန့်တော်မူပြီး၊ ဆက်လက်၍ မျိုးစေ့ဝယ်ရန် အသပြာ၊ ထွန်တုံးဆမ်းပိုးဝယ်ရန် အသပြာ၊ ပေါက်တူး ပဲကွပ် ပုဆိန်အတွက် ဝေပုံချ၍ ကြည့်ပြန်စေရာ၊ အသပြာတရာမှာ မလောက်မငှ ဖြစ်လေ၏။ ထိုအခါ မြတ်စွာ ဘုရားက ရဟန်းငယ်ကို

"သင်၏ အသပြာတရာသည် အနည်းငယ်မျှသာ ဖြစ်ချေ သည်၊ ထိုအသပြာတရာဖြင့် လိုချင်တောင့်တ လောဘတဏှာကို အဘယ်သို့ ပြည့်စေအံ့နည်း"ဟု မိန့်တော်မူပြီး။

ရှေးအခါ၌ လေးကျွန်းလုံးကို အစိုးရသော စကြာမင်းသည် လက်ပန်းပေါက်ခတ်ကာမျှဖြင့် တဆယ့်နှစ်ယူဇနာရှိသောအရပ် ၌ ခါးအထိ နစ်သော ရတနာမိုးကို ရွာစေနိုင်၏။ သုံးကျိပ် ခြောက်ယောက်သော သိကြားတို့သည် စုတေပြောင်းကြသည့်ထိ ကြာမြင့်သော ကာလပတ်လုံး တာဝတိံသာ နတ်စည်းစိမ်ကို ခံစားရ၍လည်း သေသောအခါ၌ တောင့်တခြင်း၊ လောဘ တဏှာကို မပြည့်သေးဘဲ သေကြ ရ၏။" ဟု မိန့်တော် မူပြီး ထိုရဟန်းငယ်တောင်းပန်သဖြင့် မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၍ (စကြဝတေး မန္ဓာတ်မင်းဇာတ်) တော်ကို ဟောကြားတော် မူသည်မှာ–

# မန္ဓာတု စကြာမင်းကြီး ဝတ္ထု

ကမ္ဘာဦးအစက လူအပေါင်းတို့ တောင်းပန် တင်မြှောက်ကြ၍ မဟာသမ္မတမင်းဖြစ်၏။ ထိုမင်း၏သားတော်ကား ရောဇ။ ထိုရောဇ မင်းသား၏သားတော်သည် ဝရရောဇ၊ ထိုဝရရောဇ မင်း၏ သားတော်သည် ဝရကလျာဏ၊ ထိုဝရကလျာဏမင်း၏ သားတော်သည် ဥပေါသထ၊ ထိုဥပေါသထမင်းသားတော်သည် မန္ဓာတုအမည်ရှိ၏။

ထိုမန္ဓာတုမင်းသည် ရတနာ ခုနစ်ပါးနှင့် ၎င်း၊ လေးပါးသော တန်ခိုးတို့နှင့်၎င်း ပြည့်စုံ၍ စကြာမင်း အဖြစ်ကို ပြု၏။ ထိုမန္ဓာတုစကြာမင်းသည် လက်ဝဲလက်ကိုကွေး၍ လကျ်ာလက်ဖြင့်ရိုက်ပြီး လက်ပန်းပေါက် ခတ်ခါ မိုးပေါ်သို့ မော်၍ကြည့်လိုက်လျှင် ဒူးဆစ်ထိအောင် ရတနာ ခုနစ်ပါးမိုးကြီး ရွာ၏။ ဤသို့ အံ့ဘွယ်သရဲ ပုဂ္ဂိုလ်ထူး ဖြစ်၏။

ထိုမန္ဓာတုမင်းသည်အနှစ်ရှစ်သောင်းလေးထောင်တိုင်အောင် သတို့သားအရွယ်ဖြင့် ကစား၍နေ၏။

အနှစ်ရှစ်သောင်းလေးထောင်တိုင်အောင်အိမ်ရှေ့မင်းအဖြစ်နှင့် စည်းစိမ်ခံစား၏။

အနှစ်ရှစ်သောင်း လေးထောင် ပတ်လုံး လေးကျွန်းသနင်း စကြာမင်း အဖြစ်ကိုပြု၏။

ထိုမန္ဓာတုမင်းသည် အသင်္ချေယျ အသက်ရှည်၏။

ထိုမန္ဓာတုမင်းကြီးသည် တနေ့တွင် ကာမတဏှာကို ပြည့်စေခြင်းငှာ မစွမ်းနိုင်သောကြောင့် မပျော်မွေ့နိုင်ဘဲရှိနေ၏။ အမတ်တို့က အကဲခတ်၍ မေးလျှောက်သော အခါ-

"အချင်းအမတ်တို့၊ ငါ၏ ကောင်းမှုဘုန်းကံသည် ဤမျှ လောက်သာ ခံစား စံစားရသော မင်းအဖြစ်နှင့် မကျေနပ်နိုင်၊ ဤလောက လူ့ရွာထက်ပျော်စရာကောင်းသောအရပ်ဌာနသည် အဘယ်မှာရှိသနည်း"

ဟုမေးတော်မူလျှင် အမတ်တို့က "နတ်ပြည်သာလျှင် အလွန် မွေ့လျော် ပျော်ဘွယ်ရာ ကောင်းပါသည်" ဟု လျှောက်တင်ကြ၏။

## မန္ဓာတ်မင်းကြီး နတ်ပြည်သို့တက်ခြင်း

ထိုမန္ဓာတ်မင်းကြီးသည်စကြာရတနာကို လည်စေကာအခြွေ အရံပရိသတ်နှင့်တကွ စတုမဟာရာဇ် နတ်ပြည်သို့ တက်ကြွတော်မူ၏။ နတ်မင်းကြီးလေးပါးတို့သည်နတ်ဦဖြစ်သော ပန်းနံ့သာတို့ကို ကိုင်စွဲလျက် နတ်အပေါင်း ခြံရံပြီး ခရီးဦးကြိုပြု၍ စတုမဟာရာဇ် နတ်ပြည်သို့ ပင့်ဆောင်သွားပြီး နတ်မင်း၏ အဖြစ် ပေးအပ်ကြ၏။

နတ်ပရိသတ်ဖြင့် ဝန်းပတ်ခြံရံလျက် ထိုစတုမဟာရာဇ် နတ်ပြည်၌ မင်းအဖြစ်ကို အဓွန့်ရှည်စွာ ခံစား၏။ သို့သော် အလိုဆန္ဒ အာသာမပြည့်၊ မပျော်မွေ့ဘဲ ရှိပြန်လျှင် နတ်မင်းကြီးလေးယောက်တို့က မေးကြသဖြင့် မန္ဓာတုမင်းကြီးက နတ်ပြည်ထက် ပျော်မွေ့ဘွယ်ကောင်းသော နေရာရှိပါသေးသလောဟု မေးမြန်း၏။ နတ်မင်းကြီး လေးယောက်တို့က သိကြားမင်းစံရာ တာဝတိံသာ နတ်ပြည်သည် ယခုထက်ပင် အလွန်ပျော်မွေ့ဘွယ် ကောင်းပါသည်ဟု ပြောကြားသည်။

မန္ဓာတုမင်းကြီးသည် စကြာရတနာကိုလည်စေ၍ မိမိပရိသတ်ဖြင့် တာဝတိံသာ နတ်ပြည်သို့ တက်ပြန်၏။ သိကြားမင်းသည် ကြိုဆို၍ နတ်ပြည်အရပ်သို့ လှည့်လည်ပြသစဉ် မန္ဓာတုမင်းကြီး၏သားတော် အိမ်ရှေ့မင်းသည် စကြာရတနာကိုယူ၍ ပရိသတ်နှင့်တကွ လူ့ပြည်သို့ တဟုန်တည်းဆင်းသက်ပြီး မင်းနေပြည်မြို့တွင်းသို့ ကြွဝင်တော်မူလေ၏။

## သိကြားမင်းစည်းစိမ်

သိကြားမင်းသည် မန္ဓာတုမင်းကြီးအား တာဝတိံသာ နတ်ပြည်ကို နှစ်စုခွဲ၍ ပေးတော်မူ၏။ သိကြားမင်းနှင့် စကြာမင်းတို့သည် တာဝတိံသာ နတ်ပြည်၌ မင်းနှစ်ပါးအဖြစ်ခံစားကြ၏။

လူတို့၏သက်တန်းအားဖြင့် နှစ်ပေါင်းသုံးကုဋေခြောက်သန်းရှိလျှင် သိကြားမင်းသည် စုတေ့သေလွန်လေ၏။ ထို့နောက် သိကြားမင်းအသစ်သည် ရောက်လာ၍ သုံးကုဋေခြောက်သန်းအသက်တမ်းစေ့ပြန်သဖြင့် ထိုဘုံမှစုတေ့ ပြန်လေ၏။

ဤသို့သိကြားမင်းတပါးလျှင် သက်တမ်း သုံးကုဋေခြောက်သန်းစီ စိုးစံခဲ့ရာ သိကြားမင်း သုံးကျိပ် ခြောက်ယောက်တို့ စုတေ့သေလွန်ကြသည့်တိုင် မန္ဓာတု မင်းကြီးသည်ကား လူ၏ခန္ဓာကိုယ်ဖြင့်နတ်မင်းအဖြစ်ကိုစည်းစိမ်ခံစားလျက်ပင်ရှိလေ၏။

ကာလရှည်ကြာလာသော် ပို၍အလိုကြီးစွာ ကာမတဏှာဖြစ်လာပြန်၏။ တာဝတိံသာကို ထက်ဝက်ခွဲ၍ အုပ်စိုးရခြင်းကို မကျေနပ်၊ သိကြားမင်းကိုသတ်၍ တဦးတည်းသော မင်းအဖြစ်ပြုအံ့ဟု ကြံမိလေ၏။

သိကြားမင်းကိုသတ်ခြင်း မည်သည်မတတ်ကောင်း၊ အလို ဆန္ဒ ကြီးမားသော တဏှာတရားမည်သည် ပျက်စီးခြင်း၏ အကြောင်းပင် ဖြစ်၏။

ထို့ကြောင့် ကြံစည်မိသောခဏ၌ အာယုသင်္ခါရသည်ယုတ် လေ၏။ အိုမင်းသော ဇရာသည် ပေါ်လာ၏။ လူတို့၏ခန္ဓာကိုယ် သည် နတ်ပြည်၌ မပျက်စီးကောင်းသောကြောင့် နတ်ပြည်မှ လျှောကျလာခဲ့ပြီး မင်းဥယျာဉ်သို့ ရောက်လေ၏။ ဥယျာဉ်မှူး သည် မင်း၏ဆွေမျိုးတို့ကို လျှောက်ကြားလေလျှင် စုဝေးလာ ရောက်၍ ဥယျာဉ်၌ပင် အိပ်ရာနေရာကို ခင်းစေကုန်၏။ မန္ဓာတု မင်းကြီးသည် မထသော အိပ်ခြင်းဖြင့် လျောင်းအိပ်၍ နေ၏။ အမတ်တို့က အနာဂါတ်အတွက် မှာထားအပ်သော အဆုံးအမ သြဝါဒစကားကို မှတ်သားနိုင်ရန် လျှောက်ကြားမေးမြန်းကြ ကုန်၏။

"ငါမင်းမြတ် မရှိသည့်နောက်၌ လူအပေါင်းအား ဤသို့ ပြောကြားဆုံးမ ကြကုန်လော့ ။ ။ မန္ဓာတု မင်းကြီးသည် ကျွန်းကြီး လေးကျွန်း၊ ကျွန်းငယ် နှစ်ထောင်တို့ကို အုပ်စိုးသော စကြာမင်းအဖြစ်ကိုပြု၍ စတုမဟာရာဇ် နတ်ပြည်၌ ကြာမြင့်စွာ သော ကာလပတ်လုံး မင်းအဖြစ်ကိုပြုပြီးသော်၊ တဖန်တာဝတိံ သာနတ်ပြည်၌ သုံးကျိပ်ခြောက်ပါးကုန်သော သိကြားမင်းတို့ ၏ အသက်အတိုင်း ရှည်အားဖြင့် မင်းအဖြစ် စည်းစိမ်ခံစားရ သည့်တိုင်အောင် လောဘတဏှာမပြည့်နိုင်ဘဲသာလျှင် သေလွန် ရလေသည်"ဟု မှာကြားပြောဆိုပြီး စုတေ့ချုပ်ကြွေ သေလွန် သဖြင့် ကံအားလျော်စွာ လားကပ်တော်မူရလေ၏။

ဘုရားသခင်သည် ဤသို့မန္ဓာတု စကြာမင်းဇာတ်တော်ကို ဟောကြားတော်မူပြီးနောက်-

နေနှင့်လတို့သည် အကြင်မျှလောက်သော အရပ်တို့သို့လှည့် လည်၍သွားကုန်၏။ ထိုမျှလောက် အရပ် မျက်နှာ တို့သည် တင့်တယ်စွာ ထွန်းလင်းကုန်၏။

အကြင် သတ္တဝါတို့သည် မြေကြီးကို မှီ၍ နေကုန်၏။ ထိုသတ္တဝါအားလုံးတို့သည် မန္ဓာတုမင်း၏ ကျွန်တို့သာဖြစ် ကြကုန်၏။

ဟူ၍ တိကနိပါတ် ပါဠိတော်လာ ဤဂါထာကို ကောင်းစွာ ဟောကြားတော်မူပြီးနောက်

**(၁၈၆) န ကဟာပဏဝဿေန၊ တိတ္တိ ကာမေသု ဝိဇ္ဇတိ။**
**အပ္ပဿာဒါ ဒုခါ ကာမာ၊ ဣတိ ဝိညာယ ပဏ္ဍိတော။**

**(၁၈၇) အပိ ဒိဗ္ဗေသု ကာမေသု၊ ရတိံ သော နာဓိဂစ္ဆတိ။**
**တဏှာက္ခယရတော ဟောတိ၊ သမ္မာသမ္ဗုဒ္ဓသာဝကော။**

(၁၈၆) အသပြာမိုးကို ရွာစေသဖြင့်လည်း ကာမတဏှာ၌ ရောင့်ရဲခြင်း မည်သည်မရှိ။ ကာမဂုဏ်တို့သည် အိပ်မက်ပမာ သာယာဘွယ်မရှိကုန်၊ အလွန်အကဲ ဆင်းရဲကုန်၏။ ဤသို့သိ၍

(၁၈၇) မြတ်စွာဘုရား၏ သာဝကဖြစ်ကြသော ထိုသူတော်ကောင်းတို့သည် နတ်ပြည်၌ဖြစ်ကုန်သော ကာမဂုဏ်တို့၌လည်း မွေ့လျော်ခြင်းကို မရနိုင်သည်သာတည်း၊ တဏှာ၏ကုန်ရာဖြစ်သော နိဗ္ဗာန်၌သာ မွေ့လျော်သည်ဖြစ်၏။

(ဓမ္မပဒ ဗုဒ္ဓဝဂ်ငါးခုမြောက် ရဟန်းတပါး ဝတ္ထုပြီး၏။)

### ၁၀-ဗုဒ္ဓဝဂ်

# ၆။ ကိုးကွယ်ရာ အစစ်အမှန်

## (အဂ္ဂိဒတ္တ ပုဏ္ဏားဝတ္ထု)

ဘေးကို တွေးကြောက်ကြသော လူတို့သည် တောတောင်တို့နှင့် အဓိကရ သစ်ပင်ကြီးတို့ကို ကိုးကွယ်ကြ၏။ ဤသို့ ကိုးကွယ်ခြင်းသည်၊ ဘေးကင်းရာ အစစ်မဟုတ်။ ရတနာသုံးပါးကို ဆည်းကပ်သူ တို့သည် သစ္စာလေးပါး တရားကို ကောင်းစွာ သိမြင်၏။

ဘေးကင်းသော မြတ်သော ကိုးကွယ်ခြင်း မည်၏၊ ဝဋ်ဆင်းရဲ ဘေးကြီးမှ လွတ်မြောက်နိုင်၏။ ကောင်း ဘေးကင်းသော ကိုးကွယ်ခြင်းဖြစ်၏။ ။

(ဗဟုံ ဝေ သရဏံယန္တိ) အစရှိသော ဒေသနာတော်ကို၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အဂ္ဂိဒတ္တပုရောဟိတ် ပုဏ္ဏားကြီးကိုအကြောင်းပြု၍ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

မဟာကောသလမင်းကြီး၏ ပညာရှိပုရောဟိတ် ပုဏ္ဏားသည် အဂ္ဂိဒတ္တ အမည်ရှိ၏။ မဟာကောသလမင်းကြီး နတ်ရွာစံသော် ပသေနဒီ ကောသလမင်းသည် မင်းအဖြစ်ကို ရောက်၏။ ထိုမင်းသည် ခမည်းတော်မင်းမြတ်၏ ပုရောဟိတ် ပုဏ္ဏားကြီးကိုပင် ပုရောဟိတ်အရာ၌ထား၏။ မင်းထံခစားလာလျှင် မင်းက ခရီးဦးကြိုပြု၏။ မိမိနှင့်တန်းတူ ထိုင်စေ၏။

အင်္ဂုဒတ္တသည် စဉ်းစားမိ၏။ ဤမင်းသည် ငါ့အား အလွန်ရှိသေ၏။ မင်း၏စိတ်ကို အစဉ်မှတ်၍မရ။ အရွယ်တူနှင့်နေရလျှင် ပျော်မွေ့ဘွယ်ရှိ၏။ ငါသည်ကား အရွယ်ကြီးလေပြီဟု ရဟန်းပြုရန် မင်းထံခွင့်တောင်းပြီး တိုင်းပြည်၌ စည်လှည့်ကြွေးကြော်စေ၍ ခုနစ်ရက်ဖြင့် မိမိပစ္စည်းဥစ္စာအားလုံးကို စွန့်ကြဲပေးလှူပြီး (သာသနာပဖြစ်သော) ရဟန်းအဖြစ်ကို ပြု၏။

## အဟိဆတ္တကနဂါးမင်း

ထိုအင်္ဂုဒတ္တကိုအ မှီပြု၍အမျိုးသားတသောင်းတို့သည်လိုက်၍ ရဟန်းပြုကြ၏။ အင်္ဂုဒတ္တသည် ရဟန်း တ သောင်း နှင့် အတူ၊ အင်္ဂတိုင်း၊ မာဂဓတိုင်းတို့၏ အကြားတွင်နေ၍ တပည့်တို့အား ဤသို့ အဆုံးအမကို ပေး၏။

''ချစ်သားတို့။ ။သင်တို့တွင် ကာမဝိတက် (ကာမဂုဏ်ကို စိတ်ကူးကြံစည်ခြင်း) စသည်တို့ဖြစ်လျှင် ထိုရဟန်းသည်၊ မြစ်မှ သဲတဆုပ်ကိုယူ၍ ဤတရပ်၌ ပုံကြရမည်'' ဟူ၏။

တပည့်တို့လည်းဝန်ခံ၍ ကာမဝိတက် စသည်တို့ ဖြစ်တိုင်း ဖြစ်တိုင်း သဲစုတို့ကိုစုပုံကြလေရာ၊ ကာလကြာမြင့်လျှင် ကြီးစွာသော သဲပုံကြီးဖြစ်၏။ ထိုသဲပုံကြီးကို အဟိဆတ္တ အမည်ရသော နဂါးမင်းသည် သိမ်းယူနေထိုင်လေ၏။

## အင်္ဂုဒတ္တ အဆုံးအမတရား

အင်္ဂတိုင်းနှင့် မာဂဓတိုင်း၌ နေကြလေကုန်သော သူတို့သည် လတိုင်းလတိုင်း ထိုရဟန်းတို့အားများစွာသော ပူဇော်သက္ကာရတို့ဖြင့် လှူဒါန်းကြ၏။ ထိုသူတို့အား အဆုံးအမကို ပေးရာတွင်။

တောင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြလေ၏။
တောကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြလေ၏။
ဥယျာဉ်ခြံမြေ အရံအ တား တို့သည် ဆင်းရဲခြင်းကို ဖျောက်၍ ချမ်းသာခြင်းကိုရောက်စေတတ်သောအကြောင်းကြောင့်၊ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြလေ၏။ (အာရာမံ၊ အရာမ်ကို)
သစ်ပင်ကြီးတို့ကို၊ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြလေ၏။
ဤသို့ကိုးကွယ်ခြင်းသည် အလုံးစုံသော ဆင်းရဲဒုက္ခမှ လွတ်မြောက်နိုင်၏။
ဟူ၍ ဆုံးမလေ့ရှိ၏။

## ဘုရားသခင် ကြည့်မြင်တော်မူခြင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ်၊ မိုးသောက်လအခါ၌ လောကကို ကြည့်တော်မူရာတွင် အဂ္ဂိဒတ္တပုဏ္ဏားကို တပည့်များနှင့်အတူ ရွှေဉာဏ်တော်ကွန်ရက် အတွင်း သို့ ဝင်လာ၍ ဤ သူ အား လုံး တို့သည် အရဟတ္တဖိုလ်၏ ပြည့်စုံမည့် အကြောင်းကိုသိ၍ ညနေချမ်းအချိန်တွင် အရှင်မဟာမောဂ္ဂလာန်အား ခေါ်တော်မူပြီး-

"မောဂ္ဂလာန်။ ။အဂ္ဂိဒတ္တပုဏ္ဏားကြီးသည်၊ လူအပေါင်းအား လွတ်မြောက်ရာ ဆိပ်ကမ်းမဟုတ်သော ခရီးသို့ ပြေးဝင်စေသည်ကို မြင်၏လော၊ 'သွားချေလော့၊ ထိုသူတို့ အား အဆုံးအမကို ပေးလော့" မိန့်တော်မူ၏။

"အရှင်ဘုရား။ ။ဤသူတို့သည်များလှကုန်၏။တပည့်တော်တပါးတည်း ဟောကြားဆုံးမနိုင်မည်မဟုတ်ပါ။ အရှင်ဘုရားတို့ ကြွတော်မူပါလျှင် ဟောကြားဆုံးမနိုင်ပါမည်ဘုရား"

"မောဂ္ဂလာန်။ ။သင်ရှေ့က သွားနှင့်လော့၊ ငါဘုရားလည်း ကြွခဲ့အံ့"ဟု မိန့်တော်မူ၏။

## အရှင်မောဂ္ဂလာန်နှင့် အဂ္ဂိဒတ္တ ပုဏ္ဏားကြီး

အရှင်မောဂ္ဂလာန်သည် ကြွသွားယင်း စဉ်းစား၏။

"ဤသူတို့သည် အင်အားလည်းကြီးမားကြ၏။ များလည်းများ၏။ လူစုံသူစုံ စုဝေးနေစဉ် တရားဟောပါက တယောက်တပေါက်နှင့်ဖြစ်ရာ၏။ ဤသို့စဉ်းစားမိသည့်အတိုင်း လူစုခွဲရန် မိမိ၏တန်ခိုးတော်ဖြင့် မိုးကိုရွာစေ၏။ ထိုရဟန်းတို့သည် မိုးသည်းထန်၍ မိမိတို့၏ သစ်ရွက်မိုးကျောင်းများသို့ ထ၍ ထ၍ သွားကြ၏။

အရှင်မောဂ္ဂလာန်သည် အဂ္ဂိဒတ္တ၏ သစ်ရွက်မိုး ကျောင်းတံခါးဝ၌ ရပ်၍....

"အဂ္ဂိဒတ္တ"ဟူ၍ ခေါ်တော်မူ၏။

အဂ္ဂိဒတ္တသည် ခေါ်သံကြား၍"ဤလောက၌ ငါ့အမည်ကို ခေါ်ဝံ့သူ တစုံတယောက်မျှမရှိ၊ အဘယ်သူများ ခေါ်လေသနည်း"ဟု မာန်မာန၏ အစွမ်းဖြင့်....

"မည်သူနည်း"ဟု မေး၏။

"ငါတည်း"ဟု ဆို၏။

"ဘယ်သို့ ပြောသနည်း" (ဘယ်လို ပြောလိုက်တာလဲ)ဟု မေးပြန်၏။

"ဤအရပ်တွင် တညတည်း ခိုစရာ နေရာကို ညွှန်ကြားပါ"

"ဤအရပ်မှာ တည်းခိုဘို့နေရာမရှိ၊တဆောင်တယောက်သာ နေလောက်ရုံရှိသည်"

"အဂ္ဂိဒတ္တ။ ။လူဆိုလျှင် လူတို့နေရာ သွားကြသည်။နွား ဆိုလျှင် နွားတို့ထံ သွားကြသည်။ ရဟန်းဆိုလျှင် ရဟန်းတို့ထံ သွားကြသည်"

"သင် ရဟန်းလော"

"ရဟန်းပါ"

"အကယ်၍ ရဟန်း ဖြစ်သည် မှန်လျှင်၊ ပြာစစ်၊ ထမ်းပိုး၊ ရေအိုးကရား၊ ခြင်းတောင်း၊ တံချူတို့နှင့် ရဟန်းတို့ ပရိက္ခရာ အဘယ်မှာနည်း"

"ငါ့မှာ ပရိက္ခရာများရှိ၏။ထိုပရိက္ခရာများ ယူဆောင်သွား လာရသည်မှာ ဒုက္ခများလှသဖြင့် အတွင်းမှာပဲ ယူခဲ့၏"

ဤတွင် အဂ္ဂိဒတ္တပုဏ္ဏားတို့သည်သာလျှင် ဤသို့အပိုပရိက္ခရာ တို့ကို ယူသည်ဆိုရာ ရောက်သဖြင့်အဂ္ဂိဒတ္တသည်အမျက်ထွက်၏။

ထို့နောက်အရှင်မောဂ္ဂလာန်က....

"အို....အဂ္ဂိဒတ္တ ငါ့ကို အမျက် မထွက်ပါလင့်၊ ငါ့အား သင့်တင့်သော နေရာတခုကို ညွှန်ကြားပါလော့"ဟု ဆို၏။

"ဤအရပ်၌ သင့်အတွက် နေရာမရှိ"

ရှင်မောဂ္ဂလာန်သည် သဲပုံကြီးကို ညွှန်ပြ၍....

"ဤသဲပုံကြီး၌ မည်သူနေသနည်း"

"နဂါးမင်းတကောင်ရှိသည်"

"ဤနေရာကို ပေးပါလော့"

"ဤနဂါးမင်းသည် အလွန်ဒေါသပြင်းထန်၏။ ထိုနေရာ၌ နေခြင်းငှာ မတတ်နိုင် ဝန်လေးလှ၏"

"ဝန်လေးပါစေတော့၊ ငါ့အား ခွင့်ပြုပါ"ဟု ဆို၏။

"သင်သည်ပင်လျှင် စဉ်းစား၍နေလေတော့"ဟုခွင့်ပေး၏။

## အရှင်မောဂ္ဂလာန်နှင့်အဟိဆတ္တနဂါးမင်း

အရှင်မောဂ္ဂလာန်သည် သဲပုံကြီးသို့ ကြွသွား၏။ နဂါးမင်းသည် အရှင်မောဂ္ဂလာန်ကို မြင်လေလျှင် ဤရဟန်းသည် ငါရှိသည်ကို မသိ၍ ဤနေရာသို့ လာချေသည်၊ အခိုးကို လွှတ်၍ ထိုရဟန်းကို သတ်မည်ဟု အခိုးအငွေ့တို့ကို လွှတ်၏။

အရှင်မောဂ္ဂလာန်သည် ဤနဂါးကား ငါသာလျှင် ကြီးစွာသော အခိုးကို လွှတ်နိုင်သည်၊ တပါးသောသူတို့ မလွှတ်နိုင်ဟု အောက်မေ့လျက် ရှိလေသည်ဟု တန်ခိုးတော်ဖြင့် အခိုးတို့ကို လွှတ်၏။

ရဟန်းနှင့်နဂါး နှစ်ပါးသော သူတို့၏ကိုယ်မှထွက်ကုန်သော အခိုးတို့သည် ဗြဟ္မာ့ပြည်တိုင်အောင် ပြန့်လွှင့်၍တက်၏။ နှစ်ဖက်သော အခိုးအငွေ့တို့သည် အရှင်မောဂ္ဂလာန်မထေရ်ကိုမညှဉ်းဆဲ မနှိပ်စက်နိုင်၊ နဂါးသည်သာလျှင်အခိုး၏အဟုန်ပြင်းထန်သည်ကို သည်းခံခြင်းငှာ မစွမ်းနိုင်သဖြင့် မီးလျှံကို လွှတ်ပြန်၏။

အရှင်မောဂ္ဂလာန်သည် တေဇော ကသိုဏ်းကို ဝင်စားပြီး နဂါးမင်းနှင့် ပြိုင်၍ မီးလျှံတို့ကိုလွှတ်၏။ ရဟန်းနှင့် နဂါးတို့၏ မီးလျှံတို့သည် အထက် ဗြဟ္မာ့ပြည်တိုင်အောင် ထိန်ထိန်လောင်၍ တက်ကုန်၏။ ထိုမီးလျှံတို့သည်လည်း အရှင်မောဂ္ဂလာန်ကို တစုံတရာ ထိခိုက်ခြင်းမရှိပဲ၊ နဂါးသာလျှင် တကိုယ်လုံးဥက္ကာမီးရှူးတို့ဖြင့် ရှို့သကဲ့သို့ လောင်ကျွမ်း၏။

အဂ္ဂိဒတ္တနှင့် ရဟန်းတို့သည် သဲပုံကြီးမှ အခိုး တို့ကိုရင်း၊ မီးတောက် မီးလျှံတို့ကိုရင်းမြင်တွေ့ရလေလျှင် "ညွှေ့သည်ရဟန်းသည် ငါတို့၏စကားကို နားမထောင်ခြင်းကြောင့် နဂါးမင်း

သည့် ထိုရဟန်းကို လောင်ကျွမ်းစေတော့သည်။ ထိုရဟန်း၏ ပျက်စီးခြင်းသည် ကောင်းလေစွတကား''ဟု ထင်မှတ် အောက်မေ့ကြကုန်၏။

အရှင် မဟာမောဂ္ဂလာန်သည် နဂါးမင်းကို ဆုံးမ၍ မာန်တည်းဟူသော အဆိပ်အတောက် မရှိအောင် ဆုံးမ၏။ နဂါးမင်းသည် ဘုန်းတန်ခိုး ကြီးလှသော အရှင်မောဂ္ဂလာန်အား ရိုကျိုးမြွတ်နိုး လေ၏။အရှင်မဟာမောဂ္ဂလာန်သည် သဲပုံထက်၌ ထိုင်နေတော်မူ၏။ နဂါးမင်းသည် သဲပုံကို ရစ်ပတ်၍ အရှင်မောဂ္ဂလာန်၏ဦးခေါင်းထက်၌ အထွတ်တပ်သော ပြာသာဒ်၏ အသွင်ကြီးမားစွာသော ပါးပျဉ်းကိုဖန်ဆင်း၍ မိုးပေးထား၏။

ပရိဗိုဇ်ရဟန်းတို့သည် မိုးလင်းလျှင် လင်းခြင်း ထိုအာဂန္တုရဟန်းသေလေသည်လား၊ ရှင်လေသည်လားဟု သိကြရအောင် သဲပုံကြီးသို့ စုရုံး၍လာကြကုန်၏။ အရှင်မောဂ္ဂလာန်သည် သဲပုံထက်၌ စံပယ်တော်မူလျက် နဂါးမင်း သည် ထိုအရှင်အား သဲပုံကိုအခွေပြုလျက် ပါးပျဉ်းကို ဖြန့်မိုးကာ ရိုကျိုးဝပ်တွားဖော်ခြင်းအမှုပြုသည်ကို မြင်ကြရလျှင် တအံ့တသြဖြစ်ကြရာ အရှင်မဟာ မောဂ္ဂလာန်အား ကြည်ညိုသဒ္ဓါ လွှမ်းမိုးကာဖြင့် လက်စုံမိုး၍ ရှိခိုးကြရင်း-

''ရှင်ရဟန်း။　။နဂါးမင်းသည် ညှင်းပမ်းနှိပ်စက်ခြင်းမပြုလေသလော''ဟု မေး၏။

''ငါ၏ ဦးခေါင်းထက်၌ ပါးပျဉ်းကိုမိုး၍ ငါ့အကျိုးကို ဆောင်ကာတည်နေသော နဂါးမင်းကို အဘယ်ကြောင့်သင်တို့ မမြင်ကြသနည်း''ဟု မေးတော်မူသဖြင့် ထိုပရိဗိုဇ် ရဟန်းတို့သည် အချင်းချင်းပင် ဤသို့ကြမ်းကြုတ်ခက်ထန်သော နဂါး

မင်းကို ဆုံးမခြင်းသည် အံ့သြဘွယ် ရှိပေစွတကားဟု ပြောဆိုကြလျက် အရှင်မောဂ္ဂလာန်အား ဝိုင်းရံပတ်ခါ ရှိခိုး၍နေကြလေ၏။

## မြတ်စွာဘုရားသခင် ကြွလာတော်မူခြင်း

ထိုတခဏ၌ပင် မြတ်စွာဘုရားသခင်သည် ကြွလာတော်မူ၏။ အရှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရားအား မြင်လျှင်နေရာမှထ၍ ရှိခိုးဦးတိုက်၏။

ထိုအခါ ပရိဗိုဇ်ရဟန်းတို့သည် အံ့သြကြကုန်၏။ "ဤရဟန်းသည် အသင်ထက်ပင် ကြီးမြတ်သလော"ဟု မေးကြ၏။

"အို-ရဟန်းအပေါင်းတို့။ ။ဤမြတ်စွာဘုရားသည် ငါ၏ဆရာတည်း။ ငါသည် ဘုရား၏တပည့်တည်း"ဟု ဆို၏။

မြတ်စွာဘုရားသည် သဲပုံထက်၌ ထိုင်တော်မူ၏။ ပရိဗိုဇ်ရဟန်းအပေါင်းတို့သည် တပည့်ဖြစ်သူ၏ တန်ခိုးတော်သည် ဤမျှလောက် ကြီးကျယ်လျှင် ဤဆရာဖြစ်သော ရဟန်း၏တန်ခိုးတော်ကား အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်းဟု လက်အုပ်ကိုချီ၍ ရှိခိုးကြပြီး ဘုရားသခင်ကို ချီးမွမ်းကြကုန်၏။ မြတ်စွာဘုရားသခင်သည် အဂ္ဂဒတ္တကို ခေါ်တော်မူပြီး အသင်သည်အသင်၏တပည့်တို့အားရင်း၊အလုပ်အကျွေးဒါယကာ၊ဒါယိကာမတို့အားရင်း၊ အဘယ်သို့သော အဆုံးအမကို ပေးသနည်း"ဟုမေးတော်မူလျှင် "တောင်တို့ကိုရင်း၊ တောတို့ကိုရင်း၊ အရာမ်ဥယျာဉ်ခြံမြေတို့ကိုရင်း၊ သစ်ပင်ကြီးတို့ကိုရင်း ကိုးကွယ်ရာဟူ၍ဆည်းကပ်ကြကုန်လော့။ ဤတောတောင် အရာမ်သစ်ပင်တို့ကိုကိုးကွယ်သောသူသည် အလုံးစုံသော ဆင်းရဲခြင်းမှ လွတ်သည်"

ဟု ထိုသာဝကနှင့် ဥပသကာတို့အား ဆုံးမပါ၏ဟု ဖြေ၏။ မြတ်စွာဘုရားသခင်သည် အဂ္ဂိဒတ္တပုဏ္ဏားကြီးအား "အဂ္ဂိဒတ္တ" ဟုခေါ်တော်မူ၍

အဂ္ဂိဒတ္တ။ ။ဘေးကိုထိတ်လန့်ကြောက်ရွံ့ကြသောလူတို့သည် များစွာကုန်သော တောင်တို့ကိုရင်း၊ တောတို့ကိုရင်း၊ ဥယျာဉ်အရာမ် အစရှိသည်တို့ကိုရင်း၊ သစ်ပင်ကြီး တို့ကိုရင်း၊ ကိုးကွယ်ရာအစစ်ဟု ဆည်းကပ်ကိုးကွယ် ကြကုန်၏။ ဤသို့ ဆည်းကပ်ကိုးကွယ်ခြင်းသည်ဘေးရန်အပေါင်းကို ကင်းငြိမ်းနိုင်သော ကိုးကွယ်မှု မဖြစ်နိုင်။

ဤကိုးကွယ်မှုအပေါင်းသည် အမှန်စင်စစ် မြင့်မြတ်သော ကိုးကွယ်မှုမဟုတ်၊ ဤသို့ ကိုး ကွယ် ခြင်း ကြောင့် ဆင်းရဲ အပေါင်းမှ လွတ်မြောက်ခြင်းမရှိနိုင်။

(၁) အကြင်လူတို့သည်ဘုရားတရား၊သံဃာတို့ကိုကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ကြ၏။ ထိုသူတို့သည်သာလျှင် လေးပါးကုန်သော အရိယသစ္စာတို့ကို မဖေါက်မပြန်သော ဉာဏ်ဖြင့် မြင်၏။

(၂) သစ္စာလေးပါးကို အဘယ်သို့မြင်သနည်း။ ဒုက္ခသစ္စာကိုရင်း၊ ဒုက္ခကိုဖြစ်စေတတ်သော သမုဒယသစ္စာကိုရင်း၊ ဒုက္ခ၏ချုပ်ငြိမ်းရာဖြစ်သော နိရောဓ သစ္စာကိုရင်း၊ မြတ်သောအင်္ဂါရှစ်ပါးရှိသော ဒုက္ခ၏ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာကိုရင်း၊ ဤလေးပါးကုန်သော အရိယ သစ္စာ တို့ ကို မဖေါက်မပြန် ပညာဉာဏ်ဖြင့် မြင်နိုင်၏။

(၃) ဤရတနာသုံးပါးတို့သည် ဧကံမလွဲ ဘေးအပေါင်းမှ ကိုးကွယ်ရာ ပုန်းအောင်းရာ၊ မှီခိုရာသည် ဖြစ်၏။ ဤရတနာတို့သည်အလွန်အကျိုးမြတ်သော ကိုးကွယ်ရာသည် ဖြစ်၏။ ဤသုံးပါးရတနာကို ဆည်းကပ် ကိုးကွယ်ခြင်းကိုရောက်၍ အလုံးစုံသော ဝဋ္ဋဒုက္ခမှ လွတ်မြောက်နိုင်မည်သာ ဖြစ်၏။

ဟူ၍ မိန့်တော်မူပြီး တရားဒေသနာ ဟောကြားတော်မူလိုသောကြောင့်။

(၁၈၈) ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ။
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

(၁၈၉) နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏမုတ္တမံ။
နေတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

(၁၉၀) ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။

(၁၉၁) ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
အရိယံ စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။

(၁၉၂) ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏမုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

(၁၈၈) ဘယတဇ္ဇိတာ၊ ဘေးဖြင့်ထိတ်လန့်သည်ဖြစ်၍။ မနုဿာ လူတို့သည်။ ဗဟုံ၊ များစွာကုန်သော။ ပဗ္ဗတာနိစ၊ တောင်တို့ကို၎င်း၊ ဝနာနိစ၊ တောတို့ကို၎င်း။ အာရာမရုက္ခစေတျာနိ၊ အရာမ်ဥယျာဉ် သစ်ပင်စေတီ (ပင်စိမ်းပင် စသည်) တို့ကို၎င်း။ ဝေ၊ စင်စင်။ သရဏံ ကိုးကွယ်ရာဟူ၍။ ယန္တိ၊ ဆည်းကပ်ကြကုန်၏။

(၁၈၉) တေံသဗ္ဗံပိ၊ လိုအလုံးစုသော ပေါတောင် အရာမ် သစ်ပင်တို့သည်။ ခေမံ၊ ဘေးရန်ကင်းငြိမ်းနိုင်သော၊ သရဏံ၊ ကိုးကွယ်ရာသည် နဟောတိ မဖြစ်နိုင်။ တေံသဗ္ဗံ၊ အလုံးစုံသော တောတောင် အရာမ် သစ်ပင်အပေါင်းတို့သည် ဥတ္တမံ၊ မြတ်သော သရဏံ ကိုးကွယ်ရာသည်။ နဟောတိ မဖြစ်နိုင်။ တေံသရဏံ၊ ဤကိုးကွယ်ခြင်းကို။ အာဂမ္မ၊ စွဲ၍။ သဗ္ဗဒုက္ခံ၊ ဇာတိဒုက္ခအစရှိသော ခပ်သိမ်းသောဒုက္ခမှ နပမုစ္စတိ၊ မလွတ်မြောက်နိုင်။

(၁၉၀ ယောဝ၊ အကြင်သူသည်ကား။ ဗုဒ္ဓဥ္စ၊ ဘုရားကိုရင်း ဓမ္မဥ္စ၊ တရားကို။ သံဃဥ္စ၊ သံဃာကိုရင်း။ သရဏံ ကိုးကွယ်ရာ ဟူ၍ ဂတော၊ ဆည်းကပ်ခြင်းသို့ ရောက်၏။ စတ္တာရိ၊ လေးပါးကုန်သော။ အရိယာသစ္စာနိ၊ အရိယသစ္စာတို့ကို၊ သမ္မာ၊ မဖောက်မပြန်၊ ပညာယ ဉာဏ်ဖြင့်။ ပဿတိ၊ မြင်၏။

(၁၉၁) ကတမာနိ၊ အဘယ်သစ္စာလေးပါးတို့ကို။ ပဿတိ၊ မြင်သနည်း။ ဒုက္ခံ၊ ဒုက္ခသစ္စာကိုရင်း၊ ဒုက္ခသမုပ္ပာဒံ၊ ဒုက္ခဖြစ်စေတတ်သော သမုဒယသစ္စာကိုရင်း။ ဒုက္ခသစ္စ၊ ဒုက္ခသစ္စာ၏ အတိက္ကမံ။ လွန်မြောက်ရာဖြစ်သော နိရောဓသစ္စာကိုရင်း။ ဒုက္ခူပသမဂါမိနံ၊ ဒုက္ခ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သော။ အရိယံ၊ မြတ်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော မဂ္ဂံ၊ မဂ္ဂသစ္စာရင်း၊ ပဿတိ။ မြင်၏။

(၁၉၂) တဿ၊ ထိုသစ္စာလေးပါးကို မြင်သောသူ၏၊ ဧတံ၊ ခေါ သရဏံ အလုံးစုံသော ကိုးကွယ်ခြင်းသည်သာလျှင်။ ခေမံ၊ ဘေးကင်း၏။ ဧတံသရဏံ၊ ဤသို့ ကိုးကွယ်ခြင်းသည်။ ဥတ္တမံ၊ မြတ်၏။ ဧတံသရဏံ ဤသို့ ကိုးကွယ်ခြင်းသည်။ ဥတ္တမံ၊ မြတ်၏။ ဧတံသရဏ ဤသို့ကိုးကွယ်ခြင်းသည်သာ သဗ္ဗဒုက္ခံ၊ခပ်သိမ်းသော ဝဋ္ဋဒုက္ခမှ၊ ပမုစ္စတိ၊ လွတ်မြောက်နိုင်တော့သည်သာတည်း။

ဤဒေသနာတော်၏ အဆုံး၌ အင်္ဂုလိမာလ်နှင့်တကွ အားလုံးကုန်သော ပရိဗိုဇ် ရဟန်းတို့သည် ပ ဋိ သ မ္ဘိ ဒါ တို့ နှင့် တ ကွ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

## သာသနာတော်တွင်းသို့

ဤသို့ပဋိသမ္ဘိဒါတို့နှင့်တကွအရဟတ္တဖိုလ်သို့ရောက်ကြသဖြင့် ရဟန်းအဖြစ်ကို တောင်းပန်လျှောက်ကြားကြကုန်၏။ မြတ်စွာဘုရားသည် သင်္ကန်းရုံအတွင်းမှ လက်တော်ကို ဆန့်တန်းတော်မူပြီးလျှင်–

"ဧထ ဘိက္ခဝေါ၊ သွာက္ခာတော ဓမ္မော စရထ ဗြဟ္မစရိယံ" "ရဟန်းတို့ လာလှည့်ကုန်လော့၊ မြတ်သောအကျင့်ကို သင်တို့သည် ကောင်းစွာ ကျင့်ကြကုန်လော့"

ဤသို့ ဘုရားမိန့်တော်မူသည်နှင့် တပြိုင်နက် ထိုရှင်တို့အား ရှစ်ပါးသော ပရိက္ခရာတို့ကိုလွယ်ဆောင် သင်္ကန်းကိုဝတ်ရုံလျက် ဝါ တော် ခြောက် ဆယ် ရ ပြီး သော မ ထေရ် ကြီး တို့ ကဲ့ သို့ တပါတည်း ဖြစ်လေကုန်၏။

## ဘုရားသာလျှင်အမြတ်ဆုံး

အင်္ဂုလိမာလ်မှအစပြု၍အားလုံးကုန်ရဟန်းပြုကြသော ထိုနေ့တွင်ကား အင်္ဂတိုင်း၊ မာဂဓတိုင်း၊ ကုရုတိုင်းတို့၌ နေကြကုန်သော ဒါယကာဒါယိကာမတို့သည် ပူဇော်သက္ကာရပြုရန် လာကြသော နေ့တည်း။ ထိုဒါယကာ ဒါယိကာမတို့သည် ပူဇော်ပေးလှူဘွယ် ဟူသမျှကိုယူဆောင်လာကြရာရဟန်းတော်မြတ်အသွင်သို့ ရောက်နေကြသည်ကိုမြင်၍ ငါတို့၏ကိုးကွယ်ရာ အင်္ဂုလိမာလ် ပုဏ္ဏားကပင်

မြတ်သလော၊ သို့မဟုတ် ရှင်ကြီးဂေါတမပင် မြတ်သလောဟု စဉ်းစားကြပြီး "ငါတို့၏ဆရာပုဏ္ဏားကြီး ရှိရာအရပ်သို့ ရဟန်း ဂေါတမလာရသည့်အတွက် အဂ္ဂိဒတ္တပုဏ္ဏားကြီးကပင် မြင့်မြတ် ဟန်ရှိလေသည်"ဟု အောက်မေ့ထင်မှတ်ကြကုန်၏။

မြတ်စွာဘုရားသခင်သည် ဒါယကာဒါယိကာမတို့၏အတွင်း စိတ်ကို ရှုကြည့်တော်မူပြီး အဂ္ဂိဒတ္တအား "ပရိသတ်များယုံမှား ကင်းအောင် ဖြတ်တောက်လေဘိ"ဟု မိန့်တော်မူ၏။

အဂ္ဂိဒတ္တကလည်း "မြတ်စွာဘုရား၊ ဤသို့မိန့်ကြားတော် မူမည်ကိုပင် တောင့်တ၍ နေပါသည်"ဟု မိန့်ကြားတော်မူပြီး တန်ခိုးအာနုဘော်အစွမ်းဖြင့် ခုနှစ်ကြိမ် ခုနစ်ခါ ကောင်းကင်သို့ ပျံတက်၍တုန့်ပြန်သက်ဆင်းပြီးလျှင်ဘုရားရှင်ကိုယ်တော်မြတ်ကို ရှိခိုး၍ "အရှင်ဘုရား။ ။အရှင်ဘုရားသည် တပည့်တော်၏ ဆရာပါတည်း၊ တပည့်တော်သည် တပည့်သာဝကဖြစ်ပါ၏"ဟု လျှောက်ကြားပြီး ပရိသတ်အလယ်၌ တပည့်သာဝက ဖြစ်ကြောင်းကို ထင်ရှားပြလေသတည်း။

(ဓမ္မပဒဗုဒ္ဓဝင် ခြောက်ခုမြောက် အဂ္ဂိဒတ္တပုဏ္ဏားကြီးဝတ္ထု ပြီး၏)

၁၄။ ဗုဒ္ဓဝင်

## ၇။ ယောက်ျားအာဇာနည်

(အာနန္ဒာမထေရ် အမေးဝတ္ထု)

ယောက်ျား အာဇာနည်ဆိုသည်မှာ ပေါ်ပေါက်နိုင်ခဲ၏
နေရာတိုင်း၌ မပေါ်ပေါက်နိုင်၊
ပေါ်ပေါက်လာသောအမျိုး၌ ကိုယ်စိတ်နှစ်ဖြာချမ်းသာ
ခြင်းသို့ ကြီးပွားရာရောက်ရ၏။

(ဒုလ္လဘော ပုရိသာ ဇညော) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ အရှင်အာနန္ဒာ၏အမေးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

တနေ့သောအခါ အရှင်အာနန္ဒာသည် နေ့သန့်ရာ အရပ်၌ သီတင်းသုံးတော်မူစဉ်မြတ်စွာဘုရားသည် ဆင်အာဇာနည်သည် ဆဒ္ဒန်ဆင်မျိုး၌ရင်း၊ ဥပေါသထဆင်မျိုး၌ရင်း ဖြစ်ပေါ်၏။

မြင်းအာဇာနည်သည် သိန္ဓောမြင်းအမျိုး၌ရင်း၊ ဝလာဟက မည်သော မြင်းမျိုး၌ရင်း ဖြစ်ပေါ်၏။

ဥသဘ မည်သော နွားအာဇာနည်သည် ဒက္ခိဏာပထတိုင်း၌ ဖြစ်ပေါ်၏။ ဤသို့ ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ နွားအာဇာနည်တို့၏ ဖြစ်ရာအရပ် အမျိုးဇာတ် စသည်တို့ကို ဟောကြားတော်မူ၏။ ယောက်ျား အာဇာနည် အကြောင်း ဟော

တော် မမူသေးဟု ကြံစည်တွေးတောယင်း အရှင်အာနန္ဒာသည် ထိုအရပ်မှ ထတော်မူခဲ့ပြီး မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်၍ ရှိခိုးဦးချပြီး သင့်ရာအရပ်၌ ထိုင်နေယင်း မိမိကြံစည် စဉ်းစားမိသောအကြောင်းစုံကို အကုန်လျှောက်ကြား၏။

## ယောကျ်ား အာဇာနည်ဆိုသည်မှာ

မြတ်စွာဘုရားသခင်က အာနန္ဒာ၊ ယောကျ်ား အာဇာနည် မည်သည်ကား နေရာတိုင်း၌ မမြင်၊ မဇ္ဈိမဒေသ အရပ်၌သာ ဖြစ်၏။ ဖြစ်လျှင်လည်း သာမညအမျိုးဇာတ်၌ မဖြစ်၊ ခတ္တိယ မဟာသာလ၊ ဗြာဟ္မဏ မဟာသာလ၊ ဤအမျိုးနှယ်နှစ်ခုတွင်သာ ဖြစ်ပေါ်တတ်သည်ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူ၏။

(၁၉၃) ဒုလ္လဘော ပုရိသာ ဇညော၊ န သော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတိ ဓီရော၊ တံ ကုလံ သုခ မေဓတိ။

(၁၉၃) ယောကျ်ား အာဇာနည်သည် ရခဲလှ၏။ ထို ယောကျ်ား အာဇာနည်သည်နေရာတိုင်း၌မဖြစ်ပေါ်နိုင်။ ပညာရှိသောထိုယောကျ်ား အာဇာနည်သည် အကြင်အမျိုး၌ ဖြစ်၏။ ထိုအမျိုးကိုချမ်းသာခြင်းသို့ ရောက်စေ၏။

ဤဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒ ဗုဒ္ဓဝဂ် ခုနစ်ခုမြောက် အရှင်အာနန္ဒာ မထေရ်၏ အမေး ဝတ္ထု ပြီး၏။)

၉ ၉ ၀

၁၄။ ဗုဒ္ဓဝဂ်

# ၈။ ချမ်းသာခြင်း၏ အကြောင်းရင်း

(ရဟန်း အများ ဝတ္ထု)

ဤလောက၌
ဘုရားပွင့်တော်မူခြင်း၊
တရားဟောတော်မူခြင်း၊
သံဃာတို့၏ညီညွတ်ခြင်းတို့သည်
ဝမ်းမြောက် ရွှင်လန်းချမ်းသာရပေ၏။

(သုခေါ ဗုဒ္ဓါန) စသော ဒေသနာ တော်ကို ဇေတဝန် ကျောင်းတော်၌ ရဟန်းတို့အား ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

တနေ့သောအခါ ရဟန်းငါးရာတို့သည် ရဟန်းတို့စုဝေးရာ ဇရပ်၌ (ဓမ္မာရုံ၌) ထိုင်ကြယင်း "ငါ့ရှင်တို့ ဤလောကကြီး၌ ချမ်းသာခြင်းအစဉ်သည် အဘယ်နည်း"ဟု စကားစပ်မိကြ၏။ အချို့က မင်း၏စည်းစိမ်ချမ်းသာနှင့် တူသော ချမ်းသာခြင်း သည် မရှိဟု ဆိုကြကုန်၏။ အချို့သောရဟန်းတို့က ကာမဂုဏ် ငါးပါး၌ မွေ့လျော်ခြင်းသည်သာ အချမ်းသာဆုံးဟု ဆိုကြ သေသည်။ အချို့က သလေးဆန်ကောင်းနှင့် သားပြွမ်း (ဒန် ပေါက်) ချက်၍ စား ရခြင်းသည် ချမ်းသာခြင်းဟု ပြောကြ ကုန်၏။

မြတ်စွာဘုရားသည် ထိုအရပ်သို့ ကြွလာတော်မူ၍ ရဟန်းတို့အား အဘယ်စကားဖြင့် စည်းဝေးကြသနည်းဟုမေးတော်မူလျှင် ဤမည်သော ဤမည်သော စကား ဖြစ်ပါသည်၊ဟုနားတော်သို့ လျှောက်၏။ ထိုအခါ ဘုရားသခင်က....

"ချစ်သားတို့။ သင်တို့ ယခု ပြောကြားသောစကား အားလုံးမှ ချမ်းသာခြင်းသည်သံသရာမှမလွတ်၊ ဝဋ်ဆင်းရဲ၌ အကျုံးဝင်သည်သာ ဖြစ်၏။ ချစ်သားတို့။ ဤလောက၌....

၁။ ဘုရားပွင့်တော်မူခြင်း

၂။ တရားတော်ကို နာကြားရခြင်း

၃။ သံဃာတော်တို့၏ညီညွတ်ခြင်းကြောင့် ဝမ်းမြောက်ရွှင်လန်း ရခြင်း သည်သာ ချမ်းသာခြင်း အစစ်ပေတည်း"

ဟု မိန့်တော်မူပြီး....

**(၁၉၄) သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မ ဒေသနာ။**
**သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။**

(၁၉၄) ဗုဒ္ဓါန၊ ဘုရားရှင်တို့၏။ ဥပ္ပါဒေါ၊ ပွင့်တော်မူခြင်းသည်။ သုခေါ၊ ချမ်းသာ၏။ သဒ္ဓမ္မဒေသနာ၊ သူတော်ကောင်းတရားကို နာကြားရခြင်းသည်။ သုခါ၊ ချမ်းသာ၏။ သံဃဿ၊ သံဃာတော်၏ သာမဂ္ဂီ၊ ညီညွတ်ခြင်းသည်။ သုခါ၊ ချမ်းသာ၏။ သမဂ္ဂါနံ၊ သဘောတူမျှသော သူတို့၏၊ တပေါ၊ အကျင့်သည် သုခေါ၊ ချမ်းသာ၏။

(ဓမ္မပဒ ဗုဒ္ဓဝဂ်ရှစ်ခုမြောက် ရဟန်းအများ၏ ဝတ္ထုပြီး၏။)

ၹ ၹ ၹ

## ၉။ ကဿပဘုရား၏ ရွှေစေတီဝတ္ထု

ပူဇော်ထိုက်သော သူတို့အား ပူဇော်ရသောကုသိုလ်သည် ဤမျှဤမျှသာဟု တစုံတယောက်သောသူမျှ ရေတွက်ခြင်းငှာ မစွမ်းနိုင်။

(ပူဇာရဟေ ပူဇယတော) အစရှိသော ဂါထာတော်ကို သာဝတ္ထိပြည်နှင့် ဗာရာဏသီပြည် အကြား တောဒေယျရွာ၌ ကဿပမြတ်စွာဘုရား၏ ရွှေစေတီကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှ ဗာရာဏသီပြည်သို့ သံဃာအများခြံရံလျက် ကြွချီတော်မူရာ ထိုနှစ်ပြည်တို့၏အကြား ခရီး တောဒေယျရွာအနီးနတ်ကွန်းတခုသို့ ရောက်တော်မူသော် ရပ်တန့်တော်မူ၍ အရှင်အာနန္ဒာမထေရ်အား မနီး မဝေး၌ လယ်ထွန်နေသော ပုဏ္ဏားကို ခေါ်စေတော်မူ၏။

ပုဏ္ဏားသည် ရောက်လာ၍ မြတ်စွာဘုရားအား မရှိခိုးပဲ နတ်ကွန်းကို ရှိခိုး၍ ရပ်နေ၏။ ထိုအခါ မြတ်စွာဘုရားက ပုဏ္ဏားအား။

"ဤနေရာကို အဘယ်နေရာဟု သင်သိသနည်း"

"အရှင်ဂေါတမ။ ဤနေရာသည် အကျွန်ုပ်တို့၏ အစဉ်အဆက်မှလာသော စေတီ၏နေရာဟု အသိအမှတ်ပြု၍ရှိခိုးပါ၏"

"အသင်ပုဏ္ဏား။ ကောင်းပေစွ၊ သင်သည် ဤနေရာကို ရှိခိုးခြင်းဖြင့် ကောင်းသော အမှုကို ပြုပေ၏"ဟု မိန့်တော်မူ၏။ ပုဏ္ဏားသည် အလွန်ရွှင်လန်း ဝမ်းမြောက်သွား၏။

ရဟန်းတို့သည် မြတ်စွာဘုရားသည် ပုဏ္ဏားကို ဝမ်းသာစေရန်အတွက်သာ မြတ်စွာဘုရား မိန့်ကြားသည်ဟု ထင်ကြ၏။ မြတ်စွာဘုရား၏ စကားအပေါ်၌ ယုံမှားသံသယ ဖြစ်ကြ၏။ မြတ်စွာဘုရားသည် ရဟန်းတို့၏ ယုံမှားသံသယကို ပယ်ဖျောက်ရန် ဃဋိကာရ သုတ္တန်ကို ဟောတော်မူ၏။ ထို့နောက် တန်ခိုးတော်၏အစွမ်းဖြင့် ကဿပမြတ်စွာဘုရား၏ တယူဇနာမြင့်သော ရွှေစေတီကို၎င်း၊ အခြားသော စေတီကို၎င်း ကောင်းကင်၌ ဖန်ဆင်းတော်မူကာ လူအပေါင်းကို ပြတော်မူလျက်-

"ပုဏ္ဏားဤသို့သော ပူဇော်ထိုက်သည့် စေတီတော်တို့အား ပူဇော်ခြင်းသည်သင့်လျော်ပေ၏"ဟုမိန့်တော်မူ၍ ဘုရားရှင်တို့၏၎င်း၊ ပစ္စေကဗုဒ္ဓါတို့၏၎င်း၊ သီလဝန္တဖြစ်သော မြတ်စွာဘုရား၏တပည့်သားများအား၎င်း၊ စကြာဝတေးမင်းအား၎င်း၊ စေတီတည်ထား ကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်တို့ဖြစ်ကြောင်း မဟာပရိနိဗ္ဗာနသုတ်၌ ပြသောနည်းဖြင့် ပြတော်မူလျက် သရီရစေတီ (ဓါတ်သော် မွေတော်) ဥဒ္ဒိဿစေတီ (ရုပ်ပွားစေတီတော်) ပရိဘောဂစေတီ သကၤန်း စသော အသုံးအဆောင်တော် ဗောဓိပင်စသော အသုံးအဆောင်တော်ဟူသော စေတီသုံးမျိုး တို့ကို အထူးအားဖြင့် ထင်ရှားစေတော်မူပြီး၍ ဤဂါထာတို့ကို ဟောတော်မူကုန်၏။

(၁၉၅) ပူဇာရဟေ ပူဇယတော၊ ဗုဒ္ဓေယဒိ ဝ သာဝကေ။
ပပဉ္စ သမတိက္ကန္တေ၊ တိဏ္ဏသောက ပရိဒ္ဒဝေ။

(၁၉၆) တေတာဒိသေပူဇယတော၊ နိဗ္ဗုတေ အကုတော
ဘယေနသက္ကာ ပုည်သင်္ခါတုံ၊ ဣမေတ္တမပိ ကေနစိ။

(၁၉၅–၁၉၆) တဏှာ၊မာန ဒိဋ္ဌိတည်းဟူသော သံသရာနယ်ချဲ့တရားတို့ကို လွန်မြောက်ပြီးကုန်သော စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတို့ကို လွန်မြောက်ပြီးကုန်သော ဘုရားရှင်အားရင်း၊ တပည့်သား သံဃာတို့အားရင်း ပူဇော်ထိုက်သောသူတို့အား ပူဇော်၏။

ကိလေသာ ငြိမ်းအေးပြီးသည်ဖြစ်၍ ဘေးကင်းသည်ဖြစ်၍ ထိုပူဇော်ထိုက်သူတို့အား ပူဇော်သောသူ၏ ကုသိုလ်ကို ဤ၍ ဤမျှသာဟု မည်သူမျှချင့်တွက်ခြင်းငှာ မစွမ်းနိုင်၊

ဒေသနာတော်၏ အဆုံး၌ ထိုပုဏ္ဏားသည် သောတာပန်ဖြစ်လေ၏။တယူဇနာရှိသောစေတီတော်ကြီးသည် ခုနစ်ရက်ပတ်လုံး ကောင်းကင်၌ တည်လေ၏။ လူအပေါင်းတို့သည် စုရုံးကြ၍ ကြီးကျယ်သော အစည်းအဝေးကြီးသည် ဖြစ်လေ၏။ အထွေထွေအပြားပြားသော မိစ္ဆာဒိဋ္ဌိတို့သည် သမာဒိဋ္ဌိတို့ဖြစ်ကြကုန်၏။ ခုနစ်ရက်ပတ်လုံး စေတီတော်ကြီးကို အထူးထူး အပြားပြား ပူဇော်ကြ၏။

ခုနစ်ရက်မြောက်လျှင် မြတ်စွာဘုရား၏ တန်ခိုးတော်ဖြင့် ကဿပ ဘုရားရှင်၏ စေတီတော်ကြီးသည် မိမိ နေရာသို့သာ ရောက်သွားလေ၏။ ထိုနတ်ကွန်းနေရာ၌ ခဏခြင်းပင် ကြီးကျယ်သော စေတီကြီးသည် ဖြစ်ပေါ်လာ၏။

ထိုအစည်းအဝေး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့သည် သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိကြကုန်၏။ (ဓမ္မပဒဗုဒ္ဓဝဂ်ကိုးခုမြောက် ကဿပဘုရား၏ ရွှေစေတီဝတ္ထု

**ဗုဒ္ဓဝဂ်ပြီး၏။**

# ၁၅။ သုခဝဂ်  {ချမ်းသာခြင်း တရားစု}

ဂါထာပေါင်း ၁၂။ ဝတ္ထုတော် ၈။ အတိတ်ဇာတ်

## သုခဝဂ်တွင်

ဆွေတော် မျိုးတော်တို့အတွက် ရန်ငြိမ်းစေသော ဝတ္ထုနှင့် ရန်ငြိမ်းတရား။ သူတော်ကောင်းတို့၏ ပီတိ အာဟာရအကြောင်း တူတော်မောင်အဇာတသတ်ကို စစ်ရှုံးသောကောသလမင်းအား တရားပြသောဝတ္ထု၊ ဆာလောင်ခြင်းရောဂါအကြောင်း၊ အစားကြီးသော ကောသလမင်းကြီး ချွတ်ပုံ၊ ဘုရားရှင်ကို တကယ်မြတ်နိုးလျှင် ပူဇော်ရမည့်ကိစ္စ။ သိကြားမင်း ဘုရားရှင်ကိုလုပ်ကျွေးပြုစုခြင်း အကြောင်းရင်း စသည်တို့ ဖြစ်ပါသည်။

၁၅။ သုခဝဂ်

## ၁။ ရန်ငြိမ်းစေသော တရား

(ဆွေတော် မျိုးတော်တို့၏ရန်ကို ငြိမ်းစေသောဝတ္ထု)

ရန်သူတို့အပေါ်၌ ရန်မပြုခြင်းသည် ချမ်းသာစွာ အသက်ရှည်ရ၏။

အနာရောဂါမနှိပ်စက်ပဲ နေရခြင်းသည် ချမ်းသာစွာ အသက်ရှည်ရ၏။

ကြောင့်ကြမှု ရှိသူတို့သည် ကြောင့်ကြမှုမပြုပဲ နေ၍ အသက်ရှည်ရခြင်းသည် ချမ်းသာ၏။

(သုခံ ဝတ) အစရှိသော ဒေသနာတော်ကို သက္က တိုင်း၌ သီတင်းသုံးတော်မူလျက် ခိုက်ရန်ကို ငြိမ်းစေခြင်းငှာ ဆွေတော် မျိုးတော်တို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရား၏ဆွေတော်မျိုးတော်ဖြစ်ကုန်သောသာကီဝင် မင်းတို့သည် ကပိလဝတ်မြို့နှင့်ကောလိယမြို့နှစ်မြို့တို့၏ အကြားရှိ - ယောဟိဏီမြစ်ကိုတာတမံကမ်းရိုးတက်၍ပိတ်ဆို့ပြီး စပါးတို့ကို စိုက်ပျိုးကြ၏။ ထိုနယုန်လ၌ ရေမရ၍ စပါးပင်တို့ ညှိုးနွမ်းကြ လေသော် နှစ်ပြည်ထောင်၌နေကြကုန်သောလယ်သမားတို့သည် စည်းဝေးတိုင်ပင်ကြ၏။

ကောလိယမြို့၌ နေသောသူတို့က ဤရေကို နှစ်ဦး နှစ်ဖက် စလုံး သုံးလျှင် သင်တို့အားလည်းမလုံလောက်၊ငါတို့အားလည်း မလုံလောက်၊ ငါတို့၏ စပါးခင်းတို့သည် ရေ တကြိမ်တည်း လောင်းခြင်းဖြင့် မှည့်၍ရိတ်ရပါတော့မည်။ဤရေကိုငါတို့အား ပေးကြပါဟု ပြောကြ၏။

ကပိလဝတ်ပြည်သားတို့ကလည်း သင်တို့မှာစပါးကောင်း၍ ကျီတို့၌ သွင်းထားပြီး ငါတို့က ရွှေငွေကျောက်သံပတ္တမြားတို့ကို ယူလာပြီး ခြင်းတောင်း အိတ် တို့ကို ဆွဲကာ အသင်တို့၏ အိမ် တံခါးဝ၌ လှည့်လည်ဝယ်ယူခြင်း မပြုနိုင်၊ ငါတို့၏လယ်သည် လည်း တကြိမ်ရေလောင်းရုံဖြင့် အောင်တော့မည်ဖြစ်၍ ဤရေ ကို ငါတို့အား ပေးကြပါဟု ပြော၏။

ဤသို့ဖြင့် အငြင်းပွားရင်း တယောက်က တယောက်ကို ထ၍ ရိုက်၏။ ဤသည်မှစ၍ တဖက်နှင့်တဖက် ရိုက်ပုတ်ထိုးခုတ်ကြ ကုန်၏။(တယောက်ချင်းမှ အုပ်စုလိုက် ဖြစ်ကုန်၏) တဖက်နှင့် တဖက် မျိုးရိုးဇာတိကို ဖော်လျက် ထိခိုက်နစ်နာအောင် ပြော ကြားရင်း ရန်မီးပွားကြလေ၏။

ကောလိယပြည်က လယ်သမားတို့က ပြောကြ၏။ သင်တို့ ကပိလဝတ်ပြည်တွင် မင်းညီမင်းသားတို့သည် ခွေးတိရစ္ဆာန်တို့ ကဲ့သို့ ကိုယ့်နှမကို ကိုယ်ယူလျက် နေကြသည်။ဤသို့ ကိုယ့်နှမကို ကိုယ်ပြန်ယူကြသော သူတို့၏ဆင်မြင်းလက်နက်တို့သည် ငါတို့ကို အဘယ်သို့ တတ်နိုင်ကြမည်နည်းဟု ပြောဆိုကြ၏။ သာကီဝင် မင်းတို့ ဘက်မှ လယ်သမားတို့ကလည်း အသင်တို့သည် အနူ၏ သား ကိုအားကိုးပြု၍ ငါတို့ကိုကြိမ်းဝါး၏။ကောလိယမင်းသား တို့သည် နေစရာ အိမ် မရှိပဲ တိရစ္ဆာန်တို့ ကဲ့သို့ ကလောပင်

အရင်း၌သာ နေကြရသည်။ကလောပင်အရင်း၌ နေကြရသော သူ၏ဆင်မြင်း လက်နက်တို့ကို ငါတို့မကြောက်ဟုပြန်ပြောကြကုန်၏။

ထိုနောက် နှစ်ဖက်သော လယ်သမားတို့သည် လယ်ယာနှင့်ပတ်သက်သော အမတ်တို့ထံသို့ သွား၍ပြောကြားကြကုန်၏။ အမတ်ကြီး တို့ကလည်း အထက် အထက် အဆင့်ဆင့် တက်၍ မင်းတို့နားပေါက်အောင် လျှောက်ကြားကြကုန်၏။

သာကီဝင်မင်းတို့သည် အမျက်ပြင်းစွာ ထွက်၍ "ကိုယ့်နှမ ကိုယ်ပြန်၍ အိမ်ထောင်ပြုကြသူတို့၏ အစွမ်းကိုသိကြမဟေ့"ဟု ဆိုကာ စစ်ဆင်၍ ထွက်၏။

ကောလိယမင်းတို့ကလည်း "ကလောပင်ရင်းမှာ နေကြသည့် ကောလိယမင်းတို့၏ အင်အားကို သိရမဟေ့"ဟု စစ်ဆင်လျက် ထွက်ကုန်၏။

## ဘုရားသခင်ရန်ဖြေတော်မူခြင်း

မြတ်စွာဘုရားသည် မိုးသောက် အခါ၌ လောက လူ အပေါင်းကို ကြည့်တော်မူသည်ရှိသော် ဆွေတော်မျိုးတော်တို့၏ အဖြစ်ကို မြင်၍ ငါဘုရား ကြွမသွားလျှင် ဆွေတော်မျိုးတော် တို့သည် ပျက်စီးကြကုန် လတ္တံ့ ဟု ကိုယ်တော် တပါးတည်း ကောင်းကင်ခရီးဖြင့် ကြွတော်မူပြီး ယောဟဏီမြစ်၏ အလည် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏။

ဆွေတော်မျိုးတော်တို့သည်ဘုရားသခင်ကိုမြင်လျှင်လက်နက် တို့ကိုချ၍ ရှိခိုးကြ၏။မြတ်စွာဘုရားသည် ထိုဆွေတော်မျိုးတော် တို့ကို ဤခိုက်ရန်သည် အဘယ်ကစ၍ ဖြစ်သနည်းဟု မေးတော် မူ၏။ နှစ်ဘက် မင်းတို့က မသိပါဘုရားဟု လျှောက်ကြား၏။

အဘယ်သူသိမည်နည်းဟု မေးတော်မူပြန်၍ အိမ်ရှေ့မင်း သိပါလိမ့်မည်ဟု လျှောက်သဖြင့် အိမ်ရှေ့မင်းကိုမေးတော်မူပြန်၏။ အိမ်ရှေ့မင်းကလည်း စစ်သူကြီးကို လွှဲ၏။ ဤသို့ဖြင့် တဆင့်တဆင့်နှင့် လယ်သမားတို့ထံရောက်၍ စပါးစိုက် လယ်ကွင်းသို့ ရေပေးသွင်းခြင်းအမှုကစပြီး ခိုက်ရန်ဖြစ်ကြပါသည်ဟုလျှောက်ကုန်၏။ မြတ်စွာဘုရားသခင်က....

"အို....မင်းမြတ်တို့။ ။ ဤရေသည် အဘယ်မျှ လောက် အဖိုးထိုက်သနည်း"

"အရှင်မြတ်ဘုရား။ ။အဖိုး အနည်းငယ်မျှသာ ထိုက်ပါသည်"

"မင်းတို့သည် အဘယ်မျှလောက် အဖိုး ထိုက်ကုန်သနည်း"

"အဖိုး အတိုင်းမသိ ထိုက်ပါသည်"ဟု လျှောက်ကြားကြလေလျှင် မပြောပဘွယ် အနည်းငယ်မျှသော ရေတည်းဟူသော အကြောင်းကြောင့်အဖိုးအတိုင်းမသိထိုက်ကုန်ဘိသောမင်းတို့ကို ပျက်စီးရန်မသင့်ဟု မိန့်တော်မူသော် ထိုသူတို့သည် ဆိတ်ဆိတ်နေကြကုန်၏။ ထိုအခါ မြတ်စွာဘုရားက "အို....မင်းမြတ်တို့" ဟု ခေါ်တော်မူပြီး "အဘယ်ကြောင့် ဤသို့ ပြုကြလေကုန်သနည်း။ ငါဘုရားသာ မရှိခဲ့သော် ယနေ့ သင်တို့၏ သွေးတို့သည် မြစ်ကဲ့သို့ စီးပေတော့မည်"

အသင်တို့သည် ငါးပါးကုန်သော ရန်သူတို့နှင့်အတူတကွ နေကြရကုန်၏။ ငါဘုရားကား ရန်သူမရှိပဲနေ၏။

သင်တို့သည် ကိလေသာမီးတို့လွန်စွာ ထိုးကျင့်ကုန်သည် ဖြစ်၍နေကုန်၏။ ငါဘုရားကား ကိလေသာ တရားပယ်ရှား၍ မထိုး မကျင့်သည်ဖြစ်၍ နေ၏။

အသင်တို့သည် အာရုံငါးပါး ကာမဂုဏ်တရားကို ရှာမှီးခြင်းဖြင့် လုံ့လပြု၍ နေကြကုန်၏။
ငါဘုရားကားလုံ့လမပြုပဲနေတော်မူ၏ဟု မိန့်ဆိုတော်မူပြီး-

(၁၉၇) သုသုခံ ဝတ ဇီဝါမ၊ ဝေရိနေသု အဝေရိနော။
ဝေရိနေသု မနုဿေသု၊ ဝိဟရာမ အဝေရိနော။
(၁၉၈) သုသုခံ ဝတ ဇီဝါမ၊ အာတုရေသု အနာတုရာ။
အာတုရေသု မနုဿေသု၊ ဝိဟရာမ အနာတုရာ။
(၁၉၉) သုသုခံ ဝတ ဇီဝါမ၊ ဥဿုကေသု အနုဿုကာ။
ဥဿုကေသု မနုဿေသု၊ ဝိဟရာမ အနုဿုကာ။

(၁၉၇) ရန်ပြုသောသူတို့ကို ရန်မပြုပဲ နေသည်ဖြစ်၍ ငါတို့သည် အလွန်ချမ်းသာစွာ အသက်ရှည်ပေကုန်၏။ လူတို့သည် ရန်ရှိကြကုန်စဉ်ပင် ငါတို့သည် ရန်မရှိကုန်သည်ဖြစ်၍ နေရကုန်၏။

(၁၉၈) ကိလေသာ အားဖြင့် နာကျင်ထိုးကျင့်သော သူတို့၌ နာကျင်ခြင်းမရှိသည်ဖြစ်၍ အလွန် ချမ်းသာစွာ အသက် ရှည်ကုန်၏။ ငါတို့သည် လူတို့၌ ကိလေသာအားဖြင့် နာကျင်ကုန်စဉ်ပင် ငါတို့သည် ကိလေသာဆိုးတို့ မထိုးမကျင့်ပဲ နေကြကုန်၏။

(၁၉၉) ကာမဂုဏ်ချမ်းသာကိုရှာရန် လုံ့လပြုသောသူတို့၌ လုံ့လမရှိကုန်သည်ဖြစ်၍ အလွန်ချမ်းသာစွာ အသက်ရှည်ကုန်၏။ ငါတို့သည် လုံ့လမရှိကုန်သည် ဖြစ်၍နေ၏။

(ဓမ္မပဒသုခဝဂ် ရှေးဦးစွာသော ဆွေတော်မျိုးတော်တို့၏ ခိုက်ရန်ကို ငြိမ်းစေသော ဝတ္ထုပြီး၏)

ာ် ာ် ာ်

## ၁၅။ သုခဝဂ်

## ၂။ ပီတိအာဟာရ

(မာရ်နတ်မင်းနှောင့်ယှက်ပုံ)
ဘုရားရှင်တို့သည်
အာဟာရ တစုံတခုမျှမရသော်လည်း
ပီတိသုခ ဓမ္မချမ်းသာဖြင့်
အခါကာလတို့ လွန်မြောက်စေကုန်၏။

(သုသုခံဝတ ဇီဝါမ) အစရှိသော ဓမ္မဒေသနာတော်ကို ပဉ္စသာလာ (ဇရပ်ငါးဆောင်) ပုဏ္ဏားရွာ၌ မာရ်နတ်သားကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

## ဝတ္ထုကြောင်းကား ဤသို့တည်း

တနေ့သောအခါ မြတ်စွာဘုရားသခင်သည် သတို့သမီးငယ်ငါးရာတို့၏ သောတာပတ္တိမဂ်တို့ တည်ရာအကြောင်းကို မြင်တော်မူ၍ ပဉ္စသာလာဇရပ်ငါးဆောင် ပုဏ္ဏားရွာ၌ အမှီပြု၍ နေတော်မူ၏။ ထိုသတို့သမီးတို့သည် နက္ခတ်သဘင် ကြုံကြိုက်၍ ပျော်ပျော်ပါးပါး မြစ်သို့သွား၍ လှပသော တန်ဆာဆင်ကာ ရွာသို့ ရွှေရှူ ပြန်လာကြ၏။

### မာရ်နတ်မင်း အနှောင့်အယှက်

မြတ်စွာဘုရားသခင်သည် ထိုပဉ္စသာလရွာသို့ ကြွဝင်တော်မူပြီး အိမ်စဉ်မကျန် ဆွမ်းခံလှည့်လည်တော်မူ၏။ မာရ်နတ်သားသည် အခွင့်အခါ၊ ကြုံကြိုက်သဖြင့် ရွာသူရွာသား တို့ကိုယ်၌

ပူးကပ်၍နေလေသဖြင့် မြတ်စွာဘုရားသခင်သည် အိမ်စဉ်မကျန် ဆွမ်းခံပါသော်လည်း တဇွန်းစာမျှသော ဆွမ်းကိုမရပဲ ကြွလာခဲ့ပြီး ရွာမှထွက်စဉ်မာရ်နတ်သား သည် ရွာတံခါးမှရပ်လျက်၊

"အိုရဟန်း။ ။အနည်းငယ်မျှသောဆွမ်းကိုရပါ၏လော"

"အို ယုတ်မာလှသော မာရ်နတ်။ ။ ငါဆွမ်းမရအောင် သင်ပြုလုပ်သည် မဟုတ်လော"

ထိုအခါ မာရ်နတ်သည် မြတ်စွာဘုရားအား လှည့်ဖျား၍ ရွာသို့တဖန် ဆွမ်းခံပြန်ဝင်စေပြီးရွာသူရွာသားတို့အား လှည့်ပတ် ပူးကပ်၍ ဆွမ်းခံကြွလာသော ဘုရား သခင်အား လက်ခုတ် လက်ဝါးတီးကာ လှောင်ပြောင်စေမည်ဟု ကြံရွယ်ပြီး၊

"အရှင်ဘုရား။ ယခုတဖန် ရွာသို့ပြန်၍ ဆွမ်းခံပါလျှင် မုချ မသွေ ရပါစေအံ့"ဟု လျှောက်ထား၏။

## မြတ်စွာဘုရားနှင့် သတိုးသမီး ငါးရာ

မာရ်နတ်နှင့် မြတ်စွာဘုရားတို့ စကား ပြော ဆို ခိုက် တွင် ထိုသတို့သမီးတို့သည် ရွာတံခါးသို့ရောက်၍ မြတ်စွာဘုရားကို မြင်လျှင် ရိုသေစွာရှိခိုး၍ သင့် တင့် သော အ ရပ် ၌ ရပ်နေကြကုန်၏။

မာရ်နတ်သားသည် မြတ်စွာဘုရားသခင်အား၊

"အရှင်ဘုရား။ ။အနည်းငယ်မျှသော ဆွမ်းကိုမျှမရရှိ၍ ဆွမ်းမဘုဉ်းပေးရပဲ ဆာလောင်ခြင်း ဒုက္ခသည် အရှင်ဘုရား အား နှိပ်စက်တော့မည် မဟုတ်ပါလော"

"အိုမာရ်နတ်ယုတ်၊ ငါတို့သည် တစုံတခုမျှသော အာဟာရကို မရကြကုန်သော်လည်း အာဘဿရ ဗြဟ္မာကဲ့သို့ အစာအာဟာရကို မစားမမျိုရသော်လည်း ပီတိ သုခချမ်းသာဖြင့် အခါကာလကို လွန်မြောက်သကဲ့သို့ ထိုနည်းအတူ ငါတို့သည် ပီတိသုခဓမ္မ ချမ်းသာဖြင့် ကောင်းစွာ လွန်မြောက် စေအံ့"ဟု မိန့်တော်မူပြီး-

**(၂၀၀) သုသုခံ ဝတ ဇီဝါမ၊ ယေသံ နော နတ္ထိ ကိဉ္စနံ။**
**ပီတိဘက္ခာ ဘဝိဿာမ၊ ဒေဝါ အာဘဿရာ ယထာ။**

(၂၀၀) ယေသံနော၊ အကြင်ငါတို့အား။ ကိဉ္စနံ၊ ကြောင့်ကြခြင်းသည်၊ နတ္ထိ၊ မရှိ။ တေမယံ ငါဘုရားတို့သည်၊ သုသုခံ၊ အလွန်ချမ်းသာစွာ ဇီဝါမ၊ အသက်ရှည်ကုန်၏။ အာဘဿရာ၊ အာဘဿရာဘုံ၌ ဖြစ်ကြသော ဒေဝါ၊ ဗြဟ္မာတို့သည်။ ပီတိဘက္ခာ၊ ပီတိသာလျှင် အစရှိကုန်သည်။ ဘဝန္တိယထာ ဖြစ်ကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ ပီတိဘက္ခာ၊ ပီတိလျှင် အစာရှိကုန်သည်။ ဘဝိဿာမ ဖြစ်ကုန်အံ့။

(ဓမ္မပဒ သုခဝဂ် နှစ်ခုမြောက် မာရ်နတ်မင်းဝတ္ထု ပြီး၏။)

## ၁၅။ သုခဝဂ်

## ၃။ အနိုင်နှင့်အရှုံး

(ကောသလမင်းကြီး စစ်ရှုံးသော ဝတ္ထု)

နိုင်ရသူမှာ ရန်သူတိုးပွား
ရှုံးရသူကား ဆင်းရဲပွား၏။
ကိလေသာမီး၊ ငြိမ်းပြီးသူကား၊
အနိုင် အရှုံး လုံးလုံးမရှိ၊ ချမ်းသာဘိ၏။

(ဇယံ ဝေရံ) အစခံသော ဂါထာတော်ကို ဇေတဝန်ကျောင်းတော်၌ ကောသလမင်းကြီး စစ်ရှုံးခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ကောသလမင်းကြီးသည် ကာသိကရာဇ်တိုင်းပြည်အပိုင် ဖြစ်သော ရွာတရွာကို အကြောင်းပြု၍ တူတော် အရင်း အစစ်ဖြစ်သောအဇာတသတ်မင်းနှင့်စစ်ခင်းကြရာပသေနဒီကောသလမင်းကြီးသည် သုံးကြိမ်တိုင်တိုင် စစ်ရှုံးရလေ၏။

ထိုရွာငယ်မှာ ဗိမ္ဗိသာရ မင်းကြီးနှင့် ဝေဒေဟီ မိဖုရားကြီးတို့ လက်ထပ် ထိမ်းမြားကြစဉ်က ခမည်းတော်မဟာကောသလမင်းကြီးက လက်ဖွဲ့လိုက်သော ရွာငယ်ဖြစ်၏။ ပသေနဒီ ကောသလမင်းကြီး၏ နှမတော် အရင်းဖြစ်သော ဝေဒေဟီ မိဖုရားကြီးမှ မွေးဖွားသည့် တူအရင်း အဇာတသတ်မင်းနှင့် စစ်ခင်း၍ သုံးကြိမ် တိုင်တိုင် ရှုံးရသောအခါ ပသေနဒီ ကောသလ

မင်းကြီးသည် သုံးကြိမ်မြောက်စစ်ရှုံးရာ၌ ရှက်လည်းရှက် စိတ်လည်းနာ၍ ဤသို့စဉ်းစား၏။

"ငါသည် နို့နံ့မှမစင်သေးသော သူငယ်ကလေးကိုပင် နိုင်အောင်မတိုက်နိုင်လျှင် လောကတွင် ငါအသက်ရှင်နေခြင်းဖြင့် အဘယ်အကြောင်းထူးမည်နည်း" ဟု ရှက်စိတ်နာလွန်း၍ အစာမစား၊ ရေမသောက် ညောင်စောင်း၌ပင် အိပ်နေ၏။

ဤသို့သော ကောသလမင်း၏ အကြောင်းသည် တိုင်းပြည်အလုံးပြန့်နှံ့၍ ရဟန်းတို့လည်း မြတ်စွာဘုရားကို အကြောင်းစုံလျှောက်ကြားကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့၏စကားကိုကြား၍-

"ရဟန်းတို့။ ။အနိုင်ရသူလည်း ရန်သည် တိုးပွား၏။ ရှုံးခြင်းကြောင့်ကား နှလုံးမသာမယာဆင်းရဲလျက် အိပ်ရသည်သာတည်း"

ဤသို့မိန့်တော်မူ၍ ဒေသနာဂါထာတော်ကို ဟောကြားတော်မူ၏။

**(၂၀၁) ဇယံ ဝေရံ ပသဝတိ၊ ဒုက္ခံ သေတိ ပရာဇိတော။**
**ဥပသန္တော သုခံ သေတိ၊ ဟိတွာ ဇယပရာဇယံ။**

(၂၀၁) ဇယံ ဇေတွာ၊ အောင်သောသူသည်၊ ဝေရံ၊ ရန်ကို။ ပသဝတိ တိုးပွားစေ၏။ ပရာဇိတော၊ ရှုံးသောသူသည်။ ဒုက္ခံ ကိုယ်စိတ်နှစ်ပါး ဆင်းရဲပင်ပန်းရ၏။ ဥပသန္တော၊ ကိလေသာမီး ငြိမ်းပြီးသူသည်၊ ဇယပရာ ဇယံ၊ အနိုင်အရှုံးကို ဟိတွာ စွန့်၍၊ သုခံ၊ ချမ်းသာစွာ။ သေတိ နေရ၏။

(ဓမ္မပဒ သုခဝဂ် တတိယ မြောက် ကောသလ မင်းကြီးစစ်ရှုံးသော ဝတ္ထုပြီး၏)

၁၅။ သုခဝဂ်

## ၄။ နိဗ္ဗာန်သဘောအမှန်

(သတို့သမီးတဦးဝတ္ထု)

ရာဂနှင့်တူသော မီးသည်မရှိ၊
ဒေါသနှင့်တူသော အပြစ်သည်မရှိ၊
ခန္ဓာဝန်ကို ထမ်းဆောင်ရသည့် ဆင်းရဲခြင်းနှင့်တူသော
ဆင်းရဲခြင်းသည် မရှိ။
နိဗ္ဗာန်ထက်လွန်မြတ်သော ချမ်းသာတည်မရှိ။

(နတ္ထိရာဂသမော) အစရှိသော ဓမ္မဒေသနာကို ဇေတဝန်ကျောင်းတော်၌ မထင်ရှားသော သတို့သမီးငယ်ကို အကြောင်းပြု၍ ဟောတော်မူသည်။)

## ဝတ္ထုကြောင်းကား ဤသို့တည်း

သတို့သမီးငယ်တဦးကို မိဘတို့သည် အမျိုးတူသံတို့သားတဦးနှင့် ထိမ်းမြားမင်္ဂလာပြု၏။ မြတ်စွာဘုရားကိုပင့်၍ မင်္ဂလာဆွမ်းကျွေးကြ၏။ ဘုရားသခင်သည် ရဟန်းအပေါင်း ခြံရံလျက်ထိုအိမ်သို့ကြွ၏။

ထိုမိန်းမငယ်သည် မြတ်စွာဘုရားသခင်နှင့် ရဟန်းသံဃာများအတွက် သောက်ရေစစ်စသည်တို့ဖြင့် လုပ်ကျွေးယင်း ထိုမှ

ဤမှာအလုပ်များနေ၏။ သတို့သားသည် မိမိဇနီးလောင်းသတို့သမီးကလေး၏ သွားလာလှုပ်ရှားမှုတို့ကို အရိပ်တကြည့်ကြည့်မျက်တောင်မခတ် ကြည့်၍နေယင်းကအတွင်းစိတ်သဏ္ဍာန်ဝယ်အဖန်ဖန်အထပ်ထပ် ကိလေသာ စိတ်ဓါတ်များ တဖျပ်ဖျပ်ပွား၍နေ၏။ ထိုယောကျ်ားသည် မောဟအဝိဇ္ဇာ ပိတ်ကာဆီးလျက် ဘုရားနှင့်တကွ ရှစ်ကျိပ်ကုန်သော မဟာထေရ်တို့ကိုမျှ သတိမရ၊ ကြည်ညိုသမှု ပြုစုခြင်းငှာ စိတ်မကူးနိုင်၊ မိမိ၏စိတ်ကိုပင် မထိမ်းနိုင်တော့ဘဲ ထိုမိန်းကလေးကို ဘုရားရဟန္တာတို့၏ရှေ့တွင်ပင် ဆွဲငင်ရန် ဆန္ဒများ ဖြစ်ပေါ်နေ၏။

ထိုလုလင်၏ စိတ်အကြံကို မြတ်စွာဘုရားသခင် သိမြင်တော်မူလျှင် သတို့သမီးငယ်ကို ထိုလုလင်ယောကျ်ား သတို့သားမမြင်နိုင်အောင် တန်ခိုးတော်ဖြင့် ဖန်ဆင်းတော်မူလေမှ သတို့သမီးကို မမြင်ရ၍ မြတ်စွာဘုရားသခင်ကိုသာ အစဉ်မပြတ်ကြည့်ရှုရင်း ကြည်ညိုစိတ်များ ပွားများ၍လာလေ၏။

ထိုအခါမှ မြတ်စွာဘုရားက လုလင်ယောကျ်ားအား-

"အိုသတို့သား။ ။

(၁) ပြင်းထန်လှသည့် ရာဂတည်း ဟူသော မီးအပူနှင့်တူမျှသော မီးမည်သည် မရှိချေ။
(၂) ကြမ်းကြုတ်စွာလှ ဒေါသတည်းဟူသော အပြစ်နှင့်တူသော အပြစ်မည်သည်လည်း မရှိချေ။
(၃) ခန္ဓာဝန်ကို ထမ်းဆောင်၍နေရသော ဆင်းရဲဒုက္ခနှင့်တူမျှသော ဆင်းရဲခြင်းသည်လည်း မရှိချေ။

(၄) နိဗ္ဗာန်ချမ်းသာနှင့် တူမျှသော ချမ်းသာသုခမည်သည် လည်း မရှိတော့သည်သာလျှင်လည်း"ဟု မိန့်တော်မူပြီး

**(၂၀၂) နတ္ထိ ရာဂ သမော အဂ္ဂိ၊ နတ္ထိ ဒေါသ သမော ကလိ။ နတ္ထိ ခန္ဓ သမာ ဒုက္ခာ၊ နတ္ထိ သန္တိ ပရံ သုခံ။**

(၂၀၂) ရာဂသမော၊ ရာဂနှင့်တူသော။ အဂ္ဂိ၊ မီးသည်။ နတ္ထိ မရှိ။ ဒေါသ သမော၊ ဒေါသနှင့်တူသော။ ကလိ၊ အပြစ်မည်သည်။ နတ္ထိ၊ မရှိ။ သန္တိပရံ၊ ငြိမ်းအေးလှစွာ နိဗ္ဗာန်ထက် သာလွန်သော။ ချမ်းသာသည်။ နတ္ထိ မရှိ။

ဒေသနာတော်၏အဆုံး၌ သတို့သားသတို့သမီးငယ်တို့သည် တရားတော်ကို နာကြားရ၍ သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။ ထိုအခါ၌ နှစ်ဦးကုန်သော သတို့သား သတို့သမီးတို့အား တဦးနှင့်တဦး ကြည့်ရှုမြင်နိုင်သော အခြင်းအရာကို ပြုတော်မူ၏။

၁၅။ သုခဝဂ်

## ၅။ ဆာလောင်မှုသည်ရောဂါ

(နွားပျောက်သူ တဦးဝတ္ထု)

ဆာလောင်ခြင်းသည် အဆိုးဆုံးသောရောဂါ။
မတည်မြဲသော သင်္ခါရသည် အဆိုးဆုံးသောဆင်းရဲ။
ဤအကြောင်းကို ဟုတ်တိုင်းမှန်ရာသိလျှင်
နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။

(ဇိဃစ္ဆာ ပရမာ ရောဂါ) အစဖြာသော ဒေသနာတော်ကို အာဠဝီပြည်၌ တဦးသော ဥပါသကာကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

တနေ့သောအခါဇေတဝန်ကျောင်းတော်၌သီတင်းသုံးတော်မူယင်းမိုးသောက်တဝယ်လောကကို ကြည့်တော်မူရာတွင်အာဠဝီပြည်မှ ဆင်းရဲနွမ်းပါးသော လူတယောက်ကို မြင်တော်မူ၏။ ထိုသူ၏ မဂ်ဖိုလ်ရနိုင်ရန်အကြောင်း၏ ပြည့်စုံခြင်းကို သိမြင်တော်မူ၍ ရဟန်းငါးရာအခြံအရံဖြင့် အာဠဝီပြည်သို့ ကြွတော်မူ၏။ အာဠဝီ ပြည်သားတို့သည် မြတ်စွာဘုရားနှင့် သံဃာတော်များ ကြွလာသည်ကိုမြင်လျှင် အားရဝမ်းသာ လျှောက်ထားပင့်ဖိတ်ကြ၏။ ထိုသူဆင်းရဲ ယောကျ်ားသည်လည်း မြတ်စွာဘုရား

ကြွလာတော်မူသည်ဟုကြား၍ တရားတော်ကို နာမည်ဟု စိတ်အကြံပြု၏။

ထိုနေ့၌ပင် ဆင်းရဲသားယောကျ်ား၏ နွားတကောင်မှာ ပျောက်ဆုံးနေ၏။ ထိုဆင်းရဲသားသည် နွားကိုပင်ရှာရမည်လော တရားကိုပင် နာရမည်လောဟု စဉ်းစား၏။ နွားကိုရှာပြီးမှ တရားကိုနာမည်ဟုကြံစီ၍ နံနက်စောစောထကာ နွားရှာရန် နေအိမ်မှ ထွက်သွားလေ၏။

အာဠဝီပြည်နေ မိန်းမယောကျ်ားတို့သည် ဘုရားနှင့် ရဟန်းသံဃာများကို ဆွမ်းခဲဘွယ်ဘောဇဉ်တို့ဖြင့် ပူလုပ်ကျွေး၍ တရားအနုမောဒနာ ပြုစေခြင်းငှာ မြတ်စွာဘုရား၏ သပိတ်တော်ကို ယူကြကုန်၏။

မြတ်စွာဘုရားရှင်သည် ထိုယောကျ်ားကို အကြောင်းပြု၍ ငါသည် ယူဇနာသုံးဆယ်ရှိသော ခရီးသို့ ကြွလာခဲ့၏။ ထိုသူဆင်းရဲသည် နွားကိုရှာရန် တောသို့ သွားနေသေး၏။ ထိုသူဆင်းရဲ ရောက်လာမှသာလျှင် တရားကို ဟောအံ့ဟူ၍ ဆိတ်ဆိတ်နေတော်မူ၏။

ထိုသူဆင်းရဲသည် နေ့ခင်းရောက်မှ နွားကိုရှာတွေ့၍ နွားခြံ၌ သွင်းထားခဲ့ပြီး မြတ်စွာဘုရားထံ သွားအံ့ဟု ကြံကာ အလွန်ဆာလောင်မွတ်သိပ်ခြင်းဖြင့် နှိပ်စက်သော်လည်း မြတ်စွာဘုရားထံသို့ အလျင်အမြန်လာ၍ ရှိသေစွာရှိခိုးပြီး သင့်တင့်သော အရပ်၌နေလေ၏။ မြတ်စွာဘုရားသည် သူဆင်းရဲထိုင်နေသော အခါ၌ အလှူဝေယျာဝစ္စ ဆောင်ရွက်သူတို့ကို

"သံဃာများမှ ကြွင်းကျန်သော ထမင်းများ ရှိပါသေးသလော"

ဟု မေးတော်မူ၏။ ထိုသူတို့က အရှင်ဘုရားများစွာပင်ရှိပါ၏ ဟုလျှောက်၏။

သို့ဆိုလျှင်ဤဒါယကာကို ကောင်းစွာကျွေးမွေးပါလော့" ဟု မိန့်တော်မူ၏။ အလှူကိုဆောင်ရွက်ကြသော သူတို့သည် ခဲဘွယ်ဘောဇဉ်တို့ဖြင့် ကျွေးမွေးကြ၏။

(ပိဋကတ်သုံးပုံတို့၌ ဤဓမ္မပဒ အဋ္ဌကထာမှ အခြားသော အဋ္ဌကထာတို့တွင် ဤသို့သည် အာဂန္တုအား မြတ်စွာဘုရား ကိုယ်တော်တိုင် ဤသို့ထမင်းစသည် ကျွေးလော့ဟု အမိန့် ပေးတော်မူခြင်း မရှိပေဟု ဓမ္မပဒ အဋ္ဌကထာ ဆရာမြတ် သည် မှတ်ချက်ပြုတော်မူ၏။)

## နွားပျောက်သူ သောတာပန်တည်ခြင်း

ထိုသူဆင်းရဲသည် ထမင်းဟင်းကို စားသောက်ရသည်ဖြစ်၍ ဆာလောင်မှုတ်သိပ်သည့် ရောဂါကင်းငြိမ်း၍ တရားတော်ကို စိတ်တည်ကြည်စွာဖြင့် နာယူလေ၏၊ မြတ်စွာဘုရားသည် ထိုသူ ဆင်းရဲအား အစဉ်အတိုင်းသော တရားစကားကို ဟောကြား တော်မူပြီး သစ္စာလေးပါး တို့ကို ပြတော်မူ၏။ ထိုသူဆင်းရဲ ဥပါသကာသည် ဒေသနာတော်၏အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်၏။

မြတ်စွာဘုရားသည် အလှူဒါယကာ၊ ဒါယိကာမတို့အား နှစ်ထောင်း အားရဝမ်းမြောက်ဖွယ်ရာ အနုမောဒနာကို ပြုပြီး သောအခါ နေရာမှထ၍ ကြွတော်မူ၏။ လူအပေါင်းတို့သည် မြတ်စွာဘုရားကို လိုက်ပို့၍ ပြန်ကြ၏။

## မြတ်စွာဘုရားကို ကဲ့ရဲ့ကြခြင်း

ရဟန်းတို့သည် မြတ်စွာဘုရားနှင့်အတူ ခရီးသွားယင်းကဲ့ရဲ့ကြကုန်၏။ "ငါရှင်တို့ ကြည့်ကြပါကုန်လော့၊ တကြိမ်တခါမျှ အခြားနေ့တို့၌ ဤသို့ပြုမူဘူးသည်မရှိ၊ ယနေ့မူကား ဤသူကို မြင်လျှင် ယာဂုထမင်းတို့ကို စီရင်၍ ပေးစေ ကျွေးစေ၏။" ဟူ၍ ကဲ့ရဲ့ကြကုန်၏။

မြတ်စွာဘုရားသည်မျက်နှာလှည့်တော်မူ၍ရပ်လျက်သာလျှင် "ရဟန်းတို့၊ အဘယ်ကို ပြောဆိုကြကုန်သနည်း" ဟု မေးတော်မူလျှင် ထိုစကားကိုကြားတော်မူ၍-

"ရဟန်းတို့။ ။ဟုတ်မှန်ပေ၏။ ငါသည် ယူဇနာသုံးဆယ်ရှိသော ခရီးကြမ်းကို ကြွလာတော်မူခြင်းသည် ထိုဥပါသကာ၏ အကြောင်းပြည့်စုံသည်ကို မြင်၍လာခြင်း ဖြစ်ပေ၏။ ထိုသူသည် အလွန်လျှင် ဆာလောင်မွတ်သိပ်လျက် နံနက်စောစောကစ၍ တောကြီးအတွင်းသို့ နွားကိုရှာရန် သွားခဲ့ရ၏။ ဆာလောင်ခြင်း ဖြစ်သောဒုက္ခကြောင့် တရားတော်ကို ဟောသော်လည်းထိုးထွင်း၍သိခြင်းငှာ စွမ်းနိုင်မည်မဟုတ်၊ ဤသို့ စဉ်းစား၍ ဤသို့သော အမှုကိုပြုရခြင်းဖြစ်၏။

ရဟန်းတို့။ ။ဆာလောင်ခြင်းနှင့်တူသော အခံရခက်သော ရောဂါသည်မရှိ

ဟုမိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူ၏။

**(၂၀၃) ဇိဃစ္ဆာ ပရမာ ရောဂါ၊ သင်္ခါရ ပရမာ ဒုခါ။**
**ဧတံ ဉတွာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခံ။**

(၂၀၃) ဇိဃစ္ဆာ၊ ဆာလောင်ခြင်းသည် ပရမာ၊ လွန်ကဲလှသော။ ရောဂါ၊ ရောဂါမည်ပေ၏။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ပရမာ၊

လွန်ကဲသော ဒုက္ခ၊ ဒုက္ခတို့တည်း၊ ဂတိ၊ ဤအကြောင်းကို။ ယထာ ဘူတံ၊ ဟုတ်မှန်သောအတိုင်း။ ညတွာ၊ သိ၍။ ပဏ္ဍိတော၊ ပညာရှိသည်။ နိဗ္ဗာနံ။ နိဗ္ဗာန်ကို။ သစ္ဆကရောတိ။ မျက်မှောက်ပြု၏။ နိဗ္ဗာနံ နိဗ္ဗာန်သည်။ ပရမံ၊ ချမ်းသာတကာတို့ထက် လွန်မြတ်သော၊ သုခံ၊ ချမ်းသာ ခြင်းသည်ဟာ ဘိဖြစ်၏။

ဒေသနာတော်၏အဆုံး၌ များစွာသော သူတို့သည် သော တာပတ္တိဖိုလ်သို့ ရောက်ကုန်၏။

(မွေပဒ သုခဝဂ် ငါးခုမြောက်နွားပျောက်သောသူတဦး ဝတ္ထုပြီး၏)

ဿ ဿ ဿ

## ၁၅။ သုခဝဂ်

## ၆။ အမြတ်တရား လေးပါး

### (ပသေနဒီကောသလမင်းကြီးဝတ္ထု)

ကျန်းမာခြင်းသည် မြတ်သောလာဘ်ကြီးတည်း။
ရောင့်ရဲနိုင်ခြင်းသည် မြတ်သောကိုယ်ပိုင် ဥစ္စာတည်း။
ချစ်ကျွမ်းဝင်သူသည် မြတ်သောဆွေမျိုးတည်း။
နိဗ္ဗာန်သည် မြတ်သောချမ်းသာတည်း။

(အာရောဂျံ ပရမာ လာဘာ) အစဖြေသော ဒေသနာ တော်ကို ဇေတဝန် ကျောင်းတော်၌ ပသေနဒီ ကောသလမင်း ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

# ဝဿုကြောင်းကား ဤသို့တည်း

ပသေနဒီ ကောသလမင်းကြီးသည် ထမင်းတခါစားလျှင် ဆန်တစိတ်ချက်မျှလောက် ကုန်၏။ ထိုဆန်တစိတ်ချက်မျှ အမဲဟင်းလျာဖြင့် စား၏။ (ဆန်တစိတ်နှင့် ဆိတ်တကောင်ဟူ၏) တနေ့တွင် နံနက်စာစားပြီးလျှင် ပြီးခြင်း တမှေးမအိပ်ပဲ မြတ်စွာဘုရားထံသို့ သွား၍ ဖူးမြော်၏။ မြတ်စွာဘုရား ရှေ့ရောက်လျှင် ထိုင်းထိုင်းမှိုင်းမှိုင်းနှင့်ငိုက်မျည်းလိုသော စိတ်အားကြီးလှသဖြင့် မကြည်သာ မရွှင်ပြ မိမိ၏ကိုယ်ကို ဟိုမှ သည်မှ ပြုပြုပြင်ပြင် ပြောင်းလှည့်အိပ်ချင်စိတ်ကို ပယ်ဖျောက်၏။ အိပ်ချင်စိတ်သည် ဖြေဖျောက်မရ တိုးပွား၍ လာသော်လည်း ဘုရားရှေ့တွင် ရဲရဲဝံ့ဝံ့အိပ်၍ မဖြစ်သောကြောင့် တိုင်ကို မှီကပ်ခါ ငိုက်နေ၏။ ဤသည်ကို ဘုရားသခင် မြင်တော်မူ၍-

"မြတ်သောမင်းကြီး အသို့ပေတည်း၊စားပြီးအစာမကျေရာ၌ ထွေရာညှိုးနွမ်း ပင်ပန်းသည့်အတွက် သက်သာရာကို မရစေဘဲ လာခဲ့ပေသလော"ဟု မိန့်တော်မူ၏။ ကောသလမင်းကြီးက "မှန်ပါ၏၊ ဘုရားတပည့်တော်သည် အစာစားပြီးတိုင်း အိပ်ချင်စိတ်ကိုဖိနှိပ်၍မရဖြစ်ရပါသည်ဘုရား"ဟု ပြန်လည်လျှောက်ထား၏။

မြတ်စွာဘုရားက "အစာကို များစွာစားခြင်းသည် ဤသို့ဆင်းရဲခြင်းသည် ဖြစ်စေသည်"ဟု မိန့်တော်မူပြီး အစားကြီးသူတို့၏ အပြစ်ကို ပြတော်မူသော ဒေသနာ ဂါထာတော်ကို ဟောကြားတော်မူသည်မှာ-

"အစားကြီးသော သူသည် ဝိုက်မျည်းခြင်းဖြင့်နှိပ်စက်၍ အစာဝသော ဝက်ကြီးကဲ့သို့ပင် အိပ်မောကျခါ တလူးလဲလဲ အိပ်လေ့ရှိ၏။ ပညာနည်းသော ထိုယောကျ်ားသည်(နိဗ္ဗာန်ကို မမြင်နိုင်ပဲ) အမိဝမ်းဗိုက်ကို အဖန်တလဲလဲသာကပ်ရောက်ရ၏။

ထိုနောက် တဖန်ထပ်မံ၍ ဟောညွှန်တော်မူသော ဂါထာတော်မှာ-

အမြဲတန်းသတိရှိသော ရအပ်သော အစား အစာ၏ အတိုင်းအရှည်ကိုသိသော ဆင်ခြင်တိုင်းထွာ စားသောက်တတ်သော သူတို့သည် ဝေဒနာ ခေါင်းပါးကုန်သည်ဖြစ်၏။ (သက်စောင့်ခါတ်သည်) အစာကိုတဖြည်းဖြည်း ကြေကျက်ရတော့သည် သာတည်း။

## တနပ်လျှင် ထမင်းတလုပ်လျှော့၍စားခြင်း

မင်းကြီးသည် မြတ် စွာ ဘုရား ဟော ကြား တော် မူ သော ဂါထာကို လွန်စွာ သဘောကျသော်လည်း မမှတ်မိနိုင်သဖြင့် မိမိအနီး၌ရှိသော တူတော် သုဒဿနအား ဤဂါထာကိုကောင်းစွာသင်ယူပါမည်ဟုပြော၏။ သုဒဿနလုလင်သည် ထိုဂါထာကို ကောင်းစွာ သင်ယူရရှိ၍ မြတ်စွာဘုရားအား ဤဂါထာဖြင့် အဘယ်သို့ပြုရပါမည်နည်းဟု မေးလျှောက်၏။ ဘုရားသခင်က မင်းကြီးပွဲတော်တည်စဉ် နောက်ဆုံးထမင်းလုပ်ကို စားအံ့ဆဲဆဲ၌ ဤဂါထာကိုရွတ်လေလော့၊ ထိုအခါ မင်းကြီးသည် ဂါထာ၏ အနက်ကိုသိ၍ ထိုနောက်ဆုံးထမင်းလုပ်ကို ပယ်ချ စွန့်ပစ်လိမ့်မည်။ ထိုနောက်ဆုံးထမင်းလုပ်မှ ထမင်းလုပ် အရေအတွက်ကို

ရေတွက်၍ စားတော်ကဲအား မင်းကြီး၏ပွဲတော်ကို ချက်သော အခါ ထိုမျှလောက်ရှိသော ဆန်စေ့တို့ကို လျှော့၍ ချက်စေ လော့ဟု မိန့်တော်မူ၏။ သုဒဿနလည်း ကောင်းပါပြီဟု လျှောက်ကြား၏။

သုဒဿနလုလင်သည် ကောသလမင်းကြီး ပွဲတော်တည်ချိန် အနီး၌နေပြီး နောက်ဆုံး ထမင်းလုပ်ကို ကိုင်သောအခါ ဤ ဂါထာကိုရွတ်၏။ မင်းကြီးသည် ထိုထမင်းလုပ်ကို သတိတရဖြင့် ပစ်ချလိုက်၏။ ဤသို့ဖြင့်နံနက်စာတကြိမ်ညစာတကြိမ်ဂါထာကို ရွတ်ဆိုရာ မင်းကြီးသည် ကျေနပ်နှစ်သိမ့်လှ၍ သုဒဿနလုလင် ဂါထာကို တကြိမ် ရွတ်တိုင်း ရွတ်တိုင်း အသပြာတထောင် တထောင်ပေး၏။ ဤသို့ဖြင့်ထမင်းချက်ရာတွင်လည်း လျှော့၍ လျှော့၍ချက်စေရာ တဖြည်းဖြည်းနှင့် ဆန်တလုံးချက် သာသာ မျှသာစားတော့၏။ ဣရိယာပုတ်မျှတ၍ လွန်စွာချမ်းသာခြင်းသို့ ရောက်ပြီး ကိုယ်အလေးချိန်ပါ လျှော့ပါးလာ၏။

## အကျိုးတရား လွန်မျှားပြား

တနေ့သောအခါ ပသေနဒီ ကောသလမင်းကြီးသည် မြတ်စွာဘုရားထံသို့ရောက်၍-

"အရှင်ဘုရား။ ။တပည့်တော်သည် ချမ်းသာခြင်းဖြစ်ပါ ပြီ၊ သမင်ကိုရင်း၊ မြင်းကိုရင်း မှီအောင် လိုက်ဖမ်းနိုင်သည်အထိ ဖြစ်ရပ ြပြီ။

ရှေးအခါက တပည့်တော်သည် တူတော် အဇာတသတ် မင်းနှင့် စစ်ထိုးခဲ့ရပါသည်။ ယခုအခါ၌ ဝဇီရကုမာရီ အမည် ရှိသော သမီးတော်ကို တူတော်အဇာတသတ်မင်းအား ပေးအပ်

ဆောင်နှင်း၍ စစ်ဖြစ်ပွားခဲ့ရသော ကာသိကရာဇ် ရွာကို သမီးတော်အားလက်ဖွဲ့လိုက်ပါသည်။ ထို့ကြောင့်လည်းရန်ငြိမ်း၍ တပည့်တော်အား ချမ်းသာခြင်းသာလျှင် ဖြစ်ပါသည်။

တပည့်တော်၏ မင်းစဉ်မင်းဆက် အသုံးပြုတော နန်းစဉ့်ပတ္တမြားရတနာသည် နန်းတွင်း၌ပင်ယခင်နေ့များကပျောက်ဆုံးခဲ့ပါသည်။ ယခုအခါ ထိုပတ္တမြားရတနာ သည်လည်း တပည့်တော် လက်တွင်းသို့ ပြန်လည် ရောက်ရှိ လာပါသည်။ ဤအကြောင်းကြောင့်လည်း ချမ်းသာခြင်းဖြစ်ရပါသည်။

"အရှင်ဘုရား၏ တပည့်သာဝကတို့နှင့် ချစ်ကျွမ်းဝင်ခြင်းကို ရရှိလိုပါသဖြင့် တပည့်တော်သည် အရှင်ဘုရားနှင့် ဆွေမျိုးတော်စပ်လိုသော အာသာဆန္ဒ မှာလည်း အရှင်မြတ်ဘုရား၏ ဆွေတော်မျိုးတော် ဖြစ်သော (သာကီဝင်မင်း မဟာနာမ၏ သမီးတော် ဝါသဘခတ္တိယာ) မင်းသမီးသည်လည်းတပည့်တော်၏ နန်းတော်ကြီးသို့ ရောက်ရှိလာခြင်းဖြင့် တပည့်တော်သည် ချမ်းသာခြင်း ဖြစ်ရပါသည်။"
ဟူ၍ လျှောက်ထား၏။ မြတ်စွာဘုရားသခင်က-

"မြတ်သောမင်းကြီး။ ။

(၁) အနာရောဂါ ကင်းခြင်းသည် အလွန်မြတ် သော လာဘ်ကြီးပေတည်း။

(၂) ရသမျှ ပစ္စည်းဖြင့် ရောင့်ရဲနိုင်သော အဖြစ်နှင့် တူသည့်ဥစ္စာသည်လည်း လောက၌မရှိချေ။

(၃) အကျွမ်းတဝင် ချစ်ခင်ရင်းနှီးကြသော သူတို့နှင့် တူသည့် ဆွေမျိုးမည်သည် မရှိချေ။

(၄) နိဗ္ဗာန် နှင့် တူ သော ထူး မြတ် သည့် ချမ်း သာ မည်သည်မရှိချေ။ ဟုမိန့်တော်မူပြီး-

**(၂၀၄) အာရောဂျ ပရမာ လာဘာ၊ သန္တုဋ္ဌိ ပရမံ ဓနံ။ ဝိဿာသ ပရမာ ဉာတိ၊ နိဗ္ဗာနံ ပရမံ သုခံ။**

(၂၀၄) အာရောဂျ၊ အနာကင်းခြင်းသည်၊ ပရမာ မြတ်သော လာဘာ လာဘ်ကြီးတည်း။ သန္တုဋ္ဌိ၊ ရောင့်ရဲခြင်းသည်။ ပရမံ မြတ်သော။ ဓနံ၊ ဥစ္စာတည်း။ ဝိဿာသ ချစ်ကျွမ်းဝင်သူသည်။ ပရမာ မြတ်သော။ ဉာတိ၊ ဆွေမျိုးတည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ပရမံ၊ မြတ်သော။ သုခံ၊ ချမ်းသာခြင်းတည်း။

(ဓမ္မပဒ သုခဝဂ် ခြောက်ခုမြောက် ကောသလမင်းကြီး ဝတ္ထုပြီး၏။)

## ၁၅။ သုခဝဂ်

## ၇။ ဓမ္မပီတိ အရသာ

(တိဿမထေရ်ဝတ္ထု)

ပန်းနံ့သာ အမွှေးစသည်တို့ဖြင့်
ငါဘုရားကို ပူဇော်ခြင်းသည်
ပူဇော်ရှုဒါန်းခြင်း မမည်။
လောကုတ္တရာ အားလျော်သော တရားတော်ကို
ကျင့်ကြသူတို့သာ ငါဘုရားကို ပူဇော် ကြသည် မည်၏။

(ပဝိဝေကရသံ) အစခံသော ဒေသနာတော်ကို ဝေသာလီ ပြည်၌ ရဟန်းတပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ ငါဘုရား သည် ဤနေ့မှ လေးလလွန်လျှင် ပရိနိဗ္ဗာန်ပြုအံ့ဟု မိန့်တော် မူလျှင် မြတ်စွာဘုရား၏အနီး၌ရှိကြသော ခုနစ်ရာသော ရဟန်း တို့သည် နှလုံးပူပန်ခြင်းသို့ရောက်ကြ၏။

ရဟန္တာပုဂ္ဂိုလ်တို့မှာ ဓမ္မသံဝေဂယူ၍ ထိတ်လန့်ခြင်းသို့သာ ဖြစ်ကုန်၏။ ပုထုဇဉ်ရဟန်းတို့သည်မျက်ရည်တို့ကိုမထိမ်းနိုင်ကြ၊ ရဟန်းတို့သည် အစုအစုတိုင်ပင်ကြ၏။ ထိုမှသည်မှ သွားလာကြ ကုန်၏။ အဘယ်သို့ ပြုရမည်နည်းဟု လှုပ်လှုပ်ရှားရှား ဖြစ်နေ ကြ၏။

ထိုအခါ တိဿမည်သော မထေရ် တပါးသည် ဤသို့ စဉ်းစား၏။

မြတ်စွာဘုရားသည် နောက်လေးလလွန်လျှင် နိဗ္ဗာန် စံဝင်တော်မူချေတော့မည်။ ငါ့တွင်လည်း တဏှာလည်း မကင်းသေးသည်ဖြစ်၍ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူသောအခါ၌ပင် တဏှာကုန်ပြတ် အရဟတ္တဖိုလ်ကို ရအောင် ကြိုးစားသင့်သည်သာ ဖြစ်၏။

ဟု ကြံပြီးလျှင် အဖော်မမှီး တပါးတည်းသာ ဣရိယာပုတ်လေးပါးတို့ဖြင့် တရားကို အားထုတ်၍နေ၏။ ရဟန်းတို့ထံသို့လည်း မသွား၊ ရဟန်း တပါးနှင့်မျှလည်း စကားပြောခြင်းမရှိ။

ထိုအခါ ရဟန်းတို့က တိဿ မထေရ်ကို အပြစ်တင်ကြ၏။ ပြောဆိုကြ၏။ တိဿ မထေရ်သည် မကြားသကဲ့သို့ပင် နေ၏။ ရဟန်းတို့သည် တိဿ မထေရ် အကြောင်းကို လျှောက်ကြ၏။ မြတ်စွာဘုရားသည် သိတော် မြင်တော်မူ၍ တိဿ မထေရ်ကို ခေါ်စေပြီး "အဘယ့်ကြောင့် စကားမပြောပဲ နေသနည်း" ဟု မေးတော်မူ၏။ တိဿ မထေရ်သည် မိမိ၏စိတ်နှလုံးဆန္ဒကြံစည်အားထုတ်သမျှကို အကျယ်ဖွင့်ဟ လျှောက်ကြား၏။ မြတ်စွာဘုရားသခင်က "ချစ်သား တိဿ ကောင်းလှ၏၊ ကောင်းလှ၏" ဟု ကောင်းချီးပေးတော်မူပြီး....

"ချစ်သား ရဟန်းတို့။ ။ငါဘုရားအား ချစ်မြတ်နိုးသော သူတို့သည် တိဿ ကဲ့သို့သာလျှင် ဖြစ်ကြလော့။

အကြင်သူတို့သည် ငါဘုရားကို ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်လှူဒါန်းကြသော်လည်း စင်စစ် ပူဇော် လှူဒါန်းသည် မမည်ကုန်။

ဓမ္မာနုဓမ္မ လောကုတ္တရာတရား အားလျော်သောအကျင့်ကို အားထုတ်၍ ကျင့်ကုန်သော သူတို့သည်သာလျှင် ငါဘုရားကို ပူဇော်သည် မည်ကုန်၏”
ဟု မိန့်တော်မူပြီး....

(၂၀၅) **ပဝိဝေကရသံ ပိတွာ၊ ရသံ ဥပသမဿစ။**
**နိဒ္ဒရော ဟောတိ နိပ္ပါပေါ၊ ဓမ္မပီတိရသံ ပိဝံ။**

(၂၀၅) ပဝိဝေကရသဥ္စ၊ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်ခြင်းကြောင့် ချမ်းသာ တည်းဟူသော အရသာသည် လည်းကောင်း၊ ဥပသမဿ၊ ကိလေသာ ဟူသော အပူ၏ငြိမ်းရာဖြစ်သောနိဗ္ဗာန်၏ ရသံ အရသာကိုငင်း။ ပိတွာ၊သောက်မျိုရသောကြောင့်။ ဓမ္မပီတိရသံ၊ လောကုတ္တရာတရား၏အစွမ်းအားဖြင့် ဖြစ်သော ပီတိ အရသာကို၊ ပိဝံ၊သောက်မျိုရသော သူသည် နိဒ္ဒရော၊ ပူပန်ခပ်သိမ်း ကင်းငြိမ်းသည်၊ နိပ္ပါပေါ၊ မကောင်းမှု ကင်းစင်သည်။ ဟောတိ ဖြစ်၏။

ဒေသနာတော် အဆုံး၌ တိဿမထေရ်သည် အရဟတ္တဖိုလ်သို့ ရောက်၏။ ပရိသတ်အပေါင်းအားလုံး အကျိုးရှိသောဒေသနာတော်သည် ဖြစ်၏။

(ဓမ္မပဒ သုခဝဂ် ခုနစ်ခုမြောက် တိဿမတေရ်ဝတ္ထုပြီး၏။)

၀ ၀ ၀

၁၅။ သုခဝဂ်

## ၈။ ချဥ်းကပ်သင့်သူများ

(သိကြားမင်း လုပ်ကျွေးသော ဝတ္ထု)

သူတော်ကောင်းတို့ကို ဖူးမြော်ရခြင်းသည် ကောင်းလှ၏။
အတူနေရလျှင်လည်း အမြဲကိုယ်စိတ်နှစ်ဖြာ ချမ်းသာရ၏။
လူမိုက်နှင့်ပေါင်းဖော်နေရသူသည် အမြဲ စိုးရိမ်နေရ၏။
ရန်သူနှင့်အတူ နေရသကဲ့သို့ အမြဲပင် ဆင်းရဲလှ၏။

(သာကု ဒသ်ံ)အစခံသော သုတ္တန်ဂါထာတော်ကိုဝေဠုဝ ရွာငယ်၌ သိကြားနတ်မင်းကို အကြောင်းပြု၍ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသည် အာယု သင်္ခါရကို လွှတ်တော်မူသည် ရှိသော် ဝမ်းသွေးသွန်သော ရောဂါဖြစ်ပေါ်လာ၏။ သိကြားမင်းသိလျှင် မြတ်စွာဘုရားထံသွားရောက်ပြုစု လုပ်ကျွေးသင့်ပေသည်ဟု မိမိ၏ သုံးဂါဝုတ်အတိုင်း အရှည်ရှိသော ကိုယ်ခန္ဓာကို စွန့်ပြီး မြတ်စွာဘုရားထံချဥ်းကပ်၍ ခြေတော်တို့ကိုဆုတ်နယ်၏။ မြတ်စွာဘုရားက "သင် ဘယ်သူနည်း"ဟု မေးတော် မူလျှင် "တပည့်တော် သိကြားပါ"ဟု လျှောက်ကြား၏။ "အဘယ် ကြောင့် သင်လာရောက်သနည်း"ဟု မေးတော် မူပြန်သော်....

"အရှင်ဘုရားကို ပြုစုခြင်းငှာ လာရောက်ပါသည်"ဟုလျှောက်ကြား၏။ ဘုရားက....

"တကာတော်သိကြားမင်း။ ။နတ်တို့သည်လူတို့၏အနံ့ကို ယူဇနာတရာဝေးသောအရပ်မှစ၍ လည်ပင်း၌ဆွဲသောသူကောင်ပုပ်တမျှ စက်ဆုတ်ရွံရှာဘွယ် ဖြစ်ရလေသည်။ သင်သိကြားမင်းသွားလေလော့ ငါ့အား ပြုစုလုပ်ကျွေးရန် ရဟန်းတို့ များစွာရှိပေသည်"ဟု မိန့်တော်မူ၏။

သိကြားမင်းက မြတ်စွာဘုရားအား "အရှင်၏ သီလတော်တည်းဟူသော ရနံ့သည် မြင့်မိုရ်တောင်ထိပ်အထိပင် သင်းပျံ့သည်ဖြစ်၍ တပည့်တော်သာလျှင် ပြုစုလုပ်ကျွေးပါအံ့"

ဟု လျှောက်ကြားပြီး မြတ်စွာဘုရား၏ ကျင်ကြီး ကျင်ငယ်သွေးဝမ်းထည့်ရာ အညစ်အကြေးအိုးကို သူတပါး၏ လက်ဖြင့်ထိစေခြင်းငှာ မပေးမူပဲ မိမိ၏ ဦးခေါင်း၌ တင်၍ ယူသွားပြီးနှာခေါင်းရှုံ့ခြင်းမျှလည်း မပြု၊ နံ့သာအိုးကို ရွက်သွားရသကဲ့သို့ယူဆောင်သွား၏။ ဤသို့ဖြင့် ရောဂါ ဝေဒနာ သက်သာသောအချိန်တွင်မှ နတ်ပြည်သို့ ပြန်သွားလေ၏။

ရဟန်းတို့သည် သိကြားမင်း အကြောင်းကို ပြောဆိုကြရာ၊ မြတ်စွာဘုရားက....

"သိကြားမင်း ငါ့ကို မြတ်နိုးခြင်းကို မအံ့သြကြကုန်လင့်၊ ထိုသိကြားမင်းသည် အိုမင်းရင့်ရော် စုတေ့ချိန်နီးသော ဘဝမှ ငါ့ဘုရား တရားတော်ကို နာကြားရသောကြောင့် သောတာပန်တည်လျက် နုပျိုသော သိကြားအသစ်သို့ တမဟုတ်ချင်းပြန်၍ဖြစ်ရ၏။

သိကြားမင်းသည်ငါဘုရားထံပဥ္စသိခနတ်သားကိုအကြောင်းပြု၍လာသည်။ နဘဲပင်ပေါက်ရာ ဣန္ဒသာလဂူလိုဏ်ဝ၌ နေစဉ်၊ သေဘေးနှင့်နီးသော ထိုသိကြားအား၊ ပြဿနာကို ငါဘုရားမေးစေခဲ့၏။

(ဤသို့ဘုရားသခင် ခွင့်ပေးတော်မူ၍) ဒီဃနိကာယ်-မဟာဝဂ္ဂသက္က ပဉှာ သုတ်ပါဠိတော်လာသည့်အတိုင်း သိကြားမင်းကမေးလျှောက်၏။

ဤသို့သိကြားမင်း၏ မေးလျှောက်ချက်ကို ယုံမှားသံသယပယ်ပျောက်သည်အထိ ဟောကြားတော်မူ၏။ ဒေသနာတော်၏အဆုံး၌ တဆယ့်လေးကုဋေသော သတ္တဝါတို့အား သစ္စာလေးပါးတရားကို သိပြီးဖြစ်ပေ၏။ သိကြားအိုလည်း ထိုင်နေလျက်ပင် သောတာ ပတ္တိဖိုလ်သို့ရောက်၍ တခဏခြင်း စုတေသေလွန်ပြီး ဥပပတ်ပဋိသန္ဓေတည်နေပြီး နုပျိုသောသိကြားမင်းအဖြစ်သို့ ရောက်၏။

ဤသို့ငါဘုရားသည် များသောကျေးဇူးရှိ၏။ ထိုသိကြားမင်း၏ ငါဘုရား၌ ချစ်ခင်ကြည်ညိုခြင်းမှာ အံ့သြဘွယ်မရှိ။

ချစ်သားရဟန်းတို့။ ။ အရိယာ တို့ အား ဖူး မြင် ရ ခြင်းသည်လည်း ချမ်းသာ၏။ ထိုအရိယာတို့နှင့် အတူတကွတည်းသောအရပ်၌ နေရခြင်းသည်လည်း ချမ်းသာ၏။

သူမိုက်တို့နှင့် အတူတကွ နေရခြင်း ကား ဤအလုံးစုံသည် ဆင်းရဲ၏။

ဟူ၍ မိန့်တော်မူပြီး ဤဂါထာကို ဟောကြားတော်မူ၏။

(၂၀၆) သာဟု ဒဿနမရိယာနံ၊ သန္နိဝါသော သဒါ သုခေါ
အဒဿနေန ဗာလာနံ၊ နိစ္စမေဝ သုခီ သိယာ။
(၂၀၇) ဗာလသင်္ဂတစာရီ ဟိ၊ ဒီဃမဒ္ဓါန သောစတိ။
ဒုက္ခော ဗာလေဟိ သံဝါသော၊ အမိတ္တေနေဝ သဗ္ဗဒါ။
ဓီရော စ သုခသံဝါသော၊ ဉာတီနံဝ သမာဂမော။
(၂၀၈) တသ္မာ ဟိ
ဓီရဉ္စ၊ ပညဉ္စ ဗဟုဿုတဉ္စ၊
ဓောရယှသီလံ ဝတဝန္တ မရိယံ၊
တံ တာဒိသံ သပ္ပုရိသံ သုမေဓံ။
ဘဇေထ နက္ခတ္တပထံဝ စန္ဒိမာ။

(၂၀၆) အရိယာသူတော်ကောင်းတို့ကို ဖူးမြင်ရခြင်းသည် လောကီ လောကုတ္တရာ၊ နှစ်ဖြာသော အကျိုးတိုးပွားစေသဖြင့် ကောင်းလှပေ၏။ အရိယာ သူတော်ကောင်းတို့နှင့် တခုသော ဌာနဌ် အတူတကွနေရခြင်း သည်ကို ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ဖြစ်ရာ၏။

လူမိုက်တို့ကို အမြဲသဖြင့် မတွေ့မမြင်ရခြင်းကြောင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရသည်ဖြစ်ရာ၏။

(၂၀၇) လူမိုက်တို့နှင့်တကွ ပေါင်းသင်းသွားလာ နေထိုင်သော သူသည်အရှည်သဖြင့်ပင် စိုးရိမ်ပူပန်နေရ၏၊ လူမိုက်တို့နှင့် အတူတကွ ပေါင်းဖော်၍ နေရခြင်းသည် ရန်သူနှင့်အတူတကွ နေရသကဲ့သို့အခါ ခပ်သိမ်း စိတ်ရောကိုယ်ပါ ဆင်းရဲလှ၏။

ပညာရှိနှင့်ပေါင်းဖော်ရခြင်းသည်ဆွေမျိုးနှင့်အတူတကွ ပေါင်းဖော် ရသကဲ့သို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရ၏။

(၂၀၈) ထို့ကြောင့်သာလျှင် မြဲမြံသော သမာဓိလည်းရှိသော၊ လောကီလောကုတ္တရာ အကျိုးစီးပွားအတွက် ပညာလည်း ရှိထသော အကြားအမြင် ဗဟုသုတလည်း များထသော၊ အရဟတ္တဖိုလ်ကိုရောက်

စေတဝ်သည့် ဝန်ကိုလည်း ဆောင်တတ်သည့် အလေ့အထရှိသော၊ သီလအကျင့် ဓုတင်အကျင့်လည်း ရှိထသော ဖြူစင်ထသော၊ ထိုသို့ သဘောရှိသည့် ကောင်းသောပညာရှိသော သူတော်ကောင်းကို လမင်းသည် နက္ခတ်လမ်းကြောင်း ကောင်းကင်ခရီးကို ကပ်ရောက်သကဲ့သို့ ဆည်းကပ်ကုန်ရာ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် အရဟတ္တဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒ သုခဝဂ်ရှစ်ခုမြောက် သိကြားမင်းလုပ်ကျွေးသော ဝတ္ထုပြီး၏)

**သုခဝဂ်ပြီး၏**

# ၁၆။ ပိယဝဂ် {ချစ်ချင်းတရားစု}

ဂါထာပေါင်း ၁၂။ ဝတ္ထုတော် ၉ ပုဒ်

## ပိယဝဂ်တွင်

သားကိုချစ်၍ အဖေ အမေပါ လိုက်၍ ရဟန်း ပြုရသော မိသားစု ဝတ္ထု၊ သားသေ၍ သောကခံစားရသော သူကြွယ်အား ဟောကြားသော (အတိတ်ဇာတ်) မြေးအတွက် ရတက်ပွေပုံ၊ ကုသိုလ်ရှင်ကို ကြိုဆိုသော နန္ဒိယ သူကြွယ်ဝတ္ထု။ အနိတ္တိဂန္ဓ သုတ္တိသားဝတ္ထု စသည်ဖြင့် ဝတ္ထု ၉ ပုဒ်ဖြင့် တန်ဆာဆင်ထားပါသည်။

၁၆။ ပိယဝဂ်

## ၃။ မချစ်မမုန်း၊ စွဲကျင့်သုံး

(မိသားတစုံ ရဟန်း ပြုသော ဝတ္ထု)

ချစ်သူနှင့်လည်း မပေါင်းနှင့်
မချစ်သူကို ဘယ်အခါမှ မပေါင်းနှင့်
ချစ်သူကို မတွေ့ရက ဆင်းရဲ၏။
မချစ်သူကို တွေ့ရလျှင်လည်း ဆင်းရဲ၏။

(အယောဂေယုဉ္ဇ မတ္တာနံ)အစခံသော သုတ္တန်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ အမိအဖ သားဟူသော သုံးပါးသော ရဟန်းတို့ကို အကြောင်း ပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်ရှိ အိမ်တအိမ်၌ အမိနှင့်အဖတို့သည်တယောက်တည်းသောသားကို အလွန်ချစ်ကြ၏။ တနေ့တွင် ရဟန်း တပါးအား ဆွမ်းကျွေး၍တရားစကား နာကြားရလျှင် ထိုသားသည် ရဟန်းပြုရန် စိတ်အားသန်၍ မိဖတို့ထံ ခွင့်ပန်၏။ တဦးတည်းသောသားဖြစ်၍ အမိအဖတို့က ခွင့်မပြုကြ၊ သားသည် တိတ်တဆိတ် ထွက်ပြေး၍ ရဟန်းပြုမည်ကြံ၏။အဖေသည် အိမ်ပြင်သို့

သွားစရာရှိလျှင် အမေ့ကို အစောင့်ထား၏။ အမေ အပြင်သို့ သွားစရာရှိလျှင် အဖေသည်အိမ်တွင် စောင့်၏။

တနေ့တွင် အဖေအပြင်သို့သွားနေခိုက် အမေသည် သားကို စောင့်ယင်း တံခါးဝတွင် ခြေကန်၍ ထိုင်နေရာမှ ချည်ကိုင်၍ နေ၏။ သားသည် အမေ့ကို အပေါ့အပါး သွားပါရစေ ဟု ပြော၏။ အမေက ယုံ၍ ခြေကို ကွေး၍ လမ်းဖယ်ပေး၏။ သားက ကျောင်းသို့ ထွက်ပြေးပြီး ရဟန်းပြုလိုက်လေ၏။

အဖေပြန်လာ၍ သားကို မတွေ့သဖြင့် ထိုမှ ဤမှ ရှာ၏။ မတွေ့လျှင် ကျောင်းသို့လိုက်ရှာ၏။ ရဟန်းအဖြစ်နှင့် တွေ့ရလျှင် ငါ့ကိုခွဲလျက် ရဟန်းပြုရက်ပေသည်ဟု ငိုကြွေးယင်း သားမပါ လျှင် အိမ်မပြန်၊ ငါပါ ရဟန်းပြုမည်ဟု ရဟန်းတော်တို့အား တောင်းပန်၍ ရဟန်းပြု၏။

အမေကလည်း သားနှင့်လင် ပြန်မလာ၍ ကျောင်းသို့ လိုက် လာရာ ရဟန်းနှစ်ပါးကို တွေ့မြင်ရလျှင် လင်နှင့်သား မရှိလျှင် ငါမနေတတ်၊ ငါပါ ရဟန်းပြုမည်ဟု ကြံပြီး၊ ဘိက္ခုနီမတို့ ကျောင်းသို့ ဝင်၍ ရဟန်းပြု၏။

## ခွဲခွာမရ ချစ်သောက

အဖေ၊ အမေနှင့် သား ရဟန်းသုံးပါးတို့သည် ခွဲခွာ၍ မနေ နိုင်ကြ၊ ရဟန်းတို့၏ကျောင်း၌ရင်း၊ ဘိက္ခုနီမတို့၏ ကျောင်း၌ ရင်း ကူးသန်းသွားလာ ခေါင်းချင်းဆိုင်၍ တတွတ်တွတ်သာ ပြောကြားယင်း နေ့အချိန်ကိုကုန်စေကြ၏။ ထိုရဟန်း သုံးပါး တို့ကို မြင်မြင်သမျှသော ရဟန်းတို့က ငြီးငွေ့ကြ၏။ မျက်စိရော

နားပါ အနှောင့် အယှက် ဖြစ်ကြ၏။ ထို့ကြောင့် မြတ်စွာဘုရားထံ လျှောက်ကြား ကြ၏။ မြတ်စွာဘုရားသည် ထိုရဟန်းသုံးပါးကိုခေါ်တော်မူပြီး စစ်ဆေးမေးမြန်း၍တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

(၂၀၉) အယောဂေ ယုဉ္ဇ မတ္တာနံ ယောဂသ္မိဉ္စ အယောဇယံ။
အတ္ထံ ဟိတွာ ပိယဂ္ဂါဟီ၊ ပိဟေတတ္တာ နု ယောဂိနံ။
(၂၁၀) မာ ပိယေဟိ သမာဂဉ္ဆိ၊ အပ္ပိယေဟိ ကုဒါစနံ။
ပိယာနံ အဒဿနံ ဒုက္ခံ၊ အပ္ပိယာနဉ္စ ဒဿနံ။
(၂၁၁) တသ္မာ ပိယံ န ကယိရာထ၊
ပိယာပါယော ဟိ ပါပကော။
ဂန္ထာ တေသံ န ဝိဇ္ဇန္တိ၊
ယေသံ နတ္ထိ ပိယာ ပ္ပိယံ။

(၂၀၉) အားမထုတ်သင့်သည်၌ အားထုတ်၍ အားထုတ်သင့်သည်၌ အားမထုတ်ဘဲ အကျိုးစီးပွားကို ပစ်ပယ်ပြီး ချစ်သည်ကိုသာ စွဲလန်း၍ နေသူသည် မိမိ အကျိုးစီးပွားအတွက် အားထုတ်သော သူ၏ အကျိုး ဖြစ်ထွန်းမှုကိုမြင်သောအခါ အားကျ၍သာ နေရရှာသည်။

(တနည်း) မသင့်သော နှလုံးသွင်းရာ၌ (အားမထုတ် သင့်ရာ၌) ယှဉ်သည် (လုံ့လပြုသည်ဖြစ်၍) အသင့် နှလုံးသွင်းရာ၌ (အားထုတ်သင့်ရာ၌) မယှဉ်သော (လုံ့လမပြုဘဲ) မိမိအကျိုးစီးပွားတည်းဟူသော အဓိသီလစသော သိက္ခာသုံးပါးကို စွန့်၍ ငါးပါး ကာမဂုဏ်ဟုဆိုအပ်သော ချစ်အပ်သည်ကိုသာ ယူသောသူသည် အဓိသီလ စသည့် သုံးပါးအကျိုး စီးပွားနှင့်စပ်သော လုံ့လဖြင့် အားထုတ်သူ တို့အား နတ်လူ အများ ညွှတ်တွားကော်ရော်မှုကို ရသည့်အခါ ငါ့အားဤသို့ဖြစ်လျှင် ကောင်း လေစွဟု တော်င့်တရာ၏။

(၂၁၀) ချစ်သူတို့နှင့်မပေါင်းဖော်ရာ မချစ်သောသူတို့နှင့်လည်း တရံတဆစ်မျှမပေါင်းဖော်ရာ၊ ချစ်သောသူတို့ကို မတွေ့ကြင်းရခြင်းသည် ဆင်းရဲ၏။ မချစ်မနှစ်သက်သောသူတို့ကို တွေ့မြင်နေရခြင်း သည်လည်း ဆင်းရဲလှ၏။

(တနည်း) သတ္တဝါတို့နှင့် ၎င်း၊ သင်္ခါရတို့နှင့် ၎င်း တရံတဆစ် ခဏမျှ၎င်း၊ အတူမသွားရာ၊ထို့အတူ မုန်းသောသူ တို့နှင့်လည်း အတူ မသွားရာ၊ ချစ်သောသူတို့၏ ကွေကွင်းသည်၏ အစွမ်းအားဖြင့် မမြင်ရခြင်းသည်၎င်း၊ မချစ်အပ်သောသူတို့ကိုလည်း ကပ်ရသည်၏ အစွမ်းအား ဖြင့်မြင်ရခြင်းသည်၎င်း၊ ဆင်းရဲသည်မည်၏။

(၂၁၁) ထို့ကြောင့် ချစ်ခြင်းကိုလည်း မစွဲလန်းရာ၊ ချစ်သူနှင့် ကွေကွင်းရခြင်းသည် အကယ်ပင်ဆိုးဝါး၏။ ချစ်ခြင်း မုန်းခြင်းမရှိသော သူအား အနှောင်အဖွဲ့တို့သည် မရှိကုန်၊ ထို့ကြောင့် ချစ်လည်းမချစ်နှင့် မုန်းလည်းမမုန်းနှင့်။

(တနည်း) ထို့ကြောင့် တစုံတခုသော သတ္တဝါကို၎င်း–သင်္ခါရ ကို၎င်း၊ ချစ်ခြင်းမည်သည်ကိုမပြုရာ၊ အကြင်ကြောင့် ချစ်ခင်နှစ်သက် သောသူနှင့် ကွေကွင်းရခြင်းသည် ယုတ်မာ၏။ အကြင်ပုဂ္ဂိုလ်တို့အား ချစ်ခြင်းသည် မရှိ၊ ထိုပုဂ္ဂိုလ်တို့အား အဘိဇ္ဈာ ကာယဂန္ထကိုပယ် ၏။ အကြင်ပုဂ္ဂိုလ်တို့အား မုန်းခြင်းသည်မရှိ ထိုပုဂ္ဂိုလ်တို့အား ဗျာပါဒ ကာယဂန္ထကိုပယ်၏။ ထိုနှစ်ပါးတို့ကိုပယ်ကုန်သည်ရှိသော် ကြွင်းသော ဂန္ထတို့ကို ပယ်အပ်ကုန်သည် ဖြစ်၏။ထို့ကြောင့် ချစ်ခြင်းကို၎င်း၊ မချစ်ခြင်းကို၎င်း မပြုအပ်။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့ရောက်ကုန်၏။ သားအမိသားအဖ သုံးယောက်တို့သည်ကား တပည့်တော်သို့ ခွဲခွာ၍ မနေနိုင်ကြပါဟု လျှောက်ထားပြီး လူဝတ်လဲ၍ အိမ်သို့သာ ပြန်သွားကြ၏။

(ဓမ္မပဒ ပိယဝဂ် ရှေးဦးစွာသော ရဟန်းသုံးပါးဝတ္ထုပြီး၏)

ဝ် ဝ် ဝ်

## ၂။ ချစ်လှွန်းတော့

(သားသေ သောက ခံစားရဝတ္ထု)

ချစ်လွန်းတော့ စိုးရိမ်ကြတယ်၊
ချစ်လွန်းတော့ ကြောက်ရတယ်၊
မချစ်မမုန်း နေနိုင်လျှင်
စိုးရိမ်ကြောက်ရွံ့ခြင်း ဖြစ်စရာမရှိတော့။

(ပိယတော ဇာယတိ) အစရှိသော ဒေသနာတော်ကို ဘုရားသခင်သည် ဇေတဝန်ကျောင်း၌ မထင်ရှားသော သူကြွယ် တယောက်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သူကြွယ်တယောက်သည် ချစ်လှစွာသော သား သေဆုံး၍ သောကကို မငြိမ်းနိုင်ဘဲ သင်္ချိုင်းသို့သွား၍သာ ငိုကြွေးနေ၏။ သားကို စွဲလန်း၍ စိုးရိမ်သောကကြောင့်ညှိုးပိန်၍နေ၏။

မြတ်စွာဘုရား သခင်သည် နံနက် မိုးသောက်သော အခါ လောကသုံးပါးကို ရှုကြည့်တော် မူလေလျှင် ထိုသူကြွယ်အား ဥပနိဿယကို မြင်တော်မူ၍ ဆွမ်းခံရွာမှ ခွဲထွက်ပြီး ရဟန်း တပါးကိုခေါ်တော်မူ၍ သူကြွယ်၏ အိမ်တံခါးသို့ ကြွတော်မူ၏။ သူကြွယ်သည် မြင်လေလျှင် အိမ်တွင်းသို့ပင့်၏။ အိမ်လည်၌ နေ

ရာခင်းစေ၍နေသော် သူကြွယ်သည် လျှောက်ပတ်သောအရပ်၌ ထိုင်နေ၏။ သူကြွယ်ကို မရွှင်မလန်း မျက်နှာ ညှိုးနွမ်းလှချည့်ဟု မေးတော်မူလျှင် သားနှင့်ကွေကွင်းရခြင်းဆင်းရဲကိုလျှောက်ထား၏။ မြတ်စွာဘုရားက-

ဥပါသကာ၊၊ ၊၊ပူစရာ ဆွေးစရာကို မတွေးပါနှင့်၊ သေခြင်းဆိုသည်မှာ တနေရာထဲတယောက်ထဲမှာဖြစ်သည်မဟုတ် အကယ်စင်စစ် ဘဝ ဘဝ ကျင်လည် နေရသမျှ သတ္တဝါအားလုံးတို့မှာ သေခြင်းနှင့် တွေ့ကြရမည်သာ ဖြစ်သည်။ တခုသောသခါရသည်လည်း မြဲသည်မရှိခြင်းကြောင့် သေခြင်းသဘော ရှိသူသည် သေ၏။ ပျက်ခြင်းသဘောရှိသူသည် ပျက်၏။ ဤသို့ပင် သိအောင် မြင်အောင် ဆင်ခြင်တတ်၏။ စိုးရိမ် ကြောင့်ကြပူပန်၍ မနေအပ်။

ရှေးပညာရှိတို့သည်လည်း သားသေသောကာလ၌သေခြင်းသဘော ရှိသောသူသည် သေ၏။ပျက်ခြင်း သဘောရှိသောသူသည်ပျက်၏ဟု မရဏဒ္ဓမံတိဋ္ဌရဒ္ဓမံ၊တို့ကိုရှု၍ စိုးရိမ်ခြင်းပူပန်ခြင်း မရှိဘဲ မရဏ နုဿတိ ကမ္မဋ္ဌာန်းကိုသာလျှင် ပွားများကုန်၏ဟု မိန့်တော်မူလျှင် ''တပည့်တော်အား ထိုအကြောင်းကိုမိန့်ကြားတော်မူပါ''ဟု လျှောက်ထားသဖြင့် ပဉ္စကနိပါတ်ဥရဂဇာတ်ကို ဟောကြားတော်မူ၏။

## အလောင်းဆော် ပုဏ္ဏားဏ၏အတိတ်ဇာတ်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်းကြီး အုပ်စိုးစဉ် ဘုရားအလောင်းတော် ပုဏ္ဏားကြီးသည် ရွာငယ်တခုတွင် ဇနီး၊သား၊သမီး၊ချွေးမ၊ကျွန်မ ဟူ၍ အိမ်သား

ခြောက်ယောက်နှင့်အတူ လယ်လုပ်၍ အသက်မွေး၏။ ထိုခြောက်ယောက် တို့သည် အလှန် ချစ်ကြ၏။ ဘုရား အလောင်းသည် ကျန်သူ ငါးယောက်တို့အား....

ပစ္စည်းကို ရှာဖွေစုဆောင်းကြ၊
အလှူဒါနကို ပေးလှူကြ၊
သီလကို မြဲကြစေ၊
ဥပုသ်ကို စောင့်ထိန်းကြ၊
သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့ကြ၊
သင်တို့သည် မုချမသွေသေရမည်ကိုကောင်းစွာမှတ်ထားကြ၊
ဇီဝိတဟု ဆိုအပ်သော အသက်သည် မမြဲချေ။
ပြုပြင်အပ်သော သင်္ခါရတို့သည်လည်း မမြဲချေ။
ဤသို့ ညဉ့်ရော နေ့ပါ မမေ့ကြနှင့်။

ဟုဆုံးမ၏။ ထိုငါးယောက်တို့သည်ဖခင်ကြီးဆုံးမသည့်အတိုင်း ဒါနကိုပြု၏။ သီလကို ထိမ်း၍ မရဏာနုဿတိကို ပွားများလျက် သေတတ်ခြင်းသဘောကိုမမေ့မလျော့ဆင်ခြင်၍နေလေ့ရှိကြ၏။

### တရားနှင့်ရှုကာ သောကကိုခွာပုံ

တနေ့တွင် ဘုရားလောင်းနှင့် သားတို့သည် လယ်တောသို့ သွား၍ ဘုရားလောင်း ပုဏ္ဏားက လယ်ကွင်း၌ အမှိုက်တို့ကို စုပုံပြီး မီးရှို့၏။ မီးပုံအနီး တောင်ပို့မှ မြွေ တကောင်သည် မီးခိုးမွန်ပြီးထွက်လာကာ သားဖြစ်သူကိုကိုက်၏။ အဆိပ်ပြင်းထန်လွန်း၍ သေ၏။ ဖခင်သည် လဲကျနေသောသားကိုမြင်၍ သွားကြည့်၏။ သားသေနေသည်ကိုတွေ့လျှင် ပွေ့ချီ၍ သစ်ပင်ရင်း၌ ကောင်းစွာထားပြီး အဝတ်ဖြင့်ဖုံး၏။ မငိုကြွေး မမြည်တမ်း။

ပျက်ခြင်းသဘောတရားသည်ကား ပျက်၏။
သေခြင်းသဘောတရားသည်ကား သေ၏။
အလုံးစုံသော သင်္ခါရတရားတို့သည် အမြဲမရှိကုန်။
သေခြင်း ပျက်ခြင်းဖြင့် ပြီးကုန်၏။

ဟူ၍ မမြဲသောအဖြစ်ကိုသာလျှင် ကောင်းစွာမှတ်၍ လယ်တောရှင်းခြင်းအလုပ်ကို ဆက်၍လုပ်နေ၏။ ထိုအခိုက် အိမ်နီးချင်း တယောက် လယ်ကွင်းအနီးမှ ဖြတ်လျှောက်သွားသည်ကို မြင်လျှင် လှမ်း၍မှာ၏။ "သင် အိမ်ကိုပြန်လျှင် ငါ့အိမ်သို့သွား၍ ယနေ့ တယောက်စာ ထမင်းကိုသာယူခဲ့ရန်ပြောပါ။ သားအမိလေးယောက် အဝတ်သစ် ဝတ်လျက် နံ့သာတို့ကိုယူခဲ့ရန် ပြောပေးပါ"ဟု မှာလိုက်၏။

အိမ်နီးချင်းက အမှာစကားအတိုင်း ပြောလျှင် "ဤစကားကို ဘယ်သူက မှာလိုက်သနည်း"ဟု မေး၏။ ပုဏ္ဏားကြီးက မှာကြောင်းပြောလျှင် ငါ၏သားသေလွန်ပြီဟုသိ၏။ ပုဏ္ဏေးမသည် အနည်းငယ်မျှ တုန်လှုပ်ခြင်းပင် မဖြစ်၊ မရဏာနုဿတိတရားကို ကောင်းစွာပွားအပ်သော စိတ်ရှိသည်ဖြစ်၍ ထမင်းကို ခူးခပ်လျက် သမီး၊ ချွေးမတို့နှင့်အတူ စင်ကြယ်သောအဝတ်ကို ဝတ်ကြပြီး နံ့သာတို့ကို ယူဆောင်၍ သွားကြ၏။ တယောက်မျှပင် ညှိုးငယ်ပူဆွေး ငိုကြွေးမြည်တမ်းခြင်း မရှိကြ၊ ဘုရားလောင်း ပုဏ္ဏားကြီးသည် သား၏အလောင်းသိပ်ရာသင်ပင်ရင်း၌ထမင်းကို စား၏။ ထမင်းစားပြီး လူအားလုံးတို့သည် ထင်းတို့ကို စုပုံပြီး သား၏အလောင်းကို ထင်းပုံထက်သို့တင်၍ နံ့သာပန်းတို့ဖြင့် ပူဇော်ကြဲဖြန့်ပြီး မီးသင်္ဂြိုဟ်ကြကုန်၏။ တယောက်သော သူမျှပင်

မျက်ရည်တစက်ထွက်ခြင်းမရှိ၊ အားလုံးတို့သည် မရဏာနုဿတိ ကမ္မဋ္ဌာန်းကို လေ့ကျင့်ပြီး ဖြစ်ကြ၏။

## သိကြားမင်းပင် မနေနိုင်

ထိုမိသားစုတို့၏ သီလပြည့်ဝမှုကြောင့် သိကြားမင်း၏နေရာသည် ပူလောင်၏။ သိကြားမင်းသည် စူးစမ်း ကြည့်ရှုသည် ရှိသော် ထိုလယ်ထွန်ယောကျ်ားပုဏ္ဏားသားအမိ၊သားအဖတို့၏ သီလတန်ခိုးကြောင့်ပူလောင်ရသည့်အဖြစ်ကိုသိပြီးကြည်ညိုလှ၍ ချက်ခြင်းပင် ထိုအရပ်သို့ သွားရောက်၍ မီးပုံအနီးတွင်ရပ်ပြီး-

"အသင်တို့ အမဲသားကောင်ကို မီးဖုတ်၍ နေကြသလား" ဟု မေး၏။

"မဟုတ်ပါ လူသေကို မီးသင်္ဂြိုဟ်ကြပါသည်"

"လူသေကို မီးသင်္ဂြိုဟ်သည် မှန်လျှင် သင်တို့ မုန်းတီးသော ရန်သူတယောက် ဖြစ်မည် ထင်သည်"

"မဟုတ်ပါ ရင်၌မွေးသော သားအရင်းပါ"

"သားအရင်းမှန်လျှင် သင်တို့ မချစ် မနှစ်သက် အပ်သော သား ဖြစ်ပေလိမ့်မည်"

"အလွန်ချစ်သော သားပါ၊ အားထားရသော သားပါ"

"သင်တို့ အလွန်ချစ်သောသား၊ အားကိုး အားထား ပြုရသော သားတယောက်လုံး သေပါလျက် အဘယ်ကြောင့် သင်တို့ မငိုကြွေးကြသနည်း"

ဘုရားလောင်းပုဏ္ဏားကြီးသည် မငိုကြွေးသောအကြောင်းကို ဤဂါထာဖြင့် ဆို၏။

## မြွေအရည်လဲသလိုသာ

"အရှင်။ ။မြွေသည် ဆွေးမြေ့သော အရည်ခွံကို စွန့်၍သွားသကဲ့သို့ ထို့အတူ ဘဝတပါးသို့ ပြောင်းသွားသေလွန်သည်ရှိသော် အသက်ဇီဝိန်မှ ကင်းသော ကိုယ်ကို စွန့်၍ သွား၏။

မီးသင်္ဂြိုဟ်ထားသောကျွန်ုပ်၏သားသည် မိဘဆွေမျိုးတို့ ငိုကြွေးခြင်းကို မသိ၊ ထိုသေသောသူ၏ လားရာဂတိသည် ရှိ၏။ ထိုဂတိသို့ ထိုသားသည် သွား၊ရ၏။ ထို့ကြောင့် ထိုသားအတွက် ကျွန်ုပ်တို့ မစိုးရိမ်"

ထိုအခါ သိကြားမင်းသည် မိခင် ပုဏ္ဏေးမကို မေး၏။

"အို....အမိ၊ ဖခင်ဆိုသည်မှာ ယောကျ်ားဖြစ်သောကြောင့် မငိုကြွေးသည်ကို ထားပါလော့၊ မိခင် တို့၏ နှလုံးသားသည် သားသမီးတို့ကို အသက်လောက် ချစ်ကြ၏။ နှလုံးသားသည် နူးညံ့လှ၏။ အသင် အဘယ့်ကြောင့် မငိုကြွေးသနည်း"

မိခင် ပုဏ္ဏေးမက အောက်ပါ ဂါထာဖြင့် ပြောကြား၏။

## မခေါ်ပဲလာ၊ မနှင်ပဲသွားသူ

"အရှင်။ ။ကျွန်တော်မ၏သားသည် ငါတို့ထံလာရောက်လည့်ပါဟု မခေါ်ပါပဲ ဘဝတပါးမှ ကျွန်တော်မ၏ နေအိမ်သို့ ရောက်လာခဲ့၏။ ယခုတဖန် မနှင်ပဲနှင့် ဤနေရာအိမ်မှ ထွက်ခွာသွားပြန်သည်၊ ထိုသို့မခေါ်ပဲလာ၍ မနှင်ပဲထွက်သွားသူအတွက် အပူမီးလောင်ကာ ငိုကြွေးနေခြင်းသည် အဘယ် အကျိုးကို ရှိမည်နည်း။

ကျွန်တော်မ၏သားသည် မိဘဆွေမျိုးတို့ ပူဆွေးငိုကြွေးနေကြသည်ကို မသိ၊ သူ၏လားရာဂတိသည်ရှိ၏။ ထိုဂတိသို့သွားရ၏။ ထို့ကြောင့် စိုးရိမ်စရာမရှိပါ”

ထို့နောက် သိကြားမင်းက နှမငယ်ကိုမေးပြန်၏။ နှမဆိုသည်မှာ မောင်ကြီးကိုချစ်တတ်၏ ချစ်သောမောင်ကြီးတယောက်လုံး သေနေပါလျက် အဘယ်ကြောင့် ချစ်သမီး မငိုကြွေးပါသနည်းဟု ဆိုလျှင်နှမငယ်က ဖြေကြားသောဂါထာမှာ–

## ကိုယ့်အပူ သူများကိုမကူးစေချင်း။

“အရှင်။ ။ကျွန်တော်မသည် စိုးရိမ်ပူဆွေးငိုကြွေးနေခြင်းဖြင့်ညှိုးနွမ်း ပိန်လျှရိုသာရှိမည်၊ ကျွန်တော်မ ပူပန်ငိုကြွေးခြင်းကြောင့် ဆွေမျိုးများ မိတ်ဆွေများသည်ပို၍ နှလုံးညှိုးနွမ်းပင်ပန်းခြင်း ဖြစ်ကြပါမည်။

ကျွန်တော်မ၏ မောင်ကြီးသည် ဆွေမျိုးတို့ ပူဆွေး ငိုကြွေးနေကြရသည်ကိုမသိ၊ ထို့ကြောင့် သေလွန်ပြီးသော မောင်ကြီးကို ကျွန်တော်မသည် မကြောင့်ကြ၊ မစိုးရိမ်။ မောင်ကြီးအတွက် လားရာဂတိသည်ရှိ၏။ ထိုလားရာဂတိသို့ သွားရောက်ခြင်းဖြစ်၏။”

ထို့နောက် သိကြားမင်းက အနီး၌ရှိသော ဇနီးကိုမေး၏။ ချစ်သမီး မိန်းမတို့မည်သည် လင်သေလျှင် အားကိုးရာမဲ့မုဆိုးမဖြစ်ရ၏။ သို့ပါလျက် ချစ်သမီး အဘယ်ကြောင့် ငိုကြွေးခြင်းမပြုသနည်း။

## ရွှေလမင်းကို လိုခြင်းသူ

"အရှင်။ ။ဘဝတပါးပြောင်းသွားသောသူအတွက်စိုးရိမ်ပူဆွေးငိုကြွေးသောသူမှာ မိခင်ရင်ခွင်ထဲမှ ကလေးငယ်သည် ထက်ကောင်းကင်မှ လပြည့်ဝန်းကြီးကို မြင်၍ရွှေလမင်းကိုချက်ခြင်း ယူပေးပါဟု ငိုကြွေးနေသကဲ့သို့သာ ဖြစ်ပေမည်။

ကျွန်တော်မ၏ ချစ်လင်သည် သားမယားဆွေမျိုးတို့ ပူဆွေးငိုကြွေးခြင်းကို သိမည်မဟုတ်ပါ၊ ထို့ကြောင့် ပူဆွေးငိုကြွေးခြင်းမပြုပါ။ ချစ်လင်၏ လားအပ်သော ဂတိသည် ရှိ၏။ ထိုလားရာဂတိသို့ သွားရ၏၊ ထို့ကြောင့် စိုးရိမ်စရာမရှိပါ"

ထို့နောက်သိကြားမင်းကအိမ်စေကျွန်မကိုစုံစမ်းလို၍ဤသေသောသူငယ်သည် သင့်ကို နှိပ်စက်ညှင်းပန်းသူ ဖြစ်လိမ့်မည်ထင်သည်။ နှိပ်စက်သူလက်မှ လွတ်ရပေပြီဟု ဝမ်းသာ၍မငိုခြင်းဖြစ်ပေလိမ့်မည်ဟု ပြောလျှင်-

"အို-အရှင်။ ။ဤစကားကိုမပြောပါနှင့် ထိုသူငယ်သည် သည်းခံခြင်း၊ ချစ်ခင်ခြင်း အစဉ်သနားခြင်းနှင့် ပြည့်ဝသူ ဖြစ်ပါသည်။ ကျွန်တော်မ၏ရင်၌ပျိုးသော သားအရင်းကဲ့သို့ ချစ်ရသူပါ"ဟု ပြော၏။

ဤသို့ချစ်ပါလျက် အဘယ်ကြောင့် မငိုကြွေးသနည်းဟု မေးလျှင်၊ သိကြားမင်းအား ပြန်ကြားဖြေဆိုသောဂါထာမှာ-

### အိုးကွဲဥပမာ

"အရှင်။ ။အကြင်သူသည် ဘဝတပါး ပြောင်းသွားသူအတွက်စိုးရိမ်ပူဆွေးငိုကြွေး၏ထိုသို့ငိုကြွေးခြင်းသည် အစိတ်စိတ်အမွှာမွှာ ကွဲပြီးသော ရေအိုးသည် မူလအတိုင်းပြန်၍ ကောင်းအောင် ဆက်ခြင်းငှာမဖြစ်နိုင်သကဲ့သို့ အိုးကွဲဥပမာတူစွာ ဖြစ်၏။

မီးသဂြိုဟ်ထားသောသူသည် ဆွေမျိုးတို့ ငိုကြွေးခြင်းကို သိမည်မဟုတ်၍ မငိုကြွေးပါ။ မပူဆွေးပါ၊ သူ၏ လားရာဂတိ သည် ရှိ၏။ ထိုလားရာဂတိတို့သာ သွားရောက်ရ၏။

သိကြားမင်းသည် အားလုံးသော သူတို့၏ ပြောအပ်သော တရားစကားကို ကြားနာရ၍ အလွန်အကျူး ကြည်ညိုလှပြီး ထိုမိသားစုတို့အား သုံးမကုန်သော ရတနာ ခုနစ်ပါး တို့ကို ဖန်ဆင်းပြုလုပ်၍ပေးပြီး

စိတ်ရှိတိုင်းလှူပါ၊ ဥပုသ်သီလ စောင့်ထိန်းပါ။

မရဏာနုဿတိ ကမ္မဋ္ဌာန်းကို မမေ့မလျော့ ပွားများပါဟု မှာကြား၍ တာဝတိံသာသို့ ပြန်၏။

မြတ်စွာဘုရားသည် ဇာတ်တော်ကို ပေါင်းတော်မူ၏။ ထိုအခါက အိမ်ကျွန်မိန်းမသည် ယခုအခါ ခုဇ္ဇုတ္တရာ၊ ချွေးမ သည်ဥပ္ပလဝဏ်၊ သားပုဏ္ဏားသည် သားတော်ရာဟုလာ၊ မိခင် ပုဏ္ဏေးမသည် ယခုအခါ ခေမာထေရီမ၊ ပုဏ္ဏားကြီးကား ငါ ဘုရားပင်တည်းဟု ပဉ္စကနိပါတ် ဥရဂဇာတ်ကို ဟောကြား တော်မူပြီး-

"ရှေးအခါက ပညာရှိတို့သည် ချစ်သောသား သေဆုံးသွား ၍ ငိုကြွေးမနေမူပဲ မရဏာနုဿတိဘာဝနာဖြင့် ဖြစ်နေကြသည်၊ သို့ဖြစ်၍ "ငါချစ်သောသား ဘဝတပါးပြောင်းသွားရသည်" ဟု သောကတရားပွားများ ငိုကြွေးခြင်း မပြုပါလင့်ဟု မိန့်ကြား တော်မူပြီး

(၂၁၂) ပိယတော ဇာယတီ သောကော၊
ပိယတော ဇာယတီ ဘယံ။
ပိယတော ဝိပ္ပမုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ။

(၂၁၂) ချစ်ခြင်းကြောင့် စိုးရိမ်ခြင်း (သောက)ဖြစ်၏။ ချစ်ခြင်းကြောင့် ကြောက်ရွံ့ခြင်း (ဘေး) ဖြစ်ရ၏။ ချစ်ခြင်းမှလွတ်သော သူအား စိုးရိမ်ခြင်း (သောက) သည်မရှိ၊ ကြောက်ရွံ့ခြင်း (ဘယံ) သည် အဘယ်မှာ ရှိနိုင်အံ့နည်း။

ဒေသနာတော်၏အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏။

(ဓမ္မပဒ ဝိယဝဂ် နှစ်ခုမြောက် သူကြွယ်တဦးဝတ္ထု ပြီး၏။)

၃ ၃ ၃

၁၆။ ပိယဝဂ်

၃။ အတွယ်အတာ ပယ်ခွာမှု

(မြေးအတွက် ရတတ်ပွေသောဝိသာခါ)

တွယ်တာမှုကြောင့် စိုးရိမ်မှုဖြစ်၏။
တွယ်တာမှုကြောင့် ကြောက်ရွံ့မှု ဖြစ်၏။
အတွယ်အတာ ကင်းလွတ်ပါလျှင်
အဘယ်မှာလျှင် စိုးရိမ်ကြောင့်ကြ ရှိပါအံ့နည်း။

(ပေမတော ဇာယတီ) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ဝိသာခါဒါယိကာမကြီးကိုအကြောင်း ပြု၍ ဟောကြားတော်မူ၏။

# ဝဿူ ကြောင်းကား ဤသို့တည်း

ဝိသာခါ ဒါယိကာမကြီးသည် သုဒတ္တ အမည်ရှိသော မြေးမကလေးကိုမိမိ၏ကိုယ်စားအိမ်သို့ကြွလာသောသံဃာတော် များအား ဝတ်ကြီးဝယ်ငယ် အသွယ်သွယ်သော ပြုဘွယ်ကိစ္စ များကို ဆောင်ရွက်စေ၏။ တနေ့တွင် ထိုသုဒတ္တသည် ရုတ်တရက် သေဆုံးလေ၏။ ဝိသာခါသည် မြေးမကလေး၏ အလောင်းကို သဂြိုဟ်ပြီးနောက် သောကတရား ပွားများ၍ ဘုရားသခင်ထံ သွားရောက် လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက ဝိသာခါဒါယိကာမကြီးအား "ဤသာဝတ္ထိပြည်တွင်လူပေါင်း မည်မျှ နေထိုင်ကြသနည်း" ဟု မေးတော်မူ၏။ "လူပေါင်း ခုနစ်ကုဋေရှိပါသည်"ဟုလျှောက်ကြား၏။ "ဤခုနစ်ကုဋေသော သူများထဲတွင် သင့်မြေးမကဲ့သို့ လိမ္မာသော သူကိုတွေ့လျှင် သင် ချစ်မည် မဟုတ်လော"ဟု မေးတော်မူပြန်၏။ "မှန်ပါသည် ဘုရား"ဟု လျှောက်ကြား၏။ ထိုနောက် မြတ်စွာဘုရားက "ဤသာဝတ္ထိပြည်၌ နေ့တိုင်းနေ့တိုင်း အဘယ်မျှလောက် လူတို့ သေကြသနည်း"ဟု မေး၏။ "နေ့တိုင်း သေလွန်သူတို့ များလှ ပါသည်"ဟု လျှောက်၏။ "ဤသို့ နေ့တိုင်း သေလွန်သူများခဲ့ သော် သင်သည် နေ့ညဥ့်ရှိသမျှ ကာလပတ်လုံး သေသည့်ကို အကြောင်းပြု၍ ငိုကြွေးမြည်တမ်းလျက်ပင် နေရလိမ့်မည်"ဟု မိန့်တော်မူ၏။

ထိုအခါ ဝိသာခါဒါယိကာမကြီးက "ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား၊ တပည့်တော် သဘောပေါက်ပါပြီ"ဟု လျှောက်၏။ ထိုအခါ ဘုရားသခင်က-

ဝိသာခါ၊ မစိုးရိမ်လင့်၊ သောကရောက်ခြင်း သည် ရှင်း၊ ဘေးသည်ရှင်း၊ စွဲလန်းတွယ်တာခြင်းကြောင့်သာလျှင် ဖြစ်သည် ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏။

(၂၁၃) ပေမတော ဇာယတီ သောကော၊
ပေမတော ဇာယတီ ဘယံ။
ပေမတော ဝိပ္ပမုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ။

(၂၁၃) တွယ်တာမှုကြောင့် စိုးရိမ်ကြောင့်ကြ သောကသည် ဖြစ်၏။ တွယ်တာမှုကြောင့် ဘေးသည်ဖြစ်၏။ တွယ်တာခြင်းမှကင်းလွတ် သူအား စိုးရိမ်ကြောင့်ကြခြင်းသည် မရှိ၊ ကြောက်ရွံ့ရခြင်းသည် အဘယ် မှာ ရှိတော့အံ့နည်း။

(ဓမ္မပဒ ဝိယဝဂ် သုံးခုမြောက် မြေးအတွက်ရလက်ပွေ့သော ဝတ္ထုပြီး၏။)

ꩤ ꩤ ꩤ

၁၆။ ပိယဝဂ်

## ၄။ မကြောက်တရား

### (ပျက်စီးသော လိစ္ဆဝီတို့ ဝတ္ထု)

**အပျော်အပါးကြောင့် စိုးရိမ်မှုဖြစ်၏။**
**အပျော်အပါးကြောင့် ကြောက်ရွံ့မှု ဖြစ်၏။**
**အပျော်အပါး ကင်းဘောသူအား၊**
**စိုးရိမ်စရာ ကြောက်စရာ မရှိတော့။**

(ရတိယာ ဇာယာတိ) အစရှိသည့် ဒေသနာတော်ကို ဝေသာလီပြည် ကူဋာဂါရသာ အမည်ရှိ ဇရပ်ကျောင်း၌ လိစ္ဆဝီ မင်းသားတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

# ဝတ္ထုကြောင်းကား ဤသို့တည်း

ဝေသာလီပြည်မှ လိစ္ဆဝီမင်းသားတို့သည် ပွဲလမ်းသဘင်တွင် ပျော်မွေ့ကာနေကြ၏။ တနေ့တွင် တယောက်ထက်တယောက် သာအောင် အဝတ်တန်ဆာတို့ကို အပြိုင်အဆိုင်ဝတ်၍ ဥယျာဉ်သို့ ထွက်ကြ၏။ မြတ်စွာဘုရားသခင်သည် ဝေသာလီ ပြည်တွင်းသို့ ဆွမ်းခံ ကြွဝင်တော် မူလျှင် လိစ္ဆဝီ မင်းသားတို့ကို မြင်၍ ရဟန်းတို့အား မိန့်တော်မူ၏။

"ချစ်သားတို့။ ။တာဝတိံသာနတ်ပြည်မှ နတ်သားတို့ကို မမြင်ဘူးကုန်သော ရဟန်းတို့သည် ဤလိစ္ဆဝီ မင်းသားတို့ကို ကြည့်ကြကုန်လော့" ဟု မိန့်ဆိုတော်မူပြီး မြို့သို့ ကြွဝင်တော်မူ၏။

လိစ္ဆဝီမင်းသားတို့သည် ဥယျာဉ်ကစားရန် အပျော်အပါး ပြည့်တန်ဆာမိန်းမများကို ခေါ်၍သွားကြ၏။ ထိုပြည့်တန်ဆာမိန်းမတို့ကိုအကြောင်းပြုပြီး တယောက်နှင့် တယောက် အချင်းများကာခုတ်ထစ်သတ်ဖြတ်ကြသည်မှာ သွေးချောင်းစီးတော့၏။ ထိုလိစ္ဆဝီ မင်းသားတို့မှ သေသူ နာသူ တို့ကို ထမ်းစင်တို့ဖြင့် မြို့တွင်းသို့ သယ်ဆောင်လာကြ၏။

မြတ်စွာဘုရားသည် ဆွမ်းကိစ္စပြီးစီး၍ မြို့မှထွက်ကြွတော်မူရာ ရဟန်းတို့သည် လိစ္ဆဝီမင်းသားတို့၏ အဖြစ်ကိုမြင်၍ မြတ်စွာဘုရားအားအရှင်မြတ်ဘုရား၊လိစ္ဆဝီတို့သည်နံနက်စောစောကပင် လှပရှုချင်စဖွယ်တန်ဆာဆင်၍ နတ်သားလုလင်ကဲ့သို့ ပုံပြင်ပြီး မြို့မှထွက်ကြကုန်၏။ ယခုအခါ ပြည့်တန်ဆာမတို့ကို အမှီပြုပြီး ဤသို့ပျက်စီးခြင်းသို့ရောက်ကြပါသည်ဟု လျှောက်ကြားကြ၏။

မြတ်စွာဘုရားသခင်က ချစ်သားတို့ စိုးရိမ်ခြင်း သည်လည်း ကောင်း၊ ဘေးသည်လည်းကောင်း ဖြစ်ရသည်မှာ ပျော်ပါး ခြင်းကိုမှီ၍ ဖြစ်သည်သာတည်းဟု မိန့်တော်မူပြီး-

**(၂၁၄) ရတိယာ ဇာယတိ သောကော၊**
**ရတိယာ ဇာယ တီ ဘယံ။**
**ရတိယာ ဝိပ္ပမုတ္တဿ၊**
**နတ္ထိ သောကော ကုတော ဘယံ။**

(၂၁၄) မွေ့လျော် ပျော်ပါးမှုကြောင့် စိုးရိမ် ကြောင့်ကြ ခြင်းသည် ဖြစ်၏။ မွေ့လျော်ပျော်ပါးမှုကြောင့် ဘေးသည် ဖြစ်၏။

အပျော်အပါးမှကင်းလွတ်သော ပုဂ္ဂိုလ်အား ကြောင့်ကြခြင်း သည်ဂုဏ်း၊ ဘေးသည်ဂုဏ်း၊ အဘယ်မှာ ရှိနိုင်တော့အံ့နည်း။

ဒေသနာတော်၏ အဆုံး၌ များ စွာ ကုန် သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြကုန်၏။

(ဓမ္မပဒ ပိုယဝဂ် လေးခုမြောက် လိစ္ဆဝီမင်းတို့၏ ဝတ္ထု ပြီး၏။)

၀၀၀

## ၅။ တောင့်တောင့်တတ ပူပန်ရ

(အနိတ္ထိဂန္ဓ သတို့သားဝတ္ထု)

တောင့်တမှုကြောင့် စိုးရိမ်ခြင်းဖြစ်၊
တောင့်တမှုကြောင့် ကြောက်ရွံ့ခြင်းဖြစ်၊
တောင့်တမှုမရှိသူအား၊
စိုးရိမ်ပူပန်မှု ကြောက်ရွံ့မှုမရှိနိုင်။

(တာမတော ဇာယတီ သောကော) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ အနိတ္ထိဂန္ဓ သတို့သားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်၌ ကြီးကျယ်မြင့်မြတ်ချမ်းသာသော အမျိုး၌ အနိတ္ထိဂန္ဓကုမာရအမည်ရသော သတို့သား တယောက်ရှိ၏။ ထိုအနိတ္ထိဂန္ဓကုမာရဟူသောအမည်၏ အဓိပ္ပါယ်ရင်းမှာ မိန်းမ၏ အနံ့ကို အလိုမရှိသော သတို့သားဟု အဓိပ္ပါယ်ရ၏။ ထိုသတို့သားသည် အနီးအပါးသို့ မိန်းမများ ချဉ်းကပ်လာသည်ကို အလိုမရှိ၊ မွေးဖွားသည့်နေ့မှစ၍ မိန်းမတို့ချီလျှင် သည်းထန်စွာ ငိုကြွေး၏။ ဗြဟ္မာ့ပြည်မှလာသည်ဟု အဆိုရှိကြ၏။

ထိုသတို့သားအရွယ်ရောက်လျှင် မိဘတို့က ထိမ်းမြားရန်စီစဉ်ကြ၏။ သတို့သားက မိန်းမမလိုချင်ဟု ငြင်း၏။ မိဘတို့ကအကြိမ်ကြိမ်အဖန်ဖန် တောင်းပန်သောအခါ သတို့သားက ရွှေစင်နိက္ခ

တထောင်ကိုယူပြီး အလွန်လှပသည့် မိန်းမရုပ်ကို ထုလုပ်စေကာ ဤလိုမိန်းမမျိုးရမှ ယူမည်ဟုဆို၏။ မိဘတို့က ငါ့သားမှာဘုန်းကံရှိ၏၊ ရှာလျှင်ရရမည်ဟု ယုံကြည်ပြီး လိမ္မာကြသောပုဏ္ဏားတို့ကို ခေါ်၍ ရွှေရုပ်ကိုယူသွားပြီး ဤရွှေရုပ်နှင့်တူမျှသော မိန်းမကိုရလျှင် ဆောင်ယူ ခဲ့ကြကုန်လော့ဟု မှာကြားစေလွှတ်၏။

ပုဏ္ဏားတို့သည် မဒ္ဒတိုင်း သာဂလမြို့သို့သွား၍ ရွှေရုပ်အဆင်းနှင့်တူသော မိန်းကလေးကို ရှာကြ၏။ သတို့သမီးငယ်ကိုတွေ့ကြရာရွှေရုပ်နှင့်ယှဉ်ကြည့်လျှင် ရွှေရုပ်သည် အရောင်ကင်း၍ခြောက်သွေ့နေ၏။ သတို့သမီးငယ်သည် အရောင်အဆင်း ဝင်းမောက်စိုပြေလှနေပေ၏။ ပုဏ္ဏားတို့သည် ရွှေရုပ်နှင့်တကွရွှေစင်တထောင်ကိုပေး၍ သတို့သား၏ မိဘ အမည် အရည်ကို ပြောဆိုကြပြီး စေ့စပ်ကြောင်းလမ်းကြ၏။

သတို့သမီး၏မိဘတို့က သဘောတူကြည်ဖြူစွာလက်ခံလိုက်၏။

ပုဏ္ဏားတို့သည်သတို့သား၏ မိဘတို့ထံပြန်သွားပြီး သတို့သမီး၏ အရည်အသွေးကို ရွှန်းရွှန်းဝေအောင် ပြောကြ၏။ သတို့သားသည် ငါ၏ဖူးစာဖက်မှန် ကေန်ပင် ဖြစ်သည်ဟု သတင်းကြားခါနှင့်စွဲလန်းနှစ်သက်ခါ အလျှင်အမြန်ဆောင်ရွက်ကြဟု ပြောဆို၍ ကြီးစွာသော ချီးမြောက်ဘွယ်တို့ဖြင့် စီမံ၍စေလွှတ်လိုက်၏။

ပုဏ္ဏားတို့သည် သတို့သမီးငယ်ကို ကြီး ကျယ်ခမ်း နား စွာ တောင်းရမ်း၍ ယာဉ်ရထားများဖြင့် ဆောင်ယူခဲ့ရာ အလွန်နုနယ်လှသောသတို့သမီးငယ်မှာ ယာဉ်ရထား၏ လှုပ်ရှားမှုဒဏ်ကိုမခံနိုင်ပဲ ခရီးတွင်ပင်လျှင် သေဆုံးသွားရှာ၏။

အနိတ္ထိဂန္ဓသတို့သားသည် စွဲလန်းသောစိတ်ဖြင့် တမျှော်မျှော်ရှိနေယင်း သတို့သမီးရောက်လာမည့်ရက်ကို တွက်ဆ၍ နေရာမှ

ပုဏ္ဏားတို့ရောက်လာလျှင် သတို့သမီးပါမလာပဲ လမ်းခရီးမှာပင် သေဆုံးစွန့်ပစ်ခဲ့ရသည့် အဖြစ်ကို ကြားသိရသည်နှင့် တပြိုင်နက် ဝတ္ထုကာမ ကိလေသာကာမ နှစ်ဖြာသောကာမတို့သည် နှိပ်စက်ခါ တောင့်တခြင်းအလိုရမ္မက်ကြီးစွာဖြင့်စိုးရိမ်ကြောင့်ကြဆင်းရဲခြင်းဒုက္ခတို့ဖြင့် လွှမ်းမိုးခဲ့လေ၏။

မြတ်စွာဘုရားသခင်သည်ထိုသတို့သား၏ရှေးရှေးသောကာလပြုခဲ့သော ဉပနိဿယပြည့်စုံသည်ကိုမြင်တော်မူ၍ ဆွမ်းခံကြွယင်းပင်အနိတ္ထိဂန္ဓသတို့သား၏ အိမ်ရှေ့၌ ရပ်တော်မူ၏။ မိဘတို့သည် မြတ်စွာဘုရားအား အိမ်တွင်းသို့ပင့်၍ ရိုသေစွာ ဆွမ်းလုပ်ကျွေးခြင်းအမှုကိုပြုကြပြီးသော် မြတ်စွာဘုရားသခင်သည် အနိတ္ထိဂန္ဓသတို့သားကို မေးတော်မူ၏။ မိဘတို့ကအိပ်ရာထဲတွင် ခွေလှဲလျက်အာဟာရကို ဖြတ်ခါ နေပါသည်ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက ခေါ်တော်မူစေသဖြင့် အနိတ္ထိဂန္ဓသတို့သားထွက်လာပြီးမြတ်စွာဘုရားအား ရိုသေစွာ ရှိခိုး၍ သင့်တင့်လျှောက်ပတ်ရာနေရာ၌ ထိုင်နေ၏။ မြတ်စွာဘုရားသည်"သတို့သား။ အဘယ်ကြောင့် အားကြီးသော စိုးရိမ်ခြင်း ဖြစ်သနည်း"ဟု မေးသော်၊ သတို့သားကအကြောင်းစုံကိုပြန်ကြားလျှောက်ထား၏။ထိုအခါ မြတ်စွာဘုရားက"သင်သည် အဘယ်ကိုအကြောင်းပြု၍ သင့်အားသောကရောက်ရသည်ဟု သိသလော"ဟုမေး၏။မသိပါဘုရားဟု လျှောက်၏။ "သင့် အား ဝတ္ထု ကာမ ကိလေသာ ကာမကို မှီ၍ အကြောင်းပြု၍ အားကြီးသော စိုးရိမ်ခြင်း သောကသည် ဤဝတ္ထုကာမကိလေသာကာမကို အကြောင်းပြု၍သာလျှင်ဖြစ်၏" ဟုမိန့်တော်၍ ဂါထာမူကို ဟောတော်မူ၏။

(၂၁၅) ကာမတော ဇာယတီ သောကော၊
ကာမတော ဇာယတီ ဘယံ။
ကာမတော ဝိပ္ပမုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ။

(၂၁၅) ဝတ္ထုကာမ ကိလေသာကာမတည်းဟူသော တောင့်တမှုကြောင့် သောကသည် ဖြစ်၏။ ဝတ္ထုကာမ ကိလေသာကာမတို့ကို တောင့်တမှုကြောင့် ဘေးသည် ဖြစ်၏။ ထိုတောင့်တမှုမှ လွတ်သော သူအား စိုးရိမ်ခြင်းသည်မရှိ။ ဘေးသည်အဘယ်မှာ ရှိတော့အံ့နည်း။

ဒေသနာတော်၏အဆုံး၌အနိတ္ထိဂန္ဓသတို့သားသည်သောတာပတ္တိဖိုလ်၌ တည်လေ၏။

(ဓမ္မပဒ ပိယဝဂ် ငါးခုမြောက်အနိတ္ထိဂန္ဓသတို့သားဝတ္ထု ပြီး၏)

# ၆။ တဏှာကြောင့်စိုးရိမ်မှု

(သောကများသော ပုဏ္ဏားဝတ္ထု)

တပ်မက်ခြင်းကြောင့် စိုးရိမ်ရ၏။
တပ်မက်ခြင်းကြောင့် ကြောက်ရွံ့ရ၏။
တပ်မက်ခြင်း မရှိသူသည်
စိုးရိမ်ခြင်း ကြောက်ရွံ့ခြင်း မရှိတော့။

(တဏှာယ ဇာယတိ)အစရှိသည့် ဂါထာတော်ကို ဇေတဝန်ကျောင်းတော်၌ အညတြ ပုဏ္ဏားတဦးကို အကြောင်းပြု၍ ဟောတော်မူသည်။

## ဝတ္ထုကြောင်းကား ဤသို့တည်း

မိစ္ဆာအယူရှိသော ပုဏ္ဏားတယောက်သည် မြစ်ကမ်းဘေးရှိ လယ်ကို ပေါက်ထွင်ရှင်းလင်း၍ နေ၏။

မြတ်စွာဘုရားသည် ထိုပုဏ္ဏား၏ အကြောင်းတရား ပြည့်စုံခြင်းကိုမြင်တော်မူ၍ ထိုပုဏ္ဏားရှိရာသို့ ကြွတော်မူ၏။

ထိုပုဏ္ဏားသည် ဘုရားကို မြင်သော်လည်း အရိုအသေမပြု၊ ဆိတ်ဆိတ်နေ၏။

ထိုအခါ မြတ်စွာဘုရားသည် ပုဏ္ဏားကိုစ၍ နှုတ်ဆက်စကား ပြော၏။

"ပုဏ္ဏား အသင်အဘယ်အမှုပြုသနည်း"ဟု မေး၏။
"လယ်ကိုခုတ်ထွင်ရှင်းလင်းပါသည်"ဟု ပြော၏။
ဘုရားသည် ဤစကားတခွန်းကိုသာမိန့်တော်မူ၍ကြွသွား၏။
နောက်တနေ့ မိုးသောက်သော် ပုဏ္ဏားသည် လယ်ထွန်ရန် လာ၏။

မြတ်စွာဘုရားသည် သွား၍မေး၏။
(လယ်ကိုထွန်၏) ဟု ပြော၏။
မြတ်စွာဘုရားသည် ပြန်ကြွတော်မူ၏။
နောက်နေ့တဖန် မိုးသောက်ပြန်သော် ထို့အတူ သွား၍ မေး၏။

အို ရှင်ဂေါတမ လယ်ကို (စိုက်ပျိုးပါ၏၊) (ရေလောင်းပါ၏၊) (စောင့်နေရပါ၏။) ဤသို့ဖြင့် နေ့စဉ်တခွန်းသာမေး၍ ပြန်ကြွ၏။

တနေ့၌ ပုဏ္ဏားသည်လျှောက်၏။
"ရှင်ဂေါတမ၊ သင်သည် လယ်ကိုခုတ်ထွင်သော နေ့မှစ၍ လာ၏။ ငါ၏စပါးများကို ရိတ်သိမ်းရလျှင် သင့်အတွက်ပေးအံ့၊ သင့်ကိုမပေးပဲ ငါမစား၊ ဤနေ့မှစ၍ သင်သည် ငါ၏မိတ်ဆွေ ဖြစ်ပြီ"ဟု ဆို၏။

နောက်တွင် စပါးပင်တို့သည်မှည့်ဝင်း၏။ နက်ဖန်ရိတ်မည်ဟု စီစဉ်သောညဉ့်၌ပင် မိုးကြီးရွာ၍ စပါးပင်တို့ ရေမြုပ်၏။
လယ်ကို ရွှေပေါ်ထိုးထားသည်နှင့် တူအောင်ပင် စပါးပင်တို့သည် မြောပါသွား၏။

မြတ်စွာဘုရားသည် ပထမနေ့ကပင်ထိုစပါးပင်တို့ မအောင်မြင်မည်ကို သိတော်မူ၏။ ပုဏ္ဏားသည် နံနက်စောစော လယ်ကို သွားကြည့်၏။ ပြောင်တလင်းခါနေသောလယ်မြေကိုမြင်၍စိုးရိမ်သောက အားကြီးစွာဖြစ်၏။

စဉ်းစားမိ၏။

ရဟန်းဂေါတမသည် လယ်ကိုခုတ်ထွင်သောနေ့မှစ၍ လာ၏။ ငါသည် စပါးရိတ်ပြီးသော် သင့်အဖို့ကို ပေးလှူအံ့၊ သင့်အား မပေးပဲ မိမိသည်မစား၊ ယနေ့မှစ၍ သင်သည်ငါ့အဆွေခင်ပွန်း ဖြစ်ပြီဟု ဆိုဘူး၏။ ထိုစပါးသည် ငါ့စိတ်အကြံတိုင်းမအောင်မြင်ဟု စဉ်းစားပြီး သောကကြီးစွာဖြင့် ညောင်စောင်း၌အိပ်၍ အစာရေစာပင် မစားပဲနေတော့၏။

မြတ်စွာဘုရားသည် ပုဏ္ဏား၏ အိမ်တံခါးသို့ ကြွတော်မူ၏။

ပုဏ္ဏားမြင်လျှင် အိမ်ရှိလူတို့အား ငါ့မိတ်ဆွေကိုပင့်၍ ဤနေရာ၌ ထိုင်ပါစေလော့ဟု ဆို၏။

ပုဏ္ဏား၏အိမ်သားတို့သည် ပုဏ္ဏားဆိုတိုင်း ပြုလုပ်ကြ၏။

မြတ်စွာဘုရားသည် ပုဏ္ဏားကိုမေး၍ ခေါ်စေပြီး ရောက်လာလျှင် သင့်တင့်ရာအရပ်၌နေသောပုဏ္ဏားကို-

သင် အဘယ်ကြောင့် အိပ်နေသလဲဟု မေး၏။

ရှင်ဂေါတမ။ သင်သည် ငါ၏လယ်ကို နေ့တိုင်း လာ၏။ ငါသည် အသင့်အား အလှူပေးအံ့ဟု ပြောမိ၏။ ထိုစပါးသည် ငါ၏အကြံအတိုင်း မပြီး၊ ထို့ကြောင့် ငါသည် စိုးရိမ်သောက ပူပန်ခြင်းဖြစ်၏။ ထမင်းကိုပင် မစားချင် ဤသို့ လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက "ပုဏ္ဏား။ ။သင်သည်အဘယ်ကို အကြောင်းပြု၍ သောကရောက်ရသည်ဟုသိ၏လော" ဟု မေး

တော်မူ၏။ "အို....ရှင်ဂေါတမ မသိပါ။ အရှင်သိပါ၏လော" ဟု မေးလျှောက်လျှင်....

"ပုဏ္ဏား။ ။ငါသိ၏ သင်၏ စိုးရိမ်ခြင်း သောကသည် ခြောက်ဒွါရ၌ ဖြစ်သောတဏှာ တပ်မက်ခြင်းမျှကို အကြောင်းပြု၍ ဖြစ်၏" ဟု မိန့်တော်မူပြီး....

(၂၁၆) **တဏှာယ ဇာယတီ သောကော၊**
**တဏှာယ ဇာယတီ ဘယံ။**
**တဏှာယ ဝိပ္ပမုတ္တဿ။**
**နတ္ထိ သောကော ကုတော ဘယံ။**

(၂၁၆) တပ်မက်ခြင်း တဏှာကြောင့် သောကသည် ဖြစ်၏။ တပ်မက်ခြင်း တဏှာကြောင့် ဘေးသည်ဖြစ်၏။ တပ်မက်ခြင်း တဏှာမှ ကင်းလွတ်သော သူအား သောကသည်မရှိ၊ ဘေးသည် အဘယ်မှာ ရှိအံ့နည်း။

ဒေသနာတော်၏အဆုံး၌ ပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်၏။

(ဓမ္မပဒ ပိယဝဂ် ခြောက်ခုမြောက် အညတြ ပုဏ္ဏားဝတ္ထု ပြီး၏။)

၁၇။ ပိယဝဂ်

## ၇။ မြတ်နိုးသင့်သူမို့

သူငယ် ငါးရာဝတ္ထု

အကျင့်သီလရှိ၏။
မဂ်ဖိုလ်ဉာဏ်အမြင်နှင့် ပြည့်စုံသည်။
မှန်သောစကားကို ဆို၏။
ပြုဘွယ်အကျင့်ကို ပြုကျင့်လေ့ရှိသူအား
လူတို့သည် ချစ်မြတ်နိုးကြ၏။

(သီလဒဿနံ သမ္ပန္နံ)အစခံသည့် ဒေသနာတော်ကို ဝေဠု ဝန်ကျောင်း၌ နေတော်မူလျက် လမ်းခရီးမှ သူငယ်ငါးရာတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

တနေ့၌မြတ်စွာဘုရားသည် ရှစ်ကျိပ်ကုန်သောမဟာထေရ်တို့ နှင့်အတူ ရဟန်းငါးရာ ခြံရံလျက် ရာဇဂြိုဟ်သို့ ဆွမ်းခံကြွ၏။ သူငယ်ငါးရာတို့သည် မုန့်တောင်းတို့ကို ထမ်း၍ မြို့မှဥယျာဉ်သို့ သွားသည်ကိုမြင်တော်မူ၏။ မြတ်စွာဘုရားကို မြင်လျှင် ရှိခိုး၍ သွားကြ၏။ ရဟန်းတပါးကိုမျှ မုန့်တချပ်လှူသည်မရှိ၊ထိုသူငယ် တို့ လွန်သွားလျှင် မြတ်စွာဘုရားသည် ရဟန်းတို့ကို မုန့်များ ဘုဉ်းပေးကြမည်လောဟု မိန့်တော်မူ၏။ရဟန်းတို့က ဤသူငယ်

တို့သည် မုန့်ကို ရဟန်းတပါးမျှ မလှူကြပါဟု လျှောက်၏။ ရဟန်းတို့ကို ထိုသူငယ် တို့သည် ငါဘုရားကိုငင်း၊ သင်တို့ကို ငင်း၊ မုန့်ကိုမလှူသော်လည်း မုန့်ရှင်သည် ရဟန်းတို့ နောက်မှ လိုက်လာ၏။ မုန့်တို့ကို ဘုဉ်းပေးပြီးမှ ကြွသွားရန် သင့်၏ ဟု မိန့်တော်မူပြီး ရဟန်းတို့ကို ခေါ်၍ သစ်ပင်ရိပ်၌ နေတော်မူ၏။

သူငယ်တို့သည် ရှင်မဟာကဿပ ကြွလာသည်ကို ဖူးမြင်ရ လျှင် ချစ်မြတ်နိုးခြင်းရှိပြီး ပီတိဝေဆာခြင်းဖြစ်၍ မုန့်တောင်း တို့ကို ရှင်မဟာကဿပ မထေရ်အား လှူဒါန်းကြ၏။ ထိုအခါ ရှင်မဟာကဿပသည် သူငယ်တို့အား မိန့်၏။ မြတ်စွာဘုရားသည် ရဟန်းများနှင့် သစ်ပင်ရင်း၌ နေတော်မူ၏။ သင်တို့၏ လှူဘွယ် ဝတ္ထုကိုယူပြီး မြတ်စွာဘုရားနှင့်တကွ ရဟန်းတို့အားခွဲဝေလှူ ဒါန်းကြကုန်လော့ဟု မိန့်တော်မူ၏။ သူငယ်တို့သည် ရှင်မဟာ ကဿပနှင့် အတူ ပြန်လိုက်သွား ကြ၍ မုန့်တို့ကို ခွဲဝေလှူ၏။ ဘုဉ်းပေးတော် မူကြသည်ကို ကြည့်၍ နေကြ၏။ ဘုဉ်းပေး ပြီးကြလျှင်ရေကိုကပ်လှူကြ၏။

ရဟန်းတို့က ကဲ့ရဲ့ကြ၏။ ဤသူငယ်တို့သည် မျက်နှာ ကြီး ငယ်လိုက်သည်၊ ဤဆွမ်းတည်းဟူသော မုန့်တို့ကို ဘုရားကိုငင်း၊ ထေရ်ကြီး ဝါကြီးတို့ကိုငင်း၊ ပန်ကြား ပေးလှူခြင်း မပြုပဲ ရှင်မဟာကဿပကိုမြင်မှ မုန့်တောင်းတို့ကိုယူ၍ လာကြသည် ဟု ကဲ့ရဲ့ကြ၏။ ထိုစကားကို မြတ်စွာဘုရားကြားတော်မူ၍ ရဟန်း တို့အား ငါ၏သားတော်ဖြစ်သော ရှင်မဟာကဿပနှင့်တူသော ရဟန်းကို နတ်ရော၊လူပါ ချစ်ကြ၏။ ထိုနတ်လူတို့သည်ထိုရဟန်း

အားပစ္စည်းလေးပါးဖြင့် ပူဇော်ခြင်းကို ပြုကြမည်သာတည်းဟု မိန့်ဆိုတော်မူပြီး....

(၂၁၇) **သီလဒဿန သမ္ပန္နံ၊**
**ဓမ္မဋ္ဌံသစ္စဝေဒိနံ။**
**အတ္တနော ကမ္မ ကုဗ္ဗာနံ။**
**တံ ဇနော ကုရုတေပိယံ။**

(၂၁၇) စင်ကြယ်သော၊ သီလရှိသော၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်အမြင်နှင့် ပြည့်စုံသော လောကုတ္တရာတရား ကိုးပါး၌တည်သော သစ္စာဉာဏ်ဖြင့် အမှန်ကို ဆိုလေ့ ရှိထသော မိမိ၏ ပြုဘွယ်အကျင့်ကို ပြည့်စုံအောင် ပြုတတ်သော ထိုပုဂ္ဂိုလ်ကို လူတို့သည် ချစ်ခင်ကြ၏။ မြတ်နိုးကြ၏။

ဒေသနာတော်၏အဆုံး၌ ထိုသူငယ်ငါးရာတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။

(ဓမ္မပဒ-ပိယဝဂ် ခုနစ်ခုမြောက် သူငယ်ငါးရာဝတ္ထုပြီး၏)

## ၁၆။ ပိယဝဂ်

### ၈။ နိဗ္ဗာန်သို့ဆန္ဒစောလျှင်

(အနာဂါမိမထေရ် ဝတ္ထု)

နိဗ္ဗာန်သို့ ဆန္ဒစော ပြင်းပြ၍
မနောဝိညာဉ်ပြင့် ထိတွေ့ခံစား၍
ကာမဆယ့်တစ်ဘုံ၌
မကပ်ငြိသောသူသည်
အထက်ဘုံသို့သာ
အစဉ်သွားလေ၏။

(ဆန္ဒဇာတော) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ အနာဂါမ် မထေရ်တပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

တနေ့သ၌ အနာဂါမ်သို့ ရောက်ပြီးသော မထေရ်တပါးကို တပည့်များက "အရှင်ဘုရားသည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရပါသလော"ဟု မေးကြ၏။ မထေရ်သည် "အနာဂါမ်ရောက်ပြီ"ဟု ပြောရမှာရှက်နေ၏။ (အနာဂါမ်ဆိုသည်မှာ လူတိုင်းလို ရနေကြသောခေတ်ဖြစ်၏။) အရဟတ္တဖိုလ်သို့ တကယ်ရောက်မှသာ ပြောတော့မည်ဟု ကြိုတ်၍ အားထုတ်နေစဉ် ကွယ်လွန်၍ "သုဒ္ဓါဝါသဘုံ"သို့ရောက်၏။

တပည့်ရဟန်းတို့က မိမိတို့ ဆရာသည် တရားတခုမှ မရပဲ သေဆုံးရသည်ဟု မြတ်စွာဘုရားထံ ငိုယို လျှောက်ထား၏။ မြတ်စွာဘုရားက "သင်တို့ မစိုးရိမ်ကြနှင့်၊ သင်တို့ ဆရာသည် အနာဂါမ်သို့ ရောက်ပြီးဖြစ်၏။ သို့သော်လည်း အနာဂါမ်မှာ လူတိုင်းလိုရနိုင်၍ အရဟတ္တဖိုလ်သို့ရောက်မှ ပြောတော့မည်ဟု တစုံတရာပြန်မပြောခြင်းဖြစ်သည်။ ယခု သုဒ္ဓါဝါသဘုံ၌ဖြစ်၍ သင်တို့ဆရာသည် ဝတ္ထုကာမ၊ ကိလေသာကာမတို့၌ မစွဲလမ်းသော စိတ်ရှိသည်အဖြစ်သို့ ရောက်နေပြီ"သို့ မိန့်တော်မူပြီး-

(၂၁၈) ဆန္ဒဇာတော အနက္ခာတေ
မနသာ စ ဖုဋ္ဌော သိယာ။
ကာမေသု စ အပ္ပဋိဗဒ္ဓစိတ္တော၊
"ဥဒ္ဓံ သောတော တိ" ဝုစ္စတိ။

(၂၁၈) နိဗ္ဗာန်သို့ ရောက်စေလိုသော ဆန္ဒဇောလည်း ရှိ၏။ အောက်မဂ် အောက်ဖိုလ်စိတ်ဖြင့် တွေ့သည်လည်း ဖြစ်၏။ ဝတ္ထုကာမ ကိလေသာကာမတို့၌ မစွဲလမ်း မကပ်ငြိ၊ ထိုရဟန်းကို "ဥဒ္ဓံသောတ" ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

(အနာဂါမိမဂ်၏ အစွမ်းဖြင့် ကာမဂုဏ်တို့၌ တပ်ငြိသော စိတ်မရှိ။ ဥဒ္ဓံသောတ ဟူသည်မှာ၊ အဝိဟာရဘုံ၌ဖြစ်၍ ထိုဘုံမှ စ၍ ပဋိသန္ဓေ၏အစွမ်းဖြင့် အကနိဋ္ဌဘုံသို့ သွားသော ပုဂ္ဂိုလ်ကို ဥဒ္ဓံသောတပုဂ္ဂိုလ်ဟု ဆိုအပ်၏။)

ဒေသနာတော်၏အဆုံး၌ ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

(ဓမ္မပဒ ငိုယဝဂ် ရှစ်ခုမြောက် အနာဂါမ် မထေရ် ဝတ္ထု ပြီး၏။)

၁၆။ ပိယဝဂ်

# ၉။ ကောင်းမှုရှင်ကို ကြိုဆိုခြင်း

(နန္ဒိယ သူကြွယ်ဝတ္ထု)

ကြာမြင့်ကွဲကွာ ဝေးရပ်ရွာမှ
ရောက်လာသူအား ဆွေမျိုးများက
ဝမ်းသာအားရ ကြိုဆိုကြသို့
တမလွန်နှုံကူးပြောင်း သူတော်ကောင်းအား
ပြုပြုသမျှ ကုသလက
ရှင်လန်းအားရ ကြိုဆိုကြ၏။

(စိရပ္ပဝါသိံ ပုရိသံ) အစခံသော ဒေသနာတော်ကို ဗာရာဏသီပြည်မှ ဣသိပတန အမည်ရသော ဥယျာဉ်၌ နန္ဒိယ သူကြွယ်ကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

ဗာဏရာသီပြည်၌ သူကြွယ်သား နန္ဒိယသည်မိဘတို့နှင့်အတူ ရဟန်းသံဃာတို့အား ကြည်ညိုသဒ္ဓါ လုပ်ကျွေးလေ့ ရှိကြ၏။ မကြာမီပင် မျက်နှာချင်းဆိုင်အိမ်မှဦးရီးတော်၏သမီး ''ရေဝတီ'' နှင့် မိဘတို့လက်ထပ်စေလို၏။ ရေဝတီသည် ရတနာသုံးပါး၌ ကြည်ညိုခြင်းမရှိ၊ လှူဒါန်းပေးကမ်းခြင်းလည်းမရှိ၊ ထို့ကြောင့်

နန္ဒိယသည် ရေဝတီကိုအလိုမရှိ၊ အမေက ရေဝတီကို ရဟန်းသံဃာတို့အတွက် ပြုစုလုပ်ကျွေးရန်၊ နေရာခင်းရန်ဆွမ်းကပ်ရန်၊ သောက်ရေကပ်ရန်တို့ကို သင်ကြားပေး၏။ ဤသို့ ပြုလုပ်လျှင် ငါ့သားသည် နှစ်သက်ပေလိမ့်မည် ဟုပြော၏။ ရေဝတီသည် နန္ဒိယ၏ မိခင်ပြောသည့်အတိုင်းလုပ်၏။ ထို့ကြောင့် နန္ဒိယက လက်ထပ်၍ ယူ၏။

## နန္ဒိယ၏ ကျောင်းအလှူ

ရဟန်းသံဃာကိုဒင်း၊ ငါ၏အမိအဖတို့ကိုဒင်း၊ ပြုစုလုပ်ကျွေးနေသမျှ ဤအိမ်၌ ပျော်ရွှင်စွာနေရမည်၊ မမေ့မလျော့ နှင့်ဟုဆို၏။ ရေဝတီသည်ဝန်ခံ၍ ကြည်ညိုလေဟန် ပြုစုလုပ်ကျွေး၏။ ဤသို့ဖြင့်သားနှစ်ယောက်ပင်ဖွားမြင်ပြီးနောက် မိဖတို့ကွယ်လွန်ကြ၏။ ရေဝတီသည် ထိုအိမ်၌ အုပ်ချုပ်သူဖြစ်သွား၏။

နန္ဒိယသည် မိဖတို့မရှိသည့်နောက် အလှူရှင်အဖြစ် ရဟန်းသံဃာတို့ကိုဒင်း၊ ခိုကိုးရာမဲ့သူတို့ကိုဒင်း၊ ခရီးဝေးမှရောက်လာသူတို့ကိုဒင်း၊ အိမ်ရှေ့၌ထမင်းအလှူကိုပေး၏။

ထို့နောက် နန္ဒိယသည် ဣသိပတနဥယျာဉ်တွင်းရှိ ကျောင်းတိုက်ကြီး၌ လေးသွယ်သော တိုက်ကြီးကိုမုခ်အထွဋ်ရှိ လေးသွယ်ဖြင့် ဆောက်၍ ခုတင် ညောင်စောင်းတို့ အပြည့်အစုံ ခင်းပြီး ဘုရားအမှူးရှိသော သံဃာတော်တို့အားရေစက်သွန်းချ လှူဒါန်း၏။ မြတ်စွာဘုရားထံ ရေစက်ချသည်နှင့် တပြိုင်နက် တခါတည်းပင် တာဝတိံသာနတ်ပြည်၌ တဆယ့်နှစ် ယူဇနာရှိသော အထက်သို့ ယူဇနာတရာဖြင့်ပြီးသော ပြာသာဒ်သည် ပေါက်လေ၏။ ထိုပြာသာဒ်တွင် ရတနာခုနှစ်ပါးဆင်ယင်ထားသောနတ်သမီးငယ် အပေါင်းတို့ဖြင့် ပြည့်လေ၏။

## အရှင်မောဂ္ဂလာန် နတ်ပြည်သို့ကြွခြင်း

တနေ့သ၌ အရှင်မောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့ ဒေသစာရီကြွ၍ ထိုပြာသာဒ်အနီး၌ ရပ်စဉ် အနီး၌ရှိကုန်သော နတ်သားတို့အား "နတ်သမီးအပေါင်းနှင့် ပြည့်နေသော ဤပြာသာဒ်ဗိမာန်သည်မည်သူ၏ဗိမာန်နည်း" ဟုမေး၏။ နန္ဒိယသူကြွယ်သည် မြတ်စွာဘုရားအား ကျောင်းဆောက်၍ လှူသဖြင့် ဤဗိမာန်သည် ပေါ်ပေါက်လာ၏ဟု လျှောက်၏။

နတ်သမီး အပေါင်းတို့သည် အရှင်မောဂ္ဂလာန်ကို မြင်၍ လာရောက်ဖူးမြော်ပြီး တပည့်တော်မတို့သည် နန္ဒိယနတ်သား၏ အလုပ်အကျွေး အဖြစ် ဤဗိမာန်၌ ဖြစ်လာကြပါသည်။ အရှင်သခင် မရောက်လာ သေးသောကြောင့်အလွန်လျှင်ငြီးငွေ့ခြင်း ဖြစ်ရပါသည်။ နန္ဒိယ သတို့သားအား လက်ရှိမြေခွက်ကို ခွဲ၍ ရွှေခွက်ကို ယူသကဲ့သို့ လူ့စည်းစိမ်ကိုစွန့်၍ နတ်ပြည်စည်းစိမ်ကို ခံစားရန် ဤနတ်ပြည်သို့ အမြန်လာဘို့ အမိန့်ရှိ ပေးပါဟု လျှောက်ကြ၏။

## မြတ်စွာ ဘုရားသခင်ကို လျှောက်ခြင်း

အရှင်မဟာ မောဂ္ဂလာန်သည် တာဝတိံသာမှ ပြန်လာပြီး မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုး၍ လျှောက်ထား၏။

"အရှင်ဘုရား။ ။ လူ့ပြည်၌ နေယင်း ပင် ကောင်းမှုကုသိုလ် ပြုသောသူတို့၏ နတ်စည်းစိမ်သည် ဖြစ်နိုင်ပါသလား ဘုရား"

"သင်သည် နတ်ပြည်၌ နန္ဒိယ၏ ဗိမာန်ကို ကိုယ်တိုင်မြင်ခဲ့ရသည် မဟုတ်လော၊ ငါ့ကို အဘယ့်ကြောင့် မေးသနည်း"

"မြင်ခဲ့ရပါသည် ဘုရား"

"မောဂ္ဂလာန်။ ။ ကြာမြင့်စွာ ကွေကွင်းနေရသောသား ကိုဝင်း ညီကိုဝင်း၊ အဝေးအရပ်မှ ပြန်၍ ရောက်လာသည်ကို ရွာတံခါး၌ ရှိသော တစုံတယောက်က မြင်၍ ဆွေမျိုးတို့အိမ်သို့ အလျင်အမြန် လာပြီး အကြောင်းကြား၏။

ထိုသူ၏ ဆွေမျိုးတို့သည် အလွန်ဝမ်းသာစွာဖြင့် အလျင် အမြန် ထွက်၍ နှုတ်ဆက်ခြင်းကို ပြုလျက် နှစ်သက် ရွှင်လန်း ကြရ သကဲ့သို့-

ထို့အတူပင်ဤလူ့ပြည်၌ကောင်းမှုကုသိုလ်ရှိသော သူတော် ကောင်းသည် လူ့ပြည်ကိုစွန့်၍ တမလွန်ဘဝသို့ သွားသော ယောကျ်ားကိုဝင်း၊ မိန်းမကိုဝင်း နတ်တို့သည် ပန်းနံ့သာ လက် စွဲလျက် နတ်တို့၏ လက်ဆောင်တို့ဖြင့် သူ့ထက်ငါ ဦးအောင် ဝမ်းမြောက်စွာကြိုဆိုကြကုန်၏။

ဤသို့မိန့်တော်မူပြီး အောက်ပါဂါထာကို ဟောကြားတော် မူ၏။

၁

(၂၁၉) **စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိမာဂတံ။**
　　**ဉာတိ မိတ္တာသု ဟဇ္ဇာစ၊ အဘိနန္ဒန္တိ အာဂတံ။**

(၂၂၀) **တ ထေဝ ကတ ပုညမ္ပိ၊ အသ္မာ လောကာ ပရံ ဂတံ။**
　　**ပုညာနိ ပဋိဂဏှန္တိ၊ ပိယံဉာတိဝ အာဂတံ။**

(၂၁၉) ကြာမြင့်စွာကွေကွင်း၍နေသော ချမ်းချမ်းသာသာဝေး စွာသောအရပ်မှ ရောက်လာသော ယောကျ်ားကို မိဖဆွေမျိုးမိတ်ဆွေ တို့သည်ဝင်း၊ ချစ်ခင်သူတို့သည်ဝင်း၊ လာခဲ့သလောဟု ဆိုလျက် အလွန် ဝမ်းမြောက်ကုန်သကဲ့သို့။

(၂၂၀)။ ထို့အတူ ဤလောကမှ တမလွန်သို့သွားသော ကောင်းမှုရှင်ကိုလည်း ကောင်းမှုတို့သည် လာသလော့ဟုဆို၍ ချစ်လှစွာသော အဆွေအမျိုးတို့ကဲ့သို့ ကြိုဆိုထောက်ပံ့ကြကုန်၏။

(အကျယ်ကို ငိမာနဝတ္ထုတွင်ရှုပါ)

(ဓမ္မပဒ ပိယဝဂ်နှစ်ခုမြောက် နန္ဒိယဝတ္ထုပြီး၏။)

**ပိယဝဂ် ပြီး၏။**

# ၁၇။ ကောဓဝဂ် {အမျက်တရားစု}

## ဂါထာပေါင်း ၃၅။ ဝတ္ထု ၈ ပုဒ်။

### ကောဓဝဂ်တွင်

"ချောသည်၊ လောကီ၊ ရောဟိနီ" ဟု ကြားဘူးကြ၏။ ရောဟိနီ အကြောင်း သိသူရှားလှသည်။ ဤတွင် ရှင်အနုရုဒ္ဓါ နှမတော် ရောဟိနီမှာ နူနာစွဲကပ်၍ နေ၏။ လူတောထဲ မတိုးဝံ့။ မိမိလက်ဝတ်တန်ဆာတို့ကို ရောင်းချ၍ ကျောင်းကိုဆောက်လုပ် လှူဒါန်းပြီး ရေစက် သွန်းချ၏။

သေလွန်သောအခါ အလွန့် အလွန် လှပသော ရောဟိနီ နတ်သမီးအဖြစ် သိကြားမင်း ကောက်ယူပုံ။'

ထို့နောက် သစ်ပင်ကို ခုတ်လှဲသော ရဟန်းနှင့် ဒေါသကို ချုပ်တည်းနိုင်၍ မြတ်စွာဘုရားသခင် ချီးမွမ်းတော်မူသောနတ်

သမီး ဝတ္ထု။ သဌေးမ ဥတ္တရာအား ဆီပူဖြင့်လောင်းချသော် ပြည့်တန်ဆာမ သီရိမာဝတ္ထု။ အရှင်မောဂ္ဂလာန်ကိုယ်တိုင် နတ်ပြည်သို့ တက်ရောက်၍ ကောင်းမှုကံများကို မေးမြန်းတော်မူပုံများ။

လူအဖြစ်နှင့် ရဟန္တာဖြစ်သော ဘုရားရှင်၏ ခမည်းတော် ဟောင်း မယ်တော်ဟောင်းတို့ဝတ္ထု။ သဌေးကျွန်မ မယ်ပုဏ္ဏာ၏ ကြမ်းတမ်းသောမုန့်အလှူဝတ္ထု။ ကွဲရဲ့လွှတ်သူ လောကမှာမရှိကြောင်း ဟောကြားတော်မူသော ဝတ္ထုနှင့် ဆဗ္ဗဂ္ဂီတို့၏ အကြောင်းဝတ္ထုတို့ကို ဖတ်ရှုနိုင်ကြပါသည်။

## ၁၇။ ကောဓဝဂ် (အမျက်တရားစု)

### ၁။ ဒေါသမာနစွန့်ပယ်ကြ

(ရောဟိနီမင်းသမီးဝတ္ထု)

ဒေါသမာန စွန့်ပယ်ကြ၊
သံယောဇဉ်တို့ လွန်မြောက်ကြ၊
နာမ်ရုပ်တို့မှာ မငြိတွယ်ရာ၊
ကြောင့်ကြကင်းငြားထိုသူအား
ဆင်းရဲမှန်သမျှ ကင်းလွတ်ရ။

(ကောဓံဇဟေ) အစရှိသော ဒေသနာတော်ကို ကပိလဝတ်ပြည် နိဂြောဓါရုံ ကျောင်းတော်၌ အရှင်အနုရုဒ္ဓါ မထေရ်၏ နှမတော်ဖြစ်သော ရောဟိနီမင်းသမီးကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အခါတပါး၌ အရှင်အနုရုဒ္ဓါ မထေရ်သည် ငါးရာသော ရဟန်းတို့နှင့်အတူ ကပိလဝတ်ပြည်သို့ ကြွသွားတော်မူ၏။

ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်၏ဆွေတော်မျိုးတော်တို့သည် အနုရုဒ္ဓါမထေရ်ကြွလာသည်ဟုကြား၍ ဝမ်းသာအားရ အပြေးအလွှားပင် နိဂြောဓါရုံကျောင်းတော်သို့သွားကြကုန်၏။ မထေရ်

သည် ဆွေတော်မျိုးတော် အကုန်အစင် တွေ့မြင်ရသော်လည်း နှမတော် ရောဟိနီကိုမတွေ့မြင်၍ မေးတော်မူလျှင် "ရောဟိနီသည် နူနာရောဂါစွဲနေ၍ ရှက်သဖြင့်မလိုက်လာပါ"ဟုလျှောက်ကြ၏။ မထေရ်သည် ရောဟိနီကိုခေါ်စေတော်မူပြီး အဝတ်ကိုခြုံ၍ လာသော ရောဟိနီရောက်လာလျှင် "သင်သည် ငါ့ထံသို့ အဘယ်ကြောင့် မလာသနည်း"ဟု မေး၏။ "တပည့်တော်၏ကိုယ်၌ ယားယံရောဂါ နူနာဖြစ်နေ၍ ရှက်သဖြင့် မရောက်လာသည်ဖြစ်ပါ၏။"

"ရောဟိနီ သင်သည် ကောင်းမှုပြုရန်မသင့်သလော"

"အဘယ်ကောင်းမှုကို ပြုရပါမည်နည်း"

"ဆွမ်းစားဇရပ်ကို ဆောက်လေလော့"ဟု မိန့်တော်မူ၏။

"အရှင်ဘုရား အဘယ်ပစ္စည်းကိုယူ၍ဆောက်ရပါမည်နည်း"

"သင်ဆင်မြန်းသောလက်ဝတ်တန်ဆာတို့ရှိသလော"

"အရှင်ဘုရား ရှိပါ၏"

"အဖိုးမည်မျှထိုက်တန်သနည်း"

"တသောင်းမျှလောက် ထိုက်တန်ပါမည်"

"ထိုသို့ဆိုလျှင် ထိုလက်ဝတ်တန်ဆာကိုရောင်းချ၍ ဆွမ်းစားဇရပ်ကိုဆောက်လော့"အရှင်အနုရုဒ္ဓါသည် ဆွေတော်မျိုးတော်တို့ကိုကြည့်၍

"သင်တို့တာဝန်ယူကြလော့၊ ငါသည်လည်း ကြည့်ရှုစောင့်ရှောက်ခြင်းဖြစ်ပေအံ့"ဟု မိန့်တော်မူ၏။ ဆွေမျိုးတို့လည်း ဝန်ခံလျက် အဆောက်အဦကို ဆောက်ကြ၏။ အရှင်အနုရုဒ္ဓါမထေရ်သည် ကြပ်မတ်ရင်တော်မူလျက် ဘုံခုနစ်ဆင့် နှစ်ထပ်ရှိသောလည်ပေါ်ဇရပ်ကိုဆောက်စေ၍ အပေါ်ထပ်၌ ပျဉ်တို့ကိုခင်းစေ

ပြီး အောက်၌ အမြဲမပြတ် တံမျက်လှည်းပြီးသော် နေရာတို့ကို ခင်းလေလော့၊ သောက် ရေ အိုး တို့ ကို မပြတ် တည် လော့ ဟု ရောဟိနီအား မိန့်တော်မူ၏။

ထိုဘုံနှစ်ဆင့်ရှိသော လည်ပေါ်ဇရပ်ကို ဆောက်နေစဉ်ပင် နူနာသည် ညှိုး၍လာ၏။ ဆွမ်းစားဇရပ်ပြီးလေသော် ဘုရားအမှူးရှိသော သံဃာတော်တို့ကိုပင့်၍ ဆွမ်းလုပ်ကျွေး၏။ ဆွမ်းဘုဉ်းပေးပြီးသော် မြတ်စွာဘုရားက ဤအလှူသည် မည်သူ၏အလှူနည်းဟု မေးတော်မူ၏။ အရှင်အနုရုဒ္ဓါက တပည့်တော်၏နှမဖြစ်သော ရောဟိနီ၏ အလှူ ဖြစ်ပါသည်ဟု လျှောက် ၏။ ရောဟိနီ အဘယ်မှာနည်းဟု မေးတော်မူသဖြင့် အိမ်၌ရှိပါသည်ဟု လျှောက်၏။ ရောဟိနီသည် ဆွမ်းစားဇရပ်သို့မလာလို၊ မြတ်စွာဘုရားခေါ်စေတော်မူလျှင် မပယ်ဝံ့ပဲရောက်လာ၏။ မြတ်စွာဘုရားက-

"ရောဟိနီ။ ။ငါဘုရားရှိရာသို့ အဘယ်ကြောင့် မလာသနည်း"ဟု မေးတော်မူသော် "တပည့်တော်မ၏ကိုယ်၌ နူနာရောဂါရှိသောကြောင့် ရှက်လှ၍ မလာခဲ့ခြင်း ဖြစ် ပါ သည်" ဟု လျှောက်၏။

"အသင်သည် အဘယ်ကိုအကြောင်းပြု၍ နူနာရောဂါ ဖြစ်ရသည်ဟု သိသလော"

"မသိပါအရှင်ဘုရား"

"သင်၏အမျက်ဒေါသကိုမှီ၍ ဤနူနာသည်ဖြစ်၏"

"အရှင်ဘုရား။ အဘယ်ကောင်းမှုကိုပြုခဲ့ပါသနည်းဘုရား"

"ထိုသို့ သင်လျှောက်မူကား နာလော့"

ဟု မိန့်တော်မူ၍ ရောဟိနီ၏အတိတ်ဇာတ်ကို ဟောတော်မူ၏။

## ရောဟိနီ၏ အတိတ်ဇာတ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ကြီးအရှင် ဘုရင်မင်းမြတ်၏ အဂ္ဂမဟေသီဒေဝီမိဖုရားကြီးသည် ဘုရင်မင်းမြတ်ချစ်ခင်မြတ်နိုး၍ အရေးပေးခံရသော ကချေသည်မလေးအား ရန်ငြိုးဖွဲ့လျက် ထိုကချေသည်မအား ဒုက္ခတွေ့စေတော့ဟု ကြံစည်၍ ခွေးလေးယားသီးတို့ကို ကချေသည်မ၏ အိပ်ရာ ကော်ဇော၊ စောင် စသည်တို့အကြား၌ တိတ်တဆိတ်ကြဲဖြန့်ထားပြီးထိုကချေသည်မလေးကို ရှေ့တော်သို့ ခေါ်စေတော်မူပြီး ကျီစယ်သလိုလိုနှင့် ခွေးလေးယားသီးမှုန့်တို့ဖြင့် ပက်ကစား၏။ ခဏခြင်းပင် ကချေသည်မလေး တကိုယ်လုံး ယားယံ၍ အပိန့်အပိန့်တို့သည်ဖြစ်၏။ကချေသည်မလေးသည် ယားယံလွန်းသဖြင့် မိမိအိပ်ရာသို့ပြေး၍ လူးလိမ့်နေရ၏။ အိပ်ရာ၊ စောင်၊ ကော်ဇောတို့မှ ခွေးလေးယားသီးမှုန့်တို့သည် တဖန်ကပ်ငြိပြန်သဖြင့် ပို၍ယားယံပြီး မရှုမလှ လူးလိမ့်၍သာ ဝေဒနာကိုခံစားခဲ့ရရှာ၏။

မြတ်စွာဘုရားသည် ဤသို့ အတိတ်ကို ဆောင်တော်မူ၍ “ရောဟိနီ ထိုစဉ်က သင်ကား အဂ္ဂမဟေသီ မိဖုရားကြီး ဖြစ်ခဲ့သည်၊ သင်ပြုခဲ့သော မကောင်းမှုကံကား ဤသည်တည်း”ဟု မိန့်ကြားတော်မူပြီး–

အနည်းငယ် မျှသော အမျက်ထွက် ခြင်းကိုရင်း၊ ငြူစူစောင်းမြောင်းခြင်းကိုရင်း၊ မသင့်သည် သာလျှင် တည်းဟု မိန့်တော်မူပြီး၍-

(၂၂၁) ကောဓံ ဇဟေ ဝိပ္ပဇဟေယျ မာနံ၊
သံယောဇနံ သဗ္ဗ မတိက္ကမေယျ၊
တံ နာမရူပ သ္မိံ၊ မသဇ္ဇမာနံ၊
အကိဉ္စနံ နာနုပတန္တိ ဒုက္ခာ။

(၂၂၁) အမျက်ဒေါသကို ပယ်စွန့်ရာ၏။ မာနကိုပယ်စွန့်ရာ၏။ အလုံးစုံသောသံယောဇဉ်တို့ကို လွန်မြောက်ရာ၏၊ နာမ်တရား ရုပ်တရားတို့၌ မငြိတွယ်မူ၍ ကြောင့်ကြ ကင်းသောသူအား ဆင်းရဲခြင်းသည် မကျရောက်။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ရောက်ကုန်၏။ ရောဟိနီမင်းသမီးသည် သောတာပတ္တိဖိုလ်၌တည်၏။ ထိုခဏ၌သာလျှင် ရောဟိနီမင်းသမီး၏ကိုယ်သည် ရွှေအဆင်း ကဲ့သို့သော အဆင်းသည် ဖြစ်၏။

## ရောဟိနီကို နတ်သားများလုကြခြင်း

ရောဟိနီမင်းသမီးသည် လူ့ပြည်၌ ကံအားလျော်စွာနေ၍ ထိုဘဝမှ ပြောင်းရွှေ့သေလွန်ခဲ့သော် တာဝတိံသာ နတ်ပြည်၌ နတ်သားလေးယောက်တို့၏ ပိုင်နက်အတွင်း အလယ်ကြား၌) ဖြစ်လေ၏။ ကြည်ညိုဖွယ် တင့်တယ်လှပ ကိုယ်ရောင်အဆင်းမှာလည်း ထွန်းပလေသဖြင့် နတ်သားလေးယောက် တို့သည် ထိုနတ်သမီးကို အလွန်အမင်း ချစ်ခြင်းရှိကုန်သည်ဖြစ်၍ 'ငါ၏ပိုင်နက်တွင်း၌ဖြစ်လာသည်၊ ''ငါ၏ ပိုင်နက်အတွင်း၌ ဖြစ်လာသည်'' ငြင်းခုံလုယက်ကြ၏။

ဖြေရှင်းမရလျှင် သိကြားမင်းထံ သွား၍ တိုင် ကြားရန် နတ်သမီးကိုပါ ခေါ်ဆောင်၍ သွားကြ၏။ ထိုနတ်သားတို့သည် သိကြားမင်းရှေ့ရောက်လျှင် အငြင်းအခုံ ဖြစ်ရသည်ကို လျှောက်ကြား၍ "သိကြားမင်း ဆုံးဖြတ်ပေးတော်မူပါ" ဟု ဆိုလျှင် သိကြားမင်းသည် ထိုနတ်သမီးကိုကြည့်၍-

"သင်တို့သည် နတ်သမီးကို တွေ့မြင်ချိန်မှစ၍ အသင်တို့စိတ်သည် မည်သို့ဖြစ်ကြသနည်း"ဟုမေး၏။

တယောက်သောနတ်သားက လျှောက်၏။

"ထိုနတ်သမီးကို တွေ့မြင်လျှင်မြင်ခြင်း ကျွန်ုပ်၏ရင်တွင်း၌ စစ်မြေပြင်တွင် တီးခတ်သောစည်ကြီးကဲ့သို့ တဒိန်းဒိန်းမြည်၍ ထိုတဒိန်းဒိန်းမြည်သံကို ရပ်တန့်သောငှာ မစွမ်းနိုင်ခဲ့ပါ"

ဒုတိယနတ်သားက-

"ထိုနတ်သမီးကိုမြင်ရသည်နှင့် ကျွန်ုပ်၏စိတ်တွင်း၌ တောင်ထိပ်မှ အဟုန်ပြင်းစွာ စီးဆင်းလာသော မြစ်ရေကဲ့သို့ဖြစ်ရပါသည်"

တတိယမြောက်နတ်သားက-

"ထိုနတ်သမီးကို တွေ့မြင်ရသည့်အချိန်တွင် ကျွန်ုပ်၏မျက်လုံးတို့သည် ပုဇွန်လုံး၏ မျက်စိကဲ့သို့ ပြူး၍ပြူး၍ ထွက်ကုန်ပါသည်"

စတုတ္ထမြောက်နတ်သားက-

ထိုနတ်သမီးကို မြင်သည်နှင့်တပြိုင်နက် စေတီ၌ စိုက်ထူထားသော တံခွန်သည် မတုန်မလှုပ် တည်နေခြင်းငှာမစွမ်းနိုင်သကဲ့သို့ ကျွန်ုပ်၏စိတ်တို့သည် တစွန့်စွန့်သာလျှင် လှုပ်ပါး၍ နေရပါသည်"

သိကြားမင်းသည် နတ်သား လေးယောက်တို့၏ စကားကို ကြားရပြီးနောက်-

"အမောင်တို့။ ။ဤနတ်သမီးကို တွေ့မြင်သော ကာလမှ စ၍ အသင်တို့၏စိတ်၌ ဤမျှလောက်သာ ဖြစ်ပေါ်ခြင်းသည် အသင်တို့မှာစိတ်ကို အလွန်ပင် ထိမ်းသိမ်းနိုင်သောသူများ ဖြစ်ကြပေသည်။ ငါသည်ကား မြင်လျှင်မြင်ခြင်းပင် ဤနတ်သမီးကို မရခဲ့လျှင် သေလွန်ခြင်း ဖြစ်ရပါတော့မည်၊ ဤနတ်သမီးကိုရမှ ငါသည် အသက်ရှည်ရှည် နေရပေတော့မည်" ဟု ပြောဆိုလေလျှင် နတ်သားလေးယောက်တို့သည် တအံ့တသြပင်-

"အရှင်သိကြားမင်း။ ဤကိစ္စဖြင့် သေလွန်ခြင်း မပြုပါနှင့်၊ ဤနတ်သမီးကိုသာ သိကြားမင်း သိမ်းပိုက်ပါတော့" ဟု ပြောဆိုကာ နတ်သား လေးယောက်တို့သည် စိတ်ပျက်လက်ပျက် တွက်ခွာသွားကြ၏။

သိကြားမင်းသည် ရောဟိနီနတ်သမီးကို အလွန်ပင် ချစ်မြတ်နိုးသည်ဖြစ်၍ ထိုနတ်သမီး၏စကားကို ပယ်ခြင်းငှာ မစွမ်းနိုင်အောင် အလိုလိုက်ရလေသည်။

(ဓမ္မပဒ ကောဓဝဂ် ရှေးဦးစွာသော ရောဟိနီနတ်သမီး၏ ဝတ္ထုပြီး၏။)

၀ ၀ ၀

၁၇။ ခဂ္ဂဝဂ်။

## ၂။ အမျက်ဒေါသ ထိန်းသိမ်းကြ

ဒေါသချုပ်တည်းသော နတ်သမီးဝတ္ထု

ဖြင်းထန်သော အမျက်ဒေါသကို
ထိန်းသိမ်းနိုင်စွမ်းသူသည်
အဟုန်ဖြင့်ပြေးနေသော ရထားကို
မတိမ်းမစောင်းအောင်
ရပ်တန့်နိုင်သော ရထားထိန်းကဲ့သို့
ရထားထိန်းအစစ် ဖြစ်၏။
အခြားသူများ သည်ကား၊
ရထား၏ ကြိုး ကိုင်မျှသာဖြစ်၏။

(ယောဝေ ဥပ္ပတိတံ) အစခံသော ဂါထာကို အာဠဝီပြည်အနီး အဂ္ဂါဠဝစေတီ၌ စံနေတော်မူစဉ် မထင်ရှားသော ရဟန်းတပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသည် ရဟန်းသံဃာ တို့အား သေနာသနကျောင်းကို ခွင့်ပြုတော်မူသည်ရှိသော် ရာဇဂြိုဟ်ပြည်မှ သဌေးတို့သည် ကျောင်းဆောက်၍ လှူကြကုန်၏။ အာဠဝီတိုင်းသား

ရဟန်းတပါးသည် မိမိနေရန် ကျောင်းကို ဆောက်လိုသောကြောင့် လုံးပတ်ပင်စည်ဖြင့် ရှည်ချောလျက် နှစ်လိုဖွယ် ရှိသော သစ်ပင်တပင်ကိုမြင်၍ သစ်ပင်ကိုလှဲရန် လာသည်။

ထိုသစ်ပင်၌ နတ်သမီးတယောက်သည်နေ၏။ နတ်သမီးသည် သားငယ်ကိုချီပြီး ကိုယ်ထင်ပြလျက် တောင်းပန်၏။

"အရှင်။ ကျွန်ုပ်၏နေရာ ဗိမာန်ကို မခုတ်မဖြတ်ပါနှင့်၊ သားငယ်ကိုပိုက်၍ ဗိမာန်မရှိပဲ လှည့်လည်နေခြင်းငှာ မတတ်နိုင်ပါ"ဟု တောင်းပန်၏။

ရဟန်းသည် ဤသစ်ပင်လောက် ကောင်းသော အခြားသစ်ပင်မရှိဟုဆိုကာ ပုဆိန်ကိုပြင်၏။ နတ်သမီးသည် ဤကလေးငယ်ကိုမြင်လျှင် သနား၍ ပြန်သွားလိမ့်မည်ဟု ကလေးငယ်ကို သစ်ငင်ခွကြား၌ထား၏။ ထိုရဟန်းသည် နတ်သားငယ်ကို မြင်ချိန်၌ ပုဆိန်အရှိန်သတ်၍ မရတော့ပဲ နတ်ငယ်ကလေး၏ လက်မောင်းကို ဖြတ်မိလေ၏။

နတ်သမီးသည် သားငယ်ဇောဖြင့် ဒေါသအမျက် ပြင်းစွာထွက်ပြီး ထိုရဟန်းကို သတ်တော့အံ့ဟု လက်နှစ်ဖက် တို့ကို မြှောက်ပြီးမှ ချက်ခြင်းပင် စဉ်းစားမိ၏။

"ဤရဟန်းသည် သီလရှိ၏၊ ငါသည် သီလ ရှိသူကို သတ်မိလျှင် ငရဲသို့လားရမည်။ အခြား နတ်တို့ ကလည်း၊ မိမိ၏သစ်ပင်ခုတ်လှဲသောရဟန်းတို့ကိုမြင်လျှင် ဤနတ်သမီးသည်ပင် ရဟန်းတို့ကိုသတ်၏ဟူ၍ ငါ့ကိုပမာပြုပြီး ရဟန်းတို့ကို သတ်ကြလိမ့်မည်၊ ဤရဟန်းတွင် ဆရာအရှင် ရှိ၏၊ ဆရာအရှင်ဖြစ်သော ဘုရားရှင်အားသာလျှင် တိုင်ကြားလျှောက်ထားအံ့"

ဟူ၍ စဉ်းစားမိသည်နှင့် မြှောက်ထားသော လက်တို့ကိုချ၍ ငိုကြွေးလျက် မြတ်စွာဘုရားအထံသို့ သွား၏။ မြတ်စွာဘုရား သခင်က နတ်သမီးကိုမြင်လျှင်-

"အဘယ်ကြောင့်ငိုလျက်ရပ်နေသနည်း" ဟု မိန့်တော်မူလျှင် နတ်သမီးက အရှင်ဘုရား၏ တပည့်သာဝကဖြစ်သောရဟန်းသည် ဤသို့ဤသို့ပြုမူပါသည်။ တပည့်တော်မသည်လည်း ဒေါသပြင်းစွာထွက်၍ ဤရဟန်းအားသတ်ရန်ပြုပြီးမှ ဤသို့ စဉ်းစားမိပြီး ဘုရားရှိရာအရပ်သို့ လာရပါ၏ဟု အကျယ်အားဖြင့် လျှောက်ကြား၏။ထိုလျှောက်ကြားချက်စကားကိုကြား၍ မြတ်စွာဘုရားသည်-

"နတ်သမီး။ ။သာဓု၊ သာဓု၊ ကောင်းစွ-ကောင်းစွ။ သင်နတ်သမီး၏ ပြုအပ်သော အမှုသည် ကောင်းလှ၏။ ဤသို့ ဒေါသကို အချိန်မီ ဆုံးမနိုင်ခြင်းသည် ဒုက္ခကို ငြိမ်းစေသော အကြောင်းတည်း" ဟု မိန့်တော်မူပြီး-

(၂၂၂) ယော ဝေ ဥပ္ပတိတံ ကောဓံ၊
ရထံ ဘန္တံဝ ဝါရယေ၊
တမဟံ သာရထိံ ဗြူမိ၊
ရသ္မိဂ္ဂါဟော ဣတရော ဇနော။

(၂၂၂) အကြင်ပုဂ္ဂိုလ်သည် အဟုန်ဖြင့် ပြေးသွားသော ရထားကို ကောင်းစွာထိန်းသိမ်းရပ်တန့်နိုင်သကဲ့သို့ ပြင်းထန်သောအမျက်ဒေါသကို ဟန့်တားနိုင်စွမ်းရှိ၏။ ထိုပုဂ္ဂိုလ်ကို ရထားထိန်းအစစ်ဟူ၍ ငါဘုရားသည် ဟောတော်မူ၏။ အမျက်ဒေါသကို မဟန့်တားနိုင်သော လူအပေါင်းသည် ရထား၏ကြိုးကိုင်မျှသာတည်း။

ဒေသနာတော်၏အဆုံး၌ နတ်သမီးသည်သောတာပတ္တိဖိုလ်၌ တည်လေ၏။ ရောက်လာသော ပရိသတ်အားလည်း အကျိုး ရှိသော ဓမ္မဒေသနာသည်ဖြစ်၏။

## လက်ငင်းအကျိုးခံစားရပုံ

နတ်သမီးသည် သောတာပန်ဖြစ်သော်လည်း ငိုကြွေးလျက် ပင်ရပ်နေ၏။ မြတ်စွာဘုရားက နတ်သမီးကို အဘယ်ကြောင့် နည်းဟု မေးသောအခါ တပည့်တော်မ၏ဗိမာန်သည် ပျက်စီးခဲ့ ပါပြီ။ ယခုအဘယ်သို့နေရမည်မသိပါဟု လျှောက်သည်ရှိသော် နတ်သမီးမစိုးရိမ်နှင့်၊ သင့်အားဗိမာန်ကိုပေးအံ့ဟု ဇေတဝန် ကျောင်းတော် ဂန္ဓကုဋိအနီး၌ ယမန်နေ့ကပင် စုတေ၍ သွား သော နတ်တပါး၏သစ်ပင်ကိုညွှန်ပြလျက် ဤမည်သောအရပ်၌ သစ်ပင်တွင် လွတ်လပ်နေ၏။ ထိုသစ်ပင်သို့ ချဉ်းကပ် နေထိုင် လော့ဟု မိန့်တော်မူ၏။

ဘုရားသခင်ပေးထားသည့် ဗိမာန်ပိုင်ရှင်နတ်သမီးအား တန် ခိုးကြီးသော နတ်တို့သည် တုန်လှုပ်စေခြင်းငှာ မစွမ်းနိုင်ကုန်။ မြတ်စွာဘုရား တရားဟောတော်မူသောအခါ နတ်အပေါင်းတို့ လာရောက် တရားနာကြလျှင် တန်ခိုးကြီးသောနတ်များ ရောက် လာ၍ တန်ခိုးငယ်သောနတ်များသည် နောက်သို့ဆုတ်၍ဆုတ်၍ ပေးရသဖြင့် အဝေးအရပ်မှသာ နာကြားရ၏။ ထိုနတ်သမီးအား တန်ခိုးငယ်သော ရုက္ခစိုးမျှသာဖြစ်သော်လည်း သိကြားမင်းနှင့် မဟေသရနတ်တို့ ရောက်လာသည့်တိုင် မြတ်စွာဘုရား ပေးထား အပ်သော ဗိမာန်မှဖယ်ရန်မလို တရားတော်ကိုနီးကပ်စွာနာကြား ခွင့်ရ၏။ နတ်မင်းအပေါင်းတို့နှင့်လည်း ရင်းနှီးခွင့်ရ၏။

ထိုနတ်သမီး၏ အထုပ္ပတ္တိကို အကြောင်းပြု၍ မြတ်စွာဘုရား သခင်သည် ရဟန်းတို့အား ဘူတဂါမ "ဘူတဂါမ်" သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

(ဓမ္မပဒ ကောဓဝဂ် နှစ်ခုမြောက် မထင်ရှားသော ရဟန်း တပါးဝတ္ထု ပြီး၏။)

ၾ ၾ ၾ

## ၁၇။ ကောဓဝဂ်

## ၃။ အောင်နိုင်နည်းများ

(ဥတ္တရာ ဥပါသိကာမဝတ္ထု)

အမျက်ထွက်သူကို
အမျက်မထွက်ခြင်းဖြင့် အောင်ရာ၏။
မကောင်းသူကို
ကောင်းစွာပြုခြင်းဖြင့် အောင်ရာ၏။
တွန့်တိုသူကိုပေးကမ်းခြင်းဖြင့် အောင်ရာ၏။
မမှန်မကန်ပြောသူကို အမှန်ဆို၍ အောင်ရာ၏။

(အကောဓေန ဇိနေကောဓံ) အစရှိသော သုတ္တန်ဒေသနာ တော်ကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဥတ္တရာဥပါသိကာ ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝဏ္ဏကြောင်းကား ဤသို့တည်း

ရာဇဂြိုဟ်ပြည်၌ သုမနသဌေးကြီးကိုအမှီပြုပြီး ပုဏ္ဏအမည်ရှိသော သူဆင်းရဲသည် အခစားဖြင့် အသက်မွေး၏။ ထိုပုဏ္ဏ၏ ဇနီးအမည်မှာ ဥတ္တရာမည်၏။ သမီးအမည်မှာလည်း ဥတ္တရာမည်၏။ အိမ်တွင်သားအမိနှစ်ယောက် အမြဲနေကြ၏။

တနေ့တွင် ရာဇဂြိုဟ်မြို့တွင်း၌ ခုနှစ်ရက်ပတ်လုံး နက္ခတ်ပွဲသဘင်ကို ပျော်ပျော်ရွှင်ရွှင်ကျင်းပကြမည်ဟု ကြေငြာ၏။ သုမနသဌေးသည် စောစောရောက်လာသော ပုဏ္ဏကိုခေါ်၍ ချစ်သား၊ ငါတို့၏ ကျေးကျွန်အားလုံးသည် နက္ခတ်သဘင်ကို သွားကြမည်ဖြစ်၏။ သင်သည် နက္ခတ်သဘင်ကို သွားမည်လော၊ အခကိုယူ၍ အလုပ်လုပ်မည်လောဟု မေး၏။ ပုဏ္ဏက သဌေးမင်းနက္ခတ်သဘင်မှာ ပစ္စည်းဥစ္စာရှိသောသူတို့သာ သွားကြသောအလုပ်ဖြစ်သည်။ ကျွန်ုပ်အိမ်မှာ နက်ဖြန်ခါအတွက် ကျိစရာဆန်မျှပင်မရှိ၊ နက္ခတ်ပွဲသဘင်ကို မသွားနိုင်ပါ။ နွားတို့ကိုပေးလျှင် လယ်ထွန်ရန်သွားပါအံ့ဟု ဆို၏။ ဤသို့ဆိုလျှင် နွားတို့ကိုယူလော့ဟု သဌေးက ပြော၏။ ပုဏ္ဏသည် အားကောင်းသော နွားတို့ကိုရင်း၊ ထွန်တို့ကိုရင်း ယူပြီး အိမ်သို့ဝင်၍ ဇနီးအား မှာကြား၏။ ယနေ့အားလုံးတို့သည် နက္ခတ်သဘင်မှာ ပျော်ရွှင် ကစားကြသည်။ ငါသည် ဆင်းရဲသောကြောင့် အလုပ်ကို နှစ်ဆတိုးလုပ်ရမည်။ ငါ့အတွက်ထမင်းကို နှစ်ဆချက်၍ယူခဲ့ပါဟု မယားကိုမှာကြားပြီး လယ်တောသို့သွား၏။

### အခစား ပုဏ္ဏ သဌေးကြီးဘဝသို့

ထိုနေ့တွင် အရှင်သာရိပုတ္တရာမထေရ်သည် ခုနှစ်ရက်ပတ်လုံး နိရောဓ သမာပတ်ကို ဝင်စားလျက် ထတော်မူ၏။ ယခု ငါ

သည် မည်သူ့အား ချီးမြှောက်ခြင်းကို ပြုသင့်သနည်းဟုကြည့်ရှု တော်မူလျှင် ဉာဏ်ကွန်ရက်အတွင်းသို့ ဝင်လာသောပုဏ္ဏကိုမြင်၍ ပုဏ္ဏ၏သဒ္ဓါတရားနှင့် ချီးမြှောက်ခြင်းကို ခံနိုင်မည်လောဟု ကြည့်ရှုပြန်သော် ပုဏ္ဏ၏သဒ္ဓါတရား ချီးမြှင့်ခြင်းခံနိုင်မှုနှင့်ထိုနေ့ ပင်လျှင် ထိုအကြောင်းကြောင့် ပုဏ္ဏသည် ကြီးစွာသောစည်းစိမ်ချမ်းသာကိုရမည်ဟု မြင်တော်မူ၏။

ထိုကြောင့်ပင် သပိတ်သင်္ကန်းကိုယူ၍ ပုဏ္ဏ၏ လယ်ထွန်ရာ အရပ်သို့သွား၍ ရေတွင်းနားရှိ ခြုံတခုကို ကြည့် လျက် ရပ်၏။ ပုဏ္ဏသည် ရှင်သာရိပုတ္တရာကိုမြင်လျှင် လယ်ထွန်ခြင်းကို ရပ်၍ ငါးပါးသောတည်ခြင်းဖြင့် ရှိခိုးပြီး ဒန်ပူအလိုရှိသည် ဖြစ်ပေမည်ဟု ဒန်ပူကိုပြုလုပ်၍ ပေးလှူ၏။ ထိုအခါ မထေရ်သည် ပုဏ္ဏအား သပိတ် ကိုငင်း၊ ရေစစ်ကိုငင်း၊ ထုတ်၍ ပေး၏။ ပုဏ္ဏသည် သပိတ်ကိုယူ၍ သောက်ရေကို စစ်၍လှူ၏။

**အမိဥတ္တရာ၏ သဒ္ဓါတရား**

မထေရ်သည် ကြံဆင်ခြင်၏။ ဤသူသည် သူတပါးတို့၏ အိမ်နောက်၌ နေရ၏။ ထိုသူ၏ အိမ်တံခါးသို့သွားလျှင် သူ၏ ဇနီးသည် ငါ့ကိုဖူးမြင်ခြင်းငှာရမည်မဟုတ်ဟု ကြံစည်တော်မူပြီး ထိုသူဆင်းရဲမ ထမင်းပို့ရာခရီးသို့ကြွသွား၏။ ထိုသူဆင်းရဲမသည် ရှင်သာရိပုတ္တရာကိုမြင်လျှင် ဤသို့စဉ်းစား၏။ တခါတရံငါသည် လှူဘွယ်ဝတ္ထုရှိစဉ် ဤအရှင်ကို မတွေ့ရ တွေ့ရ ချိန်တွင်လည်း ငါ့တွင် လှူစရာတခုမျှမရှိ၊ ယခုမူ ထိုအရှင်ကိုလည်း ငါဖူးမြင်ရသည်၊ ငါ့တွင်လည်း လှူဘွယ်ဝတ္ထုရှိသည်။ ငါ့ကိုယခုချီးမြှင့်ခြင်းကိုပြုပါမည်လောဟု ထမင်းခွက်ကိုချ၍ မထေရ်ကို ငါးပါးသောတည်ခြင်းဖြင့်ရှိခိုး၍အရှင်ဘုရား၊ ဤဆွမ်းကို ကြမ်းတမ်း၏

ဟူ၍၎င်း၊ မွန်မြတ်၏ဟူ၍၎င်း သဘောထားတော်မမူဘဲ အရှင်ဘုရားတို့၏ကျေးကျွန်အား ချီးမြှောက်တော်မူပါဟု လျှောက်၏

မထေရ်သည် သပိတ်ကိုညွတ်၍ ခံသည်ရှိသော် ဥတ္တရာ သူဆင်းရဲမသည် လက်တဖက်ဖြင့် ထမင်းခွက်နှဆွမ်းကို လောင်းလှူ၏။ ထက်ဝက်မျှသောဆွမ်းကိုလောင်းလှူမိသော် မထေရ်က တော်လောက်ပြီဟု လက်ဖြင့် သပိတ်ကို ပိတ်၏။ ဥတ္တရာကအရှင်ဘုရား ဤထမင်းသည် တယောက်စာ စားလောက်ရုံသာရှိပါသည်၊ တဝက်ခွဲဝေခြင်းငှာ မတတ်ကောင်းပါ၊ အရှင်တို့၏ ကျွန်တပည့်ဖြစ်သော တပည့်တော်တို့အား ဤပစ္စုပ္ပန် အတွက် ချီးမြှောက်ခြင်းအမှု မပြုဘဲတမလွန်လောကနောက်ဘဝအတွက် ကယ်မစောင့်ရှောက် ချီးမြှောက်တော်မူပါ။ မကြွင်းမကျန်သာ ပေးလှူပါရစေဟု လျှောက်ပြီး အလုံးစုံသော ထမင်းကို မထေရ်၏ သပိတ်၌ လောင်းလှူပြီး။

"အရှင်ဘုရားတို့ သိမြင်အပ်သော တရားသာလျှင် အဖို့ရှိသည် ဖြစ်ရပါလို၏"ဟု ဆုတောင်းခြင်းကို ပြု၏။ မထေရ်က ဤသို့သင်ဆုတောင်းသည့်အတိုင်း ဖြစ်စေသတည်းဟု မိန့်တော်မူ၍ရပ်လျက်သာလျှင် အနုမောဒနာပြုတော်မူပြီးသော် သောက်ရေ သုံးရေရှိသော ချမ်းသာသော အရပ်၌ကြွသွား၍ ဆွမ်းဘုဉ်းပေးခြင်း အမှုကို ပြုတော်မူ၏။

## မယားလိမ္မာမယ်ဥတ္တရာ

ဥတ္တရာသည် အိမ်သို့ပြန်၍ ဆန်ကိုရှာပြီး ထမင်းကိုအမြန်ချက်ခါ လယ်တောသို့ ပြေးလာ၏။ လင်ယောကျ်ား ပုဏ္ဏသည်

ရှစ်ခင်း ပယ်မျှလောက်သော လယ်ကိုထွန်ပြီး၍ ဆာလောင်သည်ကို သီးမခံနိုင်တော့ပဲ နွားနို့တို့ကို ဖြည်လွှတ်၍ သစ်ပင်ရိပ်တခု သို့ဝင်ပြီး ဇနီးသည်အလာကို မျှော်၍သာနေလေ၏။

မယားဥတ္တရာသည် ထမင်းကိုယူကာအပြေးလာရင်းလင်ပုဏ္ဏကို အဝေးမှမြင်လေလျှင် ငါ့ခင်ပွန်းလင်မှာ ဆာလွန်းလှ၍ မျှော်နေဟန်ရှိ၏။ အချိန်လွန်ရမလားဟု ငါ့ကို နွားကြိမ်တံဖြင့် ရိုက်ခဲ့လျှင် ငါပြုခဲ့သောကောင်းမှုသည် အကျိုးမဖြစ် တော့မည် ခင်ပွန်းသည်အား ဦးစွာပင် ကြိုတင်၍ ပြောမည်ဟု-

"အမောင်။ ။ယနေ့အတွက် စိတ်ကိုကြည်ညိုစွာ ထားပါတော့၊ ကျွမ်ပြုခဲ့သောကောင်းမှုကို အကျိုးမရှိအောင်မပြုပါနှင့်း စောစောကပင် အမောင့်အတွက်ထမင်းကို ယူလာရာခရီးအကြားမှ တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာကိုမြင်၍ မောင့်အတွက် ယူလာသောထမင်းကို ရှင်သာရိပုတ္တရာအား လှူခဲ့ပြီး၊ အိမ်သို့တဖန်ပြန်၍ ထမင်းကိုချက်လာပါသည်၊ အမောင်၏စိတ်ကို ကြည်ဖြူပါစေလောဟု ပြောဆို၏။ လင်ယောကျ်ားပုဏ္ဏသည် မယား၏ စကားကို ထပ်မံ၍ကြားလိုသဖြင့် ဘယ်လိုဘယ်လိုဟုမေးလေလျှင် မယားဥတ္တရာက တဖန်ပြန်၍ ပြောရပြန်၏။ ထိုအခါ ပုဏ္ဏက

"နှမ၊ ငါ့အတွက်ထမင်းကို အရှင်မြတ်အား လှူဒါန်းခြင်းဖြင့် သင်သည် ကောင်းသော အမှုကို ပြုခဲ့ပေပြီ။ ငါသည်လည်း နံနက်စောစောကပင် မထေရ်မြတ်အား ဒန်ပူကိုရင်း၊ မျက်နှာသစ်ရေကိုရင်းပေးလှူခဲ့ပြီ"ဟု သဒ္ဓါကြည်ညိုစိတ်ဖြင့် ဥတ္တရာ၏ စကားကို အလွန်နှစ်သက်စွာ ကြားနာရင်း ထမင်းကို စားကာ မောမောနှင့် မယား၏ရင်ခွင်၌ ခေါင်းအုံးခါအိပ်ပျော်လေ၏။

## ကိုယ့်မျက်စိပင် မယုံချင်

ထိုအချိန်ထွင် ပုဏ္ဏ၏လယ်သည် နံနက်စောစောကပင်မြေမှုန့်ငယ်မှအစပြု၍ လယ်တကွင်းလုံးနီသော အရောင်အဆင်းရှိသည့်ရွှေအတိဖြစ်၍ နေ၏။

ပုဏ္ဏသည် အိပ်ယာမှနိုးလာလျှင် လယ်ကွင်းကိုကြည့်၍ ဇနီးသည်အား

''နှစ်မ။ ။လယ်ကွင်းကို လှမ်း၍ကြည့်စမ်းပါဦး။ငါ့မျက်စေ့များ ထမင်းဆာလွန်း၍ ပြာဝေနေကာ အမြင်များလွဲမှားနေသလားမသိ၊ လယ်ကွင်းထဲမှာ အရောင်တလက်လက်ထွက်၍နေသည်သာ မြင်နေပါသည် နှမအမြင်ပြောစမ်းပါ''ဟု မေးလေလျှင် ဥတ္တရာသည် အားရဝမ်းသာ-

''ဟုတ်ပါသည်အရှင်။ ကျမမျက်စေ့အမြင်မှာလည်းလယ်တကွင်းလုံးရွှေတွေဖုံးသကဲ့သို့ မြင်ရပါသည်''ဟုပြောသောအခါ ပုဏ္ဏသည် လယ်ကွက်ထဲသို့ပြေး၍ မြေစာတတုံးကို ထွန်တုံးဖြင့်ရိုက်ခွဲကြည့်လေရာ အမှန်ပင် ရွှေဖြစ်၍နေသည်ကို တွေ့ရသဖြင့်ဇနီးသည်အား

''အံ့သြစရာ ကောင်းလှပါဘိ။ ။အရှင်သာရိပုတ္တရာအားလှူဒါန်းသည့်ဒါနသည် ယနေ့ပင်အကျိုးကိုပြပေသည်။ ဤမျှများပြားသောဥစ္စာကို ဖုံးထား၍မဖြစ်နိုင်ဟု ဆိုလျက် ဥတ္တရာယူခဲ့သော ထမင်းခွက်ကို ရွှေဖြင့်ပြည့်စေပြီး နန်းတော်သို့သွား၍မင်းကြီးထံ ဝင်ခွင့်တောင်းရာ မင်းကြီးက ခွင့်ပြုသဖြင့် ဘုရင့်ရှေ့မှောက် ဝင်ရောက်ရလေ၏။

'' အမောင် အဘယ့်ကြောင့်လာသနည်း''

"မှန်လှပါ၊ ကျွန်တော်မျိုး၏ လယ်ထွန်ရာအလုံးစုံသည် ရွှေဖြင့်သာပြည့်နေပါသည်ဖြစ်၍ ရွှေအားလုံးကို ဆောင်ယူပါရန် လျှောက်ထားအပ်ပါသည်"

"သင်၏အမည်"

"ပုဏ္ဏဟု ခေါ်ပါသည်"

"ယနေ့ သင်ဘာလုပ်သနည်း"

"ကျွန်တော်မျိုးသည် အရှင်သာရိပုတ္တရာအား ဒန်ပူနှင့် မျက်နှာသစ်ရေကိုပေးလှူခဲ့ပါသည်။ ကျွန်တော်မျိုး၏ဇနီးသည် ကျွန်ုပ်အတွက် ယူဆောင်လာသော ထမင်းကို လမ်းတွင်ပင် ရှင်သာရိပုတ္တရာအား လောင်းလှူခဲ့ပါသည်"

"ရှင်သာရိပုတ္တရာအား လှူဒါန်းအပ်သောဒါနသည် ချက်ချင်းပင် အကျိုးပေးပေသည်"ဟု မိန့်တော်မူပြီး

"အသင် အဘယ်သို့ လုပ်စေချင်သနည်း"

"ဘထောင်မျှ လောက်သော လှည်းတို့ကိုစေလွှတ်ပြီး ရွှေအားလုံးကို ဆောင်ယူပါဘုရား"

ဟု လျှောက်တင်၏။ မင်းကြီးသည် လှည်းတို့ကိုစေလွှတ်၏။ မင်းချင်းယောကျာ်းတို့က ဘုရင်မင်းမြတ်သိမ်းဆည်းသည့်ပစ္စည်း တို့ဥပတည်းဟု ပြောဆိုကိုင်ယူသည်ရှိသော် ကိုင်မိတိုင်း ကိုင်မိတိုင်းသည် မြေကြီးတို့သာဖြစ်ကုန်၏။ မင်းချင်း ယောကျာ်းတို့ သည် ပြန်သွား၍ မင်းကြီးအား အကြောင်းစုံ လျှောက်ထားလျှင် အသင်တို့ အဘယ်သို့ပြောဆို၍ယူသနည်းဟု မေးလျှင် ရှင်ဘုရင် သိမ်းယူသောပစ္စည်းဟူ၍ ပြောဆိုယူငါပါသည်ဟု လျှောက်တင်လျှင် သင်တို့ ဤသို့ပြောဆိုယူငင်၍ အဘယ်မှာ ရမည်နည်း- ပြန်၍သွားကြ ပုဏ္ဏ၏ရွှေတို့ကို သယ်ယူကြဟု ပြောဆိုပြီး သယ်

ကြဟု ယူရန်စေလွှတ်လိုက်၏။ မင်းချင်းတို့လည်း ပုဏ္ဏ၏ပစ္စည်းများ ပုဏ္ဏ၏ရွှေများဟု ပြောဆိုယူဆောင်ကြရာ ယူတိုင်းယူတိုင်း ရွှေစင်အတိသာဖြစ်၏။ ရွှေအားလုံးကို သယ်ဆောင်၍ မင်းယင်ပြင်၌ စုပုံကြရာ အတောင်ရှစ်ဆယ်မျှလောက် မြင့်မောက်သော ရွှေပုံကြီးဖြစ်လေ၏။

## သဌေးအဖြစ် ချီးမြှောက်ခြင်း

ပြည့်ရှင်မင်းသည် ပြည်သူပြည်သားများကို စည်းဝေးစေ၍ ဤမျှများပြားသောရွှေတို့သည် ငါတို့၏ တိုင်းပြည်တွင် မည်သူ့ထံ၌ ရှိသနည်းဟုမေး၏။ မရှိပါဟု တညီတညွတ်ထဲ ဆိုကြ၏။ သို့ဖြစ်လျှင် ပုဏ္ဏကို အဘယ်သို့ ချီးမြှောက် သင့်သနည်း ဟု မေးတော်မူလျှင် ဤတိုင်းပြည်၌သဌေးကြီးဘွဲ့ကို ပေးအပ်သင့်ပါသည်ဟုလျှောက်ကြားကြကုန်၏။ ပြည့်ရှင်မင်းသည် "ဗဟုဓန" သဌေးဘွဲ့အမည်နှင့်တကွ သဌေးကြီးတို့၏ အဆောင်အယောင်ဖြစ်သော ထီးကိုပေးသနားတော်မူ၏။ ထိုအခါ ပုဏ္ဏက ကျွန်ုပ်တို့သည် သူတပါးမြေ၌ ခိုကိုး၍ နေကြရပါသည်။ အိမ်နေရာအရပ်ကို ပိုင်းခြားသတ်မှတ်ပေးပါဟုလျှောက်၏။ ထိုသို့ဆိုလျှင် ရှေးသဌေး၏အိမ်နေရာသည် ချုံနွယ်ပိတ်ပေါင်းဖြင့် တောအတိဖြစ်၍နေ၏။ ထိုသစ်ပင်ချုံနွယ်တို့ကိုရှင်း၍ အိမ်ဆောက်လော့ဟု သတ်မှတ်ပေးလိုက်၏။ ဗဟုဓနသဌေးသည် သစ်ပင်ချုံနွယ်တို့ကိုရှင်းလင်း၍ နှစ်ရက်သုံးရက် ကြာလျှင် အိမ်ဆောက်ရန်မြေကိုတူးဆွရာ မြေအပြင်အားလုံးသည် ရွှေအိုးကြီးများ တလုံးနှင့်တလုံးဘီလျက် ခြံမြေတခုလုံးအပြည့်မျှ မြေအောက်မှတွေ့ရှိရလေ၏။ဘုရင်မင်းမြတ်အား ရွှေအိုးများသိမ်းယူရန်လျှောက်၏။

အသင်၏ကောင်းမှုကြောင့် ရသည်ကို အသင်ပင်ယူလေလော့ဟု များစွာသောရွှေအိုးများကိုလည်း ရ၏။

အိမ်ဆောက်ပြီးသော် အိမ်တက် မင်္ဂလာနှင့် ထီးဆောင်း မင်္ဂလာကို တပြိုင်နက်ပြုလုပ်၍ ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အားပင့်၍ အလှူကြီးကိုပေး၏။

မြတ်စွာဘုရားသည် အလှူ၏ ကောင်းမှု အနုမောဒနာကို ပြုတော်မူလျက် တရားတော်ကို ဟောကြားတော်မူသည့် အဆုံး၌ သဌေးလင်မယားနှင့် သမီး ဥတ္တရာပါ သောတာပန် ဖြစ်ကြလေ၏။

## သမီးဥတ္တရာ၏ လက်ထပ်ပွဲ

နောင်အခါတွင် ရာဇဂြိုဟ်ပြည်၌နေသော သဌေးကြီးသည် မိမိ၏သားအတွက် ပုဏ္ဏသဌေး၏သမီး ဥတ္တရာကို လာရောက် တေ့စပ်၏။ ပုဏ္ဏသဌေးက မပေးနိုင်ဟု ပြောဆို၏။ ထိုအခါ ရာဇဂြိုဟ် သဌေးက ဤသို့ မပြုပါနှင့်၊ အသင်သည် ငါ့ထံ၌ အလုပ်လုပ်ရင်း ငါ့လယ်ကိုအမှီပြု၍ သင်ဤစည်းစိမ်ချမ်းသာကို ရပါသည်။ ငါ့သားအား အသင်၏ သမီးကို ပေးပါလော့ဟု ဆိုပြန်၏။

ထိုအခါ ပုဏ္ဏသဌေးက အသင်၏သားသည် အခြားတပါးတို့ ကိုးကွယ်သူတည်း။ ငါ၏သမီးသည် ရတနာသုံးပါးနှင့် တရံ တဆစ်မျှ ကင်းကွာ၍မနေနိုင်၊ ထို့ကြောင့် ငါ့သမီးကိုမပေးနိုင် ခြင်းဖြစ်ပါသည်ဟု ပြော၏။ ထိုအခါ များစွာသော သဌေး အပေါင်းတို့က ပုဏ္ဏသဌေးကို ဝိုင်းဝန်း တောင်းပန်ကြသဖြင့် ဝါဆိုလပြည့်နေ့၌ သမီးဥတ္တရာကို ဆောင်နှင်း ပေးအပ်လိုက်၏။

### ရတနာသုံးပါး ကင်းကွာခြား၍

သမီးဥတ္တရာသည် လင်ယောကျ်ား၏အိမ်သို့ လိုက်ပါသွားရချိန်မှစ၍ ရဟန်းတော်တို့ကိုလည်း မဖူးတွေ့ရ၊ အလှူအတန်းကိုလည်း မလှူတန်းရ၊ တရားတော်ကိုလည်းနာရန် အခါမသင့် အခွင့်မသာပဲ ရှိနေရ၏။ ဤသို့ဖြင့် နှစ်လခွဲလွန်သော်-

ထိုနေ့တွင် မိမိအနီး၌ရှိသော အလုပ်အကျွေးမိန်းမကို ယခုအခါ ဝါတွင်း သုံးလပြည့်ရန် ရက်ပေါင်း မည်မျှ ကျန်သေးသနည်းဟုမေး၏။ တဆယ့်ငါးရက်မျှလောက် ကြွင်းကျန်ပါသေးသည်ဟုပြောဆိုလျှင် ဥတ္တရာကကျွန်တော်မကို အဘယ့်ကြောင့်လျှော့ချိတွင်း သွင်းထားပါသနည်း၊ကျွန်တော်မအား တံဆိပ်အမှတ်ရိုက်ခတ်၍ သူ့ကပ္ပါးထံကျွန်အဖြစ်ပေးပို့ခြင်းကမြင့်မြတ်ပါသေး၏၊ မိစ္ဆာဒိဋ္ဌိတို့ထံ ပေးခြင်းငှာ မသင့်ပါ ဤအိမ်သို့ ရောက်သည့်နေ့မှစ၍ ရဟန်းတော် တို့အား ဖူးမျှော် ခြင်းနှင့် ကောင်းမှုကုသိုလ်တခုမျှ မပြုရပါဟု ဖခင်သဌေးကြီးထံ သတင်းစကား ပြောကြားစေလွှတ်၏။

### သီရိမာ ပြည့်တန်ဆာမ

ထိုအခါ ဖခင်သဌေးကြီးသည် ငါ၏သမီးကား ဆင်းရဲလေစွဟု နှလုံးမသက်မသာဖြစ်ပြီး-

"ချစ်သမီး။ ။ဤမြို့၌သီရိမာအမည်ရှိသော ပြည့်တန်ဆာမသည် ရှိ၏။ တနေ့လျှင် အသပြာတထောင် အဖိုးအခ ယူ၏။ ယခု ပေးပို့လိုက်သော အသပြာတို့ဖြင့် သီရိမာကို ငှားပြီး ချစ်သမီး၏ ခင်ပွန်းကိုပေး၍ မိမိသည် ကောင်းမှုတို့ကို ပြုပါလေလော့ဟု အသပြာ တသောင်း ငါး ထောင် တို့ကို ပေးပို့လိုက်၏။

ဥတ္တရာသည် သီရိမာကိုခေါ်စေပြီး ဤတဆယ့် ငါးရက်မျှ ငါ၏ခင်ပွန်း သဌေးသားကို ပြုစုလုပ်ကျွေးပါဟု တသောင်း ငါးထောင်သော အသပြာကိုပေး၍ ငှားရမ်း၏။ သီရိမာက သဘောတူသဖြင့် သဌေးသားထံ သီရိမာကို ခေါ်သွားပြီး အပ်၏။ သဌေးသားသည် အလွန်အဆင်းလှသောသီရိမာကိုမြင်လျှင် သဘောကျ၏။ ဥတ္တရာက "အရှင့်သား ဤတဆယ့်ငါးရက်မျှ ကာလပတ်လုံး ကျွန်ုပ်၏အဖော်မဖြစ်သော သီရိမာသည် အရှင့် သားကို ပြုစုလုပ်ကျွေး ပါလိမ့်မည်၊ အကျွန်ုပ်သည် ဤတဆယ့် ငါးရက်ပတ်လုံး အလှူဝတ္တုကို ပြုစုပေးလှူလိုပါသည်၊ တရား တော်ကို နာကြားလိုပါသည်ဟု ပြော၏။ သဌေးသားလည်း လှပသောသီရိမာကိုရ၍ သဘောတူလိုက်၏။

## သီရိမာ၏လောဘ

ဥတ္တရာသည် ဘုရားအမှူးရှိသော သံဃာတော်တို့ကို ပင့်၍ တဆယ့်ငါးရက်ပတ်လုံး လုပ်ကျွေး၏။ သီတင်းကျွတ် လပြည့် နေ့ထိ တဆယ့်ငါးရက်ပတ်လုံး နာယူရပေအံ့ဟု ဝမ်းမြောက် ဝမ်းသာလျက် စားဖို့ဌချက်ပြုတ်ရေးတို့ကို ကိုယ်တိုင်ပင် စီရင် ချက်ပြုတ်လျက်နေ၏။

ဥတ္တရာ၏ လင်ယောကျ်ားသည် နက်ဖြန် သီတင်းကျွတ် လပြည့်နေ့ ဖြစ်သည်၊ အမိုက်မ ဥတ္တရာသည် မည်သို့ သွားလာ လုပ်ကိုင်နေသနည်းဟု ပြူတင်းပေါက်မှစားဖိုအိမ်သို့ ကြည့်လေ လျှင် ချွေးအလိမ်းလိမ်း၊ ပြာမီးသေွးတို့ဖြင့် ချက်ပြုတ်လုပ်ကိုင် စီရင်၍နေသော သဌေးသမီးကိုမြင်လျှင် "ဩော်-အံ့ဘွယ်ရှိစွ။ ဘာမျှအသိအလိမ္မာ မရှိသောဥတ္တရာသည် စည်းစိမ် ချမ်းသာကို

မခံစား၊ ဦးပြည်းရဟန်းတို့ကို အလုပ်အကျွေးပြုခြင်းမှာ နှစ်ခြိုက်ပြီး တပင်တပန်း သွားလာ လုပ်ကိုင်နေ၏'' ဟု စိတ်ကူး မိပြီး ပြုံးရယ်လိုက်၏။

အနီး၌ရှိသော သီရိမာသည် သင်္ဘေးသား ဘာကိုမြင်၍ရယ်သနည်းဟု ပြူတင်းပေါက်မှ ကြည့်လေလျှင် ဥတ္တရာကို မြင်၍ ဤသင်္ဘေးသားသည် ဥတ္တရာနှင့် တိတ်တဆိတ် ပေါင်းဖော်ခြင်း ရှိလိမ့်မည်ဟု အထင်ရောက်ပြီး မိမိ၏ အငှားမယား ဘဝကိုပင် မေ့လျှော့ပါသောလျှင် အိမ်ရှင်မဟု ဥတ္တရာအပေါ်မနာလိုဝန်တို ဖြစ်မိလေ၏။

## ဥတ္တရာကို ဆီပူဖြင့် လောင်းချခြင်း

ဝန်တိုစိတ်ကို ဖိနှိပ်ခြင်းမပြုနိုင်ပဲ အိမ်ပေါ်မှဆင်း၍ စားဖိုအိမ်သို့ဝင်ပြီး ကျွက်ကျွက်ဆူသော မုန့်ကြော်နေသည့် ထောပတ်ဆီကို ဟင်းချိုမှုတ်ဖြင့် ခပ်၍ ဥတ္တရာထံ ရှေးရှုသွား၏။

ဥတ္တရာသည် သီရိမာလာနေသည်ကို မြင်လျှင် ငါ့မိတ်ဆွေ သီရိမာသည် ငါ့အတွက် ကျေးဇူး ကြီးလှပေသည်၊ ငါသည် ဤ သီရိမာကြောင့် သာလျှင် တဆယ့်ငါးရက် လုံးလုံး အလှူပေးရခြင်း၊ တရားနာရခြင်းကို ရခဲ့ပေ၏။ သီရိမာ၏ ကျေးဇူးအတွက်စကြာဝဠာသည်အလွန်ကျဉ်း၏။ ဗြဟ္မာ့ပြည်သည်အလွန်နိမ့်သေး၏။ ငါ့သူငယ်ချင်း သီရိမာ၏ ကျေးဇူးကား ပို၍များမြတ်၏ဟု ကျေးဇူးတရားကို စဉ်းစား၍ နေခိုက် အနီးသို့ရောက်လာသော သီရိမာ၏မျက်နှာထားနှင့် အပြုအမူကိုမြင်ရလေလျှင် ဆီပူဖြင့် လောင်းတော့မည်ကို ကြိုတင်ရိပ်မိသည့် အခါလျောက်...,

"ငါသည် သီရိမာ အပေါ်၌ အမျက်ထွက်ခြင်းသည် အကယ်၍ ရှိသည်ဖြစ်အံ့၊ ဤထောပတ် ဆီပူသည် ငါ့ကို လောင်စေ သတည်း။ အကယ်၍ မရှိသည်ဖြစ်အံ့ ငါ့ကို မလောင်စေသတည်း"

ဟု အဓိဋ္ဌာန်၏။ ချစ်ခင်လှစွာသောမေတ္တာတရားဖြင့်ဖြစ်ပွား ပျံ့နှံ့စိတ်ရှိနေသော ဥတ္တရာ၏ဦးခေါင်းပေါ်သို့ ကျွက်ကျွက်ဆူသော ဆီပူကို လောင်းသောခဏ၌ အေးလှသော ရေကို သွန်လောင်း သကဲ့သို့ ဖြစ်ပေ၏။

ထိုအခါ သီရိမာက ဤထောပတ် ဆီပူသည် အေးသွား၍သာ ဖြစ်ပေလိမ့်မည်ဟု ဟင်းချိုမှုတ်ဖြင့် ဆီပူကိုတဖန်ယူလျက် လာသည့် အခါ ဥတ္တရာ၏ အခိုင်းအစေတို့ မြင်၍ သီရိမာကို အတင်းဆွဲလှဲ ရိုက်ပုတ်ကြ၏။ ဥတ္တရာက တားမြစ်ပါသော်လည်း တားမြစ်၍မရသဖြင့် ဥတ္တရာသည် အလယ်၌ ရပ်လျက် အလုံးစုံသောအဖော်တို့ကိုတားမြစ်ပြီး အဘယ်ကြောင့် ဤသို့ပြုသနည်း ဟုသီရိမာကိုပြောဆိုဆုံးမ၍ ထူမ ပေးပြီး ရေနွေးဖြင့် ရေချိုး၍ အကြိမ်တရာချက်ပြီးသောဆီဖြင့် ဆုတ်နယ်လိမ်းကျံ ၍ ပေး၏။

## သီရိမာ သောတာပတ္တိဖိုလ်၌ တည်ခြင်း

ထိုခဏ၌ပင် သီရိမာသည်မိမိ၏ဘာဝကိုသိ၍စဉ်းစားကြည့်၏။ ငါသည် ဥတ္တရာကိုမနာလိုစိတ်ဖြင့်ထောပတ်ဆီပူဖြင့်လောင်း၏။ သီရိမာသည် ငါ့ကို ဝိုင်းဝန်း ရိုက်နှက်ကြသော အခါ၌လည်း တားမြစ်၍ ငါ့အား တယုတယ ပြုစုချေ၏။ ငါသည်ဤဥတ္တရာကို ဝန်ချတောင်းပန်ကန်တော့ခြင်းမပြုပါက ငါ၏ဦးခေါင်းသည် ခုနစ်စိတ် ကွဲရ ပေတော့မည် ဟု စဉ်းစား မိသည့် အလျောက်

ဥတ္တရာ၏ခြေရင်း၌ ဝပ်၍ အရှင်မ ကျွန်တော်မအား သည်းခံပါ လော့ဟု ဆို၏။ ဥတ္တရာက....

"ငါတွင် အဖေ ရှိသည်၊ ငါ့အဖေက သည်းခံလျှင် ငါ သည်းခံ၏"

"အရှင်မ။ သင်၏အဖေဖြစ်သော ပုဏ္ဏသဌေးကို ကန်တော့ ပါအံ့"

"ငါ့အဖေ ပုဏ္ဏ သဌေးသည် သံသရာ ဝဋ်ကို ဖြစ်စေတတ် သော အဖေမည်၏။ သံသရာဝဋ်ကို ပျက်စေတတ်သောအဖေက သည်းခံစေလျှင် ငါသည်းခံပါအံ့"

"အသင်၏ ဝဋ်ကင်းပြတ်ရာဖြစ်စေတတ်သော အဖေဟူသည် မည်သူနည်း"

"သစ္စာ လေးပါးကို သိသော ဘုရားရှင်သည်သာ ငါ့အား သံသရာဝဋ်မှ ကင်းပြတ်စေသော အဖေပင်တည်း"

"အရှင်မ။ ကျွန်တော်မသည် ထို ဘုရားသခင်နှင့် ရင်းနှီးမှု မရှိပါ"

"ငါသည် ဘုရားသခင်နှင့်အကျွမ်းဝင်အောင်ပြုပေးပါမည်။ မြတ်စွာဘုရားသည် နက်ဖြန်ရဟန်းသံဃာတော်တို့နှင့် ဤအိမ်သို့ ကြွလာတော်မူမည်။ သင်သည် ရအပ်သမျှသောပူဇော်သက္ကာရကို ယူ၍ ထိုဘုရားသခင်ကို ကန်တော့လော့"ဟု ဆို၏။

ဥတ္တရာ၏ မှာကြားချက်အတိုင်း သီရိမာသည် အိမ်သို့ပြန်၍ မိမိအခြံအရံဖြစ်သောငါးရာသောမိန်းမတို့ကိုခေါ်ခိုင်း၍အထူးထူး အပြားပြားသော ခဲဘွယ်ဘောဇဉ်တို့ကို စီရင်၍ နောက်တနေ့ နံနက်၌ ဥတ္တရာအိမ်သို့ လာ၏။

သီရိမာသည် လှူဘွယ်ဝတ္ထုတို့ကို ဘုရားသခင်နှင့် သံဃာတော်တို့သပိတ်သို့လောင်းလှူခြင်းငှာ မဝံ့သည်ဖြစ်၍ မိမိနေရာ၌ပင် နေ၏။ ဥတ္တရာသည် ဝတ္ထုတို့ကို ယူ၍ ကပ်လှူ ပေး၏။ ဆွမ်းစားပြီးသောအခါ၌ သီရိမာသည် အခြံအရံများနှင့် အတူ ဘုရားခြေတော်ရင်း၌ ဝပ်လျက်နေ၏။ထိုအခါ မြတ်စွာဘုရားက

"သီရိမာ။ ။သင်၏ အပြစ်သည် အဘယ်နည်း"

"အရှင်ဘုရား။ ။တပည့်တော်မသည် ယမန်နေ့က ဤသို့သော မကောင်းမှုကိုပြုမိပါ၏။ ထိုအခါ မိတ်ဆွေသူငယ်ချင်းမ ဥတ္တရာသည် တပည့်တော်အား ရိုက်နှက်ကုန်သော ကျွန်မတို့ကို တား၍ တပည့်တော်မအား ကောင်းစွာယုယ ပြုစု ပါသည်။ တပည့်တော်မသည် သူငယ်ချင်းမ ဥတ္တရာကို တောင်းပန်သောအခါ သူငယ်ချင်းမ ဥတ္တရာက အရှင်ဘုရားတို့သည်းခံပါလျှင် သည်းခံမည်ဟု ဆိုပါ၏"ဟု လျှောက်၏။

"ဥတ္တရာ။ ။သီရိမာ လျှောက်ချက်အတိုင်း မှန်သလော"

"မှန်ပါသည်ဘုရား၊ သီရိမာသည်တပည့်တော်မ၏ဦးခေါင်းထက်၌ ကျွက်ကျွက် ဆူသော ဆီပူထောပတ်ကို လောင်းချခဲ့ပါ၏"

"ထိုအခါ သင်၏စိတ်တွင် အဘယ်သို့ ဖြစ်သနည်း"

"တပည့်တော်မသည် သီရိမာ၏ ကြီးမားသော ဂုဏ်ကျေးဇူးကို အောက်မေ့၍ တစုံတရာအမျက်ထွက်ခြင်းမရှိပဲ အဓိဋ္ဌာန်ပြုခဲ့ပါ၏။ သီရိမာအပေါ် မေတ္တာဓာတ်ဖြင့် ပျံ့နှံ့စေခဲ့ပါ၏"

"ကောင်းလေစွ၊ ကောင်းလေစွ ဥတ္တရာ။ ဤသို့ မေတ္တာဓာတ်ပျံ့နှံ့စေ၍ အမျက်မထွက်ခြင်းဖြင့် အမျက်ထွက်သူကို အောင်အပ်၏။

ဆဲရေးသူကို မိမိကတဖန် ပြန်လှန်၍ မဆဲရေးခြင်းဖြင့် အောင်အပ်၏။

ဝန်တိုသောသူကို မိမိဥစ္စာဖြင့်ပေးကမ်းခြင်းဖြင့် အောင် အပ်၏။

မဟုတ်မမှန် ပြောတတ်သူကို မှန်သော စကားကို ပြော ခြင်းဖြင့် အောင်အပ်၏''

ဟုမိန့်တော်မူပြီး–

**(၂၂၃) အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။**
**ဇိနေ ကဒရိယံ ဒါနေန ၊ သစ္စေနာ လိကဝါဒိနံ။**

(၂၂၃) ဒေါသမျက်ထွက်သူကို အမျက် မထွက်ခြင်းဖြင့် အောင်ရာ၏။ မကောင်းသူကို ကောင်းစွာ ပြုခြင်းဖြင့် အောင်ရာ၏။ တွန့်တိုသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မမှန်စကား ပြောကြားသူကို အမှန် စကား ပြောကြားခြင်းဖြင့် အောင်ရာ၏။

ဒေသနာတော်၏ အဆုံး၌ သီရိမာသည် ငါးရာ ကုန်သော မိန်းမတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်၏။

(ဓမ္မပဒ ကောဓဝဂ် သုံးခုမြောက် ဥတ္တရာ ဥပသိကာမ၏ ဝတ္ထု ပြီး၏)

# ၄။ နတ်ပြည် ရောက်နည်းများ

## (ရှင်မောဂ္ဂလာန်၏ အမေးဝတ္ထု)

**မှန်သော စကားကိုပြော၊**
**အမျက်ဒေါသကို သိမ်းဆည်း။**
**တောင်းခံလာသူကို ပေးကမ်း။**
**နတ်ပြည်သို့ သွားရာလမ်း ဖြစ်၏။**

(သစ္စံ ဘဏေန ကုဇ္ဈေယျ) အစရှိသော ဒေသနာတော်ကို သာဝတ္ထိ ပြည်၌ အရှင်မဟာ မောဂ္ဂလာန် မထေရ်မြတ် မေးလျှောက်အပ်သော ပြဿနာ အစုစုကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

### မှန်သောစကားကို ဆိုရုံမျှနှင့် နတ်သမီးဖြစ်ရသူ

တရံရောအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် နတ်ပြည်သို့ ဒေသစာရီ ကြွတော်မူ၍ တန်ခိုး ကြီးသော နတ်သမီး၏ ဘုံဗိမာန် တံခါးဝ၌ ရပ်တော်မူ၏။ မိမိထံတော်သို့ လာရောက်ရှိခိုး၍ ရပ်လာသော နတ်သမီးကို ဤသို့မေးတော်မူ၏။

"နတ်သမီး။ ။သင်၏ စည်းစိမ်ချမ်းသာသည် ကြီးမြတ်ပေ၏။ အဘယ်ကောင်းမှုကို ပြုခဲ့ဘူး၍ ဤနတ်၏ စည်းစိမ်ကို ရသနည်း"

"အရှင်ဘုရား။ တပည့်တော်မကို မေးတော် မမူပါနှင့်"

(နတ်သမီးသည် မိမိပြုဘူးသောကုသိုလ်ကောင်းမှုမှာ နည်းပါးလှသဖြင့် ရှက်လှ၍ ဤသို့လျှောက်ခြင်း ဖြစ်၏) ထိုအခါ အရှင်မောဂ္ဂလာန်က-

"အသင် နတ်သမီး လျှောက်လော့"

"အရှင်ဘုရား၊တပည့်တော်မသည် အလှူကိုလည်းမလှူဘူးပါ၊သူတော်ကောင်းတရားကိုလည်းမနာကြားခဲ့ရပါ။သက်သက်သော်ကား မှန်သောစကားကိုသာ ပြောကြား စောင့်ရှောက်ခဲ့ဘူးခြင်းကြောင့် ဤစည်းစိမ်ကို ရခဲ့ပါသည်ဘုရား"

ဟု လျှောက်၏။

## အမျက်ဒေါသကို ပယ်ရှားရုံမျှဖြင့်

ထို့နောက် အရှင်မောဂ္ဂလာန်သည် အခြားသော ဘုံဗိမာန်တံခါးသို့ကြွသွား ရပ်တော်မူပြီး ရောက်လာ ရှိခိုးနေသော နတ်သမီးအား....

"အို....နတ်သမီး အသင်၏ စည်းစိမ် ချမ်းသာသည် အလွန်ကြီးကျယ်ပါဘိ။ အဘယ်ကောင်းမှုကုသိုလ်ကို စောင့်ရှောက် ပြုလုပ်ခဲ့ပါသနည်း"

ထိုနတ်သမီးသည် ရှက်လှသောကြောင့် ပြန်လည် လျှောက်ထားဝံ့ခြင်း မရှိသဖြင့် အရှင်မြတ်က လျှောက်သာ လျှောက်ပါဟု မိန့်တော်မူလေမှ....

"အရှင်မြတ်ဘုရား။　။တပည့်တော်မှသည် ကဿပဘုရားပွင့်တော်မူသော အခါနိ်ဌ် သူတပါး၏ ကျွန်မ ဖြစ်ခဲ့ဘူးပါ၏။

ထိုတပည့်တော်မ၏အရှင်သည် အလွန်လျှင် ရက်စက်ကြမ်းကြုတ်၏။ နှုတ်ကြမ်းတမ်း၏။ နီးရာ သစ်သားဖြင့်ဖြစ်စေ၊ ထင်းဖြင့်ဖြစ်စေ ဦးခေါင်းကိုရိုက်ခဲ့တတ်၏။တပည့်တော်မသည် စဉ်းစားခဲ့ပါ၏။ ငါ၏အရှင်ကို ပြန်၍ အမျက်ထွက်ပါလျှင် ဤအရှင်သည် သေသည်အထိ ပါနိုင်သော သံပူဖြင့် ကပ်ခြင်းကိုဖြစ်စေ၊ နှာခေါင်းအစရှိသည်တို့ကို ဖြတ်ခြင်းငှာဖြစ်စေ အလိုရှိသမျှ ပြုခွင့်ရသောသူဖြစ်၏။ ထိုအရှင်အပေါ် အမျက်မထွက်လေနှင့်ဟု မိမိကိုယ်ကိုသာ ဆုံးမ၍ အမျက်ထွက်ခြင်း မရှိခဲ့ဘူးပါ၊ ဤအမျက်မထွက်ခဲ့ဘူးသော ကောင်းမှုကြောင့် တပည့်တော်မသည် ဤနတ်၏စည်းစိမ်ချမ်းသာကို ရခဲ့ပါ၏ဟု လျှောက်၏။

## ကြံတချောင်း အလှူ

အရှင်မောဂ္ဂလာန်သည် အခြားသောဘုံဗိမာန်သို့ကြွသွား၍ ထိုဗိမာန်မှနတ်သမီးကို ထိုနတ်၏ စည်းစိမ် ရသည့်အကြောင်း မေးလေလျှင် ရှက်လှ၍ အတန်တန်မေးမှ ရှေးအခါက တပည့်တော်မသည် ကြံခင်းကိုစောင့်ရှောက်ရသော သူဆင်းရဲမ ဖြစ်ခဲ့ပါ၏။ ရဟန်းတော် တပါးအား စေတနာ သန့်သန့်ဖြင့် ကြံတချောင်းကို ပေးလှူခဲ့ဘူးပါသည်။ ထိုစေတနာ သန့်သော တချောင်းသောကြံကိုလှူဒါန်းမှုကြောင့်ဤစည်းစိမ်ချမ်းသာကို ရရှိပါသည်ဟု လျှောက်ကြား၏။

## တလုံး, တရွက်, တဆုပ် လှူရုံမျှဖြင့်

ဤသို့ဖြင့် အရှင်မောဂ္ဂလာန်သည် နတ်သမီးတို့၏ ဗိမာန်အသီးသီးသို့ ကြွရောက် မေးမြန်းရာ နတ်သမီး တယောက်က တည်သီးတလုံး လှူခဲ့ဘူးသူ၊ သခွားသီး တလုံး လှူခဲ့ဘူးသူ၊

ဖက်သက်တရော်သီး လှူခဲ့ဘူးသူ၊ မုန်လာတဆုပ်ကို လှူခဲ့ဘူးသူ၊ ဟင်းမာရွက်တဆုပ်ကို လှူခဲ့ဘူးသူ စသည်ဖြင့် ဤသို့အနည်းငယ်မျှသော အလှူဖြင့် ဤစည်းစိမ်ချမ်းသာကို ရရှိကြောင်း နတ်သမီးအသီးသီးတို့က လျှောက်ထားကြ၏။

**မြတ်စွာဘုရားထံ လျှောက်ထား မေးမြန်းခြင်း**

ရှင်မောဂ္ဂလာန်သည် တာဝတိံသာမှ ဆင်းသက် လာပြီး မြတ်စွာဘုရားထံ ချဉ်းကပ်၍ နတ်သမီးတို့၏စကား အလုံးစုံကို ပြန်လည်လျှောက်ကြားပြီး ဤမျှသောကုသိုလ်ကောင်းမှုကလေးတို့ဖြင့် နတ်ပြည်သို့ရောက်နိုင်ပါသလားဟု မေးမြန်း လျှောက်ထားလျှင် ဘုရားသခင်က....

"အသင်ချစ်သား။ ။ငါ့အား အဘယ်ကြောင့် မေးဘိသနည်း၊ အသင်ချစ်သားကိုယ်တိုင် စည်းစိမ် ခံစားနေရသော နတ်သမီးတို့က လျှောက်ကြား ပြောဆိုလိုက်ပြီ မဟုတ်လော"

ဟု မိန့်တော်မူလိုက်၏။ ရှင်မောဂ္ဂလာန်က ဝန်ခံလေသော အခါ ဘုရားသခင်သည် ဤဂါထာကို ဟောကြားတော်မူလေသည်။

**(၂၂၄) သစ္စံ ဘဏေ န ကုဇ္ဈေယျ၊ ဒဇ္ဇာ အပ္ပသ္မိံ ယာစိတော။ ဧတေဟိ တီဟိ ဌာနေဟိ၊ ဂစ္ဆေ ဒေဝါန သန္တိကေ။**

(၂၂၄) မှန်ကန်သောစကားကို ပြောဆိုရာ၏။ အမျက်မထွက်ရာ၊ တောင်းခံလာသည်ရှိသော် အနည်းငယ်မျှလည်း ပေးလှူရာ၏။စေတနာသုံးတန် ညီညွတ်မှန်အောင် ရည်သန်ပေးလှူရာ၏။ဤအကြောင်းသုံးပါးကြောင့် နတ်တို့အထံသို့ ရောက်ရပေ၏။

(ဓမ္မပဒ ကောဓဝဂ် လေးခုမြောက် အရှင် မောဂ္ဂလာန်မထေရ်၏ အမေးပုစ္ဆာ ဝတ္ထု ပြီး၏။)

# ၅။ လူအဖြစ်နှင့်ရဟန္တာဖြစ်သော

## (ဘုရား၏ခမည်းတော်ဟောင်း ဝတ္ထု)

ကိုယ်ကို မညှင်းဆဲဘဲ၊
ကာယဒွါရဖြင့် စောင့်ရှောက် လုံခြုံသည်ဖြစ်၍
မင်ဖိုလ်သို့ ရောက်ကုန်သောသူမြတ်တို့သည်၊
မစိုးရိမ်ရဘဲ
သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ကြ၏။

(အဟိံသကာယေမုနယော) စသော ဂါထာတော်ကို သာကေတမြို့ အနီး အဉ္ဇနတော၌ သီတင်း သုံးစဉ် ရဟန်းတို့ မေးလျှောက်အပ်သောပြဿနာကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကားဤသို့တည်း

မြတ်စွာဘုရားသခင်သည် ရဟန်းသံဃာအပေါင်းခြံရံလျက် သာကေတမြို့တွင်းသို့ ဆွမ်းခံရန် ကြွရောက်တော်မူသော အခါ ပုဏ္ဏားအိုကြီးတယောက်သည် မြတ်စွာဘုရားသခင်ကို မြို့တံခါး အကြား၌ မြင်သည်နှင့်တပြိုင်နက် ခြေကိုဖက်၍....

"ငါ့သား။ ။သား ဆိုသည်မှာ အမေအို အဖေအိုတို့ကို စောင့်ရှောက် လုပ်ကျွေးအပ်သည် မဟုတ်ပါလော၊ ဤမျှကြာ

အောင် ငါတို့ကို အဘယ်ကြောင့် ရှောင်၍နေသနည်း။ငါ ယခု သားကို တွေ့ရပြီ၊ သင့်မိခင်ကိုလည်း မြင်စေခြင်းငှာ လာပါလေလော့''ဟု မြတ်စွာဘုရားကို အိမ်သို့ပင့်သွား၏၊

မြတ်စွာဘုရားသည် ပုဏ္ဏား၏အိမ်သို့ လိုက်သွားပြီး ရဟန်းသံဃာတော်တို့နှင့်တကွ နေတော်မူ၏။ ထိုအခါ ပုဏ္ဏေးမသည် လာ၍ ဘုရားခြေရင်း၌ ဝပ်ပြီး....

''ချစ်သား။ ဤမျှလောက်ကြာအောင် အဘယ်သို့သွားနေသနည်း။အိုမင်းသော မိဘတို့ကို လုပ်ကျွေးပြုစုသင့်သည် မဟုတ်လော''ဟု ပြော၍ သားသမီးတို့ကို ခေါ်ပြီး သင်တို့ အစ်ကိုကို ရှိခိုးကုန်လော့ဟု ဆို၍ ရှိခိုးစေ၏။

ထိုပုဏ္ဏားကြီးနှင့်ပုဏ္ဏေးမတို့သည် အလွန် ဝမ်းမြောက်ကြ၍ ဘုရားအမှူးရှိသော သံဃာတော်တို့ကို ဆွမ်းလုပ်ကျွေးပြီး....

''အရှင်ဘုရား။ဤအိမ်၌ပင် နေ့စဉ်မပြတ် ဆွမ်းကို ခံတော်မူပါလော့''ဟု လျှောက်၏။

''ဘုရားတို့မည်သည်ကားတခုသောအရပ်၌သာလျှင်ဆွမ်းကို အမြဲမခံကုန်''ဟု မိန့်တော် မူလေ၏။

''အရှင်ဘုရား။ထိုသို့ဆိုလျှင် အရှင်မြတ်အား ဆွမ်းဖိတ်သည့်သူတို့အား တပည့်တော်ထံ စေလွှတ်ပါလော့''ဟု ပြောကြားကြကုန်၏။

ထိုအခါမှစ၍ ဆွမ်းပင့်ရန်လာသူတို့ကို မြတ်စွာဘုရားသည် ပုဏ္ဏားအား ပြောကြားကုန်လော့ဟု စေလွှတ်တော်မူ၏။ထိုသူတို့သည် ပုဏ္ဏားကြီးအထံသို့သွား၍ ဆွမ်းပင့်ဖိတ်ပါသည်ဟုပြောကြား၏။ နောက်တနေ့ ရောက်လျှင် ပုဏ္ဏားကြီးသည်ဆွမ်းနှင့် ဆွမ်းဟင်းခွက်တို့ကိုယူ၍ ဆွမ်းဖိတ်ရာအရပ်သို့ သွား၍ ကပ်၏။

အခြား ပင့်ဖိတ်သူ မရှိလျှင် မြတ်စွာဘုရားသည် ပုဏ္ဏားကြီး အိမ်၌ ဆွမ်းစား၏။ ထိုနှစ်ယောက်သောပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမ တို့သည် လျှုဘွယ်ဝတ္ထုတို့ကို အခါခပ်သိမ်းလှူကြ၏။ တရား ကို နာယူကြယင်းပင် အနာဂါမ်ဖိုလ်သို့ ရောက်ကြကုန်၏။

## အဘယ်ကြောင့် အဖေနှစ်ယောက် ပေါ်သနည်း

ရဟန်းတို့သည်တရားသဘင်၌စကားပြောဆိုယင်း ဤပုဏ္ဏား ကြီးသည် မြတ်စွာဘုရား၏ အဘကား သုဒ္ဓေါဒန မင်းကြီး၊ မယ်တော်ကား မဟာမာယာဟု သိပါလျက်နှင့် ပုဏ္ဏေးမနှင့် တကွ မြတ်စွာဘုရားကို ငါ့တို့သား ဟူ၍ ဆို၏။ ဘုရားသခင် သည် ဆိုတိုင်းပင် သည်းခံ၏။ မည်သို့သောအကြောင်းဖြစ်လေ သည်မသိဟုပြောဆိုကြကုန်၏။ မြတ်စွာဘုရားကြားတော်မူလျှင် "ရဟန်းတို့ ထိုပုဏ္ဏားမောင်နှံတို့သည်၊ သူတို့၏သား ဖြစ်၍ သာလျှင် သားဟူ၍ ပြောဆိုကုန်၏"ဟု မိန့်တော်မူပြီး အတိတ် ဇာတ်ကို ဟောကြားတော်မူ၏။

## ရှေးကဖြစ်ရပ် အတိတ်ဇာတ်

"ချစ်သားရဟန်းတို့။ဤပုဏ္ဏားကြီးသည်ဘဝငါးရာပတ်လုံး ငါ၏အဘဖြစ်ခဲ့၏။ဘဝငါးရာပတ်လုံး ဘထွေးဖြစ်ခဲ့၏။ဘကြီး ဖြစ်ခဲ့၏။ဤပုဏ္ဏေးမ သည်လည်း ဘဝငါးရာ ပတ်လုံး ငါ့အမိ ဖြစ်ခဲ့၏။ ဘဝငါးရာပတ်လုံး မိထွေး ဖြစ်ခဲ့၏။ ဘဝငါးရာ ပတ်လုံး မိကြီး ဖြစ်ခဲ့သည်။ဤသို့ဘဝ တထောင်ငါးရာပတ်လုံး ပုဏ္ဏားကြီးလက်၌ ကြီးခဲ့ဘူး၏။ ဘဝတထောင့်ငါးရာ ပတ်လုံး ပုဏ္ဏေးမ၏ နို့ရည် တိုက်ကျွေး၍ ကြီးခဲ့ဘူး၏။ ဤသို့ ဘဝ

သုံးထောင်ပတ်လုံး ထိုပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့၏ သား ဖြစ်ခဲ့ရသည့်အကြောင်းကို ဟောကြားတော်မူပြီး အောက်ပါ ဂါထာတို့ကို ဟောကြားတော်မူ၏

ရှေးက တခါမှ မတွေ့မမြင်ဘူးသော သူကို ခင်မင်စိတ် စူးဝင်၏။စိတ်သည်လည်း ရွှင်ပျပျော်မြူး အထူးကြည်ညို၏။ ရှေးက တခါမှ မတွေ့ မမြင်ဘူးသော ထိုသူ၌ ချစ်ကျွမ်း ဝင်ခဲ့၏။

ရှေးဘဝကပင် အတူတကွ နေခဲ့ရဘူးသဖြင့်၎င်း၊ ယခု ဘဝတွင် အကျိုးစီးပွားကိုဆောင်သဖြင့်၎င်း၊ဤအကြောင်း နှစ်ပါးတို့ကြောင့် တွေ့လျှင် တွေ့ခြင်း ချစ်ခင်ခြင်း ဖြစ်၏။ ဥပမာအားဖြင့် ရေ၌ကြာတို့သည် အချိန်ရောက်၍ ပေါက် ကြဘိကဲ့သို့တည်း-ဟူ၍ ဟောကြားတော်မူ၏။

## ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမတို့ လူ့ဝတ်နှင့်ပင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံဝင်ကြခြင်း

မြတ်စွာဘုရားသခင်သည် ဝါတွင်းသုံးလပတ်လုံးထိုအမျိုး၌ သာလျှင် အမှီပြု၍သီတင်းသုံးတော်မူ၏။ပုဏ္ဏားကြီးနှင့်ပုဏ္ဏေးမ နှစ်ဦးစလုံးသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ ပရိနိဗ္ဗာန် ပြုကြကုန်၏။

ထိုအခါ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမ တို့၏ ရုပ်အလောင်းကို တခုတည်းသော အထွဋ်တပ်သော ပြာသာဒ် ထက်သို့ တင်၍ ယူဆောင်ကြ ကုန်၏။ မြတ်စွာ ဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် သုသာန်သို့ ကြွတော်မူ၏။

လူအပေါင်းတို့သည် ဘုရားရှင်၏မယ်တော်၊ခမည်းတော်တို့ ပင်တည်းဟု လိုက်ပါပို့ဆောင်ကြကုန်၏။ မြတ်စွာဘုရားသည် သင်္ချိုင်းအနီး ဇရပ် တခုသို့ ဝင်ရောက် သီတင်းသုံးတော် မူ၏။ လူတို့သည် မြတ်စွာဘုရားထံ ချဉ်းကပ်ကြည်ညို ရှိခိုးဦးချကြ၏။ မြတ်စွာဘုရားအား....

"အရှင်ဘုရား၏ မိခင် ဖခင်တို့ ကွယ်လွန် ကြခြင်းကြောင့် တွေးတောစိုးရိမ်တော် မမူပါနှင့်"ဟု လျှောက်ကြား ကြ၏။ မြတ်စွာဘုရားက သင်တို့ ဤသို့ မပြောကြနှင့်ဟု တားမြစ်တော် မမူပဲ ပရိသတ်၏အလိုကိုကြည့်၍ ထိုခဏနှင့်လျော်သောတရား တော်တို့ကို ဟောကြားတော်မူသည်မှာ....

"ဒါယိကာတို့ ဤလူတို့၏ အသက်တန်းသည် တိုလွန်း လှသည်၊ အနှစ်တရာအောက်သာ အသက်ရှည်သည် ဖြစ်၍ သေကြရ၏။ တစုံ တယောက်သည် အနှစ်တရာ ကျော်၍ အသက်ရှည်လျှင်လည်း ထိုသူသည် ဇရာနှိပ်စက်၍ သေရ တော့သည်သာတည်း"

ဤသို့ ဇရာသုတ္တန်ကိုဟောတော်မူသည်၏အဆုံး၌ရှစ်သောင်း လေးထောင်ကုန်သော သတ္တဝါတို့အား အကျွတ်တရား ရကြ သည် ဖြစ်လေ၏။

ရဟန်းတော်သည် ပုဏ္ဏားကြီးနှင့်ပုဏ္ဏေးမတို့ ပရိနိဗ္ဗာန်စံယူ သည့်အဖြစ်ကို မသိကြသဖြင့် မြတ်စွာဘုရားထံ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမတို့၏ လားသင့်ရာ တမလွန် ဘဝကို မေးလျှောက်ကြ ကုန်၏။ ထိုအခါ မြတ်စွာဘုရားက....

"ရဟန်းတို့။ ဤသို့ သဘောရှိကုန်သော အရဟတ္တဖိုလ်သို့ ရောက်ပြီးကြသောကျင့်ကြံအားထုတ်ရန်အကြောင်းမရှိကြသော

အသေက္ခမုနိ ဖြစ်သော ပုဂ္ဂိုလ်တို့အား လားရာ ဘဝ တမလွန် လောက မရှိတော့ပြီ။ သေခြင်းကင်းသော နိဗ္ဗာန်သို့သာလျှင် ရောက်ကုန်၏''ဟု မိန့်တော်မူပြီး....

(၂၂၅) အဟိံသကာ ယေ မုနယော၊ နိစ္စံ ကာယေန သံဝုတာ။
တေ ယန္တိ အစ္စုတံ ဌာနံ၊ ယတ္ထ ဂန္တွာ န သောစရေ။

(၂၂၅) မဂ်ဖိုလ်ကိုရောက်ပြီးကုန်သော အသေက္ခမုနိဖြစ်ကုန်သော ပုဂ္ဂိုလ်တို့သည် ကိုယ်တိုင်မညှင်းဆဲတတ်ကုန်သည်ဖြစ်၍ ကာယဒွါရဖြင့် အမြဲ စောင့်ရှောက် လုံခြုံကုန်သည်ဖြစ်၍ အကြင်နိဗ္ဗာန်အရပ်သို့ သွားကုန်၍ မစိုးရိမ်ရကုန်။ စုတေသဘော ရွေ့လျောခြင်းမရှိသော နိဗ္ဗာန် အရပ်သို့ ရောက်ကုန်၏။

ဒေသနာတော်၏ အဆုံး၌ များစွာ ကုန်သော သူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကြကုန်၏။

(ဓမ္မပဒ ကောဓဝဂ် ငါးခုမြောက် ခမည်းတော် ပုဏ္ဏားကြီး ဝတ္ထု ပြီး၏။)

## ၁၇။ ကောဝေဂ်

# ၆။ နိဗ္ဗာန်ရောက်ရာ ကျင့်သုံးဖြာ

(သဌေး ကျွန်မ ·မယ်ပုဏ္ဏ)

အမြဲမပြတ် နိုးကြားလို့လရှိခြင်း။
သိက္ခာသုံးပါးကို နေ့ညဉ့်မပြတ် အားထုတ်ခြင်း။
နိဗ္ဗာန်သို့သာ ဦးညွတ်ခြင်း။
ဤကား—
နိဗ္ဗာန်ရောက်ရာကျင့်သုံးဖြာတည်း။

(သဒ္ဒါဇာဂရ မာနာနံ)အစရှိသောဒေသနာတော်ကိုရာဇဂြိုဟ်ပြည် ဂိဇ္ဈကုတ်တောင်၌သီတင်းသုံးနေစဉ် ပုဏ္ဏ အမည်ရှိကျွန်မကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

ရာဇဂြိုဟ်ပြည်၌ သဌေး တဦးတွင် ပုဏ္ဏ အမည် ရှိသော ကျွန်မသည်ရှိ၏။ပုဏ္ဏဟူသောအမည်မှာ“ပြည့်ဝ”ဟူ၍အဓိပ္ပါယ်ရ၏။ ထိုပုဏ္ဏကို သဌေးသည် စပါးကို ထောင်းရန်၊ ဖွတ်ရန် များစွာပေးထား၏။ကျွန်မသည် ညဉ့်ပင် ဆီမီးထွန်း၍ထောင်းရဖွတ်ရ၏။ ပင်ပန်းလှန်းလှသဖြင့် တကိုယ်လုံးချွေးရွှဲနေ၏။ အပန်းဖြေရန် ပြင်ပလေတိုက်သော နေရာ၌ ခဏထွက်နေ၏။

ထိုအခါ၌မလ္လာမင်း၏သားဖြစ်သောအရှင်ဒဗ္ဗသည်ဧည့်သည် ရဟန်းတို့၏ အိပ်ယာနေရာကို ခင်းရသော ပုဂ္ဂိုလ် ဖြစ်ပေ၏။ ထိုအရှင်ဒဗ္ဗသည် တရားနာ၍ မိမိအိပ်ယာနေရာသို့သွားကြသော ရဟန်းတို့အား လက်ညှိုးကိုမီးတိုင်ကဲ့သို့ညှိ၍ရှေ့မှမီးပြ၍သွား၏။

ပုဏ္ဏသည် ထိုအလင်းရောင်ဖြင့် ရဟန်းတော်တို့ကိုမြင်သဖြင့် စဉ်းစား ကြည့်၏။ ငါသည် ဆင်းရဲ လှသဖြင့် ညအခါ၌ပင် ကောင်းစွာ မအိပ်ရပဲ အလုပ် လုပ်ရပေ၏။ ဤအရှင်တို့သည် အဘယ်ကြောင့် ကျိန်းစက်တော် မမူကြလေသနည်း။ ရဟန်း တဲပါးပါး နာမကျန်း ဖြစ်၍လော။ မြွေတို့ဘေးရန်ရှိ၍လောဟု ကြည့်ရှုယင်း စဉ်းစားနေ၏။

## ပုဏ္ဏ၏မုန့်အလှူ

ပုဏ္ဏသည် မိုးမလင်းမီပင် ဆန်ကွဲကိုယူ၍ ရေဖြင့်ဆွတ်ပြီး လက်ဝါးပေါ်၌ပင် မုန့်ကိုအပြားပြု၍ မီးဖို၌ဖုတ်ပြီး ရင်ခွင်၌ ထည့်၍ ရေဆိပ်သို့အသွားတွင် စားမည်ဟုကြံပြီး ရေအိုးကိုယူ၍ ရေဆိပ်သို့သွား၏။ မြတ်စွာဘုရားသည် ဆွမ်းခံရန်ထိုခရီးဖြင့်ပင် ကြွတော်မူ၏။ ပုဏ္ဏသည်မြတ်စွာဘုရားကိုတွေ့မြင်လျှင် စဉ်းစား ၏။ အခြားနေ့၌ မြတ်စွာဘုရားကို တွေ့မြင်သော်လည်း ငါ၌ လှူအပ်သည့်ဝတ္ထု မရှိ၍ မလှူခဲ့ရ။ လှူစရာရှိသည့် အခါ၌လည်း မြတ်စွာဘုရားကိုမတွေ့ရ။ ယခုမူ မြတ်စွာဘုရားကို ဖူးမြင်ရပြီ။ လှူဘွယ် ဝတ္ထုလည်းရှိနေပြီ၊ ဤဆန်ကွဲမုန့်သည် ကြမ်းတမ်း သည်ဟု မယူဆဘဲအလှူခံလျှင် ငါပေးလှူမည်ဟု ကြံစည်ပြီး ရေအိုးကိုတနေရာ၌ချထား၍ မြတ်စွာဘုရားကိုရှိခိုးဦးချပြီးသော် တပည့်တော်မအားသနားသဖြင့် ချီးမြှောက်ခြင်းဖြင့် ဤမုန့်

အလှူခံတော်မူပါဟု လျှောက်ကြား၏။ မြတ်စွာဘုရားသည် အရှင်အာနန္ဒာ မထေရ်ကို ကြည့်ရှုတော်မူ၏။ ထိုအခါအာနန္ဒာ မထေရ်သည်နတ်မင်းကြီးလေးဦး လှူအပ်သော သပိတ်တော် မြတ်ကိုဆက်ကပ်၏။ မြတ်စွာဘုရားသည် သပိတ်ကို လှမ်း၍ မုန့်ကိုခံယူတော်မူ၏။ ပုဏ္ဏသည် မုန့်ကို သပိတ်တော်၌ ထည့်၍ လှူပြီးလျှင် ငါးပါးသော တည်ရာရှိသော ရှိခိုးခြင်းဖြင့် ရှိခိုး ဦးချပြီး–

"အရှင်ဘုရား၊ အရှင်ဘုရားတို့သိမြင်အပ်သော တရားတော်ကို တပည့်တော်မသည် ပြည့်စုံစွာသိမြင်ရပါစေသတည်း"

ဟူ၍ ဆုတောင်း၏။ မြတ်စွာဘုရားသည် ဆုတောင်းတိုင်း ပြည့်စေသတည်းဟု ဆုပေးတော်မူ၏။

ပုဏ္ဏသည် ဤသို့စဉ်းစား၏။ မြတ်စွာဘုရားသည် ငါ့အား ချီးမြင့်လိုသောကြောင့်သာငါ၏မုန့်ကြမ်းကိုအလှူခံခြင်းဖြစ်၏။ တကယ်ဘုဉ်းပေးမည်ကားမဟုတ်၊ ရှေ့သို့ကြွသွားပြီး ကျီးငှက်များကိုဖြစ်စေ၊ ခွေးကိုဖြစ်စေ စွန့်ကြဲ၍ ဘုရင်၏ နန်းတော်သို့ဖြစ်စေ၊ မင်းသားတို့၏ အိမ်သို့ဖြစ်စေ၊ ကြွရောက်ပြီး ဆွမ်းဘုဉ်းပေးလိမ့် မည်သာဟု စဉ်းစား၏။

မြတ်စွာဘုရားသည် ပုဏ္ဏ၏စိတ်အကြံကို သိမြင်တော်မူသော ကြောင့် အရှင်အာနန္ဒာကို ကြည့်တော်မူ၏။အရှင်အာနန္ဒာသည် သင်္ကန်းတော်ကို ခင်း၍ပေး၏။ မြတ်စွာဘုရားသည် မြို့ပြင်၌ သာလျှင် ပုဏ္ဏ၏မုန့်ကြမ်းဖြင့် ဆွမ်းဘုဉ်းပေးခြင်းကိစ္စကိုပြုတော် မူ၏။ နတ်တို့သည် နတ်သြဇာတို့ကို ထိုမုန့်၌ ထည့်ကြကုန်၏။ ကျွန်မပုဏ္ဏသည်ကြည့်လျက်နေ၏။ဆွမ်းစားပြီးလျှင်ရှင်အာနန္ဒာ

သည် ရေကိုဆက်ကပ်၏။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေး ပြီးလျှင် ပုဏ္ဏကိုခေါ်တော်မူ၍-

"ဟယ်ပုဏ္ဏ။ ။သင်သည် ငါ့တပည့်ရဟန်းတို့ကို အဘယ် ကြောင့် ရေရွတ်ဘိသနည်း"

"အရှင်ဘုရား။ ။မရေရွတ်မိပါ"

"ထိုသို့မရေရွတ်သည် မဟုတ်လျှင် ငါ့တပည့်တို့ကို ကြည့်၍ အဘယ်ကို ဆိုသနည်း"

"အရှင်ဘုရား။ ။တပည့်တော်သည် ဆင်းရဲခြင်းကြောင့် အိပ်ချိန်မရ၊ ဤအရှင်တို့သည် အဘယ်ကြောင့်မအိပ်ကြသနည်း။ ကော်ပင် ရဟန်းတပါးပါး မချမ်းသာခြင်းမူလည်း ဖြစ်လိမ့်မည်၊ မြွေသတ္တဝါ၏ ဘေးရန်သည်လည်း ဖြစ်လိမ့်မည်ဟု ထိုမျှလောက် သာ တပည့်တော်မ ကြံစည်မိပါသည်"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက ပုဏ္ဏ၏စကားကို ကြားလျှင်-

"ပုဏ္ဏ။ ။သင်သည် ရှေးဦးစွာ ဆင်းရဲခြင်း ဒုက္ခကြောင့် မအိပ်ရသည်ဖြစ်၏။ ငါ၏တပည့်သားတို့သည် အမြဲတမ်းနိုးကြား ခြင်းနှင့်ယှဉ်သော လုံ့လရှိသည်ဖြစ်၍ မအိပ်ဟု မိန့်တော်မူပြီး-

**(၂၂၆) သဒါ ဇာဂရမာနာနံ၊ အဟောရတ္တာ နုသိက္ခိနံ။**
**နိဗ္ဗာနံ မဓိမုတ္တာနံ၊ အတ္ထံ ဂစ္ဆန္တိ အာသဝါ။**

(၂၂၆) အမြဲတမ်း နိုးကြားထကြွ လုံ့လရှိကုန်သော နေ့ညဉ့် ပတ်လုံး သိက္ခာသုံးပါးကို ကောင်းစွာကျင့်ကုန်သော နိဗ္ဗာန်ကို ရောက်လို သောစိတ်ဖြစ်ခြင်းရှိကုန်သော ပုဂ္ဂိုလ်တို့အား အာသဝေါတရား တို့သည် ချုပ်ငြိမ်းကုန်ဆုံးခြင်းသို့ ရောက်၏။

ဒေသနာတော်၏အဆုံး၌ ကျွန်မပုဏ္ဏသည် ရပ်မြဲတိုင်း သာ လျှင် သောတာပတ္တိဖိုလ်၌တည်၏။ ရောက်လာသော ပရိသတ်

အားလည်း အကျိုးရှိသော ဒေသနာသည်ဖြစ်၏။ မြတ်စွာဘုရား သခင်သည် ကျောင်းတော်သို့ ကြွတော်မူ၏။

တရားသဘင်စည်းဝေးခွင်၌ရဟန်းတို့က မြတ်စွာဘုရားသည် ကျွန်မပြည့်ဝ မယ်ပုဏ္ဏာ၏ မီးကျိုး၌ဖုတ်အပ်သော ဆန်ကွဲမုန့်ဖြင့် ဆွမ်းကိစ္စပြု၍ ကျောင်းသို့ကြွတော်မူ၏ဟု ပြောကြားကြသည်ကို မြတ်စွာဘုရားက ကြားတော်မူ၍ ချစ်သားရဟန်းတို့ ယခုအခါ ၌သာလျှင် ငါဘုရားသည် ဤပုဏ္ဏာ ပေးသည့် ဆန်ကွဲမုန့်ကို သုံးဆောင်ရဘူးသည်ဟု ကုဏ္ဍာဠကသိန္ဓဝဇာတ်ကို ဟောတော်မူ၏။

(ဓမ္မပဒ ကောဓဝဂ် ခြောက်ခုမြောက် ကျွန်မပုဏ္ဏာ ဝတ္ထု ပြီး၏။)

၁၇။ ကောဝဝဂ်

## ၁၇။ ကဲ့ရဲ့လွတ်သူမရှိ

### (အတုလ ဥပါသိကာ ဝတ္ထု)

ပညာမျက်စိ မြင်မရှိသည့်
သူမိုက်တို့၏ ကဲ့ရဲ့ခြင်း
ချီးမွမ်းခြင်းသည် အဓိကမဟုတ်၊
ပညာရှိတို့၏ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းသာလျှင်
ကဲ့ရဲ့ထိုက် ချီးမွမ်းထိုက်သည် ဖြစ်ပေ၏။

(ပေါရာဏ မေတံ)အစခံသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ အတုလ ဥပသကာကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်၌နေသော အတုလအမည်ရှိသော ဥပသကာသည် ငါးရာသောအခြံအရံရှိ၏။ တနေ့တွင် နောက်ပါဥပသကာတို့ကိုခေါ်၍ ကျောင်းတော်သို့သွားပြီး အရှင်ရေဝတ မထေရ်ထံ တရားတော်ကို နာကြားရန် သွား၏။ ထိုအရှင် ရေဝတသည် ခြင်္သေ့မင်းကဲ့သို့ဆိပ်ငြိမ်ရာတောအရပ်၌ တပါးတည်း နေလေ့ရှိသဖြင့် အတုလဥပသကာကို တစုံတရာ တရားစကားဟောကြား

ခြင်း မရှိပေ။ ထိုအခါ အမျက်ထွက်၍ အရှင်သာရိပုတ္တရာထံ အခြံအရံတို့နှင့် အတူသွား၍ တပည့်တော်တို့သည် အရှင်ရေဝတထံ တရားဟောကြားရန် လျှောက်ကြားပါသော်လည်း စကားတစုံတရာမျှမပြောကြား၍အမျက်ထွက်ပြီးအရှင်ဘုရားထံ ရောက်လာကြပါသည်ဟု လျှောက်ကြား၏၊ ထိုအခါ မထေရ်က ဥပသကာတို့ ထိုင့်နေကြ ကုန်လော့ဟု မိန့် ကြား တော် မူ ပြီး အဘိဓမ္မာတရားတော်ကို ခွဲခြားစိတ်ဖြာ ဟောကြားတော်မူ၏။

ထိုအခါ အစုလျ ဥပသကာက နက်နဲ သိမ်မွေ့ လှသည့် ဤအဘိဓမ္မာတရားတော်ကိုဟော၍ ငါတို့အား အဘယ်အကျိုး ရှိမည်နည်းဟု မိမိ၏ ပရိသတ်နှင့်တကွ အရှင်အာနန္ဒာထံ သွားရောက်ကြပြန်၏။ တပည့်တော်တို့တရားနာလို၍ အရှင်ရေဝတထံ သွားရောက်ပါ၏။ ထိုအရှင်ရေဝတသည် အလ္လာပ သလ္လာပ စကားကိုပင် မပြော၍ အမျက်ထွက်ပြီး အရှင်သာရိပုတ္တရာထံ သွားရောက်၍ တရားဟောကြားတော်မူပါရန် လျှောက်ထားပါသည်။ အရှင်သာရိပုတ္တရာ မထေရ်သည် အဘိဓမ္မာတရားကိုသာများစွာဟောကြားတော်မူအပ်သည်ဖြစ်၍တပည့်တော်တို့ မကျေနပ်၍ အရှင်ဘုရားထံ တရားစကား ဟော ကြား တော်မူပါဟု လျှောက်ထားပြန်သဖြင့် အရှင်အာနန္ဒာသည် ထင်ရှားသိလွယ်အနက်အဓိပ္ပါယ်နှင့်တကွသောတရားကိုဟောကြားတော်မူ၏။ ထိုဥပသကာတို့သည် တဖန် အရှင်အာနန္ဒာအား အမျက်ထွက်ကြပြန်၍ မြတ်စွာဘုရား ထံတော်မှောက်သို့ သွားရောက်ရှိခိုးပြီး သင့်လျော်သော အရပ်၌ ထိုင်နေကြကုန်၏။ ထိုအခါ မြတ်စွာဘုရားက မေးမြန်းတော် မူသဖြင့် အရှင်ရေဝတထံ

တရားနာသွားရာမှအစ အရှင်အာနန္ဒာ တရားဟောသည်အထိ မထေရ်အရှင်တို့ကို အပြစ်ချ၍ လျှောက်ထား၏။ မြတ်စွာဘုရာသည် ထိုဒါယကာ၏လျှောက်ထားသောစကားကိုကြားသိတော်မူ၍-

''ဒါယကာ အတုလ၊ ။ ဤကဲ့သို့ရဲရင့်သော အလေ့အထသည် ရှေးဟောင်းအစဉ်အလာသာလျှင် ဖြစ်၏။

ဆိတ်ဆိတ်နေသူကိုရင်း၊ စကားများသူကိုရင်း၊ စကားနည်းသူကိုရင်း ကဲ့ရဲကုန်သည်သာ လျှင်တည်း။

စင်စစ်အားဖြင့် ကဲ့ရဲအပ်သောသူသည်ရင်း၊ စင်စစ် ချီးမွမ်းအပ်သောသူသည်ရင်း မရှိ။

အုပ်စိုးသောမင်းတို့ကိုပင် အချို့သောသူတို့သည် ကဲ့ရဲ့ကြကုန်၏။အချို့သောသူတို့သည်ချီးမွမ်းကြကုန်၏။မြေကြီးကိုရင်း၊ နေနှင့်လတို့ကိုရင်း အချို့က ချီးမွမ်းကြ။အချို့က ကဲ့ရဲ့ကြ၏။

ပရိသတ်လေးပါးအလယ်၌နေတော်မူ၍ တရားကိုဟောသော ဘုရားကိုသော်မှလည်း အချို့က ကဲ့ရဲ့ကြ၏။ အချို့က ချီးမွမ်းကြ၏။

ထိုစကား မှန်၏။

အန္ဓဗာလ ဓသိမိုက်မဲသူတို့၏ ကဲ့ရဲ့ခြင်း သည်ရင်း၊ ချီးမွမ်းခြင်းသည်ရင်း၊ ပမာဏမဟုတ်။ပညာရှိသော ထက်မြက်လျှင်မြန်ဉာဏ်ရှိသော သူသည်သာလျှင် ကဲ့ရဲ့သည် အစစ် ဖြစ်၏။ ချီးမွမ်းသည်လည်း ချီးမွမ်းခြင်းအစစ် ဖြစ်၏။

ဤသို့မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူသည်။

(၂၂၇) ပေါရာဏမေတံ အတုလ၊ နေတံအဇ္ဇတနာမိဝ။
နိန္ဒန္တိ တုဏှိမာသီနံ၊ နိန္ဒန္တိ ဗဟုဘာဏိနံ။
မိတဘာဏိမ္ပိ နိန္ဒန္တိ၊ နတ္ထိ လောကေ အနိန္ဒိတော။

(၂၂၈) န စာဟု န စ ဘဝိဿတိ၊ န စေတရဟိ ဝိဇ္ဇတိ။
ဧကန္တံ နိန္ဒိတော ပေါသော၊ ဧကန္တံ ဝါ
ပသံသိတော။

(၂၂၉) ယံ စေ ဝိညူ ပသံသန္တိ၊ အနုဝိစ္စ သုဝေ သုဝေ။
အစ္ဆိဒ္ဒဝုတ္တိံ မေဓာဝိံ၊ ပညာသီလ သမာဟိတံ။

(၂၃၀) နိက္ခံ ဇမ္ဗောနဒဿေဝ၊ ကော တံ နိန္ဒိတုမရဟတိ။
ဒေဝါပိ နံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော။

(၂၂၇) အတုလ။ ဤကဲ့ရဲ့ခြင်းသည် ယခုမှသာ မဟုတ်၊ ရှေးရှေး၌ပင်ဖြစ်ခဲ့၏။ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့၏။ စကားများသူကိုလည်း ကဲ့ရဲ့၏။ နှိုင်းနှိုင်းချိန်ချိန် ပြောလေ့ရှိသူကိုလည်း ကဲ့ရဲ့၏။ အကဲ့ရဲ့လွတ်သောသူသည် လောက၌မရှိ။

(၂၂၈) လုံးဝ ကဲ့ရဲ့အပ်သော၊ လုံးဝ ချီးမွမ်း အပ်သော ယောကျ်ားသည်။ ရှေး၌လည်းမရှိ၊ ယခုလည်းမရှိ၊ နောင်လည်း ရှိလိမ့်မည် မဟုတ်။

(၂၂၉) အစဉ်မပြတ်ကျင့်အပ်သော အကျင့်ရှိသော၊ လိမ်မာသော သီလ သမာဓိ ပညာနှင့် ပြည့်စုံသောသူအား ပညာရှိ တို့သည် စီစစ်၍ နေ့စဉ်နေ့တိုင်း ချီးမွမ်းကုန်၏။

(၂၃၀ ထိုဇမ္ဗူရစ် ရွှေစင် တန်ဆာ ကဲ့သို့သော သူအား အဘယ်သူသည် ကဲ့ရဲ့ခြင်းငှာ ထိုက်ပါအံ့နည်း၊ ထိုသူအား နတ်တို့သည်လည်း ချီးမွမ်းကုန်၏။ ဗြဟ္မာမင်းသည်လည်း ချီးမွမ်းအပ်၏။

ဒေသနာတော်၏ အဆုံး၌ ဥပါသိကာ ငါးရာ တို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။

(ဓမ္မပဒ ကောဓဝဂ် ခုနစ်ခုမြောက် အတုလျဥပသကာ ဝတ္ထု ပြီး၏။)

၂၉ ၀ ၀

၁၇။ ကောဓဝဂ်

## ဂ။ ဒုစရိုက် ဆယ်ပါး ပယ်ရှောင်ဖြေး

(ဆဗ္ဗဂ္ဂီ ရဟန်းတို့ ဝတ္ထု)

ကာယ ဒုစရိုက်သုံးပါး
ဝစီဒုရိုက်လေးပါး
မနောဒုစရိုက်သုံးပါး တို့ကို ရှောင်ကြဉ်၍
ကုသိုလ်ဖြစ်ကြောင်း ကောင်းသော အကျင့်ကို ကျင့်ရာ၏။
ပညာရှိတို့သည် ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို
စောင့်စည်းသူများ ဖြစ်ကြ၏။

(ကာယပ္ပကောပံ)အစခံသော သုတ္တန် 'ဒေသနာ တော်ကို ဝေဠုဝန်ကျောင်း၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ဟော ကြားတော်မူ၏။

# ဝဏ္ဏုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်းတော်၌ နေတော်မူစဉ် ခြောက်ဦးတစုပူးတွဲနေလေ့ရှိသော ဆဗ္ဗဂ္ဂိ ရဟန်းတို့သည် လက်နှစ်ဖက်ဖြင့် တောင်ဝှေးတို့ကို ကိုင်ဆောင်ပြီး သစ်သားခြေနင်းစီး၍ ကျောက်ပြားလမ်းပေါ်၌ တဒေါက်ဒေါက်အသံဖြင့် ဆူညံသည်ကို ကြားတော်မူ၍ အရှင်အာနန္ဒာကို မေးတော်မူ၏။ အရှင်အာနန္ဒာက ခြေတပ်၍ သစ်သားဘိနပ်ဖြင့် စီးကြသော ဆဗ္ဗဂ္ဂိရဟန်းတို့ အကြောင်းကိုလျှောက်ထားတော်မူလျှင် မြတ်စွာဘုရားသည် တရားကို ဟောကြားတော်မူလိုသောကြောင့်....

(၂၃၁) ကာယပ္ပကောပံ ရက္ခေယျ၊ ကာယေန သံဝုတော သိယာ။
ကာယဒုစ္စရိတံ ဟိတွာ၊ ကာယေန သုစရိတံ စရေ။

(၂၃၂) ဝစီပကောပံ ရက္ခေယျ၊ ဝါစာယ သံဝုတော သိယာ။
ဝစီဒုစ္စရိတံ ဟိတွာ၊ ဝါစာယ သုစရိတံ စရေ။

(၂၃၃) မနောပကောပံ ရက္ခေယျ၊ မနသာ သံဝုတော သိယာ။
မနောဒုစ္စရိတံ ဟိတွာ၊ မနသာ သုစရိတံ စရေ။

(၂၃၄) ကာယေန သံဝုတာ ဓီရာ၊ အထော ဝါစာယ သံဝုတာ။
မနသာ သံဝုတာ ဓီရာ၊ တေ ဝေ သုပရိသံဝုတာ။

(၂၃၁) ကိုယ်၏ ပျက်စီးခြင်းဖြစ်သော ကာယ ဒုစရိုက်တရားကို စောင့်ရှောက်ရာ၏။ ကာယဒွါရ၌ ဝင်ရောက်ဖြစ်ပွားသည်ကို တားမြစ်ပိတ်ပင်သည် ဖြစ်ရာ၏။ ကိုယ်ဖြင့် မကောင်းသော အကျင့်ကို စွန့်၍ ကာယဒွါရဖြင့် ကောင်းသောအကျင့်ကို ကျင့်ရာ၏။

(၂၃၂) နှုတ်၌ပျက်စီးခြင်းဖြစ်သော ဝစီ ဒုစရိုက်တရား လေးပါးတို့ကို စောင့်ရှောက်ရာ၏။

ဝစီဒွါရ၌ ပိတ်ပင်တားမြစ်သည်ဖြစ်ရာ၏။ ဝစီဒုစရိုက်ကိုစွန့်၍ ဝစီဒွါရဖြင့် ကောင်းသောအကျင့်ကို ကျင့်ရာ၏။

(၂၃၃) စိတ်၏ပျက်စီးခြင်းဖြစ်သော မနောဒုစရိုက် သုံးပါးတို့ကို စောင့်ရှောက်ရာ၏။

မနောဒွါရ၌ ပိတ်ပင်တားမြစ်သည်ဖြစ်ရာ၏။

မနောဒုစရိုက်ကို စွန့်၍ မနောဒွါရဖြင့် ကောင်းသော အကြံကို ကျင့်ရာ၏။

(၂၃၄) အကြင် ပညာရှိတို့သည် ကာယ ဒွါရဖြင့် စောင့်စည်းကုန်၏။ ဝစီဒွါရဖြင့် စောင့်စည်းကုန်၏။ မနောဒွါရဖြင့် စောင့်စည်ကုန်၏။ ထိုပညာရှိတို့သည် စင်စစ် ဤလောက၌ ကောင်းစွာ စောင့်ရှောက်အပ်သည် မည်ကုန်သည်ဖြစ်၏။

ဒေသနာတော်အဆုံး၌များစွာကုန်သောသူတို့သည်သောတာပတ္တိဖိုလ်သို့ ရောက်ကုန်၏။

(ဓမ္မပဒ ကောဓဝဂ် ရှစ်ခုမြောက် ဆဗ္ဗဂ္ဂိတို့ ဝတ္ထု ပြီး၏။)

**ကောဓဝဂ် ပြီး၏။**

# ၁၈။ မလဝဂ် {အညစ်အကြေးတရားစု}

## ဂါထာပေါင်း ၂၁။ ဝတ္ထုပေါင်း ၁၂ ပုဒ်။

## မလဝဂ်တွင်

သံသဲရာ့ ရိက္ခာဝတ္ထု။ အဆင့်အဆင့် သဒ္ဓါပွားသော ဇရပ် ဒကာ ပုဏ္ဏားဝတ္ထု။ သင်္ကန်းကိုကပ်ငြိ၍ သန်းဘဝရောက်သော ရဟန်းဝတ္ထု။ မစင်တွင်းကျ လာဠုဒါယီဝတ္ထု။ ဖောက်ပြားသော ဇနီးမယားကြောင့် ဘုရားထံမရောက်နိုင်ပဲ သောကပွားရသော ဥပါသကာ တယောက်ကို မြတ်စွာ ဘုရားက ရှေးက အတိတ်ဇာတ်ကို ဟောကြားတော်မူသည့် ဝတ္ထု။

ဆေးကုသောရဟန်းဝတ္ထု။ သီလအတွက် အငြင်းအခုံများကြပုံ။ ဝါကြွားတတ်သည့် ရဟန်းငယ် ဝတ္ထုနှင့် ရှေးအတိတ်ဝတ္ထု။ တရားနာပရိသတ်အမျိုးမျိုးတို့ အကြောင်း။ မေဏ္ဍကသဌေး ရှေးအတိတ်ဝတ္ထု။ သူတပါးကိုအပြစ်ရှာသူအကြောင်း။ မြတ်စွာဘုရားပရိနိဗ္ဗာန်စံခါနီး ရောက်လာသော သုဘဒ်ပရိဗိုဇ် အကြောင်း ဝတ္ထုတို့ကို ရှုပွားတော်မူကြပါကုန်။

# ၁၈။ မလဝင်

## ၁။ အကုသိုလ်ညစ် ထုတ်ပယ်ပစ်

## (နွားသတ်ယောကျ်ားဝတ္ထု)

အဘိုးအို။ ။
သေမင်းတမန်တို့သည် သင့်ထံပါးသို့ ရောက်နေပြီ။
သင့်အား သံသရာ့ရိက္ခာ
ကောင်းမှုအဖြာဖြာ မရှိခဲ့တကား။

(ပဏ္ဍုပလာသော ဝ ဒါနိသိ) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ နွားသတ်ယောကျ်ား၏ သားငယ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်ကြီး၌ နွားသတ်ယောကျ်ား တယောက်သည် နွားတို့ကိုသတ်၍ ငါးဆယ့်ငါးနှစ် ပတ်လုံး သားမယားတို့နှင့် တကွ ဇေတဝန်ကျောင်းတော်ဦး တခုသောမြေကွက်၌နေကြ၏။ မြတ်စွာဘုရားကို ယာဂုဆွမ်း တဇွန်းစာမျှ လှူဒါန်းဘူးသည် မရှိခဲ့ချေ။

ထိုယောကျ်ားသည် နွားသားမပါလျှင် ထမင်းမစားနိုင်၊ တနေ့တွင် နွားသားတို့ကိုရောင်းချပြီး၍ ရေချိုးရန် အသွားတွင်

ထိုယောက်ျား၏သူငယ်ချင်းသည် သူ့အိမ်၌ ညွှေ့သည်ရောက်၍ နွားသားကိုလာဝယ်၏။ ဇနီးက နွားသားမရှိဟုဆိုလျှင် ချက်ရန်ထားသောနွားသားကို အတင်းပင်ယူ၍ သွား၏။ ထိုနွားသတ်သမား ရေချိုးပြီးပြန်လာ၍ ထမင်းစားရန်ဇနီးက ခူးခတ်ကျွေးသော် နွားသားဟင်းမပါ၍မေး၏။ ရှင့်မိတ်ဆွေသည်ညွှေ့သည်ရောက်သည်ဆိုကာ ချက်ရန်ထားသော နွားသားကို အတင်းအကြပ်ယူငင်၍ သွား၏ဟုဆိုလျှင် ငါသည် နွားသားမပါဘဲ ထမင်းမစားနိုင်၊ သူ့အိမ်သို့သွား၍ ပြန်ယူခဲ့လေဟု ဆိုခိုင်း၏။ ဇနီးက ဤသို့လုပ်လျှင်မကောင်းပါ၊ ဒီထမင်းတနပ်တော့ စားသာ စားပါဟုပြော၏။ နွားသားမပါလျှင် ငါမစားဟုထမင်းပွဲကိုသိမ်းစေပြီး ဓားကိုဆွဲကာအိမ်နောက်ဖေးသို့သွား၍ အရှင်လတ်လတ် နွားတကောင်၏ လျှာကိုထုတ် လျှာရင်းမှ ဖြတ်ခါယူလာပြီး ချက်စေ၍ ကျက်လျှင်ထမင်းကိုစား၏။

ထမင်းလုပ်နှင့် နွားလျှာသား ခံတွင်းသို့ အရောက် တွင် ထိုယောက်ျား၏ လျှာသည်ပြတ်၍ ထမင်းပုဂံသို့ ကျလာ၏။ ခံတွင်းမှသွေးတို့ထွက်ကျလာ၏။ ဝေဒနာသည် ပြင်းပြလွန်း၍ အခန်းတွင်းဝင်ခါ လေးဘက်ထောက်လျက် အော်ဟစ်နေရ၏။ သားငယ်သည် ဖခင်၏အဖြစ်ကိုအနီး၌ ရပ်လျက်ကြည့်နေ၏။

## သားငယ်ကို ထွက်ပြေးစေခြင်း

မိခင်သည် သားငယ်အား ပြော၏၊ သင် ၏ ဖခင် သည် တသက်လုံးနွားသတ်၍ ခံရသောအဖြစ်ကို သင်မြင်ရပြီ မဟုတ်လော၊ ဤသို့သောအဖြစ်သည် ငါ့သားအပေါ်၌သာ တာဝန်ကျရောက်ပေတော့မည်။ အမေ့ကို ငဲ့မနေနှင့်၊ ကိုယ့်ချမ်းသာ

မှုကိုကြည့်ပြီး ပြေးလေတော့သားဟု သားကို ထွက်ပြေးစေ၏။ နွားသတ်ယောကျ်ားသည်လည်း နွားကဲ့သို့အော်ရင်းပင်သေဆုံးလေ၏။

သားငယ်သည် တက္ကသိုလ်ပြည်သို့ ရောက်၏၊ ရွှေပန်းတိမ် အတတ်ကိုသင်၏။ လိမ္မာစွာနေ၏။ ဆရာသည်ခရီးသွားရန်ရှိ၍ တပည့်အား ဤအဆင်တန်ဆာကို လုပ်ထားဟုမှာပြီး ခရီးသွား၏။ ဆရာပြန်လာ၍ တပည့်၏လက်ရာကိုကြည့်ရာ ဤသူငယ်သည် ကောင်းစွာအသက်မွေးနိုင်ပြီဟုသိ၍ သမီးနှင့်ပေးစား၏။

ထိုနွားသတ်သမား၏သားသည် တဖြည်းဖြည်း သားသမီးတို့ ရရှိပြီး ကြီးပွားနေ၏။ ထိုနောက် ထိုသူ၏သားသမီးတို့ အရွယ်ရောက်၍ အတတ်ပညာကို သင်ယူကြပြီး သာဝတ္ထိပြည်၌ အိမ်ထောင်ကျကြပြန်၏။ မြတ်စွာဘုရား၏ သာသနာ၌ သဒ္ဓါကြည်ညိုကြ၏။ ထိုနွားသတ်သမား၏ သားသည်ပင် အသက်အရွယ်ကြီးရင့် ဇရာဘက်သို့ကူးပြောင်းလာပြီဖြစ်၏။ တက္ကသိုလ်ပြည်၌ နေရင်းပင် ကုသိုလ်ကောင်းမှု တစုံတရာမှ မလုပ်ရပေ။

သားသမီးတို့သည် ငါတို့၏ဖခင်ကား ကောင်းမှုတစုံတရာ မရှိခဲ့၊ ယခုမှ မိမိတို့ထံသို့ခေါ်၍ ဖခင်အတွက်အလှူကိုပေးကြရန် တိုင်ပင်ကြပြီးဘုရားအမှူးရှိသောသံဃာတော်တို့အားပင့်၍ ဆွမ်းကျွေး၏၊ ထိုနောက်-

''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ။ဘုရားတပည့်တော်တို့၏ ဖခင်ကို အသက်ရှည်စွာနေရရန် ဤဇီဝဘတ်အလှူကို လှူဒါန်းခြင်းဖြစ်ပါသည်၊ တပည့်တော်တို့ ဖခင်အား အနုမောဒနာ ပြုတော်မူပါ''ဟု လျှောက်ကြ၏။

မြတ်စွာဘုရားသခင်က-

"ဒါယကာ၊ အသက်အရွယ်ကြီးရင့် ကြုံလှီဖြော့တော့လှ သည်၊ တမလွန်သို့သွားခြင်းငှာ ကုသိုလ်ကောင်းမှုတည်းဟူသော ရိက္ခာမရှိသေး၊ ထောက်တည်ရာကိုပြုလော့"ဟု မိန့်တော်မူပြီး-

(၂၃၅) ပဏ္ဍုပလာသော ဒါနိသိ၊
ယမပုရိသာပိ စတေ ဥပဋ္ဌိတာ။
ဥယျောဂမုခေ စ တိဋ္ဌသိ
ပါထေယျမ္ပိ စ တေန ဝိဇ္ဇတိ။

(၂၃၆) သော ကရောဟိ ဒီပမတ္တနော၊
ခိပ္ပံ ဝါယမ ပဏ္ဍိတော ဘဝ။
နိဒ္ဓန္တမလော အနင်္ဂဏော၊
ဒိဗ္ဗံ အရိယဘူမိံ ဥပေဟိသိ။

(၂၃၅) ဒါယကာ၊ ယခုအခါ သင်သည် ဖျော့တော့သောအဆင်း ရှိသည့် ကြွေကျပါနီးဖက်ရွက်လျှော်ကဲ့သို့ ဖြစ်လေပြီ။ သေမင်းတမန်တို့ သည် သင့်အနီးသို့ရောက်နေပြီ။ သင်သည် ပျက်စီးခြင်းခံတွင်းဝ၌ တည် ခဲ့လေပြီ။ သင့်အတွက် တမလွန်တွင် သုံးစွဲရန် ကုသိုလ်တည်း ယူသော ရိက္ခာထုပ်သည် မရှိပါတကား။

(၂၃၆) ထိုသင်သည် မိမိ၏မှီခိုရာ ကျွန်းသဖွယ်ဖြစ်သော ကုသိုလ် ကောင်းမှုကိုပြုပါလော။ အလျှင်အမြန်အားထုတ်ပါလော့။ ဉာဏ်ပညာ ရှိသောသူဖြစ်ပါလော့။ ပယ်ထုတ်အပ်ပြီးသော ရာဂစသော အညစ် အကြေးမရှိသည်၊ ကိလေသာမရှိသည်ဖြစ်၍ အရိယာတို့၏ လားရာ ဖြစ် သော သုဒ္ဓါဝါသဗြဟ္မာ့ဘုံသို့ ရောက်လတံ့။

ဒေသနာတော်၏အဆုံး၌ ဥပါသကာကြီးသည် သောတာပတ္တိ ဖိုလ်၌ တည်လေ၏။ ရောက်လာကုန်သော သူတို့အား လည်း အကျိုးရှိသောတရားဒေသနာသည် ဖြစ်ခဲ့လေ၏။

## ဒုတိယတဖန် ဟောတော်မူပြန်ခြင်း

နောက်တနေ့တွင် သားတို့ကတဖန်ပင့်ဖိတ်ပြန်၍ အလှူကို ပေးပြီး ဆွမ်းအနုမောဒနာပြုသော အခါ၌လည်း သားတို့က ဖခင်၏ ဇီဝိတဘတ်အလှူဖြစ်၍ ဖခင်အားသာလျှင်အနုမောဒ ပြုပေးပါရန် လျှောက်ကြားကုန်၏။ မြတ်စွာဘုရားသည် ထိုဒါ ယကာကြီးအား အနုမောဒနာကိုပြုလိုသောကြောင့်။

(၂၃၇) ဥပနီတဝယောစ ဒါနိသိ၊
သမ္ပယာတောသိ ယမဿ သန္တိကံ။
ဝါသောတေ နတ္ထိ အန္တရာ၊
ပါထေယျမ္ပိစ တေန ဝိဇ္ဇတိ။
(၂၃၈) သော ကရောဟိ ဒီပ မတ္တနော၊
ခိပ္ပံ ဝါယမ ပဏ္ဍိတော ဘဝ။
နိဒ္ဓန္တ မလော အနင်္ဂဏော၊
န ပုနံ ဇာတိဇရံ ဥပေဟိသိ။

(၂၃၇) ဒါယကာကြီး။ ယခုအခါ သင်သည် အရွယ်လွန်လေပြီ။ သေမင်းထံသွားရောက်ချိန်ရောက်ပေပြီ။ သင်သည် (ခရီး) အကြား၌ နေရန် (နေရာ) မရှိချေ၊ သင်အား သံသရာခရီး၌သုံးဆောင်ရန် ရိက္ခာ သည်လည်း မရှိခဲ့ချေတကား။

(၂၃၈) သင်သည် မိမိမှီခိုရာကျွန်းသဖွယ်ဖြစ်သော ကုသိုလ်တရား ကို ပြုလော့၊ လျှင်မြန်စွာလုံ့လပြုလော့၊ ပညာဥာဏ်ရှိသည်ဖြစ်လော့၊ ပယ်အပ်ပြီးသော အညစ်အကြေးအကုသိုလ်မရှိသည်၊ ကိလေသာမရှိသည် ဖြစ်၍ တဖန်ပြန်၍ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်းသို့ မကပ်မရောက်ရ ပေလတ္တံ့။

## ဒေသနာတော်၏အကျိုး

ဤဝတ္ထု၌အရ ဟောတော်မူသော ပထမဂါထာနှစ်ပုဒ်သည် အနာဂါမိမဂ်ကို ဟောကြားတော်မူခြင်းဖြစ်၏။ ဒုတိယနေ့၌ ဟောကြားတော်မူသော ဂါထာ နှစ်ပုဒ်ကား- အရဟတ္တမဂ်ကို ဟောကြားတော်မူခြင်းဖြစ်၏။ မြတ်စွာဘုရားသည် ဒါယကာ အား မြဲစွာမှတ်မိစေခြင်းငှာ ဟောခြင်းဖြစ်၏။ သို့သော်လည်း ပြည့်ရှင်မင်းသည် မိမိ၏ခံတွင်းပမာဏဖြင့် ပါးစပ်တွင်းသို့ ထမင်း လုပ်ကိုသွင်း၍ ညက်အောင်ဝါးပြီး သားငယ်အား ခွံ့သော် လည်း ထိုမင်းသားငယ်သည် မိမိ၏ခံတွင်း ပမာဏလောက်သာ ထည့်သွင်းမြိုယူနိုင်သကဲ့သို့ မြတ်စွာဘုရားက အထက်မဂ်၏အစွမ်း ဖြင့်တရားကိုဟောကြားသော်လည်း ထိုဒါယကာကြီးသည် မိမိ၏ အကြောင်းခံ အစွမ်းရှိသလောက် ပထမနှစ်ဂါထာတို့၌ သောတာ ပတ္တိဖိုလ်သို့ရောက်၍ ဒုတိယအကြိမ် ဟောတော်မူသော နှစ်ဂါ ထာ အနုမောဒနာ၏အဆုံး၌ အနာဂါမိဖိုလ်သို့ ရောက်လေ၏။ ကြွင်းကုန်သော ပရိသတ်တို့အားလည်း အကျိုးရှိသောဒေသနာ သည်ဖြစ်၏။

(ဓမ္မပဒ မလဝဂ် ရှေးဦးစွာသော နွားသတ်ယောကျ်ား၏ သား ဝတ္ထုပြီး၏။)

## ၁၈။ မလဝဂ်

## ၂။ ဆင့်ဆင့်သဒ္ဒါ ပွားစေရာ

(ဇရပ်ဒါယကာ ပုဏ္ဏားဝတ္ထု)

ရွှေပန်းထိမ်သမားသည်
ရွှေ၏အညစ်အကြေးကို
တဖြည်းဖြည်းသုတ်သင်သကဲ့သို့
ပညာရှိသည်
မိမိကိုယ်တွင်း၌ရှိသော
ကိလေသာအညစ်အကြေးတို့ကို
အစဉ်အတိုင်း
အတန်ငယ်အတန်ငယ်
အခွင့်ရတိုင်းရတိုင်း
ပယ်ရှားသုတ်သင်ရာ၏။

(အနုပုဗ္ဗေန) စသည့် ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ပုဏ္ဏားတဦးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

တနေ့သောအခါ ပုဏ္ဏားတဦးသည် နံနက်စောစော မြို့မှထွက်၍လာရာ ရဟန်းတော်တို့ သင်္ကန်းဝတ်ရုံရာအရပ်၌ရပ်လျက်ကြည့်နေ၏။ ထိုအရပ်သည် မြက်ပင်များရှည်သဖြင့် ရဟန်းတပါး၏ သင်္ကန်းအနားပတ်သည် မြက်တို့နှင့်ထိခိုက်ပြီး မြက်မှဆီးနှင်းပေါက်တို့နှင့် စိုစွတ်၍သွား၏။

## ဆင့်ဆင့်သဒ္ဒါ ဖြစ်ပေါ်လာပုံ

ပုဏ္ဏားသည် ရဟန်းတို့ ကြွသွားပြီးနောက် စိမ်းသောမြက်တို့ကိုပေါက်၍ မြေတို့ကိုညီညွတ်အောင်ချော၏။ နောက်တနေ့၌ ထိုအရပ်သို့သွား၏။ ရဟန်းတော်တို့ သင်္ကန်းရုံလေလျှင် ရဟန်းတပါး၏သင်္ကန်းအနားသည် မြေ၌ထိ၍ မြေမှုန့်လိမ်းကပ်သည်ကို တွေ့မြင်သောကြောင့် ဤအရပ်၌သန့်ပြန့်သော့သဲကို ကြဲဖြန့်၏။

နောက်တနေ့ ဆွမ်းခံချိန်ရောက်၍ ပုဏ္ဏားသည် ထိုအရပ်သို့ သွားရောက် ကြည့်ပြန်၏။ နေသည် ကျဲကျဲပူနေ၏။ ရဟန်းတို့ ကိုယ်မှချွေးတို့စိုသည်ကိုမြင်၍ မဏ္ဍပ်ကိုပြုလုပ်သင့်၏ဟု မဏ္ဍပ်ကို ပြုလုပ်၏။

နောက်တနေ့ နံနက်စောစောထ၍ကြည့်ပြန်သော် မိုးရွာ၏။ မိုးရေဖြင့် သင်္ကန်းတို့ စိုကုန်သည်ကိုမြင်၍ ဤအရပ်၌ ငါသည် ဇရပ်ဆောက်အံ့ဟုနှလုံးသွင်းပြီး ဇရပ်ဆောက်၏။ မြတ်စွာဘုရားနှင့်တကွ သံဃာတို့ကိုပင့်ပြီးဇရပ်တွင်ဆွမ်းကပ်၏။ ဆွမ်းစားခြင်းကိစ္စပြီးလျှင် မြတ်စွာဘုရား၏သပိတ်တော်ကိုယူ၍ ဆင့်ဆင့်သဒ္ဒါပွားခဲ့ရပုံကို အစဉ်အတိုင်းလျှောက်ထား၏။ မြတ်စွာဘုရားသည် ပုဏ္ဏား၏စကားကိုကြားတော်မူလျှင်-

"အိုပုဏ္ဏား။ ။ပညာမျက်စိ အစဉ်ရှိသော သူတို့မည်သည်ကား ခဏတိုင်း ခဏတိုင်း အနည်းငယ်မျှသောကုသိုလ်ကောင်းမှုကို ပြုကုန်လျက် အစဉ်သဖြင့် မိမိ၏ အကုသိုလ်ဟူသော အညစ်အကြေးကို ဆေးကြောထုတ်နှုတ် သုတ်သင်ဖယ်ရှားကြသည် သာတည်း"

ဟု မိန့်တော်မူပြီး၍-

**(၂၃၉) အနုပုဗ္ဗေန မေဓာဝီ၊ ထောကံ ထောကံ ခဏေ ခဏေ။**
**ကမ္မာရော ရဇတဿေဝ၊ နိဒ္ဓမေ မလမတ္တနော။**

(၂၃၉) ရွှေပန်းတိမ်သည်သည် ရွှေ၏ အညစ်အကြေးကို တဖြည်းဖြည်း ဆေးကြောထုတ်သကဲ့သို့ ထို့အတူ ပညာရှိသော သူသည် ခဏခဏ အနည်းငယ်သော ကုသိုလ်ကိုပြုသည်ဖြစ်၍ အစဉ်သဖြင့် မိမိ၏ ကိလေသာအညစ်အကြေးကို ထုတ်ပယ်ရာ၏။

ဒေသနာတော်၏အဆုံး၌ ထိုပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်၏။

(ဓမ္မပဒ မလဝဂ် နှစ်ခုမြောက် ပုဏ္ဏားတယောက် ဝတ္ထု ပြီး၏။)

၁၈။ မလဝဂ်

## ၃။ ကိုယ်တွင်းရမက် ကိုယ့်ကိုဖျက်

(တိဿမထေရ် သန်းဖြစ်ဝတ္ထု)

သံကို သံမှဖြစ်သော
သံချေးက ဖျက်ဆီး၏။
မိမိပြုကျင့်သော
မကောင်းမှုကံသည်
မိမိကိုသာ
အပယ်သို့ပို့ဆောင်၏။

(အယုသာဝ မလံ) အစခံသော ဒေသနာကို ဇေတဝန် ကျောင်းတော်၌ တိဿမည်သော ရဟန်းတပါးကို အကြောင်း ပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်၌နေသော အမျိုးသားတယောက်သည် ရဟန်း ပြု၍ တိဿမထေရ်ဟု ဘွဲ့အမည်ရ၏။ ဇနပုဒ်ကျောင်း၌ဝါဆို၍ ရှစ်တောင်မျှရှိသော ကြမ်းတမ်းသည့် သင်္ကန်းလျာ ပုဆိုးကိုရ၍ ဝါကျွတ်လျှင် မိမိ၏အစ်မသို့ ပေးပို့အပ်နှံထား၏။

အစ်မအကြံ မောင်ငယ်ကံ

ထိုအစ်မသည် ဤပုဆိုးကားကြမ်းတမ်းလှပါသည်၊ငါ့မောင် ငယ်အား မလျောက်ပတ်ဟု ထိုပုဆိုးကို ပဲခွပ်ဖြင့်ဖြတ်၍ အမျှင်

အမျှင်ပြု၍ ဆံဖြင့်ထောင်း၍ ဝါဖတ်၍ ဝါဂွမ်း ဖွတ်သကဲ့သို့ ဖွတ်၍ ဗိုင်းလိပ်သကဲ့သို့ နူးညံ့သောချည်ကိုင်၍ ပုဆိုးကိုရက်စေ၏။

မထေရ်သည် သင်္ကန်းချုပ်လိုသဖြင့် အစ်မထံသွား၏။ အစ်မသည် ကိုးတောင်ရှိသောပုဆိုးကိုထုတ်ပေး၏။ ထို တိဿမထေရ်သည် ပုဆိုးကိုဖြန့်ကြည့်၍ ဤပုဆိုးသည် ငါအပ်ထားသော ပုဆိုးမဟုတ်။ ငါ့ပုဆိုးသည် ကြမ်း၏ ရှစ်တောင်သာ ရှိ၏။ ဤပုဆိုးသည် နူးညံ့၏။ ကိုးတောင်ရှိ၏။ ဤပုဆိုးကို အလိုမရှိ ငါ့ပုဆိုးကိုသာလျှင် ပေးလော့ဟု ဆို၏။

အရှင်ဘုရား ဤပုဆိုးသည် အရှင်ဘုရား၏ပုဆိုးပါ ယူပါဟု ပြောဆိုပြန်သော်လည်း မထေရ်သည်မယူလိုဟုငြင်း၏။ ထိုအခါမှ အစ်မဖြစ်သူက မိမိစီရင်ပြုလုပ်သမျှကို အကုန်ပြောကြား၏။ တိဿမထေရ်သည် မိမိပုဆိုးပင် ဖြစ်ကြောင်း သိ၍ လက်ခံယူငင်၏။

## စွဲမက်မိရာ သန်းဖြစ်ရှာ

တိဿမထေရ်သည် ပုဆိုးကိုယူ၍ ကျောင်းသို့ ပြန်သွားပြီး သင်္ကန်းချုပ်ခြင်း၊ဆိုးခြင်းတို့ကိုရဟန်းသာမဏေများနှင့်စီရင်၏၊ အစ်မသည် သင်္ကန်းချုပ်သော ရဟန်းငယ် သာမဏေတို့ အတွက် ယာဂု ဆွမ်းစသည်တို့ကို ပြည့်စုံစေ၏။ သင်္ကန်း ချုပ်ပြီးသောနေ့ ကား အဘိုင်းထက်အလွန် ပူဇော်သက္ကာရပြု၏။

တိဿမထေရ်သည် သင်္ကန်းကိုကြည့်၍ ထိုသင်္ကန်းကို အလွန် သဘောကျ၏။စွဲလန်းနှစ်သက်ခြင်းဖြစ်၏။ နက်ဖြန်၌ ထိုသင်္ကန်း ကိုရုံအံ့ဟုခေါက်၍ သင်္ကန်းတန်း၌တင်ထား၏။

ညအချိန်ရောက်သော် နံနက်အခါကစားထားသော မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့သည် အစာမကြေဘဲ ထိုရောဂါဖြင့် သေလွန်တော့၏။ ဘဝကူးလျှင် ကူးခြင်း သက်နှ်း၌ စွဲမိသော အာရုံကြောင့် ထိုသင်္ကန်းအကြား၌ပင် သန်းဖြစ်၍ တွယ်နေ၏။ နံနက်လင်းလျှင် အစ်မသည် သတင်းကြားရ၍ ရဟန်းတို့၏ ခြေရင်း၌ လူးလှိမ့်ငိုကြွေး၏။

ရဟန်းတို့သည် တိဿမထေရ်၏ အသုဘကိစ္စကို ဆောင်ရွက်ကြပြီး သင်္ကန်းအတွက် ဆက်ခံရန် သူနာပြုစု လုပ်ကျွေးသော ပုဂ္ဂိုလ်မရှိခြင်းကြောင့် ရဟန်းတို့အားသာလျှင် ခွဲဝေကုန်အံ့ဟု တိုင်ပင်၍ ထိုသင်္ကန်းကို ယူဆောင်ကြ၏။

## သန်းဘဝမှ ထိုသောက

သင်္ကန်းကိုခွဲဝေရန်ယူဆောင်လေလျှင် တိဿမထေရ် ဘဝမှ ဖြစ်လာသော သန်းငယ်သည် "ငါ၏သင်္ကန်းကိုဖျက်ဆီးလေပြီ" ဟု အော်ဟစ်ငိုယိုကာ သင်္ကန်းအတွင်းမှ ထိုမှဤမှပြေးသွား၍ နေလေ၏။

မြတ်စွာဘုရားသခင်သည်ဂန္ဓကုဋီတိုက်၌ သီတင်းသုံးနေတော်မူလျက်ပင်ဒိဗ္ဗသောတဓာတ်ဖြင့် သန်းငယ်၏အော်ဟစ်မြည်တမ်းသောအသံကို ကြားတော်မူ၍ အရှင်အာနန္ဒာအား ခေါ်ပြီး တိဿ၏ သင်္ကန်းကို မခွဲဝေသေးပဲ ခုနစ်ရက်မျှ ဆိုင်းငံ့ထားရန် ပြောစေ၏။

ထိုသန်းငယ်သည် ခုနစ်ရက်မြောက်သောနေ့တွင် သေလွန်ပြန်ပြီး တုသိတာနတ်ပြည်၌ ဗိမာန်နှင့်တကွဖြစ်လေ၏။

မြတ်စွာဘုရားသခင်သည်ရှစ်ရက်မြောက်သောနေ့၌ တိဿ၏ သက်န်းကို ခွဲဝေယူကြကုန်လော့ဟု စေခိုင်းတော်မူ၏။

တရားသဘင်၌ တိဿ၏သင်္ကန်းကို ဘုရားသခင်က ခုနစ်ရက် ထားစေပြီး ရှစ်ရက်မြောက်သောနေ့မှ အဘယ်ကြောင့် ခွင့်ပြု သနည်းဟူသောစကားကို ပြောကြားလေကုန်၏။ မြတ်စွာဘုရား သည် ရဟန်းတို့စကားကိုမေးမြန်းပြီး-

"ချစ်သားရဟန်းတို့။ ။တိဿသည်မိမိသင်္ကန်း၌စွဲလန်းပြီး ထိုသင်္ကန်းကြား၌ သန်းငယ် ဖြစ်ခဲ့၏။ ထိုသင်္ကန်းကို ခွဲချမ်း ဝေဖန်ရန်ပြုသည့်အခါ ထိုသန်းငယ်သည် ငါ၏ဥစ္စာကို လုယူ ဖျက်ဆီးနေသည်ဟု ဟိုမှသည်မှ ပြေးလွှား အော်ဟစ်နေ၏။

အသင်ရဟန်းတို့ သင်္ကန်းကိုယူလျှင် ထိုသန်းငယ်သည် သင် ရဟန်းတို့၌ စိတ်ကို ပြစ်မှားမိပြီး ငရဲသို့ ကျပေရာ၏။ ထို့ ကြောင့် ငါဘုရားသည် သင်္ကန်းကို တားခဲ့ပေသည်။

ယခု ထိုတိဿသည် တုသိတာနတ်ပြည်၌ ဖြစ်လေပြီ။ ထို့ ကြောင့် ငါဘုရားသည် အသင်တို့အား သင်္ကန်းယူခြင်းကို ခွင့် ပြုတော်မူပေ၏ဟု မိန့်ဆိုလျှင် ရဟန်းတို့က တဖန်....

"အရှင်မြတ်ဘုရား။ ဤတပ်မက်သော တဏှာမည်သည် ဝန်လေးလှပါ၏"ဟု လျှောက်ကြား၏။

ရဟန်းတို့ သတ္တဝါတို့အား ဤတပ်မက်သော တဏှာသည် ဝန်လေးလှ၏ဟု မိန့်တော်မူပြီး ဤဂါထာကိုဟောတော်မူ၏။

(၂၄၀) **အယသာဝ မလံ သမုဋ္ဌိတံ၊**
**တတုဋ္ဌာယ တမေဝ ခါဒတိ။**
**ဧဝံ အတိ ဓောန စာရိနံ၊**
**သာနိကမ္မာနိ နယန္တိ ဒုဂ္ဂတိံ။**

(၂၄၀) ရဟန်းတို့။အညစ်အကြေးဖြစ်သော သံချေးသည်သံမှသာလျှင် ဖြစ်၍ ထိုသံမှထ၍ ထိုသံကိုပင် စားသကဲ့သို့ ဤအတူ ပစ္စည်းလေးပါးကို ဆင်ခြင်၍ မသုံးဆောင်သော သူတို့ကို မကောင်းမှုကံတို့သည် ဒုဂ္ဂတိဘဝသို့ ဆောင်ကုန်၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကုန်၏။

(ဓမ္မပဒ မလဝဂ် သုံးခုမြောက် သက်န်းကို တပ်မက်မိသော တိဿ မထေရ် ဝတ္ထု ပြီး၏။)

## ၁၈။ မလဝဂ်

## ၃။ ညစ်ကြေးတက်ရာ ဤလေးဖြာ

(မစင်တွင်းကျ လာဠုဒါယီဝတ္ထု)

**အတတ်ပညာကို အဖန်ဖန် မသုံးသပ်လျှင် အညစ်အကြေး**
**တက်၏၊**
**နေအိမ်ရှင်းလင်းခြင်း မပြုလျှင် အညစ်အကြေး တက်၏။**
**ပျင်းရိခြင်းကြောင့်ရုပ်အဆင်းသည်အညစ်အကြေးတက်၏။**
**ပေါ့လျော့ခြင်းသည်ကြီးပွားခြင်း၏အညစ်အကြေးတက်၏။**

(အသဇ္ဈာယမလာ)အစဖြာသောဒေသနာတော်ကိုဇေတဝန်ကျောင်းတော်၌ လာဠုဒါယီ မထေရ်ကို အကြောင်း ပြု၍ ဟောကြားတော်မူ၏။

# ဝဿ ကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်၌ အရိယာသာဝက တို့သည် ငါး ကုဋေမျှ လောက်ရှိ၏။ ပုထုဇဉ်တို့သည် နှစ်ကုဋေမျှလောက်ရှိနေကြ၏။ အရိယာသာဝကတို့သည် နံနက်အခါ ဆွမ်းစား ချိန်မှာ အလှူဒါနကို ပေးလှူ၍ ညနေချမ်းရောက်လျှင် ထောပတ်၊ ဆီ၊ ပျားရည်၊တင်လဲ၊အဝတ် စသည်တို့ကို ယူဆောင်လျက်ကျောင်းတော်သို့သွား၍ တရားနာကြသည်၊ တရားနာပြီးအပြန်တွင် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့၏ ဂုဏ်ကျေးဇူးကို ပြောကြ၏။

ဥဒါယီ မထေရ်သည် ထိုစကားကို ကြား၍ အသင်တို့သည် ရှင်သာရိပုတ္တရာ၊ရှင်မောဂ္ဂလာန်တို့၏တရားကိုနာရ၍ ဤစကားကို ပြောကြသည်။ ငါ၏တရားကို အဘယ့်ကြောင့် မနာကြသေးသနည်းဟု ဆို၏။ လူအပေါင်းတို့သည် ဥဒါယီမထေရ်သည်လည်း ဓမ္မကထိက ပုဂ္ဂိုလ်တပါး ပေတည်းဟု ထင်မှတ်ကြ၏။ ဤဥဒါယီအထံ၌ ငါတို့ တရားနာသင့်သည်ဟု ကြံကြ၏။

ထိုလူတို့သည် တနေ့တွင် ဥဒါယီမထေရ်ထံ တရား နာရန် လျှောက်ကြားကြ၏။ ဥဒါယီမထေရ်သည် တရားဟော ပလ္လင်၌ ထိုင်၍ ဆန်းကြယ်သောယပ်ကိုကိုင်၍ တရားဟောရန် ကြိုးစားပါသော်လည်း တုန်လှုပ် ချောက်ခြား တပုဒ် တပါဒမျှသော တရားကို မမြင်ခြင်းကြောင့် ငါသည် သရဘညသုတ်ကိုရွတ်အံ့ဟု ဆို၍ အခြားရဟန်းတပါးကို ဟောပါစေလော့ဟု ဆိုပြီး ပလ္လင်မှ ဆင်း၏။

ထိုလူတို့သည် တပါးသောပုဂ္ဂိုလ်ကို မဟောစေပဲ သရဘညသုတ်ကိုသာဟောစေရန် ဥဒါယီ မထေရ်ကို တရားဟောပလ္လင်သို့ တက်စေပြန်၏။ဥဒါယီသည် တရားတပုဒ်ကိုမှမမြင်ခြင်းကြောင့်

ညအခါမှ ဟောပါမည်။ သရဘညသုတ်ကို အခြားတပါးကို ရွတ်ပါစေတော့ဟုဆို၍ တရားဟောပလ္လင်မှဆင်း၏။

ထိုလူတို့သည် ညအခါ၌ ဥဒါယီ မထေရ်ကိုပင် တရားဟော ပလ္လင်သို့ပင့်ကြ၏။ ထိုည၌လည်း တစုံတရာဟောစရာမမြင်သော ကြောင့် နက်ဖြန်မနက်မှ ဟောပါမည် ဟု ဆို၍ တရားဟော ပလ္လင်မှ ဆင်းပြန်၏။ နောက်တနေ့တွင် တဖန် ဥဒါယီကို ပင့် ပြန်၏။ ဥဒါယီသည် တရားတလုံးမျှမဟောနိုင်သောအခါ လူတို့ သည် ခဲတို့ဖြင့် ဝိုင်း၍ပေါက်ကြ၏။ ဥဒါယီသည် ထွက်ပြေး၏။ လူတို့သည် လိုက်ကြ၏။ဥဒါယီသည်ထွက်ပြေးယင်း မစင်တွင်း၌ ကျ၏။

ဤအကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူလျှင်- ''ချစ်သား ရဟန်းတို့။ လာဠုဒါယီသည် ဤဘဝ၌သာ မစင်တွင်းသို့ ကျသည်မဟုတ်။ ရှေး၌လည်း မစင်တွင်း၌နစ်မြုပ် ခဲ့သည်သာတည်း''ဟုမိန့်တော်မူ၍အတိတ်ကို ဆောင်တော်မူ၏။

## သူကရဇာတ် အတိတ်ဝတ္ထု

ရှေး လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တ မင်းကြီးမင်းပြု၏။ အရှင်သာရိပုတ္တရာ အလောင်းသည် ခြင်္သေ့ မင်းဖြစ်၍ ဟိမဝန္တာဝယ် တောင်လိုဏ်ဂူ၌နေ၏။ အနီး၌ အိုင် တခုကို အမှီပြု၍ များစွာသော ဝက်တို့နေကြ၏။ ထိုအိုင်ကို ပင်လျှင် အမှီပြု၍ရသေ့တို့သည်လည်း သစ်ရွက်မိုးသောဇရပ်တို့၌ နေကြ၏။

တနေ့၌ ခြင်္သေ့သည် ကျွဲ၊ ဆင် စသည် သတ္တဝါကိုသတ်၍ အသားကိုစားပြီး ထိုအိုင်တွင်ရေသောက်ပြီး တက်၏။

ထိုခဏ၌ ဆူးဖြိုးသော ဝက်တကောင်သည် ရှိ၏။ ခြင်္သေ့သည် ထိုဝက်ကိုမြင်၍ ဤဝက်ကို တနေ့တွင်စားမည်။ ငါ့ကို မြင်သွားလျှင် မလာပဲနေလိမ့်မည်ဟု တဖက်သို့ ရှောင်သွားရန် ပြု၏။

ဝက်သည် ခြင်္သေ့ ရှောင်သွားမည်ပြုသည်မြင်လျှင် ဤခြင်္သေ့သည် ငါ့ကိုကြောက်၍ပြေး၏။ ငါသည် ဤခြင်္သေ့နှင့် စစ်ထိုးမည်ဟု ဦးခေါင်းကိုပင့်မြှောက်ပြီး–

"အဆွေ ငါသည် အခြေလေးချောင်းရှိသော သားကောင်တည်း သင်သည်လည်း အခြေလေးချောင်းရှိသော သားကောင်တည်း။ သင်သည် ကြောက်၍ပြေးမည်ကြံသလော၊ ပြန်လှည့်ခဲ့ပါလော့၊ သင်နှင့် ငါစစ်ထိုးအံ့"ဟု ဆို၏။

ထိုအခါ ခြင်္သေ့က–

"အဆွေဝက် ယနေ့သင်နှင့်ငါ စစ်ထိုးစရာ အကြောင်းမရှိ၊ နောက် ခုနစ်ရက်မြောက်လျှင် ဤနေရာ၌ စစ်ထိုးကြမည်" ဟု ပြော၍ထွက်သွား၏။

ဝက်သည် ခြင်္သေ့နှင့်ငါစစ်ထိုးရတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ ဝက်မျိုးတို့အား ပြောကြား၏။ ထိုစကားကိုကြားကြလျှင် ဝက်အပေါင်းတို့သည် ကြောက်ရွံ့တုန်လှုပ်ကြ၍ ငါတို့အားလုံး ပျက်စီးကြတော့မည် ကိုယ့်ခွန်အားကို ကိုယ်မသိပဲ ခြင်္သေ့နှင့်တူပြိုင်စစ်ထိုးလျှင် ငါတို့အားလုံး အသက်ပျောက်ကြလိမ့်မည်။ ပျက်ချော်ချော်မလုပ်ပါနှင့်ဟု ပြောဆိုကြသည်။

## မစင်လူးသည့် ဝက်ရူး

အများကဝိုင်းပြောမှ ဝက်သည် ကြောက်ရွံ့လာပြီး ငါဘာလုပ်ရမည်နည်းဟု အကြံတောင်း၏။ ဝက်အပေါင်းတို့က သင်

သည် ရသေ့တို့၏မစင်တွင်း၌ ခုနစ်ရက်တိုင်တိုင်လူးလိမ့်ပြီး ထိုမစင်တို့ကိုခြောက်အောင် သင့်ကိုယ်သင်နေလှန်းလော့ ခုနှစ်ရက်မြောက်သောနေ့၌ နှင်းခံပြီး ကိုယ်ကိုစွတ်စိုစေပြီးမှ ခြင်္သေ့လာလျှင် လေတင်လေညာ၌ နေလေလော့။ စင်ကြယ်သော အမျိုးဇာတ်ရှိသော ခြင်္သေ့သည် အသင့်ကိုယ်မှမစင်နံ့တို့ရလျှင် သင့်အနားသို့မချဉ်းကပ်ပဲ အနိုင်ပေး၍ အဝေးမှပြန်သွားလိမ့်မည်ဟု အကြံပေးကြ၏။

ထိုဝက်သည် ဆွေမျိုးညာတိတို့ အကြံပေးကြသည့် အတိုင်း ခုနစ်ရက်လုံးလုံး မစင်တွင်းသို့လိမ့်၍ မစင်ကို ခြောက်စေပြီးမှ ခုနစ်ရက်မြောက်တွင် ကိုယ်ကိုနှင်းခံ၍ ခြင်္သေ့လာရာလေတင်မှ ရပ်၍နေ၏။

စစ်ထိုးရန်လာသောခြင်္သေ့သည် ထိုဝက်၏အနံ့ကိုရ၍ မစင်လိမ်းကျံသည့်အဖြစ်ကို သိလေလျှင် "အိုဝက်။ ။သင်သည် မစင်သုတ်၍ ပုတ်နံ့သောအမွေးနှင့် စက်ဆုတ်ရွံရှာဘွယ်သောအနံ့ရှိသည်ဖြစ်၍ သင့်အား ငါအနိုင်ပေးပါ၏" ဟု ဆို၍ ခြင်္သေ့သည်ပြန်၍သွား၏။

ဝက်သည် ဆွေမျိုးတို့အား "ငါခြင်္သေ့ကိုနိုင်ပြီ" ဟု ပြော၏။ အဆွေအမျိုးတို့သည် တနေ့တွင် ငါတို့ကို ခြင်္သေ့လာ၍ ကိုက်စားတော့မည်ဟု အရပ်တပါးသို့ ထွက်သွား ကြကုန်၏။ မြတ်စွာဘုရားသည် ဒုကနိပါတ် သုကရဇာတ်ကို ဟောကြားတော်မူပြီး

"ချစ်သား ရဟန်းတို့။ ။ထိုအခါက ခြင်္သေ့သည် ယခု သာရိပုတ္တရာဖြစ်ခဲ့သည်။ ဝက်သည် လာဠုဒါယီ ဖြစ်ဘူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

## ဖန်ဖန်ထပ်ထပ် သင်အံမှတ်

မြတ်စွာဘုရားသည် ဤသို့သော တရား ဒေသနာတော်ကို ဆောင်တော်မူပြီး-

ချစ်သားရဟန်းတို့-

လာဠုဒါယီသည်တရားကိုအနည်းငယ်သာလျှင်သင်ယူခဲ့၏။
ထိုသို့သင်ယူပြီးနောက် သရဇ္ဈာယ်ခြင်းကိုမပြု။

အလုံးစုံသော ပရိယတ်တရားကို သင်ယူ၍ ထိုတရားကို ရွတ်အံသရဇ္ဈာယ်ခြင်းကိုမပြုခြင်းသည် အညစ်အကြေးဖြစ်သည်သာလျှင်တည်းဟု မိန့်တော်မူပြီး။

(၂၄၁) **အသဇ္ဈာယ မလာ မန္တာ၊ အနုဋ္ဌာနမလာ ဃရာ။**
**မလံ ဝဏ္ဏဿ ကောသဇ္ဇံ၊ ပမာဒေါ ရက္ခတော မလံ။**

(၂၄၁) သင်အံကျက်မှတ် အတတ်ပညာမှန်သမျှတို့ကို အပြန်ပြန် အလှန်လှန်မရွတ်မဖတ်ပဲနေခြင်းသည် အညစ်အကြေးမည်ကုန်၏။ နေအိမ်တို့ကို ပြုပြင်လုံ့လ ရှင်းလင်းခြင်းမပြုကြလျှင် အညစ်အကြေးရှိကုန်၏။ ပျင်းရိခြင်းသည် ရုပ်ရေသနံ့ရှင်း ကိုယ်အဆင်း၏ အညစ်အကြေးမည်၏။ မေ့လျော့ခြင်းသည် လောကီလောကုတ္တရာ နှစ်ဖြာစီးပွား ကြီးပွားအောင် စောင့်ရှောက်ခြင်း၏ အညစ်အကြေးမည်၏။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်သို့ရောက်ကုန်၏။

(ဓမ္မပဒ မလဝဂ် လေးခုမြောက် မစင်တွင်းကျ လာဠုဒါယီ ဝတ္ထု ပြီး၏)

ၜ ၜ ၜ

## ၁၀။ မလဝဂ်

## ၅။ မယားဆိုးအကြောင်း

(မယားဆိုးကို သည်းခံသောဝတ္ထု)

မြစ်သည့်ရင်း၊
ခရီးလမ်းမသည့်ရင်း၊
အရက်ဆိုင်သည့်ရင်း၊
နားခိုရာဇရပ်သည့်ရင်း၊
လမ်းဘေးရေအိုးစင်သည့်ရင်း၊
လူတကာနှင့်ဆက်ဆံလေ့ရှိသကဲ့သို့
မိန်းမတို့သည်..................

(မလိတ္ထိယာ ဒုစ္စရိတံ) အစခံသော ဒေသနာတော်ကို ဝေဠု ဝန်မင်းကျောင်း၌ အမျိုးသားတဦးကို အကြောင်းပြု၍ ဟော ကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အမျိုးသားတဦးသည် အမျိုးသမီးတဦးကို ထိမ်းမြားခဲ့၏။ ထိုအမျိုးသမီးသည် လင်ယောကျာ်းအိမ်သို့ ရောက်သည့်နေ့မှစ၍ အခြားသောယောကျာ်းနှင့် ပျော်မြူး လွန်ကျူးသော အကျင့် ရှိသည်ဖြစ်၏။ ထိုအမျိုးသားသည် မိမိမယား အခြားယောကျာ်း တို့နှင့် လွန်ကျူးသောအကျင့်ကို ရှက်လှသဖြင့် အသိအကျွမ်း

တစုံတယောက်မှ မျက်နှာမပြရဲသောကြောင့် မြတ်စွာဘုရားထံ တရားနာခြင်း စသည်တို့ကို မသွားတော့ပဲ နေလေ၏။

ရက်အတန်ကြာမှ မြတ်စွာဘုရားထံသွားရောက်ရှိခိုးပြီး သင့်လျော်သောအရပ်၌ ထိုင်နေသောအခါ မြတ်စွာဘုရားက-

''ဥပါသကာ၊ သင့်ကိုမမြင်ရသည်မှာ ကြာပြီ''ဟု မိန့်တော်မူ၏။

ထိုအခါမှ မိမိမယား အကြောင်းကို မြတ်စွာဘုရားထံ လျှောက်ကြား၏။

ထိုအခါ မြတ်စွာဘုရားက-

''ဥပါသကာ။ ။ရှေး၌လည်း ငါဘုရားသည် သင့်အား မိန်းမတို့မည်သည် မြစ်တို့နှင့်တူကုန်၏။ ပညာရှိတို့သည် ထိုမိန်းမတို့၌ အမျက်ထွက်ခြင်းကိုမပြုရာ'' ဟု ဆုံးမပြောဆိုဘူးသည်။ အသင်သည်ကား ထိုအကြောင်းကို ဘဝဖြင့် ဖုံးလွှမ်းအပ်သည့်အဖြစ်ကြောင့် မမှတ်မိနိုင်ရှိအပ်သည်''ဟု မိန့်တော်မူ၍ ထိုဒါယကာ တောင်းပန်အပ်သောကြောင့် အတိတ်ကိုဆောင်တော်မူ၏။

## အတပ်ပိုင်ပိုင် မပြောနိုင်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားအလောင်းတော်သည် ဒိသာပါမောက္ခဆရာကြီးဖြစ်၍ တပည့်ငါးရာတို့ကို အတတ်ပညာသင်ပေးနေ၏။ ထိုအခါ ဒိသာပါမောက္ခ ဆရာကြီး၏ အတွင်းနေတပည့်သည် မိမိမယား၏ ကျူးလွန်သော အပြစ်ကိုမြင်၍ စိတ်မကောင်းဖြစ်ခါ နှစ်ရက် သုံးရက်ပတ်လုံး ဆရာ၏ရှေ့မှောက်မရောက်တော့ပဲ တနေ့သောအခါမှ စိတ်မကောင်းဖြစ်ခါ ရောက်

လာသည်ကို ဆရာကမေးလေလျှင် ထိုအကြောင်းကိုပြောကြား၏။ ထိုအခါ ဆရာက တပည့်အား

"အမောင်။ ။မိန်းမတို့သည် အလုံးစုံသော သူတို့နှင့် ဆက်ဆံကုန်၏၊ ထိုမိန်းမတို့ကိုတွေ့ကြုံရလျှင် ဤမိန်းမတို့ကား သီလမရှိကုန်ဟု နှလုံးသွင်း၍ ပညာရှိတို့သည် အမျက်ထွက်ခြင်းကို မပြုကုန်"

ဟုဆို၍ အောက်ပါဂါထာကို ဟောကြားလေ၏။

"အမောင်တပည့်။ ။မြစ်သည် အလုံးစုံသောသူတို့နှင့် ဆက်ဆံခြင်း ရှိသကဲ့သို့ လည်းကောင်း၊ ခရီးလမ်းသည် အလုံးစုံသောသူတို့နှင့် ဆက်ဆံခြင်းရှိသကဲ့သို့လည်းကောင်း၊ အရက်ဆိုင် သေတင်းကုပ်သည် အလုံးစုံသော သူတို့နှင့် ဆက်ဆံခြင်း ရှိသကဲ့သို့လည်းကောင်း၊ ဇရပ်သည် အလုံးစုံသောသူတို့နှင့် ဆက်ဆံခြင်း ရှိသကဲ့သို့ လည်းကောင်း၊ လမ်းဘေးရေအိုးစင်သည် အလုံးစုံသော သူတို့နှင့် ဆက်ဆံခြင်း ရှိသကဲ့သို့ လည်းကောင်း၊ ထိုနည်းတူစွာ ပင်လျှင် ဤလူ့ဘောင်လောက၌ မိန်းမတို့သည် အလုံးစုံသောသူတို့နှင့် ဆက်ဆံခြင်းရှိသတည်း။

ထိုမိန်းမတို့အား ဤသူသည်သာစိုး ပိုင်ပါသည်ဟု သေချာပိုင်းခြား သတ်မှတ်ထားမှုသည်မရှိတော့သည်သာတည်း။

ဤသို့ဖြင့် ဘုရားအလောင်းတော်သည် အတွင်းနေ တပည့်အား ဩဝါဒ ပေးတော်မူ၏။ ထိုအတွင်းနေ တပည့်သည် ဆရာ၏ဩဝါဒကိုကြား၍ လစ်လျူရှုသည်ဖြစ်လေ၏။ ထိုမယားသည် ဆရာသိပေပြီဟု ကြားသောအခါမှစ၍ မကောင်းမှုကို မပြုလုပ်တော့ပြီ။

ဤသို့ မြတ်စွာဘုရားသည် ကေနိပါတ်အနတိရဘိ ဇာတ်ကို အကျယ်ဟောပြတော်မူ၍ ထို့ထက်အလွန် ဟောကြားတော်မူလိုသောကြောင့်–

(၂၄၂) မလိတ္ထိယာ ဒုစ္စရိတံ၊ မစ္ဆေရံ ဒဒတော မလံ။
မလာဝေ ပါပကာ ဓမ္မာ၊ အသ္မိံ လောကေ ပရမှိစ။

(၂၄၃) တတော မလာ မလတရံ၊ အဝိဇ္ဇာ ပရမံ မလံ။
ဧတံ မလံ ပဟန္တွာန၊ နိမ္မလာ ဟောထ ဘိက္ခဝေါ။

(၂၄၂) မကောင်းမှုကိုလွန်ကျူး၍ ကျင့်ခြင်းသည် မိန်းမ၏ အညစ်အကြေး မည်၏။ ဝန်တိုခြင်း တွန့်တိုခြင်းသည် ပေးလှူခြင်း၏ အညစ်အကြေး မည်၏။ ဤလောက၌၎င်း၊ တမလွန် လောက၌၎င်း၊ ယုတ်မာကုန်သော အကုသိုလ် တရားတို့သည် စင်စစ် အညစ်အကြေး မည်ကုန်၏။

(၂၄၃) ထိုအညစ် အကြေးတို့ထက် လွန်ကဲသော အညစ် အကြေးကို သင်တို့အား ဟောကြားပေအံ့၊ မသိခြင်း တည်းဟူသော အဝိဇ္ဇာသည်ပင်လျှင် အတိုင်းထက်အလွန်သော အညစ်အကြေး မည်၏။

ရဟန်းတို့သည် ထိုအဝိဇ္ဇာတည်းဟူသော အညစ်အကြေးကို ပယ်ချသတ်ဖြတ်၍ အညစ်အကြေးကင်းကုန်သည်ဖြစ်ကုန်လော့။

လင်ငယ်နေသောမိန်းမကို လင်ကြီးသည် အိမ်မှ နှင်ထုတ်၏။ မိဘတို့၏အထံသို့ သွားသည်ရှိသော် သင်သည် အမျိုးကိုမရှိသေခြင်းဖြစ်၍ မတွေ့လိုမမြင်လိုဟု သမီးကိုနှင်ထုတ်၏။ ထိုလင်ငယ်ထားသော မိန်းမသည် ကိုးကွယ်ရာ မရှိသော သွားခြင်းဖြင့် သွားလျက် ကြီးစွာသောဆင်းရဲခြင်းသို့ရောက်၏။ ထို့ကြောင့်

ထိုလင်ငယ်ထားသောမိန်းမကို ဒုစ္စရိတံမလံ ဟူ၍ ဟောအပ်ပြီ။ (အဌကထာဆရာ)

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်တို့သို့ ရောက်ကုန်၏။

((ဓမ္မပဒ မလဝဂ် ငါးခုမြောက် အမျိုးသားတဦး ဝတ္ထု ပြီး၏။))

ၾ ၾ ၾ

## ၁၈။ မလဝဂ်

## ၆။ မစင်ကြယ်သောအမှု

### (ဆေးကုသော ရဟန်းဝတ္ထု)

အရှက်မရှိသော သူသည် ဟန်ဆောင်သော
ကျီးရဲနှင့်တူ၏။
သူတပါးဂုဏ်ကို ဖျက်ဆီးပြောဆို၏။
သူတပါးပြုလုပ်သည်ကို
မိမိပြုသယောင် ဟန်ဆောင်ပြောဆို၏။

(သုဇီဂံအဟိရိကေန)အစရှိသည့် ဒေသနာတော်ကို စူဠသာရီ အမည်ရှိသည့် ရှင်သာရိပုတ္တရာ မထေရ်၏ အတူနေ တပည့်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

# ဝဿူကြောင်းကား ဤသို့တည်း

စူဠသာရီမည်သော ရဟန်းသည် ဆေးကု၍ရသော မွန်မြတ်သည့် ဘောဇဉ်ကိုယူ၍အလာခရီးအကြား၌ အရှင်သာရိပုတ္တရာကိုတွေ့မြင်၍–

"အရှင်ဘုရား။ ။တပည့်တော်သည် ဆေးကုပေး၍ ဤကောင်းမြတ်သော ဆွမ်းကို ရခဲ့ပါသည်။ အရှင်ဘုရားတို့ အခြားတပါး၌ ဤသို့ကောင်းသောဆွမ်းကို ရမည်မဟုတ်ပါ။ ဤမွန်မြတ်သောဆွမ်းကိုဘုဉ်းပေးတော်မူပါ။ တပည့်တော်သည် ဆေးကု၍ အရှင်ဘုရားအား အမြဲပင် ဤသို့ ကောင်းမွန်သော အာဟာရကို ဟူဆောင်ဆက်ကပ်ပါမည်"ဟု လျှောက်ထား၏။ မထေရ်သည် ထိုစူဠသာရီစကားကိုကြား၍ ဆိတ်ဆိတ်နေလျက် ကြွတော်မူ၏။

ရဟန်းတို့သည် ကျောင်းသို့ရောက်လျှင် မြတ်စွာဘုရားအား လျှောက်ထားကြ၏။ မြတ်စွာဘုရားသည်–

"ရဟန်းတို့။ ။အရှက်မရှိ ကြမ်းကြုတ်သောသူမည်သည်ကား ကျီးနှင့်တူ၏။ နှစ်ဆယ့်တပါး အခြားရှိသော မရှာမှီးအပ်သော ရှာမှီးခြင်းဖြင့် ချမ်းသာအောင် အသက်မွေး၏။ ရှက်ခြင်းကြောက်ခြင်းနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည်ကား ငြိုငြင်ဆင်းရဲစွာ အသက်မွေးမူရ၏"

ဟု မိန့်တော်မူပြီး-

(၂၄၄) သုစိံ အဟိရိကေန၊ ကာကသူရေန ဓံသိနာ။
ပက္ခန္ဒိနာပဂဗ္ဘေန၊ သံကိလိဋ္ဌေန ဇီဝိတံ။
(၂၄၅) ဟိရိမတာစ ဒုဇ္ဇီဝံ၊ နိစ္စံ သုစိဂဝေသိနာ၊
အလီနေနာပ္ပ ဂဗ္ဘေန၊ သုဒ္ဓါဇီဝေန ပဿတာ။

(၂၄၄) အရှက်မရှိသောသူသည် ကျီးရဲနှင့်တူသဖြင့်လည်းကောင်း သူတပါးဂုဏ်ကိုချေမှုန်းဖျက်ဆီးစေသဖြင့်လည်းကောင်း၊ သူတပါးပြုလုပ်သည်ကို မိမိပြုသယောင် ဟန်ဆောင်ပြုမူသဖြင့်လည်းကောင်း၊ ကြမ်းကြုတ်သဖြင့်လည်းကောင်း၊ ညစ်နွမ်းသော အကျင့်ဖြင့်လည်းကောင်း၊ အသက်မွေးခြင်းကို ကောင်းသော အသက်မွေးခြင်းဟူ၍ မှတ်သင်၏။

(၂၄၅) ဟိရိဩတ္တပ္ပနှင့် ပြည့်စုံသောသူသည်ကား အမြဲစင်ကြယ်သည်ကို ရှာမှီးလေ့ရှိသဖြင့်လည်းကောင်း၊ မတွန့်တိုသဖြင့်လည်းကောင်း ကိုယ်နှုတ်နှလုံး မကြမ်းကြုတ်သဖြင့် လည်းကောင်း၊ စင်ကြယ်သော အသက်မွေးခြင်း ရှိသကဲ့သို့လည်းကောင်း၊ သင့်မသင့်ကို ထောက်ချင့်မြော်လင့်သဖြင့်လည်းကောင်း၊ အသက်မွေးခြင်းသည် ခဲယဉ်း၏။

(ဓမ္မပဒ မလဝဂ် ခြောက်ခုမြောက်စူဠသာရီ ရဟန်းဝတ္ထုပြီး၏)

## ၁၈။ မလဝဂ်

### ၇။ သီလအညစ်အကြေး သန့်စင်ရေး
(သီလအတွက် ငြင်းခုံကြသောဝတ္ထု)

အကြင်သူသည်
အသက်ကိုလည်း အလွန်သတ်၏။
မမှန်သောစကားကိုလည်း ဆို၏။
သူမပေးသည်ကိုလည်း ခိုးယူ၏။
သူတပါး မယားကိုလည်း ကျူးလွန်၏။
သေရည်သေရက်ကိုလည်း စွဲလန်း၏။
ထိုသို့သောသူသည်
မိမိ၏အမြစ်ကို တူးဖြိုသူဖြစ်၏။

(ယောပါဏ မတိပါတေတိ) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ သီလအတွက် ငြင်းခုံကြသော ဥပါသကာငါးရာတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ထိုငါးရာကုန်သော ဥပါသကာတို့တွင်တစုကပါဏာတိပါတာ တပါးကိုသာ ဆောက်တည်၏။ တစုက အဒိန္နာဒါနာကိုသာလျှင် ဆောက်တည်၏။ တစုက ကာမေသုမိစ္ဆာစာရ သာလျှင် ဆောက်တည်၏။တစုကမုသာဝါဒကိုသာလျှင် ဆောက်တည်၏။ တစုက သူရာမေရိယကိုသာလျှင် ဆောက်တည်၏။

တနေ့သောအခါ၌ ထိုဥပါသကာတို့သည် ငါသည်သာ စောင့်နိုင်ခဲ့သော သိက္ခာပုဒ်ကို စောင့်ရှောက်၏ဟု ပြောဆိုငြင်းခုံကြ၏။ မြတ်စွာဘုရားထံ သွားရောက်လျှောက်ထားကြလျှင် မြတ်စွာဘုရားက-

တခုသော သီလသိက္ခာပုဒ်ကိုသော်လည်း သေးငယ်သည်ဟု မပြုမူဘဲ အလုံးစုံသော သီလသိက္ခာပုဒ်တို့သည် စောင့်ရှောက်နိုင်ခဲကုန်သည်သာ ဖြစ်၏။

ဟုမိန့်တော်မူပြီး အောက်ပါဂါထာတို့ကို ဟောကြားတော်မူ၏။

(၂၄၆) ယောပါဏမတိပါတေတိ၊ မုသာဝါဒဉ္စ ဘာသတိ
လောကေ အဒိန္နံ မာဒိယတိ၊ ပရဒါရဉ္စ ဂစ္ဆတိ။
(၂၄၇) သုရာ မေရယပါနဉ္စ၊ ယော နရော အနုယုဉ္ဇတိ။
ဣဓေဝမေသော လောကသ္မိံ၊ မူလံ ခဏတိ အတ္တနော
(၂၄၈) ဧဝံ ဘော ပုရိသ ဇာနာဟိ၊ ပါပဓမ္မာ အသညတာ။
မာတံ လောဘော အဓမ္မော စ၊ စိရံ ဒုက္ခာယ ရန္ဓယုံ။

(၂၄၆) အကြင်လူသည် သတ္တဝါကို လျှင်မြန်စွာ ချသတ်၏၊ အကြင်လူသည်လည်း မုသားစကားကို ပြောဆို၏။ အကြင်လူသည်လည်း လောက၌ သူတပါးဥစ္စာကို ခိုးယူ၏၊ အကြင်လူသည်လည်း သူတပါး သားမယားကို သွားလာလွန်ကျူး၏။

(၂၄၇) အကြင် လူသည်လည်း သေအရက် သောက်စားခြင်းကို အဖန်တလဲလဲပြုလုပ်၏။ ထိုလူသည် ဤလောက၌ပင်လျှင် မိမိ၏အမြစ်ကို တူးဖြို့ဖျက်ဆီးသည် မည်ပေ၏။

(၂၄၈) အိုယောကျ်ား။ ဤသို့သိပါလေလော့။ ယုတ်မာသော အကုသိုလ်တရားတို့သည် မစောင့်စည်း တတ်ကုန်၏။ လောဘသည်ငှင်း၊ ဒေါသသည်ငှင်း၊ ထိုတရား တို့သည် ကြာမြင့်စွာ ငရဲစသည့် ဒုက္ခတို့ အကျိုးငှာ မဖြစ်စေကုန်လင့်။

ဒေသနာတော်၏အဆုံးတွင် ထိုဥပါသကာ ဒါယကာတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။
(ဓမ္မပဒ မလဝဂ်ခုနစ်ခုမြောက် ဥပါသကာငါးရာ ဝတ္ထုပြီး၏)

၃၉ ၀ ၀

## ၁၈။ မလဝဂ်

## ၈။ အရှုကို ကဲ့ရဲ့တတ်သူ

### (ပလ္လွားသော ရဟန်းဝတ္ထု)

လူတို့သဒ္ဓါကြည်ညို၍ ပေးလှူသောအလှူကို ငြူစူသောသူသည် သမာဓိကို လုံးဝမရနိုင်။
ထိုငြူစူမှုကို အမြစ်မှဖြတ်၍နုတ်ပယ်သောပုဂ္ဂိုလ်တို့သည်သာ သမာဓိနိုင်ခိုင် ရနိုင်ပေ၏။

(ဒဒါတိ ဝေယတာသဒ္ဓ) အစခံသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ တိဿရဟန်းငယ်ကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

# ဝဿုကြောင်းကား ဤသို့တည်း

ထိုတိဿအမည်ရှိသောရဟန်းငယ်သည်အနာထပိဏ်ဝိသာခါ အစရှိကုန်သော သာဝတ္ထိမြို့နေ ငါးကုဋေမျှလောက်သော အရိယာသာဝကတို့၏ ပေးလှူအပ်သော အလှူကို ကဲ့ရဲ့ရှုတ်ချလျက် သာသွားလာ၏။ ကောသလမင်း၏ အသဒိသ အလှူကိုလည်း ကဲ့ရဲ့သည်သာလျှင်တည်း။

ထိုအနာထပိဏ်စသော သဋ္ဌေးတို့၏ အလှူမှ ဆွမ်းခဲဘွယ်ဘောဇဉ်ကိုရသောအခါ အေးသည်ကိုရလျှင် အေးသည်ဟုကဲ့ရဲ့၏။ အပူကိုရလျှင် ပူသည်ဟုကဲ့ရဲ့၏။ အနည်းငယ်ကို ပေးလှူလျှင် နည်းသည်ဟု ကဲ့ရဲ့၏။ များစွာ ပေးလှူပြန်လျှင်လည်း သူတို့အိမ်၌ ပစ္စည်းဥစ္စာထားဘို့ရာပင်မရှိသလို ရဟန်းတို့အား မျှတရုံသာမပေးလှူဘဲ ဤလောက် များ ပြားသော ဆွမ်း ကို အကျိုးမဲ့စွန့်ပစ်ရ၏ဟု ကဲ့ရဲ့ပြန်၏။

မိမိ၏ ဆွေမျိုးအကြောင်းကို ပြောပြန်လျှင် ငါ၏ဆွေမျိုးတို့ အိမ်များတွင် အရပ်လေးမျက်နှာမှ ရောက်လာသော ရဟန်းတို့၏ ရေတွင်းသဖွယ် ဖြစ်၏ဟု ပြောကြား၍ ချီးမွမ်း၏။

ထိုတိဿရဟန်းငယ်ကား တယောက်သော တံခါးစောင့်၏သားဖြစ်၍ တောအရပ်သို့သွားကြသော လက်သမားတို့နှင့်လိုက်၍လာရင်း သာဝတ္ထိပြည်သို့ရောက်၍ ရဟန်းပြုသောသူတည်း။

ထိုအခါ ရဟန်းတို့သည် ရဟန်းငယ်၏ ကဲ့ရဲ့ရှုတ်ချသော စကားကို ကြားရဖန်များပြီး သူ၏ ဆွေမျိုးတို့ အကြောင်းကို အကောင်းချည်း ချီးမွမ်းသံကို ကြားရပြန်သောအခါ ထိုရဟန်းငယ်ကို စုံစမ်းကြကုန်အံ့ဟုကြံ၍ သူ၏အဆွေအမျိုးတို့ နေရာ

အရပ်ကို အမှတ်မဲ့မေးမြန်းပြီး ရဟန်းငယ်နှစ်ပါးသုံးပါးကို စေလွှတ်၍ စုံစမ်းစေ၏။ ထိုရွာသို့ရောက်လျှင် လူတို့သည် ပူဇော်သက္ကာရပြုကြ၏။ ချမ်းသာသောဆွေမျိုးရှိသည့် တိဿ အမည်ရှိသော သူငယ်၏အကြောင်းကို စုံစမ်းကြ၏။ မည်သူမှမသိကြ၊ ထိုသို့ပြောယင်းကပင် တံခါးစောင့် တယောက်၏ သားသာလျှင် တိဿအမည်ရှိ၍ လက်သမားတို့နှင့်အတူ လိုက်သွားယင်း ရဟန်းပြုသည်ဟု ကြားရပါသည်။ ထိုသူပင် ဖြစ်ပါလိမ့်မည်ဟု လျှောက်ကြကုန်၏။

ရဟန်းငယ်တို့သည် ထိုရွာ၌ တိဿ၏ဆွေမျိုးညာတိမရှိသော အဖြစ်ကိုသိ၍ သာဝတ္ထိပြည်သို့ ပြန်သွားပြီး ရဟန်းတို့အား လျှောက်ကြားကုန်၏။ ရဟန်းတို့သည်မြတ်စွာဘုရားထံ လျှောက်ကြားကြပြန်၏။ မြတ်စွာဘုရားက

"တိဿသည် ယခုအခါသာ ကဲ့ရဲ့ရှုတ်ချနေသည်မဟုတ်သေး ရှေးအခါကလည်း ဖြစ်ခဲ့ဘူးသည်ဟု မိန့်တော်မူ၍ ရဟန်း တို့ တောင်းပန်သောကြောင့် အတိတ်ဇာတ်ကို ဆောင်တော်မူ၏။

## ပရိယာယ်များလှ ထိုတိဿ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းပြု၏။ ဘုရားလောင်းသည် ကြီးကျယ်ချမ်းသာသော သဌေးကြီးဖြစ်၏။ ထိုသဌေးကတော်တွင် သားကိုဖွားမြင်သောနေ့၌ ထိုအိမ်မှကျွန်မသည်လည်း သားကိုဖွားမြင်၏။ သဌေးကြီး၏သားနှင့် ကျွန်မတို့၏ သားတို့သည် အတူတကွပင် ကြီးမားလာကြကုန်၏။

သဋ္ဌေးသားစာရေးအတတ်ကိုသင်လျှင် ကျွန်ုပ်ငယ်သည် သင်ပုန်းပျဉ်ချပ်ကို ထမ်းလျက်လိုက်ပါယင်း စာကိုသင်၏။ ဂဏန်းအတတ်ကိုသင်၏။ ထိုကျွန်မ၏သားသည် စကားပြောရာ၌လိမ္မာ၏။ အလွန်အဆင်းလှသည်ဖြစ်၏။ အမည်အားဖြင့် ကဋ္ဌာဟာက အမည်ရှိ၏။ သဋ္ဌေးကြီးကချစ်၍ ဘဏ္ဍာစိုးအဖြစ်ထား၏။ ထိုကဋ္ဌာဟာက စဉ်းစား၏။

ဤသူတို့သည် ငါ့ကိုအမြဲတမ်း ဘဏ္ဍာစိုးနေရာ၌ ထားမည်မဟုတ်၊ အပြစ်တစုံတရာတွေ့လျှင် ရိုက်နှက်ချုပ်နှောင်၍ သံပူတံဆိပ်ခတ်နှိပ်ပြီး ကျွန်အဖြစ် ခိုင်းစေကြမည်ဖြစ်သည်၊ ဝေးကွာလှသော ပစ္စန္တရာ၌ သဋ္ဌေးကြီး၏မိတ်ဆွေ သဋ္ဌေးတယောက်ရှိ၏။ ငါသည်သဋ္ဌေးကြီးအရေးဖြင့် စာကိုရေးပြီး၊ ထိုသဋ္ဌေးသမီးကိုယူ၍ ချမ်းသာစွာနေထိုင်ရလျှင် ကောင်း လိမ့်မည် ဟုကြံစည်ပြီး ကိုယ်တိုင် ကမ္ဗည်းစာကို ရေး၏။ (ငါသည်ဗာရာဏသီသဋ္ဌေးကြီးဖြစ်၏။ ငါ၏သားကို သင့်ထံသို့စေလွှတ်ပြီ။ ငါ၏သားကို သင်၏သမီးနှင့်ပေးစားပြီး သင်နှင့်အတူသာ နေပါစေလော့၊ ငါသည် အခွင့်သာသည့်အခါ လာခဲ့မည်)ဟု ရေးသား၍ သဋ္ဌေးကြီး၏ အမှတ်တံဆိပ်ကို တိတ်တဆိတ်ယူ၍ ခတ်နှိပ်ပြီး ရိက္ခာကိုရင်း၊ နံ့သာအဝတ်စသည်တို့ကိုရင်း ယူ၍ ပစ္စန္တရာသို့ သွားပြီး စာကိုပြ၏။

ပစ္စန္တသဋ္ဌေးသည် သဋ္ဌေးကြီးဟုယုံကြည်၍ အားရဝမ်းသာသမီးကိုပေးအပ်၍ စည်းစိမ်ချမ်းသာဖြင့်နေစေ၏။ ကဋ္ဌာဟာက၏အခြံအရံတို့သည် ကြီးကျယ်၏။ ထိုကဋ္ဌာဟာကသည် အခြွေအရံတို့အား ယာဂုကို ဤသို့ချက်ရသလော၊ ခဲဘွယ်ကို ဤသို့

ချက်ရသလော။ ထမင်းကို ဤသို့ချက်ရသလော။ တောရွာ၌ နေသူတို့သည် အံ့ဩဘွယ်ကောင်းလှသည် စသည်ဖြင့်ကဲ့ရဲ့၏။ အဝတ် ပုဆိုး နံ့သာ ပန်းကုံးတို့ဆောင်ယူလျှင်လည်း ကဲ့ရဲ့ ရှုတ်ချ၏။

## သဋ္ဌေးကြီး ကိုယ်တိုင် ဖမ်းဆီးရန်သွားခြင်း

ဗာရာဏသီသဋ္ဌေးကြီးသည် ကျွန်ဖြစ်သော ကဋ္ဌဟာကကို မမြင်သောကြောင့် စုံစမ်း၏။ ရှာဖွေ၏။ အနီးဝန်းကျင်၌မတွေ့လျှင်အရပ်ရပ်သို့လူခွဲ၍ စုံစမ်းစေ၏။ တယောက်သောသူသည် ပစ္စန္တရွာရောက်၍ကဋ္ဌဟာကကို တွေ့မြင်လျှင် မိမိကိုမသိစေဘဲ ပြန်လာပြီး ဘုရားလောင်းသဋ္ဌေးကြီးအား ပြောကြား၏။ ဘုရားလောင်းသဋ္ဌေးကြီးသည် ကဋ္ဌဟာကသည် မသင့်သော အမှုကို ပြုလေသည်၊ ငါကိုယ်တိုင်သွား၍ ဖမ်းဆီးပြီး ပြန်လာမည်ဟု ပြည့်ရှင်မင်းကို ပန်ကြား၍ ကြီးစွာသော အခြံအရံဖြင့်ထွက်၏။

သဋ္ဌေးကြီး ပစ္စန္တရွာသို့ အခြံအရံတို့ဖြင့် ထွက်လာကြောင်း ကဋ္ဌဟာကကြားလျှင် ငါ့ကိုဖမ်းဆီးရန်လာခြင်းဖြစ်၏။ ငါထွက်ပြေးခဲ့လျှင် ဤအရပ်သို့ ပြန်လာ၍ရမည်မဟုတ်၊ ငါသည်ငါ၏ အရှင်သခင်အား ရှေးဦးစွာသွားရောက်ဆီးကြို၍ ကျွန်ကဲ့သို့ပြုစုပြီး သဋ္ဌေးကြီးကို နှစ်သိမ့်စေအံ့ဟု စဉ်းစားကြံစည်၏။

## အလိမ္မာကြီးလှ ကဋ္ဌဟာက

ထို့နောက် မိမိ၏ပရိသတ်တို့ကို စုရုံးစေပြီး ဤသို့ပြော၏။ မလိမ္မာသောသူတို့သည် မိမိ၏ မလိမ္မာမှုကြောင့် အမိအဖတို့၏

ကျေးဇူးကို မသိကြ၊ အမိအဖတို့ကို ရှိသေသမှုမပြုပဲ မိဖတို့နှင့် အတူ စားသောက်ကြ၏။ ငါသည်ကား မိဖကျေးဇူးကိုသိ၍ ရှေးအခါကပင် မိဖတို့နှင့်အတူမစားပဲ၊ မိဖတို့ ထမင်းစားသော အခါ၌ လက်ဆေးခံကို ယူဆောင်ပေး၏။ ထွေးခံကို ယူဆောင် ပေး၏။ စားဖွယ် သောက်ဖွယ် တို့ကို ကိုယ်တိုင် တည်ခင်း၏။ သောက်ရေကိုဘည်းပေး၏။ အနီး၌နေ၍ ယပ်ခတ်ပေး၏။

ကိုယ် လက် သုတ် သင်သောအခါ သန့်သက် ရေအိုးကိုယူ၍ ဖုံးကွယ်သောနေရာသို့ ရောက်အောင် လိုက်ပို့ပြုစုသည် စသည် ဖြင့် ပြောကြား၏။ ကဋ္ဌာဟကသည် ကျေးကျွန်တို့က အရှင် သခင်တို့ကို ပြုသင့်သော ကိစ္စကို မိဖတို့အား ပြုစုသကဲ့သို့မိမိ၏ ပရိသတ်ကို ပြောပြထား၏။

သင်္ဘေးကြီး ပစ္စန္တရွာအနီးရောက်လျှင် ယောက္ခမ သင်္ဘေးကို "အကျွန်ုပ်ဖခင် အလည်အပတ်လာရောက်ပါသည် ခဲဘွယ် ဘောဇဉ်တို့ကို စီရင်ပါလော့၊ အကျွန်ုပ်သည် လက်ဆောင်ပဏ္ဏာ များကိုကောင်းစွာယူ၍ ခရီးဦးကြိုပြုရန်သွားရပါအံ့"ဟု ပြော ဆို၏။

## ဘုရားလောင်းပင် ခွင့်လွှတ်ရခြင်း

ကဋ္ဌာဟကသည် လက်ဆောင်ပဏ္ဏာများကိုယူ၍ကြီးစွာသော အခြံအရံဖြင့် သွား ရောက် ပြီး ဘု ရား လော င်း သင်္ဘေးကြီးကို ရှိခိုး၍ အမျိုးမျိုးသော လက်ဆောင်ပဏ္ဏာများကို ပေးဆက်၏။ ဘုရား လောင်း သည် လည်း လက်ဆောင် ပဏ္ဏာများကို ယူ၍ ကဋ္ဌာဟကကို အကဲခပ်နေ၏။

နံနက်စာစားခါနီး ကာလ၌ သဌေးကြီးသည် ကိုယ်လက်သုတ်သင်ရန် ဖုံးကွယ်သောနေရာအရပ်သို့ ဝင်၏။ ကဋ္ဌာဟကသည် မိမိ၏အခြံအရံတို့ကို ပြန်စေ၍ သန့်သက်ရေအိုးကို ကိုင်လျက် ဘုရားအလောင်း၏ထံသို့ သွားရောက်ပြီး ရေကိစ္စပြီးဆုံးသောအခါ ခြေရင်း၌ဝပ်၍ "အရှင်သည် ဤမျှလောက်သောဥစ္စာကို အလိုရှိပါက အကျွန်ုပ်ပေးပါအံ့။ အကျွန်ုပ်၏စည်းစိမ်ချမ်းသာကို မကွယ်ပျောက်ပါစေလင့်"ဟု တောင်းပန်၏။

ဘုရားအလောင်းသည် ထိုသူ၏လိမ်မာရေးခြားရှိမှုနှင့် ဝတ်ကြီးဝတ်ငယ်ပြုခြင်းကို သဘောကျသောကြောင့် "မကြောက်ပါနှင့် သင့်အတွက် ငါ့ထံမှ အန္တရာယ်မရှိစေရ"

ဟု ပြောဆိုပြီး စိတ်သက်သာရာရစေ၍ ရွာသို့ဝင်၏။ ကဋ္ဌာဟကသည် ကြီးစွာသော ပူဇော်သက္ကာရကိုပြု၏။ အမြဲမပြတ်ကျေးကျွန်တို့ပြုဘွယ်ကိစ္စကိုပြုလုပ်၏။

တနေ့တွင် ဘုရားလောင်းသဌေးကို ပစ္စန္တသဌေးက

"ကျွန်ုပ်သည် သဌေးကြီး၏ကမ္ပည်းစာကိုတွေ့မြင်၍ သဌေးကြီး၏သားအား သမီးကိုပေးအပ်ပါ၏"ဟု ပြော၏။သဌေးကြီးသည် သားအဖြစ်သာလျှင် လျှောက်ပတ်သောစကားကို ပြောဆို၍ ပစ္စန္တသဌေးအား နှစ်သက်စေ၏။

## နှုတ်ပိတ်မန္တာန်ဂါထာ

ဘုရားလောင်း သဌေးသည် ကဋ္ဌာဟက၏ ကဲ့ရဲ့တတ်သောအကျင့်ကိုသိ၏။ ထို့ကြောင့် တနေ့တွင် သဌေးသမီးကိုခေါ်၍ သန်းရှာခိုင်းယင်း သဌေးသမီးထံ စကားစပ်၍ စုံစမ်း၏။သဌေးသမီးက "အခြားသောအပြစ်မရှိပါ၊ အစာအာဟာရပေါ်တွင် အမြဲတန်းကဲ့ရဲ့တတ်ပါသည်"ဟု ပြောလေလျှင် သဌေးကြီးက

"ချစ်သမီး၊ ဤသို့ဆိုလျှင် အာစေးထည့်သော မန္တာန်ကို ပေးခဲ့မည်၊ ထိုမန္တာန်ကိုရအောင်ကျက်၍ အစာစားသောအခါ ကဲ့ရဲ့ရှုတ်ချလျှင် ဤဂါထာကို ရှေ့မှုရပ်၍ ရွတ်လေလော့" ဟု ပြောဆိုပြီး ဂါထာကိုသင်ယူစေ၍ နှစ်ရက် သုံးရက် ကြာလျှင် သင္ဘေးကြီးပြန်သွား၏။ ကဋ္ဌာဟကသည် များစွာသော ခဲဘွယ်ဘောဇဉ်တို့နှင့် ခရီးစဉ်အတိုင်းလိုက်ပို့၍ များစွာသောဥစ္စာကို ပေးဆက်ပြီးလျှင် ရိုသေစွာ ရှိခိုးကန်တော့၍ ပြန်လာလေ၏။ ကဋ္ဌာဟကသည် ထိုအချိန်မှစ၍ အလွန်မာန်တက်ကြွ လာ၏။ သင္ဘေးသမီးသည် အရသာရှိသောမွန်မြတ်သည့် ဘောဇဉ်တို့ဖြင့် ကျွေးမွေး၏။ ကဋ္ဌာဟကသည် ထိုဘောဇဉ် ထမင်းတို့ အပေါ်တွင် ကဲ့ရဲ့ရှုတ်ချ၏။ ထိုအခါ သင္ဘေးသမီးသည် ဘုရားလောင်း သင္ဘေးကြီးသင်ပေးသောဂါထာကို ရှေ့မှုနေ၍ ရွတ်ဆို၏။

## နှုတ်ပိတ်မန္တာန်ဂါထာ

**ဗဟုမ္ပိ သော ဝိက တ္ထေယျ၊ အည ဇနပဒံ ဂ တော။**
**အန္ဝာဂန္တွာန ဒူ သေယျ။ ဘုဉ္ဇ ဘောဂေ ကဋ္ဌာဟက။**

သင္ဘေးသမီးသည် ထိုဂါထာ၏အနက်အဓိပ္ပါယ်ကိုမသိ၊ ဂါထာကိုသင်ပေးသဖြင့်သာ ကဋ္ဌာဟကအစားအသောက်ကို ကဲ့ရဲ့တိုင်း ဤဂါထာကိုရွတ်၏။

## (ဂါထာ၏အဓိပ္ပါယ်ကား)

ကဋ္ဌာဟက။ အကြင်သူသည် မိမိဇာတိအရပ်မှ တပါးသော ဇနပုဒ်သို့သွားရောက်၏ ထိုသူသည် များစွာလည်းကဲ့ရဲ့၏။

ဤသို့ကဲ့ရဲ့နေလျှင် နောက်တခေါက် ပြန်လာ၍ ဖျက်ဆီးလိမ့်မည်။ ထို့ကြောင့် စည်းစိမ်ချမ်းသာကို အေးအေးသာ သုံးဆောင်ခံစားပါလော့။

ထိုစကားကို ကြားလျှင် ကဋ္ဌဟကသည် ငါ့ဇနီးအား သဌေးကြီးသည် ငါ၏အကြောင်းကို ပြောဆိုထားသည်ဖြစ်ပေလိမ့်မည်ဟု စဉ်းစားမိပြီး ထိုအချိန်မှစ၍ အစား အသောက် အပေါ်တွင် ကဲ့ရဲ့ခြင်းမပြုတော့ပဲ မာန်မာနကျ၍ သွားတော့၏။

မြတ်စွာဘုရားသည် တေကနိပါတ်လာ ဤကဋ္ဌဟကဇာတ်တော်ကို အကျယ်ဟောတော်မူပြီး ထိုအခါက ကဋ္ဌဟကသည် တိဿရဟန်းငယ်ဖြစ်ခဲ့သည်။ ဗာရာဏသီ သဌေးကြီးသည်ကား ယခု ငါဘုရားသည်သာတည်းဟု ဇာတ်ကို ပေါင်းတော်မူပြီးနောက်-

**(၂၄၉) ဒဒါတိဝေ ယထာသဒ္ဓံ၊ ယထာပသာဒနံ ဇနော။**
**တတ္ထံ ယောစ မင်္ကုဘဝတိ ပရေသံပါန ဘောဇနေ။**
**န သော ဒိဝါဝါ ရတ္တိံဝါ၊ သမာဓိမဓိဂစ္ဆတိ။**
**(၂၅၀) ယဿ စေတံ သမုစ္ဆိန္နံ၊ မူလဃစ္စံ သမူဟတံ။**
**သ ဝေ ဒိဝါ ဝါ ရတ္တိံဝါ၊ သမာဓိ မဓိဂစ္ဆတိ။**

(၂၄၉) အကြင်ပုဂ္ဂိုလ်၌လူတို့သည် ကြည်ညိုခြင်းဖြစ်၏။ ထိုကြည်ညိုသောပုဂ္ဂိုလ်အား ကြည်ညိုသည့် အားလျော်စွာ ပေးလှူကြကုန်၏။ အကြင်ပုဂ္ဂိုလ်သည်လည်း သူတပါးတို့၏ ထိုအဖျော်ဘောဇဉ်တည်း ဟူသော အလှူ၌ မျက်နှာမသာသည်ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် နေ့၌ဖြင့်၊ ညဉ့်၌ဖြင့် မြဲမြံသောသမာဓိကို မရနိုင်။

(၂၅၀) အကြင်ပုဂ္ဂိုလ်အားလည်း သူတပါးအလှူတို့၌ ဤမျက်နှာမသာသော အပြစ်ကိုကောင်းစွာအမြစ်ဖြတ်ခြင်းကိုပြု၍ အကြွင်းမရှိ

နှုတ်ပယ်၏။ ထိုပုဂ္ဂိုလ်သည် နေ့၌ရင်း၊ ညဥ့်၌ရင်း မြဲမြံသောသမာဓိကို ရ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်သို့ရောက်ကုန်၏။

(ဓမ္မပဒ မလဝဂ် ရှစ်ခုမြောက် တိဿရဟန်းငယ်ဝတ္ထု ပြီး၏။)

ဝ် ဝ် ဝ်

၁၈။ မလဝဂ်

## ၉။ ရာဂ၊ ဒေါသ၊ မောဟ၊ တဏှာ

(တရားတော်ကို ရိုသေစွာမနာကြားသူတို့ဝတ္ထု)

ရာဂနှင့်တူသောမီး
ဒေါသနှင့်တူသော ဖမ်းစားမှု
မောဟနှင့်တူသော ကွန်ရက်
တဏှာနှင့်တူသော မြစ်

(နတ္ထိရာဂ သမော အဂ္ဂိ) အစရှိသော ဒေသနာ တော်ကို ဇေတဝန်ကျောင်းတော်၌ ငါးယောက်သော ဥပါသကာတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

ဥပါသကာငါးယောက်တို့သည် တရားနာရန်ကျောင်းသို့ လာကြပြီး မြတ်စွာဘုရားကို ရှိခိုးဦးချထိုင်နေကြ၏။ ဘုရားရှင်တို့

မည်သည် မင်း၊ ပုဏ္ဏား၊ သဋ္ဌေး၊ သူကြွယ်၊ သူယုတ်၊ သူမြတ် မရွေး အလုံးစုံသောသူကို တရားဟောရာတွင် တရားတော်၌ ရိုသေခြင်းကို ရှေးရှုဟောတော်မူ၏။

ဤသို့တရားကိုဟောကြားတော်မူသောမြတ်စွာဘုရားအထံ၌ ထိုင်နေကြဖသော ငါးယောက်သော ဥပါသကာ တို့တွင်-

တယောက်သော ဥပသကာ သည် ထိုင် လျက် နှင့် ငိုက်မြည်း၏။

တယောက်သော ဥပသကာသည် လက်ချောင်းဖြင့် မြေကြီး၌ ရေးခြစ်နေ၏။

တယောက်သော ဥပသကာသည် သစ်ပင် ကလေးကို လှုပ်လျက် နေ၏။

တယောက်သော ဥပသကာသည် ကောင်း ကင် ကို မော်ကြည့်လျက် နေ၏။

တယောက်သော ဥပသကာ သည်ကား ရိုသေ စွာ ကြားနာ နေ၏။

အရှင်အာနန္ဒာသည် ဘုရားသခင်အား ယပ်လေခတ် လျက် ဥပသကာငါးဦးတို့၏ အပြုအမူကိုကြည့်ရှု၍-

"အရှင်မြတ်ဘုရား။ ။အရှင်မြတ်သည် မိုးကြီး ချိန်းသကဲ့သို့ တရားတော်ကို ဟောကြားတော် မူပါ၏၊ ထိုဥပသကာ တို့သည် တရားဟောချိန်တွင် ဤသို့ ပြုမူနေထိုင်ကြပါသည်" ဟု လျှောက်ထား၏။

"အာနန္ဒာ၊ ထိုဒါယကာတို့ကို သင်မသိသလော"

"မသိပါ အရှင်ဘုရား"

"ဤဥပသကာ တို့တွင် ငိုက်မြည်းသော ဥပသကာသည် ဘဝငါးရာ မြွေမျိုး၌ဖြစ်၍ အခွေတို့၌ ဦးခေါင်းကိုတင်ထားပြီး အိပ်ခဲ့၏။ ယခုလည်းအအိပ်ကြူး၍ ငိုက်မြည်း၏။ ထိုသူ၏နားသို့ ငါဘုရား၏အသံတော် မရောက်ကုန်။

မြေကြီးကို ရေးခြစ်လျက် နေသော ဒါယကာသည် ဘဝငါးရာပတ်လုံး တီမျိုး၌ဖြစ်ဘူးပြီ၊မြေကြီးကိုရေးခြစ်တူးဖို့လျက် ငါဘုရား၏တရားသံ မဝင်နိုင်။

သစ်ပင်ကိုလှုပ်နေသောသူသည် ဘဝငါးရာပတ်လုံး မျောက်ဘဝ၌ဖြစ်ဘူးပြီး ရှေးက ဝသီအတိုင်း သစ်ပင်ကို လှုပ်လျက် ငါဘုရား၏တရားသံ မဝင်နိုင်။

ကောင်းကင်သို့ မော့ကြည့်နေသူသည် ဘဝငါးရာ ပတ်လုံး နက္ခတ်ကိုဖတ်သောသူ ဖြစ်ခဲ့ဘူးပြီး ရှေးဘဝက အလေ့အကျင့်အတိုင်း ကောင်းကင်ကိုမော်ကြည့်လျက် ငါဘုရား၏တရားသံ မဝင်နိုင်။

ရိုသေစွာတရားတော်ကို နာကြားလျက် ရှိနေသူကား ဘဝငါးရာပတ်လုံး ဗေဒင်သုံးပုံ "တဖက်ကမ်းရောက် တတ်မြောက်သောပုဏ္ဏားဖြစ်ဘူးပြီ၊ ယခုလည်း မန္တာန်ကို နှိုးနှော့သကဲ့သို့ ရိုသေစွာကြားနာ၏" ဟု မိန့်တော်မူ၏။

"အရှင်မြတ်ဘုရား၊ အရှင်ဘုရားတို့၏ တရားဒေသနာသည် အရေကိုဖေါက်ထွင်း၍ ရိုးတွင်းခြင်ဆီရောက်အောင်တည်ပါ၏။ ဤသူတို့သည် အဘယ့်ကြောင့် မနာယူနိုင်သနည်း"

"အာနန္ဒာ။ ။ငါဘုရား၏တရားကို ကြားနာရလွယ်သည်ဟု ထင်ဟန်ရှိသည်၊ ကြားနာရ လွယ်ကူသည်ဟု မထင်မှတ်

လေလင့်၊ ဘုရားဟူ၍ငင်း၊ တရားဟူ၍ငင်း၊ သံဃာဟူ၍ငင်း၊ ရွတ်ဆိုအပ်သော ပုဂ္ဂိုလ်သတ္တဝါတို့သည် များစွာ ကုန်သော ကမ္ဘာအသိန်းတို့၌ မကြားရဘူးလေ၊ သံသရာ၌ သတ္တဝါတို့သည် မင်္ဂဖိုလ်မှဖီလာဖြစ်သော စကားကိုသာလျှင် နာကြားရ ကုန်၏။ ကခုန်သီဆိုပျော်မြူးလျက် ချမ်းသာရာကိုရှာကြ၏။ တရားတော်ကို နာကြားခွင့် မရကြပေ။

ထိုအခါ အာနန္ဒာမထေရ်က "အဘယ်ကို အမှီပြု၍ ထိုသူတို့သည် တရားတော်ကို မနာကြားနိုင်သနည်း"

"ချစ်သား အာနန္ဒာ။ ။ရာဂကိုအမှီပြု၍ ဒေါသကို အမှီပြု၍ မောဟကိုအမှီပြု၍ တဏှာကိုအမှီပြု၍ တရားကိုနာကြားခြင်းကို မစွမ်းနိုင်ကြ။ ရာဂနှင့်တူသောမီးသည် မရှိ၊ ရာဂတည်းဟူသောမီးသည် ပြာကိုပင် မကျန်စေပဲ သတ္တဝါတို့ကို လောင်မြိုက်၏။ နေခုနစ်စင်းထွက်၍ ကမ္ဘာဖျက်မီးသည် တစုံတခုကိုမျှ မကြွင်းကျန်အောင် လောင်မြိုက် သကဲ့သို့ လောင်မြိုက်၏။ ကမ္ဘာဖျက်မီးသည် အချိန်ရောက်မှ လောင်၏။ သတ္တဝါတို့၌ ရာဂတည်းဟူသောမီး၏ မလောင်မြိုက်သော ကာလသည် မရှိ၊ ထို့ကြောင့် ရာဂနှင့်တူသော မီးသည်ငင်း၊ ဒေါသနှင့် တူသော ဖမ်းစားတတ်ခြင်းသည်ငင်း၊ တဏှာနှင့်တူသော မြစ်သည်ငင်း၊ မရှိချေ"

ဟု မိန့်တော်မူပြီး-

**(၂၅၁) နတ္ထိ ရာဂသမော အဂ္ဂိ၊ နတ္ထိ ဒေါသသမော ဂဟော**
**နတ္ထိ မောဟသမံ ဇာလံ၊ နတ္ထိ တဏှာသမာ နဒီ။**

(၂၅၁) ရာဂနှင့်တူသော မီးသည်မရှိ၊ ဒေါသနှင့်တူသောဖမ်းစား တတ်သောအရာသည်လည်း မရှိ၊ မောဟနှင့်တူသော ကွန်ရက်သည်မရှိ၊ တဏှာနှင့်တူသောမြစ်သည် မရှိ။

(မြစ်သည် ရေတက်သဖြင့် ပြည့်သောကာလကို မတင်းတိမ် နိုင်သကဲ့သို့ တဏှာသည်လည်း ပြည့်နိုင်ခဲရန် တဏှာနှင့်တူသည့် မြစ်သည် မရှိဟုဆိုလို၏။)

ဒေသနာတော်၏အဆုံး၌ ရှိသေစွာတရားနာသောဥပါသကာ သည် သောတာပတ္တိဖိုလ်၌တည်လေ၏။

(ဓမ္မပဒ မလဝဂ် ကိုးခုမြောက် ဥပါသကာ ငါးဦးဝတ္ထု ပြီး၏။)

# ၄၀။ သူယုတ်မာတို့၏ သဘော

(ဒါနအရေးနှင့် မေဏ္ဍကသဋ္ဌေး၀တ္ထု)

သူတပါး၏အဖြစ်ကို မြင်လွယ်၏
မိမိအပြစ်ကို မြင်ခဲ၏။
သူတပါး၏အပြစ်တို့ကို
ဖွဲကဲ့သို့ လေ၌လွှင့်၍
မိမိ၏ အပြစ်တို့ကို စဉ်းလဲစွာဖုံးလွှမ်းတတ်၏။

(သုဒဿံ ၀ဇ္ဇံ) အစခံသော သုတ္တန်ဒေသနာတော်ကို ဘဒ္ဒိယမြို့အနီး မြတ်လေးတောအရပ်၌ သီတင်းသုံးတော်မူလျက် မေဏ္ဍကသဋ္ဌေးကြီးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ၀တ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသခင်သည်အင်္ဂတိုင်းဥတ္တရတိုင်းတို့၌ဒေသစာရီ တိုင်းလှည့်တော်မူလျက် (၁) မေဏ္ဍကသဋ္ဌေးကြီး (၂) သဋ္ဌေးကတော် စန္ဒပဒုမာ (၃) သဋ္ဌေးသား ၀နဥ္စယ (၄) ချွေးမ သုမဏာ ဒေ၀ီ (၅) မြေး၀ိသာခါ (၆) ကျွန်ပုဏ္ဏ ဤခြောက်ယောက်သော သူတို့၏ သောတာပတ္တိဖိုလ်သို့ ရောက်နိုင်မည့် အကြောင်း ဥပနိဿယကို မြင်တော်မူ၍ ဘဒ္ဒိယမြို့သို့ ကြွသွားပြီး မြတ်လေးတော၌ သီတင်းသုံး စံနေတော်မူ၏။

## မေဏ္ဍကသဌေးအကြောင်း

မေဏ္ဍကသဌေးကြီး ဖြစ်လာပုံမှာ ထိုသဌေး၏ အိမ်နောက် ရှစ်မင်းပယ်စာမျှလောက်သော အရပ်၌ ဆင်အရွယ်၊ မြင်းအရွယ်၊ နွားအရွယ်ရှိသောရွှေဆိတ်ရုပ်တို့သည်မြေကိုဖေါက်ခွဲ၍ကျောက် ကုန်းခြင်းထိလျက် အိမ်၏နောက်မှ ပေါ်ကုန်၏။ ထိုရွှေဆိတ်ရုပ် တို့၏ ပါးစပ်တို့၌ အဆင်းငါးပါး ရှိကုန်သော ချည်လုံးတို့ဖြင့် ပိတ်ဆို့ထား၏။ ထောပတ်၊ဆီ၊တင်လဲ၊အဝတ်အထည်၊ ရွှေငွေ အစရှိသဖြင့် အလိုရှိသော်၊ ရွှေဆိတ်ရုပ်၏ ခံတွင်းမှ ချည်လုံးကို ဖွင့်ချွတ်လျှင် ရွှေဆိတ်ရုပ်တကောင်၏ ခံတွင်းမှ ထောပတ်၊ဆီ၊ တင်လဲ၊ အဝတ်အထည်၊ရွှေငွေတို့သည် ဇမ္ဗူဒိပ်ကျွန်း၌နေသော သူတို့အားသုံးဆောင်လောက်အောင်အန်ထွက်ကုန်၏။ထိုအခါမှ စ၍ မေဏ္ဍကသဌေးဟု ထင်ရှား၏။

## မေဏ္ဍက၏ ဘဝကံ

ထိုမေဏ္ဍကသဌေးကြီးသည် ဝိပဿီ ဘုရား လက်ထက်၌ အဝရောဇ အမည်ရှိသော သူကြွယ်၏ တူသည် အဝရောဇ အမည်ဖြင့်ပင် ဦးရီးနှင့် နာမည်ထပ်တူရှိကြ၏။

ဦးရီးသူကြွယ်သည် မြတ်စွာဘုရား အတွက် ဂန္ဓကုဋိတိုက် ဆောက်ရန်အားထုတ်၏။ တူဖြစ်သူ အဝရောဇသည် ဦးရီးထံ သွား၍ နှစ်ဦးအတူ အလှူလုပ်ကြရန်ပြော၏။ 'ငါသည် မည်သူ နှင့်မျှ စပ်တူမလုပ်၊ တယောက်ချင်းသာဆောက်အံ့'ဟု ပြော၏။

ဦးရီးဖြစ်သူက ငြင်းပယ်လေလျှင် ဤအရပ်၌ဂန္ဓကုဋိဆောက် လျှင် ထိုအရပ်၌ ဆင်ဝင်ဇရပ် ဆောက်သင့်သည်ဟု တောမှ အဆောက်အဦ သစ်သားတို့ကိုယူစေပြီး တခုသော သီတိုင်ကို ရွှေပြားဖြင့် တိုင်အလုံး၌အုပ်၏။

တခုသော သီတိုင်ကို ငွေ ပြား ဖြင့် အုပ် ၏။ နောက်တခုကို ပတ္တမြားဖြင့်စီ၏။ နောက်တခု ရတနာခုနစ်ပါးဖြင့်စီ၏။

ထိုနောက် ထုပ်လျှောက်တံခါးပေါက်, တံခါးရွက်၊ပြတင်း၊ အခြင်၊ အမိုးဟုဆိုအပ်သော အလုံးစုံတို့ကိုလည်း ရွှေစသည်တို့ ဖြင့် ဂန္ဓကုဋီ၏ ရှေ့မျက်နှာချင်းဆိုင် အရပ်၌ ရတနာခုနှစ်ပါးစီ ချယ်သော ဆင်ဝင်ဇရပ်ကို ဆောက်လုပ်စေ၏။

ထိုဇရပ်၏အထက်၌ တခဲနက်နီမြန်းသောရွှေဖြင့်ပြီးကုန်သော ကမ္ဗလာနီ အဆင်းနှင့်တူသော သန္တာဖြင့်ပြီးကုန်သော အထက် ထုပိကာတို့သည် ဖြစ်ကုန်၏။

ထိုဆင်ဝင်ဇရပ်၏ အလယ်၌ ရတနာမဏ္ဍာပ်ကို ဆောက်၏။ တရားဟောပလ္လင်ကိုထား၏။ ထိုတရားဟောပလ္လင်၏ ခြေတို့သည် အလွန်နီမြန်းသောရွှေဖြင့် ပြုလုပ်ထား၏။ ဘောင်လေးဘက်ကို လည်း ရွှေဖြင့်ပြီးစေ၏။

ရွှေဆိတ်ရုပ်လေးခုကို သွန်းလုပ်စေ၍ တရားဟော ပလ္လင်၏ ခြေထောက်တို့အောက်၌ ခံထားစေ၏။ နှစ်ကောင်သော ရွှေဆိတ် ရုပ်တို့ကို ခြေနင်းခုံအောက်၌ထား၏။ ခြောက်ကောင်သော ရွှေ ဆိတ်ရုပ်တို့ကို မဏ္ဍာပ်၌ ဝန်းရံ၍ထား၏။

တရားဟောနေရာကို ရှေးဦးစွာ ချည်ကြိုးတို့ဖြင့် ယက်စေ၍ အလယ်၌ ရွှေချည်တို့ဖြင့်အဝတ်၌ ပုလဲတို့ဖြင့်ယက်စေ၏။ တရား ဟော နေရာ၌ စန္ဒကူးဖြင့်ပြီးသော နောက်မှီတံတဲသည်ဖြစ်၏။

ဇရပ်ပူဇော်ပွဲပြုသည့်အခါ မြတ်စွာဘုရားနှင့်တကွ ရှစ်သိန်း ကုန်သော ရဟန်းတော်တို့ကိုပင့်၍ လေးလပတ်လုံးအလှူကြီးကို ပေး၏။ အလှူ၏နောက်ဆုံးနေ့၌ သင်္ကန်းသုံးထည်စီ ပေးလှူ၏။ အငယ်ဆုံးဖြစ်သော ရဟန်းသည် အဖိုးတသိန်း ထိုက်သော

တိစိဝရိတ် သက်န်းကိုရရှိ၏။ ဤဝိပဿိ ဘုရားလက်ထက်၌ စုတေ လျှင်နတ်ပြည်၌ကျင်လည်လျက် ဤဘဒ္ဒကမ္ဘာ၌ဗာရာဏသီသဲ့ဌေး ကြီးဖြစ်လာပြန်၏၊

## ပစ္စေကဗုဒ္ဓထံ ဆုပန်ခြင်း

ဗာရာဏသီ သဌေးသည် တနေ့၌ မင်းကြီးထံ ခစားသွားရာ ပုရောဟိတ်ကို တွေ့မြင်၍ ဂြိုဟ်သွားနက္ခတ်ကိုမေး၏။ ပုရောဟိတ်က နှစ်လ သုံးလကြာလျှင် ခေတ်မှတ်ခြင်းဘေး ဆိုက်လတံ့ဟု ပြော၏။ သဌေးကြီးသည် ပုရောဟိတ် ပြောစကားအရ လယ်တို့ကို များစွာလုပ်စေ၏။ အိမ်၌ရှိသမျှဥစ္စာဖြင့်စပါးတို့ကိုဝယ်ပြီး နှစ်ရာငါးဆယ်သော ကျီကျတို့ကို ဆောက်စေပြီး သိုလှောင်၏။

ကျီကျတို့ပြည့်လျှင်စဉ့်အိုးကြီးများတွင်ပြည့်စေ၏။ ပိုသမျှ မြေကြီး၌ တွင်းတူးပြီးလျှင် မြှုပ်၏။ ကျန်သမျှစပါးကို မြေညက်တို့နှင့် ရောနှောသုပ်နယ်၍ နံရံတို့ကို လိမ်းကျံစေ၏။

ပုရောဟိတ်ဆိုတိုင်း ငတ်မွတ်ခြင်းဘေးသည်ဆိုက်၏။ သဌေး ကြီးသည် အလုပ်အကျွေးဖြစ်သောလူတို့ကို ကျွေးမွေး၏။ ကျီကျ တို့၌ရင်း၊ စဉ့်အိုးကြီးတို့၌ရင်း၊ သိုလှောင်သော စပါးတို့သည် ကုန်လေ၏။ ထိုအခါ အလုပ်အကျွေးဖြစ်သော လူတို့ကို ခေါ်စေ၍ အမောင်တို့ တောင်ခြေရင်းသို့သွား၍ ရှာဖွေစားသောက် ကြကုန်၊ အသက်မွေးမှုပြုကြကုန်၊ ဝပြောသာယာသော အချိန်၌ ငါ့ထံသို့လာလိုလျှင်လာကြ၊ မလာလိုလျှင်လည်း ထိုအရပ်၌ပင် အသက်မွေးကြလော့ဟု ပြောဆို၏။ အလုပ်အကျွေးတို့သည် ငိုကြွေးကြကုန်၏။ သဌေးကိုကန်တော့၍ ခုနစ်ရက်မျှ နေကြပြီး သဌေးဆိုတိုင်း သွားကြကုန်၏။

သဌေး၏အထံ၌ ပုဏ္ဏ အမည်ရှိသော ကျွန်တယောက်သာ ကျန်ခဲ့၏။ သဌေးကတော်၊ သဌေးသား၊ သဌေးချွေးမ၊ ဤငါး ယောက်သောသူတို့သာ ကျန်ခဲ့၏။

ထိုငါးယောက်တို့သည်မြေတွင်း၌မြှုပ်ထားသော စပါးတို့ကို တူးဖေါ်စား၍ကုန်ကြလျှင် နံရံ၌ ကပ်ထားသော မြေကိုခွာ၍ ရေစိမ်ပြီး ရသည့်စပါးဖြင့် မျှ၍စားကြကုန်၏။ ထိုနံရံမှရသော စပါးတို့ကုန်ကြပြန်လျှင် သဌေး၏မယားသည် ဆာလောင်ခြင်း ဖိစီးသည်ရှိသော် နံရံ၏ခြေရင်းမှကျသော မြေညက်ကို ရေဆွတ် ဆေးကြော၍ တကွမ်းစားခွဲမျှ (တပြည်ခွဲမျှ)ရ၍ ထောင်းထုပြီး ဆန်တပြည်ကို အိုး၌ထည့်ပြီး မြေ၌မြှုပ်နှံ၍ထား၏။ ဤငတ်မွတ် သော ကာလ၌ခိုးသူတို့ပေါများကြသဖြင့်ခိုးသူတို့ရန်ကိုကြောက် သောကြောင့် မြေ၌ မြှုပ်ထားရခြင်း ဖြစ်၏။

**ယာဂုကျိုမလား၊ ထမင်းချက်မလား**

သဌေးကြီးသည် မင်းထံမှ ခစား၍ပြန်လာရာ ဆာလောင် လှသဖြင့် စားစရာများရှိသလားဟု မေး၏။ သဌေးကတော်က မြေတွင်း၌တူးမြှုပ်ထားသော ဆန်တကွမ်းစား ရှိပါသည်ဟုပြော လျှင် ချက်စေ၏။ သဌေးကတော်ကယာဂုကျိုလျှင်နှစ်ကြိမ်ကျိုဖို့ ရပါမည်၊ ထမင်းချက်လျှင် တကြိမ်သာ စားရပါမည်၊ ဘာကို လုပ်ရပါမည်နည်းဟု မေး၏။

"ရှင်မ၊ ငါတို့တွင် အခြားအာဟာရမရှိ၊ ထမင်းကို စား၍ သာ သေကြမည်၊ ထမင်းကိုသာချက်"ဟု ပြော၏။ သဌေး ကတော်သည် ထမင်းကိုချက်၍ ငါးပုံပုံပြီး သဌေးကြီးအတွက် တပုံကို ခူး၍ ရှေ့သို့ ချပေးထား၏။

## ပစ္စေကဗုဒ္ဓါ ကြွရောက်လာ

ထိုခဏ၌ ဂန္ဓမာဒနတောင်မှ အရှင်ပစ္စေကဗုဒ္ဓါတပါးသည် ခုနစ်ရက်ပတ်လုံး သမာပတ်ဝင်စားရာမှ ထတော်မူ၏။

သမာပတ်အတွင်း၌ သမာပတ်အစွမ်းဖြင့် ဆာလောင်မွတ်သိပ်ခြင်းမရှိ၊ သမာပတ်မှထသော ပုဂ္ဂိုလ်တို့သည် အားကြီးစွာ ဖြစ်၍ ဝမ်းရေကို လောင်မြိုက်သကဲ့သို့ ဖြစ်၏။ ထိုပစ္စေကဗုဒ္ဓါတို့သည် အစာအာဟာရ ရနိုင်မည့်အရပ်ကို ကြည့်ရှု၍ ကြွတော်မူကြကုန်၏။

သမာပတ်မှ ထတော်မူသော ပစ္စေကဗုဒ္ဓါတို့အား အလှူကို ပေးလှူသူသည်၊ စစ်သူကြီးအရာ စသည့် အမှတ်မရှိ တပါးပါးသော စည်းစိမ်ချမ်းသာကို ရကုန်၏။

ထိုပစ္စေကဗုဒ္ဓါသည် ဒိဗ္ဗစက္ခုဖြင့်ကြည့်တော်မူသော်၊ ဇမ္ဗူဒိပ်တကျွန်းလုံး၌ ငတ်မွတ်ခြင်းဘေး ဖြစ်နေ၏။ သဌေးကြီး၏အိမ်၌ လူငါးယောက်တို့အတွက် တကွမ်းစားသော ထမင်းကို ချက်ထား၏။ ထိုလူတို့သည် သဒ္ဓါတရား ရှိကြပါမည်လောဟု ကြည့်ရှုတော်မူလျှင် သဒ္ဓါရှိသော အဖြစ်ကို မြင်တော်မူသောကြောင့် သပိတ်သင်္ကန်းကို ဆင်မြန်းယူငင်၍ သဌေးကြီး၏ အိမ်ရှေ့တံခါး ဝ၌ ရပ်လျက်နေတော်မူ၏။

## သဒ္ဓါမြင်လျှင် ဘယာကိုပင်မကြောက်

သဌေးကြီးသည် ပစ္စေကဗုဒ္ဓါကို မြင်လျှင် ကြည်ညိုလှ၍ ငါသည် ရှေးက အလှူဒါန မပေးခဲ့သောကြောင့် ဤသို့ငတ်မွတ်ခြင်း ဘေးကို တွေ့မြင်ရသည်။ အမှန်ဆိုသော် ဤထမင်းသည် ငါ့ကို တနေ့လောက်သာ စောင့်ရှောက်နိုင်၏။ အရှင်မြတ်အား လှူအပ်သော အလှူကား ကမ္ဘာကုဋေတို့၌ ချမ်းသာစီးပွားကို ဆောင်

ပေလတံ့ဟုဆင်ခြင်ပြီး မိမိရှေ့မှစားအံ့ဆဲဆဲထမင်းခွက်ကိုဖယ်၍ ပစ္စေကဗုဒ္ဓါထံ ချဉ်းကပ်ပြီး ငါးပါးသောထိခြင်းဖြင့် ရှိခိုးလျက် အိမ်တွင်းသို့ ကြွရန်ပင့်သည်။ ကြွရောက်၍ ထိုင်နေတော်မူသော ပစ္စေကဗုဒ္ဓါ၏ခြေတို့ကို ဆေးကြော၍ ပစ္စေကဗုဒ္ဓါ၏ သပိတ်၌ ထမင်းကို ထည့်လောင်း၏။

လောင်းလှူသောထမင်းတဝက်အကျန်တွင်ပစ္စေကဗုဒ္ဓါသည် လက်ကို တား၍ထား၏။ သဋ္ဌေးသည်လည်း "အရှင်မြတ်ဘုရား ဤထမင်းသည် ဆန်တပြည်ကို ငါးယောက်စာ ခွဲ၍ထားသော ထမင်းဖြစ်ပါသည်။ ဤထမင်းကို တဝက်ခွဲ၍ မရကောင်းပါ၊ အကျွန်ုပ်အား ယခုလောလောဆယ် ချီးမြှောက်ခြင်းကို မပြုစေလိုပါ၊ အကြွင်းမဲ့ ပေးလှူခြင်းကို အလိုရှိပါ၏"ဟု လျှောက်ကြားပြီး ထမင်းအားလုံးကိုပေးလှူပြီး ဆုတောင်း၏။

"အရှင်ဘုရား၊ ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝတို့၌ ဤသို့သော ငတ်မွတ်ခြင်းကို မတွေ့မမြင်ရပါစေသတည်း ယခုအချိန်မှစ၍ ဇမ္ဗူဒိပ်ကျွန်း၌နေကုန်သော သူတို့အား မျိုးစေ့ထမင်းကို ပေးနိုင်သောသူ ဖြစ်ရပါလို၏။

မိမိလက်ဖြင့် အလုပ်လုပ်၍ အသက်မွေးခြင်းတို မပြုရပါလို၏။

နှစ်ရာ့ငါးဆယ်ကုန်သော ကျီကြတို့၌ သလေးမိုး ရွာသွန်းပြည့်ပါစေသတည်း။

ဖြစ်တိုင်းဖြစ်တိုင်းဘဝ၌ ဤမယား၊ ဤသား၊ ဤချွေးမ၊ ဤကျေးကျွန်သည်သာလျှင်ဖြစ်ပါစေသတည်း"

ဟု ဆုတောင်း၏။ သဋ္ဌေးကတော်ကလည်း၊ ငါ၏ခင်ပွန်း လှူဒါန်း၍ ဆာလောင်သည်ဖြစ်သော်၊ ငါသည်လည်း စား၍ မျိုကျနိုင်မည်မဟုတ်ဟု မိမိ၏အစု ထမင်းကို လှူပြန်၏။

"အရှင်ဘုရား၊ ဤကဲ့သို့သော ငတ်မွတ်ခြင်းဘေးကို ဖြစ်လေရာဘဝ၌ မတွေ့မမြင်ရပါလို၏။

ထမင်းအိုးကို ရှေ့မှာထား၍ ဇမ္ဗူဒိပ် တကျွန်းလုံးရှိ လူတို့ကို ခူး၍ပေးသော် ထမင်းအိုးတို့သည် အမြဲပြည့် သည်သာလျှင် ဖြစ်ပါစေသတည်း။ ဤအရှင်လင်၊ ဤသား၊ ဤချွေးမ၊ ဤကျေးကျွန်သာ ဘဝတိုင်း၌ ဖြစ်ရပါလို၏"

သဋ္ဌေးသားသည်လည်း မိမိအဖို့ကို လှူပြန်ပြီး ဆုတောင်း၏။

"ဘဝတိုင်း၌ ဤငတ်မွတ်ခြင်း ဘေးကို ဘဝတိုင်း မတွေ့ရ-မမြင်ရလိုပါ၊အကျွန်ုပ်သည် အသပြာတထောင် ဝင်သော အိတ်တလုံးကို ကိုင်၍ ဇမ္ဗူဒိပ် တကျွန်းလုံး အား နှိုက်၍ ပေးဝေသည့်တိုင်အောင် ဤအိတ်သည် ပြည့်မြဲတိုင်းသာ ပြည့်ပါစေသတည်း။ ဤအမိအဖ၊ ဤ မယား၊ဤကျေးကျွန်တို့သာလျှင်ဖြစ်ပါစေသတည်း"

ချွေးမသည်လည်း မိမိဝေစုကို လှူဒါန်းပြီး....

"ဤသို့သော ငတ်မွတ်ခြင်းဘေးကိုဘဝတိုင်း မတွေ့မမြင် ရပါလို၏။အကျွန်ုပ်သည်စပါးတောင်းကို ရှေ့မှာ တည် ထား၍ ဇမ္ဗူဒိပ် ကျွန်းသားတို့အား စပါးမျိုးစေ့ကို စိတ်ထင်တိုင်းပေးသော်လည်း မကုန်နိုင်ပါစေသတည်း။

ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌ ဤအရှင်လင်၊ ဤယောက္ခမနှစ်ပါးနှင့် ဤကျွန်သာလျှင် ဖြစ်ရပါစေသတည်း”ဟု ဆုတောင်း၏။

ကျွန်ပုဏ္ဏသည်လည်း မိမိ၏ အစုထမင်းကိုလှူ၍-

“ယနေ့မှစ၍ ဤသို့ငတ်မွတ်ခြင်းဘေးကို ဘဝတိုင်း မတွေ့မြင်ရပါလို၊ အားလုံးသော ဤသူတို့သည် အကျွန်၏ အရှင်သခင်တို့ ဖြစ်ပါစေ သတည်း။ ကျွန်ုပ် လယ်ထွန်လျှင် လက်ဝဲ လက်ျာ၌ သုံးချောင်းသောထွန်သွားအလယ်၌ ထွန်သွားတချောင်းဖြင့် သစ်သားဇယားခွက်လောက်သော အရပ်သည် ထွန်ရေး ခုနစ်ကြောင်းတို့ကဲ့ကြေခြင်းသို့ ရောက်ပါစေသတည်း”

ဟု ဆုတောင်း၏။ ပုဏ္ဏသည် ထိုနေ့၌ စစ်သူကြီး အရာကို တောင့်တ၍ ရနိုင်သော်လည်း အရှင်သခင်၌ ချစ်ခြင်းဖြင့် ဤအရှင်သခင်တို့သာ ဖြစ်ပါစေဟု ဆုတောင်းခြင်းဖြစ်၏။

ပစ္စေကဗုဒ္ဓါအရှင်သည် “အလိုရှိသမျှ ပြည့်စုံစေ သတည်း” ဟု အောက်ပါဆုမြွက်ကို ပေးတော်မူ၏။

(၁) ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။

(၂) ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိ ဇောတိရသော ယထာ။

(၁) ဣစ္ဆိတံ၊ အလိုရှိတိုင်း၊ ပတ္ထိတံ။ တောင့်တတိုင်း၊ တုယှံ၊ သင်တို့အား၊ ခိပ္ပမေဝ၊ လျှင်မြန်စွာ။ သမိဇ္ဈတု၊ ပြည့်စုံစေသတည်း။

သဗ္ဗေ၊ အလုံးစုံသော။ သံကပ္ပါ၊ အကြံတိုင်းသည်။ စန္ဒော ပန္နရသောယထာ၊ ဆယ့်ငါးရက်ထွန်း လပြည့်ဝန်းကဲ့သို့။ ပုရန္တု၊ ပြည့်စုံစေကုန်သတည်း။

(၂) ဣစ္ဆိတံ၊ အလိုရှိတိုင်း။ပတ္ထိတံ၊တောင့်တတိုင်း၊တုံယှံ။ သင်တို့အား။ ခိပ္ပမေဝ၊ လျှင်မြန်စွာ။ သမိဇ္ဈတု၊ ပြည့်စုံစေသတည်း။

သဗ္ဗေသံကပ္ပါ၊ အလုံးစုံသောအကြံတို့သည်။ မဏိဇောတိရသော ယထာ၊ အလိုရှိသမျှ ပြီးစေနိုင်သော။ မဏိဇောတ ပတ္တမြား ကဲ့သို့။ ပုရန္တု၊ ပြည့်စုံစေကုန်သတည်း။

ဤသို့နှစ်ဂါထာဖြင့် အရှင်ပစ္စေကဗုဒ္ဓါသည် အနုမောဒနာ ပြုတော်မူ၍ ဤသူတို့ကြည်ညိုစေခြင်းငှာ ဂန္ဓမာဒနတောင် အထိ မြင်စေသတည်းဟု အဓိဋ္ဌာန်၍ ကြွတော်မူ၏။ ထိုသူ ငါးဦးတို့ သည် ကြည့်လျက်သာ နေကြ၏။ အရှင်ပစ္စေကဗုဒ္ဓါသည် ထို ဆွမ်းကို ငါးရာမျှရှိသောပစ္စေကဗုဒ္ဓါတို့အားအညီအမျှခွဲဝေ၏။ အာနုဘော်ကြောင့် အားလုံးသော ပစ္စေက ဗုဒ္ဓါတို့သည် လုံလောက်ကြသည်ကို ငါးဦးသောသူတို့သည် တွေ့မြင်ကြည်ညို ဝမ်းမြောက်ကြရ၏။

## ဆွမ်းဒါနအတွက် လက်ငင်းအကျိုးပေးပုံ

နေမွန်းတိမ်းလျှင် သဌေးကတော်သည် အိုးခွက်တို့ကို ဆေး ကြောပိတ်ဖုံး၍ ထား၏။ သဌေးသည် ဆာလောင်လွန်း၍ အိပ် ပျော်သွား၏။ ညနေချမ်း အိပ်ရာမှနိုးလျှင် ဆာလွန်း၍ ထမင်း အိုးမှ ထမင်း ချိုးကပ်ကလေးများမှ မရှိဘူးလားဟု မေး၏။ သဌေးကတော်သည် အိုးကို ကိုယ်တိုင် ဆေးကြောထားသော် လည်း မရှိစကားကို မပြောပဲ အိုးကို ဖွင့်ပြမည်ဟုကြံပြီး ထမင်း အိုးကိုသွားယူ၏။ ထမင်းအိုးကိုဖွင့်ပြလျှင် မြတ်လေးပန်းအဆင်း

နှင့်တူသော ဖွေးဖွေးဖြူသည့် ထမင်းသည် အိုးတွင် ပြည့်၍ စလောင်းဖုံးသည်ပင် အပေါ်သို့မောက်၍နေ၏။ သဌေးကတော်သည် အားရဝမ်းသာစွာဖြင့် သဌေးကြီးကို ပြ၏။ ကောင်းမှုအလှူသည် ထင်ရှားပြပေပြီဟု ပြော၍ သားအဖ နှစ်ယောက်တို့အား ထမင်းကို ခူးကျွေး၏။ ထမင်းကို ယောက်မဖြင့် ခပ်ရာယောက်မရာသာထင်ပြီး ထမင်းအိုးသည် ပြည့်မြဲပြည့်၏။ ချွေးမနှင့်အတူ စား၏။ ပုဏ္ဏကိုကျွေး၏။ ထမင်းအိုးသည်ပြည့်လျက်သာနေ၏။ ဇမ္ဗူဒိပ်ကျွန်းရှိ လူများ သဌေးကြီးအိမ်၌ထမင်းကိုလာယူကြရန် ကြေငြာ၏။ များစွာသောသူတို့သည်သဌေးကြီးကိုမှီ၍ အသက်မွေးမြူခြင်းကို ရကြ၏။ ထမင်းအိုးသည် ခူး၍ခပ်၍ ပေး၍ မကုန်သော ထမင်းအိုး ဖြစ်လေ၏။

ဂေါတမဘုရားရှင် လက်ထက်တွင်ကား

ထိုသူတို့သည် ထိုဘဝမှစုတေခဲ့လျှင် နတ်ပြည် လူ့ပြည်တို့၌ကျင်လည်လျက် ဂေါတမဘုရားရှင် လက်ထက်တွင် ဘဒ္ဒိယမြို့၌ မေဏ္ဍကသဌေးဖြစ်လာ၏။ ဖေါ်ပြခဲ့သော ဆိတ်ရုပ်တို့သည် ပေါ်ပေါက်ကုန်၏။ သဌေးကတော်၊ သဌေးသား ချွေးမ၊ ကျွန်တို့သည် ဤအတိုင်းဖြစ်ကြ၏။

တနေ့တွင် သဌေးသည် မိမိ၏ ကောင်းမှုကံကို စုံစမ်းလို၍ နှစ်ရာ့ငါးဆယ်သော ကျီကြတို့ကို ရှင်းလင်းစေပြီး အထက်သို့မျှော်ကြည့်၏။ နီမြန်းသောသလေးစပါးတို့ဖြင့် နှစ်ရာ့ငါးဆယ်သော ကျီကြတို့ပြည့်ကြ၏။ မယားကိုရင်း၊ သားကိုရင်း၊ ကုသိုလ်ကို စုံစမ်းစေ၏။ မယားသည် ဆန်တကွမ်းစား တပြည်ချက်ကို ချက်၍ရွှေဇွန်းကိုကိုင်ပြီး ထမင်းအလိုရှိသူတို့ လာကြကုန်ဟုကြေငြာ၍ ပေးလှူ၏။တနေ့လုံး ခပ်ပေးသော်လည်း ဇွန်းရာမျှသာ

ထင်၏။ ထိုသဒ္ဒေးကတော်သည် ရှေး၌လက်ဝဲလက်ဖြင့် ထမင်းအိုးကိုင်၍၊ လကျာ်လက်ဖြင့် ဇွန်းကိုင်၍ ကိုင်၍ ဆွမ်းကို ပေးလှူအပ်သည့်ကောင်းမှုကြောင့် လက်ဝဲလက်ဖဝါးပြည့်မျှ ပဒုမ္မာပန်းပုံသည် ပေါ်၍၊ လကျာ်လက်ပြင်သည် လဝန်းပုံ ပေါ်၏။ လကျာ်ခြေအပြင်၌ လဝန်း လက္ခဏာပုံ ပေါ်ပြီး၊ လက်ဝဲခြေအပြင်၌ ပဒုမ္မာပန်းပုံပေါ်၏။ ထို့ကြောင့် သဌေးကတော်၏ အမည်သည် "စန္ဒပဒုမာ"ဟူသော အမည်တွင်၏။

သဌေးသားသည် အသပြာတထောင်အိတ်ကိုယူ၍ အလိုရှိသူတို့ လာကြကုန်ဟုခေါ်၍ လာတိုင်း လာတိုင်းသော သူတို့၏ ခွက်တို့ကို အပြည့်ထည့်ပေး၏။ အိတ်ထဲ၌ ရှိမြဲတိုင်း အသပြာတထောင်ရှိနေ၏။

ချွေးမသည် စပါးတောင်းကိုယူ၍ လေဟာပြင်၌ နေလျက် မျိုးစေ့အလိုရှိသူတို့ လာ၍ယူကြဟု လာတိုင်း လာတိုင်းသော သူတို့အား ယူခဲ့သော ခွက်တို့ကို အပြည့်ပေး၏။ စပါးတောင်းသည် ပြည့်မြဲတိုင်း ပြည့်၏။

ကျွန်ပုဏ္ဏသည် တံပိုး ရွှေကြိုးတို့ဖြင့် နွားတို့ကို ဆင်၍ ရွှေနှင်တံကိုကိုင်ပြီး ဦးချိုတို့၌ ရွှေအိတ်တို့ကိုစွပ်၍ လယ်တောသို့ မောင်းနှင်၏။ လယ်ထွန်ရာခုနစ်ကြောင်းသော ထွန်ရေးတို့သည် ဖြစ်၏။ ထိုငါးဦးကုန်သောသူတို့သည် ကြီးကျယ် မြင့်မြတ်သော ဘုန်းရှိသောသူတို့ဖြစ်ကြ၏။

## တိတ္ထိတို့က တားမြစ်ခြင်း

မြတ်စွာဘုရားသည် ခြောက်ယောက်သောသူတို့၏သောတာပတ္တိဖိုလ်သို့ရောက်နိုင်မည့် ဥပနိဿယပြည့်စုံသည်ကိုမြင်တော်မူ၍ ဘဒ္ဒိယမြို့သို့ ကြွလာတော်မူ၏။ မြတ်စွာဘုရား ကြွလာတော်မူ

သည်ကို ကြားလျှင် သဋ္ဌေးကြီးသည် ခရီးဦးကြိုရန် သွား၏။ လမ်းတွင် တိတ္ထိတို့က မြတ်စွာဘုရား၏ ကျေးဇူးမဲ့စကား ပြောကြား၍ တားမြစ်ကြ၏။ ဘုရားသခင်ကိုဖူးတွေ့ရလျှင် မြတ်စွာဘုရားသည် အစဉ်အတိုင်း တရားစကားကို ဟောကြားတော်မူ၏။ ထိုသဋ္ဌေးကြီးသည် သောတာပတ္တိဖိုလ်သို့ရောက်၍ တိတ္ထိတို့သည် ဘုရားသခင်၏ ကျေးဇူးမဲ့သော စကားကိုပြောဆိုတားမြစ်ကြသောအဖြစ်ကို လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားက တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်....

(၂၅၂) **သုဒဿံ ဝဇ္ဇမညေသံ၊ အတ္တနော ပန ဒုဒ္ဒသံ။ ပရေသံ ဟိ သော ဝဇ္ဇာနိ၊ ဩပုဏာတိ ယထာ ဘုသံ။ အတ္တနော ပန ဆာဒေတိ၊ ကလိံဝ ကိတဝါ သဌော။**

(၂၅၂) မိမိမှ တပါးသောသူတို့၏ သေးငယ်သော အပြစ်ကို မြင်လွယ်ကြ၏။ မိမိ၏ ကြီးမားသောအပြစ်ကို မြင်နိုင်ခဲ၏။ ထိုပုဂ္ဂိုလ်သည် ဖွဲကို လေ၌ လွှင့်သကဲ့သို့ သူတပါးတို့၏ အပြစ်ကို လွှင့်၏။ စဉ်းလဲကောက်ကျစ်သော ငှက်မုဆိုးသည် သစ်ခက် စသည်ဖြင့် ဖုံးလွှမ်း၍ မိမိ၏ စဉ်းလဲမှုကို ဖုံးလွှမ်းဘိသကဲ့သို့ ထို့အတူ မိမိ၏ အပြစ်ကိုကား ဖုံးလွှမ်း၏။

ဒေသနာတော်၏ အဆုံး၌ များစွာ ကုန်သော သူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကြကုန်၏။

(ဓမ္မပဒ မလဝဂ် ဆယ်ခုမြောက် မေဏ္ဍကသဋ္ဌေးကြီးဝတ္ထုပြီး၏)

၄ ၄ ၄

၁၈ - မလဝဂ်

## ၁၁။ သူတပါး၏အပြစ်ကိုရှာသူ

### (ဥဇ္ဈာနသညီ မထေရ် ဝတ္ထု)

**သူတပါးကိုသာ လက်တဆုံးနှိုက်၍**
**အမြဲကဲ့ရဲ့ရှုတ်ချနေသူအား**
**အာသဝေါတရားတို့သည် ပွားကုန်၏။**

(ပရဝဇ္ဇာနုပဿိဿ) စသည့် ဓမ္မဒေသနာကို ဇေတဝန်ကျောင်းတော်၌ ဥဇ္ဈာနသညီ အမည်ရှိသော မထေရ် တပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

ထိုမထေရ်သည် ဤရဟန်းကား ဤသို့ဝတ်၏။ ဤသို့ ရုံ၏။ အစရှိသဖြင့် ရဟန်းတို့ကို ကဲ့ရဲ့စရာ စကားပေါက်ကိုသာ ရှာလျက်နေတတ်၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား လျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့အား အောက်ပါဂါထာကို ဟောကြားတော်မူ၏။

(၂၅၃) **ပရဝဇ္ဇာနုပဿိဿ၊ နိစ္စံ ဥဇ္ဈာနသညိနော။**
**အာသဝါတဿ ဝဍ္ဎန္တိ၊ အာရာ သော အာသဝက္ခယာ။**

(၂၅၃) သူတပါး၏အပြစ်ကိုသာ ရှုတတ်သော အလေ့ရှိထသော အမြဲကဲ့ရဲ့ရှုတ်ချလိုသော သဘောရှိသော၊ ထိုပုဂ္ဂိုလ်အား အာသဝေါ

တ်ရား၊တို့သည် ပွားများကုန်၏။ ထိုပုဂ္ဂိုလ်သည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာ အရဟတ္တဖိုလ်မှ အလွန်ဝေး၏။

(အာသဝေါတရားလေးပါး- ၁။ ကာမာသဝ။ ကာမ တဆယ့် တစ်ဘုံ၌ တပ်မက်သောလောဘ။ ၂—ဘဝါသဝ၊ ရူပဆယ့်ခြောက်ဘုံ၊ အရူပလေးဘုံ၌ တပ်မက်သော လောဘ။ ၃—ဒိဋ္ဌာသဝ။ မှားသော မိစ္ဆာအယူ ဒိဋ္ဌိ စေတသိက်၊ ၄—အဝိဇ္ဇာသဝ။ သစ္စာဥာဏ် အမြင်ကို ပိတ်ဆီးတယ်သော မောဟ)

(ဓမ္မပဒ မလဝဂ် ဆယ့်တစ်ခုမြောက် ဥဇ္ဈာနသညီမထေရ် ဝတ္ထု ပြီး၏)

# ၁၂။ ဘုရားရှင်ဟူသည်ကား
## (သုဘဒ်ပရိဗိုဇ်)

ကောင်းကင်၌ ခြေရာမရှိ၊
သာသနာပ၌ ရဟန်းသမဏာမရှိ။
သင်္ခါရတရား၌ မြဲခြင်းမရှိ။
ဘုရားရှင်တို့သည် တုန်လှုပ်ခြင်းမရှိ။

(အာကာသေဝ ပဒံ နတ္ထိ) အစရှိသော ဒေသနာတော်ကို မြတ်စွာဘုရားသည် မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်ဝယ် ပရိနိဗ္ဗာန်ပြုရာဖြစ်သော ညောင်စောင်းထက်၌ လျောင်းစံတော် မူလျက် အယူမှားကို မဆုံးဖြတ်နိုင်သော သုဘဒ်ပရိဗိုဇ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

ထိုသုဘဒ်ပရိဗိုဇ်သည် ရှေးဘဝက ညီငယ်ဖြစ်သော ကောဏ္ဍညမထေရ်လောင်းသည် ကောက်ဦးအလှူကိုကိုးကြိမ် တိုင် လှူသည့်အခါ အလှူကိုမပေးလှူပဲ ကိစ္စပြီးသည့်အခါမှ ပေးလှူ၏။ ထို့ကြောင့် မြတ်စွာဘုရား၏ ပဌမဗောဓိတဆယ့် ငါးဝါအတွင်း၌၎င်း၊ မဇ္ဈိမဗောဓိ ဝါတော် သုံးဆယ်အတွင်း၌ ၎င်း၊ မြတ်စွာဘုရားကို ဖူးမြင်ခွင့်မရ၊ ပစ္ဆိမဗောဓိ ပရိနိဗ္ဗာန် စံတော်မူသောအခါ၌ သုဘဒ်ပရိဗိုဇ်သည် သုံးပါးသောပြဿနာ တို့၌ မိမိ၏ တွေးတောယုံမှားခြင်းကို ပရိဗိုဇ်ရဟန်းကြီးတို့အား မေး၍ ရဟန်းဂေါတမကို အရှယ် ငယ်သေးသည်ဟု မမေး လျှောက်မိချေ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခါနီးမှ မမေးလိုက်

မိခြင်းကြောင့် နှလုံးမသာယာခြင်း ဖြစ်ရာသည်ဟု ကြံစည်မိပြီး မြတ်စွာဘုရားထံကပ်၍ အာနန္ဒာမထေရ် တားမြစ်သော်လည်း မြတ်စွာဘုရားက ခွင့်ပြုတော်မူ၍ အကာအရံ တင်းတိမ်တွင်းသို့ သွင်းလျက် ညောင်စောင်းအောက်၌ ထိုင်နေလျက်-

ရှင်ရဟန်းဂေါတမ။ ။ ကောင်းကင်၌ ခြေရာသည် ရှိပါ အံ့လော၊ သာသနာတော်မှ အပ၌ ရဟန်း သာမဏေမည်သည် ရှိသင့်ပါသလော။ မြဲသောသင်္ခါရ တို့မည်သည် ရှိကုန်ပါသလော။

**(၂၅၄) အာကာ သေဝ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။**
**ပပဉ္စာဘိရတာ ပဇာ၊ နိပ္ပပဉ္စာ တထာဂတာ။**

**(၂၅၅) အာကာ သေဝ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။**
**သင်္ခါရာ သဿတာ နတ္ထိ၊ နတ္ထိ ဗုဒ္ဓါန မိဉ္ဇိတံ။**

(၂၅၄) ကောင်းကင်၌ ခြေရာသည်မရှိ။သာသနာအပ၌ မဂ်တည် ဖိုလ်တည် ရဟန်းမည်သည် မရှိတော့။ သတ္တဝါ အပေါင်းသည် သံသရာ ဘက်ကို ချဲ့တတ်ကုန်သော တဏှာမာန ဒိဋ္ဌိ ဟူသော ပပဉ္စတို့၌သာ မွေ့လျော်ကုန်၏။လာခြင်းကောင်းပြား ဘုရားတို့သည် သံသရာဘက်ကို ချဲ့တတ်ကုန်သော ပပဉ္စတရားတို့မှ ကင်းကုန်၏။

(၂၅၅) ကောင်းကင်၌ ခြေရာသည် မရှိသည်သာလျှင်တည်း၊ သာသနာ အပ၌ ရဟန်းသည် မရှိ၊ သင်္ခါရ တို့သည် မြဲခြင်း မရှိ။ ဘုရားရှင်တို့၏အား တုန်လှုပ်ခြင်းမရှိတော့သာလျှင်တည်း။

ဒေသနာတော်၏ အဆုံး၌ သုဘဒ်ရဟန်းသည် အနာဂါမ် ဖိုလ်၌တည်၏ ပရိသတ်လည်း အကျိုးရှိသော ဓမ္မဒေသနာသည် ဖြစ်၏။

(ဓမ္မပဒမလဝဂ်တဆယ့်နှစ်ခုမြောက် သုဘဒ်ပရိဗိုဇ်ဝတ္ထု ပြီး၏)

**ပြီး၏**

# ခေတ်မီ
# ဓမ္မပဒ
## ဝတ္ထုတော်ကြီး

ဘုရားရှင်သည် ၄၅-ဝါတိုင်တိုင် ကျွတ်ထိုက်သူတို့အား ဟောပော်ညွှန်ပြတော်မူခဲ့သော ဒေသနာ ဂါထာတော် အစုစုတို့ကို ရွေးချယ် တူညီရာ ပေါင်းစပ် စီကုံးထားခြင်း ဖြစ်သည်။

### တရားအစု၊ တရားညွှန့်ပေါင်း

ဂါထာပေါင်း ၄၂၃-ဂါထာ၊ ဖြစ်ရပ်ဇာတ်ကြောင်း ဝတ္ထုပေါင်း ၃ဝ၅ပုဒ်၊ ပါရှိပါသည်။

### အခြေခံတရား အဆီအနှစ်များ

ဒေသနာ ခေါင်းချုပ်၊ ဂါထာတော် အပိုဒ်တိုင်းတွင်၊ သိလွယ် မြင်လွယ်သော ဥပမာအသွင်သွယ်ဖြင့် လောကီ- လောကုတ် အကျိုးစီးပွားများကို ညွှန်ပြထားပြီး။ ဗုဒ္ဓဘာသာ၏အခြေခံတရား အဆီအနှစ်များဖြင့် ပြည့်လျှမ်းနေသဖြင့်လည်း။ "ကမ္ဘာကျော် ကမ္ဘာသိ"ကမ္ဘာ့ဘာသာပေါင်း များစွာ ပြန်ဆိုခဲ့သော ဓမ္မပဒ ဖြစ်ပါသည်

### နိဗ္ဗာန်ပေါက် ကျင့်စဉ်များ

ဓမ္မပဒတွင် နိဗ္ဗာန်ပေါက်ကျင့်စဉ်များကို အလွယ်ဆုံးအရှင်းဆုံးဖြင့် ဘုရားရှင်ကိုယ်တိုင် ညွှန်ပြထား၍ အားထုတ်သော ပုဂ္ဂိုလ်သည် "သဒ္ဓါ။သီလ။ဝီရိယ"တို့ကို အရင်းစိုက်ရုံမျှဖြင့် ရဟန္တာအဖြစ် ဆိုက်ရောက်သွားကြသော ပုဂ္ဂိုလ်ပေါင်းများစွာတို့၏ အကြောင်းများကို တွေ့မြင်ဖတ်ရှုနိုင်ပေမည်။

### လောကီအကျိုးစီးပွား

ဓမ္မပဒသည် ကိုယ်ကျင့်တရား ကောင်းမွန်စေမှု။ ထကြွလုံ့လရှိစေမှု။မိမိကိုယ်ကို အားကိုးစေမှု။ စိတ်မောက်ကြံ့နိုင်မှု။ အကျင့်စာရိတ္တ ကောင်းမွန်စေမှု။အတွေးအခေါ်တိုးတက် ကောင်းမွန်စေမှု။ သည်းခံနိုင်မှု။ ခွင့်လွှတ်နိုင်မှု တို့ကို ကျင့်သုံး ခြင်းဖြင့် လောကီစီးပွား တိုးတက်ရန် လမ်းညွှန်ချက်များကို ပေးထားသည်။

### သောက ကင်းဝေး နေနိုင်ရေး

စိတ်ဆင်းရဲတိုင်း၊ ဒုက္ခရောက်တိုင်း၊ ဤကျမ်းကို ဖတ်ပါလျှင် ကောန်မုချ စိုးရိမ်ကင်းပျောက် ချမ်းသာ ရောက်စေမည်။

### ခေတ်မီ ဓမ္မပဒ

ဤမျှ အဖိုးထိုက် အဖိုးတန်"ဓမ္မစေတီ"ထိုက်သော ဓမ္မပဒကျမ်းကြီးကို မကျဉ်းလွန်း မကျယ်လွန်း။ အဘို့ လည်းမချုံ။အဋ္ဌကထါ၏လိုရင်းကို မပျက်ပြယ်စေဘဲ။ လူတိုင်းအိမ်တိုင်းဖတ်ရှုနိုင်ကြစေရန် ခေတ်အရေးအသားအဖိုးနည်းဝန်ပါစီစဉ်ထားရှိပါသည်။